# ကောင်းကျိုးချမ်းသာအပြားပြား

# မင်္ဂလာအဘိဓာန်

# နှင့်ပြည်သူ

ဒီဇိုင်း ချိတင်ထွန်းကျော်

J

စာပေဝါသနာရှင်လူငယ်များ ပြုစုပျိုးထောင်သော

# စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး

ဘာသာရေး စာမူ ကြိုတင်ခွင့်ပြုချက် အမှတ် (၁၀၀)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် (၁၆၂)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

နိုင်ပြည်သူ
( စာရေးသူ၏မူပိုင် )

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၄၀/၁၅၀၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၀၀၅)

၁၅၂၁၇

ကောင်းကျိုးချမ်းသာ အဖြာဖြာ

# မင်္ဂလာအဘိဓာန်

နိုင်ပြည်သူ

၂/၅၉

ပထမအကြိမ်၊

၁၉၇၁-စက်တင်ဘာလ၊

အုပ်ရေ (၁၅၀၀)၊

---

**မျက်နှာဖုံးပန်းချီ**

ပန်းချီတင်ထွန်းကျော်

---

**ဘလောက်**

ဇမ္ဗူအေးဘလောက်တိုက်

---

**စာအုပ်ချုပ်**

မောင်မြင့်နှင့်အဖွဲ့ (၃၄-လမ်း)

---

**ပုံနှိပ်သူ (မျက်နှာဖုံး/အတွင်း)**

ဒေါ်သန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်၊
အမှတ် ၁၄၇/၁၅၀၊ ၃၃-လမ်း၊
ရန်ကုန်မြို့။

---

**ထုတ်ဝေသူ**

ဦးခင်မောင်မြ (၀၉၄၅) ရွှေသိမ်သားပန်းချီနှင့်စာပေ
အမှတ် ၅၉၊ ၉၃-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | မင်္ဂလသုတ် ပါဠိတော် | ၁ |
| | ကောင်းကျိုးချမ်းသာ အဖြာဖြာ | ၃ |
| (၁) | အသေဝနာစ ဗာလနံ | ၅ |
| (၂) | ပဏ္ဍိတာနဉ္စ သေဝနာ | ၉ |
| (၃) | ပူဇာစ ပူဇနေယျာနံ | ၁၃ |
| (၄) | ပဋိရူပ ဒေသဝါသောစ | ၁၇ |
| (၅) | ပုဗ္ဗေစ ကတပုညတာ | ၂၁ |
| (၆) | အတ္တ သမ္မာ ပဏိဓိစ | ၂၅ |
| (၇) | ဗာဟုသစ္စဉ္စ | ၃၃ |
| (၈) | သိပ္ပဉ္စ | ၃၉ |

မာတိကာ | စာမျက်နှာ


| | | |
|---|---|---|
| (၉) | ဝိနယောစ သုသိက္ခိတော | ၄၅ |
| (၁၀) | သုဘာသိတာစ ယာဝါစာ | ၄၉ |
| (၁၁) | မာတာ ပိတု ဥပဋ္ဌာနံ | ၅၅ |
| (၁၂) | ပုတ္တဒါရဿ သင်္ဂဟော | ၆၁ |
| (၁၃) | အနာကုလာစ ကမ္မန္တာ | ၇၁ |
| (၁၄) | ဒါနဉ္စ | ၇၉ |
| (၁၅) | ဓမ္မစရိယာစ | ၈၉ |
| (၁၆) | ဉာတကာနဉ္စ သင်္ဂဟော | ၁၀၁ |
| (၁၇) | အနဝဇ္ဇာနိ ကမ္မာနိ | ၁၀၇ |
| (၁၈) | အာရတီ ပါပါ | ၁၁၃ |
| (၁၉) | ဝိရတီ ပါပါ | ၁၂၃ |
| (၂၀) | မဇ္ဇ ပါနာစ သံယမော | ၁၃၂ |
| (၂၁) | အပ္ပမာဒေါစ ဓမ္မေသု | ၁၃၉ |
| (၂၂) | ဂါရဝေါစ | ၁၅၁ |
| (၂၃) | နိဝါတောစ | ၁၆၁ |
| (၂၄) | သန္တုဋ္ဌီစ | ၁၆၉ |
| (၂၅) | ကတညုတာ | ၁၇၃ |
| (၂၆) | ကာလေန ဓမ္မဿဝနံ | ၁၈၇ |

| မာတိကာ | စာမျက်နှာ |
|---|---|
| (၂၇) ခန္တီစ | ၁၉၉ |
| (၂၈) သောဝစဿတာ | ၂၀၅ |
| (၂၉) သမဏာနဉ္စ ဒဿနံ | ၂၁၁ |
| (၃၀) ကာလေန ဓမ္မသာကစ္ဆာ | ၂၁၇ |
| (၃၁) တပေါစ | ၂၂၈ |
| (၃၂) ဗြဟ္မစရိယဉ္စ | ၂၄၅ |
| (၃၃) အရိယသစ္စာန ဒဿနံ | ၂၅၃ |
| (၃၄) နိဗ္ဗာန သစ္ဆိကိရိယာစ | ၂၉၃ |
| (၃၅) ဖုဋ္ဌဿ လောက ဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ | ၃၁၀ |
| (၃၆) အသောကံ | ၃၂၄ |
| (၃၇) ဝိရဇံ | ၃၃၂ |
| (၃၈) ခေမံ | ၃၃၉ |

ဘုရား၊ တရား၊ သံဃာ
အမိ-အဖ၊ ဆရာသမား
အနန္တငါးပါး
ဦးထိပ်ထားလျက်....

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မင်္ဂလသုတ် ပါဠိတော်

၁။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။
၂။ ဒေသိတံ ဒေဝ ဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။
၃။ ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊
အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ။
၄။ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ
ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ
အဇ္ဈဘာသိ။
၅။ ဗဟူ ဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

၆။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၇။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတ ပုညတာ။
အတ္တသမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။
၈။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၉။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၀။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၁။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၂။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၃။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မ သာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၄။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၆။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

# ကောင်းကျိုးချမ်းသာ အဖြာဖြာ
# မင်္ဂလာ အဘိဓာန်

လူ့သမိုင်း တလျှောက်တွင် လူမိုက်နှင့် လူလိမ္မာ လူတန်းစား နှစ်မျိုးနှစ်စား အတူယှဉ်တွဲကာ ပေါက်ဖွားလာခဲ့သည်။ ရေများလျှင် ရေနိုင်၍ မီးများလျှင် မီးနိုင် ဆိုဘိသို့ လူလိမ္မာများလျှင် လူမိုက်များ ကွယ်ပ ချုပ်ငြိမ်းရမည် ဖြစ်သည်။

လူမိုက်များ ကင်းပျောက်၍ လိမ္မာသော၊ ယဉ်ကျေးသော၊ ရည်မွန်သော၊ ထူးချွန်သော၊ ပြောင်မြောက်သော ပညာရှိ အများအပြား ပေါ်ထွက်လာစေရန် အသေဝနာစ ဗာလာနံ မင်္ဂလာအစ ခေမံ မင်္ဂလာ အဆုံး အထိ ၃၈ ဖြာ မင်္ဂလာမြတ် တရားတော် များကို ဗုဒ္ဓ မြတ်စွာ ဘုရား သခင်သည် ဆယ်ဂါထာဖြင့် ဟောကြားသွားတော်မူခဲ့သည်။

## (၁) အသေဝနာစ ဗာလာနံ

ဆယ်ဂါထာ၏ အစအဦးဖြစ်သော အသေဝနာစ ဗာလာနံ မင်္ဂလာသည် လူမိုက်ကို မကိုးကွယ်ပါနှင့်၊ မဆက်ဆံပါနှင့်၊ မပေါင်းသင်းပါနှင့်၊ မဆည်းကပ်ပါနှင့်၊ မမှီဝဲပါနှင့်ဟု ဖော်ညွှန်းထားခြင်းဖြစ်သည်။ လူမိုက်ဟူသည် အဘယ်နည်း၊ မည်သို့သော ပုဂ္ဂိုလ်ကို လူမိုက်ဟူ၍ခေါ်ဆိုရမည်နည်း။

ကံသုံးပါးဖြစ်သည့် ကာယကံ၊ ဝစီကံ၊ မနောကံ (ကိုယ်၊ နှုတ်၊စိတ်)တို့ဖြင့် အကုသိုလ်ဒုစရိုက်မှုများကို ကျူးလွန်သူများသည် လူမိုက်များပင် ဖြစ်သည်။

တနည်းအားဖြင့်-

ပင်ကိုယ်ဉာဏ် ချွတ်ယွင်းပြီး အရည်အချင်းမဲ့နေသူ၊ ကိုယ်ကျင့်တရား လုံးဝဆိတ်သုန်းပြီး မင်းမဲ့စရိုက် ပြုမူနေသူ၊ ဉာဏ်မျက်စိကန်းပြီး ရုပ်မှန်၊ နာမ်မှန်းမသိသူနှင့် ပင်ကိုယ်ကပင်မကောင်းစိတ်ရင်းရှိပြီး သုံးပါးသောကံကို မထိန်းသိမ်းနိုင်ကြသူများမှာလည်း လူမိုက်များပင် ဖြစ်ကြသည်။

လူမိုက်များနှင့် ပေါင်းသင်းခြင်း၊ ဆက်ဆံခြင်းအားဖြင့် မည်သည့်အပြစ်များ ခံစားကြရသနည်း။

ယခု မျက်မှောက်ဘဝ၌ပင်-

(၁) ပညာရှိ သူတော်ကောင်းများ၏ ကဲ့ရဲ့ရှုတ်ချမှုကို ခံရခြင်း၊ (၂) လူအများ၏ မုန်းတီးမှု၊ ရွံရှာ စက်ဆုပ်မှုကို ခံရခြင်း၊ (၃) မင်းပြစ် မင်းဒဏ် ခံရခြင်း၊ (၄) ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံးမှု ကြုံရခြင်း၊ (၅) စာသင်သားဟူက ကျောင်းမှ ထုတ်ပယ်ခံရ၍ စာ သင်ကြားမှု ရပ်နားရခြင်း၊ (၆) ဘေးအမျိုးမျိုးရန်အဖုံဖုံ ကြုံတွေ့ရခြင်း၊ ထိုမှ သေသည့်အခါ ငရဲသို့ ကျရောက်တတ်ပေသည်။

ဇာတ် နိပါတ်ရော၊ သမိုင်းကြောင်းအရပါ လူမိုက်နှင့်ပေါင်းသင်းခြင်းကြောင့် ကံကြီးထိုက်၍ အပယ်ငရဲလားရပုံ၊ တိုင်းပြည်ကြီး မှောက်လုမတတ် ဖြစ်ခဲ့ရပုံသာဓက များစွာ ရှိပေသည်။

အဦးဆုံး ပထမ သင်္ဂါယနာတင်ခဲ့သည့် အဇာတသတ်မင်းကြီးသည် မပေါင်းထိုက်သော ဒေဝဒတ်လူမိုက်နှင့် ပေါင်းဖော်မိခဲ့သည်။ ထိုသို့ အပေါင်းမှား ခြင်းကြောင့် အနန္တ အနန္တ

ငါးပါးတွင် တပါးအပါအဝင် ဖြစ်သည့် ကျေးဇူးရှင်အဖအား သတ်မှားမိခဲ့သဖြင့် ကံကြီးများထိုက်ပြီး အရိယာဖြစ်ထိုက်ပါလျက် အရိယာ မဖြစ်နိုင်တော့ပဲ သေသည်၏ အခြားမဲ့၌ လောဟကုမ္ဘီငရဲသို့ ကျရောက်သွားခဲ့ရသည်။

မြန်မာပြည်ပေါက္ကံရာဇဝင်တွင်ဘုရင်စောလူးမင်းသည် မြို့ဝန်ငရမန်း လူမိုက်နှင့် အပေါင်းအသင်း မှားမိမှုကြောင့် အလောင်းအစား အကစား ဝါသနာထုံလာသည်။ မင်းဆိုးမင်းမိုက် ဖြစ်လာသည်။ နောက်ဆုံး စောလူမင်းသည် ငရမန်းလက်ချက်ဖြင့် နတ်ရွာစံရပြီး ပေါက္ကံပြည်ကြီးမှာလည်း မှောက်လုမဘတ် ဖြစ်ခဲ့ရသည်။

ဗရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးတွင် အလှ တရာ စိတ်နှလုံးနူးညံ့သော၊ သိမ်မွေ့သော၊သည်းခံခြင်းဖြင့် ပြည့်စုံသော မဟိဋ္ဌာမုခအမည်ရှိ ဆင်တစီးရှိသည်။ ကြမ်းတမ်းသော၊ ခက်ထရော်သော၊ သူခိုး၊ ဒမြမျှားသည် ထိုဆင်နားသို့လာ၍ တိုင်ပင်ကြသည်။ ဆွေးနွေးကြသည်။ သူခိုး၊ ဒမြမျှား၏ ရုန့်ရင်းသောစကားများကို ကြားရဖန် များလာသော မဟိဋ္ဌာမုခဆင်သည် ကြမ်းကြုတ်လာသည်။ ခက်ထန်လာသည်။

ကြန်အင်္ဂါလက္ခဏာဖြင့် ပြည့်စုံလှသည့် ဗရာဏသီ ပြည့်ရှင်သာမဘုရင်မင်း၏ ပဏ္ဏဝအမည်ရှိ မြင်းသည် ဒတ္တအမည်ရှိ ခြေခွင်နေသော မြင်းထိန်းနှင့်အတူတကွ တာရှည်စွာ နေရခြင်းကြောင့် ခြေခွင်ခြင်းအဖြစ်သို့ ရောက်ရှိခဲ့ရသည်။

တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဆိုသကဲ့သို့လည်းကောင်း၊ အဆိပ်မလူးသေးသော မြှားသည် အဆိပ်လူးထားသည့်

မြွားနှင့် အတူတကွ ရှိနေလျှင် အဆိပ်လူးမြားဘဝသို့ ရောက်ရဘိသို့လည်းကောင်း၊ ချိုကြိုင်ကောင်းမြတ် အနံ့အရသာတို့ဖြင့်ကြွယ်ဝလှသော အဗ္ဘန္တရ သရက်ပင်သည် ခွေးတောက်၊ တမာတို့ဖြင့် ရောယှက်ခဲ့ရသည့်အခါ အခါးအရသာသို့ ပြောင်းလဲသွားသည်ကို လည်းကောင်း၊ ရွှံ့လူးကျွဲ၏ နောက်က လိုက်သော ကျွဲသည် ရွှံ့ပေကျံခြင်းရှိသကဲ့သို့လည်းကောင်း၊ ငါးပုပ်ထုပ်သည့် ဖက်ရွက်သည် အပုပ်နံ့ ကူးစက်ခံရသည်သို့လည်းကောင်း စသည်တို့သည် လူမိုက်မှုသမျှ အဝေးက ရှောင်ကြပါ၊ ရှားကြပါ၊ မပေါင်းသင်းကြပါနှင့်ဟု အသေဝနာစ ဗာလာနံပုဒ်ဖြင့် ဘုရားသခင်က ဆုံးမ ညွှန်ပြတော်မူခဲ့ခြင်း ဖြစ်သည်။

## (၂) ပဏ္ဍိတာနုဿဝနာ

မလိမ္မာ၊ မယဉ်ကျေး၊ ခက်ထန်ကြမ်းကြုတ်သော လူမိုက်တို့နှင့် မပေါင်းသင်း မဆက်ဆံရဟုဆိုလျှင် မည်သူ့ကို ဆည်းကပ်ရမည်နည်း၊ ကိုးကွယ်ရမည်နည်း။ ရှင်းပါမည်။

(၁) ကောင်းသော၊ လမ်းမှန်သော အမှုကိစ္စကိုသာ ရွေးရှုပြုလုပ်တတ်သော၊ (၂) ကောင်းသော၊ သာယာချိုသော၊ နှစ်လို အကျိုးရှိဖွယ်ဖြစ်သော စကားကိုသာ ဆိုတတ်သူ၊ (၃) မြတ်သော၊ မှန်သော အကြံအစည်ကိုသာ တွေးတတ်သူ။

ယင်းအင်္ဂါ သုံးရပ်ဖြင့် ပြည့်စုံပြီး ပညာရှိဟူ၍ ခေါ်ဆိုထိုက်လှသည့် ပုဂ္ဂိုလ်ကိုသာလျှင် ဆည်းကပ်ထိုက်၊ ကိုးကွယ်ထိုက်လှသည်။

တနည်းဆိုရသော်—

(၁) စိတ်ထား မြင့်မြတ်တည်ကြည်ခြင်း၊ (၂) အရာရာတိုင်းတွင် ဆင်ခြင်တိုင်းထွာ မြော်မြင်နိုင်စွမ်းရှိခြင်း၊ (၃) ကိုယ်ကျင့်တရား ကောင်းမွန်ပြည့်စုံခြင်း၊ နားဝင်ပီယံဖြစ်အောင် တပါးသူအား ပြောဆိုဆုံးမ လမ်းညွှန်နိုင်ခြင်း၊ (၅) ပေးကမ်းစွန့်ကြဲ ဒါနပြုမှု၌ အားသန်ခြင်း၊ (၆) မိမိအကျိုးစီးပွားထက် တပါးသူ၏ အကျိုးစီးပွား ဖြစ်ထွန်းမှု၌ ရှေ့ရှုလုပ်ကိုင်နိုင်စွမ်းရှိခြင်း၊ (၇) မိမိကိုယ်၌ကလည်း လမ်းမှန်ကို ကျင့်သုံး၍ တပါးသူအားလည်း လမ်းမှန်သို့ရောက်အောင် နည်းပေးညွှန်ပြခြင်း စသည့် ခုနစ်ပါးသော အင်္ဂါရပ်တို့ဖြင့် ကုံလုံသည့် ပုဂ္ဂိုလ်ကိုလည်း ပညာရှိဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။

ယင်းကဲ့သို့ ပညာရှိကို ပေါင်းသင်း မှီဝဲခြင်းအားဖြင့် ယနေ့ပစ္စုပ္ပန်တွင် (၁) ဘေးအပေါင်း၊ ရန်အပေါင်း၊ အန္တရာယ်အပေါင်းမှ ကင်းဝေးခြင်း၊ (၂) ပညာရှိ သူတော်ကောင်းတို့၏ အားပေးချီးမွမ်းခံရခြင်း၊ (၃) မင်းပြစ်မင်းဒဏ်မှကင်းလွတ်ခြင်း၊ (၄) ပစ္စည်းဥစ္စာ ရတနာ တိုးတက်ပွားများခြင်း၊ (၅) ကျောင်းသားဆိုလျှင် လူရည်မွန် လူရည်ချွန် ဖြစ်နိုင်စွမ်းခြင်း၊ (၆) ထိုမှ သေသည်၏ အခြားမဲ့၌ နတ်ရွာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း စသည့် ထူးမြတ်သော အကျိုးထူးများ ရရှိခံစားနိုင်ပေသည်။

ပညာရှိသူတော်ကောင်းထံ ခစား ဆည်းကပ်ရခြင်း၏ အကျိုးကျေးဇူးများ ကျယ်ပြော ကြီးမားလှပုံ သာဓကများ အနက်မှ အရိပ်အမြွက်ကို ထုတ်ဖော်ပုံဆောင်ပါမည်။

မဟောသဓာ ပညာရှိ သုခမိန်ကို မှီဝဲဆည်းကပ် အားထားခဲ့သော ဝိဒေဟရာဇ်မင်းကြီးသည် သူ ချစ်သော၊ သူမြတ်နိုးသော၊

သူ ခင်သော၊ တသစ္စလန်းနေသော စူဠနီ ဗြဟ္မဒတ်မင်းကြီး၏ သမီးတော် ပဥ္စာလစန္ဒီဒေဝီကို မိဖုရားအဖြစ်သိမ်းပိုက်ပေါင်းဖက် နိုင်ခဲ့သည်။

စူဠနီ ဗြဟ္မဒတ်မင်းကြီး၏ လက်တွင်းတွင် သေအံ့မူးမူး ကျ ရောက်နေကြသည့် ထီးဆောင်းမင်း ၁၀၀ တို့သည် မဟောသဓာ ပညာရှိ၏လိမ္မာမှုကြောင့် သူတို့၏ ထီးနန်းစည်းစိမ်အသီးသီးကို ပြန်လည် စိုးစံ ခံစားကြရသည်။

ထန်းပင်ပေါ်ရှိ ကျီးသိုက်ထဲမှ ပတ္တမြားအရောင်သည် ကန် ရေပြင်သို့ လာဟပ်သည်။ ဤဘွင် မိုက်မဲသော သေနကအမတ် ကြောင့် ပြည်သူလူထုမှာ မပင်ပန်းသင့်ပဲ ပင်ပန်းကာ လုပ်အား ဆုံးရှုံးခဲ့ရသည်။ ပြည်သူလူထု၏ပင်ပန်းနေသော အဖြစ်မှ ကင်း ဝေးရလေအောင်နှင့် ကန်ရေပြင်သို့ ထင်ဟပ်နေသော ပတ္တမြား သည် ထန်းပင်ပေါ်ရှိ ကျီးသိုက်ထဲတွင် ရှိကြောင်း ပညာရှိ မဟောသဓာ သုခမိန်၏ အဖြေမှန် ရှာဖွေထုတ်ဖော်နိုင်မှုကြောင့် တိုင်းသူပြည်သား လူအများမှာ ဆင်းရဲဒုက္ခမှ ကင်းလွတ်ခဲ့ကြ ရသည်။

ပသေနဒီ ကောသလမင်းကြီးသည် အမြော်အမြင် ကြီး၍ တိုင်းဆညာဏ်ရှိသော မလ္လိကာ မိဖုရားကို ပေါင်းသင်း အဖော်ပြု ရသည့်အတွက် ယဇ်တိုင်တွင် ယဇ်ပူဇော်ရန် အစီအစဉ်ပြုထား သည့် သတ္တဝါ အပေါင်းတို့မှာ အသက်ဘေးမှ ချမ်းသာရာရ ခဲ့သည်။

ကာသိတိုင်း ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး လက်ထက်က လှည်းကုန်သည်ငါးရာတို့သည် ဘုရားအလောင်းပညာရှိသုခမိန်၏

အဆုံးအမအောက်ဘွင် တည်ခဲ့ကြသဖြင့် ဘေးအန္တရာယ် ရန်မာန် အပေါင်းမှ ကင်းဝေးကြသည့်ပြင် ကုန်ပစ္စည်းအများအပြားတို့ မှာလည်း ဈေးကောင်းရရှိကြသည်။ သို့ဈေးကောင်းရရှိကြသည့် အလျောက် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်စွမ်းကြပြီး သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ရောက်ကြရသည့် အကျိုးထူးကို ခံစားကြရပေသည်။

သင်းပျံ့လှိုင်သော ဘောင်လေပ်ပန်းနှင့် ပေါင်းဖက်ရသည့် ရန်မဲ့ ပေါက်ရှက်သည် ထုံယဉ်ဆွတ်ပျံ့ ရနံ့ကြိုင်သော သစ်ရွက် ဖြင်လာရသကဲ့သို့ လိမ္မာပါးနပ်သော ဆင်ဦးစီးနှင့် ပေါင်းဖော်ရ သော တောဆင်ရိုင်းသည် သိမ်မွေ့ယဉ်ကျေးသော ဆင်လိမ္မာ ဖြစ်လာရသည်။

သူတော်ကောင်းတို့နှင့် ပေါင်းဖက်တွေ့ရသူတိုင်းသည် ပညာ ရှိသူ တဦးအဖြစ်သို့ ရောက်ရှိလာရသည်။ပညာဉ်ရှိတို့ ခံစားစံစား အပ်သည့် အကျိုးထူးများကိုလည်း မုချကောင်း အမှန် ခံစားနိုင် ကြောင်းကို သိစေဘော်မူလိုသည့်မြတ်ဘုရားသခင်သည် ပဏ္ဍိတာ နှင့် သေဝနာပုဒ်ကို ဟောညွှန်း ဆုံးမတော်မူခဲ့သည်။

## (၃) ပူဇာ စ ပူဇနေယျာနံ

ရှိခိုးထိုက်၊ ပူဇော်ထိုက်၊ မြှတ်နိုးထိုက်၊ အရိုအသေ အလေးအမြတ် ပြုထိုက်သည့် ပုဂ္ဂိုလ်များကို ရှိခိုးပါ၊ပူဇော်ပါ၊ရိုသေပါ၊ လေးမြတ်ပါ၊ ကန်တော့ပါ ဟူ၍ ပူဇာ စ ပူဇနေယျာနံ မင်္ဂလာ ပုဒ်က အနက်ဖွင့်ဆိုထားသည်။

မှန်၏။ မည်သည့် အမျိုးအစား၊ မည်သို့သော ပုဂ္ဂိုလ်ကို ပူဇော်ထိုက်၊ ရှိခိုးထိုက်သနည်း။ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါး၊ အမိ၊ အဖ၊ ဆရာသမား၊ ဦးလေး၊ ဦးကြီး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ မိကြီး၊ ဘထွေး၊ ဘကြီး စသည်တို့ အပါအဝင် မိမိထက် ဂုဏ်အားဖြင့်လည်းကောင်း၊ အသက်အားဖြင့်လည်း ကောင်း တနေ့၊ တရက်၊ တနနက်ကြီးမြတ်သူများကို ရှိခိုးရမည်၊ ပူဇော်ရမည်၊ ရိုသေရမည်၊ လေးမြတ်ရပါမည်။

ထိုမှ အပူဇော် အကန်တော့ခံထိုက်သည့် (၁) ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ၊ (၄) လက်ဝဲရံ၊ လက်ယာရံ အဂ္ဂသာဝကကြီးများ၊ (၅) အမိဖြစ်သူ (၆) အဖဖြစ်သူ၊ (၇) လေးစားထိုက်သည့်ပုဂ္ဂိုလ်၊ (၈) မိမိအား သင်ပြ ညွှန်ပြ ဆုံးမခဲ့ဘူးသည့်ဆရာသမား၊ (၉) လှူဒါန်းခြင်းနှင့် သီတင်းသီလ တည်ဆောက်မှု၌မွေ့လျော်သူ၊ (၁၀)အသိဉာဏ် ရှင်းလင်းအောင် ဟောပြောတတ်သူ စသည့် ခင်ပွန်းကြီး ၁၀ ပါးကိုလည်း အစဉ် နှလုံး၌ ပိုက်ထားရပါမည်။

ပူဇော်ထိုက်သူများကို ပူဇော်ကြရာတွင် နှစ်မျိုးနှစ်စား ရှိပါသည်။

(၁) ဝိနည်းဒေသနာအရ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးနှင့် သုတ္တန်ဒေသနာအရ ဆွမ်း၊ ကျောင်း၊ သင်္ကန်း၊ယာဉ်၊ ပန်း၊ နံ့သာပျောင်း၊ နံ့သာခဲ၊ အိပ်ရာနေရာ၊ ဆီမီးစသည့် ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ခြင်းကို "အာမိသပူဇာ"ဟု အနက် ဖွင့်ဆိုပါသည်။

(၂) မြတ်ဘုရား ဟောကြားတော်မူအပ်သည့် အပါယ်သို့ လားစေနိုင်သော ဒုစရိုက်တရား ၁၀ ပါးတို့ကို ရှောင်ကြဉ်၍ သုစရိုက်တရား ၁၀ ပါး၊ ပုညကြိယာဝတ္ထု ၁၀ ပါး၊ ဗောဓိပက္ခိယတရား ၃၇ ပါး၊ သမထကမ္မဋ္ဌာန်း ၄၀၊ မဟာသတိပဋ္ဌာန် ၄ ပါး စသည့် ဝိပဿနာ ကိုယ်ကျင့်တရားတို့ကို အားထုတ်ကာ အကျင့် သိက္ခာဖြင့် ပူဇော်ခြင်းကို "ဓမ္မပူဇာ"ဟု အဓိပ္ပာယ် ဖွင့်ပါသည်။

ယင်းပူဇော်ခြင်း နှစ်မျိုးရှိသည့်အနက် ဓမ္မပူဇာဖြင့် ပူဇော်ခြင်းသည် အာမိသပူဇာဖြင့် ပူဇော်ခြင်းထက် မြတ်သည်ဟု ဆိုပါသည်။

မိမိတို့ ကိုယ်စွမ်းရှိသရွေ့ ပူဇော်ခြင်းနှစ်မျိုးဖြင့် ပူဇော်ကြသူတို့အဖို့ (၁) အသက်ရှည်ခြင်း၊ (၂) အဆင်းလှခြင်း၊ (၃)ချမ်းသာခြင်း၊ (၄)ခွန်အားဗလကြီးမားခြင်း၊ (၅)ဉာဏ်ပညာ ကြီးမြင့်ခြင်းစသည့် အကျိုးထူးများကို ယခုမျက်မှောက်၌ ခံစားကြရပြီး သေသည်၏အခြားမဲ့၌ နတ်ရွာ၊ နိဗ္ဗာန် သို့ လားနိုင်သည့် အကျိုးထူးကို ခံစားနိုင်ပါသည်။

မြန်မာပြည် ပုဂံမင်းဆက်တွင် အနော်ရထာ ခေါ် အနုရုဒ္ဓမင်းသည် ရှင်အရဟံ ခေါ် အရှင်ဓမ္မဒဿီမထေရ်မြတ်ကို တွေ့ရှိပြီး ကိုးကွယ်ပူဇော်ချီးမြှောက်ကာ အဆုံးအမကို နာယူခဲ့သည့်အတွက် ဗုဒ္ဓ၏ တရားစစ်၊ တရားမှန်များကို တွေ့ရသည်။ ထိုမှ တပြည်လုံး ပြန့်နှံ့စေခဲ့သည်။ ယနေ့သို့တိုင် တရားစစ်၊ တရားမှန်၊ သံဃာစစ်၊ သံဃာမှန်များကို ပူဇော်နိုင်သည့်အသိ အကျိုးထူးများ ခံစားနေရသည်မှာ လက်တွေ့ပင် ဖြစ်သည်။

ရှေးအခါက ဒေဝါနံပိယတိဿမင်းကြီးသည် သီရိလင်္ကာ (သီဟိုဠ်ကျွန်း)တွင် အုပ်ချုပ်စိုးစံ မင်းပြုစဉ်က အထက်တွင် တဿဇနာ၊ အောက်တွင် တဿဇနာ အာဏာ လွှမ်းမိုးနိုင်ပြီး တတိယ သင်္ဂါယနာတင်ဘော်ပြုနိုင်ခဲ့သည့် သီရိဓမ္မာ သောကမင်းကြီး၏ သားတော် ရှင်မဟာမဟိန္ဒကို ကိုးကွယ် ဆည်းကပ်ခဲ့သည့် အကျိုးထူးကြောင့် ယနေ့သို့တိုင် ဘာသာစစ်၊ ဘာသာမှန်၊ သာသနာစစ်၊ သာသနာမှန်များကိုရရှိ မင်္ဂလာ ဖြစ်နေကြသည်မှာ ဒိဋ္ဌ မျက်မြင်ပင် ဖြစ်သည်။

ပုဇော်ထိုက်သည့် ပုဂ္ဂိုလ်များကို ကာယကံအားဖြင့်လည်းကောင်း၊ ဝစီကံအားဖြင့် လည်းကောင်း၊ မနောကံအားဖြင့် လည်းကောင်း ပြစ်မှားကျူးလွန်မိသည်ရှိသော် နောင်ဘဝ သို့ပင် မဆိုင်းပဲ ယခု လက်ငင်းဘဝ၌ပင် (၁) ဆင်းရဲဝေဒနာ ပြင်းပြစွာ ခံစားရတတ်ခြင်း၊ (၂) ဥစ္စာပစ္စည်း ငွေကြေးကုန်ကျခြင်း၊ (၃) ခန္ဓာကိုယ်ပျက်ပြုန်း အသက်ဆုံးရခြင်း၊ (၄) ရောဂါဝေဒနာ စွဲကပ်တတ်ခြင်း၊ (၅) ဓိတ်ဖောက်ပြန်ရူးသွပ်နိုင်ခြင်း၊ (၆) မင်းပြစ် မင်းဒဏ်ကို ခံစားရတတ်ခြင်း၊ (၇) တပါးသူတို့၏ စွပ်စွဲမှုကိုခံရတတ်ခြင်း၊ (၈) ဆွေမျိုးသားချင်းထဲမှ ပျက်စီးမှု ကြုံရခြင်း၊ (၉) စည်းစိမ်ပြုန်းရတတ်ခြင်း၊ (၁၀) နေအိမ်မီးသင့် ခံရတတ်ခြင်း စသည့် အပြစ် ၁၀ ပါး တွေ့ကြုံတတ်ပေသည်။ သေသည်၏ အခြားမဲ့၌လည်း အပါယ်သို့ လားရတတ်ပေသည်။

ထို့ကြောင့် ဂုဏ်အားဖြင့် ကြီးမြတ်သူ၊ အသက်အားဖြင့် ကြီးမြင့်ကြသူ ပုဂ္ဂိုလ်များနှင့်တကွ အနန္တော အနန္တ ငါးပါးတို့အား မပြတ်ဆည်းကပ် ပူဇော်နိုင်အောင် ကြိုးပမ်းကြယင်းဖြင့် ပူဇာစ ပူဇနေယျာနံ မင်္ဂလာကို လက်တွေ့ကျင့်သုံးကြဖို့ နှိုးဆော်တိုက်တွန်း အပ်ရပါသည်။

## (၄) ပဋိရူပ ဒေသဝါသော စ

ပဋိရူပဒေသဝါသော စ မင်္ဂလာတွင် ပဋိရူပက တပုဒ်၊ ဒေသက တပုဒ်၊ ဝါသောကစက တပုဒ်၊ မင်္ဂလာက တပုဒ်၊ စုစုပေါင်း လေးပုဒ် ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ ပဋိရူပ=သင့်တင့် လျောက်ပတ်သော ဒေသ၊ ဝါသ=နေထိုင်ခြင်း၊ မိမိနှင့်သင့်တင့် လျောက်ပတ်သည့် အရပ်ဒေသ၌ နေထိုင်နိုင်ခဲ့လျှင် ကုသိုလ်တရား တိုးပွား ရင့်ကျက်စေနိုင်သည်ဟု အနက်ရပါသည်။

မည်သည့် အရပ်ဒေသများသည် သင့်တင့်လျောက်ပတ်သည့် အရပ်ဒေသများ ဖြစ်ကြပါသနည်း။ ရှင်းပါမည်။ (၁)ရတနာသုံးပါး ထင်ရှားရှိသည့် အရပ်ဒေသ၊ (၂)ရာသီဥတုမျှတသည့် အရပ်ဒေသ၊ (၃) ပစ္စည်းစုံစွာ လွယ်လင့်တကူ ရှာဖွေရရှိနိုင်သည့် အရပ်ဒေသ၊ (၄) စာသင်ကျောင်းများ ပေါများရာ အရပ်ဒေသ၊ (၅) ဆေးဆရာ ကောင်းများ ပေါများရာ အရပ်

ဒေသ၊ (၆) တရပ်နှင့်တရပ်၊ တရွာနှင့်တရွာ အလွယ်တကူ သွားလာ ကူးလူးဆက်ဆံနိုင်သော အရပ်ဒေသ၊ (၇) လူမိုက်နည်းပြီး ပညာရှိပေါများလှသည့် အရပ်ဒေသများဖြစ်ပါသည်။

ရှေးအခါက နေသင့် နေထိုက်လှသည့် အရပ်ဒေသများမှာ (၁) ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိမဏ္ဍိုင်ဌာန၊ (၂) ပဉ္စဝဂ္ဂီငါးဦးတို့ကို ဓမ္မစကြာတရား ဟောပြတော်မူရာဌာန၊ (၃) ရေမီးအစုံ တန်ခိုးတော်ပြရာဌာန၊ (၄) တာဝတိံသာ နတ်ပြည်မှ ဆင်းသက်တော်မူရာဌာန၊ (၅) မဇ္ဈိမဒေသအရပ် စသည့် ငါးဌာနဖြစ်သည်။

ပဋိရူပဒေသ မဖြစ်သေးသော အရပ်တွေမှာ မလွဲသာ၍ နေထိုင်ကြရပေမင့် ကြိုးစားလျှင်၊လုံ့လပြုလျှင် သင့်တင့်လျောက်ပတ်သော အရပ်ဒေသများ ဖြစ်လာနိုင်ပါသည်။

လိုလျှင်ကြံဆ နည်းလမ်းရှာသည်နှင့်အညီ မိမိတို့ နေထိုင်ရာရပ်ရွာများမှာ သာသနာဘက်မှ စည်ပင် တိုးတက်လာအောင် လူနှင့် သံဃာ၊ ဆရာ ဒါယကာတို့ တိုင်ပင် ပြုပြင်စီမံပေးသကဲ့သို့ အခြားတဘက်ကလည်း ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးလာအောင် စာသင်ကျောင်းများ လုံ့လပြု၍ ထူထောင်ခြင်း၊ သမဝါယမ လုပ်ငန်းများကို ရိုးသား ဖြောင့်မတ်စွာ ရှေ့ဆောင်လမ်းပြပေးခြင်း၊ လူတိုင်းကျန်းမာရေး ပြည့်စုံလာနိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများ၊ တိုင်းရင်းဆေးခန်းများ၊ မရှိ ရှိအောင် ကြိုးစားဆောင်ရွက်ပေးခြင်း၊ ရေတွင်း၊ ရေကန်၊ လမ်းပန်း၊ တံတားစသည်တို့ကို လူထုနည်းဖြင့် ဖောက်လုပ်ပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သွားကြမည်ဆိုပါက ပဋိရူပဒေသ ဖြစ်လာနိုင်မည် ဖြစ်ပါသည်။

ပဋိရူပ ဒေသဝါသောစ မင်္ဂလာဖြင့် ပြီးပြည့်စုံလာသည့်အခါ ယင်းအရပ်တို့တွင် နေထိုင်ကြသော ပြည်သူ အပေါင်းတို့သည် ဘုရားစသည့် သူတော်ကောင်းတို့ ဆုံးမ အပ်သော တရားစကားများကို နာကြားနိုင်မည်။ ဘာသာသာသနာ ထိုထိုဘာဝများက ရိုင်းစိုင်း ကြမ်းတမ်း လာခဲ့သော စိတ်ရိုင်း၊ စိတ်မိုက်တို့မှာ ယဉ်ကျေးသိမ်မွေ့နူးညံ့လာစေနိုင်မည်။

သူတော်ကောင်းစကား ကြားနာရခြင်းဖြင့် ယုတ်မာသည့်စိတ်၊ မကောင်းကြံလိုသည့်စိတ်၊ မရောင့်ရဲ၊ မတင်းတိမ်နိုင်သည့်စိတ်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိဟူသည့် စိတ်ရိုင်းတို့ခေါင်းပါးကင်းစင်ပြီး ချမ်းသာ သုခ ကောင်းကျိုး မင်္ဂလာအပေါင်းဖြင့် ပြည့်ဝနိုင်မည် ဖြစ်သည်။

သင့်တင့် လျောက်ပတ်သည့် နေရာများ၊ ဒေသများတွင် နေထိုင်ကြသူ ပြည်သူအပေါင်းသည် ပစ္စုပ္ပန်၌ပင် လောကကြီး၏ သာယာချမ်းမြေ့သော အကျိုး စီးပွားကို အသက်ရှည်နေသမျှ ကာလပတ်လုံး ခံစားစံစားနိုင်ကြမည် ဖြစ်သည်။ ထို့ပြင် သေသည်၏ အခြားမဲ့၌ သုဂတိဘုံဌာန များသို့ ရောက်နိုင်ကြပေသည်။

လွန်လေပြီးသော အတိတ်ကာလက မဟာသုဒဿန စကြာမင်းကြီး ထိန်းနန်း စိုးစံ အုပ်ချုပ်တော်မူသော ကုသဝတီ တိုင်းပြည်ရှိ ပြည်သူအပေါင်းသည် သူတော်ကောင်းတို့၏ တရားကိုနေ့စဉ်ကြားနာနေရသည်။ သူတော်ကောင်းတို့၏ သွန်သင်ဆုံးမသည့် တရားစကားကို နားကြားရဖန် များလာသည့်အခါ နိစ္စသီလဟု ဆိုအပ်သည့် ကင်္ါးပါးကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည်။

ဤကဲ့သို့ လူတိုင်း လူတိုင်းတွင် သီလဖြင့်ပြည့်စုံလာကြသည့် အခါ လူဆိုး၊ သူခိုး၊ ဒမြဆိုသည်မှာ မရှိသလောက်ဖြစ်ခဲ့သည်။ ခိုးခံရခြင်း၊ လုယက်ခံရခြင်း ဘေးမှလည်း ကင်းဝေးခဲ့ရသည်။ အကျင့်သီလ ကောင်းမှုကြောင့် မိုးလေမှန်ပြီး စပါး ဆန်ရေ ပေါကြွယ်ခဲ့ပြီး သက်တမ်းအလိုက် ချမ်းအေးစွာ နေထိုင်ခဲ့ကြ ပြီးနောက် သေလွန်သည့်အခါ သုဂတိဘုံများသို့ ရောက်ရှိကြ ပေသည်။

ယင်းသာဓကများကို ထောက်ရှု သုံးသပ်၍ မှန်မြတ်သည့် အရပ်ဒေသများတွင် နေနိုင်အောင် ကြိုးစားဖို့ လိုအပ်လှသည်။ အကယ်၍ ရေကြည်ရာ မြက်နုရာဆိုဘိသို့ တဝမ်းတခါးအတွက် နေရစေကာမူ အထက်တွင် တင်ပြခဲ့သည်နှင့်အညီ မဖွံ့ဖြိုးသေး လျှင် ဖွံ့ဖြိုးလာအောင် လူထုနည်းဖြင့် ပဋိရူပဒေသဝါသောစ မင်္ဂလာနှင့်ကိုက်ညီအောင် ပြုပြင် တည်ဆောက်ကြဖို့ တိုက်တွန်း ရပါသည်။

## (၅) ပုဗ္ဗေစကတပုညတာ

ပုဗ္ဗေစကတပုညတာ မင်္ဂလာ၏ အနက်မှာ ပုဗ္ဗေ = ရှေးရှေးဘဝက၊ ကတ = ပြုခဲ့ဘူးသည့်၊ ပုညတာ = ကောင်းမှု ရှိထားခဲ့သူ။ ရှေးအခါက ပြုခဲ့ဘူးသည့် ကောင်းမှုကုသိုလ်ကံ ရှိရမည်ဟု ဖွင့်ဆိုပါသည်။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု ဆိုအပ်သည့် လောက သုံးပါးတွင် ရှိနေကြသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့သည် သံသရာတခွင်၌ ကရွတ်ကင်းလျှောက်သကဲ့သို့ မွေးလိုက်၊ သေလိုက်၊ သေလိုက်၊ မွေးလိုက်ဖြင့် အစမဆုံးသည့် ဘဝခရီးကို နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ မရောက်မချင်း ချီတက် လှုပ်ရှားသွားလာနေကြရမည် ဖြစ်သည်။

ကံ၊ ဉာဏ်၊ ဝီရိယ တည်းဟူသော သုံးပါးသော တရားထဲမှ တပါးပါးချွတ်ယွင်းနေခဲ့လျှင် မိမိတို့ အလိုရှိအပ်၊ တောင့်တအပ်သည့် နိဗ္ဗာန်ပန်းတိုင်သို့ မည်သည့်နည်းနှင့်မှ ရောက်နိုင် ပေါက်နိုင်ကြမည် မဟုတ်ပေ။

နိဗ္ဗာန်ပန်းတိုင်သို့ အရောက်ချီတက်စေလိုသော စေတနာမွန်ဖြင့် မြတ်စွာဘုရားသခင်သည် ၃၈ ဖြာသော မင်္ဂလာတရားတော်

စပယ်ဦးစာပေ
၁၅၂၁၇

မြတ်ကို ဟောကြားတော်မူခဲ့သည်။ပုဗ္ဗစ ကတပုညတာ မင်္ဂလာအရ ကံ၏အစွမ်းသတ္တိကို ဟောကြားတော်မူခဲ့ပြီး ဗာဟုသစ္စဉ္စ မင်္ဂလာနှင့် သိပ္ပဉ္စ မင်္ဂလာတို့အရ ဉာဏ်အစွမ်း သတ္တိကိုလည်း ညွှန်ပြတော်မူခဲ့သည်။ ထိုမှ ဝီရိယ၏ အစွမ်းထက်ပုံကို သိစေလိုတော်မူသဖြင့် တပေါစ မင်္ဂလာကိုဟောညွှန်တော်မူပြန်သည်။ ထို့ကြောင့် မင်္ဂလာတရားတော်ထဲတွင် ကံ၊ဉာဏ်၊ဝီရိယ သုံးပါးစလုံး စုံလင်စွာ ဟောကြားထားကြောင်း သိသာ ထင်ရှားလှပေသည်။

အချို့သော ပုဂ္ဂိုလ်တို့က ကံ၊ ဉာဏ်၊ ဝီရိယ တရား သုံးပါး ရှိသည့် အနက် ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် ပဓာန၊ ကံသာလျှင် အရေးပါ အရာရောက်သည်ဟု ကံ တဦးတည်းကိုသာ ဦးစားပေး ပြောဟောနေကြသည်ကို တွေ့ခဲ့၊မြင်ခဲ့၊ကြားခဲ့ဘူးသည်။အချို့ပုဂ္ဂိုလ်တို့ကလည်း ဉာဏ်မရှိလျှင်ကံရှိတိုင်းမှဲ့ ဆိုပြီး ဉာဏ်တခုတည်းကိုသာ ဝတ္ထု သာဓကများဖြင့်တင်ပြ ဟောပြော ဦးစားပေးနေကြသည်ကို မြင်တွေ့ခဲ့ရဘူးသည်။ အချို့ပုဂ္ဂိုလ်ကျပြန်တော့လည်း ကံ၊ ဉာဏ် ရှိကြပေမင့် ဝီရိယ မရှိခဲ့လျှင် မည်သည့်နည်းနှင့်မှ အကျိုးသက်ရောက်မှု မရှိနိုင်ဟု ဆိုကြသည်။

အမှန်စင်စစ် ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံးသည် သူ့အခန်း၊ ကိုယ့်အခန်း၊ သူ့နေရာ၊ ကိုယ့်နေရာတို့တွင် အပေးအယူ မျှတစွာဖြင့် ဦးဆောင်လျက်ပင် ရှိသည်။

ကံဟူသည် သတ္တဝါ တဦးတယောက်အား လူဖြစ်လာဖို့၊ နတ်ဖြစ်လာဖို့၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ဖို့၊ အပါယ်လေးပါး ကျရောက်စေဖို့၊ သဗ္ဗေသတ္တာ ကမ္မသကာဟု' လာရှိသည့် အတိုင်း သတ္တဝါတို့၏ ကိုယ်ပိုင်ဥစ္စာ၊လည်းလျောင်းရာ၊ ပင်္ဂသန္ဓေတည်စဉ်အခါမှာ သူက ရှေ့ဆောင်ရှေ့ရှုက် ဦးစီးနာယက ဖြစ်ပေသည်။

ထိုအချိန်တွင် ဉာဏ်နှင့် ဝီရိယတို့မှာ နောက်လိုက် ဘဝဖြင့် ပါလာရသည်။ ကံက ပို့ဆောင်ပေးလိုက်၍ လူများ၊ နတ်များ၊ ဗြဟ္မာများ၊ တိရစ္ဆာန်များ ဖြစ်လာပြီးသည့်နောက် ပဝတ္တိအခါ တွင် ဉာဏ်နှင့် သင့်လျော်သည့် နေရာတွင် ဉာဏ်က ဦးဆောင်၍ ဝီရိယနှင့် သင့်လျော်သည့် နေရာတွင် ဝီရိယက ဦးစီးရပြန်သည်။ ထို့ကြောင့် ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကို ဒူးနေရာ ဒူး၊ တော်နေရာ တော် ဆိုဘိသို့ သူ့နေရာအလိုက် အသုံးပြုတတ်ဖို့ လိုပေသည်။

ဉာဏ်နှင့် ဝီရိယက ဦးဆောင်မှု ပြုသည့်အခါ ကံက နောက် လိုက် အဖြစ်ဖြင့် လိုက်ပါ အကျိုးပေးစေပေသည်။

ကံဟူသည် ကမ္မသဒ္ဒါက လာသည်ကြောင့် အမှု အလုပ် မှန် သမျှ ကံဟူ၍ အဓိပ္ပာယ်လင်းရပါမည်။ ကံတွင် (၁) ကုသိုလ်ကံ၊ (၂) အကုသိုလ်ကံ ဟူ၍ နှစ်မျိုးရှိလာပြန်သည်။ ကုသိုလ်ကံသည် ကောင်းကျိုးကိုပေးစေပြီး အကုသိုလ်ကံသည် မကောင်းကျိုးကို ပေးစေသည်။

ထို့ကြောင့် ပုဗ္ဗေစ ကတပုညတာ မင်္ဂလာအရ ရှေးဘုန်း ရှေးကံကြီးပြီး ရှေးကုသိုလ်ကံကြောင့် လူဖြစ်လာရသောသူတို့မှာ (၁)အသက်ရှည်ခြင်း၊ (၂)အနာရောဂါ ကင်းခြင်း၊ (၃)အခြွေ အရံ ပေါခြင်း၊ (၄) ရတနာဥစ္စာ ရွှေ ငွေ ပေါကြွယ်ခြင်း၊ (၅) အမျိုးအနွယ်မြတ်ခြင်း၊ (၆)ပညာတတ်၍ လူရည်ချွန်ဖြစ်ရခြင်း၊ (၇) ချစ်သူ ခင်သူ မိတ်ဆွေပေါခြင်း စသည့် အကျိုးထူးများ ခံစားရပေသည်။

ပုဗ္ဗေစ ကတပုညတာ မင်္ဂလာကင်းပြီး အကုသိုလ်ကံ၏ ဖိစီး နှိပ်စက်မှုကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံတို့တွင် တပြောင်းတပြန် တလူးတလဲ မချိတင်ကဲဖြင့် ဒုက္ခအစုံစုံခံစားကြ

ရသည်။ ထိုမှ လွတ်ကင်းလာ၍ လူဖြစ်လာပြန်တော့လည်း အကုသိုလ် အရှိန်အဟုန်က အရိပ်ပမာ ကပ်လိုက်လာသဖြင့် (၁)အသက်တိုခြင်း၊(၂)အနာရောဂါထူပြောခြင်း၊ (၃)အခြေအရံ နည်းခြင်း၊ (၄)ဆင်းရဲ မွဲတေဖြစ်ရခြင်း၊ (၅)အမျိုးအနွယ်ယုတ်ညံ့ရခြင်း၊ (၆) ပညာမဲ့ရခြင်း၊ (၇) ချစ်သူခင်သူ မိတ်ဆွေ သင်္ဂဟ နည်းခြင်း စသည့် ဆိုးပြစ်တို့ဖြင့်သာ တွေ့ကြုံခံစားရတတ်ပေသည်။

ခန္ဓာငါးပါး၊ခန္ဓာလေးပါး၊ခန္ဓာတပါး စသည့် ခန္ဓာတို့ ရှိနေကြသရွေ့ ထိုခန္ဓာရှိနေကြသော သတ္တဝါမှန်သမျှတို့သည် နိဗ္ဗာန်ကို မရသေးမီ ကာလပတ်လုံး သံသရာ ရေယာဉ်ကြောဝယ် စုန်ကာ ဆန်ကာ မျောပါနေကြရမည်သာ ဖြစ်သည်။

သံသရာတွင် အထက်သံသရာနှင့်အောက်သံသရာဟူ၍ နှစ်မျိုးရှိသည်။ အောက်သံသရာ ဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံလေးဘုံသို့ကျရောက်မသွားရအောင် အကုသိုလ်ပွားစေမည့် အပြုအမူ အပြောအဆိုမှန်သမျှ ကြိုးစားပြီး ရှောင်ကြဉ်ကြပါ။ကုသိုလ်တရားများဖြစ်ကြသည့် ဒါန၊ သီလ၊ ဘာဝနာများကို တတ်အားသရွေ့ ကြိုးစားပြီး ပြုစုကြပါ။ သို့မှသာ အထက်သံသရာများတွင် ကျင်လည်နိုင်ပြီး အိုမှု၊ နာမှု၊ သေမှု ဒုက္ခအပေါင်းတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်သောင်ကမ်းသို့ ဆိုက်ရောက်နိုင်မည်ဖြစ်သည့်အတွက် ပုဗ္ဗေစ ကတပုညတာ မင်္ဂလာတရားတော်ကို မမေ့ မလျော့သော သတိဖြင့် ပွားများကြပါဟု မြတ်စွာဘုရားသခင်က ဟောကြားဆိုဆုံးမခဲ့ခြင်း ဖြစ်သည်။

## (၆) အတ္တသမ္မာ ပဏိဓိ

အတ္တသမ္မာ ပဏိဓိ မြတ်မင်္ဂလာသည် အတ္တ = မိမိကိုယ်ကို၊ သမ္မာပဏိဓိ = ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ပါဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ထားခြင်း ဖြစ်သည်။

မိမိကိုယ်ကို မိမိ မည်သို့ ထိန်းသိမ်း စောင့်ရှောက်ရမည်နည်း။ မိမိကိုယ်ကို မိမိ ထိန်းသိမ်းရန်မှာ အင်္ဂါ ခြောက်ပါး ရှိပေသည်။ ယင်းအင်္ဂါရပ်တို့မှာ—

(၁) ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးအပေါ် သဒ္ဓါ ယုံကြည်စိတ် မရှိသေးလျှင် သဒ္ဓါယုံကြည်စိတ် ဖြစ်ပေါ်လာအောင် ပြုပြင်ပေးရပါမည်။

(၂) စိတ်လေ၊ စိတ်လွင့်၊ စိတ်မိုက်၊ စိတ်ရိုင်းများ ဖြစ်ပေါ်နေခဲ့လျှင် ယင်းစိတ်မိုက်၊စိတ်ရိုင်း၊စိတ်လေ၊စိတ်လွင့်များ ချုပ်ငြိမ်းသွားအောင် ထိန်းသိမ်းပြုပြင်ပေးရပါမည်။

(၃) စာပေသင်လိုစိတ် ကင်းမဲ့နေလျှင် စာပေသင်လိုစိတ် တဖွားဖွား ဖြစ်ပေါ်လာအောင် မိမိကိုယ်ကို မိမိထိန်းသိမ်းပြုပြင်ပေးရပါမည်။

(၄) အလုပ်မလုပ်ချင်စိတ်၊ရေသာခိုလိုစိတ်၊အချောင်နေလိုစိတ်များ ပေါက်ဖွားနေခဲ့လျှင် အားသွန်ခွန်စိုက် အလုပ် လုပ်ချင်စိတ် ဖြစ်ပေါ်လာအောင် မိမိကိုယ်ကို မိမိထိန်းသိမ်းပြုပြင်ပေးရပါမည်။

(၅) ဒါန၊ သီလ၊ ဘာဝနာ စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ရန် သဒ္ဓါတရားမဖြစ်ပေါ်သေးလျှင် သဒ္ဓါတရားဖြစ်ပေါ်လာအောင် မိမိကိုယ်ကို မိမိ ထိန်းသိမ်း ပြုပြင်ပေးရပါမည်။

(၆) လူမှုရေးအရ ကျန်းမာရေး၊ သန့်ရှင်း စင်ကြယ်ရေး၊ မီးဘေး ကာကွယ်ရေး၊သူခိုး၊ဒမြဘေးရန် ကာကွယ်ရေး၊စည်းလုံးညီညွတ်ရေး၊တဦး၏လူမှုရေးကိစ္စများကို ကူညီစောင့်ရှောက်ရေး၊ဘုရား ကျောင်း ကန် သန့်ရှင်းရေး၊ တိုင်းပြည် မြို့ရွာ စည်ပင်သာယာရေး စသည့် ကိစ္စ အဝဝကိုကိုယ်ရပ်ကွက်၊ကျေးရွာ၊မြို့နယ်လူထုတို့နှင့်အတူ ပါဝင် ပူးပေါင်း ဆောင်ရွက်ချင်လာအောင် မိမိ ကိုယ်ကို မိမိပြုပြင်ပေးရပါမည်။

မိမိကိုယ်တွင် အတ္တသမ္မာပဏိဓိ မင်္ဂလာတရား မကိန်းအောင်း မတည်ကြည်သမျှ ကာလပတ်လုံး ထိုထိုသော ပုဂ္ဂိုလ်တို့သည် အကွပ်မရှိသည့်ကြမ်း၊ အထိန်းမရှိသည့် ချည်ခင်၊ ပဲ့မရှိသည့်လှေ၊ အမိအဖမဲ့သည့် သားသမီးကဲ့သို့ ဖြစ်လျက်သာ ရှိနေချေမည်။

မိမိကိုယ်ကို မိမိ ထိန်းသိမ်းခြင်း အတ္တသမ္မာပဏိဓိ မင်္ဂလာ မရှိသော၊ မကိန်းအောင်းသော ကျောင်းသားအရွယ် လူမမယ်နှင့် ထိုထိုသော ပုဂ္ဂိုလ်တို့သည် ကျောင်းပြေးခြင်း၊ အကစားဘက် ခြင်း၊ အမြင်မကြည်လင်ခြင်းတို့ကြောင့် ပညာသင်ပျက်လာရ ခြင်း၊ မသူတော်တို့နှင့် ပေါင်းဘက်မိလာပြီး လူမိုက်တယောက် အဖြစ် ရောက်ရှိလာခြင်း၊ ဥစ္စာပစ္စည်း ဆုတ်ယုတ်ပျက်လာရခြင်း၊ အချိန် အလဟဿ ဖြုန်းတီးပစ်ခြင်း၊ သေသောက်ကြူးလာရ ခြင်း၊ မိမိတို့၏ရိုးရာယဉ်ကျေးမှုနှင့် မကိုက်ညီသော၊ မသင့်သော၊ တိုင်းတပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်ခံရတတ်ခြင်း၊ နိုင်ငံခြား ယဉ်ကျေးမှု အပူးကပ်ခံရမှုကြောင့် လမ်းသရဲများ ဖြစ်ပေါ်လာခြင်း၊ ကိုယ်ကျင့်တရားများ ပျက်၍ ကံငါးပါး မလုံခြုံတော့ပဲ မိဖ၊ ဆရာသမားများ အပါအဝင် ရိုသေထိုက်သူ များကို မရိုသေ မလေးစားတော့ပဲ ဧရိုက်များ ဆိုးရွားလာနိုင် ပေသည်။

ထို့ကြောင့် ပြည်သူအများ ရွံရှာမုန်းတီးသည့်ကဲ့ရဲ့ရှုတ်ချသည့် စရိုက်ဆိုးများကို စွန့်ခွာရှောင်ကြဉ်ပြီး မိမိကိုယ်ကို မိမိကောင်းစွာ ထိန်းသိမ်း သင့်လှသည်။ ထိုသို့ ထိန်းသိမ်းခြင်းကြောင့် မည်သို့ အကျိုးထူးများ ခံစားရသည်ကို ပုံဆောင်ပါမည်။

ရှေးအခါက သဒ္ဓါတရားဖြင့် ကုံလုံပြည့်စုံသော မာတိကာ မာတာ ဥပါသိကာမကြီး တဦးရှိသည်။ ယင်း ဥပါသိကာမကြီး သည် တရားအားထုတ်နေကြသည့် ရဟန်းပေါင်း ခြောက်ကျိပ် တို့အား ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသည့် ပစ္စည်းလေးပါး တို့ကို လိုလေသေးမရှိရအောင် လှူဒါန်းပြုစုလျက်ရှိသည်။ လှူဒါန်း ပြုစုရုံဖြင့် အားမရ၊ မဘင်းတိမ် ဖြစ်နေသော ဒကာမကြီးသည် ရဟန်းတော်မြတ်များ ထံမှ နည်းခံ၍ သူကိုယ်တိုင် ထက်ထက် သန်သန်ဖြင့် တရားအားထုတ်ခဲ့ရာ အနာဂါမ် ပုဂ္ဂိုလ်ထူးတဦး အဖြစ်သို့ ရောက်ရှိသွားတော့သည်။

အဘက်ဘက်က လိုလေသေး မရှိအောင် ပြည့်စုံနေသော ရဟန်းတော် ခြောက်ကျိပ် တို့ မှာ လည်း ချမ်းသာစွာ တရား အားထုတ်နိုင်ကြသည်ကြောင့် ခြောက်ကျိပ်လုံးလုံး အာသဝေါ ကင်းသည့် ရဟန္တာမြတ်များအဖြစ်သို့ ရောက်ရှိကြလေသည်။

ထိုသတင်းကောင်းကိုကြားသိရသော၊ အစားအသောက်တွင် လောလုပ္ပတဏှာ ရှိသော ရဟန်းတော် တပါးသည် သူလည်း ရဟန္တာ ဖြစ်အောင် သွားဦးမှပဲ ဆိုကာ မာတိကာမာတာ ဥပါသိကာမကြီးထံ သွားရောက်လေသည်။ ဥပါသိကာမကြီးထံ ရောက်ရှိပြီးနောက် နေရာ ဌာန သီတင်းသုံးရန် ခွင့်တောင်း၍ သီတင်းသုံး နေထိုင်စဉ် အနာဂါမ် ပုဂ္ဂိုလ် ဖြစ်နေသော ဥပါသိကာမကြီးက ထိုရဟန်းတော်သည် မည်သည့် အစားအစာ ကိုမှီဝဲလိုကြောင်း သူ့ ဉာဏ်ဖြင့် ကြိုတင်သိနေနှင့်သည်။

အချိုလိုကအချို၊ အချဉ်လိုကအချဉ် စသည်ဖြင့် ထုတ်ဖော်အလှူ မခံပဲ ဆက်ကပ်နေသဖြင့် ရဟန်းတော်မှာ အနေရ၊ အထိုင်ရ ကျပ်လာတော့သည်။ အနေရ၊ အထိုင်ရ ကျပ်လာသည်နှင့် ရဟန်းတော်မှာ တွေးလာသည်။ စဉ်းစားလာသည်။ မကြံသင့်၊ မကြံအပ်သည့် အကြံအစည်များကို ကြံစည်မိလျှင် ဥပါသိကာမကြီး သိမည်အမှန်ဖြစ်သည်။ ထိုသို့ ဥပါသိကာမကြီး သိသွားလျှင် ကိုးကွယ် ဆည်းကပ်တော့မည်မဟုတ်။ မကိုးကွယ်၊ မဆည်းကပ်သည်ထက် အရှက် ရမည်က ပိုဆိုးသည်။ ဤသို့ ရဟန်းတော် စဉ်းစား ဆင်ခြင်မိပြီးသည်နှင့် အစားအစာမှာ လုပ္ပတဏှာ ဖြစ်နေသည့် ရဟန်းတော်သည် သူ့စိတ်ကိုသူပြုပြင်၍ တရားကို ကြိုးစားအားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားတော့သည်။

ဆက်လက်၍ သာဓက တခု ထုတ်ဆောင်ပါဦးမည်။

လက်ညှိုးပေါင်း တထောင် ပြည့်အောင် တွေ့ရာ မြင်ရာ လူမှန်သမျှ လိုက်လံသတ်ဖြတ်နေသည့် ဟိံသကအမည်ရှိ အင်္ဂုလိမာလသည် လက်ညှိုးတထောင်ပြည့်ရန် တချောင်း အလိုတွင် "ယနေ့အဖို့ ငါ့အမိပဲဖြစ်စေ၊ ငါ့အဖပဲဖြစ်စေ၊ ငါ့ရဲ့ ညီအကိုမောင်နှမ ဆွေမျိုးသားချင်းထဲကပဲဖြစ်စေ မည်သူ့ကို တွေ့တွေ့၊ မည်သူ့ကိုမြင်မြင်၊ တွေ့ရာ၊ မြင်ရာ လူကို သတ်ပြီး လက်ညှိုးတထောင်ပြည့်အောင်ဖြည့်မည်" ဟု စဉ်းစားလျက်၊ ကြံစည်လျက် တွေးလျက်နေသည်။

ထိုအချိန်တွင် အင်္ဂုလိမာလ၏ မိခင်ကလည်း မင်းဘေး မင်းဒဏ် မသင့်အောင် ထွက်ပြေး တိမ်းရှောင်ဖို့ သူ့သားထံ

သွားရောက်၍ ပြောကြားမှ တော်မည်ဟု အကြံဖြစ်ပေါ်နေသည်။ ဤသည်ကို ဘုရားသခင်သည် ဉာဏ်တော်ဖြင့် သိတော်မူသည်။

ထိုသို့သိသည်နှင့် ဘုရားသခင်သည် အင်္ဂုလိမာလ ရှိရာသို့ ကြွလာတော်မူသည်။အင်္ဂုလိမာလလည်း ဘုရားသခင်ကိုမြင်သည်နှင့် သတ်ဖို့ လိုက်လေသည်။ သို့ရာတွင် ဘုရားသခင်၏ တန်ခိုးတော်ကြောင့် အင်္ဂုလိမာလသည် ဘုရားသခင်အား မှီအောင် မလိုက်နိုင်ပဲ မောဟိုက်ပန်းလျခြေကုန်လက်ပန်းကျကာ "ရဟန်းကြီး ရပ်လော့"ဟု မြည်လေသည်။

ထိုအခါ ဘုရားသခင်က "ချစ်သား၊ ငါဟာ ဘယ်ကိုမှ မပြေးဘူး၊ ရပ်လို့သာနေတယ်၊ သင်သာ ရပ်တည်ခြင်း မရှိပဲ အဟုန်ပြင်းစွာနဲ့ ပြေးနေတယ်မဟုတ်လား"

ထိုစကားကို ကြားသိရသော အင်္ဂုလိမာလသည် အဘယ့်ကြောင့် ဘုရားသခင်သည် ထိုစကားကို ပြောကြားဘိသနည်းဟု သိလိုသဖြင့် မေးမြန်းလျှောက်ထားရာမှ အကျွတ်တရား ရရှိပြီး ရဟန်းဘဝကို ရောက်ရှိသွားလေသည်။ ရဟန်းဘဝကို ရောက်ရှိပြီးနောက် ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်ရာ ရဟန္တာတဆူ ဖြစ်သွားရလေသည်။ ဤနေရာတွင် (အတ္တသမ္မာပဏိဓိ) မိမိကိုယ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် လူသတ်သမားဘဝမှ ရဟန္တာဘဝသို့ရောက်ရှိသွားရခြင်း၏ အကျိုးထူးများပင် ဖြစ်သည်။

ထို့ပြင် တိတ္ထိကြီးတို့၏ တပည့်တဦး ဖြစ်ခဲ့ဘူးသည့် ဥပါလိ သဌေးသည် မြတ်စွာဘုရားထံမှောက် သွားရောက်၍ တရား နာယူရာ မြတ်စွာဘုရားက ကံသုံးပါးတို့တွင် မနောကံသည် အကြီးဆုံးကံဖြစ်ကြောင်း ဟောပြောလိုက်သည့် တရားတော်ကို သဘောနှစ်ခြိုက်ပြီး သူ့စိတ်ကို ပြုပြင် ထိန်းသိမ်းလာနိုင်သည့် အတွက် မိစ္ဆာဒိဋ္ဌိ ဘဝမှ ကျွတ်၍ မထေရ်ကြီး တပါး ဖြစ်ခဲ့ ဘူးသည်။

ပုဂံခေတ်က ဖြစ်သည်။ ငယ်စဉ် ဘဝတွင် စာမသင်ခဲ့ပဲ အသက် ၆၀ ကျော်မှ မိမိသွားတိုက်ပြီး စွန့်ပစ်ထားသော ဒန်ပူ ပုံကြီးကိုမြင်တွေ့ကာ သံဝေဂရလာသော ရဟန်းတော် တပါး ရှိသည်။ ထိုရဟန်းသည် မိမိစိတ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး စာများကြိုးစားသင်အံလာခဲ့ရာမှ ဦးကျည်ပွေ့ ဟူသော အမည် ဖြင့် ထင်ရှားကျော်ကြားကာ မင်းဆရာ တဆူ ဖြစ်ခဲ့ဘူးသည်။

တော်လေးဝဝင် သောဘ္ဘိသေန မင်းသား၏ မိဖုရားကြီး သမ္ဘူလသည် နူနာရောဂါစွဲကပ်ပြီး တောထဲ ရောက်နေသော မင်းသားအပေါ်တွင် မိန်းမကောင်း၊ မိန်းမမြတ်တို့၏ ကျင့်ထုံးကို ရင်ဝယ်ပိုက်၍ သစ်သီးရှာဖွေကာ ရေပူရေချမ်းကမ်းလှမ်းလျက် ရှိသည်။

ထိုအချိန်တွင် တံခနောယက္ခ ဘီလူးသည် မိဖုရားကြီးအား သူနှင့် ပေါင်းဖက်ရန် ဖြားယောင်းသည်။ သားမယားကောင်း၏ အင်္ဂါနှင့်ညီသော မိဖုရားကြီးသည် ဘီလူး၏ သွေးဆောင်မှုသို့

မလိုက်ပါပဲ မိန်းမတို့ဣန္ဒြေကို ထိန်းသိမ်း စောင့်ရှောက်နိုင်သည့် အတွက် သိကြားမင်း၏ အကူအညီကို ရကာ သောတ္တိသေန မင်းသား၏ နူနာမှာ ပျောက်ကင်းချမ်းသာရာရပြီး ထီးနန်းကို ပြန်လည်စိုးစံရဘူးလေသည်။

မိမိကိုယ်ကို မိမိ ထိန်းသိမ်းပြုပြင်ခဲ့ကြသည့်အတွက် အထက် ဖော်ပြပါကဲ့သို့ အကျိုးထူးများ ခံစား၊ စံစားနိုင်စေရန် အတ္တ သမာ ပဏိဓိစ မင်္ဂလာတရားတော်ကို လိုက်နာကြပါ၊ ကျင့်သုံး ကြပါ၊ ယုယပိုက်ထွေးကြပါ ဟူ၍ တိုက်တွန်းရပေသည်။

# (၇) ဗာဟုသစ္စဉ္စ

ဗာဟုသစ္စဉ္စ ဟူသည် အကြားအမြင် ပြည့်ဝ ကုံလုံသဖြင့် မင်္ဂလာ ကုသိုလ်တရား တိုးပွား ရင့်ကျက်စေနိုင်သည် ဟူသော အဓိပ္ပာယ်ကို ဆောင်ပေသည်။

ဗာဟုသစ္စဉ္စ ဂါထာတွင် တက္ကသိုလ် လေးမျိုး ပေါင်းစပ် ပါဝင်ထားသည်။ (၁) ဗာဟုသစ္စဉ္စ တက္ကသိုလ် (၂) သိပ္ပဉ္စ တက္ကသိုလ် (၃) ဝိနယောစသုသိက္ခိတောတက္ကသိုလ် (၄) သုဘာသိတာစ ယာဝါစာ တက္ကသိုလ် ဟူ၍ ဖြစ်သည်။

လူသားတိုင်းသည် မိမိတို့ စွမ်းအားရှိသရွေ့ သင်ကြ၊ ကြားကြသော်လည်း ဗာဟုသစ္စဉ္စ ဂါထာတွင် ပါဝင်ထားသည့် တက္ကသိုလ် လေးမျိုး အဆင့်များအထိ ပေါက်ရောက်အောင် မသင်နိုင်၊ မကြားနိုင်ကြပဲ အချို့မှာ စာအသင့်အတင့် တတ်ရုံမျှနှင့်ပင် မိမိဘို့ ဘဝကို နိဂုံးချုပ်ခဲ့ကြရသည်ကို တွေ့ရှိရသည်။

အဘယ့်ကြောင့်• ထိုတက္ကသိုလ်များ အဆင့်အထိ ပေါက်မြောက်အောင် မသင်ကြား နိုင်ကြသနည်း။ စက်လေးပါးဖြင့် မပြည့်စုံ၍ဟုပင် အဖြေပေးရမည် ဖြစ်သည်။

စက်လေးပါး ဟူသည် (၁) သပ္ပုရိသူပ နိဿယစက် (၂) ပတိရူပဒေသဝါသောစက် (၃) ပုဗ္ဗေစ ကတပုညတာစက် (၄) အတ္တသမ္မာပဏိဓိစ စက်တို့ဖြစ်သည်။

ယင်းစက်လေးမျိုးအနက်....

(၁) သပ္ပုရိသူပနိဿယစက်သည်သူတော်ကောင်းဥစ္စာ ခုနစ်ပါးဖြင့် ပြည့်စုံပြီး ဝေနေယျသတ္တဝါ အများကို မေတ္တာစိတ်ပြဋ္ဌာန်းကာ ကောင်းရာကောင်းကြောင်းတို့ကို ဆုံးမ ဟောညွှန်ပြသတတ်သည့် ပညာရှိ သူတော်ကောင်းများ စုဝေးရာဌာန။

(၂) ပတိရူပဒေသဝါသောစ စက်သည် စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေး ကိစ္စရပ်များတွင် ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက်၊ ဝဝလင်လင်၊ ကြည်ကြည်သာသာ၊ မကြောင့်မကြ ပြည့်ဝလှသည့် အရပ်။

(၃) ပုဗ္ဗေစ ကဘာပုညတာစက် သည် ရှေးဘုန်းရှေးကံရှိပြီး ဉာဏ်ပညာ၊ ဇွဲလုံ့လ ဝီရိယရှိခြင်း။

(၄) အတ္တသမ္မာ ပဏိဓိစ စက်သည် မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ပေးနိုင်သော အသိအလိမ္မာ သဒ္ဓါတရားတို့ဖြင့် ပြည့်စုံသော စက်တို့ ဖြစ်သည်။

ထိုမှ ဗာဟုသစ္စဥ္စမင်္ဂလာတွင် အကြားနှင့်အမြင်ဟူ၍ နှစ်မျိုးရှိလာပြန်သည်။ အကြားအမြင်တွင် (၁) လောကီ အကြားအမြင်နှင့် (၂) လောကုတ္တရာအကြားအမြင်ဟူ၍ နှစ်မျိုးနှစ်စားကွဲပြားသွားပြန်သည်။

လောကီ ဗဟုသုတ အကြားအမြင်သည် အပြစ်ကင်းစွာ အသက်မွေး ဝမ်းကျောင်းနိုင်မည့် အတတ်ပညာများ ဖြစ်သည်။ ထွန်ယက်စိုက်ပျိုးရေး အတတ်၊ ရောင်းဝယ် ဖောက်ကားရေး

အတတ်၊ စီမံအုပ်ချုပ်ရေး အတတ်၊ ဆက်သွယ်ရေး အတတ်၊ စက်မှုလုပ်ငန်း အတတ်၊ လမ်းပန်း ဖောက်လုပ်ရေး အတတ်၊ ဖြန့်ချီရေး အတတ်၊ သင်္ချိုင်းဂိုချရေး အတတ်၊ ဆောက်လုပ်ရေး အတတ်၊ သွားလာနေထိုင်ရေး အတတ်၊ စားသောက်နေထိုင်ရေး အတတ်၊ ပေါင်းသင်း ဆက်ဆံရေး အတတ်၊ တူးဖော်ရေး အတတ်၊ ကျန်းမာသန်းစွမ်းအောင် ပြုလုပ်ရေး အတတ် စသည့် လူမှုရေးရာ အဖြာဖြာ အတတ်ပညာများတွင် အကြားအမြင် ဗဟုသုတ ကြွယ်ဝထားဖို့ လိုသည်။

လောကုတ္တရာ အကြားအမြင် ဗဟုသုတသည် သံသရာဝဋ် ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် စွမ်းဆောင် နိုင်မည့် ဒါန၊ သီလ၊ ဘာဝနာ စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ် နိုင်မည့် လောကုတ္တရာ အကြားအမြင် ဗဟုသုတ အသိဉာဏ် များ ရရှိဖို့လိုသည်။ ထိုသို့ ရရှိပြီးနောက် မဂ်ရရာရကြောင်း၊ ဖိုလ်ရရာရကြောင်း ပရိယတ်၊ ပဋိပတ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည့် ကျမ်းဂန်များကိုပါ သိနားလည်ပြီး ကျင့်ကြံအားထုတ် နိုင်အောင် အသိ၊ အလိမ္မာ ဉာဏ်ပညာ ဗဟုသုတ တို့ဖြင့် ပြည့်ဝ နေရမည် ဖြစ်သည်။

ဤသို့ လောကီ၊ လောကုတ္တရာ ဗဟုသုတနှစ်မျိုးတွင် လောကီ ဗဟုသုတဘို့ဖြင့် ကြွယ်ဝပြည့်စုံသည့် ပုဂ္ဂိုလ်တို့အနက် ဝန်ဇင်း ဘိုးရာဇာ အကြောင်းကို ထုတ်နှုတ် တင်ပြလိုပါသည်။

ဘုရင် မင်းကြီးစွာစော်ကဲသည် အင်းဝထီးနန်းကိုသိမ်းပိုက် အုပ်ချုပ်စိုးစံစဉ်က ဖြစ်သည်။ ထိုအချိန်တွင် မိတ္ထိလာမြို့ ဝန်ဇင်း ရွာသား လယ်သမား မောင်ညိုသည် စာတို၊ စာပေ၊ ရာဇဝင်၊ မဟာဝင်၊ သမိုင်း၊ နိပါတ် စသည့် ကျမ်းများကို လေ့လာဆည်း

ပူးရုံမျှဖြင့် အားမရ တင်းမတိမ်နိုင်ပဲ ငယ်စဉ် ကလေးဘဝမှ စ၍ လူကြီးများ ပြောသမျှ၊ ဆိုဆုံးမသမျှ၊ ဗဟုသုတများကို အမြဲ မှတ်သားလေ့ရှိသည်။

တနေ့သောအခါ မင်းကြီးစွာစော်ကဲသည် မိတ္ထိလာကန် တော်ကြီးရှိရာသို့ ကြွလာတော်မူသည်။ ကန်တော်သို့ ရောက်ရှိ ပြီးနောက် ကန်ဘောင်ပေါ်ရှိ အနော်ရထာမင်း ထုလုပ်ထားခဲ့ သော မိန်းမအရုပ်တခုကိုတွေ့ရှိမေးမြန်းရာ မည်သူမှ ကောင်းစွာ ဖြေဆိုနိုင်စွမ်း မရှိကြပေ။ ဤအကြောင်းကို ကြားသိရသော လယ်သမား မောင်ညိုသည် မင်းကြီးထံ သွားရောက်၍ မိန်းမ ရုပ်၏အတ္ထုပ္ပတ္တိကို သေသေချာချာ ဂဃဏန တင်ပြရှင်းလင်း လျှောက်ထားသည်တွင် ဝန်ဇင်းဘိုးရာဇာအမည်ဖြင့် သက်တော် ရှည်အမတ်ကြီး ရာထူးကို ရရှိခံစားဘူးသည်။

လယ်သမားဘဝမှ နိုင်ငံ၏ အမြင့်ဆုံး၊ အကြီးဆုံးသော သက်တော်ရှည် အမတ်ကြီးရာထူးကို ရရှိခံစားနိုင်မှုအပေါ် ပြန်လည် ဆန်းစစ်၊ ဝေဖန် သုံးသပ်လျှင် မောင်ညိုသည် ငယ်စဉ် အကလေး ဘဝမှစ၍ လူကြီးများ စကားလက်ဆုံကျ သည့် နေရာတိုင်းသို့ သွားသည်။ ချဉ်းကပ်သည်။ ပြောသမျှ ဆိုသမျှ၊စကားများကို မှတ်သည်၊ သားသည်။ လေ့လာသည်။

ဤသို့မှတ်၍၊ သား၍၊လေ့လာ၍ ဗဟုသုတကြွယ်ဝလာသော၊ ကုံလုံလာသော မောင်ညိုသည် အများသူငါ မဖြေဆိုနိုင် တွေးမှိုင်ရသော ကန်ဘောင်ရိုးပေါ်မှ မိန်းမရုပ်အကြောင်းကို ဝံ့ဝံ့ရဲရဲ၊ ဘိတိပပ ဖြေဆိုနိုင်ခြင်း ဖြစ်လည်း။

ဤကားမဝေးသေးသော အတိတ်ဆီက လောကီရေးရာဗဟု သုတ ပြည့်စုံမှုကြောင့် ခံစားရသည့် သာဓက တခုပင်ဖြစ်သည်။

လောကုတ္တရာရေးရာနှင့် ပတ်သက်၍ ဝတ္ထုသာဓက တခုကိုလည်း တင်ပြပါဦးမည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အချိန်ကဖြစ်သည်။ လက်ယာရံဖြစ်သော အရှင်သာရိပုတ္တရာနှင့် လက်ဝဲရံဖြစ်သော အရှင်မောဂ္ဂလာန်တို့ကဲ့သို့ အရှင်အာနန္ဒာမထေရ်မြတ်သည်လည်း ပုဂ္ဂိုလ်ထူး တဆူဖြစ်သည်။

အရှင်အာနန္ဒာ မထေရ်မြတ်သည် တရားတော်ကို ရည်စူး၍ လှူဒါန်းသည့် အဖိုးတထောင်တန် သင်္ကန်းကို ရရှိပိုင်ဆိုင်ခဲ့သည့် အပြင် ဗဟုသုတ အမှတ်အသားအရာတွင် ပြည့်စုံ၊ ကုံလုံ၊ ကြွယ်ဝမှုကြောင့် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင် ပြီးသော်လည်း မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော သုတ္တန်တရားတော်မြတ်များကို ၏-သည်မရွေ့ ပြန်လည်၍ ဟောပြောနိုင်စွမ်း ရှိခဲ့သည်။ ဤသို့ ဟောပြောနိုင်စွမ်း ရှိခဲ့သဖြင့် ဗုဒ္ဓဝါဒီ အပေါင်းတို့မှာ အရှင်အာနန္ဒာမှ တဆင့် ဟောကြားတော်မူခဲ့သော သုတ္တန် တရားတော်မြတ်များကို ယနေ့သို့တိုင် ဖတ်ရှုလေ့လာ၊ မှတ်သား ကျင့်ကြံ နိုင်ခဲ့ကြသည်မှာ မျက်ဝါးထင်ထင်ပင် ဖြစ်သည်။

အရှင်အာနန္ဒာ မထေရ်မြတ်သည် ဘုရားသခင် သက်တော်ထင်ရှားရှိစဉ်က သောတာပန်အဆင့်မျှသာ ရရှိထားသော်လည်း ပထမသင်္ဂါယနာပွဲတော် နီးကပ်လာချိန်တွင် ရဟန်းတရားတော်ကို တညလုံးမအိပ်မနေ ဇွဲလုံ့လတို့ဖြင့် ကြိုးစားအားထုတ်ခဲ့ရာတွင် ပဋိသမ္ဘိဒါပတ္တ အဂ္ဂဒကိ္ခဏေယျ ရဟန္တာကြီး ဖြစ်ပြီး ရဟန္တာပေါင်း တထောင်နှင့်အတူ သင်္ဂါယနာပွဲကိုပါဝင်ဆင်နွှဲနိုင်ခဲ့သည်မှာ အတုယူစရာ၊ နည်းမှီးစရာပင် ဖြစ်သည်။

ဆက်လက်၍ ဟိရိနှင့် သြတ္တပ္ပဟု ဆိုအပ်သည့် ကိုယ်ကျင့်တရားကို အခြေခံသော ဝတ္ထုတပုဒ်ကို ရှုပါဦး။

ရှေးအခါက စန္ဒကုမာရနှင့် သုဝဏ္ဏကုမာရ အမည်ရှိ မင်းသားနှစ်ပါးရှိကြသည်။ တနေ့သောအခါ မင်းသားနှစ်ပါးသည် ကံအားလျော်စွာ အသားစား ဘီလူးများနှင့် တွေ့ကြုံဆုံမိကြသည်။ ဤတွင် အသားစား ဘီလူးတို့က နတ်များနှစ်သက်သည့် "ဒေဝဓမ္မ" တရားနှစ်ပါးဟူသည် အဘယ်နည်းဟု အမေးပုစ္ဆာ ထုတ်လာကြသည်။

ဘီလူးများမေးလှာသည့် အမေးပုစ္ဆာကို မင်းသားနှစ်ပါးခမျာ မဖြေနိုင် လက်မှိုင်ချ၍သာ နေရသည်။ ဘီလူးတို့ကလည်း အသင် မင်းသားနှစ်ပါးသည် အကျွန်ုပ်တို့ မေးသောမေးခွန်းကို မဖြေနိုင်သူများ ဖြစ်ကြသည်။ ထို့ကြောင့် အကျွန်ုပ်တို့၏ အစာအဖြစ် စားရတော့မည်။ ဝါးရတော့မည်ဟု ပြုံခိုက်ကံကောင်း ထောက်မပြီး အစ်ကိုကြီးဖြစ်သူ သူရိယကုမာရ မင်းသား ရောက်ရှိလာသည်။

ဤတွင် ညီတော်များက နောင်တော်အား ဖြစ်ကြောင်းရယ်ကုန်စင်ကို တင်ပြကြရာ သူရိယကုမာရမင်းသားက "ဒေဝဓမ္မ" တရားနှစ်ပါးဆိုသည်မှာ အခြားမဟုတ်ပါ။ လူသားတိုင်းအဖို့ လိုအပ်သည့် ကိုယ့်ကျင့်တရားပင် ဖြစ်သည်ဟု ဘီလူးများအား ဖြေနိုင်ခဲ့သဖြင့် အသက်ဘေးမှ ချမ်းသာလွတ်မြောက်ခဲ့ဘူးသည်။

ထို့ကြောင့် လူသားတိုင်းသည် ဗဟုဿုတမင်္ဂလာဖြင့်ပြည့်စုံလာနိုင်အောင် လောကီ ဗဟုသုတ အကြားအမြင်များနှင့်တကွ လောကုတ္တရာ ဗဟုသုတ အကြားအမြင်များကိုပါ ရှာမှီး၊ဆည်းပူး၊ကျင့်ကြံကြဖို့ အထူး လိုအပ်လှသည်။

## (၈) သိပ္ပဉ္စ

သိပ္ပဉ္စ မင်္ဂလာသည် အပြစ်ကင်းသော စက်မှုပညာအတတ်၊ လက်မှု ပညာအတတ်စသည့် အတတ်ပညာရပ်များကို တတ်ထားကြရမည်။ သိနားလည်ထားရမည်ဟု အဓိပ္ပာယ် ဖော်ဆောင်ထားခြင်း ဖြစ်သည်။

လယ်၊ ယာ၊ ဥယျာဉ်၊ ခြံ၊ မြေတို့နှင့် ပတ်သက်၍ စိုက်ပျိုးရေးအတတ်၊ ကူးသန်းရောင်းဝယ်ရေးအတတ်၊ ဇာထိုး၊ ပန်းထိုး၊ ယက်ကန်းနှင့် ကျောက်သွေး အတတ်၊ ပန်းပဲ၊ ပန်းပု၊ ပန်းရန်၊ ပန်းတိမ်၊ ပန်းချီ၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းတင်း၊ ပန်းတော့၊ ပန်းတမော့ စသည့် ပိသုကာအတတ်၊ ဆေးဝါး ကုသရေး၊

ထုတ်လုပ်ရေးအတတ်၊ သစ်တောအတတ်၊ ရာဇသတ်၊ ဓမ္မသတ်၊ ကဗျာ၊ လက်ာအတတ် စသည့် အင်္ဂါရသ အတတ်များသာ မက စက်မှု အင်ဂျင်နီယာ အတတ်နှင့်တကွ ယနေ့ တိုးတက်နေသော သိပ္ပံပညာရပ် အတတ်များ တတ်မြောက်ထားသည်ကို သိပ္ပဉ္စအတတ်ဟု ဆိုရမည် ဖြစ်သည်။

သို့ရာတွင် အကုသိုလ်ဖြစ်စေမည့်၊ ဖြစ်စေနိုင်သည့် သားငါး၊ တိရစ္ဆာန် မွေးမြူရေးနှင့် အလေးစဉ်းလဲ၊ တောင်းစဉ်းလဲ၊အမြတ်ကြီးစား၊ ခေါင်းပုံဖြတ်၊လုယက်တိုက်ခိုက်၊ လှီးဖြတ်၊ လိမ်လည်လှည့်ဖြား ခိုးယူစသည့် အတတ်မျိုးများမှာမူ သိပ္ပဉ္စ မင်္ဂလာတွင် အကြုံးမဝင်ဟု ဆိုရမည် ဖြစ်သည်။

သတ္တဝါတို့၏ အသက်၊ အိုးအိမ် စည်းစိမ်ကို ချေမှုန်းမည့် ဓား၊ လှံ၊ သေနတ် လက်နက်ပစ္စည်း အမျိုးမျိုးမှအစ အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး စသည့် အတတ်ပညာမျိုးများသည် လောက၏ အပြစ်၊ သံသရာ၏အပြစ်တို့နှင့် မကင်းကြသဖြင့် သိပ္ပဉ္စမင်္ဂလာဟု ခေါ်ဆိုထိုက်ရန် ခဲယဉ်းလှသည်။

လူ့လောက ဇာတ်ခုံပေါ်တွင် ကပြကြရန် ဖုဝေးရောက်ရှိလာကြသော လူသားတို့အဖို့ မိမိတို့၏ ဘဝရှင်သန်ရေး တိုးတက်ရေးတို့အတွက် တခုပညာ ကိုယ်စီပါကြရမည် ဖြစ်သည်။ မှန်၏။ အချို့တို့သည် မိမိတို့၏ အတတ်ပညာဖြင့် သက်တောင့် သက်သာ ရှာဖွေနိုင်ကြ၏။အချို့တို့မှာမူ တခက်တခဲ တပင်တပန်း ရုန်းကန်လှုပ်ရှားပြီး မသက်မသာ ရှာဖွေကြရသည်။

ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင်၊ ခြေရေ မစွတ်၊ လက်ရေ မစွတ် ရှာနိုင်ဖွေနိုင်သူများ ရှိသကဲ့သို့ နဖူးက ချွေး

မြေမ ကျအောင်၊ ကျောပူမှ ဝမ်းအေးအောင် ရှာရဖွေရသူများ လည်း ရှိသည်။

လူချင်းတူလျက် ရှာမှုဖွေမှု၌ ကွာဟရသည်မှာ သိပ္ပမင်္ဂလာကို တန်ဖိုးမထား အလေးမပြု၍ပင် ဖြစ်သည်။ပညာသင်ချိန် ငယ်စဉ်ဘဝက တခုပညာ ကိုယ်စီပါရန် သင်ကြားရမည့် အတတ်ပညာများကို မထေမဲ့မြင် ဂရုမပြု မသင်ကြားခဲ့ကြသဖြင့် ပင်ပန်းကြီးစွာ ဆင်းရဲကာဖြင့် တဝမ်းတခါးကျောင်းနေကြရခြင်း ဖြစ်သည်။

စက်မှုလက်မှု အတတ်ပညာ ကျွမ်းကျင်လိမ္မာစွာ တတ်ပွန်ခဲ့သဖြင့် အသတ်ခံရမည့်ဘေးမှလွတ်မြောက်လာခဲ့ရသော သာဓကတခုကို တင်ပြပါမည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရတွင် အဇာတသတ်၊အဘယကုမာရနှင့် ဗောဓိ ဟူ၍ သားတော်များရှိသည်။သားတော်များကို ဘုရင်ဗိမ္ဗိသာရသည် ပြာသာဒ်ပေါက်သည့် အိမ်တော်များဖြင့် အသီးသီး စိုးစံနေထိုင်စေသည်။

ယင်းသို့သော အိမ်တော်များဖြင့် စိုးစံနေရ သော်လည်း အားမရ မတင်းတိမ်နိုင်ရှာသော ဗောဓိမင်းသားသည် မင်းတကာတို့ မတုပနိုင်သော၊ ကမ္ဘာတွင် အလှဆုံး အပဆုံး ဖြစ်သော ကောကနဒ ပြာသာဒ်တဆောင်ကို လက်သမား အရာတွင် ထိပ်တန်း အကျဆုံး၊ လက်ရာအမြောက်ဆုံးတတ်ပွန်သည့် ကဋ္ဌဝါဟနအမည်ရှိ လက်သမားဆရာကြီးကို ခေါ်ယူ၍ မင်းသားစိတ်ကြိုက် တည်ဆောက်စေခဲ့သည်။

အလွန်ခန့်ညားလှပရှုမောဖွယ်ရာဖြစ်သော ပြာသာဒ်ဆောက် လုပ်၍ ပြီးခါနီးတွင် ဗောဓိမင်းသားသည် အကြံတခု ဖြစ်ပေါ် လာခဲ့သည်။ ဤကဲ့သို့သော ပြာသာဒ်မျိုး အခြားမင်းသားများ မရရှိနိုင်စေရန် လက်သမားဆရာကြီးကို သတ်ပစ်မှကောင်းမည်။ ဗောဓိမင်းသားသည် ဤသို့ တွေးပြီးနောက် သဉ္ဇိကာပုတ္တ အမည်ရှိ မိတ်ဆွေတဦးအား ဖွင့်ဟတိုင်ပင်လေသည်။

သဉ္ဇိကာပုတ္တက ပညာရှိတဦးကို မသတ်ပစ်ထိုက်ကြောင်း အတန်တန် တောင်းပန်သည်။ တောင်းပန်၍ ရရှိရန် လမ်းစ မမြင်သည့်အဆုံး သဉ္ဇိကာပုတ္တသည် ဆရာကြီးထံ အပြေးအလွှား သွားရောက်၍ ဖွင့်ဟ သတိပေးလေသည်။

ဤတွင် ဆရာကြီးက ပြာသာဒ်ကိုအပြီးမသတ်သေးပဲ ပြောင် မြောက်သော၊ ကြွရှနေသော၊ နူးညံ့သော ပန်းများ ထုလုပ်ရန် ကျန်ရှိနေပါသေးသဖြင့် မိမိ၏ သားမယား ထမင်းပို့လာသည်မှ အပ အခြားသူ တဦးတယောက်ကိုမျှ အလုပ်ခွင်သို့ မလာရောက် စေရန် တားမြစ်ပေးပါမည့်အကြောင်း မင်းသားအား လျှောက် ထား အခွင့်တောင်းရာ မင်းသားက ဆရာကြီး၏ အကြံကို မရိပ် မိပဲ လိုက်လျောခွင့်ပြုလိုက်လေသည်။

လက်သမားဆရာကြီးသည် တံခါးကို အလုံပိတ်၍ တပည့် များနှင့် အတူ အလွန် ထူးဆန်းအံ့သြဖွယ်ရာ ကောင်းလှသည့် "ဂဠုန်ရုပ် ယာဉ်ပျံ" တခုကို အမြန် ပြီးမြောက်အောင် တည် ဆောက်လေသည်။

ဆရာကြီး၏ ဇနီး ထမင်းလာပို့သောအခါ ရှိပစ္စည်းများကို ထုခွဲရောင်းချပြီး သားသမီးများနှင့် ရွှေ ငွေ ရတနာတို့ကို ယူ၍ မည်သည့် နေ့ရက်တွင် လိုက်လာခဲ့ကြဟု မှာကြားလေသည်။ "ပညာ၏ တန်ဖိုးကို မသိနားမလည်ပဲ အကြံပက်စက် ဆန်ကော လောက်မှ စောက်မနက် မိုက်မဲလှသည့် မင်းသား၊ ငါ၏ အစွမ်း သတ္တိကို မကြာခင် သင် သိစေရမယ်"ဟု တကိုယ်တည်း တီးတိုး ကြိမ်းဝါးကာ ပြာသာဒ်ကို အပြီးမသတ်သေးပဲ တည်နေဟန်၊ ဆောက်နေဟန် ဟန်ဆောင်၍ နေခဲ့သည်။

ဆရာကြီး၏ ဇနီးနှင့် သားသမီးများသည် ချိန်းဆိုထားသည့် နေ့ရက်သို့ရောက်သောအခါ အစုံအလင် ရောက်ရှိလာလေသည်။ ဇနီးနှင့် သားသမီးများ ရောက်ရှိလာပြီးနောက် ဆရာကြီးသည် သူတည်ဆောက်ထားသော ဂဠုန်ရုပ်ယာဉ်ပျံကြီးဖြင့် ခုနစ်ဆင့်ရှိ ပြာသာဒ် လေသာပြတင်းပေါက်မှနေ၍ ကောင်းကင်သို့ ပျံတက် သွားလေသည်။

ကောင်းကင်သို့ ပျံတက်သည့် ဂဠုန်ရုပ်ယာဉ်ပျံ၏ အသံသည် မိုးခြိမ်းသကဲ့သို့ မြည်ဟည်းကျယ်လောင်လှသဖြင့် မင်းသားအပါ အဝင် မြို့လူထုတရပ်လုံး ထွက်ကြည့်ကြလေသည်။ ယခုကဲ့သို့ ဆရာကြီး ဂဠုန်ရုပ်ယာဉ်ပျံဖြင့် ထွက်သွားသည်ကို သိသော မင်းသားမှာ ယူကြုံးမရ တုန်လှုပ်ချောက်ချားသော စိတ်ဖြင့် ယာဉ်ပျံသို့မော့ကြည့်ခိုက် ဆရာကြီးက ဂဠုန်ရုပ်ယာဉ်ပျံပေါ်မှ အောက်သို့ငုံ့ကြည့်ပြီး "အရှင်မင်းသား၊ ကျွန်ုပ် လက်စ မသိမ်း သေးတဲ့ ဤပြာသာဒ်ကြီးနဲ့ပဲ ပျော်မွေ့ စံနေရစ်တော်မူပါ၊

ကျွန်ုပ်ကိုလဲ အရှင်မင်းသား မသတ်နိုင်တော့ပါဘူး၊ ပညာရှဲ တန်ဖိုးကြီးမားပုံကို အရှင်မင်းသား ယခု သိရပြီ မဟုတ်ပါလား" ဆရာကြီးသည် ပြောပြောဆိုဆို ယာဉ်ပျံဖြင့် ဟိမဝန္တာတောင်သို့ ရှေးရှု ထွက်ခွာသွားလေသည်။

ထို့နောက် ဟိမဝန္တာ တောင်ခြေတခုတွင် ဆင်းသက်ပြီး ကဋ္ဌဝါဟနတိုင်းဟု သမုတ်ကာ တိုင်းသစ်ပြည်သစ် ထူထောင်ကာ ကဋ္ဌဝါဟနအမည်ဖြင့် မင်းလုပ် စိုးစံလေသည်။

ထို့ကြောင့် အပြစ်ကင်းသော စက်မှု၊လက်မှု၊နှုတ်မှု စသည့် သိပ္ပံအတတ်ပညာများကို တန်ဖိုးထား၍ တခုပညာ ကိုယ်စီပါကြ ရအောင်၊ သိပ္ပဋ္ဌမင်္ဂလာကို ငယ်စဉ်မှစပြီး ပြည့်စုံအောင်၊ ကုံလုံ အောင်၊ ကြွယ်ဝအောင် ရှာမှီးကြဖို့ တင်ပြရပါသည်။

## (၉) ဝိနယောစ သုသိက္ခိတော

ဝိနယောစ သုသိက္ခိတော မင်္ဂလာသည် ဝိနယ=ကိုယ်ကျင့်၊ ဝိနည်းတရား၊ သု=ကောင်းသည်၊ သိက္ခိတ=သင်ရမည်။ ကိုယ်ကျင့် ဝိနည်းတရားများကို ကောင်းစွာ သင်ရမည်၊ ကြားရမည် ဟူ၍ ဖြစ်သည်။

ဝိနည်း သို့မဟုတ် ကိုယ်ကျင့်တရားတွင် (၁) လူသားတို့ ကျင့်ကြံအားထုတ်ရမည့် လူ့ကိုယ်ကျင့်တရားနှင့် (၂) ရဟန်းတော်များ ကျင့်ကြံအားထုတ်ရမည့် ၂၂၇ သွယ်သော ဝိနည်းသိက္ခာ(အကျယ်အားဖြင့် ကုဋေ ၉၀၀၀ ကျော်) ဟူ၍ နှစ်မျိုး ကွဲပြားလျက် ရှိသည်။

မည်သို့ပင် ခြားနားသတ်မှတ်စေကာမူ ကိုယ်ကျင့်ဝိနည်းသည် လူသားတို့ယဉ်ကျေးလာအောင်၊ သိမ်မွေ့လာအောင်၊ငြိမ်သက်လာအောင်၊ တည်ကြည်မှု ရရှိလာအောင်၊ လူ့ အဖိုးတန် တယောက် ဖြစ်လာအောင်နှင့် တရားထူး တရားမြတ်များ ရရှိလာအောင် သတ်မှတ်ချက်ဘောင်ဖြင့် ပြုပြင်ပို့ဆောင် သွန်သင်သော တရားစည်းမျဉ်း ဥပဒေများပင် ဖြစ်သည်။

လူသားတို့ ကျင့်ကြံအားထုတ်ရမည့် လူ့ကိုယ်ကျင့်တရားတွင် ဒုစရိုက် ၁၀ ပါးကို ရှောင်ကြဉ်ပါ။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံလုံခြုံအောင် ထိန်းသိမ်းပါ။ ဂ ပါး၊ ၉ ပါး၊ ၁၀ ပါး သီလများနှင့် အာဇီဝဋ္ဌမက သီလ စသည်တို့ကိုလည်း တတ်စွမ်းသရွေ့ စောင့်ထိန်းပါ။သုစရိုက်တရား ၁၀ ပါးကိုလည်း ပြုကျင့်အားထုတ်ပါ။ မိဖဝတ် ၅ ပါး၊ သားသမီးဝတ် ၅ ပါး၊ ဆရာဝတ် ၅ ပါး၊ တပည့်ဝတ် ၅ ပါး၊ လင့်ဝတ် ၅ ပါး၊ မယားဝတ် ၅ ပါး၊ အရှင်ဝတ် ၅ ပါး၊ ကျွန်ဝတ် ၅ ပါး၊ ခေါင်းဆောင်ဝတ် ၅ ပါးနှင့် နောက်လိုက်ဝတ်စသည့် ဆိုင်ရာ ဆိုင်ရာ လူ့ကိုယ်ကျင့်တရားများကို လိုက်နာကျင့်သုံးရန် သတ်မှတ်ထားပေသည်။

အလားတူပင် ရဟန်းတော်များ ကျင့်ကြံ အားထုတ်ရမည့် ဝိနည်းတွင် ဘိက္ခုပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ၊ စတုပါရိသုဒ္ဓိသီလနှင့် ဓုတင် ၁၃ ပါး တို့ကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်ပါ။ ဂန္ထဓုရ၊ ဝိပဿနာဓုရ စသည့် အကျင့်မြတ်များကို ကျင့်ကြံကြပါ ဟူ၍ ပြဋ္ဌာန်းထားပေသည်။

သတ်မှတ်ထားသည့် လူ့ကျင့်ဝတ် ပြဋ္ဌာန်းထားသည့် ရဟန်းကျင့်ဝတ် စသည့် အကျင့်မြတ်များကို မကျင့်ကြံ၊ အားမထုတ်၊ မစောင့်ရှောက်၊ မထိန်းသိမ်းလျှင် အောက်သံသရာဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံတို့တွင် ဆင်းရဲ ပင်ပန်းကြီးစွာဖြင့် သံသရာ ရေယဉ်ကြောဝယ် မျောချင်တိုင်း မျောပါနေကြမည်သာ ဖြစ်သည်။

မြင့်သော၊ မြတ်သော ထိုထိုသော ဆိုင်ရာ ဆိုင်ရာကျင့်ဝတ် ဝိနည်းများကို လိုက်နာ ထိန်းသိမ်း အားထုတ် ကျင့်ကြံကြမည်ဆိုလျှင် လူ့ဘုံတွင် အကျိုးထူးများခံစားရပြီး နတ်ရွာ၊ နိဗ္ဗာန်သို့ လားနိုင်ပုံကို သာဓကဝတ္ထုတပုဒ် တင်ပြလိုပေသည်။

မိတ္ထိလာပြည်ကြီးတွင် ထီးနန်းစိုက်ထူ၍ အုပ်ချုပ် စိုးမိုးမင်းပြုလုပ်ခဲ့သော ဘုရင်သာဓိနသည် မင်းကျင့်တရား ၁၀ ပါးဖြင့် ပြည့်စုံသည်။ ငါးပါးသီလကိုလည်း ခါးဝတ် ပုဆိုးကဲ့သို့ မြဲခဲ့သလို တိုင်းသူပြည်သား လူအများတို့အားလည်း လိုက်နာကျင့်သုံးအောင်၊ မြဲမြံအောင် ဟောပြော ဆုံးမ တိုက်တွန်းနှိုးဆော်ခဲ့သည်။

ထိုသို့ ဘုရင့်ရှေ တိုင်းသူပြည်သား လူအများပါ သီလမြဲခဲ့၊ ခိုင်ကျည်ခဲ့ကြသဖြင့် သူခိုး၊ ဒမြ၊ ဆူပူ သောင်းကျန်းရန်မှ ကင်းငြိမ်းခဲ့သည်။ တိုင်းပြည် အေးချမ်းသာယာမှုကြောင့် ဆန်ရေ စပါး ပေါလျှံခဲ့ပါသည်။

ဘုရင် သာဓိနမင်းကြီးသည် လူ့လောကတွင် အကျိုးထူးများ ခံစားရသည်သာမက လူအဖြစ်ဖြင့် နတ်ပြည်တွင် အနှစ် ၇၀၀ တိုင်တိုင် နတ်တို့၏စည်းစိမ်ကိုပါ ခံစားရသည်။

နတ်စည်းစိမ်များကို စံစားပြီးနောက် လူ့ပြည်သို့ပြန်ရောက်လာသောအခါ မင်းနှည်းစိမ်ကို မခံစားတော့ပဲ တောထွက်၍ တရားကျင့်ယင်း နတ်ရွာစံသည့် အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရှိပြီး နတ်တို့၏ စည်းစိမ်ကိုခံစားရပြန်သည်။

ထို့ကြောင့် လူတိုင်း လူတိုင်းသည် ဝိနယောစသုသိက္ခိတ ဝိနည်း တရားတော်မြတ်ကို မပျင်းမရိ အလေးအနက်ထား၍ စနစ်တကျ ကြိုးစားအားထုတ်သွားကြမည်ဆိုလျှင် (၁) တပါးသူတို့၏ ယုံကြည်မှု၊ လေးစားမှုများကို ရရှိ ခံစားနိုင်သည်။ (၂) မျက်နှာ ပွင့်လန်းနိုင်သည်။ (၃) လူသူတော်ကောင်း၊ နတ်သူတော်ကောင်းတို့၏ ချီးပမှုကို ရရှိနိုင်သည်။ (၄) သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိ အမှန် ရောက်နိုင်သည်။ (၅) ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူပြီးကုန်ကြသော ဘုရားရှင်အပေါင်းတို့နှင့် တကွ အရိယာသူမြတ်တို့ စံပျော်ရာဖြစ်သည့် နိဗ္ဗာန်ရွှေပြည်မြတ်သို့ ရောက်ရှိစေနိုင်သည့် အကျိုးထူးများ ခံစားနိုင်ပေသည်။

## (၁၀) သုဘာသိတာစယာဝါစာ

သုဘာသိတာစယာဝါစာ မင်္ဂလာသည်(သု=ကောင်းသော၊ ဘာသိတာ=ပြောဆိုခြင်း၊ ဝါစာ=စကား)ကောင်းသောစကားကို ပြောကြပါ၊ ဆိုကြပါဟူ၍ ညွှန်းပြထားခြင်းဖြစ်သည်။

မည်သည့်စကားကို ကောင်းသောစကားဟု ခေါ်ဆိုပါမည်နည်း။ ရှင်းပါမည်။

စကားအရာ အင်္ဂါလေးဖြာဖြင့် ပြီးပြည့်စုံမှသာလျှင် ကောင်းသောစကား ဖြစ်နိုင်ပါသည်။ သုဘာသိတ၊ ပိယဝါစာ၊ သစ္စာ ဓမ္မ၊ ဤလေးဝ၊ မှတ်ကြပဏ္ဍိတ ဟူ၍ စပ်ဆိုထားသည်နှင့်အညီ (၁) သုဘာသိတဝါစာ စကား (၂) ပိယဝါစာ စကား

(၃) သစ္စဝါစာစကားနှင့် (၄) ဥတ္တမဝါစာစကားတို့မှာ စကား အရာ အင်္ဂါလေးဖြာပင် ဖြစ်သည်။

ယင်း အင်္ဂါလေးရပ်အနက်—

(၁) သုဘာသိတဝါစာစကားသည် အပြေအပြစ်၊ အညင် အသာ၊ ကြည်သာ ရွှင်ပျသည့် စိတ်ထားဖြင့် မိမိအဖို့လည်း အပြစ်ကင်းစေ၊ သူတပါးအဖို့လည်း အကျိုး များစေသော မွန် မြတ်သည့် စကားမျိုး ဖြစ်သည်။

(၂) ပိယဝါစာ စကားသည် မေတ္တာတရားကို အခြေခံ၍ ချစ်ခင်ကြင်နာ ပျော်ရွှင်နှစ်သက်ဖွယ်ဆိုသော စကားဖြစ်သည်။

(၃) သစ္စာစကားသည် ဖြောင့်မတ်တည်ကြည်ပြီး မှန်ကန် သော စကားများကို ဆိုခြင်းဖြစ်သည်။

(၄) ဥတ္တမဝါစာ စကားသည် လောကကြောင်း၊ ဓမ္မ ကြောင်း အကြောင်းနှစ်ရပ် ရှိသည့်အနက် လောကကြောင်းကို မမြွက်ပဲ ဓမ္မကြောင်း ဖြစ်သော အို၊ နာ၊ သေရေး၊ ဆင်းရဲ ခြင်း ဘေးတို့မှကင်းပြီး နိဗ္ဗာန် ချမ်းသာသို့ တက်လှမ်းနိုင်မည့် ဒါနစကား၊ သီလစကား၊ ဘာဝနာစကားကို ပြောဆိုခြင်း ဖြစ်သည်။

ကမ္ဘာအဝှန်းရှိ ယနေ့ လူသားတို့ နေ့စဉ် သုံးနှုန်းပြောဆိုနေ ကြသော စကားများကို ခြုံ၍ငုံ၍သုံးသပ်လျှင် စကားခြောက်ခွန်း လူ့ဥ္ဆထွန်း ဟူသည်နှင့်အညီ (၁) မဟုတ်မမှန်၊ အကျိုးမရှိ၊ ကြားရသူ မနှစ်သက်သည့် စကား (၂) မဟုတ်မမှန်၊ အကျိုး မရှိ၊ ကြားရသူ နှစ်သက်သည့် စကား (၃) ဟုတ်မှန်သော်လည်း

အကျိုးမရှိ၊ ကြားရသူလည်း မနှစ်သက်သည့် စကား (၄) ဟုတ်မှန်၏၊—သို့သော် အကျိုးမရှိ၊ ကြားရသူ နှစ်သက်သည့် စကား (၅) ဟုတ်မှန်၏။ အကျိုးရှိ၏။ ကြားရသူ မနှစ်သက်သည့် စကားနှင့် (၆) ဟုတ်မှန်၍ အကျိုးလည်းရှိပြီး ကြားရသူ နှစ်သက်သည့်စကား စသည်ဖြင့် စကား ခြောက်မျိုး ရှိသည်။

ယင်း စကားခြောက်မျိုး ရှိသည့်အနက် စကား ခြောက်ခွန်းလှူဦထွန်း၊ လေးခွန်းကိုမျှော၊ နှစ်ခွန်းပြော ဟူ၍လည်း စပ်ဆိုထားသည်ကို တွေ့ရပါသည်။

တင်ပြခဲ့သည့် စကားပေါင်း ခြောက်မျိုးအနက် နံပါတ် ၁-၂-၃-၄ စကားများကို မပြောရပဲ နံပါတ် ၅-၆ တွင် ဖော်ပြထားသည့် စကားနှစ်ခွန်းကိုသာ ကြိုးစားပြီး ပြောဆိုသုံးစွဲသင့်လှသည်။

နံပါတ် ၅ တွင် ဖော်ပြထားသော စကားနှင့် စပ်လျဉ်း၍ ပြောရမည့်၊ ပြောဆိုထိုက်သည့် စကားများကို ကြားရသူတို့က မနှစ်သက်၍ ပြောသင့်သည်လား၊ မပြောသင့်လား စသည်ဖြင့် သံသယဝင်နိုင်ပါသည်။ သို့ရာတွင် ပြောရ၊ ဆိုရမည့် စကားသည် လောကအကျိုး၊ သံသရာအကျိုး၊ ကောင်းကျိုး ပွားစေနိုင်မည့်စကားဖြစ်သဖြင့် ကြားနာရမည့်သူ မနှစ်သက်လင့်ကစား ပြောရမည်၊ ဆိုရမည် ဖြစ်သည်။

စကား ခြောက်မျိုးအနက် ပြောသင့်သည့် စကားကို မဆိုပဲ မပြောသင့်သောစကားကိုပြောမှားမိ၍ အကျိုးယုတ်ရပုံ သာဓကမှာ များပြားလှသည်။

ယင်း အနက်မှ မပြောသင့်သည်ကို ပြောမိသော စေတီယမင်း ဝတ္ထုကို ညွှန်းပါမည်။

ရှေးအခါက စေတီယဟု အမည်တွင်သော မင်းတပါးရှိသည်။ ထိုမင်းသည် ဘက်လိုက်လိုသော စိတ်ဖြင့် ညီ အမှန်ဖြစ်လျက် အကို၊ အကိုဖြစ်လျက် ညီဖြစ်သည်ဟု လိမ်၍၊ ညာ၍ မပြောသင့်သည်ကို ပြောမိခဲ့သည်။ ယင်းသို့ ပြောဆိုခဲ့မိသည်ကြောင့် သူရထားသော နံ့သာမျိုး ရှစ်ပါး၊ အာခံတွင်းမှ ကြာညိုပန်းအနံ့၊ ကိုယ်ရံတော် နတ်သား လေးယောက်နှင့် ကောင်းကင်၌ သွားလာနိုင်သည့် တန်ခိုးအင်္ဂါရပ်များ ပျောက်ကွယ်ကာ မြေမျိုခံရဖူးသည့် သက်သေမှာ အထင်အရှားပင် ဖြစ်သည်။

ထိုမှ ဝစီဘေဒ ထိတိုင်းရှုကို ဖော်ညွှန်းသော ကောကာလိက ရဟန်းအကြောင်းကို တင်ပြပါဦးမည်။

ကောကာလိက အမည်ရှိ ရဟန်းတပါးသည် တနေ့သော အခါ မြတ်စွာဘုရားထံဝင်ရောက်၍ "အရှင်ဘုရား၊အရှင်ဘုရား၏ လက်ယာရံ၊ လက်ဝဲရံ ဖြစ်တော်မူကြတဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန် ကိုယ်တော်တွေဟာ အလိုဆိုး ရှိကြပါတယ် ဘုရား" ဟု လျှောက်တင်လေသည်။

ကောကာလိက လျှောက်တင်သည့်စကားကို ကြားရသော မြတ်စွာဘုရား သခင်က "ချစ်သား....သင်ဟာ သူတော်ကောင်းတွေကို မပြစ်မှား၊ မပြောဆိုပါနဲ့။ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ဟာ သီလကို ချစ်ခင်မြတ်နိုးကြတဲ့ ရဟန်းတွေ ဖြစ်တယ်၊

သင်ရဲ့ ညစ်နွမ်းနေတဲ့ စိတ်ကို ကြည်လင်စွာ ထားလော့”ဟု လျှောက်ထားတိုင်း သုံးကြိမ်တိုင်တိုင် မြစ်တားတော်မူသည်။

သူတော်ကောင်းများကို ပြစ်မှား ပြောဆိုမိသော ဝစီကံကြောင့် ကောကာလိက ရဟန်းသည် မကြာမီမှာပင် တကိုယ်လုံး အဖု၊ အကျိတ်၊ အလုံးတွေ ပေါ်လာပြီး သွေးပြည်များ ယိုစီးကျလာကာ ငှက်ပျောရွက်ပေါ်တွင် အလူး အလှိမ့်ဖြင့် ဝေဒနာခံစားနေရလေသည်။

ထိုအချိန်တွင် ဗြဟ္မာပြည်က တုရုအမည်ရှိ ဗြဟ္မာကြီးတဦး ဆင်းသက်လာပြီး ကောကာလိကရဟန်းအား “အရှင်ရဟန်း၊ မိုက်မဲတဲ့ယောကျ်ားဟာ ဓားမန္ဒတူတဲ့ မိမိပါးစပ်မှ ကြမ်းတမ်းတဲ့ စကားကို ဆိုမိတဲ့အတွက် အဲဒီဓားမန္ဒပဲ မိမိကိုယ်ကို သတ်ရာရောက်ပါတယ်” စသည်ဖြင့် သတိသံဝေရအောင် လျှောက်ထားသည်။

မည်သို့ပင် ဗုဒ္ဓဘုရားနှင့်ဗြဟ္မာကြီးတို့က ဆုံးမကြသော်လည်း ကောကာလိက ရဟန်းသည် ဝန်ချခြင်း၊ တောင်းပန်ခြင်း၊ သံဝေဂရခြင်း မရှိပဲ စွဲကပ်သောရောဂါဖြင့် ပျံလွန်တော်မူပြီးနောက် ယခုအခါ ပဒုမငရဲတွင် ဆင်းရဲကြီးစွာခံစားနေလေသည်။

ထို့ကြောင့် သုဘာသိတာစ ယာဝါစာမဖြစ်သော သိမ်ဖျင်းသည့်စကားမျိုး၊ ယုတ္တိ ယုတ္တာ မရှိသော၊ စလောင်းဖုံးနှစ်ချပ်တီး ကျားကြီး ကိုက်တတ်တယ် ဆိုသည့် စကားမျိုး၊

ယုံတမ်းစကားမျိုး၊ လိမ်ညာ၀ါကြွား ပြောဆိုသော စကားမျိုး၊ တဦးနှင့်တဦး မေတ္တာပျက်အောင် ကုန်းချောသောစကားမျိုး၊ ကြမ်းတမ်းယုတ်မာသော စကားမျိုး၊ လောကီ၊ လောကုတ် အကျိုးစီးပွား မဖြစ်စေသည့်စကားမျိုး မပြောမိ၊ မဆိုမိအောင် ကြိုးစား ထိန်းသိမ်းပြီး သမ္မာ၀ါစာ မဂ္ဂင်ထိုက်သည့် စကား နှစ်မျိုးကိုသာ ပြောဆိုနိုင်အောင် ကြိုးစားကြပါဟု သတိပေးရပါသည်။

# (၁၁) မာတာပိတုဉပဋ္ဌာန်

မာတာ ပိတုဉပဋ္ဌာန်သည် (မာတာ=အမိ၊ ပိတာ=အဖ၊ ဉပဋ္ဌာန်=လုပ်ကျွေးခြင်း) အမိအဖတို့ကို ပြုစုစောင့်ရှောက် လုပ်ကျွေးမွေးမြူကြမည်ဆိုလျှင် ကုသိုလ်တိုးပွား ရင့်ကျက်နိုင်သည်ဟု ဖော်ညွှန်းထားခြင်း ဖြစ်သည်။

မိဘတိုင်းသည် သားသမီးကို ရလိုကြသည်။ ဆန္ဒပြင်းပြကြသည်။ သားသမီး ရလိုဇောဖြင့် ဆုတောင်းကြသည်။ မမွေးဖွားသေးမီ ကိုယ်ဝန်ဆောင်စဉ်ပင် ပဋိသန္ဓေသား ဒုက္ခမရောက်ရလေအောင် ချို၊ ချဉ်၊ ပူ၊ စပ်၊ ဖန်၊ ခါး စသည့် အစားအစာများကို ရှောင်ကြဉ်ကြသည်။ စားသောက်ကြသည်။ အစား

အသောက်တွင်သာမက သွားလာ နေထိုင်မှုတွင်လည်း ဂရုပြုကြသည်။

ပဋိသန္ဓေဘဝမှ မွေးဖွားလာသည့်အချိန်တွင် မှက်၊ခြင်၊ယင်၊ ကြမ်းပိုး မကိုက်စေရန် အယုအယ ပြုစု စောင့်ရှောက်သည်။ ထိုမှ နို့ချို တိုက်ကျွေး၊ ဝါးဖတ် ကစီနှစ်ဖြင့် လူဖြစ်အောင် တမြတ်တနိုး ထိန်းသိမ်းသမှု ပြုပြန်သည်။

စာသင်ချိန်အရွယ် စာသင်နိုင်ရန် ကျောင်းတွင် အပ်နှံ၍ ပညာသင်ကြားစေသည်။ တဖန် ထိမ်းမြားမင်္ဂလာပြုရန် အချိန်တန်က ထိမ်းမြား မင်္ဂလာ ပြုပေးရပြန်သည်။ အရင်းအနှီးလိုက ရှိပစ္စည်းထုခွဲ၍ အရင်းအနှီးပေးရပြန်သည်။ မိဘတို့ဝတ်ငါးပါးနှင့်အညီ လိမ္မာလာအောင်၊ ယဉ်ကျေးလာအောင်၊ သိမ်မွေ့လာအောင်၊ လူရည်ချွန်၊ လူရည်မွန်ဖြစ်အောင် ဆိုဆုံးမခြင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါး ကိုးကွယ်တတ်လာအောင် ဘုရားကျောင်းကန်သို့ ခေါ်ရပြန်သည်။ ယင်းသို့သော အနန္တ ကျေးဇူးဂုဏ်တို့ကြောင့် သားသမီးတို့၏ ဝတ်ငါးပါးအရ ကျေးဇူးတုံ့ပြန်၍ အမိ၊ အဖများကိုလုပ်ကျွေး မွေးမြူ၊ စောင့်ရှောက်ထိုက်လှသည်။

အနန္တရကျေးဇူးဂုဏ်အပေါင်းတို့ဖြင့် ပြည့်စုံသော မိဘတို့၏ မွေးကျေးဇူးကို သားသမီးဝတ်ငါးပါးနှင့်တကွ ဆေးပေးမီးယူ ခြေဆုပ်နင်းနှိပ်ပေးခြင်း၊ ချိုးရေ၊ သောက်ရေ၊ သုံးရေ ခပ်ပေးခြင်း၊ နေအိမ်အဆောက်အအုံ ပြုပြင်ပေးခြင်း၊ ဆေးဝါး၊အဝတ်အစား၊ စားသောက်ဖွယ်ရာ အမျိုးမျိုးတို့ကို စီမံပြုလုပ်ကျွေးမွေးခြင်း၊ မိဘဖြစ်သူက ရတနာသုံးပါးအပေါ်မှာ သဒ္ဓါယုံကြည်စိတ် လျော့ပါးနေသေးလျှင် ယုံကြည်စိတ် ပြင်းထန်လာအောင်

သားသမီးတို့က ဆွေးဆောင်ညွှန်ပြခြင်း၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုတို့ ပြုလုပ်လာအောင် တိုက်တွန်းပေးခြင်း၊ တရားရိပ်သာများတွင် တရားအားထုတ်နိုင်ရန် ထောက်ပံ့ နိုးဆော်ပေးခြင်း၊ ဥပုသ်ကြီးဝင်စေခြင်း၊ ရသေ့၊ ရဟန်းပြုလုပ်ပေးခြင်း စသည်ဖြင့် လိုလေသေးမရှိအောင် ပြုစု လုပ်ကျွေးခြင်းဖြင့် မိဘ၏ကျေးဇူးကို ဆပ်သင့်လှသည်။

မိဘတို့၏ အနန္တ ကျေးဇူးဂုဏ်သည် မြင့်မိုရ်တောင်မက ကြီးမားလှသည်ဟု အဆိုပြုချက် ရှိသည့်အလျောက် မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် တာဝတိံသာနတ်ပြည်သို့ ကြွမြန်း၍ မယ်တော်ဟောင်း ဖြစ်ခဲ့သည့် သန္တုဿိတနတ်သားကို အလွန်ခက်ခဲ၊ နက်နဲလှသော အဘိဓမ္မာ ဒေသနာတော် မြတ်များကို ဟောကြားပြီး မိဘကျေးဇူးကို ပေးဆပ်တော်မူသည်။

ထို့ပြင် မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်သည် ပဋိသန္ဓေလွယ်ခဲ့ရသည့် မိခင်ဟောင်းကိုသာမက မယ်တော်မာယာ ကွယ်လွန်သည့်အခါ နို့ချိုတိုက်ကျွေးခဲ့ဘူးသော မိထွေးတော် ဂေါတမီ ကိုလည်း ရဟန်းမိန်းမများ ထိန်းသိမ်းရမည့် ဂရုဓမ်ရှစ်ပါး တရားများကို ထိန်းသိမ်းစေခဲ့သည်။ ထို့ပြင် ရဟန်းမိန်းမအပေါင်း များစွာရှိသည့်အနက် ဂေါတမီကို ရှေးဦးစွာ ရဟန်းပြုပေးခြင်းဖြင့် မွေးကျေးဇူးတော်ကို ပြန်လည်ပေးဆပ်တော်မူသည်။

ပညာဉာဏ်ကြီးရင့်လှသည့် အရာတွင် ဧတဒဂ်ရတော်မူသော လက်ယာရံ အရှင်သာရိပုတ္တရာကြီးသည် အတိတ်ဘဝက ဝိပါက်ကံကြောင့် သွေးအန်ရောဂါ စွဲကပ်နေချိန်မှာပင် မိစ္ဆာအယူရှိနေသည့် မိခင်ပုဏ္ဏေးမကြီးထံ အရောက်ကြွလှမ်းပြီး တရားဓမ္မ ဟော

ပြော၍ မိစ္ဆာအယူကို ကျွတ်စေတော်မူသည်။ သောတာပန် အရိယာအဖြစ်သို့ တည်စေခဲ့သည်။

မိဘတို့၏ကျေးဇူးကို ပြန်လည်ပေးဆပ်နိုင်ကြသည့် သားသမီးတို့အဖို့ (၁) ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ်စသည့် ကပ်သုံးပါးဘေးများကို ကျော်နင်းနိုင်ခြင်း၊ (၂)ရန်သူမျိုး ငါးပါးဘေးမှ ကင်းဝေးနိုင်ခြင်း၊ (၃) လူသူတော်ကောင်းနတ်သူတော်ကောင်းများ ချစ်မြတ်နိုးခြင်း၊ (၄) ဆုတောင်းတိုင်း ပြည့်ဝတတ်ခြင်း၊ (၅) မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားမြတ်များကို ရနိုင်ခြင်းစသည့် အကျိုးထူးများကို ခံစားနိုင်ပေသည်။

မိဘတို့အား လုပ်ကျွေး စောင့်ရှောက်သမှုပြုသည့် ကျေးဇူးသည် ချက်ချင်း လက်ငင်း အကျိုး ကျေးဇူးခံရပုံကို သုဝဏ္ဏသာမ ဇာတ်နိပါတ်တော်က သက်သေထူလျက် ရှိသည်။

ဘုရားအလောင်းတော် သုဝဏ္ဏသာမသည် မျက်စိနှစ်ကွင်း အလင်းမရရှာသော ဒုကူလနှင့် ပါရိကာ အမည်ရှိ မိဘနှစ်ပါးအား အလုပ်အကျွေး ပြုလျက်ရှိသည်။

တနေ့သော်အခါ သမင်အပေါင်းခြံရံလျက် ရေခပ်ရန်အသွား ဗာရာဏသီပြည့်ရှင် ပီဠိယက္ခမင်း ပစ်လွှတ်လိုက်သော မြားချက်သည် သုဝဏ္ဏသာမအား ထိမှန်လေသည်။ ထိုမြားဒဏ်ချက်ဖြင့် သုဝဏ္ဏသာမသည် သောင်စပ်၌ မေ့မြော လဲကျသွားရှာသည်။

ဤတွင် ပီဠိယက္ခမင်းသည် ဒုန်းစိုင်း၍လာကြည့်ရာ မျက်စိနှစ်ကွင်း အလင်းမရရှာသော ဒုက္ခိတမိဘနှစ်ပါးအား အလုပ်အကျွေး ပြုနေသော သားမှန်းသိသဖြင့် သူ့အမှားကိုဝန်ခံကာ

ဒုက္ကူလ နှင့် ပါရိကာ မျက်မမြင်နှစ်ပါးကို တုတ်ဆွဲစေပြီး သားထံ ခေါ်လာခဲ့သည်။

သားထံရောက်သည်နှင့် မှန်ကန်သော သစ္စာစကားဖြင့် အမိ ဌာန်ပြုကြရာ မြားဆိပ်တက်နေသည့် သားလည်း သေဘေးမှ ကင်းဝေး၍ မိဘနှစ်ပါးမှာလည်း မျက်စိနှစ်ကွင်း အလင်းရကာ ရွှေအိုးကိုပင် ရရှိခဲ့လေသည်။

သားသမီးတို့အပေါ်မှာ ထားရှိအပ်သော မိဘတို့၏ မေတ္တာ သည် မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာ ဟူသည့် ဗြဟ္မဝိဟာရ တရား လေးပါးဖြင့် ပြည့်စုံသည်ဖြစ်ခြင်းကြောင့် (၁)ဗြဟ္မာကြီး ဘွဲ့၊ (၂)သားသမီးတို့၏ ရှိခိုးပူဇော်ကန်တော့ခြင်းကို ခံယူထိုက် သည့် အိမ်ဦးနတ်ဘွဲ့၊ (၃)ဘာသာစကား၊ အနေအထိုင်၊အသွား အလာ၊ အမူအရာ တို့ကို ရှေးဦးစွာ သင်ကြားပေးသူများ ဖြစ် ခြင်းကြောင့် လက်ဦးဆရာဘွဲ့၊(၄)သားသမီးတို့က လှူဒါန်းသမျှ၊ ပေးကမ်းချီးမြှင့်သမျှ ခံယူထိုက်သည့် အလှူခံပုဂ္ဂိုလ်ဘွဲ့ စသည့် လေးပါးသော ဘွဲ့ထူး၊ ဂုဏ်ထူးများဖြင့် ပြည့်စုံသောပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဤကဲ့သို့ ဂုဏ်လေးပါးဖြင့် ကုံလုံကြသော မိဘတို့အား စောင့်ရှောက်ခြင်း မရှိသော သားသမီးတို့အား သူတော်ကောင်း တို့က ခွေးလောက်မိုက်သည့် သားသမီး၊ သရဲဘီလူးက လူယောင် ဆောင်သည့် သားသမီး၊ လက်သုံး တောင်ဝှေးလောက်မှ အား မကိုးရ၊ အသုံးမဝင်လှသည့် သားသမီး၊ နွားအို၊ နွားကျိုး၊ မြင်း အို၊ မြင်းကျိုးလောက်မှ တန်ဖိုးမထိုက်သည့် သားသမီး စသည် ဖြင့် ကဲ့ရဲ့သတင်း ပြောဆိုခြင်းခံကြရမည် ဖြစ်သည်။

အနန္တောအနန္တဂုဏ်တို့ဖြင့် ပြည့်စုံကြသောမိဘတို့အား ဘုရားအစရှိသည့် အရိယာသူတော်ကောင်း အလောင်းတော်များပင် လုပ်ကျွေးသမှုပြုစုကြသေးလျှင် ပါရမီနည်းပါးကုန်သော ထိုထို သာမန် ပုဂ္ဂိုလ်တို့အဖို့ အဘယ်မှာ ဆိုဖွယ်ရာ ရှိနိုင်အံ့နည်း။

ထို့ကြောင့် ကျေးဇူးတော်အနန္တ၊ ဂုဏ်တော် အနန္တတို့ဖြင့် ပြည့်စုံကြသော အမိအဘတို့ကို ကျွေးဟောင်းပေးဆပ်သည့်အနေဖြင့် ဘုရားအလောင်းတော် သုဝဏ္ဏသာမကဲ့သို့လည်းကောင်း၊ သာဝတ္ထိပြည် သဌေးသား ရဟန်းတော်မဟာမိတ္တ ဝိနည်းဓိုရ်မထေရ်မြတ်ကဲ့သို့လည်းကောင်း၊ ကေဒါရ ကျေးမင်းကဲ့သို့လည်းကောင်း စသည့် ထိုထိုသော ပုဂ္ဂိုလ်တို့၏ထုံး နှလုံးပိုက်၍ တရားသော နည်းဖြင့် အမိအဘတို့အား ရှာဖွေ ကျွေးမွေး ပြုစုစောင့်ရှောက် ထိုက်လှပေသည်။

# (၁၂) ပုတ္တဒါရဿ သင်္ဂဟော

(ပုတ္တဒါရဿ=သားမယားတို့ကို၊ သင်္ဂဟ=ချီးမြှောက်ခြင်း) သားမယားတို့ကို ကောင်းစွာ ချီးမြှောက် ထောက်ပံ့ကျွေးမွေးခဲ့လျှင် ကုသိုလ် တိုးပွား အကျိုးများသည်ဟု အနက်ဖွင့်ဆိုကြသည်။

အကျွန်ုပ်တို့၏ မိဘတို့သည် အကျွန်ုပ်တို့အား တယုတယ တပိုက်တထွေး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် မပြုစုမစောင့်ရှောက်ခဲ့လျှင် လူ့လောကအလယ်တွင် အသက်ရှင်ဖွယ်ရာ မရှိပြီ။ ထို့ကြောင့် အကျွန်ုပ်တို့ကလည်း အကျွန်ုပ်တို့၏ သားသမီးဇနီးမယားတို့ကို ကိုယ်ချင်းစာစိတ်ဖြင့် တမြတ်တနိုး နှစ်နှစ်သက်သက်ဖြင့် ကောင်းစွာ ချီးမြှင့်ရမည်၊ ထောက်ပံ့ရမည် ဖြစ်သည်။

မိဘဆွေမျိုးများကို စွန့်ခွာ၍ လင့်တမျက်နှာ တရွာထင်ကာ လင့်နောက်သို့ ကောက်ကောက်ပါအောင် လိုက်လာသော ဇနီးအား လင်ယောကျ်ားဖြစ်သူက ရှာဖွေရသမျှသော ပစ္စည်းဥစ္စာကို အပ်နှံရမည်။ မလိမ္မာလျှင် လိမ္မာအောင်၊ မယဉ်ကျေးလျှင် ယဉ်ကျေးအောင် ပြုပြင်ပေးရမည်။ ထိုသို့မှ မပြုပြင် မဆုံးမ လမ်းမညွှန်ပဲ ငါ့လှေငါထိုး ပဲခူးရောက်ရောက် ဆိုဘိသို့ စွန့်ပစ်ထားမည်ဆိုလျှင် အများတကာ့ခွက်တွင် ပက်လက် မျောဖို့ရာသာ ရှိသည်။

ငါးပါးသော မိဘတို့၏ ဝတ္တရားအရ သားသမီးများကို ကောင်းစွာ စောင့်ရှောက်ခြင်း၊ ပညာ သင်ပေးရခြင်း၊ ရှင်သာမဏေ၊ ရဟန်းပြုပေးခြင်း၊ သင့်လျော်သော အိမ်ထောင်ဘက်ကို ရွေးချယ် ထိမ်းမြားပေးခြင်းဖြင့် ပြုစုစောင့်ရှောက်ပေးမှသာ အသက်အရွယ် ကြီးရင့် အိုမင်းမစွမ်း ရှိလာသည့်အခါ ကျွေးတုံ့ကျွေးလှည့်၊ မွေးတုံ့ မွေးလှည့် ဆိုသကဲ့သို့ သားသမီးတို့က တဖန်ပြန်လည်၍ ပြုစုစောင့်ရှောက်ကြမည် ဖြစ်သည်။

သားသမီးဆိုရာ၌ လူချင်းတူသော်လည်း အသက်ရှူခြင်း ကွာခြားကြသည် ဟူသော ဆိုထုံးအရ တဦးနှင့် တဦး အလေ့အကျင့်ချင်း၊ စရိုက်ဘာဂီချင်း မတူကြပဲ တယောက်တမျိုး ရှိတတ်ကြသည်။

ကျမ်းဂန်အလိုအရ သားသမီး အမျိုးမျိုး ကွဲပြားခြားနားပုံကို ရှင်းပါမည်။

(၁) အတိဇာတသား = အမိအဘတို့ထက် အစစအရာရာတွင် အသိအလိမ္မာ ဉာဏ်ပညာ ထူးချွန် ပြောင်မြောက် သာလွန်ကောင်းမြတ်သော သားကောင်းသားမြတ်။

(၂) အနုဇာတသား = မျိုးရိုး စဉ်လိုက်၊ မိလိုက် ဘလိုက် ဘသော ဆိုဘိသို့ အမိအဘတို့နှင့် စိတ်နေစိတ်ထား သဘောထားမှ စ၍ အစစအရာရာ တူညီသော သား (မိဘတို့၏ အမူအကျင့်၊ စရိုက်၊ ဓလေ့တို့ကို တသွေမတိမ်း အတုခိုး လုပ်တတ်ကြသော အတုလိုက် အတတ်သင်သည့် အလယ်အလတ်စား သား)။

(၃) အဝဇာတသား = အမိ အဘတို့ အောက် အကျင့် စာရိတ္တနှင့် စိတ်နေစိတ်ထား အသိအလိမ္မာ ဉာဏ်ပညာ အရာတွင် ယုတ်နိမ့်သည့် အညံ့စားသား ဟူ၍ သား သုံးမျိုးသုံးစားရှိသည်။

သို့ရာတွင် ဟိတောပဒေသနီတိပျို့တွင် (၁)အမိဝမ်းတွင်း၌ ပင် ကြေပျက်သွားရသည့် သား၊ (၂) ဖွားမြင်ပြီးမှ သေကြေ ပျက်စီးရသည့် သား၊ (၃) တေလေ ဆိုးမိုက်ပြီး အသက်ရှည်နေ သည့် သား၊ (၄) အစစအရာရာတွင် ထူးချွန်မြင့်မြတ်သည့် သား ဟူ၍ သား လေးမျိုးရှိကြောင်း ဖွင့်ဆိုထားသည်။

ဟိတောပဒေသလာ သား လေးမျိုးအနက် အမှတ် ၁-၂ ပါ သား နှစ်မျိုးသည် အမိအဘတို့ကို ဒုက္ခပေးသည်ဆိုရသည့်တိုင် တကြိမ်တခါမျှသာ ပင်ပန်း ပူဆွေးခြင်း ဖြစ်ရသည်။ အမှတ် ၃ ဖြစ်သည့် သားကမူ ဆိုးချင်တိုင်းဆိုး၊မိုက်ချင်တိုင်း မိုက်နေသော သားဖြစ်၍ ထိုသား အသက်ရှည်နေသမျှကာလပတ်လုံး မိဘတို့ကို နှိပ်စက်ကလူ ပြုနေမည်ဖြစ်ခြင်းကြောင့် သားဆိုးအမေ တတေ တေ သားပင် ဖြစ်သည်။

အမှတ် ၄ သားမှာမူ ထူးချွန် မြင့်မြတ်သည့် သား ဖြစ်သည့် အတွက် သားကောင်း တယောက် ကျောက်ကောင်း တစေ့ ဆိုသကဲ့သို့ လူတိုင်းက ချီးမွမ်းထောပနာပြုခြင်း ခံရသော၊ အမိ

အဘတို့၏ မွေးကျေးဇူးကိုလည်း ပေးဆပ်နိုင်သော၊ မိတ်ဆွေ အပေါင်း အသင်းနှင့် တကွ အမျိုး ဘာသာ သာသနာကို ကြက်သရေတိုးအောင် ဂုဏ်ပြုပေးနိုင်စွမ်းသော သားကောင်း သားမြတ်ပင် ဖြစ်သည်။

သားအမျိုးအစား အမျိုးမျိုးတို့ကို ခွဲခြမ်းစိတ်ဖြာ ညွှန်ပြပြီး သည့်နောက် အင်္ဂုတ္တိုရ်သတ္တကနိပါတ် အဗျာကတ ဝဂ်တွင် အမျိုးသမီး သုဇာတာကို အကြောင်းပြု၍ ဘုရားသခင် ဟော ကြားတော်မူအပ်သော မယားအမျိုးအစား ခုနစ်မျိုးကိုလည်း သိသင့် သိထိုက်သည်ဟု ယူဆမိသဖြင့် တင်ပြခွင့်ပြုစေချင်ပါ သည်။

(၁)ဝဓကာ သမာ = သူသတ်နှင့်တူသောမယား၊(၂)စောရီ သမာ = ခိုးသူနှင့်တူသော မယား၊(၃)အယျာ သမာ = အရှင် သခင်နှင့်တူသောမယား၊ (၄)မာတာ သမာ = အမိနှင့်တူသော မယား၊ (၅)ဘဂိနီ သမာ = နှမနှင့်တူသောမယား၊ (၆)သခီ သမာ = မိတ်ဆွေနှင့်တူသော မယား၊(၇)ဒါသီ သမာ = ကျွန် နှင့် တူသော မယား ဟူ၍ မယားအပြား ခုနစ်စား ရှိသည်။

ယင်း ခုနစ်မျိုးအနက် အမှတ် ၁-၂-၃ ပါ မယား သုံးမျိုး မှာ လင်ရယ် သားရယ် ဟူ၍ ပေါင်းသင်းနေကြသော်လည်း လင်သား အပေါ် ရိုသေလေးစား ချစ်ခင် ကြင်နာခြင်း မရှိပဲ လူသတ်သမားကဲ့သို့ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ရန်ဆောင် တတ်ခြင်း၊လင်သားရှာဖွေ၍ ရလာသည့် ပစ္စည်းဥစ္စာတို့ကို 'စီးတဲ့ ရေ ဆယ်တဲ့ကန်သင်း' မဟုတ်ပဲ ခိုးယူလှည့်ပတ်သုံးဖြုန်းတတ်ခြင်း၊ သခင်စိတ်ပေါက်နေခြင်း၊ လင်သားကို ကျေးကျွန်သဘောက်

လောက် သဘောပိုက်ပြီး မညှာမတာခိုင်းခြင်း၊ မိမိကမူ အလှ ပြင်၊ အချိန်ဖြုန်း၊ ယောကျ်ားတွေ တရှန်းရှန်းဖြင့် ကိုယ်ကျင့် တရား ပျက်ပြားနေသော မယားအမျိုးအစား ဖြစ်သည်။

အမှတ် ၄ ဖြစ်သော အမိနှင့်တူသော မယား၊ အမှတ် ၅ ဖြစ် သော နှမနှင့်တူသောမယား၊ အမှတ် ၆ ဖြစ်သော မိတ်ဆွေနှင့် တူသည့်မယား၊ အမှတ် ၇ ဖြစ်သော ကျွန်နှင့်တူသည့် မယား၊ သည်မယားလေးမျိုးတို့ကမူ မိမိတို့လင်သားများအပေါ် အမိက သားကို စောင့်ရှောက်သကဲ့သို့ လင်အလုပ်မှ ပြန်လာချိန်မတိုင်မီ စားဖွယ် သောက်ဖွယ်တို့ကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားခြင်း၊ သောက်ရေ သုံးရေတို့ကို အဆင်သင့်ခတ်ထားခြင်း၊ အဝတ် ဟောင်းမှန်သမျှ လျှော်ဖွပ်ထားခြင်း၊ လင်သားကြိုက်တတ်သည့် အချို အချဉ်တို့ကို ပြင်ဆင်ထားခြင်း၊ လင်ပြန်လာလျှင် သာ ယာစွာ ခရီးဦးကြိုပြုခြင်း၊ ညီငယ် ညီမငယ်တို့က အကိုကြီး၊ အမကြီးတို့ကို လေးစားကိုင်းရှိုင်းသကဲ့သို့ ဖြူစင်မေတ္တာဖြင့် ပြုစု တတ်ခြင်း၊ ကျွန်ဖြစ်သူက မိမိအရှင်သခင်ကို ချစ်ကြောက်ရိုသေ သကဲ့သို့ အရိပ်အခြေကြည့်၍ လင်တော်မောင် စိတ်ချမ်းမြေ့ အောင် ပြုစုယုယတတ်ခြင်းကြောင့် တကယ့် လက်တွဲထိုက်သော မယားများ ဖြစ်ကြပေသည်။

တကယ်လက်တွဲထိုက်သော မယားလေးမျိုးအနက် စံပြုထိုက်၊ နည်း မှီ ထိုက် သည့် ဝိသာခါ ကျောင်းအမကြီး အကြောင်း အနည်းငယ်မျှ တင်ပြလိုပါသည်။

**ဝပယ်ဦးစာပေ**

ရတနာသုံးပါး၌ နှစ်နှစ်ကာကာ အရူလိုက်သဲလိုက် ကြည်ညို သော၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်ကြဲခြင်းတို့၌ သူမတူ အောင် စေတနာသန်သော ဝိသာခါ ကျောင်းအမကြီးသည် နှစ်ဆယ့်နှစ်ကုဋေမျှ ရွှေငွေဥစ္စာတို့ကိုစွန့်၍ ဘုံခုနစ်ဆင့်ရှိ ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို ဘုရားသခင်အား လှူဒါန်းခဲ့သည့် ဥပါသိ ကာမကြီး တဦးဖြစ်သည်။

ထို့ပြင် ယင်းကျောင်းအမကြီးတွင် သားတကျိပ်၊ သမီး တကျိပ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်ရှိသည့် အာဂ ဥပါသိကာ မကြီးတဦးလည်း ဖြစ်သည်။

အနှီ ဥပါသိကာမကြီးအား အဖသဌေးကြီးက လင့်အိမ်သို့ ထည့်ခါနီးတွင် "ချစ်သမီး....အတွင်းမီးကို အပြင်မထွက်စေနဲ့၊ ပြင်ပမီးကိုလဲ အတွင်းမဝင်စေနဲ့၊ ပေးသင့်တဲ့ဥစ္စာတွေကိုပေးပါ၊ မပေးအပ်တဲ့ဥစ္စာကို မပေးလေနဲ့၊ ချမ်းသာစွာ နေအပ်တယ်၊ မီးကိုလဲ လုပ်ကျွေးအပ်တယ်၊ အိမ်ထဲမှာရှိတဲ့နတ်ကိုလဲ ရှိခိုးထိုက် တယ်၊ ယောက္ခမတို့နဲ့ လင်သားတို့ရဲ့အကြောင်းကိုလဲ အပြင်သို့ မဆုတ်နဲ့၊ လုပ်ကျွေးသောသူတို့ရဲ့ မကောင်းခြင်းကိုလဲ အတွင်း၌ မသိအပ်၊ လင့်နောက်မှ စားအပ် အိပ်အပ်၏" ဟု ဆုံးမလိုက် သည်။

လင့်တမျက်နှာ တရွာထင်ပြီး ယောက္ခမအိမ်သို့ လိုက်လာ သော ဝိသာခါကျောင်းအမကြီးသည် တနေ့သောအခါ မိစ္ဆာ အယူရှိကြသည့် သူ၏ကြင်ယာတော် ပုဏ္ဏဝဍ္ဎန သဌေးသားနှင့်

ယောက္ခမ ဖြစ်သူတို့အား "ဖေဖေတို့ မေမေတို့ဟာ အစာဟောင်းသာ စားနေပြီး အစာသစ်စားရန် ဘာမှ လုံ့လ မရှိကြဘူး"ဟု လိမ္မာချေငံစွာဖြင့် ပြောကြားသည့်စကားကို သူ့ယောက္ခမများနှင့် သူ့ ကြင်ယာတော်တို့ နားလည် သဘောပေါက်ပြီး ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။

ဤသာဓကကို ထောက်ရှုလျှင် ဝိသာခါ ကျောင်းအမကြီးသည် မည်မျှအထိ စံပြုထိုက်၊ အတုယူထိုက်လှသည်ကို တွေ့ရှိရပေမည်။

စံပြုထိုက်သည့် ဝိသာခါကျောင်းအမကြီးကဲ့သို့ပင် အတုယူထိုက်သည့် **သုဒဿနပုဏ္ဏားဝတ္ထု**ကို ညွှန်းဆိုပါဦးမည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း ထီးနန်းစိုးစံစဉ်က သုဒဿနမည်သော ပုဏ္ဏားတဦးတွင် ချောသော၊ လှသော၊ ယဉ်သော၊ သိမ်မွေ့သော သုဇာတာ အမည်ရှိ ဇနီးအလိမ္မာတဦး ရှိသည်။

တနေ့သောအခါ သုဇာတာကိုမြင်မိသော မင်းဗြဟ္မဒတ်သည် ကာမတဏှာ ငမ်းငမ်းတက်ကာ သုဇာတာအား အပိုင်သိမ်းလိုစိတ် ပြင်းပြနေသဖြင့် "သူ့မယားလိုချင် သူ့လင် လှံနဲ့ထိုး" ဆိုဘိသို့ အကောက်ဉာဏ်ဆင်လေသည်။

သုဒဿနသည် မင်းဗြဟ္မဒတ်၏ မကိုဋ်တော်ကို ခိုးယူသည်ဟု လိမ်ဉာဏ်ဆင်ကာ သုသာန်ထုတ် ဇီဝိန်ဖြုတ်စေဟု အမိန့်ချမှတ်

တော်မူလေသည်။ လူသတ်သမားတို့ကလည်း သုဒဿနအား လက်ပြန်ကြိုးတုပ်၍ အဆုံးစီရင်ရန် သုသာန်သို့ ခေါ်ထုတ်လာသည်။

ဤတွင် မယားလှ သုဇာတာ လိုက်လာပြီး "ကျွန်မ၏ လင် သုဒဿနသည် တရားသဖြင့် ကောင်းမွန်စွာ လုပ်ကိုင်ကျွေးမွေးနေသူတဦး ဖြစ်ပါသည်။ လင့်ဝတ် ငါးပါးကိုလည်း ကျေပွန်သူ ဖြစ်ပါသည်။ ဤမှန်သော သစ္စာကြောင့် နတ်ကောင်း၊ နတ်မြတ်များ စောင်မပါစေသတည်း" ဟု အရပ်ရှစ်မျက်သို့ လက်အုပ်ချီ၍ အဓိဋ္ဌာန် ပြုလေသည်။

သူတော်ကောင်း နတ်ကောင်းစောင်မ ဆိုထုံးအရ သိကြားမင်းမှာ မနေသာတော့ပဲ လူ့ပြည်သို့သက်ဆင်း၍ သုဒဿနပုဏ္ဏား နှင့် ဗြဟ္မဒတ်မင်းတို့ နှစ်ဦးကို သူ၏တန်ခိုးတော်ဖြင့် လဲလှယ်လိုက်သည်။ ထိုသို့ လဲလှယ် လိုက်ပြီးနောက် လူသတ်သမားတို့၏ လက်ချက်ဖြင့် မင်းဗြဟ္မဒတ်မှာ နတ်ရွာစံရ ရှာလေသည်။ ထိုအခါ သုဒဿန ပုဏ္ဏားမှာ ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းကို သိမ်းပိုက်၍ စိုးစံရလေသည်။

ယင်းဝတ္ထုကို သုံးသပ်လျှင် အိမ်ထောင်ဦးစီး ဖြစ်ကြသည့် လင်ယောကျ်ားတို့က မိမိတို့၏ သားမယားများ အပေါ်တွင် တရားမျှတ မှန်ကန်စွာ ကျွေးမွေးပြုစု စောင့်ရှောက်ကြမှုကြောင့်

လူသား အချင်းချင်းက ချီးမွမ်း ထောပနာပြုသည့် သာမက တာဝတိံသာ နတ်ပြည်ကို အစိုးရသော သိကြားမင်းကပင်လျှင် တနေ့သုံးကြိမ် ရှိခိုးရသည်၊ အကူအညီ ပေးရသည်ကို တွေ့ရှိရ ပေသည်။

ထို့ကြောင့် ''ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက် စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝယ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ'' ဆောင်ပုဒ်အရ သားသမီးတို့ ကျင့်အပ်သည့် ကျင့် ဝတ်ငါးပါး ကို ပြည့်စုံအောင် လိုက်နာကြပါ။

ဇနီးဖြစ်သူ အိမ်ရှင်မတို့ကလည်း ''အိမ်တွင်းမှုလုပ်၊ သိမ်းထုပ် သေချာ၊ မိတ္တာကြည်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ'' ဆိုသည်နှင့်အညီ ဇနီးမယား တို့ ကျင့်အပ်သည့် ကျင့်ဝတ်ငါးပါး ကို ကုံလုံအောင် ထိန်းသိမ်း ကြပါ။

အိမ်ထောင်ဦးစီး ဖြစ်ကြသည့် လင်ယောကျ်ားတို့ ကလည်း ''မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိတ္တာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ'' ထုံးနှင့်လျော်စွာ လင် ယောကျ်ားတို့ ကျင့်အပ်သော ဝတ်ငါးပါးကို စောင့်ရှောက်ကြ ပါဟူ၍ တိုက်တွန်းအပ်ပေသည်။

ထိုသို့ လင်ကလည်း လင့်ကျင့်ဝတ်၊ မယားကလည်း မယား ကျင့်ဝတ်၊ သားသမီးကလည်း သားသမီးကျင့်ဝတ် စသည်ဖြင့်

အသီးသီးသော လင်မယား၊ သားသမီးတို့က ထိန်းသိမ်းစောင့်ရှောက် နိုင်ကြမည်ဆိုလျှင် သာယာသော၊ စိုပြေသော အိမ်ထောင်စုကြီးများ ဖြစ်လာကြမည် အမှန်ဖြစ်သည်။ ထိုမှနောက် ထပ်ပေါက်ဖွား လာကြမည့် မျိုးစဉ်ဆွေဆက်တို့ကလည်း အတုယူ နည်းပြုကာ လိုက်နာကျင့်သုံးခြင်းဖြင့် မြေး၊ မြစ်၊ တီ၊ ကျွတ် အထိ သာယာလှပ စိုပြေနေမည်သာ ဖြစ်ပေသည်။

## (၁၃) အနာကုလာစကမ္မန္တာ

အနာကုလာစ ကမ္မန္တာဟူသည် (အနာကုလာစ=ပျက်ကွက် နှောင့်ယှက် ပျင်းရိပေါ့တန့်မှု မရှိခြင်း၊ ကမ္မန္တာ = လူမှုရေးကိစ္စ အဝဝတို့ကို ဆောင်ရွက်ခြင်း) ပွေလီဆန်းပြား မဟုတ်ပဲ၊ လူသားတို့ ဆောင်ရွက် ပြုလုပ်ရမည့် အလုပ်ဝတ္တရားတို့ကို ပျက်ကွက် ပျင်းရိပေါ့တန့်မှု မရှိပဲ လုပ်ကိုင်ကြမည် ဆိုလျှင် ကုသိုလ်ရနိုင်သည်ဟု ဖော်ဆောင်ခြင်း ဖြစ်သည်။

လူ့လောက အလယ်တွင် လူသားတယောက် ဖြစ်လာသည်နှင့် ထိုလူသား၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးနှင့် ကျန်းမာရေး၊ ပညာရေး၊ ပေါင်းသင်းဆက်ဆံရေး စသည့် လူမှု

ရေး ကိစ္စ အဝဝကို ဖြေရှင်းနိုင်အောင်၊ ကျော်လွှား နိုင်အောင် အလုပ်လုပ်ဖို့ လိုသည်။

လက်ယာစိုက်ပျိုးရေး၊ ကုန်ကူးသန်း ရောင်းဝယ်ရေး၊ လခစားဝန်ထမ်းနှင့် ဥယျာဉ်ပန်းမာလ် ခြံစိုက်ပျိုးရေး အလုပ်များကို ထိုလူသားသည် တာဝန်ယူ၍ မဖြစ်မနေ ဇွဲလုံ့လ ရှိရှိဖြင့် အောင်မြင်အောင် လုပ်ဆောင်ရမည်။ ယင်းသို့ လုပ်ဆောင်ရာ၌ တာဝန်မရှိသေမှု၊ ပျင်းရိမှု၊ ခိုကပ်မှု၊ စည်းမဲ့မှုတို့ကြောင့် အလုပ်ကို ထိခိုက်လာမည်၊ ချွတ်ယွင်းလာမည် ဆိုလျှင် မိမိ အဖွဲ့ရော၊ နိုင်ငံအတွက်ပါ ထိခိုက်နစ်နာစေနိုင်မည် ဖြစ်သည်။

ထို့ကြောင့် တရားမျှတမှုရှိပြီး မှန်ကန်သော မည်သည့်အလုပ်မျိုးကိုပင် လုပ်လုပ် ယင်းသို့ လုပ်ကိုင် ဆောင်ရွက်သည့်အခါ အချိန်ကို အလဟဿဖြုန်းတီးမပစ်ပဲ တန်ဖိုးထားရမည်။ ကြိုတင်ပြင်ဆင်မှုရှိရမည်။အမြဲတမ်း တက်ကြွ ဖျတ်လတ်နေရမည်။လုံ့လဝီရိယ ရှိရမည်။ ပျင်းရိခြင်း၊ ခိုကပ်ခြင်း၊ တွက်ကပ်ခြင်း ရှောင်ရမည်။ သူ့အလုပ် ကိုယ့်အလုပ် မခွဲခြားပဲ မိမိအလုပ်ပြီးက တပါးသူကို ဝိုင်းကူရမည်။ ကောင်းသည်ထက် ကောင်းအောင် ဆန်းသစ်သော၊ တိုးတက်သော အတွေးအခေါ်တို့ဖြင့် တီထွင်မှုပြုရမည်။ အလုပ်ခွင်တွင် ကိုင်တွယ် အသုံးပြုနေသော ပစ္စည်းကိရိယာတို့ကို မလေလွင့်အောင်၊ မပျက်စီးအောင်၊ ဆုံးရှုံးမှုမဖြစ်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်။မိမိအပါအဝင် တနိုင်ငံလုံး၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးကို အစဉ် ရှေ့ရှု ကြိုးပမ်းနေရမည် ဖြစ်သည်။

**စပယ်ဦး၊ ၈၁၁၉၀**

ဥစ္စာရင်လို ဥစ္စာရင်ခဲကြမည့် အလုပ်သမားလူသားတို့သည် ဖော်ပြပါ အချက်အလက်များ အပေါ် အလေးအနက် ထား၍ လိုက်နာ ကျင့်သုံးသွားကြမည်ဆိုလျှင် သမ္မာကမ္မန္တမင်္ဂလာ ဖြစ်ပြီး ကုသိုလ် မင်္ဂလာ ထိုက်လှသည်ဟု ဆိုရနိုးသော် သင့်အံ့ ထင်ပါ သည်။

ထိုအပြင် မိမိလုပ်ကိုင်နေသော အလုပ်အပေါ် ရိုးသားမှု၊ သစ္စာရှိမှု၊ တည်ကြည်မှု ရှိဖို့လည်း လိုအပ်ပါသည်။ ရိုးသားမှု၊ သစ္စာရှိမှုကြောင့် ကြီးပွားရသည့် သေရိဝဝါဏိဇဇာတ် သာဓက တခုကို ထောက်ပြပါမည်။

ရှေးအခါက ရွှဲကုန်သည် နှစ်ဦးရှိသည်။ သူတို့နှစ်ဦးသည် မြစ် တဘက်ကမ်းရှိ အရိဋ္ဌပုရမြို့သို့ နေ့စဉ် ရွှဲရောင်းရန် အတူတူ သွားကြသည်။ ရွှဲရောင်းချရာ၌ တဦးက ရောင်းသည့်နေရာတွင် ကျန်တဦးက လိုက်ပြိုင်ပြီး မရောင်းရန်နှင့် တဦး ရောင်းချပြီးမှ သာ နောက်တဦးက ရောင်းချရန် စသည်ဖြင့် တဦးနှင့် တဦး ကတိကဝတ်ပြုထားကြသည်။ ယင်းကတိအရ ရွှဲကုန်သည် နှစ်ဦး သည် သူတလမ်းဝင် ကိုယ်တလမ်းထွက်ဖြင့် လှည့်လည်ရောင်းချ လျက် နေကြသည်။

မသမာ၊ မရိုးသား၊ ကျောက်ကျစ်စဉ်းလဲသော ရွှဲကုန်သည် သည် သူလာလမ်းအတိုင်း ဟစ်အော်၍ ရွှဲရောင်းချလာရာ ဥစ္စာ ပျက်စီး ဆင်းရဲနေသော မြေးအဖွား နှစ်ဦး၏ အိမ်ရှေ့သို့ ရောက်ရှိလာသည်။

ရွှဲ အော်ဟစ်ရောင်းချနေသံကို ကြားရသော မြေးမကလေးက ကလေးတို့ သဘာဝအတိုင်း ရွှဲဝယ်ပေးဖို့ အဖွားအိုကို ပူဆာလေသည်။ လက်ထဲတွင် ပိုက်ဆံ တပြားတချပ်မှ မရှိသော အဖွားအိုမှာ နားပူမှ သက်သာစေရန်အလို့ငှာ အညှိအကြေးတို့ဖြင့် အထန်ထပ်တက်နေသည့် ခွက်ဟောင်းတခုကို ထုတ်ယူလာပြီး မရိုးသားသော ရွှဲကုန်သည်ထံမှ ရွှဲတို့နှင့် လဲလေသည်။

ကောက်ကျစ်စဉ်းလဲသော ရွှဲကုန်သည်သည် ပေးလှာသော ခွက်ဟောင်းကို သံချောင်းဖြင့် ခြစ်ကြည့်ရာ အဖိုးတန် ရွှေခွက်ဖြစ်မှန်း သိလေသည်။ သို့သော် မသိဟန်ပြု၍ "ဟဲ့-ကလေးမ၊ နင့်ခွက်စုတ်ဟာ ပဲဝက်မျှမတန်၊ ငါ့ ရွှဲနဲ့ မလဲနိုင်ဘူး" ဆိုကာ ဟန်လုပ်၍ မြေပေါ်ပစ်ချပြီး ထွက်သွားလေသည်။

မကြာမီမှာပင် ရိုးသားသော၊ ဖြောင့်မတ်သော၊ တည်ကြည်သော ရွှဲကုန်သည်တဦးသည် မြေးအဖွားရှိရာအိမ်နားသို့ ရောက်ရှိ အော်ဟစ်ပြန်သည်။ မြေးမကလေးကလည်း ရှေးနည်း အတိုင်း ပူဆာပြန်သည်။ မရိုးသားသော ရွှဲကုန်သည် ပစ်ချခဲ့သည့် ခွက်ဟောင်းကိုပင် ကောက်ယူပြီး "မောင်ရင်ရယ်၊ ဟောဒီ ငါ့မြေးကလေးက ရွှဲလိုချင်တယ်လို့ ပူဆာနေတာနဲ့ ဒီခွက်ဟောင်းကလေးကို မင်းယူပြီး ကြိုက်သလောက် ရွှဲနဲ့ လဲခဲ့ပါလား"ဟု ပြောပြန်ရှာသည်။

ရိုးသားတည်ကြည်သော ရွှဲကုန်သည်သည် ခွက်ကို ကြည့်ရုံဖြင့် ရွှေခွက်ဖြစ်မှန်းသိသဖြင့် "အဖွား၊ ဒီခွက်ဟာ အညှိအကြေးတွေ တက်နေပေမင့် အလကား ခွက်စုတ်ခွက်ပဲ့ မအောက်မေ့နဲ့၊

အဖိုး တသိန်းထိုက်တဲ့ ရွှေခွက်ဖြစ်တယ်၊ ဒီ့လောက် အဖိုးတန်တဲ့ ရွှေခွက်နဲ့ လဲဖို့ ကျွန်ဘော့မှာ ထိုက်တန်တဲ့ ပစ္စည်း မရှိပါဘူး''ဟု ရိုးသားစွာပင် ပြန်ပြောရှာသည်။

၎င်းအခါ အဖွားအိုမှာ တအံ့တသြဖြစ်ပြီး ''မောင်ရင်ရယ်.... မောင်ရင့် အရင်လာတဲ့ ပထမ ရွှဲကုန်သည်က ပဲဝက်မျှ မတန်ကြောင်း ပြောပြီး မြေမှာ ပစ်ချခဲ့တယ်၊ မောင်ရင်ကတော့ ရွှေခွက် ဖြစ်ကြောင်း ပြောလှာတဲ့အတွက် မောင်ရင့် ကုသိုလ်ပဲ၊ ဒီရွှေခွက်ကို ယူပြီး မောင်ရင်ကြိုက်သလောက်ပဲ ရွှဲများကို ငါ့ မြေးအတွက် ပေးခဲ့ပါတော့''ဟု ဆိုလေသည်။

ရိုးသားသော ရွှဲကုန်သည် သည် လမ်းစရိတ် အတွက် ရှစ် အသပြာနှင့် ချိန်ခွင်၊ လွယ်အိတ်တို့ကို ချန်ထားပြီး ရောင်း၍ ရရှိထားသော အသပြာ ငါးရာနှင့် ရောင်းရန် ကျန်ရှိနေသေးသည့် အသပြာ ငါးရာဖိုးမျှသော ရွှဲတို့ကို မြေအဖွား နှစ်ဦးအား ကျေနပ်စွာ ပေးခဲ့ပြီး မြစ်ဆိပ်သို့ သုတ်ခြေတင်ကာ အမြန်ပင် တဘက်ကမ်းသို့ ကူးသွားလေသည်။

အတန်ကြာသောအခါ မရိုးသားသော ရွှဲကုန်သည်သည် ရွှေခွက်ကိုပြန်ယူရန် မြေးအဖွားရှိရာ အိမ်သို့ ရောက်ရှိလာသည်။ စောစောကပေးသည့် ခွက်ကိုပေးလျှင် ရွှဲအနည်းငယ်ပေးမည်ဟု ပြောရာ မြေးမကလေးက ရိုးသားသည့် ရွှဲကုန်သည်တဦးနှင့် လဲလှယ်လိုက်၍ မရှိတော့ကြောင်း ပြန်ပြောသည့်အခါ ကောက်ကျစ်သော ရွှဲကုန်သည် သည် သူ၏ ကာယိန္ဒြေကိုမှ

မဆည်နိုင်တော့ပဲ ပါသမျှ အသပြာများနှင့် ရွှဲတို့ကို မြေမှာ ဖြန့်ကြဲပြီး သောကမီး တောက်လောင်စွာဖြင့် မြစ်ဆိပ်သို့ ပြေးလေသည်။

မြစ်ဆိပ်ရောက်၍ မျှော်ကြည့်လိုက်သည့်အခါ ရိုးသားသော ကုန်သည် သည် တဘက်ကမ်းသို့ ကူး နေ ပြီ ဖြစ်သည်။ ဤတွင် ကောက်ကျစ်သော ရွှဲကုန်သည်မှာ ပူပန်စိတ်ကြီးလွန်းလှသော ကြောင့် မြေပေါ်လဲကျကာ သေပွဲဝင်သွားရရှာလေသည်။

တင်ပြခဲ့သည့် ဝတ္ထုကြောင်းအရ ရိုးသား ဖြောင့်မတ် တည်ကြည်သော ရွှဲကုန်သည်မှာ သူ၏ ရိုးသားမှု၊ သစ္စာရှိမှု ကြောင့် အဖိုးတသိန်းထိုက်သည့် ရွှေခွက်ကိုရရှိပြီး သစ္စာမဲ့သော၊ စဉ်းလဲသော ရွှဲကုန်သည်မှာ သူ၏ မရိုးသားမှု၊သစ္စာမရှိမှုကြောင့် ရွှေခွက် လက်လွှတ်ခဲ့ရပြီး သေပွဲဝင်ခဲ့ရသည်ဖြစ်၍ ဥစ္စာရင်လို ဥစ္စာရင်ခဲကြရမည့် အလုပ်သမား လူသားတို့သည် ရွှဲကုန်သည်ထုံး နှလုံးပိုက်၍ စား၊ ဝတ်၊ နေရေး လူမှုရေး ကိစ္စအဝဝတို့တွင် ရိုးသားကြရန်၊ သစ္စာရှိကြရန်၊ တည်ကြည်ကြရန် အထူးလိုအပ် လှသည်။

နိုင်ငံအတွင်းရှိပြည်သူပြည်သားတို့သည် ကိုယ်ပိုင်စီးပွားရေးပဲ ဖြစ်ဖြစ်၊ လခစား ဝန်ထမ်းပဲဖြစ်ဖြစ်၊ မည်သည့် အလုပ်ကိုပဲ လုပ်လုပ်၊ မည်သည့်အမှုကိုပဲထမ်းထမ်း၊ (၁) ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လ ဝီရိယရှိခြင်း၊ (၂) အာရက္ခ သမ္ပဒါ = လုပ်ကိုင်၍

ရလာသည့် ပစ္စည်းတို့ကို ကောင်းစွာ သိမ်းဆည်းထား တတ်ခြင်း၊(၃) ကလျာဏ မိတ္တ သမ္ပဒါ = နည်းပေး လမ်းပြ၊ ညွှန်ကြားတတ်၊ အကြံဉာဏ် ပေးတတ်သည့် မိတ်ဆွေကောင်း ရရှိထားဖို့လိုခြင်း၊ (၄) သမဇီဝိတ သမ္ပဒါ = အဝင်နှင့်အထွက် မျှတအောင် သုံးစွဲတတ်ခြင်း စသည့် သမ္ပဒါလေးမျိုးဖြင့် ပြည့်စုံကြဖို့ လိုအပ်လှသည်။

ထကြွလုံ့လဝီရိယရှိခဲ့၍ ကုန်းကောက်၍မှ ရစရာမရှိအောင် ဆင်းရဲခဲ့သောဘဝမှ သဌေး ဖြစ်လာခဲ့သော မဟာဒုဂ္ဂတ အကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။

ကဿပဘုရားသခင် လက်ထက် ဗာရာဏသီပြည် ဗြဟ္မဒတ် မင်းကြီး စိုးစံနေသော အချိန်၊ အလွန်မွဲတေသော ဆင်းရဲသား မဟာဒုဂ္ဂတ ဇနီးမောင်နှံ နှစ်ဦးသည် မြို့တံခါးအနီးတွင် တဲထိုး၍ သူရင်းငှား ကူလီအလုပ်ဖြင့် အသက်မွေးနေရရှာသည်။

တနေ့သောအခါ ဗာရာဏသီ မြို့သူမြို့သားတို့သည် ဘုရား သခင်အား ဆွမ်းကပ်လှူရန် စာရေးတံဆွမ်း ကောက်ယူလျက် ရှိသည်။ ဤသည်ကို သိသော မဟာဒုဂ်သည် ဓနသေဌ္ဌေးသဌေး အိမ်မှာ ရေထမ်း၊ ထင်းပေါက်၍ရသည့် အခကြေးငွေတို့ဖြင့် သူလဲ လှူမည်ဟု ဝမ်းသာကြည်မော သဒ္ဓါဇောဖြင့် စာရင်း ပေးသွင်းခဲ့သည်။ ..

ဤစေတနာ ဤဒါနတို့ကြောင့် သိကြားမင်း မနေနိုင်ပဲ ရွှေမိုး၊ ငွေမိုး ရွာပေးခဲ့ရသဖြင့် မဟာဒုဂ် ဇနီးမောင်နှံတို့မှာ

သဌေးဖြစ်ခဲ့ရသည်။ ထို့မှ ဂေါတမဘုရားသခင် လက်ထက်တွင် ပဏ္ဍိတ သာမဏေဟု ကျော်ကြားကာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံဝင်ခဲ့ရဘူးသည်။

ထို့ကြောင့် မိမိတို့၏ စား၊ ဝတ်၊ နေရေးအတွက် စီးပွား ရှာကြရာတွင် ဝိသမလောဘစိတ် မထားကြပဲ အပြစ်ကင်းသည့် အနဝဇ္ဇကုလဘ ကမ္မန္တာဖြစ်အောင် ကြိုးစားကြဖို့ တိုက်တွန်း ရပါသည်။

# (၁၄) ဒါနဉ္စ

စွန့်ကြဲခြင်း၊ ပေးကမ်းခြင်း၊ ချီးမြှောက်ခြင်း၊ ထောက်ပံ့ခြင်း၊လှူဒါန်းခြင်းကို ဒါနဉ္စဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။ ထို့ကြောင့် ပေးလှူတတ်သည့် စေတနာသည် ဒါနမည်၏။ ယင်းဒါနကို ဒါတဗ္ဗန္တိဒါနံနှင့်ဒီယတိဧတေနာတိဒါနံဟူ၍လည်း ဝိဂြိုဟ်ပြုကြပြန်သည်။

ပသို့ဆိုစေ၊ ဒါနတွင်(၁) ဝတ္ထုဒါနနှင့် (၂)စေတနာဒါန။ တနည်းအားဖြင့် ပစ္စယာနုဂ္ဂဟဒါနနှင့်ဓမ္မာနုဂ္ဂဟဒါန ဟူ၍လည်း နှစ်မျိုးနှစ်စား ခွဲပြန်သည်။ ပစ္စည်းဝတ္ထုတို့ဖြင့် ပေးကမ်း ချီးမြှောက် ထောက်ပံ့ခြင်းသည် ပစ္စယာနုဂ္ဂဟဒါနဟု ခေါ်ဆို၍ တရားဓမ္မဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းကို ဓမ္မာနုဂ္ဂဟဒါန ဟူ၍ခေါ်ဆိုကြသည်။

ယင်းဒါန နှစ်မျိုးတွင် ပစ္စယာနုဂ္ဂဟဒါနထက် ဓမ္မာနုဂ္ဂဟ ဆိုသည့် တရားဖြင့်ချီးမြှောက်ခြင်းဒါနက သာလွန်မြင့်မြတ်သည် ဟု ပညာရှိတို့ လက်ခံထားကြသည်။

(၁) ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး၊ စရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ မီးသတ်၊လမ်း၊တံတား၊ယာဉ်၊ ပန်း၊နံ့သာပျောင်း၊အိပ်ရာနေရာ၊ ညောင်စောင်း၊ဗီရို၊ ကုလားထိုင်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသည့် ဝတ္ထုပစ္စည်းတို့ဖြင့် ချီးမြှင့် ထောက်ပံ့ လှူဒါန်းခြင်းကို ပစ္စယာနုဂ္ဂဟဒါနဟူ၍ အနက်ဖွင့်ဘိသို့....။

(၂) ပစ္စုပ္ပန် သံသရာ ချမ်းသာကြီးပွားကြောင်း ဖြစ်သည့် တရားစကား ဟောပြောဆုံးမ သြဝါဒပေးခြင်း၊ သုတ္တန်၊ဝိနည်း၊ အဘိဓမ္မာဆိုသည့် ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာ၊ ဒီဃ နိကာယ်၊ သံယုတ် စသည့် ကျမ်းဂန် စာအုပ်များကို လှူဒါန်း ခြင်း၊ ဝိပဿနာတရားတို့ကို ဟောပြောခြင်း၊ တရားထိုင်ခြင်း၊ ဗုဒ္ဓညွှန်ပြ ဆိုဆုံးမသည့်အတိုင်း သွားလာနေထိုင် စားသောက် ခြင်းနှင့် ရှင်ပြု၊ ရဟန်းခံ စသည်တို့သည် တရားဖြင့် ချီးမြှောက် ထောက်ပံ့ခြင်းဖြစ်၍ ဓမ္မာနုဂ္ဂဟ ဒါနဟူ၍ အဓိပ္ပာယ် ဖွင့်ဆို ကြသည်။

လှူသည်၊တန်းသည်၊ ပေးသည်၊ ကမ်းသည်ဟူ၍ အလှူဒါန ပြုရာ၌ လှူသူ၊တန်းသူတို့၏ စေတနာပေါ် မူတည်၍ (၁) ဟီန ဒါန (၂) မဇ္ဈိမဒါနနှင့် (၃) ပဏီတဒါန စသည်ဖြင့် သုံးမျိုး သုံးစား ကွဲထွက်လာသည်။

ဘဝသံသရာမှ ထွက်မြောက်၊ ကျွတ်လွတ်လိုသည့် စိတ်ထား မျိုးရှိသော်လည်း လှူလျှင် ကုသိုလ်ရချည်၊ လူအများတို့ကလည်း

ကောင်းချီးပေးကြမည်၊ ချီးမွမ်းကြမည်၊ လူ့လောက အလယ်မှာ ထင်ပေါ် ကျော်စေမည်၊ ဂုဏ်ပကာသနလည်း တက်မည်ဆိုသည့် လောကဝတ် ကျေရုံ စိတ်ထားဖြင့် အသိဉာဏ်မယှဉ်ပဲ ချီးမြှောက် ထောက်ပံ့ ပေးကမ်း စွန့်ကြဲလှူဒါန်းကြမည်ဆိုလျှင် ယုတ်ညံ့သော ပေးကမ်း လှူဒါန်းခြင်းမျိုးဖြစ်၍ ဟီနဒါနဟူ၍ ခေါ်ဆိုကြသည်။

ပစ္စုပ္ပန် သံသရာ ကောင်းကျိုး ချမ်းသာကိုသာ မျှော်မှန်းတောင့်တပြီး နောင်တမလွန် ဘဝထိုထိုတို့တွင် လူ့အထက်တန်းစား၊ သူဌေး သူကြွယ်၊ ဧကရာဇ်၊ မင်း၊ မိဖုရား စသည့် စည်းစိမ်ချမ်းသာတို့ကို အသက်ရှည်ရှည်ဖြင့် ခံစားခံစားလိုသော စိတ်ထားဖြင့် ပြုကြသည်လည်း ရှိသည်။ ထိုလူချမ်းသာထက် ကျော်လွန်၍ နည်းပြည် ခြောက်ထပ်တွင် နတ်သား၊ နတ်သမီး၊ နတ်မင်း၊ နတ်မိဖုရားဖြစ်ပြီး နတ်တို့၏ စည်းစိမ် ချမ်းသာတို့ကို တောင့်တသော၊ လိုချင်သော စိတ်ထားဖြင့် ပေးလှူသည့် အလှူလည်း ရှိသည်။ ထိုထိုသော အလှူမျိုးတို့သည် သံသရာဝဋ္ဋဒုက္ခမှ ရုန်းမထွက်နိုင်ပဲ မွေးသေ ဘဝတို့ဖြင့်သာ လဲပြီး နေကြရမည် ဖြစ်သည့်အတွက် မဇ္ဈိမဒါန ဟူ၍ ခေါ်ဆိုကြပေသည်။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးတွင် ဖြစ်ပေါ်နေကြသည့် သတ္တဝါတို့သည် မိမိတို့ပြုလုပ်သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုးပေးအလျောက် အချို့မှာအပါယ်လေးဘုံတို့တွင်ရောက်ခံကြရ၍အချို့မှာ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့တွင် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို ခံစားကြရသည်။ သို့ရာတွင် ထိုထို

သော ချမ်းသာတို့အပေါ် စစ်တမ်းထုတ်လျှင် တကယ်ချမ်းသာသော ချမ်းသာစစ်၊ ချမ်းသာမှန် မဟုတ်ကြပေ။

၃၁-ဘုံ အတွင်းရှိ သတ္တဝါမှန်သမျှ အပါယ်လေးဘုံတွင်လည်း ခန္ဓာငါးပါး၊ လူ့ဘုံတွင်လည်း ခန္ဓာငါးပါး၊ နတ်ဘုံတွင်လည်း ခန္ဓာငါးပါး၊ ဗြဟ္မာ့ဘုံတွင်လည်း ခန္ဓာငါးပါး၊ ခန္ဓာလေးပါး၊ ခန္ဓာတပါး စသည်ဖြင့် ခန္ဓာများ ရရှိနေကြပြီး အိုဆင်းရဲ၊ နာဆင်းရဲ၊ သေဆင်းရဲတို့ဖြင့် မလွတ်ကင်းနိုင်ကြပဲ သံသရာ ရေယာဉ်ကြောတွင် ကရွတ်ကင်းလျှောက်ဘိသို့ စုန်ချည်ဆန်ချည်မျောနေကြရမည် အမှန်ဖြစ်သည်။

ဤသို့ မျောနေကြရသော ဘဝတို့သည် အမှန် စင်စစ်ချမ်းသာခြင်း အစစ်မဟုတ်ပဲ ဆင်းရဲခြင်းသာ ဖြစ်ပါကလားဟု အသိတရားဖြင့်ယှဉ်ကာ မိမိလှူလိုက်သော ဝတ္ထုပစ္စည်းတို့အပေါ် တွယ်တာလိုသော၊ တောင့်တလိုသော တဏှာစိတ်တို့ မရောက်ရလေအောင် သတိသမ္ပဇဉ် တရား လက်ကိုင်ထား၍၊ သံသရာကို ငြီးငွေ့၍ လွတ်မြောက်လိုသည့် ဆန္ဒဖြင့် နိဗ္ဗာန်ကို ရည်သန်တောင့်တကာ လှူဒါန်းတတ်သည့် အလှူမျိုးကို ပဏ္ဍိတဒါန ဟု ဆိုအပ်ပေသည်။

အလှူဒါနပြုရာတွင် အလှူပေး ပုဂ္ဂိုလ်တို့၏ ဝါသနာပါရာ၊ အားသန်ရာအလျောက် ရွေးချယ်၍ပေးလှူတတ်ကြသည်။ အချို့က ကျောင်းဆောက်လှူခြင်းသည် မြတ်၏။ ကျောင်းရှိမှ သံဃာရှိမည်၊ သံဃာရှိမှ ပစ္စည်းလေးပါး လှူနိုင်ကြမည်ဟု ယူဆကြသည်။ အချို့ကလည်းအကျိုး ၁၀ ပါးဖြင့် ပြည့်စုံသော သင်္ကန်းအလှူသည် အမြတ်ဆုံးဟု တွက်ဆပြန်သည်။ အချို့ကလည်း အပါယ်ငရဲသို့လားစေနိုင်သောအာပတ်ကိုတားစေနိုင်ရုံသာမက

တနှစ်မှာ တကြိမ်သာ ပေးလှူနိုင်သည့် "ကထိန်သင်္ကန်း" ကပ်လှူရခြင်းသည်သာ အမြတ်ဆုံးဟု တွေးမြင်ကြပြန်သည်။ အချို့ကလည်း ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ ဆေးရုံ၊ ဆေးပေးခန်း စသည့် အလှူတို့က မြတ်သည် စသည်ဖြင့် မိမိတို့ သန်ရာ သန်ရာကို ကြံဆ၍၊ ရွေးချယ်၍ လှူဒါန်းတတ်ကြသည်။

ထိုသို့ မိမိတို့ သန်ရာ သန်ရာများကို ကြံဆ တွေးတော၍ ရွေးချယ်လှူဒန်းသည်ထက် ဖော်ပြပါ အချက်သုံးချက် အပေါ် အခြေခံ၍ လှူဘတ်ကြဖို့က အရေးကြီးလှပေသည်။

(၁) အလှူပေးမည့် ပုဂ္ဂိုလ်သည် စင်ကြယ်သောသီလတို့ဖြင့် မွမ်းထုံရစ်ပတ်ပြီး မိမိ ပေးလှူမည့် အလှူဝတ္ထုပစ္စည်းတို့ အပေါ် မိမိပိုင်၊ မိမိဥစ္စာ၊ မိမိပစ္စည်းဆိုသည့် တွယ်တာမှု တဏှာစိတ် ကင်းရပါမည်။ ထို့နောက် ထိုသို့ ကင်းသောစိတ်တို့ဖြင့် အလှူခံပုဂ္ဂိုလ်၏လက်ထဲရောက်အောင် လွှဲပြောင်း စွန့်လွှတ်ရပါမည်။

(၂) ထိုသို့ ပေးလှူသည့် အခါ အလှူခံမည့် ပုဂ္ဂိုလ်ကလည်း သီလ၊ သမာဓိ၊ ပညာ ဟူသည့် အကျင့်သိက္ခာ စင်ကြယ်မြင့်မြတ်သော သီလတို့ဖြင့် ပြည့်စုံပြီး ထိုအလှူခံမည့် ပုဂ္ဂိုလ် အလိုရှိအပ်သည့်အခါမျိုးတွင် ရရှိနိုင်သော ပစ္စည်းမျိုး ဖြစ်ရပါမည်။

(၃) ပေးလှူမည့် ဝတ္ထုပစ္စည်းကလည်း အပြစ်မကင်းသော၊ မတရားသော နည်းလမ်းဖြင့် ရှာဖွေ၍ ရရှိထားသည် ပစ္စည်းမျိုးမဖြစ်စေပဲ အပြစ်ကင်းပြီး တရားသော၊ မှန်ကန်သောနည်းလမ်းဖြင့် ရှာဖွေရရှိထားသည့် ဝတ္ထုပစ္စည်းမျိုး ဖြစ်ရပါမည်။

ထို့ကြောင့် မည်သည့်အလှူက မည်သည့်အလှူထက် မြင့်သည်၊ မြတ်သည်၊ အကျိုးများသည်၊ အကျိုးနည်းသည်ဟု ရွေးချယ်မနေကြပဲ အလှူပေး၊ အလှူခံ၊ ဝတ္ထုပစ္စည်းဟူသည့် အချက် သုံးချက် ဖြင့်သာ ညီညွတ်ဖို့ လိုအပ်လှပါသည်။

မှန်ကန်သောစေတနာဖြင့် ချွေးနည်းစာ ပန်းပေါက်ပေါက် ကလေးကို လှူဒါန်းရသည့်အကျိုးကြောင့် လာဇာနတ်သမီးဖြစ်လာပုံ၊ အဝတ်အထည် လှူဒါန်းခဲ့ဘူးသော ဥပ္ပလဝဏ်ထေရီမ အလောင်းဖြစ်သည့် ဆင်းရဲသူအမျိုးသမီးတဦး၊ မဟာဒုဂ် ဇနီးမောင်နှံ စသည့် ပုဂ္ဂိုလ်တို့သည် အဖိုးထိုက်လှသော ဝတ္ထုပစ္စည်းများ မဟုတ်စေကာမူ ပန်းတပွင့်၊ရေတမှုတ်၊ဆွမ်းတဇွန်း၊အဝတ်တထည် စသည့် ကုသိုလ်တို့ကြောင့် လူ့ပြည်၊ နတ်ပြည်တို့တွင် ခြေရာချင်း ထပ်အောင် အကျိုးပေးခဲ့ပြီး နိဗ္ဗာန်ထိအောင် ပို့ဆောင်ပေးနိုင်စွမ်းရှိသဖြင့် စေတနာသာလျှင် အဓိကထားသင့်လှပါသည်။

အလှူပေးမည့်ပုဂ္ဂိုလ်တို့၏ စိတ်ထားသည် **ဘဝသမ္ပတ္တိ**ဆိုသည့် လူ၊နတ်၊ဗြဟ္မာတို့၏ ဘဝထိုထိုကို လိုချင်တပ်မက် တဏှာဖက်ပြီး **ဘောဂသမ္ပတ္တိ**ဟူသည့် သဌေးဖြစ်ချင်စိတ်၊ သူကြွယ်ဖြစ်ချင်စိတ်၊ တဏှာစိတ်အစွဲတို့ဖြင့် ဒါနပြုကြလျှင် အဘယ်မှာလျှင် ဘဝသံသရာ မလည်ပဲ နေပါမည်နည်း။

ထို့ကြောင့် **ဝဋ္ဋဒါန**နှင့် **ဝိဋ္ဋဝဒါန** နှစ်မျိုးကို သိသာအောင် ခွဲခြား၍ တင်ပြပါဦးမည်။

ဝဋ္ဋဒါနသည် ''ချင်''ပါနေသော ဒါနမျိုး ဖြစ်သည်။

ဝိဝဋ္ဋဒါနသည် တဏှာအရင်းခံသည့် "ချင်"မပါပဲ ပဋိသန္ဓေနေရသည့် ဆင်းရဲ၊ အိုရသည့် ဆင်းရဲ၊ နာရသည့် ဆင်းရဲ၊ သေရသည့် ဆင်းရဲ၊ တပင်တပန်း လုပ်ကိုင် စားသောက်နေရသည့် ဆင်းရဲ၊ သားအတွက်၊ သမီးအတွက် သောကပရိဒေဝမီး တောက်လောင်နေရသည့် ဆင်းရဲ စသည့် ဆင်းရဲခြင်းတို့မှ မလွတ်ကင်းနိုင်သော ခန္ဓာနာမ်ရုပ်ဖြစ်နေသမျှကို ရှုံမုန်းကြောက်လန့် ငြီးငွေ့ခြင်း ဖြစ်ပြီး မည်သည့် ခန္ဓာမျိုးမှ မဖြစ်လိုသော စိတ်ဖြင့် နိဗ္ဗာန်ကို ရှယ်စူး တောင့်တကာ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း ဖြစ်သည်။

ဝိဝဋ္ဋဒါနနှင့်ပတ်သက်၍ ထောက်ညွှန်ပါမည်။ ရှုတော်မူပါ။

ဂေါတမဘုရားသခင်သည် ဘုရားမဖြစ်သေးမီ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတို့ကို ဖြည့်ကျင့်ခဲ့ရသည်။ ထိုသို့ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ပါရမီ ၁၀ ပါးတွင် နံပါတ် ၁ ဖြစ်သည့် ဒါနပါရမီကို တော်ရုံတန်ရုံပုဂ္ဂိုလ်တို့ မကျင့်နိုင်သည်ကို ကျင့်သုံးနိုင်ခဲ့သည်။ နှုမှာ ငါးရာ၊ ရင့်မှာ တကျိပ် ကျင့်ခဲ့ရသည့်အနက် ရင့်မှာတကျိပ်ဖြစ်သည့် တေ၊ဇ၊သု၊နေ၊မ၊ဘူ၊စံ၊နာ၊ဝိ၊ဝေ ဇာတ်ကြီး ဆယ်ဘွဲ့အနက် နောက်ဆုံး ဘုရားဖြစ်ခါနီးဆဲဆဲ တဘဝသာ လိုတော့သော ဝေဿန္တရာမင်းကြီး ဘဝက ဆင်ဖြူတော်ကြီးကို လှူမိ၍ တိုင်းပြည်က နှင်ထုတ်ခံရသည်။

တိုင်းပြည်က နှင်ထုတ်ခံရသည့်တိုင် ပေးကမ်းစွန့်ကြဲခြင်းဒါနအမှုတွင် အားမရ မတင်းတိမ်နိုင်သေးပဲ မိမိရင်သွေးများ ဖြစ်ကြသည့် သားတော် ဇာလိ နှင့် သမီးတော် ကဏှာဇိန် သားသမီးနှစ်ဦးကို ရက်ရက်ရောရော ပုဏ္ဏားလက် ဝကွက်အပ်ပြီး လှူဒါန်း

လိုက်ခြင်းသည် သာမန်ပုဂ္ဂိုလ်တို့ ကျင့်နိုင်ခဲ့သည့်၊ လှူနိုင်ခဲ့သည့် ဒါနပင် ဖြစ်သည်။

ဘုရားဖြစ်ရန် ပထမဆုံး ဗျာဒိတ်ရခဲ့သော သုမေဓာရှင်ရသေ့ ဘဝကို ပြန်လှန်သုံးသပ်လျှင် ဘုရားအလောင်း သုမေဓာသည် ထိုအခါက သဌေးသား တယောက်ပင် ဖြစ်သည်။

သူ၏ မိဘနှစ်ပါး ကွယ်လွန်ပြီးသည့်နောက် ရအပ်သည့် အမွေအနှစ်၊ ရွှေ၊ ငွေ၊ ပစ္စည်းရတနာ မျိုးစုံတို့ကို မည်သူပဲ ယူယူ ယူကြပါစေဟု ဆိုကာ စွန့်ပစ်ခဲ့သည်။ ထို့နောက် ဟိမဝန္တာ တောသို့ ထွက်ခွာကာ ရသေ့ ပြုလုပ်နေသည်။ ရသေ့ဘဝတွင် လှူစရာ ရွှေ ငွေ ရတနာ မရှိသော်ငြားလည်း ရလာသော ကြာပန်း ငါးခိုင်ဖြင့် ရှုံ့သွန်များ အပေါ် သူ့ကိုယ်သူ ဝမ်းလျား မှောက် တံတားခင်းပြီး ဒီပင်္ကရာ ဘုရားသခင်နှင့် သံဃာတော် ငါးရာအား သူ့ကိုယ်သူ ရင်း၍ ဒါနပြုရှာသည်။

ဒီပင်္ကရာဘုရား လက်ထက်တော်တွင် ဂေါတမ ဘုရား ဧကန် ဖြစ်မည်ဟု ဗျာဒိတ်ပန်း ဆင်ခဲ့ရပြီးနောက် ဒီပင်္ကရာ ဘုရား အစ နှစ်ကျိပ်လေးဆူသော ဘုရားရှင်များလက်ထက်တွင်လည်း ဘုရား ဧကန်ဖြစ်ရမည်ဟု ဗျာဒိတ်ပန်း ဆင်ခဲ့ရသည်။ ယင်းသို့ ဗျာဒိတ် ပန်း ဆင်မြန်းခံရခြင်းမှာ လူ့ဘဝ၌ပင် မဆိုထားဘိ၊ နဂါးဘဝ၊ ခြင်္သေ့ဘဝစသည့် တိရစ္ဆာန်ဘဝတို့တွင် ဖြစ်ရသည့်တိုင် အသက် ပေးလှူခဲ့သည့်အထိ ရက်ရက်ရောရော ဒါနပြုမှုကြောင့်ပင် ဖြစ် သည်။

ထို့ကြောင့် ပညာရှိ သူတော်ကောင်းတို့က "လှူခံတို့အား၊ ဆယ်ပါးဒါန၊ လှူမချသော်၊ အပ္ပဘောဂါ၊ ဖြစ်လေရာဝယ်၊

ချမ်းသာမရ၊ မဝရေစာ၊ ဆင်းရဲစွာ၏'' ဟူ၍ လည်းကောင်း၊ ''ဆယ်ဖြာဝတ္တု၊ လှူကောင်းမှုကို၊ ရှေးပြုမျှားမူ၊ ထိုထိုသူကား၊ လူတွင်လူမြတ်၊လူများမှတ်အောင်၊ သမ္ပတ်ရိပ်ငြိမ်၊ရွှေနန်းအိမ်နဲ့၊ စည်းစိမ်ကြီးကျယ်၊ ပြည့်ဖြိုးကြွယ်၏''ဟူ၍လည်းကောင်း စပ်ဆို ခဲ့ကြပေသည်။

ဒါနပြုပြီး သံသရာလည်နေရသော ပုဂ္ဂိုလ်နှင့် ဒါနမပြုပဲ သံသရာလည်ရသော ပုဂ္ဂိုလ်တို့၏ အကျိုးပေးချင်း ကွာခြားပုံ ဇာတ်နိပါတ်တခုကို တင်ပြပါဦးမည်။

ကဿပ ဘုရားရှင် လက်ထက်က ဖြစ်သည်။ သူငယ်ချင်း နှစ် ယောက်သည် စိတ်တူသဘောတူဖြင့် ရဟန်းဘောင်သို့ကူးရောက် ခဲ့ကြသည်။ယင်းသို့ကူးရောက်ခဲ့ပြီးနောက် တပါးသော ရဟန်းက ဒါနပြုခြင်းသည် သံသရာလည်စေသည်။ နိဗ္ဗာန်ချမ်းသာတို့နှင့် ဝေးသည် ဆို၍ ကမ္မဋ္ဌာန်းတရားကိုသာ ဖိပြီး အားထုတ်လျက်ရှိ သည်။ ကျန်တပါးကမူ ဘုရားသခင်တို့သော်မှ ဒါနပါရမီကို အစထားပြီး ဖြည့်ကျင့်ကြသေးသည့်အတွက် အလှူဒါန ပေး ကမ်း စွန့်ကြဲယင်းဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်ရလျှင် ပို၍ အကျိုးထူးနိုင်သည်ဆိုကာ တရားအားထုတ်လျက်ရှိသည်။

ရဟန်း နှစ်ပါး ပျံလွန်တော်မူပြီးသည့်နောက် နတ်ပြည်သို့ အတူတူပင် ရောက်ရှိလာကြသည်။ ထိုသို့ ရောက်ရှိလာကြသော် လည်း အကျိုးပေးချင်း မတူကြပေ။ ဒါနပြုခဲ့သည့် ရဟန်းက ဒါန မပြုခဲ့သည့် ရဟန်းထက် နတ်စည်းစိမ်တွင် သာလွန်လျက် ရှိသည်။

တဖန် နတ်သက်ကြွေလို့ ဂေါတမဘုရားသခင် လက်ထက် ရောက်လာ ပြန်သောအခါ ဒါနပြုခဲ့ဘူးသည့် ရဟန်းက ကောသလမင်းကြီး၏ သားတော်ဖြစ်လာသည်။ ထိုမှ ရဟန်းပြုပြန်ရာ အခြံအရံ တပည့်များနှင့် လာဘ်လာဘ ပေါများပြီး စိတ်ချမ်းသာစွာဖြင့် တရားအားထုတ်ရ၍ မပင်မပန်းပဲ ရဟန္တာအဖြစ်ကို ရရှိသွားခဲ့သည်။ ဒါန မပြုခဲ့သော ရဟန်းမှာမူ ရဟန်းဘဝဖြင့် တရားအားထုတ်ရ၍ ရဟန္တာအဖြစ် ရောက်ရှိပေမင့် ဒါနပါရမီ နည်းပါးခဲ့မှုကြောင့် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသည့် ပစ္စည်းလေးပါး အလွန်နည်းပါးပြီး အခြံအရံမရှိ၊ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းဖြင့် တရားအားထုတ်ရသည်။

ထို့ကြောင့် နိဗ္ဗာန်ကို တောင့်တကြသည့် သူသူ၊ ငါငါတို့သည် နိဗ္ဗာန်အရောက် သွားရမည့် အလွန် ရှည်လျားလှသော ဘဝသံသရာတို့တွင် ဆင်းဆင်းရဲရဲဖြင့် မသွားလိုပါက ဒါနဥမင်္ဂလာအရ ပန်းတပွင့်၊ ရေတမှုတ်မှ အစ၊ ဝိဝဋ္ဋဒါန ဖြစ်အောင် လှူဒါန်းပေးကမ်းကြဖို့ အလေးထား တင်ပြရပါသည်။

# (၁၅) ဓမ္မစရိယာစ

ဓမ္မစရိယာစ မင်္ဂလာသည် (ဓမ္မ = တရား၊ စရိယာ = လိုက်နာကျင့်သုံးခြင်း)တရားတော်အတိုင်း လိုက်နာကျင့်သုံးလျှင် မင်္ဂလာထိုက်သည်ဟူသော အနက် ဆောင်လေသည်။

ကောင်းသော၊ မှန်ကန်သော၊ မှန်မြတ်သော အပြုအမူ၊ အပြော၊ အဆို၊ အလုပ် အကိုင်၊ အကြံ အစည် ဟူသမျှသည် တရားဖြစ်၏။

ထိုတရားတို့တွင် (၁) သောတာပတ္တိမဂ် (၂) သကဒါဂါမိမဂ် (၃) အနာဂါမိမဂ် နှင့် (၄) အရဟတ္တမဂ် စသည် မဂ်

လေးပါး၊ (၁) သောတာပတ္တိဖိုလ် (၂) သကဒါဂါမိဖိုလ် (၃) အနာဂါမိဖိုလ်နှင့် (၄) အရဟတ္တဖိုလ်ဟူ၍ ဖိုလ်လေးပါး ရှိသည်။ ယင်း မဂ်လေးပါး၊ ဖိုလ်လေးပါးတို့တွင် နိဗ္ဗာန်တရား ပေါင်းထည့် လိုက်လျှင် လောကုတ္တရာ တရား ကိုးပါး ဖြစ်လာ သည်။ လောကုတ္တရာတရား ကိုးပါးကို ပရိယတ္တိဓမ္မ တရားတပါး ထပ်ရောလိုက်ပြန်လျှင် ဆယ်ပါးသောတရား ဖြစ်လာသည်။

လောကုတ္တရာ တရားမြတ် ကိုးပါးကို မိမိတို့ အားထုတ်သည့် စွမ်းရည် သတ္တိအလိုက် ကိလေသာ ပယ်သတ် ထားနိုင်သော အရိယာ သူတော်၊ သူမြတ်၊ ပုဂ္ဂိုလ်ထူး တို့သာလျှင် မျက်မှောက် ကိုယ်တွေ့သိမြင်ပြီး ခံစားနိုင်သည့် တရားများဖြစ်သည်။

လောကုတ္တရာ နယ်ထဲသို့ မဆိုက်ရောက်ရသေးသော ပုထုဇဉ် ပုဂ္ဂိုလ်တို့အဖို့ ကိုယ်တွေ့မဟုတ်သေးသော လောကုတ္တရာ မဂ်လာ တရားတော်မြတ်ကို မှန်းဆပြီး အာရုံပြုရုံမှတပါး အခြားမည်ကဲ့ သို့မှ ကိုယ်တွေ့မျက်မှောက် သိမြင်ခြင်းငှာ စွမ်းနိုင်ကြမည် မဟုတ် ချေ။

သို့ရာတွင် ဓမ္မစရိယာ မဂ်လာအရ ကိုယ်တွေ့တကယ် မကျင့် နိုင်ကြသည့် တရားများကို၊ သုစရိုက်တရားဟု ခေါ်ဆိုအပ်သည့် ကုသလကမ္မပထတရားဆယ်ပါးနှင့် ပုညကြိယာဝတ္ထု ဆယ်ပါး တို့ကို လက်တွေ့ကျင့်ကြံအားထုတ်ယင်းဖြင့် လောကုတ္တရာတရား ကိုးပါးတို့ကို ရအောင် အားထုတ်နိုင်စွမ်း ရှိပါသည်။

**ကုသလကမ္မပထတရား ၁၀ ပါး** တွင် (၁) ကာယသုစရိုက် သုံးပါး (၂) ဝစီသုစရိုက် လေးပါး နှင့် (၃) မနောသုစရိုက်

သုံးပါး၊ စုစုပေါင်း ၁၀ ပါး ဖြစ်သည်။ ယင်းတရား ၁၀ ပါးတွင် **ကာယသုစရိုက်တရား သုံးပါး** ဟုဆိုအပ်သော ကိုယ်ဖြင့် ရှောင်ကြဉ်ရမည့် တရားများမှာ (၁) ပါဏာတိပါတာ ဝေရမဏီ= သူတပါးအသက်ကိုသတ်ဖြတ်ခြင်းမှရှောင်ကြဉ်ခြင်း (၂) အဒိန္နာဒါနာ ဝေရမဏီ = သူတပါးဥစ္စာတို့ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၃) ကာမေသုမိစ္ဆာစာရာ ဝေရာမဏီ = မကျူးလွန်ထိုက်သည့် မိန်းမ၊ ယောကျ်ားတို့ကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း။

**ဝစီသုစရိုက်လေးပါး** ဖြစ်သည့် နှုတ်အားဖြင့် ရှောင်ကြဉ်ရမည့် တရားများမှာ (၁) မုသာဝါဒါ ဝေရမဏီ = မဟုတ်မမှန်သော စကားများကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း (၂) ပိသုဏာဝါစာ ဝေရမဏီ = ကုန်းတိုက်၊ ကုန်းချော စကားများကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း (၃) ဖရုသဝါစာ ဝေရမဏီ = ဆဲဆိုကြမ်းတမ်းသော စကားများကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း (၄) သမ္ဖပ္ပလာပါ ဝေရမဏီ=အနှစ်သာရမရှိ၊ အချည်းနှီးစကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

**မနောသုစရိုက်သုံးပါး** ဖြစ်သည့် စိတ်ဖြင့်ကောင်းစွာ ရှောင်ကြဉ်ရမည့် တရားများမှာ (၁) အဘိဇ္ဈာ ဝေရမဏီ=သူတပါးစည်းစိမ်ဥစ္စာတို့ကို မိမိ့စည်းစိမ်ဥစ္စာ ဖြစ်စေလိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂) ဗျာပါဒါ ဝေရမဏီ = သူတပါးတို့အား ပျက်စီးစေလိုခြင်းမှ ရှောင်ကြဉ်ခြင်း (၃) မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ = မှားသော အမြင်၊ အယူအဆတို့မှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်သည်။

သုစရိုက်တရား ၁၀ ပါးတို့ကို မိမိကိုယ်တိုင် ရှောင်ကြဉ်ခြင်း၊ တပါးသူတို့အား ရှောင်ကြဉ်ရန် နိုးဆော်ခြင်း၊ တပါးသူတို့ ရှောင်ကြဉ်သည်ကို ချီးမွမ်းအားပေးခြင်း၊ တပါးသူတို့နှင့်အတူ ပူးပေါင်းရှောင်ကြဉ်ခြင်း စသည့် လေးမျိုးနှင့် သုစရိုက်တရား ၁၀ ပါးကို မြှောက်ပွားလိုက်လျှင် စုစုပေါင်း သုစရိုက်တရား ၄၀ ဖြစ်လာပေသည်။

သုစရိုက်တရား ၁၀ ပါးပြီးနောက် ပုညကြိယာဝတ္ထုတရား ၁၀ပါးကို ဆက်ပါဦးမည်။

ပုညကြိယာဝတ္ထု ၁၀ ပါးဟူသည်—

(၁) ဒါန = ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း။

(၂) သီလ = ကိုယ် နှုတ် အမူအရာတို့ကို ထိန်းသိမ်းခြင်း။

(၃) ဘာဝနာ = စိတ် တည်ကြည်အောင် သမထ တရား ၄၀ တို့တွင် ကမ္မဋ္ဌာန်း တခုခုကို ဖြစ်စေ၊ ဝိပဿနာတရား ဖြစ်သည့် သတိပဋ္ဌာန်တရား၊ ရုပ်နာမ် သင်္ခါရတရားတို့ အပေါ်မှာ ဖြစ်စေ စိတ်ကို အလုပ်ပေးပြီး အဖန်တလဲလဲ ဉာဏ်ပညာပွားများရခြင်း။

(၄) အပစာယန = ရတနာ သုံးပါး၊ အမိ၊ အဖ၊ ဆရာသမား၊အသက် သိက္ခာ ဂုဏ်ကြီးသူတို့ကို အရိုအသေပြုခြင်း။

(၅) ဝေယျာဝစ္စ=ရတနာသုံးပါး၊ အမိအဖ၊ဆရာသမား၊ အသက်သိက္ခာ ဂုဏ်ကြီးမြင့်သူတို့၏ အမှုကြီးငယ်ကိစ္စများကို ဆောင်ရွက်ပေးခြင်း။

(၆) ပတ္တိဒါန=မိမိပြုလုပ်ပြီးစီးသည့် ကုသိုလ်များကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် တပါးသူတို့အား အမျှပေးဝေခြင်း။

(၇) ပတ္တာနုမောဒန=သူတပါးတို့ ပြုလုပ် ပြီးစီးသည့် ကုသိုလ်ကောင်းမှုများကို မိမိက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆိုခြင်း။

(၈) ဓမ္မဿဝန=တရားနာခြင်း၊စာဖတ်ခြင်း၊ စာပြန်ခြင်း၊ စာအံခြင်း။

(၉) ဓမ္မဒေသနာ= ကြော်ကြားလိုမှု၊ လာဘ် လာဘရလိုမှု တို့ကို မငဲ့ပဲ စေတနာ သန့် သန့်ဖြင့် တရားဟောခြင်း၊စာသင်ပေးခြင်း။

(၁၀) ဒိဋ္ဌိဇုကမ္မ=ဗုဒ္ဓမြတ်စွာဘုရားသခင်၏လမ်းစဉ်အတိုင်း တသွေမတိမ်း ဖြောင့်မှန်သည့် အယူဝါဒတို့ ရှိရခြင်းစသည်ဖြင့် ၁၀ ပါးသော တရား ဖြစ်ပါသည်။

တင်ပြခဲ့သည့် ပုညကြိယာဝတ္ထု ၁၀ ပါးကို တူရာအချင်းချင်း ပေါင်းစပ်လိုက်လျှင် (၁) ပတ္တိဒါန၊ (၂) ပတ္တာနုမောဒန၊ (၃) ဒိဋ္ဌိဇုကမ္မစသည့် ဒါနတရားများ ရရှိလာပါသည်။

ထိုမှ (၁) အပစာယန၊(၂) ဝေယျာဝစ္စ၊ (၃) ဒိဋ္ဌိဇုကမ္မ ပေါင်းလျှင် သီလတရားများ ဖြစ်လာပါသည်။

ထိုမှ (၁) ဓမ္မဿဝန၊ (၂) ဓမ္မဒေသနာ၊ (၃) ဒိဋ္ဌိဇုကမ္မ ပေါင်းလျှင် ဘာဝနာ တရားများ 'ဖြစ်လာသဖြင့် ဒါန၊သီလ၊

ဘာဝနာ တရားသုံးပါးဟူ၍ တနည်းအားဖြင့် ခေါ်ဆိုကြပေသည်။

ဒါန၊ သီလ၊ ဘာဝနာတို့တွင် ဒိဋ္ဌိဇုကမ္မသည် နေရာတိုင်း၌ ပါဝင်နေသည့်အတွက် သမ္မာဒိဋ္ဌိအယူသို့ ရောက်ရှိနိုင်ရန် မိစ္ဆာဒိဋ္ဌိအယူများကို သိဖို့လိုအပ်လှပါသည်။

မင်္ဂလာမှာ- ဆယ်၊ စကြာမှာ-ရာ၊ ဘုရားမှာ- ထောင်၊ ကမ္ဘာမှာ-သိန်း ဆိုသည့်အတိုင်း စကြာမင်းပေါ်တော့မည် ဆိုလျှင် နှစ်ပေါင်း ၁၀၀ ရာက ကြိုတင်၍ ကောလာဟလ သတင်းများ ဖြစ်ပွားလာခဲ့သည်။ထိုနည်းအတူ ဘုရားပွင့်တော်မူမည်ဆိုလျှင် နှစ်ပေါင်း ၁၀၀၀ က တင်ကြို၍ ကောလာဟလ သတင်းများ ဖြစ်ပေါ်လာခဲ့သည်။အလားတူ မီး၊ရေ၊လေတို့ဖြင့် ကမ္ဘာကြီး ပျက်စီးကိန်း ကြုံလာပြန်လည်း နှစ်ပေါင်းတသိန်းက ကြိုတင်၍ ကောလာဟလ သတင်းပျံ့ခဲ့ရပြန်သည်။ ကမ္ဘာကြီး ပျက်စီးတော့မည်ဟူသော ကောလာဟာလ သတင်းပျံ့နှံ့သည်နှင့် လူသားတို့သည် အလွန်ကြောက်လန့်ကာ သီလမြဲလာကြသည်။

ယင်းဆိုရိုးစကားအရ ဘုရားပွင့်တော်မူမည်ဟု ကောလာ ဟလ သတင်းဖြစ်သည်နှင့် လူတို့သည် ဘုရားကို တောင့်တ မျှော်လင့်ကြလေသည်။

ဤအချိန်တွင် ဘုရားတု၊ ဘုရားယောင်တို့သည် ဒုန္နင့်ဒေး ဆိုဘိသို့ အရှိုအရှို ပေါ်လာကြသည်။ ပေါ်လာကြသူတို့မှာ....

(၁) အစိတ ဆရာကြီး။

(၂) မက္ခလိဂေါသာလ ဆရာကြီး။

(၃) ပူရဏကဿပ ဆရာကြီး။

(၄) ပကုဓကစ္စာယန ဆရာကြီး။

(၅) နိဂဏ္ဌနာဋပုတ္တဆရာကြီး။

(၆) သဥ္စယ (သိဥ္စည်း)ဆရာကြီး။

စသည့် တတ္တိကြီးများ ဖြစ်သည်။ ထိုတတ္တိကြီးများသည် အကျွန်ုပ်တို့၏ ဂေါတမဘုရားသခင်နှင့် စင်ပြိုင် ပေါ်လာကြသောတတ္တိကြီးများ ဖြစ်ကြသည်။

ဆံကေသာ လက်လေးသစ် မုတ်ဆိတ်မွေး ဗလပြစ်နှင့် တာတေလံအကျင့်ဆိုးသည့် တိတ္ထိကြီးများနှင့်ရေငုပ်၊ တုံးခုန်၊မီးလှုံ၊ ဇယ်ခတ်၊ စားချင်လျှင် မခက်ခဲပါဘူး၊ ကြက်၊ဘဲကို သတ်ပြသည့်သူတို့၏ အယူကို ဤနေရာတွင် အနည်းငယ် ရှင်းလင်းတင်ပြပါမည်။

ဂေါတမ ဘုရား သခင်၏ လမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော မိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒမှာ အမျိုးပေါင်း ၆၂ မျိုးရှိသည်။ ယင်းအနက်မှ အကြီးဆုံး မိစ္ဆာဒိဋ္ဌိ သုံးမျိုးကို တင်ပြပါမည်။

(၁) နတ္ထိကဒိဋ္ဌိ = ကုသိုလ်ကံ၏ ကောင်းကျိုးသည် ကေန်မရှိ၊ အကုသိုလ်ကံ၏ မကောင်းကျိုးသည်လည်း ကေန်မရဟု ဆိုသည့် ကောင်းကျိုး၊ ဆိုးကျိုးတို့ကို တားမြစ်သောအယူဝါဒ ဖြစ်သည်။ သေသည်၏ အခြားမဲ့၌ ဘာမျှမဖြစ်၊ ပြီးသည်၊ ပြတ်သည် ဟူသော အယူကို လက်ကိုင်ထားသည့်အတွက် ဥစ္ဆေဒဒိဋ္ဌိ

ဖြင့် မလွတ်ကင်းနိုင်ပေ။ ထိုအယူဝါဒကို ဆံပင်တို့ဖြင့် ရက်လုပ်ထားသော အဝတ်ကိုသာ ဆင်မြန်းသည့် "အဇိတ" ဒိဋ္ဌိ ဆရာ၏ အယူဝါဒဖြစ်သည်။ ထိုကဲ့သို့ အယူလွဲမှားမှုကြောင့် ယခုအခါ အဝီစိငရဲ၌ ကျရောက်ခံစားနေရတုန်းပင်ရှိသည်။

(၂) အဟေတုကဒိဋ္ဌိ = သတ္တဝါ ဟူသမျှ သူ့ အလိုအလျောက် ဘာသိဘာသာ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ စင်ကြယ်ဖို့ရော၊ ညစ်နွမ်းဖို့ရော မည်သည့် အကြောင်းမျှမရှိ။ အကြောင်းမရှိပဲ သတ္တဝါတို့သည် စင်ကြယ်နေသည်၊ ညစ်နွမ်းနေကြသည်ဟူသော အကြောင်းကို တားမြစ်သည့် အယူဝါဒဖြစ်သည်။ ထိုအယူကို မက္ခလိဂေါသာလ တိတ္ထိ ဆရာ၏ အယူပင်ဖြစ်သည်။ ထိုကဲ့သို့ အယူ လွဲမှားမှုကြောင့် ယခုအခါ ထိုဒိဋ္ဌိကြီးမှာ အဝီစိငရဲ၌ ခံရဆဲ ဖြစ်သည်။

(၃) အကြိယဒိဋ္ဌိ = ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသည် မရှိ၊ ပြုလုပ်ဖို့ရန်လည်းမလိုဟူသည့် ကံတရားကိုတားမြစ်ပယ်ရှားသည့် အကြောင်းအကျိုးနှင့်မျိုးစလုံးကို ပယ်ရှားသည့်အယူဝါဒဖြစ်သည်။ ထိုအယူကို သူ့ကိုယ်သူ ဘုရားအမည်ခံယူထားသည့် "ပူရဏကဿပ" တိတ္ထိကြီး၏ အယူဝါဒဖြစ်သည်။ အယူလွဲမှားမှုကြောင့် ထိုဆရာသည် အဝီစိငရဲ၌ ခံစားလျက်ပင်ရှိနေပေသည်။

ဖော်ပြခဲ့သည့် မိစ္ဆာဒိဋ္ဌိ အယူမှားများကို ယနေ့ လူသားတို့ကျင့်သုံးကြမည်ဆိုလျှင် ငရဲသွားဖို့ရာသာ ကြိုတင်ပြီး စရံရိုက်ထားကြပါ၏ဟူ၍ တင်ပြလိုက်ပါသည်။

စပယ်ဦးစာပေ

မကောင်းသော၊ ယုတ်သော အယူမှားများကို တင်ပြပြီးသည့်နောက် ကောင်းသော၊ မှန်ကန်သော၊ မွန်မြတ်သော ဓမ္မစရိယာမင်္ဂလာတရားတော်အတိုင်း လိုက်နာကျင့်သုံး နေထိုင်ကြမည်ဆိုလျှင် (၁) တရားဖြင့်ပြည့်စုံသူဖြစ်၍ လူတကာ၏ကြည်ညိုလေးစားမှုကိုခံရခြင်း၊ (၂)ရဟန်း၊ ရှင်၊လူ အများထု၏အလယ်တွင် မျက်နှာ ပွင့်လန်းခြင်း၊ (၃) စားသောက် နေထိုင်မှု၌ လော်လီမှုကင်းပြီး ပစ္စည်းဥစ္စာ မဆုတ်ယုတ်ခြင်း၊ (၄) တရားသော နည်းလမ်းဖြင့် ရသင့်ရထိုက်သော လောက အခွင့်အရေး၊ သံသရာအခွင့်အရေးများကို ရရှိခံစားနိုင်ခြင်း၊ (၅) ပစ္စုပ္ပန်သံသရာနှစ်ဌာနတို့တွင် ဒုက္ခ အမျိုးမျိုး ကင်းဝေးပြီး ချမ်းသာသုခ ဖြစ်သော မင်္ဂိုလ်နိဗ္ဗာန်အကျိုးများကို ခံစားရခြင်း စသည့်အကျိုးထူး၊ အကျိုးမြတ်များကို ခံစားကြရမည် ဖြစ်ပေသည်။

ဘုရားသခင်သက်တော်ထင်ရှားရှိစဉ်က နှစ်ဦးသော ညီတော်နောင်တော်တို့သည် လမ်းခရီး၌ပင် မွေးဖွားကြသူများ ဖြစ်၍ အကြီးဖြစ်သူကို "မဟာပန္ထက၊ အငယ်ဖြစ်သူကို စူဠပန္ထက" ဟူ၍ သူတို့၏ မိဖတို့က အမည်ပေးခဲ့ကြသည်။

အချိန်တန် အရွယ်ရောက်ပြီးသည့်နောက် မဟာပန္ထကသည် ရဟန်းပြု၍ တရားအားထုတ်ခဲ့ရာ ပဋိသမ္ဘိဒါ လေးပါးဖြင့်ပြည့်စုံသော ရဟန္တာတဆူဖြစ်သွားလေသည်။ ညီဖြစ်သူစူဠပန္ထကကိုလည်း သူ့ကဲ့သို့ ရဟန္တာဖြစ်စေလိုသော ဆန္ဒဖြင့် ရှင်ပြုစေပြီး ဘုရားသခင်၏ ဂုဏ်တော်များကို အာရုံပြု ပူဇော် စေသည့် လေးပါဒရှိသော ဂါထာတပိုဒ်ကို အရ ကျက်စေသည်။

ယင်းလေးပါဒဂါထာဘာပိုဒ်ကို လေးလတိုင်တိုင် ကျက်မှတ် မရနိုင်ဖြစ်နေသော စူဠပန္ထကခေါ် ရှင်စူဠပန်အား အကိုဖြစ်သူက သာသနာနှင့် မတန်ဟုဆိုကာ ကျောင်းမှ နှင်ထုတ်လေသည်။ အကိုဖြစ်သူ၏ နှင်ထုတ်ခြင်းကို ခံရသော ညီဖြစ်သူ ရှင်စူဠပန်မှာ တံခါးမုခ်ဝတွင်ရပ်ပြီး ငိုကြွေးရှာလေသည်။ ထိုအဖြစ်ကို ဘုရားသခင် သိတော်မူသည်နှင့် ရှင်စူဠပန်ရှိရာသို့ ကြွလာတော်မူပြီး ကျောင်းထဲသို့ ခေါ်ဆောင်သွားလေသည်။

ရှင်စူဠပန်၏ အတိတ်ကို သိတော်မူသော ဘုရားသခင်သည် တန်ခိုးတော်ဖြင့် စင်ကြယ်သော တဝတ်ပိုင်းတခုကို ဖန်ဆင်းကာ စူဠပန်အား "ချစ်သား....(ရဇော ဟရဏံ)မြူကိုဆောင်ခြင်း....လို့ အဖန်ဖန်တလဲလဲနှုတ်မှသရဇ္ဈာယ်ယင်း ဒီအဝတ်ပိုင်းကို ဆုပ်နယ်ပေတော့" လို့ဆိုပြီး ရှင်စူဠပန်အား အပ်နှင်းလိုက်သည်။

ထိုအချိန်မှာပင် ဆရာဇီဝက၏ ပင့်လျှောက်ချက်အရ ဘုရားသခင်နှင့် နောက်ပါ သံဃာငါးရာတို့သည် ဆွမ်းဘုဉ်းပေးရန် ရှိနေသဖြင့် ရှင်စူဠပန် တပါးတည်းသာ ကျောင်း၌ ကျန်ရစ်ချန်ထားခဲ့ပြီး ဆရာဇီဝကအိမ်သို့ ကြွသွားတော် မူလေသည်။

ဘုရားသခင်နှင့်တကွ သံဃာတော်အားလုံး ဆွမ်းဘုဉ်းပေးရန် ကြွနေချိန်တွင် ရှင်စူဠပန်သည် ဘုရားသခင် မိန့်မှာသည့်အတိုင်း ဝတ်ပိုင်းကလေးကို ဆုပ်နယ်နေရာမှ အနိစ္စသညာထင်လာသည်။ ထိုမှ မဂ်အဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့်တက်ကာ ပဋိသမ္ဘိဒါလေးပါး၊အဘိညာဉ်ခြောက်ပါးဖြင့် ပြည့်စုံသော ရဟန္တာတဆူဖြစ်သွားလေသည်။

ဆရာဇီဝကအိမ်တွင် ဆွမ်းစားရန် ရောက်ရှိနေသော ဘုရားသခင်သည် တရားဟော ရေစက်ချပြီးသည့် အဆုံး၌ ယာဂုယက်မန်းရည်လာရောက်ကပ်လှူသည့် သပိတ်တော်ကို လက်တော်ဖြင့် ပိတ်ထားသဖြင့် ဆရာဇီဝက က မေးလျှောက်လေသည်။

ဤတွင် ဘုရားသခင်က ကျောင်း၌ ကျန်ရစ်ခဲ့သည့် အရှင်စူဠပန်ကို အမြန်သွား၍ ဆွမ်းဘုဥ်းပေးရန် ပင့်စေပါသည်။

အရှင်စူဠပန်သည် ကျောင်း၌ သူ တပါးတည်းရှိနေစဉ် သူ၏တန်ခိုးတော်ဖြင့် ကိုယ်ခွဲပေါင်းတထောင် ဖန်ဆင်းပြီးရှိနေချိန် ဆရာဇီဝက အပင့်လွှတ်လိုက်သော တပည့်တဦး ရောက်ရှိလာလေသည်။ တပည့်လည်း တကျောင်းလုံး သံဃာတော်များဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်ရသောအခါ မည်သူသည် ရှင်စူဠပန်ဟူ၍ သိနိုင်စွမ်း မရှိတော့ပဲ အပင့်ခက်ကာ ဆရာဇီဝကထံ ပြန်ပြေးလေသည်။

ထိုအကြောင်းကို ဘုရားသခင်အား ပြန်လည်လျှောက်ထားရာ အဦးဦးဆုံးတွေ့ရသည့် ရဟန်း၏ သင်္ကန်းကိုကိုင်ပြီး "အရှင်ဘုရား၊ ဘုရားသခင် ခေါ်တော်မူသည်"ဟူ၍ လျှောက်ချေဟု စေခိုင်းတော် မူပြန်သည်။ဤတွင် ဆရာဇီဝက၏ တပည့်လည်း ကျောင်းသို့ တဖန် လာရောက်ပြန်ကာ မှာကြားသည့်အတိုင်း ပင့်ဆောင်ရာ အရှင်စူဠပန် ဖန်ဆင်းထားသည့် နိမ္မိတ ရဟန်းပွားများ ပျောက်ကွယ်ကာ အရှင်စူဠပန်တပါးတည်းသာဆွမ်းစာ ကြွသွားလေသည်။

အရှင်စူဠပန်သည် နောင်တော် မဟာပန် (မဟာပန္ထက) သင်ပြသည့် လေးပါဒဂါထာကို လေးလတိုင်တိုင် ကျက်မှတ်၍

မရစေကာမူ ဘုရားသခင်၏ ဆုံးမချက်ကို လေးလေးစားစား ကြိုးပမ်းပြီး အားထုတ်ခဲ့သည့်အတွက် တရားစောင့်သူကို တရားက ပြန်စောင့်ဆိုဘိသို့ ရဟန္တာတဆူ ဖြစ်လာရပေသည်။ ထိုမျှသာမကပဲ ဖန်ဆင်းနိုင်သည့် တန်ခိုးအရာတွင်ထူးချွန်သည့်အတွက် ဧဟဒဂ်ဆုထူးကိုပါ ရရှိခဲ့ပေသည်။

ထို့ကြောင့် တရားစောင့်သူကို တရားက ပြန်စောင့်ရှောက်သည်ဖြစ်၍ တရားနှင့်အညီ ကျင့်ကြံနေထိုင်ဖို့ တိုက်တွန်းအပ်ပေသည်။

# (၁၆) ဉာတကာနုဂ္ဂဟသင်္ဂဟော

ဉာတကာနုဂ္ဂဟသင်္ဂဟမင်္ဂလာသည် (ဉာတကာ=အဆွေအမျိုး များ၊ သင်္ဂဟ=ချီးမြှောက်ထောက်ပံ့ခြင်း) အဆွေအမျိုးတို့ကို ချီးမြှောက် ထောက်ပံ့ ကူညီစောင့်ရှောက်ပါဟူသော အဓိပ္ပာယ် ကို ဆောင်ယူပါသည်။

ဆွေမျိုးဟူသည် အမိဘက်မှ တော်စပ်သောဆွေမျိုး၊ အဖ ဘက်မှ တော်စပ်သော ဆွေမျိုး၊ လောက ဆွေမျိုး၊ ရာဇဝင် ဆွေမျိုး၊တနည်းမဟုတ် တနည်းနည်းဖြင့် တော်စပ်သောဆွေမျိုး စသဖြင့် အဘက်ဘက်မှ တော်စပ်၍ရသည့် ဆွေမျိုး အများ အပြား ရှိသည်။

တနည်းအားဖြင့် အဖဘက်မှ ဆွေခုနစ်ဆက်၊ အမိဘက်မှ ဆွေခုနစ်ဆက် တော်စပ်ကြသည့် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် တို့မှာလည်း ဆွေမျိုးများပင် ဖြစ်သည်။

လောကဆွေမျိုးသည် မိမိနှင့်အတူ နီးနီးကပ်ကပ် သွေးချင်းသားချင်းကဲ့သို့ တဦးနှင့်တဦး အတွင်းဝင် အပြင်ထွက် ခင်ခင်မင်မင်၊ ကြင်ကြင်နာနာ၊ ယုံကြည်စိတ်ချစွာ ပေါင်းသင်းနေထိုင်ကြသည့် မိတ်ဆွေများမှာ လောကဆွေမျိုး ဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြသည့် မြန်မာ၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ရခိုင်၊ ကယား၊ နာဂ စသော တိုင်းရင်းဖွား ညီအစ်ကို မောင်နှမများသည် တမြေထဲနေ၊ တရေတည်းသောက်၊ တပြည်ထဲ အတူတကွ ပေါင်းသင်း နေထိုင်ကြသူများ ဖြစ်သဖြင့် ရာဇဝင်ဆွေမျိုးများဖြစ်သည်။ ထို့ပြင် တရင်းတနှီး၊ တဦးကိုတဦး၊ လူမှုရေးအရ၊ စီးပွားရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ အပြန်အလှန် ကူညီယိုင်းပင်းကြသော ကမ္ဘာအဝှန်းရှိ နိုင်ငံများမှ ထိုထိုသော လူမျိုးတို့နှင့်လည်း ဉာတကာနဋ္ဌ သင်္ဂဟ မင်္ဂလာအရ ပေါဝင်သင့်၊ ပေါဝင်ထိုက်သည့် ရာဇဝင် ဆွေမျိုးများပင်ဖြစ်သည်။

ဆွေမျိုးများဟူ၍ ခြုံငုံကာ ဖွင့်ဆိုသော်လည်း ဆွေမျိုးအစစ်နှင့် ဆွေမျိုးအတုဟူ၍ နှစ်မျိုးရှိသည်။ ကိုယ်၏ စောင်မခြင်းဖြစ်သည့် ကာယကံမြောက် မေတ္တာစိတ် မရှိသူများ၊ နှုတ်၏ စောင်မခြင်းဖြစ်သည့် ဝစီကံမြောက် မေတ္တာစိတ် မရှိသူများ၊ စိတ်ဖြင့် စွဲမြဲစွာချစ်ကြည်ခြင်းဖြစ်သည့် မနောကံမြောက် မေတ္တာစိတ် မရှိသူများသည် စစ်မှန်သောဆွေမျိုးများ မဟုတ်ကြပေ။

ဆွေမျိုးသားချင်းများအပေါ် မိမိကဲ့သို့ တကယ့်စစ်မှန်သော မေတ္တာ၊ စေတနာ၊ ကိုယ်၊စိတ်၊ နှလုံး သုံးပါးစလုံးဖြင့် ဝမ်းသာအယ်လဲ၊ လှိုက်လှိုက်လှဲလှဲ ကြည့်ရှုစောင်မခြင်းသည်သာ ဆွေမျိုးအစစ်ဖြစ်သည်။

အမိ၊ အဖ၊ ဘိုးဘွား၊ စဉ်ဆက်အလိုက် သွေးတော်၍၊ သွေးစပ်၍ ဆွေမျိုးအမှန် ဖြစ်သော်လည်း လူ့မျက်နှာထက် ရွှေ ငွေမျက်နှာကိုသာ ပိုပြီးအလေးထားလာကြသော ယနေ့မျက်မှောက်ခေတ်တွင် တကယ့် ဆွေမျိုးအစစ်သည် အတု ဖြစ်လာနိုင်ပြီး၊ ဆွေမျိုးအတုကလည်း ဆွေမျိုးအစစ် ဖြစ်လာနိုင်သည့် သာဓကများမှာ ဒုနှင့်ဒေးပင်ဖြစ်သည်။

ဉာတကာနဉ္စ သင်္ဂဟ မင်္ဂလာဖြင့် ကိုက်ညီသော ဆွေမျိုးများဟူသည် သင်္ဂဟတရား လေးပါးဖြင့် ညီမှသာ ဆွေမျိုးစစ်၊ ဆွေမျိုးမှန် ဖြစ်ပေသည်။

သင်္ဂဟတရား လေးပါးတွင်....

(၁) ဒါနသင်္ဂဟ၊ (၂) ပိယသင်္ဂဟ၊ (၃) အတ္ထသင်္ဂဟ၊ (၄) သမာနတ္တ သင်္ဂဟ ဟူ၍ လေးပါးရှိသည်။

ဒါနသင်္ဂဟ= မိမိစွမ်းအားရှိသ၍ ညီ၊ အစ်ကို၊ မောင်၊ နှမ၊ ဦးလေး၊ ဒေါ်ဒေါ် သားချင်းများမှစ၍ ရပ်ဆွေ၊ ရပ်မျိုး၊ အပေါင်း၊ အဖော်၊ မိတ်သင်္ဂဟ ဟူသမျှတို့ကို ရွှေ ငွေ ပစ္စည်းဥစ္စာတို့ဖြင့် လည်းကောင်း အစားအစာ၊ အဝတ်၊ နေရာအိမ်တို့ဖြင့်လည်းကောင်း ချီးမြှောက်ထောက်ပံ့၊ ပေးကမ်း စွန့်ကြဲခြင်းသည် ဒါနသင်္ဂဟ မည်၏။

ပိယသင်္ဂဟ= ကောက်ကျစ် စဉ်းလဲလိုသော စိတ်မရှိဲဖြောင့်မတ် တည်ကြည် သာယာ ညှင်းပြောင်း၊ ချိုသာစွာဖြင့် ချစ်ဖွယ်ရာစကားတို့ကို ပြောကြားခြင်းသည် ပိယသင်္ဂဟမည်၏။

အတ္ထသင်္ဂဟ= ပညာ၊ကျန်းမာ၊ စီးပွားရေးဖက်တို့၌ အကျိုးဖြစ်ထွန်းစေရန် ရွှေဆောင်လမ်းပြ၊ ညွှန်ကြားခြင်းသည် အတ္ထသင်္ဂဟမည်၏။

သမာနတ္တ သင်္ဂဟ=လူမှုကိစ္စ အဝဝ အထွေထွေတို့တွင် မိမိနှင့် အတူ ပူးပေါင်းပြီး ထပ်တူထပ်မျှ အကျိုးစီးပွားများကို ဆောင်ရွက်ခြင်းသည် သမာနတ္တ သင်္ဂဟ မည်၏။

အချို့ အချို့သော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဆွေမျိုးသားချင်းများကို ချီးမြှင့်ထောက်ပံ့ရန် နှမြောတွန့်တို တတ်ကြသည်။အမှန်စင်စစ် ပါရမီ ဖြည့်ကျင့်ကြသည့် ဘုရားအလောင်းတော်များပင် စရိယ သုံးပါးအနက် (ဗုဒ္ဓတ္ထစရိယ၊ ဉာတတ္ထစရိယ၊ လောကတ္ထစရိယ)ဉာတတ္ထစရိယကို ဆွေမျိုး သားချင်းများအ တွက် ကျင့်ကြံအားထုတ်ကြရသည်။

ထိုကဲ့သို့ ဘုရားသခင်မြတ်တို့ကိုယ်တိုင်ပင် အဆွေ၊ အမျိုးတို့အတွက် လမ်းစဉ်တခုအဖြစ် ချမှတ်ကျင့်သုံးခဲ့လျှင် လူပုဂ္ဂိုလ်တို့အတွက် မိ မိ တို့ ၏ အ ဆွေ အ မျိုး များ အား ချီး မြှောက်ထောက်ပံ့ရန် ဝန်မလေးသင့်ပေ။

ထို့ကြောင့် ဆွေ မျိုး သား ချင်း တို့ မိ မိ တို့ အချင်းချင်း ကျွန်းကိုင်းမှီ၊ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ ဥမကွဲ သိုက်မပျက် တစည်းတလုံးတည်း ညီညွတ်မှု ရရှိနိုင်ရန်....

(၁) သွေးချင်း၊ သားချင်းတို့ အချင်းချင်း၊ ချစ်မှု၊ ခင်မှု၊ ကြင်နာမှု ရှိရပါမည်။

(၂) သွေးချင်း သားချင်းထဲက တဦး တယောက်သောသူ အတိဒုက္ခ ရောက်နေပါလျှင် ကျန်လူများက တဆုပ်တလက် ဆိုဘိသို့ ဝိုင်းဝန်း ကူညီနိုင်မှု ရှိရပါမည်။

(၃) အကူအညီ ခံရသူဘိုကလည်း ကျေးတုံ့ ကျေးလည့်၊ မွေးဘုံ့ မွေးလည့် ဆိုစကားအရ ဝိုင်းဝန်း ကူညီကြသူများအား တုံ့ပြန်ကူညီနိုင်ရပါမည်။

(၄) အမျိုးထိက မချိအောင် နာတတ်သော စိတ်ထားမျိုး ရှိနိုင်ရပါမည်။

(၅) မျိုးတူ၊ ဇာတ်တူ၊ သွေးစပ်သူတို့ကို ဆွေမျိုးဉာတိဟူ၍ အသိရှိနိုင်ရပါမည်။

သို့မှသာလျှင် ဉာတကာနဥမင်္ဂလာဖြင့် ပြည့်စုံနိုင်မည် ဖြစ်ပါသည်။

ဖော်ပြခဲ့သည့် သင်္ဂဟ တရားများကို လူသားများပင် မဆိုထားဘိ အဟိတ်တိရစ္ဆာန်များပင် ဇာတ်တူအပေါင်းအသင်းဖြစ်သည့် တိရစ္ဆာန် အချင်းချင်း ကူညီစောင့်ရှောက် ခဲ့ကြသည်မှာ နိပါတ်တော်များက ညွှန်ပြလျက်ရှိပါသည်။

ဂေါတမဘုရား အလောင်းတော် ငါးမင်း ဖြစ်ခဲ့စဉ်ဘဝက သူတို့နေထိုင်ရာရေအိုင်မှာ နွေဒဏ်ကြောင့်ရေခန်းခြောက်ခဲ့သည်။ ဤတွင် စွန်ရဲ၊ကျီး၊ လင်းတ၊ ဗျိုင်း စသည့် ငှက်ပေါင်းစုံတို့သည် ထိုးသုတ်စားသောက်ကြလေရာ မကြည့်နိုင်၊ မမြင်ရက် ဖြစ်သော ဘုရားအလောင်းတော် ငါးမင်းမှာ သစ္စာပြုရလေသည်။ ငါးမင်း၏ သစ္စာတန်ခိုးတော်ကြောင့် မိုးဖြိုင်ဖြိုင်ရွာသွန်း၍ ဆွေမျိုးအပေါင်းတို့မှာ အသက်ဘေးမှ ချမ်းသာရာ ရခဲ့ဘူးသည်။

ယခု တင်ပြခဲ့သည့် နိပါတ်တော်သည် ဘုရားအလောင်း ငါးမင်း ဘဝက အဖြစ်အပျက်တခုဖြစ်သည်။ အလောင်းတော်ဘဝမှ ဘုရားသခင် ဖြစ်လာသည့်အခါ သွေးချောင်းစီးမည့် ဆွေမျိုးအချင်းချင်းတို့၏ ရန်ပွဲကို တရားရေအေး တိုက်ကျွေးခဲ့ခြင်းဖြင့် ငြိမ်းအေးပြေငြိမ်းသွားရသည့်သာဓက တခုကိုလည်း တင်ပြပါဦးမည်။

ကပိလမြို့တွင် နေထိုင်ကြသည့် ဘုရားသခင်၏ ဆွေတော်မျိုးတော်တို့သည် ရောဟိနီမြစ်ရေကို အကြောင်းပြု၍ တဘက်

နှင့်တဘက် စစ်ခင်းရန် တာစူလျက် ရှိသည်။ ထိုအကြောင်းကို ဘုရားသခင်သည် သိတော်မူသည့်အခါ ဆွေးချောင်းစီးမည့်ဘေး တားမှ တော်လေမည်ဟု အကြံပြုပြီး တပါးတည်း ကြွလာတော်မူသည်။ ထိုသို့ ကြွလာတော်မူပြီးနောက် နှစ်ဘက် စစ်သည်တို့၏ အလယ် ကောင်းကင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူသည်။

ထိုအချိန်တွင် တဘက်နှင့်တဘက် ရန်ငြိုးကြီးစွာ စစ်ပြုရန် တာစူနေသော တဘက်လျှင် ၂၅၀ စီ ပါသည့် စစ်သည်တော်တို့သည် ဘုရားသခင် ယခုကဲ့သို့ ကြွလာသည်ကို မြင်တွေ့ကြရလေလျှင် တအံ့တသြဖြစ်ကာ ပါလာသော လက်နက်များကို အသီးသီးချသွားပြီး ဘုရားသခင်အား မော်ဖူးလျက်နေသည်။

ထိုအခါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဆွေတော် အမျိုးတော်တို့အား "ဘာမဟုတ်တဲ့ ရေကလေးအတွက် အဖိုးမဖြတ်နိုင်တဲ့ မင်းတို့ရဲ့ အသက်တွေကို ဘာ့ကြောင့် ဖျက်ဆီးကြရမလဲ" ဤသို့ အပြစ်တင်တော်မူပြီးနောက် မန္ဒနဇာတ်၊ ပဒေဝီဥန္ဒြိယဇာတ်၊ လဋုကိကဇာတ်၊ ရုက္ခဓမ္မဇာတ်နှင့် အတ္တဒဏ္ဍသုတ်ကို ဟောကြားတော်မူရာ စစ်သည်တော်တို့ သတိသံဝေဂ ရလာကြပြီး ဘုရားသခင်၏ ထံတော်၌ပင် ရဟန်းပြုတော်မူကြသည်။ ရဟန်းပြုပြီး မကြာမီမှာပင် မင်းသား ၅၀၀ မှာ ရဟန္တာအဖြစ်သို့ ရောက်ရှိကြလေသည်။

ထို့ကြောင့် အရေးကြီးက သွေးနီး၍ ပြည်ထောင်စုဖွား အချင်းချင်း ယှိုင်းပင်း ကူညီကာ စည်းလုံးညီညွတ်ကြမည်ဆိုလျှင် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ကြီးသည် သာယာအေးချမ်း ဆွတ်ပျံ့ဖွယ်ရာရှိမည်။ ဉာတကာနဥမင်္ဂလာဖြင့်လည်း ပြည့်စုံလာနိုင်မည် ဖြစ်သည်။

# (၁၇) အနဝဇ္ဇာနိ ကမ္မာနိ

အနဝဇ္ဇာနိကမ္မာနိ မင်္ဂလာသည် (အနဝဇ္ဇာ = အပြစ်ကင်းသော၊ ကမ္မ=အမှုအလုပ်) အပြစ်ကင်းသော အမှုကိစ္စ မှန်သမျှ ပြုလုပ်လျှင် ကုသိုလ်ထိုက်သည်ဟု ဖွင့်ဆိုသည်။

(အတ္တဟိတ) ကိုယ့်အကျိုးအတွက်ပဲပြုပြု၊ (ပရဟိတ)အများအကျိုးစီးပွားအတွက်ပဲပြုပြု၊ မည်သည့်အမှုကိုပဲပြုပြု အပြစ်ကင်းအောင် စိတ်ထားတတ်ဖို့မှာ အရေးကြီးလှသည်။

အပြစ်ကင်းအောင် စိတ်ထားတတ်ရန်မှာ—

(၁) ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့ကို တတ်နိုင်သမျှ စောင့်ထိန်းဖို့ လိုအပ်ပါသည်။

(၂) ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးတို့၏အမှုကိစ္စအထွေထွေကို ဆောင်ရွက်ဖို့ လိုပါသည်။

(၃) ရှိသေလေးစားထိုက်သူတို့၏ အမှုကိစ္စကြီးငယ် မှန်သမျှအကူအညီပေးဖို့လိုပါသည်။

(၄) လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ ကစားကွင်း၊ တည်းခိုရန်စရပ်၊ ရေချမ်း

စင်စသည်တို့ကို အများအကျိုးအတွက် ဆောက်လုပ် လှူဒါန်း နိုင်ကြဖို့လိုပါသည်။

(၅) ထိုသို့ဆောက်လုပ် လှူဒါန်းပြီးနောက် အများ သူငါ စိတ်လန်းဆန်းရန် ဥယျာဉ်၊ ပန်းခြံ တည်ဆောက်ဖို့လည်း လိုပါ သည်။

(၆) ထို့ပြင် တိုင်းပြည်၊ မြို့ရွာ စည်ပင်သာယာလာအောင် မိမိတတ်နိုင်သည့်ဘက်မှ ငွေအားဖြင့် ဖြစ်စေ၊ လူအားဖြင့် ဖြစ်စေ ကူညီလုပ်ကိုင်တတ်သည့် အလုပ်မျိုးသည် သန့်ရှင်းစင်ကြယ် ပြီး အပြစ်ကင်းသည့် အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ ဖြစ်ပေသည်။

သို့ရာတွင် အချို့သော ပုဂ္ဂိုလ်တို့သည် အပြစ်ကင်းပြီး အများ ပြည်သူ ကောင်းစားရေး၊ မြို့ရွာ နယ်ပယ် ကောင်းစားရေး၊ တိုင်းပြည်ကောင်းစားရေးတို့ကို အရိုးကြေကြေ၊ အရေခန်းခန်း၊ အသက်ပင် သေသေ လုပ်ခဲ့၊ ကိုင်ခဲ့ ကြသော်လည်း သူ ဖြူလျှင် ငါမဲမည် ဟူသော စိတ်ထားမျိုးရှိလျှင် အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ ထိုက်မည် မဟုတ်ပေ။

အချို့သောပုဂ္ဂိုလ်တို့သည် ပြည်သူလူထု စိတ်သောကပင်လယ် ဝေစေရန်—

(၁) မီးရထား၊ သင်္ဘောနှင့် မော်တော်ကား လမ်းများ၊ တံတားများကို ဖျက်ဆီးခြင်း။

(၂) ဇရပ်၊ တန်ဆောင်း၊ ဘုရား ကျောင်း ကန်၊ နေအိမ် အဆောက်အအုံများနှင့် စာသင်ကျောင်းတို့ကို ဖျက်ဆီးခြင်း။

(၃) ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ဘူတာရုံ၊ ဈေးရုံနှင့် ရုံးများကို ဖျက်ဆီးခြင်း။

(၄) ရေတွင်း၊ ရေကန်၊ ရေပိုက်နှင့် ဆည်မြောင်းများကို ဖျက်ဆီးခြင်း။

(၅) လယ်ယာ၊ဥယျာဉ်၊ခြံလုပ်ငန်းများကို ဖျက်ဆီးခြင်း။

(၆) ကုန်ထွက်သီးနှံများကို ဖျက်ဆီးခြင်း။

(၇) သားငါးတိရစ္ဆာန်တို့ကို သတ်ဖြတ် ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးခြင်း စသည်တို့သည် အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော လုပ်ငန်းဖြစ်သည်။

အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ အရ မိမိအကျိုးစီးပွားထက် သူတပါးအကျိုးစီးပွား၊တနည်းအားဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးစီးပွားများကို ရိုးသား ဖြောင့်မတ်သည့် စိတ်ထားဖြင့် ဦးထိပ်ပန်ဆင်၍ ဆောင်ရွက်ကြမည် ဆိုလျှင် အများအကျိုး ဆောင်၊ ကိုယ့်အကျိုး အောင်မြင်နိုင်မည်ဖြစ်မှာ မုချဆတ်ဆတ် ဖြစ်ပေသည်။

အများအကျိုးအတွက် ဆောင်ရွက်ခဲ့ပြီး အတုယူထိုက်သည့် အမျိုးသမီးတဦး၏ ထုံးကို တင်ပြပါဦးမည်။

ပဋ္ဌမ သံဂါယနာ တင်ခဲ့သည့် မင်းတုန်းမင်းတရားကြီး လက်ထက် အဖ ဦးအိ၊ အမိ ဒေါ်မှင်တို့၏ သမီး ဒေါ်ဦးဇွန်း အမည်ရှိ အမျိုးသမီးတဦး ရှိသည်။

ဒေါ်ဦးဇွန်းသည် ငယ်စဉ်ကတည်းကပင် သီလမြဲခဲ့သူ ဖြစ်သည်။ အလှူဒါနဌလည်း ဝါသနာထုံသည်။ အများ အကျိုးကိုလည်း ဆောင်ရွက်လိုသောစိတ် သူ့၌ အမြဲကိန်းအောင်းလျက် ရှိသည်။

ထိုစိတ်ကြောင့်ပင် ဒေါ်ဦးဇွန်းသည် ခိုကိုးရာမဲ့ ဖြစ်နေကြရှာသော အဘိုးအို အဘွားအိုတို့၏ စားရေး၊ သောက်ရေး၊

နေရေး၊ထိုင်ရေး၊ ကျန်းမာရေးတို့တွင် ပူပန်ခြင်း မရှိရအောင် ဒေါ်ဦးဇွန်းကိုယ်တိုင် ဦးဆောင်၍ ပြည်သူလူထုအကူအညီဖြင့် စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းဘုရားကြီး၏ အနားတွင် ဘိုးဘွားရိပ်သာတရုံ၊ ပေါင်းတည်မြို့တွင် တရုံ၊ သထုံ မြသပိတ်တောင်ခြေရင်းတွင် တရုံနှင့် ရန်ကုန် ကမ္ဘာအေးဘုရားလမ်း နှင်းဆီကုန်းတွင် တရုံ စသည်ဖြင့် တည်ဆောက်ပေးခဲ့သည်။ ယင်းသို့ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ခိုကိုးရာမဲ့ အဘိုးအို အဘွားအိုတို့မှာ မပူမပင် မကြောင့်မကြရပဲ စိတ်အေး ချမ်းသာစွာဖြင့် နေထိုင်နိုင်ကြသည်။ တရား ဘာဝနာ ပွားများ နိုင်ကြသည်။ ဤသည်မှာ အများအကျိုးကိုဆောင်ရွက်လိုစိတ်ရှိသော ဒေါ်ဦးဇွန်း၏ရွှေဆောင်ကြိုးပမ်းမှုပင်ဖြစ်သည်။မိမိအကျိုးထက် အများအကျိုးကို ရှေ့တန်းတင်သောပရဟိတ လုပ်ငန်းဖြစ်သည်။ သာဓုအနုမောဒနာပြုထိုက်သည့် အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာဖြစ်သည်။

ထို့ကြောင့် တယောက်အားဖြင့် ဖြစ်စေ၊ ပြည်သူလူထု၏ အားဖြင့် ဖြစ်စေ ကျေးလက် လူထုသည် မိမိတို့တောရွာများ သာယာစိုပြေလာအောင် ဘုရား ကျောင်း ကန် ပရဝုဏ်များကို ခုဘိထွင် ရှင်းလင်းခြင်း၊ပြုပြင်သင့်သည့် ရွာလမ်းဟောင်းများကို ပြုပြင်၍ ဖောက်လုပ်သင့်သည့် လမ်းသစ်များကို ဖောက်လုပ်ပေးခြင်း၊ လက်ရှိ ရေတွင်း ရေကန်များကို သန့်ရှင်းအောင် ပြုပြင်၍ အသစ် တူးသင့်လျှင် ထပ်မံ တူးဖော်ခြင်း။

ရဟန်း ရှင် လူ တိရစ္ဆာန်များ နားနေတည်းခိုနိုင်ရန် ဇရပ်၊ ရေအိုးစင်၊သစ်ပင်များ၊ပန်းဥယျာဉ်များ စိုက်ပျိုး လှူဒါန်းခြင်း၊ ဆေးပေးခန်းများ၊ စာကြည့်တိုက်များ၊ စာသင်ကျောင်းများ မရှိလျှင် ရှိလာအောင် ဝိုင်းဝန်း တည်ထောင် ပေးခြင်း၊ ရွာ

ခြံစည်းရိုးများကို လုံခြုံအောင် ကာရံခြင်း၊ ရေ မဝပ်အောင်၊ ဗွက် မထအောင် ရေမြောင်းဖောက်၍ မြေဖို့ ပေးခြင်း၊ ကွဲနွား စားကျက်များ၊ကလေးကစားကွင်းများ၊သင်္ချိုင်းမြေ စသည်ဖြင့် သတ်မှတ်ပေးခြင်း၊မီးချိတ်၊ မီးကပ်၊သဲပုံး၊ရေအိုး စသည်များကို ထားရှိပေးခြင်းဖြင့် ဆောင်ရွက်သင့်လှသည်။

အသားတူပင် မြို့နေလူထုကလည်း မြို့များသာယာရှုမောဖွယ် ဖြစ်လာအောင် အစိုးရကိုချည်း အားမကိုးပဲ လူထုအားဖြင့် ကျန်းမာရေးအတွက် သန့်ရှင်းရေး လုပ်အားပေးခြင်း၊ စာပေတွင် ခိုင်မာရေး၊ ဗဟုသုတ ကုံလုံကြွယ်ဝရေးတို့ အတွက် စာကြည့် တိုက်များ တည်ထောင်ခြင်း စသည်ဖြင့် အသိ ရှိရှိ တက်ညီ လက်ညီ ဆောင်ရွက်သင့်လှသည်။

မိမိအကျိုးထက် အများအကျိုးကို ဦးထိပ်ပန်ဆင် ဆောင် ရွက်ခဲ့မှုကြောင့် နတ်ပြည်ရောက်နေကြသည့် သုံးကျိပ်သုံးယောက် သော မာဃလုလင်များအဖွဲ့သည် အတုယူစရာဖြစ်သည်။

ရှေးအခါက မစလရွာတွင် ဘုရားအလောင်း မာဃခေါင်း ဆောင်သည့် သုံးကျိပ်သုံးယောက်သော ရွာသားတစု ရှိသည်။ သတို့သည် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် လမ်းခင်း မြေညှိအလုပ်များကို တကယ့် ဖြူစင်စေတနာဖြင့် တစိတ်တဝမ်း တညီတညွတ်တည်း အားသွန်လုပ်ကိုင်လျက်ရှိသည်။

ဤတွင် စိတ်ယုတ် စိတ်ရိုင်းရှိသည့် မြို့ဝန်က ထိုသူတို့အား ဒဏ်ရိုက်ရန် အကြံပေးအပ်လှသည်။ မြို့ဝန်၏ အကြံဉာဏ်ပေး ချက်ကို ထိုသူတို့က အပြင်းအထန်ပင် ငြင်းဆိုလိုက်သည်။

မြို့ဝန်က သူ၏အကြံကို မလိုက်လျောသော ထိုသူတို့အား အကောက်ဉာဏ်ဆင်၍ ဘုရင့်ထံ မဟုတ်မဟတ် လုပ်ဇာတ်ခင်း

လေသည်။ မြို့ဝန်၏လျှောက်တင်ချက်အရ ဘုရင်ကလည်း မျက်မာန်တော်ရှပြီး ရောဝဏ်ဆင်ဖြင့် နင်းသတ်စေဟု အမိန့်ချမှတ်လေသည်။

အများအကျိုးဆောင်သည့် သူတော်ကောင်း သူတော်မွန်တို့ဖြစ်ကြသော ထိုသူတို့အား နတ်ကောင်းတို့ စောင်မမှုကြောင့် ရောဝဏ်ဆင်မှာ နင်းမသတ်နိုင်ပဲ ဦးခေါင်းစိုက်၍သာ တွေဝေနေလေသည်။

ထိုကဲ့သို့ ထူးခြားသည့်သတင်းကို ဘုရင်ကြီး ကြားသိရသည့်အခါ တအံ့တသြဖြစ်ပြီး ခေါ်ယူစစ်ဆေး မေးမြန်းလေသည်။ သုံးကျိပ်သုံးယောက်သော သူတို့၏ စေတနာ မေတ္တာမွန်များကို သိလာရပြီးသည့်နောက်တွင် ဘုရင်ကြီးက သူ့အမှားကို သူဝန်ခံပြီး ရတနာတိုက်မှ ရွှေငွေတို့ကို ထုတ်ယူစေ၍ ရောဝဏ်ဆင်ကိုပါ မာဃခေါင်းဆောင်သည့် အဖွဲ့အား ပေးလှူလိုက်လေသည်။

မာဃ ခေါင်းဆောင်သည့် သုံး ကျိပ် သုံး ယောက် သောရွာသားတို့မှာ အသက်ဘေးမှချမ်းသာရသည့်အပြင် ဆုလာဘ်များကိုပါ ရရှိကြသည့်အတွက် အများအကျိုးရှိမည့် ဇရပ်ကြီးတဆောင်ကိုပါ ဆောက်လုပ်လှုဒါန်းကြသည်။ ထိုသူတို့ သေလွန်သည့်အခါ တာဝတိံသာနတ်ပြည်တွင် နတ်စည်းစိမ်များ ခံစားကြရသည်။

ထို့ကြောင့် ယခုတင်ပြခဲ့သည့်ထုံးကို နှလုံးမူပြီး အပြစ်ကင်း၍ လူထုအကျိုးရှိစေမည့် ပရဟိတ လုပ်ငန်းများကို မွန်မြတ်သော စေတနာတို့ဖြင့် ဆောင်ရွက်ကြဖို့ အလေးအနက် တိုက်တွန်းရပေသည်။

## (၁၈) အာရတီ ပါပါ

အာရတီ ပါပါ မင်္ဂလာသည် (ပါပါ = မကောင်းမှု၊ အာရတီ = ဝေးစွာရှောင်ကြဉ်ခြင်း) မကောင်းသော၊ ယုတ်မာသော အကုသိုလ် တရားများကို စိတ်ဖြင့် ဝေးစွာ ရှောင်ကြဉ်ပါဟု ထပ်ကွန့် သတိပေးထားခြင်း ဖြစ်သည်။

မကောင်းသော၊ ယုတ်ညံ့သော တရားဟူသည် (၁) သေစေလိုသော စေတနာဖြင့် တပါးသူ၏အသက်ကို သတ်ဖြတ် ညှဉ်းဆဲခြင်း၊ (၂) အရှင်မပေးသည့် တပါးသူ၏ ပစ္စည်း ဥစ္စာကို အတင်းအဓမ္မ လုယူ တိုက်ဖျက်ခြင်း၊ မသိအောင် ခိုးယူခြင်း၊ (၃) မကျူးလွန်ထိုက်သည့် မိန်းမ ယောကျ်ားတို့အပေါ် ဖြစ်မှား ကျူးလွန်ခြင်း၊ (၄) မဟုတ်မမှန် လိမ်ညာ ဝါကြွား ဖြီးဖြန်းသည့် စကားမျိုးတို့ကို ပြောဆိုခြင်း ဖြစ်သည်။ ဤတရားများ

သည် အကုသိုလ်တရားများဖြစ်သည့်အတွက် ရှောင်ကြဉ်အပ်လှသည်။ ရှောင်လည်း ရှောင်ကြဉ်ရမည်ဖြစ်သည်။

မကောင်းသော၊ ယုတ်ညံ့သော အကုသိုလ်တရားများ မိမိတို့၏စိတ်ဝယ် ကိန်းအောင်းမလာစေရန်၊ ဖြစ်ပေါ်မလာစေရန် ကြိုးစားလျှင် ရနိုင်သည် ဖြစ်သောကြောင့် မိမိတို့၏ စိတ်ကို အသိဖြင့်ပြုပြင်၍ အာရုတိမင်္ဂလာဖြစ်အောင် ကွယ်ကာတားဆီးကြဖို့ တိုက်တွန်းအပ်ပေသည်။

ပါပသ္မိံ ရမတေ မနော၊ သတ္တဝါ အများ စိတ်တို့သည် မကောင်းသည့် အာရုံများတွင် သာ ပျော်မွေ့တတ်သည်။ နှစ်သက်တတ်သည်။ ခိုးဖို့၊ တိုက်ဖို့၊ လုဖို့၊ ယက်ဖို့၊ သတ်ဖို့၊ ဖြတ်ဖို့ရန် လာရောက် ခေါ်ငင် စည်းရုံးသိမ်းသွင်းလျှင် လိုက်ပါစမြဲ ဖြစ်သည်။ မိန်းမပျိုတဦးအား စော်ကားမော်ကားဖို့ စည်းရုံးလျှင်လည်း မငြင်းပဲ အဆင်သင့်ပင် ဖြစ်သည်။ ရဲစခန်းများနှင့် တရားရုံးများတွင် တရှန်းရှန်း တဝုန်းဝုန်းဖြင့် ဖြစ်နေသည်။ ရှေးခေတ်ထက် ယခုခေတ်က ပိုများကြောင်း သက်သေခံလျက်ရှိသည်။ ထို့ပြင် နေ့စဉ်ထုတ် သတင်းစာများတွင် နေ့ကြောင်တောင် လူသတ်မှု၊ ဒမြမှု၊ ခိုးမှု၊ မုဒိန်းမှု စသည့် သတင်းတို့မှာ မဘတ်ချင် အဆုံးဖြစ်သည်။

ကျောင်းပြန်၊ ရုံးပြန် သမီးပျိုအိုတို့အား နှမချင်းမစာနာ အမချင်းမစနာ လူစုလူဝေးဖြင့် လိုက်ဆွဲမတတ် သို့မဟုတ် ပါးစပ်အရသာခံ၍ ကိုးရိုးကားယား နောက်ပြောင်ကြသည့် လမ်းသရဲတို့၏ သတင်းဘို့ကသည်း မကြားချင်အဆုံးဖြစ်သည်။

ယင်းကဲ့သို့ အကုသိုလ်စိတ်များ ဝင်လာလျှင်၊ ဝင်လာသူများကိုတွေ့လျှင် ထိန်းသိမ်း၍လည်းကောင်း၊ ဆိုဆုံးမ၍ လည်းကောင်း ပြုပြင်ဖို့၊ ပြုပြင်ပေးကြဖို့လိုလာပေ သည်။ မပြုပြင်ပဲ စိတ်အလိုအတိုင်း လွှတ်ပေးလိုက်၍ ကျူးလွန်မိသည်နှင့်တပြိုင်နက် အကုသိုလ်တရားတို့သည် အပေါင်းအဖော်များကို ခေါ်ယူကာအပါယ်လေးဘုံတွင်စာရင်းသွင်းပြီးဖြစ်သွားနိုင်ပေသည်။

ဤကဲ့သို့ စိတ်ယုတ်၊ စိတ်ညံ့၊ စိတ်မိုက် စသည့် အကုသိုလ်စိတ်များ၊ မိမိခန္ဓာကိုယ်အတွင်း ခိုအောင်း နားမနေနိုင်အောင် ကုသိုလ်စိတ်တို့ဖြင့် ဖလှယ်ပြီး အစားထိုး ပြင်ရပါမည်။ များပြားလှသော ကုသိုလ်စိတ်များအနက် အကျဉ်းမျှသာဖြစ်သည့် ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာ့ဂုဏ်တော် ၉ ပါးများမှ မိမိသက်ဝင်ယုံကြည်ရာ ဂုဏ်တော်တပါးပါးကို ဆင်ခြင် အောက်မေ့၍ပဲဖြစ်စေ၊ ဒါန၊ သီလ၊ ဘာဝနာ စသည့် ကုသိုလ်ရရာ ရကြောင်း အကြံအစည်ပေါ်မှာပဲ ဖြစ်စေ ယောနိသော မနသိကာရစိတ်ဖြင့် လမ်းလွှဲ နှလုံးသွင်းပေးနိုင်ပါက မကောင်းသည့် စိတ်အာရုံတို့သည် လွင့်စင် ကွယ်ပျောက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူ လူငယ် လူရွယ်တို့၏ အမိအဖများသည် မိမိတို့နှင့် ရင်အုပ်မကွာ နေရသော ထိုထိုသော သူတို့အား ကုသိုလ်နှင့်အကုသိုလ် တရားများကို ခွဲခြားပြပြီး အကုသိုလ်တရားများ ကျူးလွန်လျှင် မည်သို့သော အပြစ်များ ခံစားရသည်၊ ကုသိုလ်တရားများ ပြုလုပ်လျှင်

မည်သို့ အကျိုးထူး ခံစားကြရသည်တို့ကို ကွဲကွဲပြားပြား ခွဲခြား ပြကာ အစဉ်ဆိုးမ သွန်သင်သင့်လှသည်။

အကယ်၍ သားသမီးဖြစ်သူက မိဖရှေ့တွင် ပုရွက်ဆိတ်၊ ယင်ကောင်၊ခြင်ကောင်၊ ဖားကလေးနှင့် စာကလေးများအား သတ်နေသည်ကို တွေ့လျှင် "ဟဲ့....သားသား ဒီလိုအသက်ရှိတဲ့ တိရစ္ဆာန်တွေကို မသတ်ကောင်းဘူး၊ သူ့အသက်သတ်တဲ့ သူဟာ ဘဝတိုင်းဘဝတိုင်းမှာ အသတ်ခံရတဲ့သူက သတ်လာခဲ့တဲ့ သူကို ပြန်ပြီးသတ်ဖြတ်တတ်တယ်နော်မှတ်ထား၊ကဲ....သားသားရဲ့ ညာဘက်လက်ကလေးနဲ့ ဘယ်ဘက်လက်ကလေးကို ဆိတ်ကြည့် လိုက်စမ်း၊ နာတယ် မဟုတ်လား၊ အေး....အခု မင်းဟာက ဆိတ်ရုံသာ ဆိတ်သေးတာ၊ မင်းသတ်လိုက်တဲ့ တိရစ္ဆာန်ကလေး မှာတော့ ခြေတွေကျိုးလိုကျိုး၊ လက်တွေကျိုးလိုကျိုး မျက်လုံး တွေ ပေါက်ထွက်လို ပေါက်ထွက်နဲ့ မခါမဆန့်သေရတာ၊ သား သား မသနားဘူးလား၊ ကိုယ်ချင်းစာ ကြည့်စမ်း" စသည်ဖြင့် ကြိမ်လုံးဖြင့်ရိုက်ပြီး ဆုံးမသည်ထက် နားလည် လွယ်အောင် လက်တွေ့ပြ ဆိုဆုံးမလျှင် ခရီးရောက်နိုင်ပေသည်။

ထို့အပြင် ကုသိုလ်ရရာ ရကြောင်းဖြစ်သည့် အလုပ်နှင့်ပတ် သက်၍ ရေဆာနေသော မိဘတဦးက သူ့သားသမီး တဦးဦး အား ရေခပ်ခိုင်းလိုက်ပါ။ သောက်ရေခွက် ယူလာသည့် သား သမီးအား ခဏကလေးထိုင်ခိုင်းပြီး သူ့ရှေ့မှောက်၌ပင် သောက် ချလိုက်ပါ။ သောက်ရေ ကုန်သွားသည့်အခါ ရေကလေးက အသည်းထဲကို အေးသွားတာပဲ၊ ငါ့သား ငါ့သမီးတွေ အသက်

ရှည်ကြပါစေ၊ စာမေးပွဲအောင်ကြပါစေ။ ဤသို့ လက်တွေ့ ဆုပေးပြီးနောက် ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တမနက်၏ အရေးကြီးပုံ၊ ရေအကျိုး ၁၀ ပါး မတော့ဘင်းပဲနှင့်ရပုံ စသည် များကို နားလည်အောင် ဆိုဆုံးမ ပေးသင့် ပေးထိုက်လှပေ သည်။

ညပိုင်းရောက်လာသည့်အခါ ကျောင်းသားမောင်မယ်တို့မှာ ကျောင်းစာတွေ ကျက်၊ သင်္ချာတွေ တွက်ချက်ပြီး၍ အိပ်ရာဝင် တော့မည်ဆိုလျှင် မိဘဖြစ်သူက တဘက်ကလေး ပခုံးတင်ပြီး.... ''ကဲ....သားသားတို့ သမီးတို့၊ မအိပ်ခင် ကုသိုလ်တွေ ရကြရ အောင် ဘုရားခန်းကို မေမေတို့ ဖေဖေတို့နဲ့ အတူ လိုက်ခဲ့ကြပါ လားကွယ်''ဟု ပြောကာ ဘုရားမီး ပူဇော်ပြရမည်။ သောက် တော်ရေ လဲပြရမည်။

ထို့နောက် မီးပူဇော်ရခြင်းအကျိုး၊ ပန်းကပ်ရခြင်းအကျိုး၊ သောက်တော်ရေကပ်ရခြင်းအကျိုးများကို သားသားတို့ သမီးတို့ နားလည်အောင်၊ စေတနာ သဒ္ဓါတရား ဖြစ်ပေါ်လာအောင်၊ ထက်သန်လာအောင် ရှင်းပြရမည်။ ဆိုဆုံးမရမည်။

ရှေးအခါက မွန်မြတ်သည့် စေတနာဖြင့် ပန်းလှူခဲ့ကြ၍ သေလွန်ခဲ့သည့်အခါ နတ်ပြည်မှာ နတ်သား နတ်သမီးများ ဖြစ်လာကြသည်။ နတ်သား နတ်သမီးဟူသည် ဖေဖေ မေမေတို့ ကဲ့သို့ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်မစားရပဲ ရသာစုံတို့ဖြင့် ပြည့်စုံ သော နတ်သုဒ္ဓါ၊ လှပနူးညံ့အိညက်သော အဝတ်အထည်တို့ကို လိုတရတိုင်း ရရှိခံစားနေနိုင်ကြသည်။ အဘယ်မျှအထိ စိတ် သွားတိုင်းကိုယ်ပါ လိုရာဆန္ဒတို့ဖြင့် ပြည့်စုံကြသနည်း။ သားသား

သမီးတို့လည်း သူတို့ကဲ့သို့ ရရှိခံစားနေလိုလျှင် ဘုရား တရား သံဃာတော်မြတ်များကို စေတနာမှန်၊ စေတနာမြတ်၊ စေတနာ ကောင်းတို့ဖြင့် ကပ်လှူပူဇော်ကြရမည်။

ထိုမှ ဩကာသ ဆိုခိုင်းရမည်။ ငါးပါးသီလ ခံယူဆောက် တည်ခိုင်းရမည်။ မရသေးဟု ဆိုလာလျှင် ကျက်မှတ်ခိုင်းရမည်။ ငါးပါးသီလကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးရှေ့မှောက်မှာ ရွတ်ရုံသာ ဆိုရုံသာမဟုတ်ပဲ ငါးပါးသီလကိုခံယူပြီးသည့်အချိန်မှ စ၍ (၁) သူများအသက်ကို မသတ်ပါ၊ (၂) သူများဥစ္စာကို မခိုးပါ၊ (၃) သူများ သားမယားများကို မပြစ်မှားပါ၊ (၄) လိမ်ညာပြီး မပြောပါ၊ (၅) အရက်သေစာ မသောက်စားပါ ဟူ၍ (အာမဘန္တေ)ကတိပေးပြီး ဖြစ်သည်။ ယင်းသို့ ကတိပေး ပြီးနောက် တပါးပါးကို ကျူးလွန်လျှင် ကျူးလွန်သည့် အလျောက် ပြစ်ဒဏ်ခံရမည်ဟု ဆိုဆုံးမကာ မိဘနှစ်ပါးကို ဦးချ ခိုင်းရမည်။ ကြီးကြီး၊ ဒေါ်ဒေါ်၊ ဦးဦးတို့ကိုလည်း ဦးချခိုင်းရ မည်။ သက်ဆိုင်ရာ မိဘနှစ်ပါးနှင့်တကွ ဦးဦး၊ ဒေါ်ဒေါ်တို့ ကလည်း ဘေးဘယာ ဝေးကွာပါစေ၊ ပညာ ချွန်ပါစေဟု ဆုချားအပ်နှင်းကာ အိပ်ရာဝင်ခိုင်းရမည်။

ဤကား သားသမီးများ လိမ္မာယဉ်ကျေးမှု ရှိလာအောင်၊ မှန်မြတ်သောစိတ်ဓာတ်များ ကိန်းအောင်းလာအောင် မိဘတို့က မည်ကဲ့သို့ လမ်းညွှန်ရမည်ကို ပြဆိုပြီးနောက် ပါဏာတိပါတ ကံကို ဘဝတခုက ကျူးလွန်မိခဲ့သော အရှင်မောဂ္ဂလာန် ကိုယ် တော်မြတ်ကြီးသည် နောက်ဆုံး ပစ္ဆိမဘဝ ရောက်သည့်တိုင် ဘဝဝိပါက်ခံစားရပြီးမှ ပရိနိဗ္ဗာန်စံဝင်သွားရရှာသည်။

အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးသည် တန်ခိုး ဖန်ဆင်းနိုင်သည့်အရာတွင် ပြောင်မြောက် ထူးချွန်သည့်အတွက် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဧတဒဂ်ဘွဲ့နှင်းပြီး လက်ဝဲရံထားခဲ့သည်။ မည်မျှအထိ တန်ခိုးအရာတွင် ထူးချွန်သနည်းဟုဆိုလျှင် တာဝတိံသာနတ်ပြည်တွင် နန္ဒောပနန္ဒ နဂါးမင်းနှင့် စစ်ပြိုင်ရာမှာ အနိုင်ရအောင် ဆုံးမ နိုင်ခဲ့သော မထေရ်တပါးဖြစ်သည်။

ရှေးသံသရာ ဘဝတခုက အရှင်မောဂ္ဂလာန် မထေရ်မြတ်သည် မိန်းမစကား နားယောင်ပြီး မပြစ်မှားထိုက်သည့် ကျေးဇူးရှင် မိဘနှစ်ပါးကို တောထဲခေါ်သွားပြီး အသေ သတ်ခဲ့ဖူးသည့် အကုသိုလ်ကံ ဘဝ ဝဋ်ကြွေးကြောင့် အဝီစိငရဲ၌ ကျခံခဲ့ရသည်။ ထိုမှ အဖန်ငါးရာသော ဘဝတို့တွင် သူတပါးတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

ရဟန္တာဖြစ်ပြီး၍ ပရိနိဗ္ဗာန် စံဝင်တော့မည့် အဆုံးစွန်သော ဘဝမှာလည်း ကာဠသိလာလိုဏ်ဂူ၌ နေတော်မူစဉ် တိတ္ထိတို့၏ တံစိုးလက်ဆောင်စားရသည့် ခိုးသားငါးရာတို့ ရိုက်နှက်သတ်ဖြတ်မှုကြောင့် တကိုယ်လုံး မုန့်မုန့်ညက်ညက်ကြေပြီး အရိုးတို့မှာလည်း ဆန်လုံးခန့်မျှသာ ကျန်တော့သည့် ဘဝ ဝိပါက်ကို ခံရသည်။

ဤတွင် ခိုးသားငါးရာတို့က ကိုယ်တော်ကြီး သေပြီအထင်ဖြင့် ပစ်ထားခဲ့ရာမှ အရှင်မောဂ္ဂလာန်သည် ဈာန်သမာပတ်ဖြင့် ကိုယ်ခန္ဓာကို ရစ်စည်းပြီး ကောင်းကင် ခရီးဖြင့် ဘုရားသခင်ထံ

ကြွမြန်း၍ ခြေတော်စုံကို ဦးတိုက်ကာ ပရိနိဗ္ဗာန်ပြုရန် ခွင့်ပန်ကြားသည်။ ဤသို့ ခွင့်ပန်ကြားပြီး တန်ဆောင်မုန်းလကွယ်နေ့တွင် ဂန္ဓမာဒနတောင်၌ ပရိနိဗ္ဗာန်ပြုသွားရှာလေသည်။

ဤကား ပါဏာတိပါတကံ ကျူးလွန်မှုကြောင့် ငရဲ၌လည်း ကျခဲ့ရသည်။ ဘဝငါးရာတွင် တပါးသူတို့၏ သတ်ဖြတ်ခြင်းကိုလည်း ခံရသည်။ နောက်ဆုံး ခိုးသားငါးရာ ရိုက်သတ်၍ ပရိနိဗ္ဗာန် စံဝင်ခဲ့ရသည်။

ပါဏာတိပါတကံ ကျူးလွန်၍ ကြောက်စရာအဖြစ်မျိုးခံစားရဘိသို့ ကာမေသု မိစ္ဆာစာရကံ ထိုက်၍လည်း စက်ဆုပ်ဖွယ်ရာ အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရ သည်မှာလည်း အထင်အရှားပင် ဖြစ်သည်။

မြတ်စွာဘုရားသခင်၏ အလုပ်အကျွေး တော်ကြီးဖြစ်သည့် ဧတဒဂ်ငါးတန်ရ အရှင်အာနန္ဒာမထေရ်မြတ်သည် လူဖြစ်စဉ် ရှေးဘဝတခုက တေပေ ဆိုးမိုက်ပြီး၊အပေါင်းအသင်း မှားယွင်းခဲ့ပြီး ကာမေသု မိစ္ဆာစာရကံ ကျူးလွန် ဖောက်ပြားမိခဲ့သည်ကြောင့် ရောရုဝငရဲ၌ ကျခံခဲ့ရသည်။ ထိုမှ လွတ်မြောက်၍ လူ့ဘဝ ရောက်လာသောအခါ မိန်းမဘဝတို့၌သာ ကျင်လည်ခဲ့ရသည်။ ဘဝတခုတွင် ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်း မဟုတ် အနှစ်မဲ့သည့်သစ်ပင်၊ အဆံမရှိသည့် စပါးနှံကဲ့သို့ လူ့ဘဝတွင် သုံးစား၍မရနိုင်သည့် နပုံးပဏ္ဍုက်ဘဝ၌ ဖြစ်ခဲ့ရပြန်သည်။

ဤကဲ့သို့သော ဘဝမျိုးတို့ဖြင့် ဝိပါတ်တော်သည် မရောင့်ရဲ၊ မကျေနပ်နိုင်သေးပဲ တခုသော မြောက်ဘဝမှာ ငှေးစေ့အဖောက် ခံခဲ့ရသည့်အထိ ဝိပါက်အမျိုးမျိုးကို ကြုံတွေ့ခံစားခဲ့ရသည်။

သူများသားမယားများကို ပြစ်မှားကျူးလွန်ခဲ့၍ လောဟကုမ္ဘီငရဲတွင် မရှုနိုင် မရှိုက်နိုင် ခံစားနေရသည့် သဌေးသား လေးဦးတို့၏ ဒု-သ-န-သော သာခော ကလည်း သံဝေဂရစရာ ဖော်ညွှန်းထားပါသည်။

ကောသလမင်းကြီးသည် ကာမပိုင်ရှိသည့် ဆင်းရဲနွမ်းပါးသော မိန်းမတယောက်ကို သိမ်းပိုက်လိုသည့်စိတ် ညှတ်မိခဲ့ရာ တဦးက ဒု၊ တဦးက သ၊' တဦးက န၊ တဦးက သော ဟူသော အော်ဟစ်ပြောဆိုသည့် အသံများကို ညအခါကြားမိပြီး ထိတ်လန့် တုန်လှုပ်လျက်ရှိနေသည်။

ဤတွင် အကျိုးအကြောင်း သိရှိနိုင်ရန် ဘုရားသခင်ထံ လျှောက်ထားရာ ကာမေသုမိစ္ဆာစာရကံတို့ကို ကျူးလွန်ခဲ့ကြ၍ ကျိုက်ကျိုက်ဆူဝေနေသော ငရဲအိုးကြီးထဲတွင် အနှစ်သုံးသောင်း ကြာမှ တကြိမ်သာ အိုးနှုတ်ခမ်းပေါ်သို့ တက်လာပြီး တဦးလျှင် အက္ခရာ တလုံးကျစီဖြစ်သော ဒု-သ-န-သော ကို အော်ဟစ်ကာ ငရဲအိုးအောက် မြုပ်သွားရပုံ၊ ထိုမှ ပေါ်တက်လာရပြန်ပုံ၊ သဌေးသားလေးဦး၏ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

ကောသလမင်းကြီးသည် ဘုရားသခင် ဟောကြားပြီးသည်၏ အဆုံး၌ သတိသံဝေဂ ဖြစ်ပွားပြီး လင်ရှိမယားကို မပြစ်မှားတော့ပဲ ရှောင်ကြဉ်နိုင်ခဲ့လေသည်။

ထို့ကြောင့် မကျူးလွန်ထိုက်သည့် မိန်းမ၊ ယောကျ်ားတို့ကို ကောသလမင်းကြီး စိတ်နှင့်ပြစ်မှားမိသလျှော မပြစ်မှားမိရအောင် ထိန်းသိမ်း ရှောင်ကြဉ်ကြပါ။မုသားမပါ လက်ာမချော ဆိုသကဲ့သို့ မုသားပြောမိခြင်းသည် အရေးမကြီးပါဟု မယူဆပဲ မုသားပြောမိ၍ ခံရပုံ ဝတ္ထုသာဓကများကိုထောက်ထားပြီး အကုသိုလ်မလာမီက ကြိုတင် ရှောင်ကြဉ်ကြရန် ရေးသား နှိုးဆော် အပ်ပါသည်။

# (၁၉) ဝိရတီပါပါ

ဝိရတီပါပါမင်္ဂလာသည်(ပါပါ = မကောင်းမှုမှ၊ဝိရတီ = အထူး ရှောင်ကြဉ်ခြင်း) မကောင်းသော၊ ယုတ်မာသော အကုသိုလ်တရားများကို ကိုယ်နှုတ် နှင့်ပါးစလုံး အထူး ရှောင်ကြဉ်ကြပါလျှင် ကုသိုလ်ဖြစ်နိုင်သည် ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ထားခြင်း ဖြစ်သည်။

အာရတီပါပါမင်္ဂလာတွင် တင်ပြခဲ့ပြီးသည့် (၁)သူ့အသက်ကို သတ်ခြင်း၊ (၂)သူ့ဥစ္စာကိုခိုးယူခြင်း၊ (၃)သူ့သားမယား၊ သူ့လင်ယောကျ်ားများကို ကျူးလွန်ခြင်း၊ (၄) မဟုတ်မမှန် လုပ်ကြံ ပြောဆိုခြင်းဖြစ်သည့် ယုတ်မာမှုတရား လေးပါးတို့ကို

ကျူးလွန်ဖို့ရာ တွေ့ကြုံလာပါက မကျူးလွန်မိအောင် ကိုယ်နှုတ်နှစ်ပါးဖြင့် အထူး ရှောင်ကြဉ် စောင့်စည်း ထိန်းသိမ်းခဲ့လျှင် ဝိရတီ မင်္ဂလာပင်ဖြစ်သည်။

သို့ဖြစ်လျှင် အာရတီမင်္ဂလာရော၊ဝိရတီမင်္ဂလာပါ ယုတ်မာမှု၊ မကောင်းမှု အကုသိုလ်တရားတို့ကို ရှောင်ကြဉ်ရတာချင်း တူနေပါလျက် အဘယ့်ကြောင့် မင်္ဂလာနှစ်ပါး ခွဲခြား၍ ဟောကြားထားသနည်း။ မည်သည့် ထူးခြားချက်များ ရှိသနည်း။

အာရတီမင်္ဂလာသည် မကောင်းသည့် အကုသိုလ်တရားတို့ကို မတွေ့၊ မမြင်၊ မကြား၊ မသိမီက မိမိ၏ စိတ်အာရုံဆီသို့ ရောက်မလာရလေအောင် ဝေးစွာ မနေခါကပင် ကြိုတင်၍ရှောင်ကြဉ်ခြင်း ဖြစ်သည်။

ဝိရတီမင်္ဂလာသည် မကောင်းသည့် အကုသိုလ်တရားများကို စိတ်ဖြင့် ကြိုတင်ရှောင်ကြဉ်ရုံသာမကပဲ မလွဲမရှောင်သာအောင် နှုတ်မှုးတွေ့၊ ဒူးတွေ့၊ ပက်ပင်းတွင် တကယ်ပင် တွေ့နေသည့်တိုင် မလွန်မကျူးမိရလေအောင် (ကာယကံ၊ ဝစီကံ) ကိုယ့်စိတ်နှစ်ပါးဖြင့် အထူး ရှောင်ကြဉ်ပါဟု တိုက်တွန်းထားသော မင်္ဂလာ ဖြစ်သည်။

အာရတီ မင်္ဂလာ ဖြစ်ဖို့အတွက် မကျ ရောက်မီက ကြိုတင်ကာကွယ်သောအားဖြင့် ထိန်းသိမ်းထားရန် လွယ်ကူကြပေမင့် ဝိရတီ မင်္ဂလာ ဖြစ်လာဖို့အတွက် လက်တွေ့ ရှောင်ကြဉ်ရခြင်းမှာ အပြောလွယ်သလောက် တကယ်ရင်ဆိုင်ရသောအခါ မလွယ်လှသော မင်္ဂလာဖြစ်သည်။

ဦးသီလသည် ဘုရားထံမှောက်၌ အာမဘာန္တေခံ၍ ငါးပါးသီလကို ဆောက်တည်ထားသူ ဖြစ်သည်။

မကြာမီ ဦးသီလသည် ခါးကြောဆန့်လို၍ အိပ်ရာထက်၌ လှဲလိုက်သည်။ ထိုအခါ ခြင်တို့သည် တဝီဝီဖြင့် ဦးသီလအား အသွေးစုပ်ရန် ထိုးစစ်ဆင်လေသည်။ ပထမတွင် ဦးသီလသည် အဝတ်ပိုင်းကလေးဖြင့် ပုတ်ခတ်လွတ်နေသည်။ မရပါ။ဇွဲကောင်းသော ခြင်တို့သည် အလစ်ချောင်း၍၊ အငိုက်ဖမ်း၍ ဦးသီလ၏ နားရွက်၊လက်တို့ကို တွယ်ခဲလေသည်။

ထိုအခါ ဦးသီလသည် နားရွက်ကိုက်လျှင် နားရွက်ရိုက်လိုက်၊ လက်ကိုက်လျှင် လက်ကိုရိုက်လိုက်ဖြင့် ဒေါသမျှင်းမျှင်း ထကာ မသိမသာ ခံယူထားသော ငါးပါးသီလ၏ စည်းဝိုင်းမှ ဖောက်ထွက်စပြုလာသည်။

သို့ဖြစ်လျှင် ဘုရားရှေ့၌ စောစောက ခံယူထားသော သီလများအနက်မှ ပါဏာတိပါတကံသည် အဘယ်မှာလျှင် လုံခြုံမှု ရှိပါသည်ဟု ဆိုနိုင်ပါအံ့နည်း။ ရင်ဆိုင်တွေ့လာသည့်အခါ ရှောင်ကြဉ်နိုင်မှသာ ဝိရတိ မင်္ဂလာ ဖြစ်နိုင်ပေသည်။

ဝိရတိတွင် (၁) သမ္ပတ္တ ဝိရတိ၊ (၂) သမာဒါန ဝိရတိ၊ (၃)သမုစ္ဆေဒ ဝိရတိဟူ၍ ဝိရတိ သုံးမျိုးရှိသည်။

(၁) သွားလာနေထိုင် ပြောဆိုသည့်အခါဖြစ်စေ စား၊ဝတ်၊ နေရေးအတွက် ရှာဖွေရသည်ဖြစ်စေ မကောင်းမှု ဒုစရိုက် ပြုလုပ်ရန် တွေ့ကြုံလာတတ်သည်။ ထိုသို့ တွေ့ကြုံသည့်အခါ အမိအဖ၏ ဂုဏ်၊ အမျိုးအနွယ်၏ ဂုဏ်၊ ဆွေမျိုးသားချင်းနှင့် အသိုင်းအဝိုင်းတို့၏ ဂုဏ်နှင့် မိမိ၏ ဂုဏ်တို့ကို ပြန်လည်အောက်မေ့ ဆင်ခြင်ပြီး

မကောင်းမှုမှ ရှောင်ကြဉ်လိုက်လျှင် သမ္မတ္တာ ဝိရတီ မင်္ဂလာ ဖြစ်လာသည်။

မကောင်းမှု အကုသိုလ် တရားများကို နေ့မှရက်၊ ရက်မှလ၊ လမှနှစ်၊ ထိုမှ အသက်ဆုံးတိုင်အောင် မပြုလုပ်တော့ပါ။ ထိန်းသိမ်းပါမည်၊ ရှောင်ကြဉ်ပါမည်ဟု စိတ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ အဓိဋ္ဌာန်ပြုပြီး ဆောက်တည်လိုက်လျှင် သမာဒါနဝိရတီ မင်္ဂလာဖြစ်၏။

သမုစ္ဆေဒဝိရတီသည် သာမန်ပုထုဇဉ်တို့ မရယူနိုင်သောတရားဖြစ်သည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ အစရှိသည့် အရိယာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ သောတာပတ္တိမဂ်ဖိုလ်တို့ကို ရရှိခံစားပြီးသည့် အချိန်မှစ၍ ကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့်မဂ်အဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့်ကိုလိုက်ပြီး ပယ်သတ်ခြင်း၊ ငြိမ်းအေးစေခြင်းကို ခေါ်ဆိုသော တရားဖြစ်၏။

သို့ဖြစ်လျှင် မဂ်အဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့် မည်သို့လိုက်၍ မည်သို့ပယ်သတ်သည်။ မည်သို့ငြိမ်းအေးစေသနည်း။

(က) သောတာပန် ပုဂ္ဂိုလ်သည် သံယောဇဉ်များအနက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသနှင့် အပါယ်ကို လားစေတတ်သည့် ကာမရာဂ၊ ပဋိဃဟူသည့် တရားငါးမျိုးကို ပယ်သည်။ တနည်းဆိုသော် ငါးပါးသီလ လုံခြုံနေသောပုဂ္ဂိုလ်ဖြစ်၏။

(ခ) သကဒါဂါမ် ပုဂ္ဂိုလ်သည် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂနှင့်ပဋိဃဟူသည့် ကြမ်းတမ်းသော ဒေါသတို့ကို ပယ်သတ်သည်။ သောတာပန်ထက် အနည်းငယ် အဆင့်မြင့်သည်။

(ဂ) အနာဂါမ် ပုဂ္ဂိုလ်သည် နူးညံ့ သိမ်မွေ့သည့် ကာမရာဂ၊ နူးညံ့သိမ်မွေ့သည့် ပဋိဃ၊ ဒေါသတို့ကို ပယ်၏။ မိမိသားမယားဖြင့်ပင်လျှင် အတူမအိပ်တော့သည်သာမက ဒေါသဖြစ်စရာများကိုပါ ချုပ်တည်းလာနိုင်သည်။

(ဃ) ရဟန္တာ ပုဂ္ဂိုလ်မြတ်သည် ရူပရာဂ ဆိုအပ်သော ရူပဗြဟ္မာကြီးတို့ ဖြစ်ချင်သည့်ဆန္ဒ၊ အရူပရာဂဆိုအပ်သော နာမ်ဗြဟ္မာကြီးတို့ ဖြစ်ချင်သည့်ဆန္ဒ၊ မာနထောင်လွှား၊ ဥဒ္ဒစ္စပျံ့လွင့်ခြင်း၊ မောဟ အဝိဇ္ဇာမှောင် ဖုံးလွှမ်းခြင်း၊ အထက်တန်းစား သံယောဇဉ် ငါးပါးနှင့်တကွ အနုသယ မျိုးစေ့ပါမကျန် အမြစ်ပြုတ်အောင် ပယ်သတ်နိုင်ပြီးဖြစ်၍ အကုသိုလ် စရိုက်မှန်သမျှ မည်သည့်နည်းနှင့်မျှ မပြုလုပ်။ ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့ ပရိနိဗ္ဗာန် စံဝင်ပြီးသည့်နောက် သုံးဆယ့်တဘုံတွင် မည်သည့် ခန္ဓာမျိုးမှ မဖြစ်တော့ပဲ မီး ၁၁ ပါးတို့၏လွတ်ကင်းရာ အေးငြိမ်းရာကို စံဝင်ခြင်း စသည့် မင်္ဂအဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့်ကို အပြီးအပိုင် ပယ်သတ်ကြခြင်း၊ ငြိမ်းအေးစေခြင်းသည် သမုစ္ဆေဒ ဝိရတိမင်္ဂလာ ဖြစ်သည်။

ဝိရတိမင်္ဂလာဖြစ်အောင် အတွေ့ရှောင်ခဲ့သည့် သတင်းသည် လုလင်ငယ်တဦး၏ဝတ္ထုကြောင်းမှာ စံပြုထိုက်စရာ ကောင်းလှသည်။

ဂေါတမ ဗုဒ္ဓဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်ပိုင်းအချိန် ဖြစ်သည်။ သီရိလင်္ကာ (သီဟိုဠ်ကျွန်း) နိုင်ငံ ရှေးမဇနပုဒ် မဟာဂါမ ရွာကြီးတရွာတွင် စက္ကနအမည်ရှိ သီတင်းသည် လုလင်တဦးသည် သူ့အကို၊ သူ့မိခင်ကြီးတို့နှင့် အတူ နေထိုင်လျက်ရှိသည်။

စက္ကနသည် အကိုကြီး၏ လယ်ယာ လုပ်ငန်းများကို တဘက်မှ ကူညီယင်း အခြားတဘက်ကလည်း လူမမာ မိခင်အိုကြီးကို ပြုစု စောင့်ရှောက်လျက်ရှိသည်။

တနေ့သောအခါ မိခင်လူမမာအိုကြီး၏ ရောဂါ ပျောက်ကင်းရေးအတွက်ဆေးဆရာတဦးကိုပင့်သည်။ဆေးဆရာကလည်း အမျိုးမျိုးကုသည်။ ရောဂါမှာ ကျွမ်းနေ၍ ဆေးမတိုး၊ မသက်သာ။ ဤတွင် ဆေးဆရာက ယုန်သားနုနုကိုကျွေးလျှင် ရောဂါ သက်သာလာနိုင်စရာရှိသည်ဟု အကြံပြု၍ ခေတ်စာပေးသည်။

လယ်ယာ လုပ်ငန်းခွင်တဖက် ဖြစ်နေသည့် အကိုကြီးကသူ မအားမလပ်သဖြင့် ညီတော်စက္ကနအား ယုန်ဖမ်းရန် လွှတ်လိုက်သည်။

ငယ်စဉ်ကတည်းက ငါးပါးသီလကို ထိန်းသိမ်းလာခဲ့သောသိတင်းသည် စက္ကနသည် လမ်းခရီးတွင် ရဟန်းတပါး ကြွလာသည်ကို မြင်တွေ့သည်နှင့် ဖူးမျှော်ကန်တော့ပြီး ထိုရဟန်းအထံ၌ပင် ငါးပါးသီလ ခံယူကာ ယုန်ရှာထွက်လေသည်။

ကံအားလျော်စွာပင် ယုန်ငယ်တကောင်မှာ အစာရှာခိုက်နွယ်ပင်ဖြင့် ငြိပြီး မပြေးနိုင်ဖြစ်နေသည်ကို စက္ကနတွေ့လေသည်။

ဝမ်းမြောက်ရွှင်မြူးစွာဖြင့် စက္ကနသည် ယုန်ငယ်ကို ဖမ်းရာယုန်ငယ်မှာ သေရမည့် ဘေးကြောင့် ကြောက်ရွံ့ တုန်လှုပ်ပြီး အော်ဟစ်မြည်တမ်းကာ ရုန်းကန်လေသည်။ဤရှုခင်းကို မြင်တွေ့ရသော စက္ကနအဖို့ စိတ်မကောင်းခြင်းဖြစ်ပြီး ငါးပါးသီလခံယူထားသည်ကိုလည်း ရုတ်ခြည်း သတိရကာ ငါ့မိခင် အသက်သေလိုက သေစေတော့ ဤယုန်ငယ်ကိုတော့ မသတ်လိုဟု ဆို၍ယုန်ငယ်ကို လွှတ်လိုက်လေသည်။

အိမ်ပြန်ရောက်၍ အကျိုးအကြောင်းရှင်းပြရာ အကိုဖြစ်သူက ဒေါသအမျက် ချောင်းချောင်းထွက်ပြီး မိခင်၏ ကျေးဇူးကိုမှ မသိတတ်သည့်စက္ကနအား အိမ်မှနှင်ချလိုက်လေသည်။ အိမ်ပေါ်မှ နှင်ထုတ်ခံရသော စက္ကနသည် စိတ်ညစ်ညစ်ဖြင့် တောထဲ ထွက်လာခဲ့သည်။ တောထဲရောက်သည်နှင့် စက္ကနသည် အဘိုးအို တဦးနှင့် တွေ့လေသည်။

စက္ကနလည်း အဘိုးအိုအား ဖြစ်ကြောင်းကုန်စင် ပြန်ပြောင်းပြောပြရာ အဘိုးအိုက စက္ကနမိခင်အို၏ ရောဂါကို သူ ကုစားပေးမည့် အကြောင်း ပြောဆိုပြီး စက္ကန၏အိမ်သို့ လိုက်ပါလာလေသည်။

အိမ်သို့ရောက်သည့်အခါ အဘိုးအိုက စက္ကနအား သင်လူမှန်းသိသည့်အချိန်မှစ၍ သူများအသက်များကိုမသတ်ခဲ့ဘူးကြောင်း သစ္စာပြုရန် တိုက်တွန်းလေသည်။ ဤတွင် စက္ကနက သစ္စာပြုရာ အိပ်ရာထက်၌ လဲနေသော လူမမာ အဘွားအိုမှာ ထထိုင်လေတော့သည်။

တင်ပြခဲ့သည့် ဝတ္ထုကြောင်း၏ အနှစ်သာရကိုသုံးသပ်သည့်အခါ စက္ကနသည် ငါးပါးသီလကို ခံယူလိုက်သည်နှင့် အာရတိမင်္ဂလာ ဖြစ်၏။ ထို့ထက် တကယ့် နဖူးတွေ့ ဒူးတွေ့ တွေ့လာရသော အကုသိုလ်ကို ကြိုးစားပြီး ရှောင်ကြဉ်နိုင်ခဲ့သည့်အတွက် ဝိရတိမင်္ဂလာ ဖြစ်လာသည်ကို ဖော်ညွှန်းထားသည်မှာ နည်းယူဆိုက်စရာ ဖြစ်သည်။

## (၂၀) မဇ္ဇပါနာစ သံယမော

မဇ္ဇပါနာစသံယမော မင်္ဂလာသည်(မဇ္ဇ = မူးယစ်မေ့လျော့တတ်သောအရက်၊ပါနာ = သောက်စားခြင်း၊သံယမ = ရှောင်ကြဉ်ခြင်း)မူးယစ် မေ့လျော့ စေတတ်သော သေရည်၊သေရက် သောက်စားခြင်း တို့မှ ကောင်းစွာ ရှောင်ကြဉ်ပါမည် ဟူ၍ ဖြစ်၏။

လူတို့၏ စိတ်သည် အေးမြကြည်လင် အလွန် သန့်ရှင်းသည့် ရေနှင့်တူ၏။ ထိုရေထဲသို့အနီရောင်ဆေးကရဲရဲနီသည်။ အပြာရောင်ဆေးက လဲ့လဲ့ပြာသည်။ အဝါရောင် ဆေးက ထိန်ထိန်တောက်ဝါသည်။ နီလိုကနီ၊ ပြာလိုကပြာ၊ ဝါလိုက ဝါ၍ ရသကဲ့သို့ လူသားတို့၏ ကြည်လင်အေးမြသန့်ရှင်းနေသောစိတ်ကို ကောင်း

သည့်၊ မှန်မြတ်သည့် ကုသိုလ် အာရုံတို့ ထည့်ပေးလိုက်လျှင် ကုသိုလ်စိတ်များ ဖြစ်ပေါ်လာသည်။ ယုတ်သော၊ ညံ့သော၊ မကောင်းသော အကုသိုလ်စိတ်များ ထည့်ပေးလျှင် အကုသိုလ် စိတ်များ တဟုန်ထိုး ကြွလာနိုင်သည်။

သို့ဖြစ်လျှင် ကြည်လင်သန့်ရှင်းနေသည့် လူသားတို့၏ စိတ်ထဲသို့ မူးယစ်စေတတ်သော သေရည်သေရက်၊ဘိန်းကင်းကဇော် အစ လော်စာ၊ဆေးခြောက်၊ကိုကင်း၊မာဖီးယား၊ထန်းရည်ခါး၊ ဘိန်းဖြူ အဆုံး စသည်တို့ကို စား သောက် ပွတ်ရှူ လိုက်လျှင် ပင်ကိုက သန့်ရှင်းကြည်လင်နေသည့် စိတ်တို့သည် နောက်ကျိကျိ ရီဝေဝေဖြစ်လာမည်။ ထို့ထက် လွန်၍ များလာလျှင် ငူးဝိတ် ပျောက်မည်။အကောင်းနှင့်အဆိုး၊အဆိုးနှင့်အကောင်းခွဲခြားပြီး မဝေဖန်နိုင်အောင် ဖြစ်လာမည်။ စိတ်မိုက်၊ စိတ်ရိုင်းတို့ ဝင် လာမည်။

စိတ်ယုတ်မာတို့ ဝင်လာသည်နှင့် မကျူးလွန်သင့်၊ မကျူး လွန်ထိုက်သော အကုသိုလ် ဒုစရိုက်တရားတို့ကို ကျူးလွန်ဖို့ရန် ဝန်လေးတော့မည် မဟုတ်။ ဝန်မလေးသည်နှင့် မကောင်းမှု မှန်သမျှများကို ကျူးလွန်တော့မည်မှာ သေချာလှသည်။ ထိုသို့ ကျူးလွန်သည်နှင့် လက်ငင်းချက်ချင်း စီးပွားပျက်မည်။ ခိုက်ရန် ဖြစ်ပွားမှုကြောင့် ဒဏ်ရာအနာတရ ဖြစ်မည်။ အချုပ်အနှောင် ခံရမည်။ တရားရုံးရောက်မည်။ ရောဂါများ အလွယ်တကူ ဝင် ရောက် ပူးကပ်နိုင်သည်။ ကျန်းမာရေးချို့တဲ့လာမည်။ ဂုဏ်သိက္ခာ ကျဆင်း ယုတ်လျော့နိုင်သည်။ သတိ၊ ဝီရိယကင်းမဲ့လာ၍ အသိ ဉာဏ် ကင်းမဲ့လာမည်။ အသိဉာဏ် မဲ့သည်နှင့် မမှားသင့်သည် များ မှားယွင်းလာနိုင်သည့်အထိ ဖြစ်လာနိုင်ပေသည်။

ဒုစရိုက်တရား ၁၀ ပါးထဲတွင် အရက်သေစာ သောက်စားခြင်းနှင့် ပတ်သက်၍ တားမြစ်ထားသည်ကို မတွေ့ရ၍ အကုသိုလ်လည်း မဖြစ်၊ ငရဲလည်းမကျနိုင်ဟု အချို့က ဆင်ခြေကန်ကြသည်ကို တွေ့ရသည်။ ယင်းသို့ ဆင်ခြေတက်ခြင်းသည် အမှန်စင်စစ် ဆင်သေကို ဆိတ်ရေဖြင့် ဖုံးသကဲ့သို့ အမျှား သူငါတို့၏ ကဲ့ရဲ့ပြောဆိုခြင်းမှ သက်သာအောင် ကာကွယ်ပြောဆိုခြင်းဖြစ်သည်။

တနည်းဆိုရသော် မသောက် စားတတ် သေးသော သူကို သောက်ချင် စားချင်လာအောင် သူခိုးသေဖော်ညှိခြင်းပင် ဖြစ်သည်။ မိမိ တဦးတည်း အရက်သမားဘဝ ရောက်နေသည်ကို အားမရနိုင်ပဲ အခြားသူများပါ အမြီးပြတ်စေရန် စည်းရုံးပြီး အပါယ်ငရဲ မရောက် ရောက်အောင် ဂျောက်တွန်းခြင်းပင် ဖြစ်သည်။

မှန်၏။ အရက်သေစာ သောက်စားခြင်းလည်း ဒုစရိုက် တရား ၁၀ ပါး တွင် တိုက်ရိုက် မပါဝင်လင့်ကစား ကာယ ဒုစရိုက် သုံးပါး ရှိသည့်အနက် ကာမေသု မိစ္ဆာစာရကံနှင့် အရက်သောက်ခြင်း၊ ကြက်တိုက်ခြင်း၊ ဖဲရိုက်ခြင်း၊ ဘိန်းရှူခြင်း၊ လောင်းတမ်းကစားခြင်းတို့သည် တသဘောတည်း ဖြစ်နေသဖြင့် ကာမေသု မိစ္ဆာစာရကံထဲသို့ ထည့်သွင်းယူခြင်းဖြစ်သည်။

ထို့အပြင် လူသားတိုင်း စောင့်ထိန်းအပ်သည့် 'နိစ္စသီလ' (ငါးပါးသီလ)ထဲတွင် စောင့်ထိန်းဖို့ ပညတ်ပြီး ဖြစ်သော ၃၈ ပါး မင်္ဂလာရှိသည်။ ယင်း မင်္ဂလာတရားများအနက် အမှတ် ၂၀ ဖြစ်သည့် မဇ္ဇပါနာစ သံယမောမင်္ဂလာကို မင်္ဂလာတပါး အဖြစ် ဟောကြားထားသည်ဖြစ်၍ မည်သည့် အကြောင်းပြချက်များဖြင့် ဆင်ခြေဆင်လက်ပေး၍ ရနိုင်ဖွယ်မရှိပေ။

ထို့ကြောင့် မိမိအသိဉာဏ်တို့ဖြင့် ရှုမြင်သုံးသပ်ကာ အလိမ္မာ စာမှာရှိ ဆိုစကားအရ စာပေ ကျမ်းဂန်များကို လေ့လာ၍ မှန်ရာကို ယူဖို့ရန် တိုက်တွန်းအပ်ပေသည်။

ပဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိတော်တွင် ဗုဒ္ဓရှင်တော်မြတ် ဘုရား ဟောကြားခဲ့သည့် ပါဠိတော် အဋ္ဌကထာအဆာကို တင်ပြပါမည်။

သုရာပါနံ ဘိက္ခဝေ အာသေဝိတံ နိသေဝိတံ နိရယ သံဝတ္တနိကံ၊ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ ပေတ္တိဝိသယ သံဝတ္တနိကံ၊ ယောစ သဗ္ဗလဟုကော သုရာပါနဿ ဝိပါကော သော ဥမ္မတက သံဝတ္တနိကော။

ယင်းပါဠိတော်၏ အနက်မှာ အရက်သေစာ သောက်စားသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ် လေးဘုံသို့ ကျရောက်မည်။ ငရဲဘုံမှ လွတ်၍ လူဖြစ်လာပြန်လျှင် လူရူး၊ နတ်ဖြစ်ပြန်လျှင် နတ်ရူး၊တိရစ္ဆာန်ဖြစ်လျှင် တိရစ္ဆာန်ရူး၊ မည်သည့်ဘဝ၌ဖြစ်ဖြစ် အရူးတွေသာ ဖြစ်တတ်သည်ဟူ၍ ဟောညွှန်ကြားခြင်းဖြစ်သည်။

သုရာအရက်သည် မည်သည့်ခေတ်က စတင်ပေါက်ဖွားလာသည်ကို သုရာအစ မုဆိုးက ဝတ္ထုသက်သေတခုဖြင့် ဆိုပါမည်။

ကာသိကရာဇ်တိုင်းတွင် သုရာအမည်ရှိ တောလိုက်မုဆိုးတဦးသည် သားကောင်များကို လိုက်လံဖမ်းဆီးသတ်ဖြတ်ရာမှ မျက်စိလည် လမ်းမှားပြီး တောနက်ထဲရောက်သွားသည်။ ထွက်ပေါက်လမ်းစ တွေ့လိုတွေ့ငြား ရှာယင်းဖြင့် သစ်ပင်တပင် အရင်း၌ ရေဆာဆာဖြင့်နားနေစဉ် သစ်ပင်ထက်က ညံ့ညံ့စီသော အသံများကို ကြားရသည်။

ဤတွင် သစ်ပင်ထက်သို့ မော့ကြည့်လိုက်ရာ သစ်ပင်ခွကြားမှ ရေတို့ကို တပျော်တပါး အလုအယက် တိုးဝှေ့သောက်သုံးနေကြသော မျောက်များ၊ရှဉ့်များ၊ငှက်များကို တွေ့ရလေသည်။ သစ်ပင်ခွကြားမှ ရေကို သောက်သုံးနေသော မျောက်၊ ရှဉ့်နှင့် ငှက်တို့သည် ထိုရေကို သောက်သုံးပြီးနောက် ရုတ်တရက် မပြန်နိုင်သေးပဲ အတန်ကြာ အိပ်ပျော်ပြီးမှ ထပြန်သွားသည်ကိုလည်း မြင်ရသည်။

ဤတွင် မုဆိုးလည်း ရေငတ်တော်ဖြင့် သစ်ပင်ခွကြားထက်သို့ တက်၍ လက်ခုပ်ဖြင့် တအား ကုန်းသောက်လေသည်။ သောက်ပြီး၍ မကြာမီမှာပင် မူးတူးတူး၊ ရီတီတီ၊ ဝေတေတေ ဖြစ်လာကာ အိမ်တွင်ကျန်ရစ်သည့် အိမ်သူသက်ထားထံ ပြန်ရန်ပင် မေ့သွားလေသည်။ ထို့နောက် မုဆိုးလည်း အိပ်ပျော်သွားသည်။

အိပ်ရာမှ နိုးထ၍ သတိရလာသောအခါလည်း အိမ်သို့ မပြန်တော့ပဲ အနီးအနားတွင် နေထိုင်သည့် ဝရုဏ အမည်ရှိ ရသေ့တပါးနှင့် အပေါင်းအဖက်လုပ်ကာ သစ်ပင်ထက်မှ မူးယစ်ပြီး ကျလာသော ရှဉ့်များ၊ ငှက်များကို သတ်လိုက်၊ ဖြတ်လိုက်၊ ဖုတ်လိုက်၊ ကင်လိုက်၊ သစ်ခွကြားမှ အရည်များကို သောက်လိုက်ဖြင့် ဇိမ်ယစ်နေလေသည်။

ထို့နောက် ရသေ့နှင့် မုဆိုးသည် သစ်ပင်ခွကြားမှအရည်သည် အဘယ့်ကြောင့် သောက်၍ကောင်းရသနည်းဟူသော အဖြေကို ရှာသည်။ သုတေသနလုပ်သည်။

အဖြေကို တွေ့ပြီ။ တောငှက် တိရစ္ဆာန်တို့သည် သစ်ပင်ခွကြားက ရေကိုသောက်ယင်း သူတို့ချီယူလာသော သစ်သီး၊ သစ်ပွင့်၊

စားကြွင်း၊ စားကျန်တို့သည် ရေသောက်ရအောင် လာတိုင်း ကျန်ရစ်ခဲ့သည်။ ကျကျန်ရစ်သည့် စားကြွင်း၊ စားကျန်တို့သည် နေ၏အပူရှိန်ဖြင့် သောက်ကောင်းသောအရည် ဖြစ်လာစေရန် ချက်ထားဘိသို့ ဖြစ်နေသည်။

ဤကဲ့သို့ အဖြေရပြီးနောက် ရသေ့နှင့်မုဆိုး ထိုနှစ်ဦးသည် သူတို့ဘာသာ ချက်သောက်ရုံဖြင့် အားမရသေးပဲ စီးပွားရှာရန် ဝိသမ လောဘဇောတိုက်လာကြသည်။ ဤသို့ လောဘတိုက်လာသဖြင့် ချက် လုပ်၍ ပစ္စန္တရာဇ် တိုင်းပြည်၊ ဗာရာဏသီပြည်၊ သာကေတ တိုင်းပြည်တို့တွင် စီးပွားရေး နယ်ချဲ့ပြီး လှည့်လည် ရောင်းချကြသည်။

ထိုတိုင်းပြည် အသီးသီးရှိ ပြည်သူတို့ကလည်း သောက်ကြသည်၊ သုံးကြသည်။ အကျင့်ဖောက်ပြားပြီး မမှန် မကန်တွေ ဖြစ်လာသည်။ အကျင့်မမှန်မှုကြောင့် ရေပြည်သို့ အရောက်များနေသဖြင့် သိကြားမင်းကပင် ကယ်မခဲ့ရသည်။

ထိုအခါမှစ၍ အရက်သည် သုရာ အမည်ရှိမုဆိုးနှင့် ဝရုဏ အမည်ရှိ ရသေ့ကြီးနှစ်ဦးတို့မှ စတင် ပေါက်ဖွားလာခြင်းဖြစ်၍ သုရာအရက် သို့မဟုတ် ဝရုဏအရက်ဟူ၍ ခေါ်တွင်လာခြင်း ဖြစ်သည်။

အရက်သေစာ သောက်စားမှုသည် ရှေးမြန်မာမင်း အဆက်ဆက်ကပင် ပေါပေါက်ခဲ့ပြီးဟု ဆိုနိုင်သော်လည်း ရှေးခေတ်လူတို့ သောက်စားခြင်းနှင့် မျက်မှောက်ခေတ်လူတို့ သောက်စားခြင်းကို နှိုင်းယှဉ်ပါက ယနေ့ခေတ်လူတို့ သောက်သုံးခြင်းက ပိုအံ့ဟု ဆိုရနိုးထင်သည်။ အဘယ့်ကြောင့် ရှေးခေတ်က လူတို့

အသောက်အစားနည်းခဲ့ရသနည်းဟု ထပ်မံ စောကြောပါလျှင် ရှေးခေတ်လူတို့သည် ယနေ့ခေတ်လူတို့ထက် မိမိတို့ကိုးကွယ်သည့် ဘာသာတရားများကို လေးစားခြင်း၊ လိုက်နာကျင့်သုံးခြင်းတို့ ကြောင့်ဟု အဖြေတွေ့ပါသည်။

ထို့အပြင် ကံမကောင်း အကြောင်းမလှ၍ နယ်ချဲ့အောက် ကျွန်သဘောက်အဖြစ် ရောက်ခဲ့ရသော အမိ မြန်မာနိုင်ငံသည် သာလာယံဇရပ်ကဲ့သို့ဖြစ်ပြီး တိုင်းတပါးလူမျိုးခြားများ တစိမ့်စိမ့် ထိုးဖောက် ဝင်လာကြခြင်းကို ခံရသည်။ ထိုလူမျိုးခြား များနှင့်အတူ အရက်လုပ်ငန်းသည် စီးပွားရေးကဏ္ဍတခုအဖြစ် ပါဝင်လာခဲ့သည်။

ထို့နောက် နယ်ချဲ့တို့သည် သူတို့နိုင်ငံမှထုတ်လုပ်သော အရက် မျိုးစုံတို့ကို တင်သွင်းလာသည်။ အခွန်တော်ငွေ ရရှိရေးအတွက် လိုင်စင်များထုတ်ပေးကာ အရက်ဆိုင်များ မှိုလိုပေါက်မျှ ဖွင့်လှစ် ရောင်းချသည်။

ထိုအချိန်တွင် ဒုတိယ ကမ္ဘာစစ်မီး မြန်မာပြည်သို့ ကူးစက် တောက်လောင်လာသည်။ ဒုတိယကမ္ဘာစစ်အတွင်း စီးပွားရေး ကပ် ဆိုက်ရောက်ခံရသော လူထုအဖို့ တောအရက်ချက်ပြီး ဝမ်း ရေးအတွက် ဖြေရှင်းရပြန်သည်။ အထူးသဖြင့် လူအများစု နေထိုင်ကြသော တောလက်ကျေးရွာများရှိ ရွာမိရွာဖတို့ ကလည်း ရေများ ရေနိုင်၊ မီးများမီးနိုင် ဆိုဘိသကဲ့သို့ အရက် ကြောင့် ပျက်စီးလေလွင့်ခဲ့ရသော ကျေးလက်လူထု၏ဘဝကို နှာစေးပြီး ကျောခိုင်းခဲ့ရသည်မှာ ရင်နင့်စရာကောင်းလှသည်။

ဒုကနိပါတ် ဓမ္မဇာက်လာ ဝတ္ထုကို သုံးသပ်လျှင် အရက် သေစာ သောက်စားပြီး လူစိတ်ပျောက်ကာ မိမိရင်သွေးငယ်ကို

ဟင်းလျာအဖြစ်ချက်ကာ မြိန်းစားခဲ့သည့် ထုံးကသတိပေးလျက် ရှိသည်။

ဗာရာဏသီပြည် ကေရာဇ်အမည်ရှိ အရက်အလွန်ကြိုက်သော ဘုရင်တပါးရှိသည်။ ထိုဘုရင်သည် အရက်နှင့်အမဲသားမပါလျှင် ပွဲတော်မတည်နိုင်အောင် ဖြစ်နေသည်။

ဥပုသ်နေ့နှင့်ကြုံလျှင် အမဲသားငါးများကို တရက်ကြိုတင်၍ ဝယ်ယူထားရသည်။ ဥပုသ်နေ့နှင့် ကြုံကြိုက်သည့် တရက်တွင် ဝယ်ယူပြီး အမဲသားငါးများကို လုံခြုံစွာ မသိမ်းမိသဖြင့် ခွေး ဝင်စားသွားရာ စားတော်ကဲမှာ အကျော်ကြုံရတော့သည်။ ဤတွင် ကြံရာမရ ဆောက်တည်ရာမရ ဖြစ်နေသော စားတော်ကဲသည် မိဖုရားကြီးထံ အကြံဉာဏ်တောင်းခံရာ မိဖုရားကြီးက ရသည့် ဟင်းလျာဖြင့်ပင် ပွဲတော်အုပ်ဆက်ရန် အကြံပေးလိုက်သည်။

ထိုအချိန်တွင် မိဖုရားကြီးသည် သူ၏သားတော်ကလေးကို ပေါင်ပေါ်တင်၍ ချော့မြှူနေသောအချိန်ဖြစ်သည်။

စားတော်ကဲလည်း မိဖုရားကြီး အကြံပေးသည့်အတိုင်း ရရာ ဟင်းလျာဖြင့် ပွဲတော်အုပ်ဆက်ရာ အမဲဟင်းလျာမပါလာသဖြင့် ဘုရင်ကြီး ဒေါမာန်ပွပြီး မိဖုရားကြီးပေါင်ပေါ်မှ ကလေးကို ဆွဲယူ၍ လည်မျိုကိုလိမ်ချိုးကာ သည်အမဲဖြင့် ငါ့ကို ပွဲတော် ဆက်ဟု ပစ်ချပေးလိုက်သည်။

စားတော်ကဲလည်း ကြောက်ကြောက် ရွံရွံဖြင့် သားတော် ကလေးအလောင်းကို ကောက်ယူပြီး ချက်ပြုတ်ကြော်လှော်ပြီး သည့်အခါ ဘုရင်ကြီးအား ဆက်သလေသည်။ အရက်မူးနေသော ဘုရင်ကြီးသည် သားတော်၏အသားကို အရက်ဖြင့် မြိန်ယှက်စွာ ပွဲတော်တည်ပြီးနောက် အိပ်စက်တော့သည်။

နံနက်မိုးသောက် အလင်းရောက်သည့်အခါ ဘုရင်ကြီးသည် မိဖုရားကြီးအား သားတော်လူလေး မောင်ရွှေသွေးကို အဆက် ခိုင်းလေသည်။ မိဖုရားကြီးက ညကပင် အရှင်မင်းကြီး သတ်စားပြီးကြောင်း တရှိုက်တငင် သဲလှိုက်ပူပင် ငိုယိုကာ လျှောက်ထားတော့မှ ဘုရင်ကြီးသည် ညကအဖြစ်အပျက်တို့ကို ပြန်လည်သတိရပြီး ရင်ဘတ်စည်တီး ငိုရှာလေသည်။

အလွန်ချစ်မြတ်နိုးလှသည့် မိမိ၏ရင်သွေးငယ်ကိုပင် သတ်ပြီးစားရက်နိုင်သည့်အထိ ဖြစ်ရသည့် အကြောင်းရင်းခံသည် အရက်သေစာ သောက်စားမှုကြောင့် ဖြစ်ရသည်မှာ ထင်ရှားလှသည်။

ထို့ကြောင့် သေရည်သေရက် သောက်စားခြင်းသည် သောက်စားသည့် အကုသိုလ်ကံကိုသာ ကျူးလွန်ရုံဖြင့် မပြီးသေးပဲ အလွန်ကြီးလေးလှသည့် ကံကြီးများကိုပင် ကျူးလွန်လာအောင် သွေးဆောင်တတ်သည့်အတွက် ရှောင်ကြဉ်ကြပါဟု အလေးအနက် တိုက်တွန်းရပါသည်။

## (၂၁) အပ္ပမာဒေါစ ဓမ္မေသု

အပ္ပမာဒေါစ ဓမ္မေသု မင်္ဂလာသည် (ဓမ္မ = ကောင်းမှု ကောင်းရာတရား၊ အပ္ပမာဒ=မမေ့မလျော့ခြင်းသတိ)ကောင်းရာ ကောင်းမှုဖြစ်သည့် တရားတို့ကို မမေ့မလျော့သော သတိ တရားဖြင့် ပြည့်စုံအောင် နေထိုင်ကြရန် တိုက်တွန်းထားခြင်း ဖြစ်သည်။

ကောင်းမှုကောင်းရာ အလုပ်ဩပဲ ဖြစ်စေ၊ မကောင်းမှု မကောင်းရာ အလုပ်ဩပဲဖြစ်စေ မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေ သည့် အလုပ်တို့အပေါ်တွင် အမြဲတမ်း စွဲစွဲမြဲမြဲ အမှတ်ရနေ ခြင်းသည် သတိဖြစ်၏။

စပယ်နီး၊စာပေ

ဤနေရာတွင် မကောင်းမှုအလုပ်အပေါ် အမြဲတမ်းရနေမည့် သတိကို ပယ်ရှား၍ ဘုရားသခင် အလိုတော်ကျဖြစ်သည့် ကောင်းမှု ကောင်းရာအလုပ်ကို အစဉ်ရနေနိုင်မည့် သတိကိုသာ လိုက်နာထိန်းသိမ်း စောင့်ရှောက်ရမည် ဖြစ်သည်။ သို့မှသာ အပ္ပမာဒေါစ ခေမ္ပသု မင်္ဂလာကို ဦးထိပ်ရွက် ပန်ဆင်နိုင်မည် ဖြစ်၏။

အပ္ပမာဒေါစ ဓမ္မေသု မင်္ဂလာသည် ၃၈ ပါးသော မင်္ဂလာ တရားတော်များထဲတွင် အရေးပါအရာရောက်ဆုံးသော သူမပါ လျှင် မပြီးနိုင်သော၊ မလွှဲနိုင်သဖွယ်ဖြစ်သော မင်္ဂလာတပါးဟု ဆိုရအံ့ထင်သည်။

အပ္ပမာဒ သတိတရားသည် ယခု ပစ္စုပ္ပန်မှာပဲဖြစ်ဖြစ်၊ နောင် တမလွန်ဘဝအတွက်ပဲဖြစ်ဖြစ် လောကီ၊ လောကုတ္တရာ နှစ်ဖြာ သော ကောင်းကျိုးချမ်းသာ ကြီးပွားကြောင်း တရားအစစ် ဖြစ်သည်သာမက နိဗ္ဗာန်သောင်ကမ်းသို့ အရောက်ပို့ဆောင်ပေး နိုင်သော သတ္တိစွမ်းဖြင့် ပြည့်စုံသော သတိတရားဖြစ်၏။

သံသရာမှ ထွက်ရာ၊ ထွက်ကြောင်း ဖြစ်သည့် ကောင်းမှု၊ ကောင်းရာ ပေးကမ်း စွန့်ကြဲခြင်း ဒါနအမှုကို ဆောင်ရွက်ရာ၌ ဖြစ်စေ၊ စောင့်ထိန်းရမည့် သီလကို ဆောက်တည်ရာ၌ ဖြစ်စေ မြေဩဇာမိုးပျံ့၊လောကီစျာန်၊ အဘိညာဉ်များရအောင်၊ ရုပ် နာမ် ဓမ္မသင်္ခါရ တရားတို့၏ ဖြစ်ပျက်မစဲ၊တသဲသဲ ရှိနေသည်ကို ဉာဏ် မျက်စိဖြင့် ထင်မြင်လာအောင် ဝိပဿနာ တရားများဖြစ်သည့် ဗောဓိပက္ခိယတရား ၃၇ ပါး၊ မဂ္ဂင် ၈ ပါး၊ မဟာ သတိပဋ္ဌာန် တရား ၄ ပါး တရားမြတ်တို့ကို အားထုတ်ရာ၌ဖြစ်စေ အပ္ပမာဒ သတိတရားကို လက်လွှတ်၍ မဖြစ်ပေ။ အပ္ပမာဒ သတိတရားကို

လက်ဆုပ်လက်ကိုင်ထားပြီး အားထုတ်မှသာ အောင်မြင်နိုင်မည် ဖြစ်သည်။

ယနေ့ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသောလူတန်းစား အသီးသီးသည် မိမိတို့ သက်ဆိုင်ရာ အလုပ် တာဝန် များ ဖြစ်ကြသည့် တောင်သူ လယ်သမားများသည် လယ်ယာအလုပ်၊ တောင်ယာအလုပ်ကို လည်းကောင်း၊ အလုပ်သမားများသည် ကုန်ထုတ်စွမ်းအား တိုးတက်ရေးကို လည်းကောင်း၊ အုပ်ချုပ်ရေး ဆိုင်ရာ ဝန်ထမ်းတို့သည် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ဝတ္တရားများ ကို လည်းကောင်း၊ ရဟန်းတော်များသည် ရဟန်းအလုပ်ကို လည်းကောင်း ဆိုင်ရာဆိုင်ရာ တာဝန်ဝတ္တရားများကို ထမ်းရွက် ကြသည့်အခါ သတိတရားမရှိ မေ့မေ့ လျော့လျော့၊ ပေါ့ပေါ့ တန်တန် ဆောင်ရွက်ကြမည်ဆိုလျှင် နိုင်ငံတော်၏ ဝပြောသာယာ စည်ပင် တိုးတက်မှုကို ရရှိနိုင်မည် မဟုတ်ပေ။ ဆုတ်ယုတ်မှု၊ ပျက်ပြားမှုဖြင့်သာ ရင်ဆိုင်ကြရမည် ဖြစ်သည်။

သတိမေ့၍၊ ပေါ့လျော့၍ ပျက်စီးရခြင်း၊ ဆုတ်ယုတ်ရခြင်း ဖြစ်သည်ကို နောက်မှတဖန် ပြန်၍ သတိရလာသော်လည်း ထိုပျက် စီးမှု၊ ဆုတ်ယုတ်မှုတို့ကို အစားထိုး၍ ရနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွန်း၊ ချွန်းဖြင့် အုပ်၍ လောကီရေး လောကုတ္တရာရေးတို့တွင် သတိ အမြဲရှိနေ ရမည် ဖြစ်၏။

မြတ်ဘုရား ကိုယ်တော်တိုင် အပ္ပမာဒ သတိတရားအပေါ် မည်မျှအထိ အလေးအနက်ထားသည်ကို ကုရုတိုင်းသား တို့အား ဟောကြားသည့် မဟာသတိပဋ္ဌာန သုတ်တော်က သက်သေခံ

လျက် ရှိသည်။ ထိုသုတ်ကြောင့် နတ်ပြဟ္မာအပေါင်း သုံးသောင်း မျှ ကျွတ်တန်းဝင်ခဲ့သည်။

မဟာသတိပဋ္ဌာန သုတ်ကို သုတ်မဟာဝါ ပါဠိတော်တွင် ဤသို့ ဟောကြားခဲ့သည်။

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောက ပရိဒေဝါနံ သမတိက္ကမာယ၊ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။"

ဘိက္ခဝေ၊ အိုချစ်သားတို့။ ဧကာယနော၊ ဘုရား ပစ္စေကာ ရဟန္တာ အရိယာ သူတော်စင်အပေါင်းတို့ ပုန်းအောင်း ပျော်စံ နိဗ္ဗာန်သို့ဝင်ရန် တကြောင်းတည်း ခရီးဖြစ်သော။ အယံ မဂ္ဂေါ၊ လောကုတ္တရာ ရွှေအဖို့ဥ်ဖြစ်သော ဤ သတိပဋ္ဌာန် လမ်းမသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ရာဂ အစရှိသော အညစ် အကြေးတို့မှ စင်ကြယ်ခြင်းငှာ။ သောကပရိဒေဝါနံ၊စိုးရိမ်ပူဆွေး ငိုကြွေးမည်တမ်းခြင်းတို့ကို။ သမတိက္ကမာယ၊လွန်မြောက်ခြင်းငှာ။ ဒုက္ခ ဒေါမနဿာနံ၊ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့ကို။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းစေခြင်းငှာ။ ဉာယဿ၊ မြင့်မြတ်ဖြူစင်ကိလေသာ အညစ်အကြေးမှ ကင်းစင်သော အင်္ဂါရှစ်ပါးဖြင့် ပြည့်စုံသော လောကုတ္တရာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှာ။ နိဗ္ဗာနဿ၊ တဆယ့်တသိမ်း မီးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုရခြင်းငှာ။ သံဝတ္တတိ ဖြစ်၏။

ဤဒေသနာတရားတော်အရ မြတ်စွာဘုရားသခင်သည် နိဗ္ဗာန် သွားဖို့ရာ တကြောင်းတည်း ခရီးဖြစ်သည့် သတိပဋ္ဌာန်လမ်းမ

ပေါ်တွင် မဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့်သွားမှသာ စိုးရိမ်ငိုကြွေး ကြရခြင်း၊ ကိုယ်စိတ်နှစ်ပါး မချမ်းသာရခြင်း စသည့် ဒုက္ခ အပေါင်းမှ ချုပ်ငြိမ်းရာ၊ ကုန်ဆုံးရာဖြစ်သော မြတ်နိဗ္ဗာန်ကို ကေန်အမှန် မျက်မှောက်ပြုရာ ရောက်နိုင်သည်ဖြစ်ကြောင်း ရဲရဲ င့ံဝံ့ ကတိပေး ဟောပြော ဆုံးမခြင်း ဖြစ်သည်။

မဟာသတိပဋ္ဌာန်တရားကို တရား အားထုတ်နေကြသော ယောဂီပုဂ္ဂိုလ်တို့နှင့်တကွ တရားအားထုတ်လိုကြသော ပုဂ္ဂိုလ် တို့ပါ သိထားကြဖို့ လိုအပ်ပါသဖြင့် တင်ပြရပါသည်။

မဟာသတိပဋ္ဌာန်တရားတွင် -

(၁) ကာယာနုပဿနာ၊

(၂) ဝေဒနာနုပဿနာ၊

(၃) စိတ္တာနုပဿနာ၊

(၄) ဓမ္မာနုပဿနာ ဟူ၍ လေးပါးရှိသည်။

ဤလေးပါးတွင် (ကာယ)ရုပ်ကိုပဲ ရှုရှု၊ (ဝေဒနာ)ခံစားမှု ကိုပဲ ရှုရှု၊ (စိတ္တ) စိတ်တခုတည်းကိုပင် ကွက်၍ရှုရှု၊ (ဓမ္မ) တရား သဘောကိုပဲရှုရှု အားလုံးသော အနုပဿနာ တို့သည် နိဗ္ဗာန်ရောက်ကြောင်းကိုသာ ဦးတည်ကြသည်ချည်း ဖြစ်သည်။ ယောဂီအချင်းချင်း မည်သူ့အကျင့်ကမှန်သည်၊ မည်သူ့အကျင့် က မြတ်သည်၊ သို့လော သို့လော တွေးတောငြင်းခုံမနေကြပဲ မည်သည့် အနုပဿနာကိုပဲရှုရှု တပါးကိုရှုလျှင် လေးပါးစလုံး အကျုံးဝင်လာနိုင်မည် ဖြစ်သည်။

မှန်၏။ သတိပဋ္ဌာန်တရား လေးပါးကို ကမ္မဋ္ဌာန်း တခုစီဖြင့် ခွဲထုတ်လိုက်လျှင် ပဗ္ဗအစိတ်အပိုင်းပေါင်း ၂၁ ပဗ္ဗအထိ ရရှိလာ၏။

ထိုမှ ပဗ္ဗတို့ကိုခွဲထုတ်ခဲ့လျှင် ကာယာနုပဿနာဟုဆိုအပ်သော ခန္ဓာကိုယ်ပေါ်မှုတည်၍ အားထုတ်နိုင်သည့်ပဗ္ဗပေါင်း ၁၄ ပဗ္ဗ ရရှိလာသည်။

(၁) အာနာပါနပဗ္ဗ = ဝင်လေထွက်လေကို အမှတ် သဘိပြုပြီး အားထုတ်ရသည့် အပိုင်းတခု။

(၂) ဣရိယာပထပဗ္ဗ = သွား၊ ရပ်၊ ထိုင်၊ လျောင်း စသည့် ဣရိယာပုထ် လေးပါးတွင် သွားလျှင် သွားသည့်အလျောက်၊ ရပ်လျှင် ရပ်သည့်အလျောက်၊ ထိုင်လျှင် ထိုင်သည့်အလျောက်၊ လျောင်းလျှင် လျောင်းသည့် အလျောက် ကိုယ်ကာယကြီး လှုပ်ရှားပြောင်းလဲနေတိုင်း လေးကိုင်းကြီးကို မြားဖြင့်ပစ်ဘိသို့၊ ရှက်ဖြင့် သွားနေသည့် လှေကို လေသွား လေလာကြည့်၍ ပဲ့နှင်းပြုပြင်ပေးရဘိသို့၊ နွားလှည်း မောင်းသမားသည် လိုရာခရီး ရောက်အောင် နွားကြီးကို သတိပြု ထိန်းပေးရဘိသို့၊ မော်တော်ကား၊ လေယာဉ်ပျံ၊ မီးသင်္ဘော၊ မီးရထား မောင်းသူတို့သည် ဘေးမသီပဲ လိုရာခရီး ရောက်အောင် သတိပြု မောင်းရဘိသို့၊ မိမိတို့၏စိတ်ကို သတိကပ်ပြီး လှုပ်ရှားတိုင်း၊ ကိုင်တွယ်တိုင်း ရှုမှတ်အားထုတ်ရသည့် အပိုင်းတခု။

(၃) သမ္ပဇညပဗ္ဗ = ရှေ့သွားသော်၊ နောက်ဆုတ်သော်၊ တည့်တည့် ကြည့်သော်၊ စောင်းငဲ့၍ ကြည့်သော်၊ ဆန့်တန်း လက်များနှင့် ခြေများ ကွေးသော်၊ သင်္ကန်းသပိတ် ကိုင်တွယ်

သော်၊ အဝတ် ပြင်ဝတ်သော်၊ စားသော်၊ သောက်သော်၊ ကျင်ကြီးကျင်ငယ်စွန့်သော်၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ စားတိုင်း၊ သောက်တိုင်း၊ အချိန်တိုင်း လှုပ်ရှား ဖောက်ပြန် ပျက်စီးနေပုံကို သတိကပ်ပြီး ရှုမှတ်အားထုတ်ရသည့် အပိုင်းတခု။

(၄) ပဋိကူလမနသိကာရပဗ္ဗ = ဆံဖျားမှခြေဆုံးတိုင် မိမိ၏ ခန္ဓာကိုယ်ကြီးတွင် ရှိကြသည့် ကေသာ၊ လောမာ စသော ၃၂ ကောဋ္ဌာသတို့ကို ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်ဖြင့် ကောဋ္ဌာသတခုစီကို ပိုင်းခြားအားထုတ်သည့် အပိုင်းတခု။

(၅) ဓာတုမနသိကာရပဗ္ဗ=ခန္ဓာကိုယ် တခုလုံးတွင် ရှိနေကြသည့် ပထဝီ ၂၀၊ အာပေါ ၁၂၊ တေဇော ၄၊ ဝါယော ၆၊ စုစုပေါင်း ၄၂ ခုသော ဓာတ်တို့ကို အမှတ်သတိပြုပြီး ရှုစိုက်အားထုတ်ရသည့် အပိုင်း တခု။

(၆) နဝသိဝထိကပဗ္ဗ=တရက်၊ နှစ်ရက် အတွင်း သေပြီး အပုပ်ကောင်၊လင်းတ၊ ခွေးတို့ စားနေသည့် အပုပ်ကောင်၊ အသား၊အသွေး အကြွင်းအကျန် အပုပ်ကောင်၊အသား ကင်းပြီး သွေးကြွင်းမျှလူးကပ်နေသည့်အပုပ်ကောင်၊အရိုးစုသာကျန်သည့် အပုပ်ကောင်၊ဘနေရာ၌ လက်ရိုး၊တနေရာ၌ခြေရိုး၊ဦးခေါင်းရိုး စသည်ဖြင့် ပြန့်ကျဲပြီး ရှိနေသည့်အပုပ်ကောင်၊ခရုသင်းအဆင်း ကဲ့သို့ အရိုးသာရှိသည့် အပုပ်ကောင်၊ အရိုးများကို အစု အပုံ လုပ်ထားသည့်အပုပ်ကောင်၊အမှုန့်ဖြစ်နေသည့် အရိုးသာ ကျန်ရှိသော အပုပ်ကောင် စသည်ဖြင့် မိမိကိုယ်ကို ထိုလူသေကောင် အလောင်းဖြင့် နှိုင်းယှဉ်၍ အားထုတ်ရသည့် အပိုင်း ၉ ခု။

ဤသို့လျှင် ကာယာနုပဿနာ ပိုင်းတွင် ပဗ္ဗကမ္မဋ္ဌာန်းပိုင်း ပေါင်း ၁၄ ခု အကျုံးဝင်လျက် ရှိသည်။

ထို့နောက် ချမ်းသာခြင်း၊ဆင်းရဲခြင်း၊မဆင်းရဲ၊ မချမ်းသာ၊ မဆိုး၊မကောင်း စသည့် ခံစားမှု တခုခုကို ခံစားလိုစိတ် ပေါ် လာတိုင်း အမှတ် သတိဖြင့် ရှုမှတ်ရသည့် ဝေဒနာနုပဿနာ အပိုင်းတခု။

တပ်မက်စိတ်၊ဒေါသဖြစ်စိတ်၊တွေဝေပျံ့လွင့်စိတ်၊ကြံမှု သိမှု စိတ် စသည့်စိတ်တခုတခုဖြစ်ပေါ်လာတိုင်း ထိုစိတ်တို့၏ဖြစ်ပျက်၊ ချုပ်ပျောက်နေပုံကို သတိပြုရှုမှတ်ရခြင်း (ဆိုလိုသည်မှာ ရှေ့က ဖြစ်ပေါ်လာခဲ့သည့် စိတ်ကို နောက်စိတ်က လိုက်၍) ရှုမှတ် အားထုတ်ရသည့် စိတ္တာနုပဿနာ အပိုင်း တခု။

ဓမ္မာနုပဿနာတွင်—

(၁) နီဝရဏပိုင်း၊

(၂) ခန္ဓာပိုင်း၊

(၃) အာယတနပိုင်း၊

(၄) ဗောဇ္ဈင်ပိုင်း၊

(၅) သစ္စာပိုင်း ဟူ၍ ငါးမျိုး၊ငါးပိုင်း ကွဲထွက်လာသည်။

(၁) နီဝရဏပဗ္ဗ=ကာမစ္ဆန္ဒ၊ဗျာပါဒ၊ထိနမိဒ္ဓ၊ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဟူသော နီဝရဏတရား ငါးပါးတွင် ပါဝင်သည့် စိတ်တို့ ဖြစ်ပေါ်လာတိုင်း သတိဖြင့် ရှုမှတ်ရသည့်အပိုင်းပဗ္ဗတခု။

(၂) ခန္ဓာပိုင်း ဖြစ်သော ရုပ်၊ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ် စသည့်ခန္ဓာငါးပါးတို့ကို သတိဖြင့် ရှုမှတ်ရသည့်အပိုင်း ပဗ္ဗ တခု။

(၃) စက္ခုသောတစသည့် အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါးတို့ကို ယောနိသော မနသိကာရဖြင့် ဝင်လာတိုင်း ဝင်လာတိုင်း ရှုမှတ်ရသည့် အာယတန အပိုင်း ပဗ္ဗတခု။

(၄) သတိ၊ဓမ္မဝိစယ၊ဝီရိယ၊ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ဥပေက္ခာ စသည့် ဗောဇ္ဈင်ခုနစ်မျိုးကို ရှုမှတ်ရသည့် ဗောဇ္ဈင်ပိုင်း ပဗ္ဗတခု။

(၅) သစ္စာပိုင်းတွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာ၊မဂ္ဂသစ္စာ စသည်ဖြင့် သစ္စာလေးပါး ပါဝင်ပါသည်။

(က) ဒုက္ခသစ္စာ = ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊သောက၊ ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသ စသည့် ဒုက္ခတွင် ပါဝင်သော တရားတို့ကို ဖြစ်စေ။

(ခ) သမုဒယသစ္စာ = ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာ ဖြစ်သည့် ဆာလောင်မှု၊တပ်မက်မှုတရားတို့ကို ဖြစ်စေ။

(ဂ) မဂ္ဂသစ္စာ = သမ္မာဒိဋ္ဌိ၊ သမာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာ သမာဓိ ဖြစ်သည့် မဂ္ဂင်ရှစ်ပါးတရားတို့ကို ဖြစ်စေ။

(ဃ) နိရောဓသစ္စာ = တဏှာ၏ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်တရားကို ဖြစ်စေ ပိုင်းခြားသိမြင်အပ်သည့် သစ္စာတရား လေးပါးဖြစ်သည်။

တင်ပြခဲ့သည်တို့ကို ပြန်၍ ပေါင်းချုပ်လိုက်လျှင် ပဗ္ဗပေါင်း ၂၁ ဖြစ်လာသည်။အာနာပါနပဗ္ဗ ၁၊ဣရိယာပထပဗ္ဗ ၁၊သမ္ပဇည ပဗ္ဗ ၁၊ ပဋိကူလမနသိကာရ ပဗ္ဗ ၁၊ ဓာတုမနသိကာရပဗ္ဗ ၁၊

နဝသိဝထိက ပဗ္ဗ၉၊ ဝေဒနာနုပဿနာ ပဗ္ဗ ၁၊ စိတ္တာနုပဿနာ ပဗ္ဗ ၁၊ ဓမ္မာနုပဿနာ ပဗ္ဗ ၅၊စုစုပေါင်း ၂၁ ပဗ္ဗ၊ ကမ္မဋ္ဌာန်းပိုင်းတို့ ဖြစ်ပေါ်လာသည်။

ဘုရားသခင်က မဟာ သတိပဋ္ဌာန် တရား လေးပါးတွင် "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" ဟူ၍ ဟောကြားတော်မူခဲ့သည်။ အစိပ္ပာယ်မှာ သွားလျှင် သွားသည် ဟူ၍ သိရမည်ဖြစ်၏။ ခြေတလှမ်းချင်းလှမ်းနေစဉ်အတွင်းခြေထောက်မ လိုက်ပုံ၊ ရှေ့သို့အားယူပုံ၊ ခြေချပုံ စသည့် ရုပ်အမူအရာတို့ကို ကွဲကွဲ ပြားပြား သိရမည် ဖြစ်၏။ တနည်းအားဖြင့် ကြွသည်၊ လှမ်းသည်၊ ထိသည်တို့အပေါ် သတိကပ်ဟူ၍ ဆိုလိုခြင်းဖြစ်၏။ ဤနေရာတွင် အပ္ပမာဒ သတိ တရား မရှိလျှင် သိနိုင်ကြမည် မဟုတ်ပေ။

ထို့ကြောင့် ၃၈-ပါးသော မင်္ဂလာတရားတော်မြတ်တို့တွင် အပ္ပမာဒမင်္ဂလာသည် မင်္ဂလာ အားလုံး၏ သော့ချက်ပင် ဖြစ်ကြောင်း တင်ပြခဲ့ခြင်းဖြစ်သည်။ အပ္ပမာဒတရားကို လက်ကိုင်ထားခဲ့သည့် ရဟန်းတော် တပါးအား ဘုရားသခင်က မည်သို့ ချီးကျူးခဲ့သနည်း။ ပုံဆောင်ပါဦးမည်။

တခါတပါး မြတ်စွာ ဘုရား သခင်သည် (မရဏာနုဿတိ) သေခြင်းတရားတို့ကို နေ့စဉ် နှလုံးသွင်း အားထုတ် နေကြသည့် ရဟန်းရှစ်ပါးကို ခေါ်ယူစစ်ဆေးမေးမြန်းတော်မူသည်။

ပထမရဟန်းက တပည့်တော်သည် (ရတ္တိဒိဝဍ္ဍ) တညဥ့်နှင့် ဘနေ့ပတ်သုံး သေရတော့မည်ဟုနှလုံးသွင်းနေကြောင်း လျှောက်ထားသည်၊ ဒုတိယရဟန်းက (ဒိဝသံ) တနေ့အတွင်းသေရတော့မည်။ တတိယရဟန်းက (ဥပဍ္ဍံ) တနေ့၏ ထက်ဝက် ဖြစ်သည့်

နံနက်လင်းမှစ၍ မွန်းတည့်ချိန်၊ မွန်းတည့်ချိန်မှ ညချမ်းအချိန် အတွင်း သေရတော့မည်။ စတုတ္ထ ရဟန်းက (ကေဘောဇနံ) ဆွမ်းတကြိမ်စားနေချိန်အတွင်း သေရတော့မည်။ ပဉ္စမရဟန်းက (စတုပဉ္စာလောပဒံ) ဆွမ်းလေးငါးလုပ် စားနေစဉ် အတွင်း သေရတော့မည်။ ဆဋ္ဌမ ရဟန်းက (ကောလောပဒံ)ဆွမ်းတလုပ် စားမျှသာ စားနေစဉ်အတွင်း သေရတော့မည်။ သတ္တမ ရဟန်းက (ဥပဆုံ) ဆွမ်းတလုပ်စား၏ ထက်ဝက် အတွင်း သေရတော့မည် ဖြစ်ကြောင်း နေ့စဉ် နှလုံးသွင်းအားထုတ်နေပါသည်ဟု အသီးသီး လျှောက်တင်ကြသည်။

အဋ္ဌမ ရှစ်ကြိမ်မြောက်ဖြစ်သော ရဟန်းအလှည့်သို့ ရောက်သောအခါ "အရှင်ဘုရား၊ သေခြင်းတရား ဟူသည် အလွန် လျင်မြန်သည်ဖြစ်၍ တပည့်တော်သည် "အဿာသံ၊ အဿာသ" ပဿာသံ၊ ပဿာသ" ထွက်လေဝင်လေ အသက်ရှူရှိုက်နေသည့် တခဏ အချိန်ကလေးအတွင်း သေနိုင်သည်။ မသေမီအတွင်း တရားတော်တို့ကို နှလုံးသွင်းမှုဖြစ်မည်။ ထို့ကြောင့်တရားတော် တို့ကို အားထုတ်ကြောင်း လျှောက်ထားသည်။

ထိုသို့ အသီးသီး လျှောက်ထားပြီးသည့်အခါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှေ့ရဟန်း ခုနစ်ပါး တို့သည် (ပမာဒ ဝိဟာရီ) မေ့လျော့ပေါ့တန်ကြသည့် ရဟန်းများသာဖြစ်ကြကုန် သည်။ အဋ္ဌမမြောက် ရဟန်းကမူ မမေ့မလျော့ သတိတရား မြဲသည့်(အပ္ပမာဒဝိဟာရီ)ရဟန်းဖြစ်၍ ချီးကျူးပြီး သာဓု ခေါ် တော်မူလေသည်။

ထို့ကြောင့် ဗုဒ္ဓဝါဒီတို့ ဥပုသ်ကျောင်း သွားရောက်ပြီး သီလတည်ဆောက်ရန် သီလခံယူသည့်အခါ သီလပေးဘုန်းတော်

ကြီးက (အပ္ပမာဒေန သမ္ပာဒေထ)မိမိတို့ တည်ဆောက်ရန်ခံယူထားသည့် သီလကို မမေ့မလျော့ သတိရှိစေဟု သတိပေး မြွက်ကြားသကဲ့သို့ စားဝတ်နေရေး အတွက် ရုန်းကန် လှုပ်ရှားနေကြရသော လုပ်သားပြည်သူတိုင်း မိမိတို့ တာဝန်ယူထမ်းရွက်နေကြရသည့် တာဝန်နှင့် ဝတ္တရားတို့တွင် မှန်ကန်မှု၊ ရိုးသားမှု၊ သစ္စာရှိမှု ဖြောင့်မတ်မှုရှိကြစေရန် အပ္ပမာဒ တရား လက်ကိုင်ထားကြပါဟု သတိပေးရပေသည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်ခါနီး ဆဲဆဲ အချိန်တဲတဲကလေးတွင် (ပစ္ဆိမ ဗုဒ္ဓဝစန) နောက်ဆုံး မြွက်ကြားဆုံးမသွားသည်မှာလည်း အပ္ပမာဒ တရားပင် ဖြစ်သည်။

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။"

သင်္ခါရ တရားတို့သည် အမြဲတစေ ပျက်စီးလျက် ရှိနေကြသည်ဖြစ်၍ သင်တို့ ရဟန်းများသည် အပ္ပမာဒတရား လက်ကိုင်ထားပြီး မမေ့မလျော့သော သတိဖြင့် ပြည့်စုံစွာနေရစ်ကြလော့ဟု နောက်ဆုံး ဆုံးမခဲ့လေသည်။

သို့ဖြစ်ရာ လောကီရေးနှင့်တကွ လောကုတ္တရာရေးများကို အားထုတ် လုပ်ကိုင်ကြသည့် ထိုထိုသော ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့သည် သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပြီး ဆောင်ရွက်ကြပါဟူ၍ နှိုးဆော်အပ်ပေသည်။

# (၂၂) ဂါရဝေါစ

ဂါရဝေါစ မင်္ဂလာသည် (ဂါရဝ=ရိုသေခြင်း) ရိုသေထိုက်သူကို ရိုသေပါ၊ထိုသို့ ရိုသေမှသာလျှင် ကုသိုလ်ရသည်၊ မင်္ဂလာဖြစ်သည်ဟူ၍ အနက်ဖွင့်ဆိုထားခြင်းဖြစ်သည်။

ရိုသေထိုက်သူကို ရိုသေလျှင် ကုသိုလ်ရသည်၊ မင်္ဂလာဖြစ်သည်။ မှန်၏။ မည်ကဲ့သို့ ရိုသေထိုက်ရမည်နည်း ဆန်းစစ်ဖို့လိုပါသည်။ အရိုအသေ ခံထိုက်သူတို့မှာ များပြားလှသည်။ ယင်းအနက်မှ တူရာတို့ကို တပေါင်းတည်းပြုလျှင် ဂါရဝပြုထိုက်သူအမျိုးပေါင်း ၁၀ သာလျှင် ရှိပေသည်။

(၁) ဗုဒ္ဓဂါရဝ=ဘုရားရှင်၌ ရိုးသေလေးစားခြင်း။
(၂) ဓမ္မဂါရဝ=တရား၌ ရိုသေလေးစားခြင်း။

(၃) သံဃဂါရဝ=သံဃာ၌ ရိုသေလေးစားခြင်း။

(၄) သိက္ခာဂါရဝ=ကျင့်ဝတ် သိက္ခာပုဒ်၌ ရိုသေလေး စား ခြင်း။

(၅) သမာဓိဂါရဝ–တည်ကြည် ငြိမ်သက်သော ဈာန်၌ ရိုသေ လေးစားခြင်း။

(၆) အပ္ပမာဒဂါရဝ=မမေ့မလျော့ပဲ သတိတရား၌ ရိုသေ လေးစားခြင်း။

(၇) ပဋိသန္ထာရဂါရဝ=တဦးနှင့်တဦး မိတ်ဆက်ဧည့်ခံမှု၌ ရိုသေလေးစားခြင်း။

(၈) ဟိရိဂါရဝ=မကောင်းမှုပြုလုပ်ဖို့ရာ ရှက်ခြင်း၌ ရိုသေ လေးစားခြင်း။

(၉) ဩတ္တပ္ပဂါရဝ=မကောင်းမှု ပြုလုပ်ဖို့ရာ ကြောက် ခြင်း၌ ရိုသေ လေးစားခြင်း။

(၁၀) အညမညဂါရဝ=တဦးကို တဦးက ရိုသေလေးစား ခြင်း။

ထပ်မံ၍ ယင်းဂါရဝ ၁၀ မျိုးကို ခြုံလိုက်လျှင်(၁)ဂုဏဝုဍ္ဎိ= မိမိထက်ဂုဏ်ကြီးသူ၊ (၂) ဝယဝုဍ္ဎိ=မိမိထက် အသက်သိက္ခာ ဝါကြီးကြသူများဟူ၍ နှစ်မျိုးနှစ်စား တွေ့ရှိရမည် ဖြစ်သည်။

ဂုဏဝုဍ္ဎိ မင်္ဂလာနှင့် လျော်ညီစွာ လောကုတ္တရာရေးအရ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့တွင် သာလွန်သူ ပုဂ္ဂိုလ်မြတ်ကို လေးစားရမည်။ လောကီရေးအရ မိမိထက်

ရာထူး၊ ဂုဏ်ထူးတို့တွင် အဆင့်ဆင့် ကြီးမြင့်သူတို့ကို ရိုသေ လေးစားကြရမည်။

ဝယဝုဒ္ဓိ မင်္ဂလာအရ မိမိထက် တစက္ကန့်၊ တမိနစ်၊ တနာရီ၊ တရက်မှစ၍ အသက်ကြီးမြင့်သူ ပုဂ္ဂိုလ်တို့ကို ရိုသေရမည်။လေးစားကြပါရမည်။(ရဟန်းတော်တို့တွင်အသက်ငယ်ပင် ငယ်သော်ငြားလည်း အသက်ကြီးပြီး ဝါငယ်သူ၊ သိက္ခာငယ်သူ ရဟန်းတော်တို့ကရိုသေလေးစားကြရပါသည်။)ရဟန်းသံဃာများတွင် အသက်ကြီးမှုထက် ဝါကြီးမှုက ပဓာန ဖြစ်နေပါသည်။

ကိလေသာ ကုန်ခန်းပြီး ရဟန္တာတဆူပင် ဖြစ်လင့်ကစား အသက်ငယ်သော်လည်း သိက္ခာဝါကြီးပါက ပုထုဇဉ်ရဟန်းကို ရိုသေလေးစားကြရပါသည်။ ရဟန္တာအစစ် အမှန်လည်း ဖြစ်၏။ အာသဝေါ တရားလည်း ခန်း၏။ထိုထိုသော ပုဂ္ဂိုလ်ထူးများအဖို့ ၇ ရက်အတွင်း သံဃာ့ဘောင်ကူးပြောင်း ရပါသည်။ မကူးပြောင်းပဲ လူဝတ်ဖြင့်သာ နေထိုင် သွားမည်ဆိုလျှင် သေဆုံးတတ်သည်ဟု ဆိုပါသည်။ သံဃာ့ဘောင်သို့ကူးပြောင်း ရောက်ရှိလာလျှင်လည်း သံဃာတော်တို့ လိုက်နာ ထိန်းသိမ်းအပ်သည့် ကျင့်ဝတ်တို့ကို ထမ်းဆောင်ရပါမည်။ ထိုမှ သံဃာ့စည်းမျဉ်းအရ သိက္ခာဝါအလိုက် ရိုသေလေးစားကြရပါမည်။

လူ့လောကတွင် အသက်ငယ်၏။ သို့ရာတွင် လောကီဂုဏ်၊ ရာထူးဂုဏ်တို့တွင် ကြီး၏။ ထိုသူအား မိမိက အသက်ပင်ကြီးလင့်ကစား ထိုသူ့အောက် လောကီဂုဏ်၊ ရာထူးဂုဏ်တို့တွင် နိမ့်နေသဖြင့် ငယ်ရွယ်သူပင် ဖြစ်သော်လည်း ရိုသေသမှုရှိရပါမည်။

တဖန် အလုပ်ဌာနများတွင် မဟုတ်ပဲ မိမိအိမ်၌ ဖြစ်စေ၊ မီးရထား၊ သင်္ဘော၊ မော်တော်ကား၊ လေယာဉ်ပျံ၊ လှေသမ္ဗန်တို့ဖြင့် ခရီးသွားဖော်ချင်း ဖြစ်စေ၊ ဈေးသွား ဈေးလာ၊ ဘုရားသွား ကျောင်းသွားဖက်ချင်း ဖြစ်စေ စသည်နေရာတို့၌ လောကီဂုဏ်၊ ရာထူးဂုဏ် ရှိကြသည့် အသက် ငယ်ရွယ်သူတို့က မိမိထက် အသက်ကြီးသူများအား ရိုသေလေးစားကြရပါမည်။

ရှင်သာမဏေနှင့် ရဟန်း သံဃာများအား လူပုဂ္ဂိုလ်တို့က မည်မျှပင် အသက်ကြီးသည်ဖြစ်စေ၊ အသက်ငယ်သည် ဖြစ်စေ၊ ဂုဏ်ကြီးသည်ဖြစ်စေ၊ ရာထူးကြီးသည်ဖြစ်စေ ရှိခိုးရမည်။ ပူဇော်ရမည်။ ရိုသေလေးစားကြရပါမည်။

ရိုသေရမည်၊ လေးစားရမည် ဆိုရာ၌ မည်သို့ ရိုသေသင့်သနည်း၊ လေးစားသင့်သနည်း။

(၁) ဗုဒ္ဓဂါရဝအရ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကိုရတော်မူသော မြတ်စွာဘုရား။ ဘုန်းတော် အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော် အနန္တ၊ ဂုဏ်တော် အနန္တ၊ တန်ခိုးတော် အနန္တ တို့ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ လူ၊ နတ်၊ ဗြဟ္မာ မည်သည့် ပုဂ္ဂိုလ် အပေါင်းနှင့်မျှ နှိုင်းယှဉ်၍မရသော တုမဲ့နှိုင်းသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဖြစ်သည်ဟု ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ဆင်ခြင်အောက်မေ့ပြီး ကြည်ညိုသည့် စိတ်ထားဖြင့် ဘုရား၊ ပုထိုး၊ စေတီ၊ ရုပ်ပွားတော်၊ ပုံတော်တို့၏ အနားတွင် တံတွေးထွေးခြင်း၊ နှပ်ညှစ်ခြင်း၊ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း၊ မဖွယ်မရာ အော်ဟစ်

သီဆိုကခုန်ခြင်း၊ ကျင်ကြီး၊ ကျင်ငယ်စွန့်ခြင်း စသည့်အမှုတို့ကို ရှောင်ကြဉ်လျှင် ဘုရားသခင်အား ရိုသေရာမည်၏။

(၂) ဓမ္မဂါရဝအရ ကောင်းမှုကုသိုလ်တို့ကို ပွားများ၍ မကောင်းမှု အကုသိုလ်တို့ကို ပယ်ရှားရမည်။ ထိုမှ ဘုရားသခင် ဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်၊ ပိဋကတ် သုံးပုံ ကျမ်းစာအုပ်များနှင့်တကွ ဆရာတော်တို့ ရေးသား စီရင်တော်မူကြသည့် ကျမ်းစာအုပ်များကို အခြား ကာတွန်းရုပ်ပြောင်၊ ဝတ္ထုမဂ္ဂဇင်း စာအုပ်များကဲ့သို့ ပေါ့ပေါ့ ဆဆ အရိုအသေမဲ့သော စိတ်ထားမျိုး မထားပဲ လောကီ၊ လောကုတ် နှစ်ဖြာသော အကျိုးကျေးဇူးတို့ကို ပေးစွမ်းနိုင်သည့် ရိုသေထိုက်သည့် ကျမ်းစာအုပ်များဖြစ်သည်ဟု ကြည်ညိုလေးစားထိုက်သော စိတ်ထားဖြင့် ကိုင်တွယ်၊ သင်ယူ၊ လေ့လာ၊ မှတ်သားသွားကြလျှင် တရားတော်အား ရိုသေရာမည်၏။

(၃) သံဃဂါရဝအရ သံဃာတော် အရှင် မြတ်တို့သည် ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ သားတော်များဖြစ်သည်။ ဝိနည်း သိက္ခာတရားတော်အတိုင်း လိုက်နာကျင့်ကြံ အားထုတ်ကာ သာသနာတော် အကျိုးကို ထမ်းဆောင်နေကြသည့် သာသနာ့ ဝန်ထမ်း ရဟန်းများဖြစ်ကြသည်။ သုပ္ပဋိပန္န အစရှိသည့် ဂုဏ်တော်တို့ဖြင့်လည်း ပြည့်စုံကြသည်။ သတ္တဝါတို့အား အအေးခံတက်ကို ပေးစွမ်းနိုင်ပြီး ကောင်းရာသုဂတိဘုံသို့ ရောက်အောင် ပို့ဆောင်ညွှန်ကြား၊ ဆုံးမပေးနိုင်စွမ်း ရှိကြသည်ဟု သိရှိ၊ ကြည်ညိုခြင်း စိတ်ထားဖြင့် လက်အုပ်ချီခြင်း၊ ဦးခေါင်းငုံ့ခြင်း၊ လမ်းဖယ်ပေးခြင်း၊ နေရာထိုင်ခင်း ပေးခြင်း၊ ချိုသာစကားကို ဆိုခြင်း၊

ခြေဆုပ်လက်နယ်ပြုခြင်း စသည်တို့ပြုလျှင် သံဃာတော်တို့အား ရိုသေရာမည်၏။

(၄) သိက္ခာဂါရဝအရ လူလည်း လူ့ဝိနည်း၊ ရှင်လည်း ရှင့်ဝိနည်း၊ ရဟန်းလည်း ရဟန်းဝိနည်း စသည်ဖြင့် မိမိတို့နှင့် ဆိုင်ရာဆိုင်ရာ တို့ကို ရှေ့ဆောင် နောက်လိုက် ကျင့်ဝတ် သိက္ခာပုဒ်တို့ကို မကျိုးမပေါက် စောင့်ထိန်းသွားလျှင် အကျင့်သိက္ခာကို ရိုသေရာမည်၏။

(၅) သမာဓိဂါရဝအရ အခြား ပုဂ္ဂိုလ်များရော၊ မိမိကိုယ်ကိုပါ မိမိ ကြည်ညိုလာအောင် ဣန္ဒြေ ခြောက်ပါးတို့ကို ထိန်းပြီး သမာဓိတရား ရလာအောင် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတို့ကို ထိန်းသိမ်းနိုင်လျှင် သမာဓိကို ရိုသေရာမည်၏။

(၆) အပ္ပမာဒဂါရဝ အရ မိမိတို့၏ (အဇ္ဈတ္တသန္တာန်) ကိုယ်တွင်းသို့ ကုသိုလ်တရားများကို ဝင်စေပြီး အကုသိုလ်တရားများ ဝင်မလာအောင် တံခါးရှက်ဖြင့်တူသည့် အပ္ပမာဒ သတိတရားကို မမေ့မလျော့ပဲ ပိတ်ထားနိုင်ကြလျှင် အပ္ပမာဒ သတိကို ရိုသေရာမည်၏။

(၇) ပဋိသန္ထာရဂါရဝအရ တဦးနှင့်တဦး၊ တယောက်နှင့် တယောက်၊ တမြို့နှင့်တမြို့၊ တနိုင်ငံနှင့်တနိုင်ငံ၊ မေတ္တာဓာတ် မပျက်စေရအောင် အဆက်အစပ် ပြေပြစ်ချောမောစွာ ပစ္စည်းဖြင့် ဆက်စပ်ခြင်း၊ ဆုံးမသွန်သင်၊ နည်းပေးလမ်းပြခြင်း စသည်တို့ကို ရိုးရိုးသားသား ဆက်ဆံ ဆောင်ရွက်သွားကြလျှင် ပဋိသန္ထာရဂါရဝကို ရိုသေရာမည်၏။

(၈) ဟိရိဂါရဝအရ ပညာရှိ သူတော်ကောင်းတို့က စက်ဆုပ်၊ ရှုတ်ချ၊ ရှုံ့ရှာဖွယ်ကောင်းလှပါသည်ဟု သမုတ်အပ်သော မကောင်းမှုအလုပ်မှန်သမျှတို့ကို ပြုလုပ်ရန် ဝန်လေးခြင်း၊ ရှက်ခြင်း၊ကြောက်ခြင်း စိတ်တို့ဖြင့် မလုပ်ပဲနေလျှင် ဟိရိဂါရဝကို ရှိသေရာမည်၏။

(၉) ဩတ္တပ္ပဂါရဝအရ မကောင်းမှု အကုသိုလ် ဒုစရိုက်မှန်သမျှသည် ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်သော တရားများမဟုတ်၊ အပါယ်ဒုဂ္ဂတိ ဘုံဘဝသို့သာ ပို့ပေးနိုင်စွမ်းသော အကုသိုလ်တရားများသာဖြစ်သည်ဟု ကြောက်လန့်တုန်လှုပ်သည့် စိတ်ထားဖြင့် ယုတ်မာမှု အကုသိုလ်တရားတို့ကို မပြုလုပ်ပဲ ရှောင်ကြဉ်လျှင် ဩတ္တပ္ပဂါရဝကို ရှိသေရာမည်၏။

(၁၀) အညမညဂါရဝအရ သွားဖော်၊ သွားဖက်၊ လာဖော်၊ လာဖက် သူငယ်ချင်းဖြစ်စေ၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ သားနှင့်သမီး၊ညီအကိုမောင်နှမချင်းဖြစ်စေ၊ ရဟန်းနှင့်တကာ၊ ကျောင်းနေဘက် အချင်းချင်းဖြစ်စေ၊ လူမျိုးအချင်းချင်း ဖြစ်စေ၊ ဘာသာအချင်းချင်း ဖြစ်စေ၊ တဦးကိုတဦး ကောင်းမှု ကောင်းရာတို့ကို ယိုင်းပင်း ကူညီစောင့်ရှောက် ရှိသေကြလျှင် အညမညဂါရဝကို ရှိသေရာမည်၏။

ယခုတင်ပြခဲ့တည့် ဂါရဝေါစ မင်္ဂလာတရားတော်နှင့် အညီ ရှိသေထိုက်၊ လေးစားထိုက်သော ပုဂ္ဂိုလ်တို့အား ရှိသေကြမည်ဆိုလျှင်-

(၁) လိမ္မာသော၊ ယဉ်ကျေးသော၊ အသိတရားဖြင့်ပြည့်စုံသောသူဟူ၍ အများပြည်သူတို့၏ ပြောဆိုခြင်း၊ ချီးမွမ်းခြင်းကို ခံရခြင်း၊

(၂) အရိုအသေပြုခံရသူတို့၏ ချစ်ကြည် လေးစားမှုကို တုံ့ပြန်ရရှိခြင်း၊

(၃) သေသည်၏ အခြားမဲ့၌ ကောင်းရာ သုဂတိ ဘဝကို ရရှိနိုင်ခြင်း၊

(၄) သုဂတိဘဝရောက်ရှိပြန်လျှင်လည်း အသက်ရှည်ချင်း၊ အဆင်းလှခြင်း၊ချမ်းသာခြင်း၊ခွန်အားဗလရှိခြင်းစသည့် အကျိုးထူးကို ခံစားရရှိနိုင်ခြင်း စသည်တို့ကို ခံစားနိုင်ကြပေသည်။

သို့မဟုတ် လေးစားထိုက်သော၊ ရိုသေထိုက်သောသူတို့အား ရိုသေရစကောင်းမှန်းမသိ၊ လေးစားရစကောင်းမှန်း မသိသော ပုဂ္ဂိုလ်တို့သည်-

(၁) မိုက်မဲ ရိုင်းစိုင်းလှသည့်သူ ဟူ၍ အများပြည်သူတို့၏ ရှုတ်ချမှု၊ ကဲ့ရဲ့မှုကို ခံစားရခြင်း၊

(၂) အရိုအသေ ခံထိုက်သည့် ပုဂ္ဂိုလ်တို့၏ ချစ်ကြည် လေးစားမှုကို တုံ့ပြန် မရရှိနိုင်ခြင်း၊

(၃) အောက်သံသရာခေါ် အပါယ်လေးဘုံသို့ ရောက်နိုင်ခြင်းစသည့် ဆိုးပြစ်တို့ကို ခံစားကြရမည် ဖြစ်၏။

ထို့ကြောင့် လူသားအချင်းချင်းကို မဆိုထားဘိ တိရစ္ဆာန်များပင် အချင်းချင်း ရိုသေထိုက်သည်တို့အား ရိုသေကြ၍ နတ်ပြည်ကို ရောက်ရှိကြရသည့်ထုံးကို ရှုပါ။

အခါတပါး မြတ်စွာဘုရားသခင်သည် ရဟန်းပေါင်း ငါးရာခြံရံလျက် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ကြွချီရာ လမ်းခရီးတွင် ဝေသာလီပြည်သို့ ခေတ္တ ဝင်ရောက် ရပ်နားတော်မူသည်။

ဝေသာလီပြည် ဆိုက်ရောက်သည့်အခါ အရှိအသေ ကင်းမဲ့ကြသည့် ဆဗ္ဗဂ္ဂီခြောက်ပါးတို့သည် ရှေ့မှကြွပြီး နေရာကောင်းများ၌ ထိုင်လျက်ရှိလေသည်။ ထိုအချိန်တွင် အရှင်သာရိပုတ္တရာ အရှင်မြတ် ကြွရောက်လာသည်။ သို့ရာတွင် ထိုင်ရန်နေရာမရှိသည့်အတွက် သစ်ပင်ရင်း၌ တညတာပတ်လုံး စင်္ကြံကြွနေခြင်းဖြင့် မျှတစွာပင် နေရလေသည်။ ဤအကြောင်းကို မိုးသောက်၍ ဘုရားသခင် သိတော်မူသည့်အခါ အရှိအသေ ကင်းမဲ့ကြသည့် ဆဗ္ဗဂ္ဂီရဟန်းတို့ကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ် ဆင်းရဲရောက်ရပုံကို အကြောင်းပြုပြီး သုတ္တန်ဒေသနာ တရားတော်ကို ဟောကြားတော်မူလေသည်။

ငါ၏ချစ်သား ရဟန်းအပေါင်းတို့....

ရှေးအခါက ဟိမဝန္တာတောတွင် ပညောင်ပင်ကြီးတပင်ကို အမှီပြုပြီး ခါ၊ မျောက်၊ ဆင် ထိုသုံးဦးသည် တဦးကိုတဦး မိတ်ဆွေဖွဲ့ကာ နေထိုင်ကြသည်။ သို့နေထိုင်ခဲ့ရာမှာ တနေ့သော အခါ ထိုသုံးဦးသည် ကြီးသူကို ငယ်သူက ရိုသေကြစတမ်းဟု တိုင်ပင်ကာ မည်သူက အသက်ကြီးသည် ငယ်သည်တို့ကို စစ်ဆေးကြသည်။

ဤတွင် ဆင်က သူငယ်စဉ်က ဤပညောင်ပင်ကြီးသည် သူ၏ ပေါင်ကြားတွင်ထား၍ နေခဲ့ဖူးသည်။ မျောက်ကလည်း သူငယ်စဉ်က မြေမှာထိုင်၍ လည်ကိုမော့ကာ ဤပညောင်ပင်မှ အရွက်များကို ခူးစားခဲ့ဖူးသည်။ နောက်ဆုံးဖြစ်သော ခါက သူငယ်စဉ်က အဝေးအရပ်မှာရှိသည့် ပညောင်ပင်သီးကို စားမျိုလာပြီး ဤနေရာတွင် မစင်စွန့်ထားခဲ့သည့်အတွက် ဤပညောင်ပင်ကြီး ပေါက်လာရခြင်း ဖြစ်သည်။

ထိုသုံးဦးသော ပြောဆိုချက်အရ ခါသည် အသက်အကြီးဆုံး ဖြစ်နေသဖြင့် တညီတညွတ်တည်း ခါအား အကြီးအကဲအရာ တင်မြှောက်ခဲ့ပြီး ဆင့်ကဲ ဆင့်ကဲ ရိုသေလေးစား၊ ငါးပါးသီလ မြဲခဲ့သည်ကြောင့် သေလွန်သည့်အခါ နတ်ပြည်သို့ လားရှေး လေပြီဟု ဟောတော်မူသည်။

ဤကြောင့် ငယ်ရွယ်သူတို့က မိမိတို့ထက် တနေ့ တရက် အသက်ကြီးသူတို့ကို ရိုသေပါ၊ လေးစားကြပါ၊ ခရီးလမ်း သွားရာ၌လည်း ငယ်သူက ကြီးသူ့ကို လမ်းပေးပါ၊ ဦးစားပေးကြပါ၊ အလှူအတန်း၊ မင်္ဂလာပွဲကနားတို့တွင် နေရာယူသည့်အခါ ငယ်သူက သင့်ရာနေရာမှာ ထိုင်ကြပါ။ အိမ်တွင်လည်း ကြီးသူကို အိမ်ဦး ခန်းတွင်ထား၍ ဦးစားပေး ဂါရဝပြုကြပါ။ ဤကဲ့သို့ ဌာန၊ နေရာလိုက်၍ တဦးကိုတဦး ရိုသေကြလျှင် လေးစားကြလျှင် ဂါရဝေါစ မင်္ဂလာသည် ပြည့်စုံလာနိုင်မည် ဖြစ်ပေသည်။

## (၂၃) နိဝါတောစ

နိဝါတောစ မင်္ဂလာသည် မာန်မာနစိတ် မရှိရလေအောင် မိမိကိုယ်ကို နှိမ့်ချပါ။ ဝင့်ဝါပလွှားလိုသည့်စိတ်၊ မောက်မာလေမြင့် အဖက်မတန်လိုစိတ် စသည့် စိတ်ယုတ်တို့ကို ဖယ်ရှားပါ ဟူ၍ ဟောညွှန်ပြသော မင်္ဂလာတရားတော် ဖြစ်သည်။

ဂါရဝေါစ၊ ရိုသေထိုက်သူကို ရိုသေစိတ် ဖြစ်ပေါ်လာစေရန် မာန်မာန နှိမ့်ချလိုစိတ် ပေါ်ပေါက်လာမှုဖြစ်မည်။ သို့အတွက် ဘုရားသခင်သည် နိဝါတောစ မင်္ဂလာကို ဆက်၍ ဟောညွှန်ပြခြင်း ဖြစ်သည်။

လူသားတို့သည် အများအားဖြင့် ပညာဂုဏ်၊ ဥစ္စာဂုဏ်၊ စည်းစိမ်ဂုဏ်၊ ကောင်းမှုကုသိုလ်တို့ဖြင့် တင့်တယ်ကြွယ်ဝလာကြသည့်အခါ လည်ကလေးတမော့မော့၊ လက်မကလေး တထောင်

ထောင်ဖြင့် မိမိကိုယ်ကိုမိမိ နှိမ့်ချလိုစိတ် မရှိကြတော့ပဲ သတိ ကင်းလွတ် မာန ထောင်လွှားတတ်ကြသည်။

မာန ထောင်လွှားလိုသော အခြေခံကို ရှာဖွေလျှင်၊ စိစစ် လျှင်—

(၁) အမျိုးအနွယ်ကြောင့် ဖြစ်သည့်မာန၊
(၂) ရွှေ ငွေ ပစ္စည်းကြောင့် ဖြစ်သည့်မာန၊
(၃) အဆင်းကြောင့် ဖြစ်သည့်မာန၊
(၄) အခြွေအရံ အကျော်အစောကြောင့် ဖြစ်သည့်မာန၊
(၅) ရာထူး ဂုဏ်ထူးကြောင့် ဖြစ်သည့်မာန၊
(၆) ဗဟုသုတ ကြွယ်ဝခြင်းကြောင့် ဖြစ်သည့်မာန၊
(၇) သိပ္ပံပညာထူးချွန်ခြင်းကြောင့် ဖြစ်သည့်မာန၊
(၈) လာဘ်လာဘ ကြီးမားခြင်းကြောင့် ဖြစ်သည့်မာန၊
(၉) ကောင်းမှုကုသိုလ် ရှိခြင်းကြောင့် ဖြစ်သည့်မာန.... စသည်ဖြင့် မာန်မာန တက်ရခြင်းတို့၏ အကြောင်း အမျိုးမျိုး ရှိသည့်အနက် ဖော်ပြပါ မာန ၉ မျိုးမှာ အဓိက ပေါ်လွင် ထင်ရှားလှသော မာနမျိုးများဖြစ်သည်။

ဤမာန ၉ မျိုး၏ တခုစီသော အဓိပ္ပာယ်တို့ကို ဆက်၍ ဖွင့်ဆိုပါမည်။

(၁) သာကီဝင် မင်းမျိုးတို့သည် သူတို့အမျိုးသာလျှင် မြတ်သည်၊ မြင့်သည် ဟူသော လူ့အတန်းအစား ခွဲခြားမှုမာန သည် အသည်းစွဲအောင်ပင် တက်လျက်ရှိသည်။ ဤသို့လျှင်

ကိုယ့်အမျိုးမှသာ ကိုယ့်အမျိုးဟု မာန တရှိန်ရှိန် တက်နေချိန် သာကီဝင်မင်းတပါးနှင့် အိမ်စေမှ ရလာသော သား 'ဝိဋ္ဋူဘ မင်းသား' သည် ဆွေတော်မျိုးတော်တို့ထံ လာရောက်ကန်တော့ပြီး၍ ပြန်သွားသောအခါ အိမ်စေမ သား ထိုင်သွားသည့် နေရာကို နွားနို့ရည်တို့ဖြင့် ဆေးကြောပစ်သည့်အထိ အမျိုးမာန တက်ခဲ့သည်။

ဤသည်ကို ဗုဒ္ဓဘုရားသခင် သိတော်မူသောအခါ ရေမီးအစုံ တန်ခိုးတော်များကိုပြခြင်း၊ ပေါက္ခရဝဿမိုး ရွာသွန်းချခြင်း စသည်တို့ဖြင့် တန်ခိုးတော်များကိုပြ၍ အမျိုးမာန တက်မှုကို ရှင်းလင်းခဲ့ရသည်။

(၂) တဝမ်းတခါး လှုလှုပပ စားနိုင်၊ သောက်နိုင်ဖို့အတွက် ဥစ္စာ ပစ္စည်း ရှာဖွေနေကြရသော လူသားတို့သည် မရှိတောင့်တ ရှိကြောင့်ကြ ဆိုဘိသို့ ပစ္စည်း ဥစ္စာ မကုံလုံသေးသည့် သူတို့က နေ့တကုပ်ကုပ်၊ ညတကုပ်ကုပ်ဖြင့် တခက်တခဲ၊ တပင်တပန်း၊ ရှာရ ဖွေရကြပြီး ကုံလုံကြွယ်ဝပြီး သူတို့ကမူ ကားတစီးမှ နှစ်စီး၊ တိုက်ဘလုံးမှ နှစ်လုံး၊ ထို့ထက်ကဲ၍ ကဲ၍သာ သူ့ထက်ငါ အပြိုင် ကြဲလျက် ရှိသည်။ ဤသို့ ကြဲလာကြရာမှ နေ့တကုပ်ကုပ်၊ ညတကုပ်ကုပ် ရှာနေရသူတို့အား အဖက်မတန်၊ မတူ မတန် သဘောပိုက်လာပြီး မဆက်ဆံချင်၊ နှိမ်လာချင်သော သဘောသည် ရွှေ ငွေ ပစ္စည်းကြောင့်ဖြစ်သည့် မာနပင်ဖြစ်သည်။

(၃) အတိတ်ဘဝ၏ ကာမဝစရ ကုသိုလ်ကြောင့် ယခုဘဝ တွင် ရုပ်အဆင်းအင်္ဂါ လှပပြေပြစ် ချောမွေ့လာလျှင် ထိုအဆင်း ပေါ်မှီ၍ မာန တက်တတ်ကြသည်။ အကျည်းတန်နှင့် တွဲသွားရ မည်ကိုပင် စိုးတိုး ရှိုတွန့် ဖြစ်လာတတ်သည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ဗိမ္ဗိသာရ မင်းကြီး၏ ခေမာမိဖုရားသည် အလှဂုဏ်ကိုးပြီး မာန ရောက်ခဲ့သည်။ တနေ့သောအခါ မင်းကြီးသည် ဝေဠုဝန် ဥယျာဉ်တော်ကြီး သာယာပုံ၊ ကြည်မော ဆွတ်ပျံ့ဖွယ်ဖြစ်ပုံကို ခေမာမိဖုရားကြီးအား ခေါ်ဆောင်ပြသရာမှ မြတ်စွာဘုရားသခင်နှင့် တွေ့ဆုံလေသည်။

ဤတွင် မြတ်စွာဘုရားသခင်က ခေမာမိဖုရား၏ အဆင်းမာနတက်ပုံကို သံဝေဂ ရစေလိုသည့်အတွက် ခေမာမိဖုရားထက် အဆအရာ လွန်ကဲစွာ ချောသော၊ လှသော နတ်သမီး တဦးကို ဖန်ဆင်းပြီးမြတ်စွာဘုရားသခင်၏အနားတွင် ယပ်ခပ်နေစေသည်။

ခေမာ မိဖုရားသည် သူ့ထက်လှသော ထိုအမျိုးသမီးကို အာရုံစိုက်နေရာမှ ကြည့်ယင်း ကြည့်ယင်း၌ပင် ထိုအမျိုးသမီးသည် တစထက် တစ အိုမင်းရင့်ရော် လာသည်။ ထိုမှ ရောဂါရကာ ညည်းညူယင်း ကြမ်းပေါ်သို့ လဲကျသွားသည်။ ထိုအဖြစ်ကို ရှုမြင်ရသော ခေမာမိဖုရားသည် ထိတ်လန့် တုန်လှုပ်လာပြီး နောက်ဆုံး ဘုရားသခင်၏ တရားရေအေး အမြိုက်ဆေးကြောင့် ဘိက္ခုနီ ဘဝသို့ ကူးပြောင်းကာ ရဟန္တာ ဖြစ်ခဲ့ဘူးသည်။

(၄) ကျွေးနိုင်၊ ပေးနိုင်၊ ကမ်းနိုင်၊ မွေးနိုင်လျှင် ထို ကျွေး၊ မွေး၊ ပေး၊ ကမ်းနိုင်သော လူ့အနားသို့ ဝိုင်းအုံလာတတ်ကြသည်မှာ ဓမ္မတာ တရား ဖြစ်သည်။ ပေးနိုင်၊ ကမ်းနိုင်သောလူ အလိုရှိသမျှ တယောက်တလက်ဝိုင်းကူညီတတ်ကြသည်။ ချေမှုရံဟူ သည် နှင့် အညီ ချေ နိုင် သ ဖြင့် အ ချေ အ ရံ များမှာလိုသည်ထက် ပိုလာကြသည်။ ဤသို့ အချေအရံ ပေါလာသည်ကို အခြေခံ၍ မာနတက်လာခြင်းဖြစ်သည်။

•ပယ်ဦးစာမေ

(၅) တရပ်တည်း၊ တကျောင်းတည်းနေ ငယ်သူငယ်ချင်း နှစ်ယောက်ရှိသည်။ အတူသွား၊ အတူလာ အတူစား နေလာခဲ့ကြရာမှ တဦးသူက ပစ္စည်းဥစ္စာ ပြည့်စုံသဖြင့် ပညာ ဆုံးခန်းတိုင်ရောက်ကာ အမြင့်ဆုံးသော ရာထူးကို ရရှိသွားသည်။ တဦးကမူ ကျောင်းနေစဉ် ကတည်းက ချို့တဲ့သဖြင့် ပညာ ဆုံးခန်းတိုင် မရောက်ပဲ ပင်ပန်းကြီးစွာ ရုန်းကန် နေရရှာသည်။ ဤသူ နှစ်ယောက် တခုသော လူထုအစည်းအဝေး သို့မဟုတ် လူအများတို့ ဆုံစည်းရာ နေရာ၌ တွေ့ပါအံ့။ အမြင့်ဆုံးရာထူး ရရှိထားသူက ဆင်းရဲချို့တဲ့စွာဖြင့် ပင်ပန်းကြီးစွာ ရုန်းကန် နေရသောသူအား လူအများ၏ ရှေ့တွင် ဖက်လှဲတကင်း ခေါ်ငင် နှုတ်ဆက်မည် မဟုတ်၊ မသိ မမြင်ချင်ယောင်သာ ဆောင်နေပေမည်။ ဤသို့ ဖြစ်ခြင်းမှာ ရာထူးမာန ဂုဏ်မာနကြောင့်သာ ဖြစ်ပေသည်။

(၆) လောကီရေး၌ ဖြစ်စေ၊ လောကုတ္တရာရေး၌ ဖြစ်စေ၊ တဦးသောသူသည် သူသဘောမပေါက်၊ နားမလည်၊ ရှင်းလင်းသော ပြဿနာတခုကို ဗဟုသုတ ကြွယ်ဝသူထံ ချဉ်းကပ်၍ မေးလျှောက်ငြားအံ့။ ဗဟုသုတ ကြွယ်ဝသူက တကယ့်စိတ်ရင်းကောင်းဖြင့်၊ စေတနာ အမှန်ဖြင့် မေးလျှောက်သူအား သူမသိ၍ မေးခြင်းဖြစ်သည်၊ သူရှင်းအောင် လင်းပြမည်ဟု ဖြေကြားမည့်သူ မဟုတ်ပဲ မေးလျှောက်သူကိုပင် အစကတည်းက ဘာ့ကြောင့် မလေ့လာထားသနည်း၊ သူ့လို နားလည်ချင်ယင် သူ့လိုပင် လေ့လာထားပါလား စသည်ဖြင့် သူ့ကိုယ်သူ မာနကြီးခြင်းသည် ဗဟုသုတ ကြွယ်ဝသောကြောင့် ဖြစ်သည့် မာနပင်ဖြစ်သည်။

(၇) ယနေ့ခေတ်သည် သိပ္ပံပညာထွန်းကားသော ခေတ်ဖြစ်သည်။ တနိုင်ငံနှင့် တနိုင်ငံ၊ တတိုင်းပြည်နှင့် တတိုင်းပြည်

မသာ သာအောင် တွေးခေါ်ကြံဆ၍ တိုးတက်သော သိပ္ပံ ပစ္စည်းများကိုထုတ်လုပ်ကြသည်။ နောက်ဆုံး လကမ္ဘာ ပေါ်သို့ လူသားတို့ ခြေချနိုင်အောင် အောင်မြင်မှု ရသည်အထိ ကြိုးပမ်းကြသည်။အောင်လည်း အောင်မြင်ကြသည်။

အရာရာတိုင်း၌ တိုးတက်လာသော၊ဆန်းသစ်လာသော သိပ္ပံပညာသည် လူသားတို့အကျိုးရှိရာရှိကြောင်းအတွက်အသုံးပြုကိုင်း၍ ထောပနာပြုကြမည် ဖြစ်၏။ သို့မဟုတ်ပဲ ဒုတိယကမ္ဘာစစ်အတွင်းကအဏုမြူဗုံးဒဏ်ခံရသောဂျပန်ပြည်၊ဟီရိုရှီးမားကဲ့သို့ဆိုလျှင် သိပ္ပံပညာ၏ တိုးတက်မှုသည် မတွေးဝံ့အောင် ရှိမည်ဖြစ်၏။

သိပ္ပံပညာရပ်များ တဟုန်ထိုး ရှေ့သို့ချီကာ တိုးတက်နေသော တိုင်းပြည်များမှ သိပ္ပံပညာရှင်ကြီးများသည် ဇမ္ဗူတွင်တလူဟု အထင်ရောက်နေခြင်းသည် သိပ္ပံပညာ ထူးချွန်ခြင်း၏ မာနပင် ဖြစ်သည်။

(ဂ) ကုန်သည်ပင် ဖြစ်စေ၊ ဈေးသူတဦးပင်ဖြစ်စေ၊ ပွဲစားဘဦးပင်ဖြစ်စေ၊ ရာထမ်း၊မှုထမ်းတို့ပင် ဖြစ်စေ နဂိုမူလ အခြေထက် ကုသိုလ်ကံ ထောက်မပြီး စီးပွားဖွံ့ဖြိုးလာသောအခါ ကုန်သည်၊ ပွဲစားတို့ကလည်း သူတို့ရှာတတ်၍၊ ရာထမ်း၊မှုထမ်းတို့ကလည်း သူတို့လည်၍ လာဘ်ငွေများ တိုးတက်လာသည်ဟု မူလအခြေခံ စိတ်ပျောက်ကာဘဝင်မြင့်လာတတ်သည်။ဤသို့ ဘဝင်မြင့်ခြင်းသည် လာဘ်လာဘကြောင့် မာနတက်လာခြင်း ဖြစ်သည်။

(ဃ) အသူ့အတန်း၌ဖြစ်စေ၊သိတင်းသီလဆောက်တည်ရာ၌ဖြစ်စေ ဂုဏ်ပကာသန ပလ္လွား၍ သူကတထောင်ကုန် လှူလျှင်

မိမိက သောင်းကုန်၊ သူက ဥပုသ်တရက်ဆိုလျှင် မိမိက တပတ် စသည်ဖြင့် မပြိုင်သင့်သော နေရာမျိုးတွင် ပြိုင်နေသည့်မာန သည် ကုသိုလ်ကောင်းမှုစွဲ မာနပင်ဖြစ်သည်။ အမှန်စင်စစ် ဤမာနမျိုးသည် အလွဲမာနပင် ဖြစ်သည်။

ကြီးသူကို ရိုသေ၊ ရွယ်တူကို နှိမ့်ချ၊ ငယ်သူကို သနား ဆောင် ပုဒ်နှင့်အညီ မိမိစိတ်၊မိမိကိုယ်ကို နှိမ့်ချနိုင်မှသာ လူတော်၊ လူ ကောင်းတယောက် ဖြစ်လာနိုင်မည်ကို သတိ ပြုသင့်လှသည်။

ကမ္ဘာတွင် ထင်ရှားသည့် ခေါင်းဆောင်ကြီးများအနက် အိန္ဒိယပြည်၊ အမျိုးသား ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီသည် ခရီးသွားလာယင်း ကူလီမရသော အမယ်အိုတဦး၏ အထုပ် အပိုး၊ ပစ္စည်း ပစ္စယများကို ကူညီသယ်ပေးခဲ့သည်။ ဤတွင် အမယ်အိုက ကျေးဇူးတတင်ဖြင့် ကူလီခထုတ်ပေးခဲ့ရာ လက်မခံ ငြင်းဆိုလိုက်သဖြင့် အခြားသူများအားမေးမြန်းကြည့်ရာ ခေါင်း ဆောင်ကြီး ဂန္ဒီဖြစ်နေသည်ကို တအံ့တဩ တွေ့ရသည်။

အလားတူပင် အမျိုးသား ပညာဝန် ဦးဘိုးကျားသည် ပညာဝန်ဘဝဖြင့် တောမြို့တမြို့သို့ ကျောင်းစစ်ရန် ဘသွား ရင်းကုန်တက္ကသိုလ်မှ ကျောင်းပိတ်၍ ပြန်လာသည့် ကျောင်း သား မောင်သောင်းနှင့်တွေ့ကာ မောင်သောင်း၏သားရေအိတ် ကိုအခမဲ့ ကူလီထမ်းပိုးသယ်ပေးခဲ့သည်။မကြာမီ မောင်သောင်း သည် သူ၏ သားရေအိတ်ကို သယ်ပေးသူမှာ ဦးဘိုးကျား ဖြစ်ကြောင်း သိသဖြင့် သတိသံဝေဂရပြီး ဦးဘိုးကျားထံ သွား ရောက် ကန်တော့ ဝန်ချဘူးသည်။

ဤကဲ့သို့ ခေါင်းဆောင်ကြီးတို့ ကိုယ်တိုင် ကူလီကဲ့သို့ပစ္စည်း များ သယ်ပိုးပေးနိုင်သည့် စိတ်များ မွေးမြူနိုင်ခြင်းသည် မာန

မရှိ ဘဝင်မကြွပဲ နိဝါတ မင်္ဂလာအရ မိမိစိတ်ကို နှိမ့်ချထားနိုင်၍ ဖြစ်သည်။

ထိုထိုသော ခေါင်းဆောင်ကြီးတို့ ရှိခိုးအပ်၊ ပူဇော်အပ်သော မြတ်ဘုရားသခင်၏ လက်ယာရံ၊ ပညာတေဒဂ် ရတော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် သင်္ကန်းဝတ်ရုံ ရာ၌ အဝန်းမညီသည်ကို မြင်တွေ့သော ရှင်ပုဏ္ဏ အမည်ရှိ သာမဏေကလေးက သတိပေးသည်ကို ကိုယ်တော်ကြီးက ချီးမွမ်း ထောပနာစကား ပြောကြားပြီး ''ရှင်သာမဏေသည် သူ၏ ဆရာဖြစ်တော်မူပါသည်။ နောင်ကိုလည်း အမှားအယွင်း ရှိက ဆုံးမပါ''ဟုစိတ်ကို နှိမ့်ချ၍ သာမဏေငယ်အား တောင်းပန်လိုက်ခြင်းသည် နိဝါတ မင်္ဂလာကို လက်တွေ့ကျင့်သုံးလိုက်ခြင်းပင် ဖြစ်သည်။

နိဝါတ မင်္ဂလာကို ညွှန်း၍ ရှေးလူကြီးများက အိမ်အောက်ကျို့လို့ အိမ်ပို၍သာ သေနိုင်ပေမင့် လူ့အောက်ကျို့လို့တော့ လူပိုမသေနိုင်ပါဘူးဟူသော အဖိုးတန်စကားတလုံးကို ထားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် မာနကိုးမျိုးဖြစ်ပေါ်မလာအောင် လူသားတိုင်းသည် မိမိတို့စိတ်ကို နှိမ့်ချကြဖို့ တိုက်တွန်းအပ်ပေသည်။ယင်းသို့ နှိမ့်ချခြင်းဖြင့် တဦးနှင့်တဦး၊တယောက်နှင့်တယောက်၊တရွာနှင့်တရွာ၊တရပ်ကွက်နှင့်တရပ်ကွက် မသင့်မြတ်နိုင်မည့် အကြောင်းများ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပဲ ချစ်ကြည်ရင်းနှီးခင်မင်စွာဖြင့် လက်တွဲ သွားနိုင်ကြမည်မှာ မြေကြီး လက်ခတ် မလွဲ ဖြစ်ပေသည်။

# (၂၄) သန္တုဋ္ဌီစ

သန္တုဋ္ဌီစ မင်္ဂလာသည် (သန္တုဋ္ဌိ = ရောင့်ရဲ လွယ်ခြင်း၊ မင်္ဂလာ = ကုသိုလ်ဖြစ်ခြင်း)မိမိတို့ ရရှိသည့်ပစ္စည်းဖြင့် ရောင့်ရဲ တင်းတိမ်ပြီး စား၊ဝတ်၊နေ၊ထိုင် သွားကြလျှင် မင်္ဂလာ ကုသိုလ် ဖြစ်သည်။

သန္တုဋ္ဌိ မင်္ဂလာအရ ဆန်းပြားလော်လီခြင်း မရှိပဲ မိမိနှင့် သင့်ရုံ၊တော်ရုံ၊ ရိုးရိုးဝတ်၊ ရိုးရိုးစား၊ ရိုးရိုးနေထိုင်ကာ ကျေနပ် တင်းတိမ်နေထိုင်နိုင်ခြင်းသည် ရောင့်ရဲခြင်းပင် ဖြစ်သည်။

လောဘ တဏှာ မကင်းနိုင်ကြ သေး သော လောကသူ လောကသား ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မျက်စိ၊နား၊ နှာခေါင်း၊ လျှာ၊ကိုယ်၊စိတ်၊ဒွါရခြောက်ပါးဖြင့် ဝတ္ထုအာရုံအမျိုးမျိုးတို့ကို ခံစားကြသည့်အခါ တော်ပြီ၊တန်ပြီ၊ပိုပြီ၊ လုံပြီ၊ တင်းတိမ်ပြီး

ပြည့်စုံပြီ၊ မလိုတော့ပြီ ဟူ၍ မရှိကြပဲ ဆားငန်ရေသောက်ဘိသို့ လိုပြီးယင်း လိုကြခြင်းသည် ရောင့်ရဲ တင်းတိမ်ခြင်း ဖြစ်သည့် သန္တုဋ္ဌိ မင်္ဂလာ မရှိကြ၍သာ ဖြစ်သည်။

ထို့ကြောင့် ရှင်တော်ဘုရားက သတ္တဝါတို့သည် တင်းတိမ်ကျေနပ်မှု မရှိကြ၍ တဏှာ၏ ကျေးကျွန်များ ဖြစ်နေကြသည် ဟူ၍ ဆိုဆုံးမချက်သည် သွေးထွက်အောင် မှန်လှသည်။

ပုထုဇဉ်လူသားမှန်သမျှ ဓမ္မတာအရ လောဘရှိကြသည်ချည်း ဖြစ်၏။ သို့ရာတွင် ထိုလောဘကို တရားသော၊ မှန်ကန်သော၊ မိမိတို့၏ကံအစွမ်း၊ ဉာဏ်အစွမ်း၊ ဝီရိယအစွမ်းတို့ဖြင့်သာ ရသင့်ရထိုက်သည်တို့ကိုသာ ရှာရမည် ဖြစ်သည်။ ထို့ထက် ပိုမို၍၊ ကျော်လွန်၍ သူ့အိုးနှင့် သူ့ဆန် တန်ရုံမျှမဟုတ်သေးပဲ ရှာကြ ဖွေကြမည်၊ မြင်မြင်သမျှ လိုချင်ရမှက် ဝိသမလောဘ တက်လာမည်ဆိုလျှင် သန္တုဋ္ဌိ မင်္ဂလာနှင့် ဆန့်ကျင်ဘက် ဖြစ်လာနိုင်ပေသည်။

လူသား မှန်သမျှ အကောင်းချည်း စားချင် ကြသည်။ အကောင်းချည်း ဝတ်ဆင်လိုကြသည်။ ခမ်းနားထယ်ဝါသော တိုက်တာ အဆောက်အအုံတို့ဖြင့် နေလိုကြသည်။ အကောင်းဆုံး ကားကို စီးချင်ကြသည်။ သို့ရာတွင် မိမိတော်ုတတိုင်း ဖြစ်မလာခဲ့လျှင် မိမိအကျိုးပေး အလျောက် ရောင့်ရဲကြရမည်။ ကျေနပ်နှစ်သိမ့်ကြရမည်။ ထို့ထက်ပိုလာခဲ့လျှင် (၁) ပါပိစ္ဆ = ယုတ်မာလှသည့် အလိုရမှက် ကြီးခြင်း၊ (၂) မဟိစ္ဆ = အလွန် အလိုကြီးခြင်း၊ (၃) အတြိစ္ဆ = အလွန့် အလွန် အလိုကြီးခြင်း စသည့် မတော်လောဘကြောင့် ယုတ်မာမှု ဖြစ်လာမည်။ ယင်းသို့ အလိုကြီးခြင်းသည် တကယ့်ချမ်းသာမှုအစစ်မဟုတ်ပဲ ဆင်းရဲခြင်း အတိဖြင့်သာ ပြည့်နေသော ဒုက္ခတရားများပင် ဖြစ်သည်။

သန္တုဋ္ဌိသည် ရောင့်ရဲလွယ်ခြင်း ဖြစ်၏။မှန်၏။ထိုသန္တုဋ္ဌိဟု ဆိုအပ်သည့် ရောင့်ရဲ လွယ်ခြင်းတွင် (၁) သန္တုဋ္ဌိ သုံးမျိုး၊ (၂) သန္တုဋ္ဌိ ကိုးမျိုး၊ (၃) သန္တုဋ္ဌိ တဆယ့်နှစ်မျိုး ဟူ၍ အမျိုးမျိုး ကွဲပြားလျက်ရှိသည်ကို တွေ့ရသည်။

(၁) သန္တုဋ္ဌိ သုံးမျိုးတွင် (က)ယထာလာဘ သန္တုဋ္ဌိ = ရသရွေ့ဖြင့် တင်းတိမ်ရောင့်ရဲခြင်း၊ (ခ) ယထာဗလသန္တုဋ္ဌိ = မိမိ၏စွမ်းအား အလျောက် ချင့်ချိန် တင်းတိမ် ရောင့်ရဲခြင်း၊ (ဂ) ယထာသာရုပ္ပ သန္တုဋ္ဌိ = မိမိနှင့် လျောက် ပတ် ရုံသာ တင်းတိမ် ရောင့်ရဲခြင်း ဟူ၍ ဖြစ်၏။

(၂) သန္တုဋ္ဌိ ကိုးမျိုး တွင် (က) စားသောက်ရေးတွင် ရရာဖြင့် တင်းတိမ်ရောင့်ရဲ လွယ်ခြင်း။

(ခ) စားသောက်ရေးတွင် မိမိစွမ်းအားရှိသရွေ့ ချင့်ချိန်ပြီး တင်းတိမ်ရောင့်ရဲခြင်း။

(ဂ) စားသောက်ရေးတွင် မိမိနှင့် သင့်တော်လျောက်ပတ် ရုံမျှ တင်းတိမ်ရောင့်ရဲခြင်း။

(ဃ) ဝတ်ဆင်ရေးတွင် ရရာဖြင့် တင်းတိမ် ရောင့်ရဲခြင်း။

(င) ဝတ်ဆင်ရေးတွင် မိမိစွမ်းအားရှိသရွေ့ဖြင့် ချင့်ချိန်ပြီး တင်းတိမ်ရောင့်ရဲခြင်း။

(စ) ဝတ်ဆင်ရေးတွင်မိမိနှင့်သင့်တော်လျောက်ပတ်ရုံမျှဖြင့် တင်းတိမ်ရောင့်ရဲခြင်း။

(ဆ) နေထိုင်ရေးတွင် ရရာဖြင့် တင်းတိမ်ရောင့်ရဲခြင်း။

(၈) နေထိုင်ရေးတွင် မိမိ စွမ်းအား ရှိသရွေ့ ချင့်ချိန်ပြီး တင်းတိမ်ရောင့်ရဲခြင်း။

(၉) နေထိုင်ရေးတွင်မိမိနှင့်သင့်တော်လျောက်ပတ်ရုံမျှသာ တင်းတိမ်ရောင့်ရဲခြင်း ဟူ၍ ဖြစ်၏။

သန္တုဋ္ဌိ တဆယ့်နှစ်မျိုးတွင်မူ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးဟု ဆိုအပ်သည့် ပစ္စည်း လေးမျိုး အနက် တမျိုးမျိုး၌ (သန္တုဋ္ဌိ)တင်းတိမ်ရောင့်ရဲမှု သုံးမျိုးစီ ကွဲပြားလာသည့် အတွက် သုံးမျိုးလေးလီ ဆိုလျှင် သန္တုဋ္ဌိ ၁၂ မျိုး ဖြစ်လာနိုင်သည်။ ဤသန္တုဋ္ဌိ တဆယ့် နှစ်မျိုးကမူ ရှင်သာမဏေနှင့် ရဟန်းတော်များဖြင့်သာ သက်ဆိုင်ပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် အချို့အချို့သော ရဟန်းတော်တို့သည် လာဘ်လာဘ ပေါများမှုကိုသာ ရှေးရှု၍ ရဟန်းတော်တပါးတည်းဖြင့် ကျောင်း နှစ်ကျောင်း သုံးကျောင်း ထိုင်ခြင်း၊ ကျောင်းထိုင်ရန် အင်္ဂါဖြင့် ပြည့်စုံခြင်း ရှိ-မရှိ၊ ရဟန်းစစ်၊ ရဟန်းမှန်ဟုတ်-မဟုတ်၊မစိစစ် မစူးစမ်းပဲ ကျောင်းထိုင်ခိုင်းခြင်း၊ ရာဇဝတ်ဘေးကြောင့် ဖြစ်စေ၊ မူးယစ်သောက်စား တေလေနေသည့် သူကိုပင် ဖြစ်စေ ရဟန်းခံပေးပြီး ကျောင်းထိုင်ခိုင်းခြင်းစသည့် အပြုအမူ အလုပ်အကိုင်တို့သည် သာသနာနှင့် တကွ ရဟန်း ရှင် လူ ပရိသတ်တို့ကို မငဲ့ကွက်ပဲ လုပ်ကိုင် ဆောင်ရွက်လာကြမည်ဆိုလျှင် သန္တုဋ္ဌိမင်္ဂလာဖြင့်ကိုက်ညီနိုင်မည်မဟုတ်ပေ။ (ဤကား စာရေးသူ တွေ့ကြုံသိမြင်နေရသော အချို့အချို့သော ရဟန်းများအတွက် ရည်ရွယ်ခြင်း ဖြစ်၏။)

ထိုမှ လူပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ အချို့အချို့သော သူတို့သည် စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးတို့တွင် အမျိုးအလိုက်၊ ဘာသာအလိုက်၊အရွယ် အတန်းအစားအလိုက် မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့်လားလားမျှ မကိုက်သည့် တိုင်းတပါးသားတို့၏ ဝတ်စားဆင်ယင်မှုတို့ကို အတုယူ၍ မိမိတို့၏ ရိုးရာ ယဉ်ကျေးမှုများကို ပစ်ပယ်လာကြခြင်းသည် သန္တုဋ္ဌိမင်္ဂလာ၏အနှစ်သာရကို ထိပါးပုတ်ခတ်ရုံသာမက ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ ထုံးဘမ်းတို့ကိုပါ တိမ်ကောစေရန် ကျူးလွန်ခြင်းပင် ဖြစ်၏။ (တိုင်းတပါး ယဉ်ကျေးမှုဆိုရာ၌ မိမိလူမျိုးနှင့် ကိုက်ညီမည့်ယဉ်ကျေးမှုလည်း ရှိ၏။မဆီလျော်သည့် ယဉ်ကျေးမှုလည်း ရှိ၏။ရိုးရာယဉ်ကျေးမှုကို မထိခိုက်၊ မညစ်နွမ်းစေမည့် တိုင်းတပါး ယဉ်ကျေးမှု ဆိုလျှင် အတုယူသင့် ယူရမည် ဖြစ်သော်လည်း ရိုးရာ ယဉ်ကျေးမှုကို ထိပါးလာမည့် တိုင်းတပါး ယဉ်ကျေးမှု ဆိုလျှင် တားဆီးကြရမည်၊ တွန်းလှန်ပစ်ကြရမည် ဖြစ်၏။)

သန္တုဋ္ဌိ မင်္ဂလာ၏ အနှစ်သာရသည် လောဘ မကြီးနှင့်၊ အမြတ်ကြီး မစားနှင့်၊ ခေါင်းပုံမဖြတ်နှင့်၊ အဓာပြ လာဘ်မယူနှင့်၊ တပါးသူ ပစ္စည်းကို မောင်ပိုင်မစီးနှင့်၊ တရားသော မှန်ကန်သော နည်းလမ်းတို့ဖြင့် လုံ့လဝီရိယ စိုက်ထုတ်ပြီး ရှာ၍ ဖွေ၍ ရရှိလာသော ပစ္စည်းတို့ကို မိမိနှင့် တန်ရာ သင့်ရာသာ ဝတ်စားဆင်ယင် နေထိုင်သွားကြရန်သာ ဖော်ညွှန်းခြင်းဖြစ်၏။

ထိုကဲ့သို့ မဟုတ်ပဲ သန္တုဋ္ဌိ မင်္ဂလာနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ငါးမျိုးသော လျှပ်ပေါ်လော်လီသောအမှုကို ပြုလျှင် သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်း ရှုတ်ချခြင်းတို့ကို ခံရမည်မှာ မလွဲ ဧကန် ဖြစ်သည်။

ငါးမျိုးသော လျှပ်ပေါ်လော်လီခြင်းတို့မှာ–

(၁) စားသောက်မှုအပေါ်၌ လျှပ်ပေါ်လော်လီခြင်း။

(၂) အဝတ်တန်ဆာ ဆင်ယင်ထုံးဖွဲ့မှုအပေါ်၌ လျှပ်ပေါ်လော်လီခြင်း။

(၃) သွားလာ နေထိုင်မှုအပေါ်၌ လျှပ်ပေါ်လော်လီခြင်း၊

(၄) ယောကျ်ားက မိန်းမအပေါ်၊ မိန်းမက ယောကျ်ားအပေါ် လျှပ်ပေါ် လော်လီခြင်း၊

(၅) ပစ္စည်း ဥစ္စာ အခြွေအရံ လိုချင်မှုအပေါ် လျှပ်ပေါ် လော်လီခြင်းဟူ၍ ဖြစ်၏။

တင်ပြခဲ့သည့် လျှပ်ပေါ် လော်လီခြင်းနှင့် စပ်လျဉ်း၍ အချို့သော ပျို၊ အို ယောကျ်ား မိန်းမတို့သည် နဂိုရှိမှ နကိုင်းထွက် ဆိုထုံးကို ဥပေက္ခာပြုကာ မသင့်သော၊မလျော်ကန်သော တိုင်းတပါး၏ ဆင်ယင်ထုံးဖွဲ့မှုကို အတုယူမှားပြီး ကြွားချင်၊ ဝါချင်၊ ဟန်ဆောင်ချင်ကြသည့်အတွက် ဆင်ယင်ခဲ့၊ ထုံးဖွဲ့ခဲ့သဖြင့် အမြင်မတော် ဆင်တော်နှင့် ခလောက် ဖြစ်နေခဲ့ကြသည်မှာ ယနေ့ မျက်မြင်ပင်ဖြစ်သည်။

လက်ဝယ်ပိုင်ဆိုင်ထားသည်ထက် ပို၍ လောဘဇောတိုက်ကာ ပြုလုပ်လာလျှင် အရနည်းတတ်သည့် သာဓကလည်း ရှိသည်။

တချိန်တခါက ဖြစ်၏။ တဦးသော သူတယောက်တွင် ရွှေဥ အုနေသည့် ငန်းတကောင်ရှိသည်။ငန်းရှင်သည် တနေ့တနေ့လျှင် ရွှေဥတလုံးကျ အုပေးနေသည်ထက် တမုဟုတ်ချင်း ချမ်းသာကြွယ်ဝလိုသဖြင့် ငန်းဗိုက်ထဲတွင် ရွှေဥ အများကြီး ရှိမည်ဟု အဆင်ခြင်မဲ့စွာ ငန်းကြီးကိုသတ်၍ ရွှေဥများရှာရာ ရွှေဥမတွေ့ပဲ မခင်တို့ကိုသာ တွေ့ရလေသည်။ ဤတွင်မှ သူ၏ အထင်မှတ်မှား

မှုကို သံဝေဂရလေသည်။ ဤပုံပြင်သည် ရလေ လိုလေကို ညွှန်းလိုက်ခြင်းဖြစ်သည်။

အလားတူပင် ရှေးအခါက ပဏ္ဏားကြီး တယောက်တွင် ဇနီးနှင့် သမီးသုံးယောက်ရှိသည်။ မကြာမီ ပဏ္ဏားကြီး ကွယ်လွန်ပြီးနောက် ဟိမဝန္တာတောတွင် ရွှေဟင်္သာဖြစ်လျက် နေသည်။ ရွှေဟင်္သာကြီးသည် သူ၏ဘဝဟောင်းက ဇနီးနှင့် သမီးများ တပင်တပန်း လုပ်ကိုင်စားသောက်နေသည်ကိုမကြည့်ရက်၊ မမြင်ရက်ဖြစ်ပြီး ဇနီးနှင့် သမီးများနှိရာသို့ နေ့စဉ် သူ၏ ရွှေအတောင်တချောင်းကို လာရောက်၍ ပေးအပ်သွား၏။

နေ့စဉ် ရွှေအတောင်တချောင်း ရနေသည်ကို မတင်းတိမ်၊ မရောင့်ရဲနိုင်ကြသော ဇနီးနှင့် သမီးများက ရွှေဟင်္သာကြီးအလာတွင် ဖမ်း၍ ရွှေအတောင်များများရအောင် နှုတ်ကြသည်။ နှုတ်ပြီးသည်၏ တခဏ အတောင်များကို ပြန်ကြည့်ရာ ရွှေအတောင်မဟုတ်တော့ပဲ ဗျိုင်းအတောင်ကဲ့သို့ အဖြူတောင်များ ဖြစ်နေသည်ကို တွေ့ရသဖြင့် ရင်ထုမနာဖြစ်ကာ နောင်တရလေသည်။ ဤသာဓကမှာ အလိုကြီးလျှင် အရနည်းကြောင်း ညွှန်းထားခြင်းဖြစ်သဖြင့် သတိပြုစရာ ကောင်းလှသည်။

ဤနေရာတွင် အချို့သူတို့က တင်းတိမ်ရောင့်ရဲခြင်း၊ နှမြောတွန့်တိုခြင်းနှင့် ပျင်းရိ ပေါ့တန်ခြင်းတို့သည် အတူတူဟူ၍ပင် တွေးထင်ကြသည်။ ယူဆကြသည်။ အမှန်စင်စစ် မတူပါလေ။

(က) တင်းတိမ်ရောင့်ရဲခြင်းသည် မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယ၊ လုံ့လတို့ဖြင့် မှန်ကန်စွာ ကြိုးစားအားထုတ် လုပ်ကိုင်ရှာဖွေ၍ ရသမျှတို့ဖြင့် တင်းတိမ်ရောင့်ရဲကာ နေထိုင် စားသောက်ခြင်း ဖြစ်၏။

(၁) နှမြောတွန့်တိုခြင်းသည် တရားသော နည်းလမ်းဖြင့် ဖြစ်စေ၊ မတရားသော နည်းလမ်းဖြင့် ဖြစ်စေ၊ မည်သည့်နည်းဖြင့် ဖြစ်စေ ရအပ်လာသည့် ပစ္စည်းဥစ္စာတို့ကို မိမိလည်း မစားရက်၊ မဝတ်ရက် သူတပါးကိုလည်း မကျွေးရက်၊ မမွေးရက်၊ မပေးရက်၊ အလဟဿ သိမ်းဆည်း သိုမှီးထားခြင်း ဖြစ်၏။

(၈) ပျင်းရိပေါ့တန်ခြင်းသည် မည်သည့် အလုပ်ကိုမှလည်း မလုပ်၊ မကိုင်၊ မည်သည့်ဥစ္စာပစ္စည်းကိုမှလည်း မရှာမှီး၊ မသိမ်းဆည်းပဲ အိပ်လိုက်၊ စားလိုက်၊ လမ်းသလားလိုက်ဖြင့် တအိမ်တက်ဆင်း လည်ကာ အချိန်ဖြုန်းနေခြင်း ဖြစ်၏။

တင်ပြခဲ့သည့် သုံးမျိုးအနက် နံပါတ် (၁) ဖြစ်သည့် တင်းတိမ်ရောင့်ရဲခြင်းကို လိုက်နာကျင့်သုံးနိုင်မှသာ သန္တုဋ္ဌိ မင်္ဂလာ ထိုက်မည်ဖြစ်၏။

ရှေးအခါက မိလတိုင်း၊ ဥတ္တရာပဉ္စာလမြို့တွင် ပဉ္စလမင်းကြီးသည် ထီးနန်းစိုးစံလျက် ရှိသည်။ ထိုအချိန်တွင် ပုဏ္ဏားမျိုး၌ဖြစ်သော ဘုရားအလောင်းတော်သည် လူ့လောကကြီးကို ငြီးငွေ့လှသဖြင့် ရသေ့ရဟန်းပြုကာ တောထဲမှာပင် ရသမျှ သစ်ဥ၊ သစ်ဖုစားကာ တရားအားထုတ်လျက်ရှိသည်။

အချိန် ကြာညောင်း လာသောအခါ ရသေ့ကြီးသည် ချဉ်ဆား မှီဝဲလိုသဖြင့် ဥတ္တရာ ပဉ္စာလမြို့တွင်းသို့ ဆွမ်းခံကြွလာသည်။ မင်းကြီးတွေ့မြင်သည်နှင့် နန်းတော်တွင်း ပင့်၍ ဆွမ်းများ ဆက်ကပ် လှူဒါန်းရာမှ ကြည်ညိုစိတ် ဖြစ်ပေါ်လာပြီး ဥယျာဉ်တော်ထဲ၌သာ သီတင်းသုံး နေထိုင်ယင်း နန်းတော်သို့ နေ့စဉ်မပြတ် ဆွမ်းဘုဉ်းပေးရန် ကြွပါဘုရား ဟု လျှောက်ထားလေသည်။

ရသေ့ကြီးသည် ဥယျာဉ်တော်ထဲ၌ သီတင်းသုံး နေထိုင်လျက် မိုးလလွန်သည့်အခါ ဟိမဝန္တာတောသို့ ပြန်ကြွလိုသဖြင့် သူ့တွင် လိုအပ်နေသော (တထပ်တလွှာ ဖိနပ်တရံနှင့် သစ်ရွက်မိုးထီး တလက်)ပစ္စည်းကို မင်းကြီးထံ အလှူခံမည်ဟု ကြံစည်ထားသည်။

ဤသို့ ကြံစည်ပြီးနောက် မင်းကြီးအား ဖွင့်ဟ အလှူခံမည် ဟူ၍ စိတ်ကူး၍ တောင်းခံမည်ပြုစဉ် 'တောင်းခံသူသည် ငိုသည် နှင့် တူသည်။ တောင်းခံ၍မှ ပေးကမ်းနိုင်သူက မပေးကမ်းပဲနေ လျှင် အငိုတုနှင့် တူသည်။ ထို့ကြောင့် သူနှင့် မင်းကြီး ငိုကြသည် ကို ပတ်ဝန်းကျင်က မြင်လျှင် ရှက်ဖွယ်လိလိသာ ဖြစ်မည်။ ထို့ ကြောင့် မင်းကြီးအား ဆိတ်ကွယ်ရာ အရပ်ကို အလိုရှိသည်ဟု မိန့်ကြားကာ ဆိတ်ကွယ်အရပ်ရာမှသာ အလှူခံတော့မည်ဟုပြန် လည်တွေးမိသဖြင့် မင်းကြီးအား ဆိတ်ကွယ်ရာအရပ် အလိုရှိ ကြောင်း မိန့်ကြားလေသည်။

မင်းကြီးလည်း ရသေ့ကြီးအမိန့်အတိုင်း ဆိတ်ကွယ်ရာအရပ်၌ နှစ်ဦး တွေ့လေလျှင် ရသေ့ကြီး မည်သို့သော အရေးကြီးသည့် စကားများ မြွက်ကြားမည်နည်းဟု ငံ့လင့်သည်။ ရသေ့ကြီးက လည်း ထီးနှင့်ဖိနပ် အလှူခံလျှင် မင်းကြီးစေတနာ ပျက်သွားမည် ကို စိုးရွံ့မိသဖြင့် နှုတ်မှ မထွက်ဖြစ်နေသည်။

အလှူခံမည်ပြုလိုက် နှုတ်မှ မထွက်ဖြစ်လိုက်ဖြင့် ၁၂ နှစ်တိတိ ကြာညောင်းခဲ့သည်။ တနေ့သောအခါ မင်းကြီးက စဉ်းစား သည်။ ရသေ့ကြီးနှင့် သူသည် ဆိတ်ကွယ်ရာ အရပ်၌ တွေ့ပေါင်း လည်း များလှပြီ။ မည်သည့် အရေးကြီးလှသော စကားတခွန်းမှ မဆို။ ယခုဆိုစေ ယနေ့ ရသေ့ကြီးနှင့်တွေ့လျှင် မင်းစည်းစိမ်နှင့် တကွ အလိုရှိရာ အလှူခံပါဟု လျှောက်ထားမည်။ သို့မှသာ ရသေ့

ကြီး ဆိတ်ကွယ်ရာ အလိုရှိသည်ကို သိမည်ဟု ဆုံးဖြတ်ပြီး ရသေ့ကြီးနှင့် နှစ်ဦးချင်း တွေ့ဆုံသည့်အခါ မင်းကြီးက လျှောက်ထားလိုက်လေသည်။

မင်းကြီး လျှောက်ထား ပြီးသည်နှင့် ရသေ့ကြီးက သူသည် ထီးနန်းစည်းစိမ်ကို မလိုပဲ ထီးနှင့်ဖိနပ်သာ အလိုရှိကြောင်း ဖွင့်ဟပြောလေသည်။ ဤတွင်မှ မင်းကြီးက တအံ့တသြဖြစ်ပြီး ထီးနှင့်ဖိနပ် အလိုရှိသည်ကိုများ အဘယ်ကြောင့် နှစ်ရှည်လများ အလှူမခံပဲ ဝန်လေးနေရပါသနည်းဟု ပြန်လည် လျှောက်ထားလေသည်။

ထို့ကြောင့် တောင်းခံသည်ဟု ဆိုသော်လည်း အခြေအနေအရ သူကလည်း ပေးနိုင်မှုဖြစ်သဖြင့် အရမ်းမတောင်းမိကြရလေအောင် သတိပြုကြဖို့ သင့်လှသည်။ သို့ဖြစ်လျှင် ရှင်ရသေ့ထုံးနှလုံးမူ၍ မိမိတို့တွင်ရှိသမျှ၊ ရသမျှတို့ဖြင့် အတတ်နိုင်ဆုံး ခြိုးခြံချွေတာ၊ တင်းတိမ် ရောင့်ရဲကြပါဟူ၍ တိုက်တွန်း ရပေသည်။

# (၂၅) ကတညုတ

ကတညုတ မင်္ဂလာသည် (ကတ=မိမိအပေါ် တပါးသူကပြုခဲ့ဘူးသည့် ကျေးဇူး။ အညုတာ=ပြန်လည်သတိရခြင်း) မိမိအပေါ် သူတပါးက ပြုခဲ့ဘူးသည့် ကျေးဇူးတို့ကို ပြန်လည် သတိရခြင်း ဖြစ်၏။

ကျေးဇူးဟူသည် တဦးတယောက်ကသော် လည်းကောင်း၊ အများကသော်လည်းကောင်း မိမိအပေါ် လောကီ၊ လောကုတ္တရာ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကိုယ်အား၊ နှုတ်အား၊ ပစ္စည်းအားဖြင့်ဖြစ်စေ၊ အတတ်ပညာအရဖြစ်ဖြစ် ကူညီစောင့်ရှောက်ထားခဲ့ရသည့် အပြုအမူနှင့်လုပ်ရပ် မှန်သမျှတို့သည် ကျေးဇူးဖြစ်၏။

အသက်ဘေးမှ ကယ်ဆယ်ခဲ့သည့်အသက်ကျေးဇူး၊ ကျွေးမွေးခဲ့သည့် မွေးကျေးဇူး၊ ပစ္စည်းဥစ္စာတို့ကို ပေးကမ်းခြင်းဖြင့် စောင့်

ရှောက်ခဲ့ဘူးသည့် ဥစ္စာကျေးဇူး၊ နှုတ်မှုအတတ်၊ လက်မှုအတတ်တို့ကို သင်ကြားပေးခဲ့ဘူးသည့် ပညာကျေးဇူး၊ နေ့ဖို့၊ထိုင်ဖို့ ရာတို့ဖြင့် ပြုခဲ့ဘူးသည့် နေကျေးဇူး၊ အသိအလိမ္မာ တိုးတက်လာအောင် သွန်သင်ဆုံးမသည့် အလိမ္မာ ကျေးဇူး စသည်ဖြင့် ကျေးဇူးအမျိုးအပြား ရှိသည့်အနက် အယုတ်ဆုံး တလုတ်စားဘူး သူ့ကျေးဇူး၊ ရေတခွက်သောက်ဘူး သူ့ကျေးဇူး၊ အရိပ်ခိုဘူး အရိပ်ကျေးဇူး၊ မြင်၍တတ်သည့် မြင်ကျေးဇူး၊ ကြား၍တတ်သည့် ကြားကျေးဇူးတို့ကလည်း အနန္တများလှ၏။

ကျေးဇူးဟူသည် ဒြပ်လည်းမရှိ၊ အလုံးလည်းမဟုတ်၊ အပြားလည်း မဟုတ်၊ အခဲလည်းမဟုတ်၊ အရည်လည်း မဟုတ်၊ဖြူ၊နီ၊ ကြောင်ကြားလည်း မဟုတ်၊ အကြောင်းကိစ္စတရပ်အပေါ်တွင် အခြေအနေအရ ဖြစ်ပေါ်လာသည့် အပြုအမူသည် ကျေးဇူးပင် ဖြစ်၏။

တစုံတယောက်သော သူက မိမိအပေါ်တွင် ချီးမြှောက်ထောက်ပံ့စောင့်ရှောက်ထားသည့် ကျေးဇူးတရားကို သိ၏။ သို့ရာတွင် ထိုကျေးဇူးတရားကို မည်ကဲ့သို့ ပြန်ဆပ်မည်နည်း။

ဘုရား သခင်က မကောင်းမှုမှန်သမျှအကြံအစည်၊အပြုအမူ၊ အလုပ်အကိုင်တို့ကို အဝေးကပင် ပယ်ခွာရှောင်ကြဉ်၍ ကောင်းသော၊ မှန်သော အကြံအစည် အပြုအမူ အလုပ်အကိုင်တို့သာ ဆောင်ရွက်ကြဟု ဆိုဆုံးမခဲ့၏။

ယင်းသို့ ဆိုဆုံးမသော ကျေးဇူးကြောင့် လောက၏ ကောင်းကျိုးချမ်းသာ၊ သံသရာ၏ ကောင်းကျိုးချမ်းသာ အဝဝတို့ကို ခံစားနိုင်ကြပြီး နိဗ္ဗာန်ချမ်းသာကိုပင်ပေးစွမ်းနိုင်သော ကျေးဇူးဘုရားများ ဖြစ်သည်ဟု ရတနာသုံးပါး၏ ကျေးဇူးမြတ်တို့ကို

သိနားလည်ကာ ဗုဒ္ဓမြတ်စွာ ဘုရားသခင် ဟောကြားတော်မူအပ်သည့် တရားမြတ်နှင့်အညီ တသွေမတိမ်း လိုက်နာကျင့်သုံးကြမည်ဆိုလျှင် ရတနာ သုံးပါး၏ ကျေးဇူးတော်များကို အကုန်မကျေနိုင်သည့်တိုင် သင့်သရွေ့ ကျေပြီး ကျေးဇူး တုံ့ပြန်ရာ၊ ကျေးဇူးဆပ်ရာ မည်၏။

အလားတူပင် သားတို့၊ သမီးတို့၏ မိဖနှစ်ပါးတို့သည် သားတို့ သမီးတို့အား လူတလုံးသူတလုံးဖြစ်လာအောင် ယုယပိုက်ထွေး ကျွေးမွေးစောင့်ရှောက်လာခဲ့သည့် ကျေးဇူး၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ အသိအလိမ္မာ ပေးရေး၊ ပညာသင်ကြားရေး၊ အိုးအိမ်ထူထောင်ပေးရေးစသည့် အရေးအထွေထွေဖြင့် ပြုစု စောင့်ရှောက်လာခဲ့သော ကျေးဇူးတို့သည် ရေတွက်၍ပင် မကုန်နိုင်အောင် များပြားလှဘိသည်ဟု အသိမြင်ကာ မိဖတို့ကို အဝတ်အစား၊ ဆေး၊ နေအိမ်၊ ပစ္စည်းဥစ္စာတို့ဖြင့် လက်အုပ်ချီမိုး ရှိခိုး၍ဖြစ်စေ၊ မိဖတို့ သွန်သင်သည့် စကားတို့ကို နာယူ၍ဖြစ်စေ၊ ခြေဆုပ်နင်းနယ်၊ လျှော်ဖွပ်ပေး၍ ဖြစ်စေ၊ ကျင်ကြီး ကျင်ငယ် ဆေးကြော သုတ်သင် ရှင်းလင်း၍ ဖြစ်စေ တတ်စွမ်းနိုင်သမျှ ပြုစုစောင့်ရှောက်သွားကြမည်ဆိုလျှင် မိဖတို့အား ကျွေးတုံ့ကျွေးလှည့်၊ မွေးတုံ့မွေးလှည့်ဆိုသကဲ့သို့ မိဖ ကျေးဇူးဆပ်ရာမည်၏။

ထိုနည်းနှင်နှင် သားတို့ သမီးတို့အား ဆရာသမားတို့က မျက်စိ၊ နား၊ ကိုယ်၊ နှုတ်တို့ဖြင့် တတ်သင့် တတ်ထိုက်သည့် အကြားအမြင်၊ ဗဟုသုတ အတတ်ပညာတို့ကို သင်ကြား ပို့ချပေးခဲ့သော ကျေးဇူး၊ ပန်းချီပန်းပု၊ ပန်းထိမ်၊ ပန်းတည်း၊ ပန်းယွန်း၊ ပန်းဘဲ၊ ပန်းရန်၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းတမော့၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ စိုက်ပျိုးရေး၊ သိပ္ပံရပ်များ

လက်မှုပညာရပ်များ၊ စက်မှုပညာရပ်များ စသည့် အတတ်မျိုးစုံတို့ကို သင်ကြားပို့ချပေး၍သော ဤပညာရပ်များကို တတ်လာရသည်၊ သိမြင်လာရသည် ဟူသော ကျေးဇူး၊ ယင်းကျေးဇူးတရားများကို ဆင်ခြင်ကာ ဆရာသမားတို့အား မိမိတို့စွမ်းအားရှိသရွေ့ ဆရာ၏ ဝေယျာဝစ္စ အမှုကြီးငယ်တို့ကို ကူညီ စောင့်ရှောက်ပေးခြင်း၊ ပစ္စည်းဖြင့်ဖြစ်စေ၊ ဂါရဝနိဝါတ ရှေ့ထားပြီး ရှိခိုးကန်တော့ခြင်းနှင့် ဆရာသမားတို့၏ ဆုံးမ သွန်သင်ချက်အတိုင်း မြေဝယ်မကျ လိုက်နာ ကျင့်သုံးနေထိုင်ကြမည်ဆိုလျှင် ဆရာသမားတို့၏ ကျေးဇူးကို ပြန်လည်ဆပ်ရာမည်၏။

မိမိ၏ဝန်းကျင်တွင် ရှိနေကြသည့် ပုဂ္ဂိုလ်တို့က မိမိအပေါ်၌ ပစ္စည်းဖြင့်ဖြစ်စေ၊ ကိုယ်နှုတ်ဖြင့်ဖြစ်စေ၊ တနည်းနည်းဖြင့်ချီးမြှင့်ခဲ့သည်တို့ကို အသိရှိကာ၊ သတိရကာ တနေ့ တချိန်သော အခါတွင် စွမ်းအားရှိသရွေ့ ပစ္စည်းတို့ဖြင့်ဖြစ်စေ၊ ရှိခိုးကန်တော့ခြင်း၊ မေတ္တာပို့ခြင်းဖြင့်ဖြစ်စေ ပြန်လည် တုံ့ပြန် ကျေးဇူးဆပ်ကြမည်ဆိုလျှင် သူတထူး၏ကျေးဇူးကို ပြန်လည်ပေးဆပ်ရာမည်၏။

ရတနာသုံးပါးနှင့်တကွ ဆရာ မိဖနှင့် ဝန်းကျင်မိတ်သင်္ဂဟ၊ ဆွေမျိုးတို့၏ကျေးဇူးကို ကျေးဇူးဟု သိနားလည်ပြီး ကျေးဇူးမတုံ့ပြန်နိုင်သည့်တိုင် မတော်လှန်၊ မစော်ကား၊ မပြစ်မှား၊ မကန်းသင့်ကြပေ။ ကျေးဇူးရှင်တို့၏ကျေးဇူးကို ကန်းကြမည်၊ စော်ကားကြမည်၊ ပြစ်မှားကြမည်ဆိုလျှင် သံသရာ ဘဝ ထိုထိုမျှသာမက မျက်မှောက် ပစ္စုပ္ပန် ဘဝမှာပင် ဒုက္ခ ရောက်နိုင်ပေသည်။

သိဒ္ဓတ္ထဘုရားအလောင်းတော်သည် ပါရမီ မရင့်သန်မီ ရှေးဘဝတခုက ဒွန်းစဏ္ဍားအမျိုးတွင် ဒွန်းစဏ္ဍားတဦး ဖြစ်ခဲ့သည်။

သို့ရာတွင် အဆက်ဆက်သောဘဝက ပညာ ပါရမီ ဖြည့်ဆည်းခဲ့ပြီး ပညာပါရမီရှင်ဖြစ်သည်နှင့်အညီ ပညာအရာတွင် ထူးချွန်သူတဦးဖြစ်သည်။ အချိန်အခါ မဟုတ်လင့်ကစား သူ၏ မန္တာန်ကို ရွတ်လိုက်လျှင် ပွင့်နိုင်၊ သီးနိုင်ခဲ့ကြသည်။

ထိုအချိန်တွင် ဒေဝဒတ်အလောင်း ပုဏ္ဏား တဦးက ဘုရားအလောင်းတော်ထံတွင် ရာသီမဟုတ်ပွင့်နိုင်၊ သီးနိုင်သည့် မန္တာန်ပညာရပ်ကို နည်းခံသင်ကြားသည်။ ထိုသို့ သင်ကြားပြီးနောက် ဗာရာဏသီမင်းထံ အမှုထမ်း ဘဝဖြင့် ခစားရာ ဆုလာဘ်အမြောက်အမြားရရှိနေလေသည်။

တနေ့သောအခါ ဗာရာဏသီမင်းက အခါမဟုတ်ပဲ သီးနိုင်သည့် အတတ်ပညာကို မည်သူ့ထံမှာ သင်ကြား ခဲ့သနည်းဟု ဒေဝဒတ်အလောင်းအား အမေးပြုလာလေသည်။

ဒေဝဒတ်အလောင်းမှာ ဒွန်းစဏ္ဍားထံမှာ သင်ယူခဲ့ရသည်ကို ထုတ်ဖော်ပြောရမည်ကို ရှက်လှသဖြင့် ဆရာစစ်ကို ဖုံးကွယ်ပြီး ဒိသာပါမောက္ခဆရာကြီးထံမှာ သင်ယူခဲ့ကြောင်း လျှောက်တင်လေသည်။

နောက်ရက်မျှား မကြာမီ သရက်သီးချင်ခြင်း ဖြစ်လာသော ဘုရင်မင်းသည် ဒေဝဒတ်အလောင်းအား မန္တာန်ရွတ်စေသည့်အခါ ဆရာစစ်ကို ထိန်ချန် ပြောဆိုမိခဲ့သည်ကြောင့် မန္တာန်၏ အစကိုပင် ရှာမရဖြစ်ကာ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး နန်းတော်မှ နှင်ထုတ်ခြင်းခံရလေသည်။ (ဤကား သင်ဆရာကို ကျေးဇူးကန်း၍အကျိုးယုတ်ရသောသာဓကဖြစ်သည်။ မြင်ဆရာ၏ ကျေးဇူးကို ကန်း၍ အသက်ဆုံးရှုံးရသော သာဓက တခုကိုလည်း ထုတ်နှုတ်ပြပါဦးမည်။ ရှုပါလေ)

ရေးအခါက ဥဗျိုင်း တကောင်သည် မြစ်တခု၏ ကတ္တတ် ပေါက်အနီးတွင် အမြဲတမ်း ငါးများ ရှာဖွေပြီး စောင့်စားလေ့ ရှိ၏။ သို့ရာတွင် ထိုဗျိုင်းသည် ရမျှားလာသည့်တိုင် ချက်ချင်း မစားသေးပဲ မြှောက်ကစားပြီးမှသာ စားလေ့ရှိ၏။

ဤသည်ကို မြင်တွေ့သော လုလင်ပျိုတဦးသည် အတုမြင် အတတ်သင်ကာ ဗျိုင်း ငါးမြှောက်စားသကဲ့သို့ သစ်ချွန်တို့ကို ပစ်မြှောက်လိုက်ပြီး မြေထက်သို့မကျအောင် ပါးစပ်ဖြင့် ကိုက်ယူ ဖမ်းဆီးသော အဘတ်ကို လေ့ကျင့်လေသည်။ ထိုမှ တစ တစ တက်ပြီး အုတ်ချွန်၊ အုတ်ခဲ၊ ကျောက်ချွန်၊ ကျောက်ခဲ၊ နောက် ဆုံး လှံသေး၊ လှံမ၊ သန်လျက်အထိ လေ့ကျင့်လာခဲ့ရာ သူမတူ အောင် တတ်မြောက်လာခဲ့လေသည်။

ဤသို့ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ပွန်ပြီးနောက် အရပ်တကာ၊ နယ်အနှံ့ လိုက်လံပြသ ငွေအရကောင်းနေလေသည်။ ဤသတင်း ကို ဘုရင်မင်းမြတ် ကြားသိရသည့်အခါ လုလင်ပျိုကိုခေါ်ယူ၍ သူ၏ အတတ်ပညာကို ပြသခိုင်းလေသည်။ ဘုရင်မင်းမြတ်သည် လုလင်၏ အတတ်ပညာကို လွန်စွာ သဘောကျ နှစ်ခြိုက်ပြီး ဆုတော်၊ လာဘ်တော်များ ချီးမြှင့်လေသည်။

တနေ့တွင် ဘုရင်မင်းမြတ်သည် လုလင်ပျိုအား ခေါ်ယူ၍ ဤမျှ အသက်ဘေးဖြင့်နီးသည့် အတတ်ပညာကို မည်သူ့ထံမှာ သင်ကြားခဲ့သနည်းဟု အမေးပြုလှာလေသည်။ လုလင်ပျိုလည်း မြင်ဆရာဖြစ်သည့် ဥဗျိုင်းအကြောင်းကို ထုတ်ဖော် ပြောရမှာ ရှက်သည်ကြောင့် မြင်ဆရာကို ဖုံးကွယ်ပြီး သူ့အလိုအလျောက် တတ်ကြောင်း လျှောက်ထားလေသည်။

ထို့နောက် လုလင်ပျိုသည် သူ့အတတ်ပညာများကို ပြသရာမှ ကျေးဇူးရှင် မြင်ဆရာကို ဖိုးကွယ်ပြောမိသဖြင့် ပစ်မြှောက်လိုက်သည့် လှံသည် လုလင်ပျို၏ အာခံတွင်းဝင်စူးပြီး သေဆုံးခဲ့ရလေသည်။ ဤသည်မှစ၍ ဆရာအာခံ၊ လှံပျံစူးဟူသော စကားသည် ဖြစ်ပေါ်ခဲ့လေသည်။

ထို့ကြောင့် မိမိတို့၏ ကျေးဇူးရှင်ဖြစ်သော ထိုထိုပုဂ္ဂိုလ်တို့အား မပြစ်မှားကြဖို့ အလေးအနက် တိုက်တွန်း လိုပေသည်။ အကယ်၍ ပြစ်မှားမိသည်ရှိသော် (က) အသက်တိုခြင်း၊ (ခ) ရောဂါထူပြောခြင်း၊ (ဂ) ဘေးအန္တရာယ် ကြုံတွေ့ရတတ်ခြင်း၊ (ဃ) လူမုန်းများခြင်း၊ (င)သေလွန်ကအပါယ်ငရဲသို့ကျရောက်နိုင်ခြင်း စသည့် အပြစ်များကို တွေ့ကြုံ ခံစားရတတ်ပေသည်။

ဆက်လက်၍ တင်ပြမည့် ဇာတ်နိပါတ်မှာ ကျေးဇူးရှင်ကို ပြစ်မှားခဲ့သော ဇာတ်မဟုတ်မူပဲ ဆွမ်းတစ္စန်းစာမျှ လောင်းလှူလိုက်သည့် ကျေးဇူးရှင်ကို ကျေးဇူး တုံ့ပြန်ခဲ့သည့်အတွက် ဘုရားသခင် ကိုယ်တော်တိုင် ချီးကျူးအပ်သည့် ဇာတ်ဖြစ်သည်။

မြတ်စွာဘုရားသခင် လက်ထက်က ဖြစ်သည်။ ရာဓအမည်ရှိ ပုဏ္ဏားတယောက်သည် သာသနာ့ဘောင်တွင် ရဟန်းအဖြစ် ဝင်ရောက် ထမ်းဆောင်လိုသည်ကြောင့် ရဟန်းတော် အသီးသီးထံ ရဟန်း ပြုပေးပါဟု လိုက်လံ လျှောက်ထားလေသည်။ သို့ရာတွင် မည်သူကမှ ရဟန်းမပြုပေးသဖြင့် ရာဓမှာ တပိန်ပိန် တလိန်လိန် ဖြစ်နေရရှာလေသည်။

သည်အကြောင်းကို အရှင်သာရိပုတ္တာရာမထေရ်မြတ် ကြားသိရသည်နှင့် ရာဓပုဏ္ဏားသည် တချိန်က သူ့အား ဆွမ်းတစ္စန်းစာမျှ လောင်းလှူခဲ့သည် ဖြစ်၏။ ဤကျေးဇူးသည် သူ့အား တုံ့ပြန်ရန်

အလှည့်ကြုံလေပြီဟု ဆင်ခြင်မိပြီး ရာဓပုဏ္ဏားအား သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်ပေးလိုက်လေသည်။

ရာဓပုဏ္ဏား သာသနာ့ဘောင်သို့ ရောက်လာသည့်အကြောင်း ဘုရားသခင်ကိုယ်တော်မြတ် သိသည်နှင့် "သာဓု သာဓု သာဓု သာရိပုတ္တ၊ ကတညုနော ဟိ သာရိပုတ္တ၊ သပ္ပုရိသာ ကတဝေဒိနော"ဟု ချီးမွမ်း မိန့်ကြားတော်မူလေသည်။ အဓိပ္ပာယ်မှာ 'ချစ်သား သာရိပုတ္တရာ၊ကောင်းလေစွ၊ကောင်းလေစွ။ သူတော်ကောင်းဖြစ်သည့် ပုဂ္ဂိုလ်တို့သည် သူတပါးတို့၏ကျေးဇူးများကို သိတတ်သည့်ပြင်၊ ကျေးဇူးရှင်ကိုလည်း ကျေးဇူးရှင်ဖြစ်ကြောင်း ထုတ်ဖော် ပြောလေ့ ပြောထ ရှိကြပါပေသည်'ဟု ချီးမွမ်းခြင်း ဖြစ်၏။

တင်ပြခဲ့သည့် ဝတ္ထုသာဓကများကို ဝေဖန် ထောက်ရှုလျှင် လူသားတို့သည် သူတထူးတို့၏ ကျေးဇူးများကို ခံယူလွယ်သော်လည်း ကျေးဇူး တုံ့ပြန်ဆပ်သောအခါ၌ ရာနှုန်းအတော်များများ လက်နှေးတတ်ကြသည်။ ကျေးဇူးရှင်တို့ကို ကိုယ်ထိလက်ရောက် ဝတ္ထုပစ္စည်းများဖြင့် တုံ့ပြန်ကျေးဇူး မဆပ်နိုင်သည့်တိုင် ထိုထိုသော ကျေးဇူးဂုဏ်သတင်းတို့ကို ထုတ်ဖော်ချီးကျူး ပြောဆိုကြပါ။ မနောကံဖြင့်လည်း မေတ္တာပို့အမျှပေးပေးကြပါဟု နှိုးဆော်လိုပေသည်။ ထို့ကြောင့် ဝတ္ထု သက်သေအများအနက်မှ တင်ပြခဲ့သည့် ဝတ္ထုသက်သေတို့ကို အဘူယူစံပြုပြီး မိမိ၏ ကျေးဇူးရှင် မှန်သမျှကို ကျေးဇူးဆပ်ကြဖို့ရာ ဝန်မလေး၊ ဦးမနှေးသင့်ကြောင်း ကတညုတမင်္ဂလာကို ရှင်းလင်းရပေသည်။

# (၂၆) ကာလေန ဓမ္မဿဝနံ

ကာလေန ဓမ္မဿဝနံ မင်္ဂလာသည် (ကာလေန = အခါ၊ အခွင့်၊ အချိန်ကာလ အားလျော်စွာ၊ ဓမ္မ = သူတော်ကောင်း တရား၊ သဝန = နာယူရခြင်း)အခါအခွင့် သင့်တိုင်း၊ သူတော် ကောင်းတရားတို့ကို နာယူမှတ်သားပါလျှင် မင်္ဂလာဖြစ်၏။

သမုဒ္ဒရာ ဝမ်းတထွာအတွက် လူသားတို့သည် မိုးလင်းမှ မိုးချုပ်သို့တိုင် နေ့တဓူဝ အပတ်တကုတ် လုံ့လထုတ်၍ ရှာကြ ဖွေကြ စားကြ သောက်ကြသုံးချည်းဖြစ်သည်။ ယင်းသို့ ရှာဖွေ ကြရာတွင် လောဘ၊ ဒေါသ၊ မောဟ ဆိုအပ်သည့် အကုသိုလ် တရားတို့သည် လူသားတို့၏ စိတ်သန္တာန်ဝယ် အနည်းနှင့်အများ ဖြစ်ပေါ်နေသည်မှာ ဓမ္မတာပင်ဖြစ်သည်။

တနေ့ကုန် တနေ့ခန်း ဖွေရှာကြပြီး၍ အိမ်ပြန်ရောက်ကြပြီး သည့်တိုင် သားရေး၊ သမီးရေး၊ ဆွေရေး၊ မျိုးရေး အစရှိသည့် သံယောဇဉ်မီးတို့က အချိန်ရှိသရွေ့ လောင်မြှိုက်နေကြသဖြင့် ဖြောင့်ဖြောင့် တန်းတန်း ကြည်ကြည် လင်လင်ဖြင့် ဘုရားဝတ် ပြုရန် အခွင့်အယှက် တွေ့တတ်ကြရသည်။

ဘုရားဂုဏ်တော်ကိုးပါးအနက်မှ တပါးဖြစ်သည့် "ဣတိပိ သော ဘဂဝါ"တပုဒ်ကိုပင် ရွတ်ဆိုလျက် ဦးချခိုက် စိတ်ထဲဝယ် ဘုရားခန်းကိုကျော်၍ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ပေါင်း သင်းဆက်ဆံရေး အရပ်များဆီသို့ ရောက်တတ်သွားသည်မှာ ငြင်းကွယ်၍မရနိုင်သော အချက်ဖြစ်သည်။

သို့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အစိုးမရ သောစိတ်သည် မကောင်းသည့် အကုသိုလ်တရားတို့ကိုသာ အမြဲ ဦးတိုက်နေသည်ကို သိစေလိုသဖြင့် "ဖန္ဒနံ စပလံ စိတ္တံ ဒုရက္ခံ ဒုန္နိဝါရယံ" စိတ္တံ၊ စိတ်သည်။ ဖန္ဒနံ၊ တုန်လှုပ်တတ်၏။ စပလံ၊ လျှပ်ပေါ်၏။ ဒုရက္ခံ၊ စောင့်ရှောက်ခြင်းငှာ ခက်ခဲ၏။ ဒုန္နိဝါရယံ၊ မကောင်းသော လားခြင်းကို တားမြစ်ခြင်းငှာ ခက်ခဲ၏။ ဟူ၍ ဆုံးမတော်မူခဲ့၏။

တနေ့ကုန် တနေ့ခန်း ဆိုးညစ်ပေတေနေသော စိတ်တို့ကို သူ့အလိုအလျောက်အတိုင်း လွှတ်ထားလျှင် မကျူးလွန်သင့်၊ မကျူးလွန်ထိုက်သည့် အကုသိုလ်တရားတို့သည် ဒုနှင့်ဒေး ဖြစ် နေကြမည် အမှန်ဖြစ်၏။ သို့ဖြစ်လျှင် ကာလေန ဓမ္မဿဝနံ မင်္ဂလာ တရားတော်အရ ကုသိုလ်ကောင်းမှု ပွားစေနိုင်ရန် သူတော်ကောင်းတရားတို့ကို အခါအခွင့်သင့်တိုင်းဖြစ်စေ၊ အချိန် ယူ၍ဖြစ်စေ ပျံ့လွင့်နေသော ကာမဝိတက်၊ ဗျာပါဒဝိတက်၊

ဝိဟိံသ စသည် မိစ္ဆာဝိတက်တို့ ဝင်လာခြင်းမှ သက်သာရာ ရအောင် ၅ ရက်တကြိမ်၊ ၆ ရက်တကြိမ်၊ လပြည့်လကွယ်၊ ၈ ရက်ဥပုသ်နေ့တို့တွင် သူတော်ကောင်းတရားများကို နာကြား မှတ်ယူ ကျင့်ကြံအားထုတ်သင့်လှသည်။

ယင်းသို့ နာကြားမှတ်ယူ ကျင့်ကြံအားထုတ်ကြမည်ဆိုလျှင်-

(၁) မကြားနာရသေးသော တရားတို့ကို ကြားနာရမည်။

(၂) ကြားနာပြီးခဲ့သည့် တရားတို့ကို ထပ်မံ သန့်ရှင်း ခိုင်မြဲ စေမည်။

(၃) အယူ အမြင် ဖြောင့်မှန်မည်။

(၄) ယုံမှား သံသယတို့ကို ပယ်ဖျောက်နိုင်မည်။

(၅) စိတ်နှလုံး ရွှင်ကြည်လန်းဆန်းစေမည် စသည့် အကျိုး ထူးတို့ကို ခံစားကြရမည်ဖြစ်၏။

ယင်းကိုပင် ပါဠိတော်က....

"နဝကပ္ပံ သုတမ္ပိ၊
အဋ္ဌကပ္ပဥ္စ ယာစိတော။
ကောကပ္ပေါ နုမောဒနာ၊
ဒေသိတောစ အသခ်ျေယျော။"

ဟူ၍ ဆိုထားပါသည်။' (က) တရားတော် နာကြားရသူသည် ကိုးကမ္ဘာတိုင်တိုင်အပယ်ဘုံသို့ မရောက်နိုင်၊ (ခ) တရားတော်ကို ဟောပြောပါဟူ၍တောင်းပန်သူသည် ရှစ်ကမ္ဘာတိုင်တိုင် အပယ်

ဘုံသို့မလားနိုင်ခြင်း။(ဂ) သာဓု၊ သာဓု ဟူ၍ အနုမောဒနာ ပြုရသူသည် တကမ္ဘာပတ်လုံး အပယ်ဘုံသို့ မကျနိုင်ခြင်း၊ (ဃ) လာဘ်လာဘမမြော်ပဲ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် တရားဟောပြောရသူသည် မရေ မတွက်နိုင်သော အသင်္ချေယျတိုင် အပါယ်ဘုံသို့ မလားနိုင်ခြင်းစသည့်အကျိုးထူး တရားတို့ကို ခံစားနိုင်ကြပေသည်။

ဂေါတမ မြတ်စွာဘုရားသခင်သည် သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်တွင် လောကသုံးပါးတို့၏ အထွတ်အထိပ် သဗ္ဗညုတ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။ ထိုသို့ ရောက်ရှိတော်မူပြီးနောက်—

"ငါသိအပ်ပြီး ရအပ်မြင်ပြီးဖြစ်တဲ့ တရားတော်တွေဟာ နက်နဲတယ်၊ သိမြင်နိုင်ခဲတယ်၊ သတ္တဝါတွေဟာ ကာမဂုဏ်တရားတွေမှာသာ ပျော်မွေ့နေကြတယ်၊ ပညာရှိသူတွေမှသာ သိမြင်နိုင်ပေလိမ့်မယ်၊ နိဗ္ဗာန်ကိုလဲ ရောက်နိုင်ကြပေလိမ့်မယ်၊ ငါသိမြင်ရလာတဲ့ တရားတွေကို ကာမတဏှာ ထူပြောနေတဲ့ သတ္တဝါတွေကိုဟောကြားပေမယ့် သိရှိနားလည်နိုင်မှာ မဟုတ်တဲ့အတွက် ငါပင်ပန်းရုံသာ ဖြစ်တော့မယ်"

ဤသို့ ဘုရားသခင်၏ စိတ်ဝယ် အကြံဖြစ်ပေါ်လာခဲ့သည်။

ထိုအခါ ဘုရားသခင်၏ စိတ်အကြံကို သိတော်မူသော "သဟမ္ပတိ ဗြဟ္မာ့ကြီး"က ဗြဟ္မာ့ပြည်မှ ကွယ်ပျောက်ခဲ့ပြီး "နဿတိ ဝတ ဘော လောကော။ဘော၊အိုအချင်းတို့။ ဝတ၊ စင်စစ်။လောကော၊လောကကြီးသည်။နဿတိ၊ပျက်စီးလတ္တံ့" ထိုသို့ကြွေးကြော်၍ နတ်ဗြဟ္မာအပေါင်းတို့ကို ဘုရားသခင်ထံ

ခေါ်လာ၏။ ယင်းသို့ ခေါ်လာပြီးနောက် မြင့်မိုရ်တောင်လုံးမျှ ရှိသည့် ရတနာပန်းကုံးဖြင့် ပူဇော်ပြီး ဘုရားသခင်အား ရှိခိုး လျှောက်ထားလေသည်။

"ဒေသေတု ဘန္တေ ဘဂဝါဓမ္မံ၊ ဒေသေတု သုဂတော"

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....

ရှေးအခါက မာဂဓတိုင်းမှာ မိစ္ဆာအယူရှိကြတဲ့ ဂိုဏ်းဆရာကြီးတွေကြောင့် သတ္တဝါတွေဟာ အမိမဲ့သား ရေနည်းငါးလို နိဗ္ဗာန်ချမ်းသာလမ်းနဲ့အဝေးကြီးနေကြရပါတယ်၊သတ္တဝါများအား သံသရာဘေးမှ လွတ်မြောက်အောင် သစ္စာလေးပါးမြတ်တရားကို ဟောကြားဆုံးမတော်မူပြီး နိဗ္ဗာန်တံခါးကို ဖွင့်ပေးတော်မူပါဘုရား"ဟူ၍ တောင်းပန် လျှောက်ထားလေသည်။

ထိုသို့ သဟမ္ပတိဗြဟ္မာကြီးက တောင်းပန်လျှောက်ထားသည့်အခါ ဘုရားသခင်သည် ဗုဒ္ဓစက္ခုဉာဏ်တော်ဖြင့် ရှုကြည့်တော်မူသည်။ ပဒုမ္မာကြာ၊ ပုဏ္ဍရိက်ကြာတို့သည် ရေကန်ထဲတွင် အချို့က မြုပ်၍၊ အချို့က ပေါ်၍၊အချို့က ရေနှင့်အညီ တည်နေကြသကဲ့သို့ သတ္တဝါအပေါင်းတို့သည်လည်း သံသရာ ဗွက်အိုင်မှ ကျွတ်လွတ်ပြီး နိဗ္ဗာန်သောင်ကမ်းသို့ ဆိုက်ရောက်နိုင်သည့် သတ္တဝါအချို့ရှိသေးသည်ကို သိမြင်တော်မူပြီး တရားဓမ္မတို့ကို သတ္တဝါတို့အား ဟောကြား ဆုံးမဖို့ရာ ဝန်ခံလေမှ သဟမ္ပတိဗြဟ္မာကြီးသည်လည်း ဝမ်းသာအားရစွာဖြင့် ရှိခိုး၍ ဘုရားရှင်ထံမှ ကွယ်ပျောက်သွားလေသည်။

သဟမ္ပတိဗြဟ္မာကြီး လျှောက်ထားပြီးနောက် မြတ်စွာဘုရားသခင်သည် နက်နဲလှသည့် တရားတော်တို့ကို မည်သူ့အား ဦးစွာ

ဟောကြားရမည်ကို တွေးတော ကြံစည်တော်မူသည်။ ထိုသို့ ကြံစည်တော်မူသည့်အခါ လောကီ အသိဉာဏ် ပေးခဲ့ဘူးသည့် အာဠာရနှင့် ဥဒက ရသေ့ နှစ်ပါးကို သတိရတော်မူလာသည်။ ထိုအခိုက် နတ်သားတပါး ရောက်ရှိလာပြီး အာဠာရ ရသေ့မှာ လွန်ခဲ့သည့် ၇ ရက်ကပင် ကွယ်လွန်ခဲ့ပြီး ဖြစ်ကြောင်းနှင့် ဥဒက ရသေ့မှာလည်း လွန်ခဲ့သည့် ၁ ရက်ကပင် ကွယ်လွန်သွားပြီ ဖြစ်ကြောင်း လျှောက်ထားလေသည်။ ဤတွင်မှ မြတ်စွာဘုရား သခင်သည် အာဠာရနှင့် ဥဒကရသေ့တို့ အဆုံးရှုံးကြီး ဆုံးရှုံး ကြရပေပြီဟု သနားကရုဏာ ဖြစ်တော်မူပြီး ညည်းညူရှာတော်မူသည်။

ထိုမှ ဗုဒ္ဓ၏ တရားတော်တို့ကို မည်သူတို့ လျင်မြန်စွာ သိနိုင်ကြမည်နည်းဟု တွေးတော ကြံစည်ပြန်သည့်အခါ ဘုရား မဖြစ်မီက အလုပ်အကြွေး ပြုစုလာခဲ့ကြသည့် ပဥ္စဝဂ္ဂီ ငါးဦးကို သတိရကာ မိဒဂါဝုန်တောသို့ ကြွလှမ်းတော်မူသည်။

ဝါဆိုလပြည့် စနေနေ့ နေမဝင်မီ လမင်း ထွက်ပြူစအချိန် ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရား ဟောကြားတော်မူသည့်အခါ နတ် ဗြဟ္မာ တဆယ့်ရှစ်ကုဋေနှင့် အရှင်ကောဏ္ဍညတို့ သောတာပန် တည်ကုန်ကြသည်။

ထိုမှ ၅ ရက်အကြာ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူပြန်ရာ ပဥ္စဝဂ္ဂီငါးဦးစလုံး သာသနာတော်၏ ပထမဦးဆုံးသော အာသဝေါကုန်ခန်းသည့် ရဟန္တာကြီးများ အဖြစ်သို့ ရောက်ရှိတော်မူသည်။

ပဥ္စဝဂ္ဂီ ငါးဦးအား ရှေးဦးစွာ တရားထူး တရားမြတ် ဟောပြောဆုံးမပြီးနောက် ဘုရားသခင်သည် ၄၅ ဝါတို့ ကာလပတ်လုံး

တရားဓမ္မ ဟောကြား၍ ကျွတ်တန်း ဝင်ခဲ့ကြသည့် ပုဂ္ဂိုလ် အမြောက်အမြား အနက် ထင်ရှားသော၊ သိသာသော ပုဂ္ဂိုလ် အချို့ ကျွတ်တန်းဝင်ပုံ၊ နတ်ပြည် ရောက်ရှိကြပုံတို့ကို သာဓက ပြုပါဦးမည်။

ဗုဒ္ဓတရား နာကြားပြီး၍ ကျွတ်တန်း ဝင်သူတို့ အထဲတွင် တွေ့ရ ဥရုဝေလ ကဿပ အမှူးပြုသည့် ရသေ့ တထောင်နှင့် ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့သည် လည်းကောင်း၊

သားသေ၊ လင်ဆုံး အပူလုံး မိနေသည့် ပဋာစာရီသည် ဘုရားတရားတော် နာကြားရပြီးသည်၏အဆုံး အပူမီးလုံး ငြိမ်းအေးဆုံး၍ ကျွတ်တန်း ဝင်နိုင်ခဲ့သည်သာမက ဝိနည်းအရာ တွင် ဧတဒဂ် ရခဲ့သည်ကိုလည်းကောင်း၊

ရှစ်အသပြာသော ပန်းဖိုးငွေထဲမှ လေးအသပြာကျ ခိုးယူ နေရာမှ ဘုရားသခင်၏ တရားတော်ကို နာကြားပြီးသည့်အဆုံး ပန်းဖိုးငွေ မခိုးယူတော့ပဲ အကျွတ်တရား ရသွားကာ ဧတဒဂ်ရ ဥပါသိကာ မိန်းမ ၁၀ ယောက်အနက် အကြားအမြင်အရာတွင် ဧတဒဂ်ရသော 'ခုဇ္ဇုတ္တရာ' ကျွန်မသည် လည်းကောင်း၊

ပုဏ္ဏားသူဌေးကြီး၏ သား 'ရဋ္ဌပါလ' သည် ဘုရားသခင်၏ တရားကို နာကြားရပြီးသည့်နောက် သာသနာ့ဝန်ထမ်း ရဟန်း ဘောင်သို့ မတက်ရလျှင် သေစေတော့ဟု ဆိုကာ အစာမစားပဲ ၇ ရက်ပတ်လုံး ဆန္ဒပြရာမှ သာသနာ့ဘောင် ရောက်ရှိသွားကာ ရဟန္တာတဆူ ဖြစ်ရုံသာမက သဒ္ဓါပဗ္ဗဇိတ အရာတွင် ဧတဒဂ်ရ ပုဂ္ဂိုလ်သည် လည်းကောင်း၊

အဖေရင်းဖြစ်သည့် ဗိမ္ဗိသာရမင်းကြီးကို သတ်မိသော 'အဇာတသတ်' မင်းသည် အဖသတ်ကံဖြင့် 'ပိတုဃာတကကံ' ထိုက်ပြီး

အပါယ်ငရဲ ကျရောက်ရမည့်ဘေးကို ကြောက်လန့်တုန်လှုပ်လျက် ရှိစဉ် ဆရာဇီဝကာ၏ ညွှန်ကြားချက်အရ ဘုရားတရားတော်ကို နာကြားရပြီးသည့် အချိန်မှစ၍ မိစ္ဆာအယူမှလွတ်ကာ ပထမ သံဂါယနာတင်တော်မူနိုင်ခဲ့သည့် မင်းသည် လည်းကောင်း၊

သူပုန်ရန် နှိမ်နင်း အောင်မြင် နိုင်ခဲ့သည့်အတွက် ၇ ရက် ရှင်ဘုရင်ရာထူးရကာ အပျော်ကြူးလျက်ရှိသော 'သန္တတိ အမတ်ကြီး' သည် သူ့အစွဲလမ်းဆုံး ကချေသည်ကလေးတဦး ရုတ်တရက် သေဆုံးသွားရာမှ ကာမဂုဏ်မီး တောက်လောင်လျက် ရှိနေစဉ် ဘုရားတရားတော် နာကြားရပြီးသည်၏အဆုံး ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ထန်း ခုနစ်ဖျားတိုင် ဈာန်ပျံပြနိုင်ပြီး ရဟန္တာတဆူ အဖြစ်ရရှိသွားသည့် ပုဂ္ဂိုလ်ထူးသည် လည်းကောင်း၊

တွေ့ရာလူမှန်သမျှတို့ကို သတ်ပြီး လက်ညှိုးဖြတ်ကာ ပန်းကုံးသဖွယ် ကုံးသီ၍ လည်ပင်း၌ ဆွဲထားသော အလွန်ကြမ်းကြုတ်ရက်စက်သည့် 'အင်္ဂုလိမာလ' သည် ဘုရားသခင်၏တရား နာကြားရပြီးသည်နှင့် ဟေဘိက္ခု ရဟန္တာတဆူ ဖြစ်သွားသည်၏ အဖြစ်သည် လည်းကောင်း စသည်တို့သည် နည်းမှီးစရာ၊ သံဝေဂရစရာပင် ဖြစ်သည်။

အလားတူပင် တိရစ္ဆာန်ပင် ဖြစ်လင့်ကစား တရားနာကြားရရုံမျှ နတ်ပြည်ရောက်ရသည့် သာဓကများအနက် အချို့ကို တင်ပြပါဦးမည်။

ရှေးအခါက လိုဏ်ဂူတခုအတွင်း ရှိနေကြသော လင်းနို့သားငါးရာသည် ရဟန်းတော်များ ရွတ်ဖတ်သရဇ္ဈာယ် နေကြသည့် အဘိဓမ္မာ တရားသံကို အာရုံစူးစိုက် နာကြားရသည် ကြောင့် သုဂတိဘုံသို့ ရောက်ရှိသွားသည်။ ထိုမှ ဂေါတမဘုရားသခင်၏

သာသနာတော်အတွင်း အရှင်သာရိပုတ္တရာ မထေရ်ကြီး၏ အဘိဓမ္မာ တရားတော်ကို ရှေးဦးစွာ ကြားနာရသည့်အတွက် အကျွတ်တရား ရသွားသည်၏ အဖြစ်သည် လည်းကောင်း၊

စမ္မာပြည် ဂဂ္ဂရာရေကန်အနီး ဖားငယ်တကောင်သည် ဘုရားသခင် ဟောကြားတော်မူသော တရားတော်ကို နာနေစဉ် နွားကျောင်းသားတဦး၏ တုတ်ဖြင့် ဖားဦးခေါင်းကို ထောက်မိရာမှ သေလွန်ပြီး နတ်ပြည်ရောက်သွားသည်။ ထိုမှ နတ်ဘဝဖြင့် ဘုရားတရား ထပ်မံကြားရပြန်သဖြင့် သောတာပန် ဖြစ်သွားသည်၏ အဖြစ်သည် လည်းကောင်း၊

ကဿပ ဘုရားသခင် လက်ထက်ကလည်း စပါးကြီး မြွေတကောင်သည် ရဟန်းတော်များ ရွတ်ဆိုကြသည့် အာယတနဂါထာကို နာကြားရသည်ကြောင့် သေလွန်သောအခါ နတ်ပြည်၌ နတ်သားသွားဖြစ်သည်။ ထိုမှစုတေ၍ လူ့ပြည်၌ ပုဏ္ဏားမျိုး ဖြစ်လာသည့်အခါ အရှင်သာရိပုတ္တရာ မထေရ်၏ အာယတန တရားတော်ကို နာကြားရပြန်ရာ ရဟန္တာတဆူ ဖြစ်သွားသည်၏ အဖြစ်သည် လည်းကောင်း၊

တရားနာရ၍ အကျိုးများပုံ၊ ဝတ္ထု သာဓကများကို ထုတ်နှုတ်ဖော်ပြရလျှင် ကုန်နိုင်ဖွယ်မရှိ ဖြစ်သောကြောင့် သိသာရုံမျှသာ တင်ပြရခြင်း ဖြစ်ပါသည်။

ယခု သားဆိုး ကာလဝတ္ထုကို သိသင့်သိထိုက်သည်ဟု ယူဆမိသဖြင့် တင်ပြပါဦးမည်။

ကုဋ္ဌေပေါင်း ၅၄ ကုဋ္ဌေကုန် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့သည့် အနာထပိဏ် သဋ္ဌေးကြီးတွင် ကာလအမည်ရှိ သားတယောက် ထွန်းကားခဲ့သည်။ဖအေ့ပစ္စည်း

အရှိန်ဖြင့် ကာလသည် အရက်သောက်၊ ဖဲရိုက်ဖြင့် ဆိုးချင်တိုင်းဆိုး၊ ပေချင်တိုင်းပေ၊ လေချင်တိုင်း လေနေခဲ့သည်။

အဖ သဌေးကြီးကလည်း နည်းပရိယာယ် အသွယ်သွယ်ဖြင့် ဆိုခဲ့၏။ဆုံးမခဲ့၏။မရသည့်အဆုံး၊ ဘုရားကု ကုရန် ကြံလေသည်။

သဌေးကြီး၏ အကြံကား သား ကာလအား ဘုရားကျောင်းသို့ သွားခိုင်းမည်။ ဥပုသ်စောင့်၍ တရားနာခိုင်းမည်။ တနေ့တာ ဥပုသ်စောင့်၍ တရားနာလျှင် ငွေတရာပေးမည်။ဤအကြံအတိုင်း သဌေးကြီးသည် သား ကာလအား ခေါ်၍ ဘုရားကျောင်းသို့ သွားပြီး ဥပုသ်စောင့်တရားနာလျှင် ငွေတရာပေးမည်ဖြစ်ကြောင်း သဘောတူ မတူမေးရာ အရက်ဖိုးလိုနေသော သားက အကြည်ဆိုက်ပြီး သဘောတူကြောင်း အဖြေပေးသည်။

အဖနှင့် သား သဘော တူညီချက်အရ သားကာလသည် ကျောင်းသို့သွား၏။ သို့ရာတွင် တရားနာကြားခြင်းမရှိပဲ ချောင်တချောင်တွင် ကွေးပြီး အိပ်ကာ နံနက်မိုးသောက် အလင်းရောက်သည်နှင့် အိမ်သို့ပြန်လာသည်။

အိမ်ပြန်ရောက်သည်နှင့် ဖအေဖြစ်သူက မည်သည့်တရားများ နာကြားခဲ့ရပါသနည်းဟု သားအား မေးရာ သားက ဘာကိုမှ ရေရေလည်လည် ပြန်မပြောနိုင်သဖြင့် သဌေးကြီးလည်း အကြံတမျိုး ထုတ်ရပြန်သည်။

ဤအခါ သဌေးကြီးသည် သားအား ထပ်မံ ခေါ်ယူပြန်၍ ဘုရားသခင် ရှေ့မှောက်၌ ရှိရှိသေသေဖြင့် ရှိခိုးထိုင်ပြီး မည်သည်ကိုမှ စိတ်မရောက်စေပဲ ဘုရားသခင် ဟောကြားတော် မူလိုက်သည့် တရားတပုဒ်ကို ဂဃနဏမှတ်သားပါ၊ ပြီးနောက် အိမ်ပြန်

ရောက်သည့်အခါ ပြန်ပြောနိုင်လျှင် ငွေတထောင်ပေးမည်ဟု အချုပ်အချယ် စည်းကမ်းချက်ဖြင့် ဘုရားထံလွှတ်လိုက်လေသည်။

သွားကာလကလည်း ငွေတထောင် အသံ ကြားသည်နှင့် ဘုရားကျောင်းသို့ ဒုန်းစိုင်းပြီးပြေးလေသည်။ ကျောင်းတော်သို့ ရောက်သည်နှင့် ပထမအခေါက်ကဲ့သို့ မဟုတ်မူပဲ ဖခင်မှာကြား သည့်အတိုင်း အသေအချာပင် အာရုံ စူးစိုက်၍ တရားနာယူ လေသည်။တရားနာနေစဉ်ပင် ဝိပဿနာဉာဏ် အလင်းပေါက်ပြီး သောတာပန် ဖြစ်သွားလေသည်။

ယနေ့ သားဆိုး၊ သမီးဆိုးရှင် မိခင် ဖခင်တို့သည် အနာထပိဏ် သဌေးကြီး၏ စံကိုယူ၍ ဘုရားကုကုလျှင် ဆိုး၊ ပေ၊ တေ ဘဝမှ ကျွတ်နိုင်ကောင်းအံ့ ထင်ပါသည်။

ဘုရားတဆူ၊ တဆူပွင့်တော်မူတိုင်း ကျွတ်တန်းဝင်သူပေါင်း မှာ ၂၄ သင်္ချေနှင့် ကုဋေ ၆၀၊ဗိုလ်ခြေတသိန်းတိုင် ကျွတ်တန်း ဝင်ခဲ့ကြသည်ဟု ကျမ်းဂန်များတွင် တွေ့ရသည်။

သက်တမ်းအတိုဆုံးဖြစ်သည့် အနှစ် ၁၀၀ တန်း ဂေါတမ ဘုရားသခင် လက်ထက်မှာပင် ပဉ္စမဂ္ဂငါးဦးအစ သုဘဒ္ဒပရိဗိုဇ် အဆုံး၊ ၄၅ ဝါတို့ပတ်လုံး ကျွတ်တမ်းဝင်သူပေါင်းမှာ ၁၄ သင်္ချေနှင့် ကုဋေ ၆၀၊ ဗိုလ်ခြေတသိန်းအထိ ရှိခဲ့သည်။

ဂေါတမ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံမဝင်မီက သူ၏ သာသနာတော်ကို အနှစ် ငါးထောင် အထိ ထားရစ်တော် မူခဲ့သည်။

ယခု ဘုရားသခင် ထားရစ်တော်မူခဲ့သည့် သာသနာအတွင်း ဘုရားသခင်၏ တရားတော်တို့ကို သင်အံလေ့လာ နာကြားပြီး ကိုယ်တိုင် ကိုယ်ကျ တရားရိပ်သာတို့၌ ဖြစ်စေ၊ ဆိတ်ငြိမ်ရာ

အရပ်၌ဖြစ်စေ တရား အားထုတ်နိုင်ကြပါလျှင် ကျွတ်တန်းဝင်ဖို့ရာ ကျန်ရှိနေသေးသော တဆယ့်သခ်ျ ဂဏန်းအရေအတွက်တွင် မိမိတယောက် ပါဝင်နိုင်အောင်ဖြစ်ဖြစ်၊ သို့မဟုတ် ပါရမီမျိုးစေ့ရအောင်ဖြစ်ဖြစ် အားထုတ် သင့်လှသည်။

ထို့ကြောင့် ဒုလ္လဘ တရားငါးပါးအနက် အရေးပါ၊ အရာရောက်လှသည့် "သဒ္ဓမ္မသဝန အတိဒုလ္လဘ" ဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်တို့ကို အခါအခွင့် သင့်တိုင်းနာကြားသင့်ကြောင်း တိုက်တွန်းအပ်ပေသည်။

# (၂၇) ခန္တီစ

ခန္တီစ မင်္ဂလာသည်(ခန္တီ = သည်းခံခြင်း၊ မင်္ဂလာ=ကုသိုလ်ဖြစ်ခြင်း)ချမ်းသာသုခ တွေ့ငြားလည်း မတက်ကြွ၊ ဆင်းရဲဒုက္ခရောက်ငြားလည်း စိတ်မပျက်ပဲ သည်းခံ၍ ကြံ့ကြံ့ခံနိုင်ခြင်းသည် မင်္ဂလာ ကုသိုလ်ဖြစ်၏။

သည်းခံခြင်းတွင် ကိုယ်အမူတို့၌ သည်းခံခြင်း၊ နှုတ်အမူတို့၌ သည်းခံခြင်း၊ စိတ်အမူတို့၌ သည်းခံခြင်း ဟူ၍ သုံးမျိုးသုံးစား ရှိသည်။

(က) သူတပါးက မိမိအားရိုက်ပုတ်စော်ကား၏။သို့ရာတွင် ပြန်လှန် ခုခံရိုက်နှက်ခြင်း မပြုပဲ သည်းခံခြင်း။

(ခ) သူတပါးပစ္စည်းဥစ္စာတို့ကို မတရားသက်သက် အဓမ္မဖက်၍ ခိုးဝှက် လုယူ တိုက်ခိုက်ခြင်း မပြုပဲ သည်းခံခြင်း။

•ပယ်ဦး•၁၆•

(ဂ) သူတပါးသားမယား၊သမီးပျိုစသည်တို့ကိုယောကျ်ား များအနေဖြင့် ဖြစ်စေ၊ မိန်းမများအနေဖြင့် ဖြစ်စေ၊ မိမိလင် ယောကျ်ားမှ တပါး မိမိ ဇနီးမှတပါး၊ အခြား ယောကျ်ား၊ အခြားမိန်းမများကိုကျူးလွန်ပြစ်မှားခြင်းမှသည်းခံခြင်းတို့သည် ကိုယ်အမှု၌ သည်းခံခြင်း ဖြစ်၏။

(က) မတရားသက်သေလိုက်ခြင်း၊မဟုတ်မမှန်ပြောဆိုခြင်းမှ သည်းခံခြင်း။

(ခ) ချစ်သူနှစ်ဦးအကြား ကုန်းချောစကား ပြောဆိုခြင်းမှ သည်းခံခြင်း။

(ဂ) သူတပါးတို့အား ဆဲရေးတိုင်းထွာ ကြမ်းတမ်းယုတ်မာ လှသည့်စကားတို့ကို ပြောဆိုခြင်းမှ သည်းခံခြင်း။

(ဃ) ပေါ့ပျက်သိမ်ဖျင်း တန်ဖိုး မထိုက်သည့် စကားတို့ကို ပြောဆိုခြင်းမှ သည်းခံခြင်း တို့သည် နှုတ်အမှု၌ သည်းခံခြင်း ဖြစ်၏။

(က) သူတပါးတို့၏ အဆင်း၊အနံ့၊အသံ အရသာနှင့် ကိုယ် အတွေ့တို့ကို တပ်မက် နှစ်သက် အာရုံ ကာမဂုဏ် ခံစားမှု ရလာ အောင် မတရားသောနည်းဖြင့် စိတ်၌ကြံစည်ခြင်းမှသည်းခံခြင်း။

(ခ) သူတပါးတို့၏ အသက်စည်းစိမ်တို့ကို မတရားသေကြေ ပျက်စီးအောင် ကြံစည်ခြင်းမှ သည်းခံခြင်း။

(ဂ) မိမိကိုယ်ကို မိမိက ယောကျ်ား၊မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါ ဟူ၍ ထင်မြင်၊ အကုသိုလ်စရိုက် ပြုလုပ်သော်လည်း အပါယ် လေးဘုံ ကျရောက်နိုင်သည့် မကောင်းကျိုး မရှိ၊ ဘုရား၊တရား၊

သံဃာ၊မိဖ၊ဘိုးဘွား၊ဆရာသမားတို့အား ရိုသေခြင်း၊ကိုင်းညွတ်ခြင်း၊ အလှူဒါန ပြုခြင်းကြောင့် လူနတ် နိဗ္ဗာန် ရောက်ရခြင်း ဆိုအပ်သည့် ကောင်းကျိုးလည်း မရှိ ဟူ၍ ယူဆ ကြံစည်ခြင်းမှ သည်းခံခြင်းတို့သည် စိတ်အမှု၌ သည်းခံခြင်း ဖြစ်၏။

ကိုယ်အမှု၌ သည်းခံခြင်း ကာယ ဒုစရိုက်သုံးပါး၊ နှုတ်မှု၌ သည်းခံခြင်း ဝစီ ဒုစရိုက် လေးပါး၊ စိတ်အမှု၌ သည်းခံခြင်း မနော ဒုစရိုက်သုံးပါး၊ ဤဒုစရိုက်တရားဆယ်ပါးတို့ကို မရှောင်ကြဉ်၊ သည်းမခံနိုင်၊ ကျူးလွန်ကြသျှင် သေသည်၏အခြားမဲ့၌ အပါယ်လေးဘုံသို့ ကျရောက်နိုင်သည်။ မသေမီ မျက်မှောက်၌လည်း အစိုးရ၏အပြစ်ဒဏ်တို့ကို ခံစားကြရမည့်အပြင် သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်းကိုလည်း ခံရတတ်သည်။

အနာရှိလျှင် ဆေးရှိသည်။ ရောဂါရှိလျှင် ကုထုံးရှိသည်နှင့်အညီ ဤသို့ ကာယကံ၊ဝစီကံ၊မနောကံတို့ ကျူးလွန် ပြစ်မှားခြင်းမှ မဖြစ်ပေါ် မပေါက်ပွားရလေအောင် တားဆီးတွန်းလှန်ဖယ်ရှားနိုင်မည့် ဆေးနည်းကောင်းများကို တင်ပြပါမည်။

သာသနာတော်တွင် အဓိသီလသာသနာ၊အဓိစိတ္တသာသနာ၊ အဓိပညာသာသနာဟူ၍သာသနာသုံးရပ်ရှိသည်။ သီလ၊သမာဓိ၊ ပညာ သိက္ခာသုံးပါးဟူ၍လည်း ခေါ်သည်။ တနည်းအားဖြင့် ပရိယတ်၊ပဋိပတ်၊ပဋိဝေဒ သာသနာ ဟူ၍လည်း သုံးရပ်သော သာသနာ ရှိသည်။ ,

(၁) အဓိသီလသာသနာဟု ဆိုအပ်သည့် လူသားတို့အတွက် သတ်မှတ်ထားသော ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလများ၊ ရဟန်းတော်များအတွက် ပြဋ္ဌာန်းထားသော ၂၂၇ သွယ် သိက္ခာ

ပုဒ်များကို လုံခြုံအောင် စောင့်ထိန်းနေနိုင်ကြလျှင် ကာယ ဒုစရိုက်သုံးပါးနှင့် ဝစီဒုစရိုက် လေးပါးတို့သည် ဖြစ်ပေါ်၍ မလာနိုင်ပေ။ ဤသို့ မဖြစ်ပေါ်လာသည်နှင့် အမျှ ဝီတိက္ကမ ကိလေသာတို့သည်လည်း ပေါ်ပေါက်၍လာနိုင်မည်မဟုတ်ချေ။

(၂) အဓိစိတ္တသာသနာဟု ဆိုအပ်သည့် သမထ ကမ္မဋ္ဌာန်းတရား ၄၀ အနက်မှ မိမိကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်း အာရုံတခုခုကို စူးစိုက်၍ အားထုတ်ကြမည်ဆိုလျှင် မနောဒုစရိုက်သုံးပါးတို့သည် ဖြစ်ပေါ်၍ မလာနိုင်။ မနောဒုစရိုက် သုံးပါးကင်းသည်နှင့် အကုသိုလ်အမှုတို့ပပျောက်နိုင်ပြီး ဈာန်အဘိညာဉ်တန်ခိုးများ ရရှိနိုင်ကြမည်ဖြစ်၏။ ထို့ပြင် ဗြဟ္မာဘုံအထပ်ထပ်သို့လားနိုင် ရောက်နိုင်ကြမည်ဖြစ်၏။ ဤအခါ ပရိယုဋ္ဌာန ကိလေသာတို့သည်လည်း ပေါ်ပေါက်၍လာနိုင်တော့မည် မဟုတ်ချေ။

အဓိပညာ သာသနာဟု ဆိုအပ်သော မဟာသတိပဋ္ဌာန်တရား လေးပါး၊ ဗောဓိပက္ခိယ တရား ၃၇ ပါး၊ မဂ္ဂင်ရှစ်ပါးစသည့် ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို အားထုတ်ကျင့်ကြံနေနိုင်ကြမည်ဆိုလျှင် ''အနုသယ ကိလေသာ''ကို အမြစ်ပါမကျန် သုတ်သင်နိုင်ကြပြီး မဂ်အဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့်နှင့် နိဗ္ဗာန်တို့ကို ခံစားနိုင်ကြမည်ဖြစ်၏။

ဤနေရာတွင် ခန္တီတရားသည် အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးထိုက်၏။ အရေးပါ အရာရောက်လှ၏။ ပွင့်တော်မူသွားကြသော ဘုရား၊ ပစ္စေကဗုဒ္ဓါ အပေါင်းနှင့် တကွ ရဟန္တာ အရိယာ သူတော်စင် အပေါင်းတို့သည် ခန္တီ တရားကို အရင်းထား၍ နိဗ္ဗာန်သို့ ကူးမြောက်သွားကြသည့် သာဓကများကညွှန်ပြလျက်ရှိ၏။

ပါရမီ ၁၀ ပါးတွင် ဒါနပါရမီကို စတင်အရင်းခံ၍ ခန္တီပါရမီကိုလည်း ဘဝပေါင်းများစွာ ဖြည့်ဆည်းခဲ့ကြရသည့်ထဲ သက်သေတို့မှာလည်း အထင်အရှား အမြောက်အမြား ပင်ရှိသည်။

ဘုရားအလောင်းတော် မျောက်မင်းဖြစ်စဉ်ဘဝက ပုဏ္ဏားက ကျောက်တုံးဖြင့် မျောက်မင်းဦးခေါင်းကို ထုခွဲ နှက်ခဲ့ရာ သွေးတို့မှာ ချင်းချင်းနီရဲ ဖြိုင်ဖြိုင်ယိုစီးလျက် ကျဆင်းနေပေသည်။ သို့ရာတွင် ဤသွေးတို့ဖြင့်ပင်လျှင် ပုဏ္ဏားအား သွေးစက်ခံစေပြီး သည်းခံခြင်းတရားဖြင့် လမ်းပြပေးသေးသည်။

ထို့ပြင် ဆဒ္ဒန်ဆင်မင်းဘဝတုန်းကလည်း အစွယ်လိုသူ သောနုတ္တိုရ်မုဆိုးအား ကြည်ဖြူစွာဖြင့် အနာအကျင်ခံ၍ ဖြတ်ယူခွင့်ပေးခဲ့သည်။ ဘူရိဒတ္တနဂါးမင်း ဘဝတွင်လည်း အလမ္ပာယ်ဆရာ၏ ပြုကျင့်သမျှကို အံကြိတ်၍ခံခဲ့သည်။ ဝေဿန္တရာမင်းကြီးဘဝတွင်လည်း မိမိ၏ကိုယ်၌ဖြစ်သော ရင်သွေးတို့ကို ပုဏ္ဏားအားရက်ရက်ရောရော ပေးလှူနိုင်ခြင်းသည် ခန္တီပါရမီတို့ကို ဖြည့်ဆည်းခြင်းပင်ဖြစ်သည်။

ဤသို့သော ခန္တီပါရမီတို့ကို ဖြည့်ဆည်းလာနိုင်ခဲ့သည့်အတွက် မာရ်ငါးပါးကို အောင်မြင်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ဖြစ်သည်။ ထိုမှ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ခန္တီသတ္တိတို့ဖြင့် ပြည့်စုံသည်ဖြစ်ခြင်းကြောင့် မာရ်နတ်နှင့် တကွ ရှစ်ဦးသော သတ္တဝါတို့၏ရန်ကို အောင်မြင်နိုင်ခဲ့ခြင်းပင်ဖြစ်၏။ ဤသည်မှာ အများပြည်သူတို့ သိရှိကြပြီးဖြစ်သည့် အောင်ခြင်းရှစ်ပါးဖြစ်၏။

ဤ အောင် ခြင်း ရှစ်ပါး နှင့် ပတ်သက်ပြီး ဘုရားသခင်၏ သည်းခံနိုင်သော ခန္တီပါရမီ ဂုဏ်တော်တို့ကို ရည်မှန်း၍ ရွတ်ဆို ပူဇော်နိုင်ကြစေရန် တင်ပြလိုက်ရပါသည်။

## အောင်ခြင်းရှစ်ပါး ဂါထာ

နဝ ဗုဒ္ဓါ ဆ ဓမ္မာစ၊ နဝ သံဃာ နမာ မဟံ။
မာရံ အာဠဝကံ ဟတ္ထိံ၊ အင်္ဂုလိမာလဉ္စ စိဉ္စမာဏံ။
ကုဋ္ဌန္တံ နာဂရာဇဉ္စ၊ ဗကံ အဇိနိံ တေဇသာ။ ။

ယင်းဂါထာအရ မြတ်ဗုဒ္ဓဘုရားသခင်သည် (၁) မာရ်နတ်၊ (၂) အာ ဠွာ ဝ က ဘီလူး၊ (၃) နာဠာဂီရိဆင်၊ (၄) အင်္ဂုလိ မာလ၊ (၅) စိဉ္စမာဏဝိကာ ပရိဗိုဇ်မ၊ (၆) သစ္စက ပရိဗိုဇ်၊ (၇)နန္ဒောပနန္ဒနဂါးမင်း၊(၈) ဗကဗြဟ္မာ သတ္တဝါ ရှစ်ဦးတို့၏ ရန်ကို ရှစ်ခါ၊ ရှစ်တန် အောင်မြင်တော်မူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အပေါင်းနှင့်တကွ အရိယာ သူတော်စင်တို့ ကြိုက်နှစ်သက်သည့် ခန္တီ သည်းခံခြင်း တို့ကို အတုယူ၍ စား၊ ဝတ်၊ နေ၊ရေး အရေး သုံးပါးတို့တွင် သည်းခံသင့်သည်ကို သည်းခံပြီး ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ စသည့် ကံသုံးပါးကို သည်းခံခြင်းတရား လက်ကိုင် ထားကာ ကြိုးစားကျင့်ကြံကြဖို့ အလေးအနက် တင်ပြရပေသည်။

## (၂၈) သောဝစဿတာ

သောဝစဿတာ မင်္ဂလာသည် ကလျာဏ မိတ်အပေါင်းတို့နှင့်တကွ ဆရာသမား လူကြီးမိဘများ၏ ဆိုဆုံးမစကား တရားများကို မှတ်သားနာယူခြင်းသည် မင်္ဂလာ ကုသိုလ်ဖြစ်၏။

ရှင်းလင်းနိုင်သော၊ သွန်သင်နိုင်သော၊ ဆုံးမဩဝါဒ ပေးနိုင်သော စကားများမှာ များပြားလှ၏။ယင်းအနက် သူတော်ကောင်းတယောက်၊လူလိမ္မာတယောက်၊ လူကောင်းတယောက်၊ လူချွန် လူမွန်တယောက် ဖြစ်လာနိုင်ရန်မှာ "သူတော်ကောင်း ဥစ္စာ" ခုနစ်ဖြာသည် အဓိကအခန်းက ပါဝင်လျက်ရှိသည်။

သူတော်ကောင်းဥစ္စာ ခုနစ်ဖြာသည် (၁) သဒ္ဓါ၊(၂)သီလ၊ (၃) သုတ၊(၄)စာဂ၊(၅)ပညာ၊ (၆)ဟိရီနှင့် (၇)ဩတ္တပ္ပတို့ ဖြစ်၏။

(၁) ရတနာသုံးပါးတို့ကို ယုံကြည်ခြင်း၊ ကံ၊ ကံ၏အကျိုးတို့ကို ယုံကြည်ခြင်းသည် သဒ္ဓါဖြစ်၏။ ဥပမာ ခိုင်းနှိုင်းရလျှင် "မြ" ကဲ့သို့ ရှိ၏။

(၂) ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလနှင့် စတုပါရိ သုဒ္ဓိသီလတို့သည် သီလများဖြစ်၏။ပုံပမာ ပြုရလျှင်"ပုလဲ" နှင့် တူစွာ၏။

(၃) ပစ္စုပ္ပန် သံသရာ စီးပွားနှင့် စပ်သည့် အကြားအမြင် မှတ်သားဖွယ် ဗဟုသုတတို့သည် သုတဖြစ်၏။ "သန္တာ" သဏ္ဍာန် အလား ရှိ၏။

(၄) ပေးကမ်း စွန့်ကြဲခြင်းသည် စာဂဖြစ်၏။ ခပ်သိမ်းသော အလိုတို့ကို ပြီးစေတတ်သည့် "မဏိဇောတိရသ်" ပတ္တမြားနှင့် တူ၏။

(၅) ပစ္စုပ္ပန် သံသရာ အကျိုး စီးပွားများကို ခွဲခြမ်း၍ မြော်မြင်နိုင်ခြင်း၊ သစ္စာလေးပါး တရားတို့ကို သိမြင်နိုင်ခြင်းသည် ပညာမည်၏။ "ဝရဇိန်ကျောက်"ကဲ့သို့ ဖြစ်၏။

(၆) သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်းကို ရှက်ပြီး မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဟိရီ ဖြစ်၏။ "ငွေ"နှင့် တူရာ၏။

(၇) သံသရာ တခွင်တွင် အပါယ်လေးဘုံ၌ ခံရမည်ကို ကြောက်လန့်ပြီး မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဩတ္တပ္ပ မည်၏။ "ရွှေ"ကဲ့သို့ ပုံပြုရာ၏။

ဤကား သူတော်ကောင်း ဥစ္စာ ခုနစ်ပြာ၏ အကျဉ်းဖြစ်၏။ အကျယ်ကို ဆိုပါဦးမည်။

(၁) သဒ္ဓါ= (က) ဘုရားသခင်သည် လူ သတ္တဝါ အပေါင်း အား မဟာကရုဏာတော် ထားရှိပြီး အပါယ်လေးပါး ဘေးမှ ကျွတ်လွတ်စေကာ နိဗ္ဗာန်သောင်ကမ်းသို့ ပို့ဆောင် ပေးနိုင်တော် မူရှာသည့် လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့၏ ဆရာတဆူ ပါရဂူ ဖြစ်တော်မူပေသည်ဟု ဘုရားသခင်အပေါ် ယုံကြည် အားထား လာစေခြင်း၊

(ခ) ဘုရားသခင် ဟောကြား ဆုံးမတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာစသည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေး ထောင် တို့သည် မလိမ္မာသူအား လိမ္မာစေခြင်း၊ အကုသိုလ်စရိုက် တို့ကို ရှောင်ရှားပြီး ကုသိုလ်တရားတို့ကို ပွားများစေခြင်း၊ အပါယ်လေးပါးဘေးမှ လွတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် မီးရှူးတန်ဆောင်သဖွယ် အလင်းပြသပေးခြင်းတို့ကြောင့် တရား တော်အပေါ် ယုံကြည်အားထားလာစေခြင်း။

(ဂ) ဘုရားသခင် ဟောညွှန်ခဲ့သည်နှင့်အညီ ၂၂၇ ချက် သော သိက္ခာပုဒ်တို့ကို ထိန်းသိမ်းခြင်း၊ ဒါန သီလ၊ ဘာဝနာ တို့ကို လူအပေါင်းတို့အား ဆုံးမအားထုတ်စေခြင်း၊ အကုသိုလ် ဒုစရိုက်များကို ရှောင်ကြဉ်စေရန် ဟောပြောဆုံးမခြင်း၊ သာရေး၊ နာရေးကိစ္စ ပေါ်လာသမျှ ရှေ့ဆောင် လမ်းပြခြင်း၊ ပရိယတ်၊ ပဋိပတ်တို့ကို ကျင့်သုံးဆောက်တည် နေကြရှာသည့် ကိုးကွယ်ရာ၊ ဆည်းကပ်ရာ သံဃာတော်များ ဖြစ်ကြသည်ဟု သံဃာတော်တို့ အပေါ် ယုံကြည်အားထားလာစေခြင်း။

(ဃ) ကုသလကမ္မပထ ဆယ်ပါးသော ကုသိုလ်တရားတော် မြတ်တို့ကို အားထုတ်ခြင်းကြောင့် လူချမ်းသာ၊ နတ် ချမ်း သာ

ကောင်းရာသုဂတိသို့ လားနိုင်စေသည်ဟူ၍ တမလွန် ကောင်းကျိုး ကံကိုယုံကြည်ခြင်း၊အကုသလ ကမ္မပထ ဆယ်ပါးဖြစ်သော အကုသိုလ် တရားတို့ကို ပြုကျင့်မိပါက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံ စသည့် ဒုဂ္ဂတိ ဘုံများသို့ လားနိုင်စေသည်ဟူ၍တမလွန် ဆိုးကျိုး၏ကံကို ယုံကြည်စေသည့် ဆုံးမစကား၊ ဟောညွှန်ပြောကြားချက်များကို နာယူမှတ်သား ကျင့်ကြံခြင်းသည် သဒ္ဓါမည်၏။

သီလ= (က) ဘုရား ရှေ့မှောက်၊ သံဃာ ရှေ့မှောက် တို့တွင် အကုသိုလ်ဒုစရိုက်တို့ကို မလွန် မကျူး မိစေရန် အာမဘာန္တေခံ၍ ဆောက်တည်ရသည့် အကျိုးတို့သည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ထိုမှ သေလွန်သည့်အခါ ကောင်းရာသုဂတိသို့ လားစေနိုင်ခြင်း စသည့် ဆိုဆုံးမစကားများကို နာယူမှတ်သားခြင်းသည် သီလမည်၏။

(ခ) သုတ = ပစ္စုပ္ပန်အကျိုးနှင့် ပတ်သက်၍ လူမှုဆက်ဆံပေါင်းသင်းရေး၊ လင့်ကျင့်ဝတ်၊ မယား ကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ မိဖကျင့်ဝတ်၊ စီးပွားရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး စသည့် ဗဟုသုတ အကြားအမြင်မှတ်သားဖွယ် အဖုံဖုံတို့ကိုပြောဆိုဆုံးမသည့်စကားများအပေါ် နာယူမှတ်သား ကျင့်ကြံခြင်းသည် သုတ မည်၏။

(ဂ) စာဂ = အဝတ်အထည်၊အစားအသောက်၊ငွေကြေး ပစ္စည်း စသည့် ပစ္စည်းဥစ္စာတို့ကို ပေးကမ်းစွန့်ကြဲခြင်း၊ ခပ်သိမ်းသော မိမိအလိုကို ပြီးမြောက်စေနိုင်သော ဆိုဆုံးမ စကားများ အပေါ် နာယူ မှတ်သားကျင့်ကြံခြင်းသည် စာဂမည်၏။

(၅) ပညာ = လောကီစီးပွားရေး၊ ပညာရေး၊လူမှုရေးနှင့် ပတ်သက်၍ ကောင်းဆိုးနှစ်တန် ခွဲခြားဝေဖန်စိစစ်ပြီး သည်ကိစ္စ သည် သည် သို့ ဖြစ် လျှင် ကောင်း ၏။ ဟိုကိစ္စသည် ဟိုသို့ ဖြစ်လျှင် မကောင်း စသည်ဖြင့် မြော်မြင်နိုင်ခြင်း၊ ပညာ၊ လောကုတ္တရာ အကျိုးစီးပွားနှင့်ပတ်သက်၍ ဒုစရိုက်ပြုကျင့်ခြင်း ကြောင့် အပါယ်လေးပါး ရောက်နိုင်ခြင်း၊ ကုသိုလ်ပြုလုပ်ခြင်း ဖြင့် ကောင်းရာ သုဂတိသို့လားနိုင်ခြင်း၊ ဝိပဿနာ တရား အား ထုတ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ခြင်း စသည်ဖြင့် ပြောဆိုဆုံးမခြင်းသည် ပညာ မည်၏။

(၆) ဟိရီ = အရက်သေစာသောက်စား၊ လောင်းကစား၊ အပျော်လိုက်ခြင်းဖြင့် စီးပွား ဥစ္စာ ယုတ်လျော့မည် သာမက သူတော်ကောင်းတို့၏ ကဲ့ရဲ့ရှုတ်ချခြင်း ဖြစ်လာပါလျှင် ရှက်ဖွယ် လိလိ ဖြစ်မည်။ ထို့ကြောင့် အသောက်အစား လောင်းကစားမှုမှ ရှောင်ကြဉ်စေရန် ပြောဆိုဆုံးမသည်ကို လိုက်နာ ကျင့်ကြံခြင်း သည် ဟိရီ မည်၏။

(၇) ဩတ္တပ္ပ = သူများ အသက်သတ်ခြင်း၊ သူများ ဥစ္စာ ခိုးယူတိုက်ခိုက်ခြင်း၊ သူများသားမယား၊ လင်သားတို့ကို ပစ်မှား ခြင်း၊လောင်းကစားမှုပြုခြင်း၊ အရက်သေစာ သောက်စားခြင်း စသည့် အကုသိုလ်ကံတို့ကို ကျူးလွန်ခြင်းကြောင့် သေသည်၏ အခြားမဲ့၌ အပါယ် လေးဘုံ၌ ကြီးစွာသော ဆင်းရဲဒုက္ခ ကောန် အမှန်ခံကြရမည် ဖြစ်သည်ဟု ကြောက်ရွံ့ထိတ်လန့်ပြီး အကုသိုလ် အမှားများ မပြုမိလေအောင် ပြောဆိုဆုံးမချက်များကိုလိုက်နာ ကျင့်ကြံခြင်းသည် ဩတ္တပ္ပ မည်၏။

သူတော်ကောင်းတယောက်၊ လူလိမ္မာတယောက်ဖြစ်လာစေရန် သူတော်ကောင်းတို့၏ ကိုယ်ပိုင် ဥစ္စာ ပစ္စည်းများ ဖြစ်သည့် ခုနစ်ပါးသော သူတော်ကောင်း ဥစ္စာ တို့ကို မိတ်ကောင်း၊ ဆွေကောင်းတို့က အကြံပေး ပြောကြားလာလျှင်ဖြစ်စေ၊ ဆရာသမား တို့က ပညာတတ်မြောက်လာစေရန်၊ လိမ္မာ ရေးခြားရှိလာစေရန် ဆုံးမလာလျှင်ဖြစ်စေ၊ ဆင်းစီးပြီး မြင်းရန်သည်ကိုသာ ကြည့်လို မြင်လို တွေ့လိုသော အမိ အဖ တို့က ပညာတတ်မြောက်လာစေရန်၊ လိမ္မာယဉ်ကျေးလာစေရန်၊ လောကီလောကုတ် ကြီးပွား ချမ်းသာလာစေရန် ဆိုဆုံးမစကား ပြောကြားလာလျှင်ဖြစ်စေ ထိုထိုသော ဆုံးမ ဩဝါဒ များသည် မိမိတို့ ကောင်းစားဖို့သာ ဖြစ်သည်၊ လိမ္မာဖို့သာ ဖြစ်သည်ဟု ဝမ်းမြောက်ကြည်နူးစွာဖြင့် နာယူမှတ်သားပြီး လိုက်နာကျင့်ကြံနေထိုင်ကြပါက တကယ့် လူတော်လူကောင်းတယောက်ဖြစ်လာနိုင်မှာ မလွဲဧကန် ဖြစ်သည်။

ထို့ကြောင့် လူတော်လူကောင်းတယောက်ဖြစ်လိုသူ၊ သံသရာတခွင်တွင် ကောင်းရာသုဂတိဘုံတို့၌သာ ကျင်လည်လိုသူတို့သည် ကလျာဏမိတ်အပေါင်းသူတော်ကောင်းတို့နှင့်တကွ ဆရာသမား လူကြီး မိဖတို့၏ ကောင်းသော ဆိုဆုံးမခြင်းတို့ကိုဦးထိပ်ထား၍ မှတ်သားနာယူလိုက်နာကျင့်ကြံကြပါ ဟူ၍ တိုက်တွန်း အပ်ပေသည်။

# (၂၉) သမဏာနဉ္စ ဒဿနံ

သမဏာနဉ္စ ဒဿနံ မင်္ဂလာသည် (သာမဏ = ရဟန်း၊ ဒဿန = ဖူးမြော်ခြင်း)ရဟန်းသံဃာတော်တို့ကို ဖူးမြော်ရခြင်းသည် မင်္ဂလာကုသိုလ် ဖြစ်၏။

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိဟုဆိုအပ်သည့် ကိလေသာ အညစ်အကြေးများ ခေါင်းပါးအောင် အားထုတ်နေကြဆဲ ရဟန်းတော်များကိုဖြစ်စေ၊ ကိုယ်၊နှုတ်၊နှလုံး ယဉ်ကျေးသိမ်မွေ့ခြင်းတို့ဖြင့် ပြည့်စုံသည့် ရဟန်းတော်မြတ်များကို ဆည်းကပ်ပူဇော်ခြင်း၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး အစရှိသည့် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးလှူဒါန်းခြင်း၊အဖန်ဖန် အောက်မေ့ခြင်း၊ တရားတော်တို့ကို နာကြားခြင်း၊ဆိုဆုံးမစကားများကို

ခံယူခြင်း၊ ဖူးမြော်ခြင်းစသည်ဖြင့် ပြုလုပ်ကြမည်၊ ဆောင်ရွက်ကြမည်ဆိုလျှင် မင်္ဂလာကုသိုလ်ဖြစ်၏။

ရဟန်းတော်များကို ဖူးမျှော်ရသည့်အတွက် မင်္ဂလာထိုက်ကြောင်း မြတ်စွာဘုရားသခင်က–

''ဒဿနံ ပါဟံ ဘိက္ခဝေ တေသံ ဘိက္ခုနံ ဗဟူပကာရံ ဝဒါမိ''ဟူ၍ ဟောကြားတော်မူခဲ့သည်။

ဘိက္ခဝေ၊ ရဟန်းတို့။ တေသံဘိက္ခုနံ၊ ကိလေလာငြိမ်းကြသည့် သမဏတို့အား။ ဒဿနံပိ၊ ဖူးမြင်ရသောသူသည်လည်း။ ဗဟူပကာရံ၊ များစွာကျေးဇူးရှိ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဤသို့ သမဏရဟန်းတော်များကို ဖူးမြင်ရခြင်းသည် များစွာအကျိုးရှိသည်ဟု ဘုရားသခင် ကိုယ်တိုင်က ဟောကြားထားသည်နှင့်အညီ ရဟန်းတော်များကို ဖူးမြင်ရသည့် အကျိုးသည်မည်မျှအထိ အကျိုးထူးသနည်းဆိုလျှင်–

သီလဝန်၊ သမာဓိဝန်၊ ပညာဝန်များ ဖြစ်ကြသည့် အရှင်မွန်၊ အရှင်မြတ် ရဟန်းတော်များ မိမိနေအိမ်သို့ ကြွရောက်လာခဲ့လျှင် လှူဒါန်းရန် ဝတ္ထုပစ္စည်းရှိပါက သဒ္ဓါခွန်အားရှိသရွေ့ မွန်မြတ်သော စေတနာဖြင့် ပူဇော်သက္ကာရ ဒါနအမှုများပြုလုပ်နိုင်ခြင်းကြောင့် လည်းကောင်း၊

အကယ်၍ လှူဒါန်းရန် ပစ္စည်းတစုံတရာမရှိခဲ့လျှင် ရှိသေစွာဖူးမြင်နိုင်ရခြင်းကြောင့် လည်းကောင်း၊

အကယ်၍ ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်နိုင်ခြင်း အခွင့်မသာရှိနေခဲ့လျှင် ရှိရာနေရာမှ လက်အုပ်ချီမိုး ရှိခိုးဖူးမြင်လိုက်နိုင်ခြင်းကြောင့် လည်းကောင်း၊

အကယ်၍ ခရီးသွားရင်း တွေ့မြင်လိုက်ရ၍ ကိုယ်တိုင်ကိုယ်ကျ လက်အုပ်ချီမိုး ရှိခိုးခွင့်ကိုပင် မရသာအောင်ရှိနေပြန်လျှင် ရဟန်း တော်အား လွန်စွာ ကြည်ညို ဖိတ်ယိုစေတနာဖြင့် ရိုရိုသေသေ ကြည့်မြင်လိုက်နိုင်ရခြင်းကြောင့် လည်းကောင်း၊

မိမိတို့၏ စိတ်ဝယ် လက်ငင်း တွေ့ကြုံ ဖြစ်ပေါ်လာနိုင်သည့် မာန်မာနများ ကင်းစင် ကွယ်ပျောက်သွားနိုင်သည်သာ မက၊ ဖူးမြင်ရသည့် ကုသိုလ်ကံ စေတနာ အဟုန်တို့ကြောင့် ကမ္ဘာ တသိန်းမျှ ကာလပတ်လုံး လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို ခံစား နိုင်ကြမည် ဖြစ်၏။ ထိုမှ လူဖြစ်လာရပြန်လျှင်လည်း လောကီ လောကုတ် နှစ်တန်သော ပညာရပ်တို့တွင် တတ်ပွန်လိမ္မာသော ပညာရှိတဦး ဖြစ်လာနိုင်သည်ဟု ပညာရှိများ မိန့်ဆိုထား၏။

အကယ်၍ ရဟန်းတော်များက မိမိနေအိမ်သို့ ကြွရောက် မလာနိုင်သည့်တိုင် နေ့အားရက်အား၌ နီးစပ်ရာ ကျောင်းတိုက် ဖြစ်စေ၊ ကိုးကွယ်ရာ ဆရာတော်ရင်း၊ သံဃာတော်ရင်းများထံ ဖြစ်စေ သွားရောက် ဖူးမြင်သင့်လှ၏။

သွားရောက်၍ ဖူးမြင်မည်ဟု မိမိနေအိမ်မှ ထွက်၍ ကျောင်း ပရိဝုဏ်တွင်းဝင်လိုက်မိသည်နှင့် စိုပြည်စိမ်းလန်း ရှုမောဖွယ်ရာ သစ်ပင်ပန်းပင်၊ စေတီပုထိုး၊ ကျောင်း၊ စရပ်တို့ကို မြင်ရမည်။ ဤသို့မြင်လိုက်သည်နှင့် စိတ်ဝမ်းနှလုံး ရွှင်ကြည်ပြုံးကာ သောက ဗျာပါဒများကင်းပြီး ကြည်လင်အေးမြ စမ်းရေပမာ စိတ်များ ဖြစ်ပေါ်လာနိုင်ပေသည်။

ထိုမှ ကျောင်းဝင်းအတွင်း ခြေချမိလျှင် ကျောင်းသား၊ ကိုရင် စာအံ၊ စာချ၊ ဆွမ်းတော်ကပ်၊ အမျှဝေ၊ ကြေးစည်သံ

တဝေဝေဖြင့် သာယာရွှင်မြူး၊ ကြည်နူးဖွယ်ရာသော အသံများ ကြားရပြန်လျှင် သဒ္ဓါယိုဖိတ် လှူဒါန်းလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာရပြန်သည်။ ဤစိတ် ဖြစ်ပေါ်သည်နှင့် အကုသိုလ် စိတ် ကင်းပျောက်၊ ကုသိုလ်စိတ်များ ရောက်နေရသည်မို့ ရဟန်း တော်များကို မဖူး မတွေ့ရသည့်တိုင် သံဃာ့အရိပ် ခိုလှုံမိသည် ကြောင့် ကျေးဇူးကြီးလှပေသည်။

ကျောင်းပေါ်ရောက်၍ ဆရာတော်၊ သံဃာတော်များကို ရိုသေတုပ်ကျိုး ဦးနှိမ်ချိုးပြီး ရှိခိုးလိုက်ရပြန်လျှင် "ဩော်.... သမဏဆိုတဲ့ ရဟန်းတော်တို့ဟာ ငါတို့ လူတွေလို သားမီး၊ သမီးမီး၊ ဆွေမီး၊ မျိုးမီး၊ ပစ္စည်းမီးစတဲ့ သောကမီးဘေးတွေက အေးငြိမ်း နေကြရှာတဲ့ ပုဂ္ဂိုလ်မြတ်တွေပါလား၊ ငါတို့ကိုလဲ မကောင်းမှုမှ ရှောင်ကြဉ် စေပြန်ပြီး၊ ကုသိုလ် ကောင်းမှုတွေ အားထုတ် နိုင်အောင် ညွှန်ပြ ဆုံးမပေးရှာကြတယ်၊ ငါတို့ရဲ့ သာရေး နာရေး ကိစ္စမှန်သမျှကိုလဲ ရှေ့ဆောင်လမ်းပြ ကူညီ နေကြရှာတဲ့ ပုဂ္ဂိုလ်မြတ်တွေပဲလို့" စိတ်ဝယ် စေတနာ ရောက် ကာ သုံးကြိမ်ဝပ်တွား ရှိခိုးလိုက်သည်နှင့် တစုံတရာ မလှူရသေး လင့်ကစား ကုသိုလ်တရားတို့မှာ တိုးပွား၍သာလျှင် ရကြကုန်၏။

တုပ်ကျိုးရိုသေ ရှိခိုးလေပြီးသောအခါ ဆရာတော်၊ သံဃာ တော်တို့က ဒကာ၊ ဒကာမတို့၏ သာရေး၊ နာရေး၊ ကျန်းမာ ရေး၊ စီးပွားရေးတို့ကို မေးမြန်းနှုတ်ဆက် အသိအလိမ္မာ၊ ကုသိုလ် ရရာ ရကြောင်း ကောင်းမြတ်စကား ဆိုဆုံးမသည်များကို နာယူ ရပြန်လျှင် အတိုင်းထက်အလွန် ပိုလို့သာ အကျိုးကျေးဇူး များရ ပြန်သည်။

ရဟန်းတော်များအား ဖူးမြင်ရသည့် အကျိုးသည် လူသားတို့ကို မဆိုထားဘိ တိရစ္ဆာန်များပင် ကမ္ဘာတသိန်း ကာလပတ်လုံး အပါယ်လေးဘုံမှ ကင်းပြီး လူချမ်းသာ၊ နတ်ချမ်းသာတို့မှ တဆင့် နိဗ္ဗာန်သို့ ကူးမြောက်နိုင်ခဲ့သည့် ပစ္စေကဗုဒ္ဓါ လောင်းခင်ပုပ်ငှက်ကို ပုံပြုပါမည်။

အခါတပါး မြတ်စွာဘုရားသခင်သည် နဘဲပင်ဂူတွင် သီတင်းသုံးတော်မူစဉ် ခင်ပုပ်ငှက် (ဇီးကွက်) တကောင်လည်း ရှိခဲ့သည်။

ခင်ပုပ်ငှက်သည် ဘုရားသခင်နှင့် သံဃာတော်တို့ ဆွမ်းခံကြွတိုင်း သဒ္ဓါရိုကျိုး ကြည်ညိုလွန်းသဖြင့် ခရီးလမ်းတဝက်အရောက် လိုက်လံပို့သည်။ ဆွမ်းခံရာမှ ပြန်လာလျှင်လည်း လမ်းခရီးတဝက်မှပင် ခရီးဦးကြို ပြုလေ့ရှိသည်။

တနေ့ ညချမ်းတွင် ရဟန်းသံဃာတော်များ ခြံရံ၍ အေးချမ်းသာယာစွာ စံနေတော်မူသော ဘုရားသခင်ထံမှောက် ခင်ပုပ်ငှက် အရောက်လာပြီး တောင်ပံနှစ်ဘက်ဖြန့်ယှက်ကာလျှင် ဦးခေါင်း၊ နှုတ်သီး၊ မြေမှာနိမ့်ပြီး ဘုရားသခင်အား ဖူးမြော်လေသည်။ ထိုသို့ ဖူးမြော်ယင်း 'ချမ်းသာစွာ ရှိလေစွ'ဟု ငှက်ငယ်စိတ်ဝယ် ဥဒါန်းကျူးရင့်ရှာလေသည်။

ထိုအခါ ဘုရားသခင်က ပြုံးတော်မူရှာသည်။ အပါးရှိ အရှင်အာနန္ဒာက အဘယ့်ကြောင့် ဘုရားသခင် ပြုံးတော်မူပါသနည်းဟု မေးမြန်းလျှောက်ထားသည်တွင် ဘုရားသခင်က—

ချစ်သား အာနန္ဒာ၊ ငါဘုရားနဲ့တကွ တပည့်ရဟန်း သံဃာတော်များကို ဒီခင်ပုပ်ငှက်ဟာကြည်ညိုလေးစား သဒ္ဓါစိတ်ထားနဲ့ အမြဲ ဖူးမြင်လေ့ ရှိတယ်။ အဲဒီလို သံဃာတော်များကို ကြည်ညို

သဒ္ဒါတဲ့ စေတနာတွေကြောင့် ခင်ပုပ်ငှက်ယယ်ဟာ ကမ္ဘာတသိန်းကာလပတ်လုံး အပါယ်လေးဘုံကို မကျရောက်တော့ပဲ လူချမ်းသာ၊ နတ်ချမ်းသာ ဘဝတွေမှာသာ ကျင်လည်နေရမှာဖြစ်တယ်။

အဲဒီလို ကျင်လည်ပြီးလို့ နတ်ပြည်မှ စုတေပြန်တဲ့ ဘဝတခုမှာ ဒီလူ့ပြည်မှာ 'သောမနဿ' အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါဘုရားအဖြစ်ကို ရလိမ့်မယ်လို့ ဗျာဒိတ် မိန့်ကြားတော်မူခဲ့သည်။

ယင်းဇာတ်လမ်းကို ထောက်ရှုလျှင် ရဟန်းတော်များအား စေတနာ သဒ္ဒါတရားဖြင့် ဖူးမြင်ရသည့် အကျိုးသည် လူသားများကို မဆိုထားဘိ တိရစ္ဆာန်များပင် အကျိုးထူးကြောင်း ညွှန်ပြခြင်းပင်ဖြစ်၏။ ထို့ကြောင့် သာမဏာနဉ္စ ဒဿန မင်္ဂလာအရ အကျင့်သိက္ခာ၊ သီလ၊ သမာဓိတို့ဖြင့် ပြည့်စုံတော်မူကြသော မိမိထက် မြင့်သော၊ မြတ်သော သံဃာတော်တို့အား ရိုသေတုပ်ကျိုး ရှိခိုးပူဇော်ကြပါရန် တိုက်တွန်းအပ်ပေသည်။

# (၃၀) ကာလေန ဓမ္မသာကစ္ဆာ

ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာသည် (ကာလေန=အခါအခွင့် ကြုံကြိုက်တိုင်း၊ ဓမ္မ=တရားတော်ကို၊ သာကစ္ဆာ=ဆွေးနွေးမေးမြန်းခြင်း)အခါအခွင့်သင့်တိုင်း၊ ကြုံကြိုက်တိုင်း တရားစကားများကို ဆွေးနွေးမေးမြန်းကြလျှင် မင်္ဂလာ ကုသိုလ်ဖြစ်၏။

တရားဓမ္မ ဆွေးနွေးမေးမြန်းရာတွင်—

(၁) ရဟန်းသံဃာတော် အချင်းချင်း ဆွေးနွေးမေးမြန်းခြင်း။

(၂) လူပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေး မေးမြန်းခြင်း။

(၃) ရဟန်းတော်နှင့် လူပုဂ္ဂိုလ် ဆွေးနွေး မေးမြန်းခြင်းဟူ၍ သုံးမျိုးသုံးစား ရှိ၏။

ယင်း သုံးမျိုးသုံးစားအနက်—

(၁) ရဟန်းသံဃာတော်အချင်းချင်းဆွေးနွေးမေးမြန်းခြင်း ဟူသည် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များကို သုတ္တန်၊ ဝိနည်း၊အဘိဓမ္မာဆောင်ရဟန်းအချင်းချင်းမသိ၍ဖြစ်စေ၊ မရှင်းလင်း၍ ဖြစ်စေ၊ ယုံမှား သံသယရှိနေ၍ ဖြစ်စေ တရားတော်၏ ဆိုလိုရင်း ပါဠိကု မည်သို့၊ အနက်က မည်သို့ရှိသည် စသည်ဖြင့် စင်ကြယ် သန့်ရှင်းသွားအောင် ဆွေးနွေးခြင်းဖြစ်၏။

(၂) လူပုဂ္ဂိုလ် အချင်းချင်း ဆွေးနွေးခြင်း ဟူသည် မိမိ သင်ကြားမှတ်ယူခဲ့ပြီးဖြစ်သည့် သင်္ဂြိုဟ်၊ ဇာတ်နိပါတ်၊ ဓမ္မပဒ စသည့် ကျမ်း အသီးသီး၌ လာရှိသည့် သဘောတရားများကို ယုံမှားသံသယ ရှိနေခဲ့လျှင် ဓမ္မမိတ်ဆွေ အချင်းချင်း ဖြစ်စေ၊ ပိဋကတ်သုံးပုံ နှံ့စပ်သည့်လူပုဂ္ဂိုလ်ဖြင့် ဖြစ်စေ မိမိအယူစင်ကြယ် သန့်ရှင်းသွားအောင် ဆွေးနွေးခြင်း ဖြစ်၏။

(၃) ရဟန်းတော်နှင့် လူပုဂ္ဂိုလ် ဆွေးနွေးခြင်း ဟူသည် ပရိယတ်များ လေ့လာသင်ကြားပို့ချနေသည့်ရဟန်းတော်ထံမှာ ဖြစ်စေ၊ မိမိကိုးကွယ်ရင်း ဆရာတော် သမားတော်ထံမှာ ဖြစ်စေ မသင်ခဲ့၊ မကြားခဲ့ရသော တရားတော်များကို လျှောက်ထား ဆွေးနွေးခြင်း ဖြစ်၏။

ယင်းသို့ ဆွေးနွေးကြရာ၌ ရဟန်းသံဃာတော် အချင်းချင်းနှင့် လူပုဂ္ဂိုလ်နှင့် ရဟန်း သံဃာတော်များ ဆွေးနွေးကြရာတွင် အရုပ်ဆိုး၊ အကြည့်တန်မှုမျိုးမတွေ့ရစေကာမူ လူပုဂ္ဂိုလ် အချင်းချင်း ဆွေးနွေးသည့် အခါ ကိုယ်နိုင် သူရှုံး၊ ကိုယ်ရှုံး သူနိုင်၊ အပြိုင်ကျ၍ ငြင်းကြ၊ခုံကြသည်ကို တွေ့ရတတ်သည်။ဤသည်မှာ

မဖြစ်သင့် မဖြစ်ထိုက်သော ကိစ္စဖြစ်၍ ဝမ်းနည်းစရာ ကောင်းလှသည်။

လူပုဂ္ဂိုလ်အချင်းချင်းဆွေးနွေးကြသည့်အခါ အငြင်း၊ အခုံ၊ အကန့်၊ အကျောက် ဖြစ်ရခြင်း၏ အမြစ်မြေကို ဆန်းစစ်လျှင် ရှေးအခါက သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းတို့ကို စကားပြေနှင့် မဟုတ်ပဲ ပါဠိဘာသာဖြင့်သာ ရိုက်နှိပ်ခဲ့ခြင်းကြောင့်ဟု ယူဆမိသည်။ ပါဠိဘာသာကို မသင်ကြားခဲ့ရသူ၊ မသိ နားမလည်သူတို့သည် အနည်းငယ်မျှသာ ထွက်ပေါ်ခဲ့သော လက်လုမ်းမီရာ စကားပြေကျမ်းကို လေ့လာပြီး စမ်းတဝါးဝါးဖြင့်သာ ငြင်းကြခုံကြခြင်း ဖြစ်သည်။

ယခုအခါတွင်မူ ဗုဒ္ဓသာသနာ့ အဖွဲ့ချုပ်ကြီး၏ လျှောက်ထား တောင်းပန်ချက်အရ ကျမ်းတတ်၊ အကျော်အမော် ဆရာတော်ကြီးတို့သည် ပါဠိ ဘာသာဖြင့်သာ တည်ခဲ့သည့် အဋ္ဌကထာ ဋီကာ၊ ဝိသုဒ္ဓိမဂ် စသည်များကို မြန်မာ ဘာသာသို့ ပြန်ဆို ထွက်ပေါ်လာပြီ ဖြစ်သဖြင့် ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။

ယနေ့ ပေါ်ထွက်လာခဲ့ပြီး ဖြစ်သော မြန်မာပြန်ကျမ်းများသည် ဆဋ္ဌသံဂါယနာတင်မူများ ဖြစ်သဖြင့် စိတ်ချလက်ချဖြင့် မှန်ကန်စွာ လေ့လာနာယူ မှတ်သားနိုင်ကြမည်ဆိုလျှင် ငြင်းမှု ခုံမှုတို့ကွယ်ပျောက်သွားမည်မှာ အမှန်ပင်ဖြစ်သည်။

ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ နိကာယ်ကျမ်း၊ အဋ္ဌကထာ၊ ဋီကာ၊ ထေရီ၊ ထေရာအပဒါန်၊ ဝိသုဒ္ဓိမဂ်၊ ပိဋကတ် သုံးပုံ စသည့် ပါဠိဘာသာဖြင့်သာ တည်ရှိခဲ့သော ကျမ်းများမှာ မြန်မာဘာသာသို့ ပြန်ဆို ထွက်ပေါ်

လာခဲ့ချိန်တွင် လူပုဂ္ဂိုလ်အချင်းချင်းပဲ ဖြစ်ဖြစ်၊ ရဟန်းသံဃာတော် အချင်းချင်းပဲဖြစ်ဖြစ်၊ ဆွေးနွေးကြ၊ ညှိနှိုင်းကြရာတွင် မညီမညွတ် သဘောကွဲလွဲမှု ဖြစ်ခဲ့လျှင် အလွယ်တကူပင် ကျမ်းများကိုလှန်၍ နှီးနှောနိုင်ကြသည်။ သို့မဟုတ် စာပေနှံ့စပ် ရဟန်း သံဃာတော်များထံ လျှောက်ထား မေးမြန်းလျှင်လည်း မှားသူသည်သာ အအမြင်မှန် ရနိုင်စရာရှိပေသည်။

လိုကြောင့် လယ်တီဆရာတော်ဘုရားကြီးက "တပိုင်းကြောင် ကျက်စာရရုံနဲ့၊ ခက်ပါလု သဘောညာဏ်။ တက်မာန အပြော သန်သည်" ဟူ၍ ဆိုဆုံးမခဲ့သည်ကို ရင်ဝယ်ပိုက်၍ အမှားတခဏ အမှန်ထာဝရ ဖြစ်အောင် မှားလျှင်ပြင်ကြရမည်ဖြစ်၏။မှားသည် ကို မှားမှန်းသိလျက် ငါတကော ကောနေကြမည် ဆိုလျှင် ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာ မထိုက်ပဲ အကုသိုလ်တရားတို့သာ ပွားရာရောက်မည် ဖြစ်သည်ကို သတိချပ်ဖို့လိုပါသည်။

ကိုယ်မှန်သည်၊ သူမှားသည်၊ ကိုယ်မှားသည်၊ သူမှန်သည် အငြင်းအခုံ ပေါက်ပွားမှုသည် လူသားလောကထဲ၌သာမက ရှေးဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်ကပင် ရဟန်းသံဃာ အချင်းချင်း၊ တဆူတညံ ငြင်းကြ ခုံကြ ဖြစ်နေကြသည်ကို ကိုယ်တိုင် တွေ့မြင်ရသော ဘုရားသခင်က ဆိုဆုံးမခဲ့ရဘူးသည်။

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသခင် သီတင်းသုံး နေထိုင်တော်မူစဉ်အခါက ဖြစ်သည်။ ရဟန်းသံဃာတော်တို့ ဆွမ်းဘုဉ်းပေးပြီးနောက် စည်းဝေးရာ စရပ်တံဆောင်းတွင် တရားစကား ဆွေးနွေး ညှိနှိုင်းကြရာမှ ရဟန်းတော် အချင်းချင်းငြင်းကြ၊ ခုံကြ၊ နှုတ်လှံထိုးကြ ဖြစ်နေကြသည်။

ထိုအခါ မြတ်စွာဘုရား သခင်သည် ကျိန်းစက်တော်မူရာမှ ကြွလာတော်မူပြီး ငြင်းခုံနေကြသော ရဟန်းတော်များ အလယ် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူကာ ''ချစ်သားရဟန်းတို့ အသင်တို့ မည်သည့်အကြောင်းကိုများဆွေးနွေးပြောဆိုနေကြပါသနည်း'' ဟူ၍ မေးမြန်းတော်မူသည်။

ရဟန်းများကလည်း တဦးနှင့်တဦး ငြင်းခုံနေကြကြောင်း၊ မကွက်မဝှက် တင်လျှောက်ကြသည်။

ဤတွင် မြတ်စွာဘုရား သခင်သည် ငြင်းခုံရာတွင်အင်္ဂါ ဆယ်ပါးနှင့်ပြည့်စုံဖို့လိုကြောင်း ဟောကြားဆုံးမတော်မူသည်။

(၁) ချစ်သားတို့၊ သာသနာတော်တွင် ရဟန်းဟူသည် သီလရှိရမည်။ ပါတိမောက္ခ သံဝရသီလကိုလည်း လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်ရမည်။ အကျင့် (အာစာရ)၊ ကျက်စားရာ (ဂေါစာရဂါမ်)နှင့်လည်း ပြည့်စုံကြရမည်။ အနည်းငယ်သော အပြစ်ကို ကျူးလွန်မိလျှင်လည်း ဘေးဟူ၍ ရှုဘိတ်ရမည်။ ဤသို့သော သိက္ခာပုဒ်များကို ကောင်းစွာ ဆောက်တည် နေထိုင်သွားနိုင်ကြမည်ဆိုလျှင် သင်တို့ရဟန်းအချင်းချင်း စကားများစရာ အကြောင်းမရှိ၊ တပေါင်းတည်း စည်းလုံးရာ အကြောင်းသာဖြစ်သည့်အတွက် သင်တို့သည် အသက်ထက်ဆုံး အောက်မေ့ နှလုံးသွင်း ကုသိုလ် ပွားကြဖို့ သင့်လှသည်။

(၂) ချစ်သားတို့၊ ရဟန်းဟူသည် အကြား အမြင် များပြီး ရတတ်သမျှတို့ကို ဆည်းပူးကာ ဆောင်ထားရမည်။ တရားတော်မြတ်များကို နှုတ်တက်ရွရွ ဆောင်ပြီး စိတ်ဖြင့်လည်း ဆင်ခြင်ရမည်။ ဆင်ခြင်ခြင်းအားဖြင့် ပညာဖြင့် ထိုးထွင်းသိမြင်နိုင်မည်။

သိမြင်လာသည်နှင့်အမျှ ရဟန်းအချင်းချင်း စကားမများ၊ မညီမညွတ်မရှိ၊ တပေါင်းတည်း စည်းလုံးရာ ဖြစ်သည့်အတွက်....။

(၃) ချစ်သားတို့၊ ရဟန်းဟူသည် အဆွေခင်ပွန်းကောင်း၊ မိတ်ဆွေကောင်း ရှိသည့်အခါ ထိုအဆွေခင်ပွန်း၊ ထိုမိတ်ဆွေတို့အပေါ် ကိုင်းတတ်၊ ညွတ်တတ်၊ ချစ်ခင်တတ်လျှင် သင်တို့ ရဟန်းအချင်းချင်း စကားမများ၊ မညီမညွတ်မရှိ၊ တပေါင်းတည်း စည်းလုံးရာအကြောင်း ဖြစ်သည့်အတွက်....။

(၄) ချစ်သားတို့၊ ရဟန်းဟူသည် ဆိုဆုံးမ လွယ်ရမည်၊ သည်းခံခြင်းစိတ် ရှိရမည်၊အဆုံးအမ အရိုအသေကို ခံယူထိုက်မည်ဆိုလျှင် သင်တို့ ရဟန်းအချင်းချင်း စကားမများ၊မညီမညွတ်မရှိ၊ တပေါင်းတည်း စည်းလုံးရာ အကြောင်းများ ဖြစ်သည့်အတွက်....။

(၅) ချစ်သားတို့၊ ရဟန်းဟူသည် သီတင်း သုံးဖော်တို့အကြောင်းကိစ္စ ပေါ်လာသည့်အခါ မည်သို့ အသုံးပြုရမည်ကို လိမ္မာပါးနပ် ပျင်းရိမှုမရှိပဲ ပြုလုပ်စီရင် ပေးစွမ်းနိုင်ကြလျှင် သင်တို့ ရဟန်းအချင်းချင်း စကားမများ၊ မညီမညွတ်မရှိ၊ တပေါင်းတည်း စည်းလုံးရာ အကြောင်းများ ဖြစ်သည့်အတွက်....

(၆) ချစ်သားတို့၊ ရဟန်းဟူသည် တရားတော်ကို အလိုဆန္ဒရှိကြရမည်။ ချစ်ခင်ဖွယ်သော စကားတို့ကိုလည်း ပြောတတ်ကြရမည်။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်တို့ကိုလည်း မြတ်နိုးခြင်း၊တွယ်တာခြင်းစိတ် ရှိကြမည်ဆိုလျှင် သင်တို့ အချင်းချင်း စကားမများ၊မညီမညွတ်မရှိ၊ တပေါင်းတည်း စည်းလုံးရာ အကြောင်းများ ဖြစ်သည့်အတွက်....။

(၇) ချစ်သားတို့၊ ရဟန်းဟူသည် အကုသိုလ် တရားတို့ကို ပယ်၍ ကုသိုလ်တရားတို့ကို ပြည့်စုံလာစေဖို့ရာ ထက်သန်သည့် လုံ့လ ဝီရိယ ရှိကြလျှင် သင်တို့ရဟန်းအချင်းချင်း စကားမများ၊ မညီမညွတ်မရှိ၊ တပေါင်းတည်း စည်းလုံးရာ အကြောင်းများ ဖြစ်သည့်အတွက်....။

(၈) ချစ်သားတို့၊ ရဟန်းဟူသည် ရတတ်သမျှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသည့် ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲ တင်းတိမ်နိုင်ကြမည်ဆိုလျှင် သင်တို့ ရဟန်းအချင်းချင်း စကားမများ၊ မညီမညွတ်မရှိ၊ တပေါင်းတည်း စည်းလုံးရာ အကြောင်းများ ဖြစ်သည့်အတွက်....။

(၉) ချစ်သားတို့၊ ရဟန်းဟူသည် ကြာမြင့်စွာက ပြောဆို လုပ်ကိုင် လာခဲ့သော အမှုကိစ္စ ဟူသမျှတို့ကို အဖန်တလဲလဲ အောက်မေ့ပြီး သတိတရားဖြင့် ပြည့်စုံစွာ နေကြလျှင် သင်တို့ ရဟန်းအချင်းချင်း စကားမများ၊ မညီမညွတ်မရှိ၊ တပေါင်း တည်း စည်းလုံးရာ အကြောင်းများ ဖြစ်သည့်အတွက်....။

(၁၀) ချစ်သားတို့၊ ရဟန်းဟူသည် ဖြစ်ခြင်း၊ ပျက်ခြင်း တရားတို့ကို သိပြီး ကိလေသာတို့ကို ပယ်ဖျောက်ကာ ဆင်းရဲခြင်း အပေါင်းတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သည့် ပညာ ဉာဏ်ဖြင့် ပြည့်စုံကြလျှင် သင်တို့ ရဟန်းအချင်းချင်း စကား မများ၊ မညီမညွတ်မရှိ၊ တပေါင်းတည်း စည်းလုံးရာ အကြောင်း များ ဖြစ်လာနိုင်သည့်အတွက်....။

ဤဆယ်ပါးသော အင်္ဂါရပ်တို့ကို သင်တို့သည် အသက်ထက် ဆုံး အောက်မေ့ နှလုံးသွင်း နေထိုင်သွားသင့်လှသည်ဟု ငြင်းခုံ

ခြင်းနှင့် ပတ်သက်၍ အင်္ဂါဆယ်ပါးဖြင့် ပြည့်စုံဖို့ လိုကြောင်း "အင်္ဂုတ္တိုရ်ကျမ်း၊ အဋ္ဌကသဝဂ်၊ ဘဏ္ဍာနသုတ်တော်" တွင် ဘုရားသခင် ဟောကြားတော်မူခဲ့ပေသည်။

မြတ်စွာဘုရားသခင်သည် တပည့် ရဟန်းတော် များအား မိမိတို့ အချင်းချင်း ငြင်းခုံနေကြခြင်းထက် မိမိကိုယ်ကို "သီလ၊ သမာဓိ၊ ပညာ" သိက္ခာသုံးပါးတို့ဖြင့် ပထမဆုံးပြည့်စုံအောင် ဖြည့်ကျင့်နိုင်ကြလျှင် ရဟန်းအချင်းချင်း စကားမများ၊ မညီမညွတ် မရှိပဲ တပေါင်းတည်း စည်းလုံးနိုင်သည့် အကြောင်း လိုက်နာရန် အချက် ဆယ်ချက်ဖြင့် ဆုံးမသည့်ထုံး နှလုံးမူ၍ လူပုဂ္ဂိုလ် အချင်းချင်းလည်း ငြင်းခုံခြင်းမှ ကင်းပစေရန်။

(၁) ခါးဝတ်ပုဆိုးကဲ့သို့ သီလဘရား မြဲရပါမည်။

(၂) အကြားအမြင် ဗဟုသုတတို့ကို မှတ်သား ထားနိုင်ဖို့ လိုပါသည်။

(၃) အဆွေခင်ပွန်းကောင်းတို့အပေါ် ကိုင်းညွတ်နိုင်သည့် စိတ်ထားရှိဖို့ လိုပါသည်။

(၄) သည်းခံစိတ် မွေးပြီး ပညာရှိ တို့က ဆို ဆုံးမလျှင် ရိုသေစွာ ခံယူနိုင်သည့်စိတ်ထား ရှိဖို့ လိုပါသည်။

(၅) မိမိတို့အချင်းချင်း သာရေး၊နာရေး၊ လူမှုရေးတို့တွင် အပြန်အလှန် ကူညီလိုသည့် စိတ်ထား ရှိဖို့ လိုပါသည်။

(၆) တဦးကိုတဦးက ရိုင်းပျသော စကားမျိုး မဟုတ်ပဲ ချစ်ခင်ဖွယ်၊ သာယာဖွယ် စကားတို့ဖြင့်သာ ပြောဆိုဖို့ လိုပါသည်။

(၇) အကုသိုလ် တရားတို့ကို ပယ်နိုင်အောင် ကြိုးစား၍ ကုသိုလ်တရားများ တိုးပွားလာအောင် ကြိုးစားဖို့ လိုပါသည်။

(၈) စား၊ ဝတ်၊ နေရေးတို့တွင် ဇီဇာမကြောင်ပဲ ရသမျှဖြင့် ဘင်းတိမ်နိုင်သော စိတ်ဓာတ်မွေးမြူဖို့ လိုပါသည်။

(၉) မိမိပြောဆိုပြီးခဲ့သမျှ စကားများနှင့် လုပ်ကိုင်ဆောင်ရွက်ပြီးခဲ့သော အလုပ်များကို ပြန်လည်ဆန်းစစ်ပြီး သတိတရားထားနိုင်သည့်စိတ်ဓာတ် ရှိဖို့ လိုပါသည်။

(၁၀) သမထ၊ ဝိပဿနာ တရား၊ ရုပ်နာမ် တရား တို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို အားထုတ်လိုသည့် စိတ်ဆန္ဒရှိရုံမျှ မက သင်္ခါရတရားတို့၏ မမြဲပုံကို ကိုယ်တွေ့ အားထုတ်ဖို့ လိုပါသည်။

လူပုဂ္ဂိုလ်တို့သည် ဖော်ပြပါ လိုက်နာ သင့်သည့် အချက်ဆယ်ချက်ကို ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံအားထုတ်ပြီး ဖြစ်နေကြပါလျှင် တဦးနှင့် တဦး မည်သို့ပင် တရား အကြောင်းနှင့် ပတ်သက်၍ ဆွေးနွေး ဆွေးနွေး၊ ငြင်းခုံ၊ နှုတ်လုံ ထိုးစရာအကြောင်း ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။

တရားဓမ္မဆွေးနွေးရာတွင် မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန် မထေရ်မြတ်တို့၏ထုံးကိုလည်း စံပြုဖို့ လိုပါသည်။

မိလိန္ဒမင်းကြီးသည်ပိဋကတ်သုံးပုံတွင် တတ်သိနှံ့စပ်ကျွမ်းကျင်ပါးနပ် လိမ္မာလှသည့် ပုဂ္ဂိုလ်တဦး ဖြစ်သည်။ စာပေအရာတွင် ပြောင်မြောက် လှသည်ကြောင့် ရဟန်း သံဃာတော် မှန်သမျှ မင်းကြီး၏ အမေးကို မခံနိုင်ကြသည့်အတွက် မင်းကြီးအနားသို့ မည်သည့်ကိုယ်တော်မှ ကောင်းစွာမကပ်ဝံ့ကြပေ။

သို့ရာတွင် အရှင်နာဂသေန မထေရ်မြတ်သည် အခြား ရဟန်းများနှင့် မတူ။ စာပေနှံ့စပ် တတ်သိသည့် ရဟန်းဖြစ်ရုံသာ မက ရဟန္တာဘဝ ရောက်ရှိနေသော ပုဂ္ဂိုလ်တဦး ဖြစ်သည်။ တနေ့သောအခါ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန မထေရ် မြတ်တို့ တွေ့ဆုံကြလေသည်။

ဤတွင် မိလိန္ဒမင်းကြီးက သူ သိလိုသော မေးခွန်း တခုကို အရှင် နာဂသေန မထေရ်အား လျှောက်ထား လေ့သည်။

အရှင်ဘုရား၊ နိဗ္ဗာန် မျက်မှောက်ပြုနိုင်ဖို့အတွက် မည်သည့် ဝိပဿနာကိုရှုပြီး နိဗ္ဗာန်သို့ ပြေးဝင်ကာ မျက်မှောက် ပြုရပါ သနည်း။

ထိုသောအခါ အရှင်နာဂသေန မထေရ်မြတ်က....

တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော ဥပ္ပါဒံ

အတိက္ကမိတွာ အနုပ္ပါဒံ သြက္ကမတိ ဇေ ခေါ မဟာရာဇ

သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ တဿ၊ ထိုဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည်။ တံစိတ္တံ၊ ထိုဖြစ်သော 'ဖြစ်ပျက်' ဝိပဿနာ စိတ်ကို။ အပရာပရံ၊ မပြတ်။ မနသိကရောတော၊ နှလုံးသွင်းနေ ခဲ့လျှင်။ ဥပ္ပါဒံ အတိက္ကမိတွာ၊ ဖြစ်ပျက်တွေ လွန်သွားပြီးသည့် နောက်။ အနုပ္ပါဒံ သြက္ကမတိ၊ ဖြစ်ပျက်မရှိသည့်ဘက်သို့သက်ဝင် ပြေးသွားပြီး။ နိဗ္ဗာနံ သစ္ဆိကရောတိ၊ နိဗ္ဗာန်မျက်မှောက်ပြုရ ပါသည် ဟူ၍ ဖြေကြားတော်မူသည်။

အဓိပ္ပာယ်မှာ ရုပ်တရားပင် ဖြစ်စေ၊ နာမ်တရားပင် ဖြစ်စေ ဖြစ်ပေါ်လာပြီး ပျက်လိုက်နေသည့် သင်္ခါရတရားတို့ကို အာရုံ မပြန့်ပဲ စူးစူးစိုက်စိုက် ရှုမှတ်နေနိုင်လျှင် အမှန်ပင် နိဗ္ဗာန်သည် ပေါ်ပေါက်ထိုးထွင်း သိမြင်လာနိုင်ပြီး မျက်မှောက်ပြုနိုင်သည် ဟူ၍ဖြစ်၏။

ရှင်နာဂသိန်မထေရ်မြတ်၏ ဖြေကြားချက်ကို မိလိန္ဒမင်းကြီး လွန်စွာ နှစ်သက် ကျေနပ်အားရပြီး သာဓုသုံးကြိမ် ခေါ်ရှာ သည်။

အရှင်နာဂသိန်မထေရ်မြတ်နှင့် မိလိန္ဒမင်းကြီးတို့၏ ဣန္ဒြေရရ ပညာသားပါပါ ဆွေးနွေးမှုကို ရှင်လူအပေါင်း အတုယူထိုက် လှသည်။

ထို့ကြောင့် လူပုဂ္ဂိုလ်တို့သည် တရားဓမ္မဆွေးနွေးရာ၌ ဖြစ်စေ၊ လူမှုရေးကိစ္စများ၌ ဆွေးနွေးကြသည်ဖြစ်စေ သူအနိုင် ကိုယ် အနိုင် စိတ်ထားမျိုး မမွေးမြူပဲ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန် မထေရ်မြတ်တို့ ဆွေးနွေးကြသကဲ့သို့ ဆွေးနွေးကြမည်ဆိုလျှင် "ကာလေန ဓမ္မ သာကစ္ဆာ" မင်္ဂလာထိုက်ကြောင်း တင်ပြရ ပေသည်။

❋

# (၃၁) တပေါစ မင်္ဂလာ

တပေါစ မင်္ဂလာသည် အဘိဇ္ဈာ၊ ဗျာပါဒ အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်သော ဣန္ဒြိယသံဝရသီလ အမှတ်သတိကိုလည်းကောင်း၊ ဝိပဿနာ ဘာဝနာတရားမြတ်တို့ကို အားမထုတ်လိုပဲ ပျင်းရိဆုတ်ယုတ်အောင် ပြုတတ်သော ကောသဇ္ဇ တရားများကို ဖယ်ရှားသည့် သတ္တိရှိသော ဝီရိယကိုလည်းကောင်း အသုံးပြုပြီး ဣန္ဒြေခြောက်ပါးလုံးကို လုံခြုံအောင် ပိတ်ဆို့ ကျင့်ကြံနိုင်လျှင် မင်္ဂလာကုသိုလ်ဖြစ်၏။

ဣန္ဒြေခြောက်ပါးတို့ကို "သတိ၊ ဝီရိယ"ဖြင့် စောင့်ထိန်းရမည်ဖြစ်သည့်အတွက် ဣန္ဒြေဟူသည် အဘယ်နည်း။ ယင်းဣန္ဒြေတို့ကိုမှီပြီး အကုသိုလ် တရားတို့သည် မည်သို့ ဖြစ်ပေါ်လာနိုင်သနည်း။

မှန်၏။ လူသားတိုင်းတွင်....

(၁) စက္ခုဒွါရဟု ဆိုအပ်သည့် မျက်စိ၊
(၂) သောတဒွါရဟု ဆိုအပ်သည့် နား၊
(၃) ဃာနဒွါရဟု ဆိုအပ်သည့် နှာခေါင်း၊
(၄) ဇိဝှါဒွါရဟု ဆိုအပ်သည့် လျှာ၊
(၅) ကာယဒွါရဟု ဆိုအပ်သည့် ကိုယ်၊
(၆) မနောဒွါရဟု ဆိုအပ်သည့် စိတ် .... ဟူ၍ ဒွါရ ခြောက်ပေါက်သည် အမြဲတမ်း ဖွင့်ထားသည်ကြောင့် ဒွါရ တပေါက်ပေါက်က အကုသိုလ်များ ဝင်လာနိုင်သည်။ အကုသိုလ်ဝင်လာနိုင်သကဲ့သို့ ကုသိုလ်လည်း ဝင်လာနိုင်သည်။ ကုသိုလ်ရော၊ အကုသိုလ်ပါ ဝင်လာနိုင်ကြသဖြင့် သတိ၊ ဝီရိယကို အသုံးမပြုသောသူအဖို့ ကုသိုလ်တရားများထက် အကုသိုလ်တရားများကပို၍ ဝင်ရောက်လာနိုင်လေသည်။

ဒွါရ ခြောက်ပေါက်မှ အကုသိုလ်များ မည်သို့ ဝင်လာသနည်း။

(၁) စက္ခု=အဆင်း။ ။စက္ခု ဝတ္ထုရုပ်ဟု ခေါ်ဆိုအပ်သည့် မျက်စိသူငယ်အိမ် အတွင်းတွင် မှန်နှင့်တူသော စက္ခုအကြည်ဓာတ်ရှိသည်။ ယင်းစက္ခု အကြည်ဓာတ်သည် "အာလောက"ဟု ဆိုအပ်သော အလင်းရောင်ရှိခိုက် မျက်စိကို ပိတ်မထားခဲ့လျှင် မျက်စိ ရှေ့တည့်တည့်ရှိ သက်ရှိ သက်မဲ့ အဆင်းရုပ်အရာဝတ္ထုများဖြစ်ကြသည့် လူ၊ တိရစ္ဆာန်၊ သစ်ပင်တောတောင်၊ လူ့အသုံးအဆောင်၊ အိုးအိမ် တိုက်တာတို့ကို မြင်တွေ့သည်နှင့် အဆင်းရုပ် ရူပါရုံနှင့် အကြည်ဓာတ် ရုပ်တို့သည် ရုပ်ရုပ်ချင်း

ခေတ်ခေတ်ချင်း တွေ့ဆုံ တိုက်ခိုက်ကြသည်။ ယင်းသို့ တိုက်ခိုက်သည့်အခါ မြင်သည်ကို သိစိတ်ဖြစ်သည့် စက္ခု ဝိညာဏ်သည် ဖြစ်ပေါ်၍လာသည်။

မြင်ရသည့် အဆင်းရုပ်ခေါ် အလှ၊ အချော၊ အယဉ်၊ အနု၊ ရုပ်ပုံတို့ကို တွေ့သည့်အခါ လိုချင်မှု၊ တပ်မက်မှု၊ နှစ်သက်မှု ဖြစ်သည့် လောဘစိတ်တို့ ဖြစ်ပေါ်လာသည်။ ယင်းစိတ်ဖြစ်ပေါ်လာသည်နှင့် အကုသိုလ်တရားတို့မှာ ကပ်၍ ပါလာလေသည်။

အချော၊ အလှ၊ အယဉ်၊ အနု မဟုတ်ပဲ အကျည်းတန်၊ အရုပ်ဆိုး အနိဋ္ဌာရုံများကို မြင်တွေ့ပြန်လျှင် ငှိုးဃဟု ဆိုအပ်သည့် စိတ်ဆိုး၊ စိတ်ညစ်၊ ဒေါသစိတ်တို့ ဝင်လာပြီး အကုသိုလ်တရားတို့ ပေါ်လာရလေသည်။

အိမ်ဦးခန်းရှိ ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားရှေ့ဆင်းထုတော်ကို မြင်တွေ့ပြန်လျှင်လည်း နောက်ကျို ညစ်ညူးခြင်းစိတ် ကွယ်ပပြီး သဒ္ဓါကြည်ညိုစိတ်များ တဖိတ်ဖိတ် ပေါ်လာပြန်သည်။ ထိုသို့သောအခါ ကုသိုလ်တရားတို့ ရလာပြန်သည်။

(၂) သောတ = အသံ။ ။သောတ ရုပ်ဝတ္ထုခေါ် နားအတွင်း ကြေးနီကွင်း သဏ္ဌာန်ရှိ အမွေးနုများ ပေါက်သည့်နေရာတွင် သောတ အကြည်ခေတ်ရုပ်ရှိ၏။ သောတ အကြည်ခေတ်ရုပ်သည် "အာကာသ"ဟု ဆိုအပ်သော ဟင်းလင်းပေါက်နားကို ပိတ်မထားခဲ့လျှင် လေလှိုင်းဖြင့် ယူဆောင်လာသမျှချိုသာ၊ ကြမ်းတမ်း အသံမျိုးစုံတို့သည် နားအတွင်းရှိ အကြည်ခေတ်ရုပ်နှင့် ခေတ်ခေတ်ချင်း ရုပ်ရုပ်ချင်း တွေ့ဆုံ တိုက်ခိုက်ကြလေသည်။ ယင်းသို့ တိုက်ကြ ခိုက်ကြသည့်အခါ ကြား စိတ် သောတဝိညာဏ်သည် ဖြစ်ပေါ်၍လာသည်။

သာယာနာပျော်ဖွယ်ဖြစ်သော၊ နှူးညံ့ပျော့ပျောင်း ဆွတ်ပျံ့ဖွယ်ဖြစ်သော သဒ္ဒဟု ဆိုအပ်သည့် အသံတို့ကို ကြားရသည့်အခါ တဏှာလောဘစိတ်တို့ဖြစ်ပေါ်လာပြီး အကုသိုလ်တရားများ ဝင်လာလေသည်။

ရှိုရှာဖွယ်၊ စက်ဆုပ်ဖွယ်၊ အသံဆိုး၊ အသံကြောင်၊ ဆဲသံ၊ ဆိုသံ၊ အတင်းပြောသံ၊ ကဲ့ရဲ့သံများ ကြားလာရပြန်လျှင်လည်း ပဋိဃဟု ဆိုအပ်သည့် ဒေါသစိတ်တို့ ဝင်လာပြန်သည်။

တဏှာလောဘနှင့် ဒေါသစိတ်တို့ ဖြစ်ပွားစေမည့် အသံမျိုးကဲ့သို့ မဟုတ်မူပဲ ဘုရားဝတ်တက်သံ၊ ဂုဏ်တော်ရွတ်ဆိုသံ၊ ကြေးစည်ထု အမျှဝေသံ စသည့် အသံများ ကြားရပြန်သောအခါ ကြည်လင်သန့်စင်သောစိတ်တို့ ပေါက်ဖွားလာပြီး ကုသိုလ်စိတ်များ ပေါ်လာရပြန်သည်။

(၃) ဃာန=အနံ့။ ။ဃာနဝတ္ထုရုပ်ဟု ခေါ်အပ်သည့် နှာခေါင်းအတွင်း ဆိတ်ခွာ သဏ္ဌာန်ရှိသော နေရာတွင် ဃာန အကြည်ဓာတ်ရုပ်သည်ရှိ၏။ဃာနအကြည်ဓာတ်သည် "ဝါတ" ဟု ဆိုအပ်သည့် နှာခေါင်းမှ ရှူခလ၊ ရှိုက်လေတို့ကို ပိတ်မထားခဲ့လျှင် ယင်းရှူလေရှိုက်လေတို့က သယ်ဆောင်လာသော အမွှေးနံ့၊ အပုပ်နံ့ စသည့် အနံ့ရုပ်တို့ ဖြစ်ပေါ်လာတိုင်း နှာခေါင်းအတွင်းရှိ အကြည်ဓာတ်ရုပ်နှင့် ရုပ်ဓာတ်ချင်း တွေ့ဆုံ တိုက်ခိုက်ကြသည်။ ယင်းသို့ တိုက်ခိုက်သည့်အခါ အနံ့သိသော ဃာနဝိညာဏ်သည် ဖြစ်ပေါ်လာသည်။

နှင်းဆီ၊ စပယ်၊ ရေမွှေး၊ ပေါင်ဒါစသည့် သင်းပျံ့မွှေးကြိုင်ထုံရနံ့လှိုင်သော အနံ့မျိုးစုံတို့ကို ရှူရ၊ ရှိုက်ရပြန်သည့်အခါ

သာယာနှစ်သက် တွယ်တာမက်သော လောဘစိတ်တို့ ဖြစ်ပေါ်လာပြီး အကုသိုလ်တရားများ ကပ်ခိုလာလေသည်။

ဒေါ်ထစရာ၊ အပုပ်နံ့၊ မစင်နံ့တို့ကို ရှိုက်ရှူမိပြန်လျှင်လည်း အကုသိုတ်တို့ အလုံးလိုက်၊ အခဲလိုက် ဝင်လာပြန်သည်။

(၄) ဇိဝှာ = အရသာ။ ။ ဇိဝှာဝတ္ထုရုပ်ဟု ခေါ်ဆိုအပ်သော လျှာတွင် အလယ်၊ အရင်းနှင့် ကြာရွက်ကဲ့သို့ ရှိသည့် နေရာတွင် ဇိဝှာ အကြည်ဓာတ်ရုပ်သည် ရှိ၏။

ဇိဝှာအကြည်ဓာတ်သည် "အာပ"စိုစွတ်သည့် တံတွေး လျှာအရည် မခြောက်သွေ့ခဲ့လျှင် ပါးစပ်တွင်းသို့ ရောက်လာသမျှ အချို၊အဆိမ့်၊အအီ အရသာရှိလှသည့် အစားအစာများထဲတွင် ပါလာသော အရသာရုပ်နှင့် ထိတွေ့တိုင်း၊ လျှာကိုလိမ်းယူတိုင်း လျှာတွင်ရှိ အကြည်ဓာတ်ရုပ်နှင့် ဓာတ်ဓာတ်ချင်း၊ ရုပ်ရုပ်ချင်း တိုက်ခိုက်မိကြသည့်အခါ အရသာသိစိတ်၊ဇိဝှာဝိညာဏ်ဖြစ်ပေါ်လာသည်။

အချို၊ အဆိမ့်၊ အအီ၊ အရသာ ထူးမြတ်လှသည့် အစားအစာတို့ကို စားမိ၊ဝါးမိပြန်လျှင် သာယာသော၊ နှစ်သက်သော တပ်မက်သော၊ တဏှာ လောဘ စိတ်တို့ ဖြစ်ပေါ်လာသည်။ ယင်းစိတ်များသည် အကုသိုလ်စိတ်များ ဖြစ်သည်။

မကြိုက်သော၊ မနှစ်သက်သော၊ ခံတွင်းမတွေ့သော အရသာဆိုးတို့ကို မြုံမိ၊ ဝါးမိ၊ စားမိပြန်လျှင် ပဋိဃ ဒေါသစိတ်တို့ ပေါက်ဖွားလာသည်။ ယင်းစိတ်သည်ကား အကုသိုလ်စိတ်ဖြစ်၏။

(၅) ကာယ = အတွေ့အထိ။ ။ကာယဝတ္ထုရုပ်အကြည်ဓာတ်ဟု ခေါ်ဆိုအပ်သော ဆံပင်ဖျား၊ ခြေသည်း၊ လက်သည်းဖျားမှလွဲ၍ လူ၏တကိုယ်လုံးကို ဆိဘ်ကြည့်လျှင် နာသည့်နေရာမှန်သမျှ၊ သွေးကြော လေကြောတို့ လျှောက်သည့်နေရာမှန်သမျှတွင် ကာယအကြည်ဓာတ်သည် ရှိ၏။

ကာယအကြည်ဓာတ်သည် "ထဒ္ဓ"ဟုဆိုသော အတန်အရာခက်မာလှသည့် ဖောဋ္ဌဗ္ဗသဘောနှင့် ထိမိ၊ တိုက်ခိုက်မိ၊ ပွတ်မိသည့်အခါ ပိုးဖဲကတ္တီပါကဲ့သို့ နူးညံ့သိမ်မွေ့သော အထိအတွေ့မျိုး၊ ဖိုနှင့်မ ကိုယ်ကာယချင်း ထိတွေ့သည့်အခါ သဲလိုက်ရင်ဖိုကဲ့သို့ အထိအတွေ့မျိုးစသည်တို့ ထိလာမည်၊ တွေ့လာမည်ဆိုလျှင် စိတ်၏ကြည်ပြုံး ပီတိဖုံးကာ တဏှာလောဘစိတ်များ တဖွားဖွား ပေါက်ဖွားလာသည်။ ဤစိတ်များသည် အကုသိုလ်စိတ်များ ဖြစ်သည်။

နူးညံ့ပျော့ပျောင်း အိစက်ညက်ညောလှသည့် အတွေ့အထိမျိုးမဟုတ်ပဲ နာသည်၊ ကြွင်သည်၊ စူးသည်၊ ရှသည် စသည့် အထိအတွေ့မျိုး ဖြစ်ပေါ်လာလျှင် ပဋိဃ ဒေါသစိတ်တို့မှာ ထောင်းကနဲပေါ်လာကာ တရှူးရှူး တရှဲရှဲဖြင့် ဒေါသစိတ်များ ဝင်လာတတ်သည်။

မနော = တွေးကြံစိတ်။ ။ လူသားတိုင်းတွင် "ပဥ္စာရုံ" ဟု ဆိုအပ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ စသည့် မြင်၊ ကြား၊ နံ၊ လျက် အတွေ့အထိစိတ်များ မဖြစ်ပေါ်သေးလျှင် ထိုစိတ်သည် အလကားမနေ တခုခုကို တွေးလျက်၊ ကြံလျက်၊ စည်လျက်သာရှိသည်။

စိတ်ဟူသည် တခုခုကို အာရုံစူးစိုက်၍ လုပ်ကိုင်နေရာမှလည်းကောင်း၊ အိပ်ချိန်မှလည်းကောင်း ဖယ်ခွာ၍ အအားရလာသည်နှင့် တွေးလာသည်မှာ ဓမ္မတာပင် ဖြစ်သည်။ အကောင်းဘက်သို့ တွေးလျှင် ကုသိုလ်ရ၍ အဆိုးဘက်သို့တွေးလျှင် အကုသိုလ် ဖြစ်မည်။

လုမည်၊ ယက်မည်၊ ခိုးမည်၊ တိုက်မည်၊ အပြုတ်နှံမည်ဟု တွေးလိုက်သည်နှင့် မနောကံအားဖြင့် အပြစ်ဖြစ်လာမည်။ ထို့ထက်လွန်၍ ကာယကံအားဖြင့် တကယ်ခိုး၊ တကယ်သတ်၊ တကယ်လုဖြစ်လာလျှင် မင်းပြစ်မင်းဒဏ် ခံရမည်။ လူအများ၏ ရှုတ်ချကဲ့ရဲ့ခြင်းကို ခံရမည်ဖြစ်သဖြင့် ရှောင်ကြဉ်သင့်လှသည်။

ဒွါရခြောက်ပေါက်မှ အကုသိုလ်များ ဝင်လာနိုင်ပုံကို တင်ပြသည်တွင် အချို့သောသူတို့က မျက်စိကို ပိတ်ထားရမည်လား၊ ဖွင့်ကြည့်ဖို့ မရှိဘူးလား၊ အနံ့မခံရဘူးလား၊ နားမထောင်ရဘူးလား၊ မစားရဘူးလား စသည်ဖြင့် ဆင်ခြေဆင်လက် တက်လာနိုင်သည်။ တက်လာမည်မှာလည်း အမှန်ဖြစ်သည်။

မျက်စိ ဖွင့်ထားသည်ဖြစ်စေ၊ ပါးစပ် ဟထားသည်ဖြစ်စေ၊ နားစွင့်ထားသည်ဖြစ်စေ၊ နှာခေါင်းမှ တဝကြီး ရှူသည်ဖြစ်စေ၊ ခြေချင်းလိမ်အောင် ကိုယ်ကာယထိတွေ့သည်ဖြစ်စေ မည်သို့ပင် ဖွင့်၊ဟ၊ စွင့်၊ ရှူ၊ ထိပါစေ အရေးကြီးသည်က ရုပ်နာမ်ဖြစ်ပေါ်လာသည်ကို သိနိုင်သော ယောနိသောမနသိကာရ ဟု ဆိုအပ်သည့် နှလုံးသွင်းကောင်းမှုသာ လိုရင်းပဓာနဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသခင်သည် လူသတ္တဝါတို့အား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မလည်စေရအောင် ဒွါရခြောက်ပေါက်မှ ဖြစ်ပေါ်လာသမျှ အာရုံတို့ကို ဣန္ဒြိယသံဝရသီလဟု ဆိုအပ်

သည့် "သတိ၊ ဝီရိယ" တို့ဖြင့် စောင့်ထိန်း စေလိုသည်ကြောင့် တပေါ်စ မင်္ဂလာအရ ခြိုးခြံစွာကျင့်ဖို့ ဟောကြားခြင်းဖြစ်၏။

ဒွါရ ခြောက်ပေါက်မှ အကုသိုလ်တရားများ ဖြစ်ပေါ်လာတတ်၏။

မှန်၏။ ထိုသို့ ဝင်လာတတ်သော အကုသိုလ် တရားတို့ကို မည်သို့ တားဆီးမည်နည်း။ အနာရှိလျှင် ဆေးရှိသည်နှင့် အညီ တားဆီးရန်ဆေးရှိပါသည်။ထိုဆေးသည် ဘုရားသခင်ပေးခဲ့သော ဆေးပင်ဖြစ်၏။

(၁) စက္ခု = အဆင်းနှင့်ပတ်သက်၍ ကောင်းသည့်အဆင်းပဲဖြစ်ဖြစ်၊ ဆိုးသည့် အဆင်းပဲဖြစ်ဖြစ် ထိုအဆင်းများသည် ရုပ်များဖြစ်၏။ ထိုရုပ်တို့သည် မျက်စိ အကြည်ဓာတ်ရုပ်နှင့် ရုပ် ရုပ်ချင်း၊ ဓာတ် ဓာတ်ချင်း တိုက်ကြ၊ ခိုက်ကြသည့် အထဲတွင် မိမိအပါအဝင် အခြားသော ယောကျ်ား၊ မိန်းမတို့ကို ရှာဖွေ၍ ကြည့်လျှင် တွေ့ရှိနိုင်အံ့လော။ ထိုနည်းတူစွာ ရူပါရုံကို သိအပ်သည့် စိတ်ထဲ၌လည်း မိမိ အပါအဝင် အခြား ယောကျ်ား၊ မိန်းမတို့ကို ရှာဖွေ၍ကြည့်ပြန်လျှင် တွေ့ရှိနိုင်အံ့လော။ အမှန်စင်စစ် အဆင်းရူပါရုံရုပ်နှင့် မျက်စိသူငယ်အိမ်တွင်ရှိသည့် ရုပ်တို့၊ ရုပ် ရုပ်ချင်း တိုက်ခိုက်ပြီး ပျက်နေသည်ကို "နာမ်"အသိစိတ်က လိုက်သိပြီး သိနေခြင်းသာ ဖြစ်သည့်အတွက် ရုပ်ရော၊ နာမ်ရော ဖြစ်ပေါ် ချုပ်ပျောက်နေကြခြင်းသာ ဖြစ်၏။ ရုပ်နာမ်တို့သည် သူ့အကြောင်းနှင့်သူ ဖြစ်ပေါ်လာပြီး ပျက်လိုက်နေကြသည်။ ဤသည်ကို ကိုယ်ကမသိပဲ ကိုယ်တိုင် မြင်သည်၊ အမြင်လှသည်၊ အမြင်ဆိုးသည်ဟု နှလုံးသွင်းမမှန်ခဲ့သဖြင့် အကုသိုလ်တရားတို့ ဝင်လာကြခြင်း ဖြစ်၏။

မြင်လာသည့် ပစ္စုပ္ပန် တည့်တည့်တွင် ဇ္ဈာန်ဝိယသံဝရသီလ ဖြစ်သော သတိ၊ ဝီရိယဖြင့် မြင်သည်ကို ကောင်းဆိုး မခွဲခြားပဲ မြင်သည်ကို မြင်သည်ဟူ၍ သတိကပ်မှတ်ပြီး ရုပ်နာမ်တို့ဖြစ်ပေါ် ချုပ်ပျောက် နေသည်ကိုလည်း ယောနိသော မနသိကာရဖြင့် နှလုံးသွင်းနိုင်ခဲ့လျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် လည်ပတ် ခြင်း မပြုနိုင်တော့ပဲ ရပ်တန့်တည်နေမည် ဖြစ်၏။ ယင်းသို့ ရပ်တန့်တည်နေသည်နှင့် အကုသိုလ်တရားတို့သည် ဖြစ်ပေါ်၍ လာစရာ အကြောင်းရှိတော့မည် မဟုတ်ပေ။

(၂) နားနှင့်ပတ်သက်၍ မည်မျှပင် သာယာနာပျော်ဖွယ်၊ နှစ်သက် တပ်မက်ဖွယ်၊ စွဲငြိဖွယ် အသံများကို ကြားရသည် ဖြစ်စေ၊ ကြားရသည့် အခိုက်တွင် လေလှိုင်းထဲ၌ ပါလာသည့် အသံရုပ်နှင့် နားထဲ၌ ရှိသည့် အကြည်ရုပ်တို့ ရုပ် ရုပ်ချင်း၊ ဓာတ် ဓာတ်ချင်း တွေ့ဆုံ တိုက်ခိုက်ခြင်းသာဖြစ်သည်၊ ဖြစ်ပေါ် ချုပ်ပျောက် နေကြခြင်းသာ ဖြစ်သည်ဟူ၍ ကြားရသည်ကို ကြားသည်ဟူ၍ သတိကပ်မှတ်လိုက်လျှင် ထိုအသံက ကောင်း သည်၊ ထိုအသံက ဆိုးသည် စသည့် အဖြစ်မျိုးသို့ မရောက်ရှိ တော့ပဲ ရုပ်နာမ်တို့ကို နှလုံးသွင်းနေရာ ရောက်သည့်အတွက် အကုသိုလ် တရားတို့သည် ပေါ်ပေါက်၍ လာနိုင်ကော့မည် မဟုတ်ချေ။

(၃) အနံ့နှင့် ပတ်သက်၍ မည်မျှပင် ရနံ့သင်းထုံ မွှေးပျံ့ ကြိုင်လှိုင်သော အနံ့ကိုပင် ရှူရ ရှူရ၊ အလွန် ဆိုးရွား အံချင် လောက်အောင် အပုပ်နံ့များကိုပင် ရှူရ ရှူရ နှာခေါင်းထဲ၌ ရှိသည့် အကြည် ရုပ်နှင့် အနံ့ရုပ်တို့ ရုပ် ရုပ်ချင်း တိုက်ခိုက်နေ ကြခြင်း ဖြစ်သည်ဟူသော အသိစိတ်က လိုက်သိနေရမည်ဖြစ်၏။

ဤသို့ သိမှတ်ပြီး ရုပ်ရော၊ နာမ်ရော ဖြစ်ပေါ် ချုပ်ပျောက် နေကြသည်ပါကလား ဟူ၍ သတိကပ်၍ နံနေဆဲအခိုက် နလုံးသွင်းလိုက်နိုင်လျှင် အကုသိုလ် တို့သည် ဖြစ်ပေါ် လာနိုင်မည် မဟုတ်ပေ။

(၄) လျှာနှင့် ပတ်သက်၍ မည်မျှပင် ကောင်းလှသည့်၊ ခံတွင်းတွေ့လှသည့် ထမင်းဟင်းလျာများကိုပဲ စားစား၊အရသာ ချိုမြိန်လှသည့် ချိုချဉ်အရသာများကိုပဲ ဝါးဝါး၊ စားမိ၊ဝါးမိ သည့်တို့သည် လျှာတွင်ရှိသော အကြည်ဓာတ်ရုပ်နှင့် အစာထဲ တွင် ပါလာသော အရသာရုပ်တို့ ရုပ် ရုပ်ချင်း တိုက်နေကြခြင်း သာ ဖြစ်သည်ဟူ၍ အရသာသိဝိညာဏ်စိတ်က ချိုသည်၊ဆိမ့်သည် တို့ကို တခုပြီးတခု လိုက်၍ သိနေရမည်။ ထိုသို့ သိပြီးနောက် ရုပ်ရော၊ နာမ်ရော ဖြစ်ပေါ် ချုပ်ပျောက် နေကြ ခြင်း သာ ဖြစ်သည်ဟူ၍ စားဝါးနေဆဲ အခိုက် စားမှန်းသိသိ၊ ဝါးမှန်း သိသိတို့ အပေါ် အာရုံပြု သတိကပ်နေရမည်။ယင်းသို့ သတိ ကပ်ရာတွင် ချိုသည်၊ ဆိမ့်သည် စသည့် တဏှာလောဘ စိတ် မပါလျှင် အကုသိုလ်တို့ ဝင်လာနိုင်မည် မဟုတ်ပေ။

တနည်း အားဖြင့် (အာဟာရေ ပဋိကူလ သညာ) အစား အသောက်များအပေါ် သမထ ကမ္မဋ္ဌာန်းအရ ရွံရှာဖွယ်ဟူ၍ အားထုတ်နိုင်ကြသည်။

(၅) ကိုယ်ခန္ဓာတခုလုံးနှင့် ပတ်သက်၍ မည်မျှပင် နူးညံ့ သိမ်မွေ့လှသော အတွေ့အထိကို ထိတွေ့ ထိတွေ့၊ ကြမ်းတမ်းလှ ပါသည် ဆိုသော အတွေ့အထိကို ထိတွေ့ ထိတွေ့၊ ထိုသို့ တွေ့ထိ နေခိုက်တွင် ဖောဋ္ဌဗ္ဗ ဟု ဆိုအပ်သည့် ရုပ်နှင့် တကိုယ်လုံးရှိ

အကြည်ခေတ်ရုပ်တို့ ရုပ် ရုပ်ချင်း တိုက်ခိုက်နေကြခြင်းသာ ဖြစ်သည်။ သိလိုက်နေသောအသိစိတ်ရော၊ ရုပ်ရော နာမ်ရော နှစ်ပါးစုံတို့သည် သူ့ အကြောင်းနှင့် သူ ချုပ်ပျောက်နေကြခြင်းသာ ဖြစ်သည်။ သာယာစရာ၊ နှစ်သက်စရာ၊ ဒေါသဖြစ်စရာများ ပါရှိသည် မဟုတ်၊ သာယာသည်၊ နှစ်သက်သည်၊ ဒေါသဖြစ်သည်တို့ ဖြစ်ပေါ်လာရခြင်းသည် မိမိက လုပ်၍ဖြစ်လာရခြင်းသာ ဖြစ်သည်ဟူ၍ တွေ့ထိ ခိုက်တွင် ထိသည်၊ တွေ့သည်ဟု သတိကပ်မှတ်ပေးနိုင်လျှင် အကုသိုလ်ဝင်ပေါက်ရှိနိုင်တော့မည်မဟုတ်ပေ။

ဖိုနှင့်မ ထိတွေ့ရာ၌လည်း အမှန်စင်စစ် ကိုယ်ကာယ အကြည်ခေတ်ချင်း ဖောဋ္ဌဗ္ဗ အနေဖြင့် ထိခိုက်နေသော ရုပ်များကို မိမိက ရုပ်မှန်းမသိပဲ တဏှာ လောဘ ရာဂများ ဖြစ်အောင် လုပ်နေကြသည့်အတွက် အကုသိုလ် ပွားရခြင်းဖြစ်သည်။

(၆) မနောစိတ် အကြံနှင့် ပတ်သက်၍ အားအား ရှိတိုင်း၊ အချိန်အား ရတိုင်း တွေးကြံနေသည့်စိတ်တို့ကိုလည်း အကုသိုလ်စိတ် မဖြစ်အောင် တားမြစ်ဖို့ လိုပေသည်။

မကောင်းစိတ် တခုခုကို ကြံစည်မိ၍ သိလိုက်သည်နှင့်တပြိုင်နက် ရှေ့စိတ်ပျက်ပြီး နောက်စိတ်အသစ် ပေါ်လာသည်ကို သတိကပ်၍ မနောစိတ်အစဉ်သည် တခုမှမမြဲပါကလား၊ ရှေ့စိတ်ပျက်၊ နောက်စိတ်ပေါ်နှင့် တစိတ်ပြီး တစိတ် ပျက်လိုက်နေကြပါကလား ဟူ၍ နှလုံးသွင်းလိုက်လျှင် စိတ်ရိုင်း၊ စိတ်မိုက်တို့သည် အလိုလိုပျောက်ကွယ်ပြီး အကုသိုလ်တို့ဖြစ်ပေါ်နိုင်မည်မဟုတ်ပေ။ သို့မဟုတ် အကုသိုလ်စိတ်တွေးကြံနေသည်ကိုသိသည်နှင့်တပြိုင်နက် စိတ်ချင်းဖလှယ် ပေးလိုက်နိုင်လျှင် အကုသိုလ်တို့သည် ချုပ်ကွယ်၍သွားနိုင်ပေသည်။

အကုသိုလ်တရားများ ဖြစ်ပေါ်မလာအောင် ဣန္ဒြေတို့ကို သတိ၊ ဝီရိယဖြင့် မည်သို့ ထိန်းသိမ်းစောင့်ရှောက်ရမည် ဆိုသည့် ဆေးနည်းကို အကြမ်းဖျင်း တင်ပြခဲ့ပြီးပါပြီ။ သို့ရာတွင် ဘုရားသခင် ကိုယ်တော်မြတ်က မည်သို့ ဣန္ဒြေစောင့်ထိန်းရမည်ကို မာဂဏ္ဍိယပရိဗိုဇ်အား ဟောကြားခဲ့သည့် သုတ္တန်တခု တင်ပြပါဦးမည်။ (ယင်းဇာတ်လမ်းမှာ မဇ္ဈိမပဏ္ဏာသ ပရိဗ္ဗာဇက ဝဂ်၊ မာဂဏ္ဍိယသုတ်တော်အကြောင်းပင် ဖြစ်ပါသည်။)

မြတ်စွာဘုရားသခင်သည် ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးရွာတွင် ဘာရဒ္ဒါဇဂေါတ္တ အမည်ရှိ ပုဏ္ဏား၏ မီးတင်းကုပ်အတွင်း မြက်ခင်းပေါ်၌ သီတင်းသုံးလျက်ရှိ၏။

ထိုအခိုက် မာဂဏ္ဍိယ အမည်ရှိ ပရိဗိုဇ်တဦးသည် ပုဏ္ဏား၏ မီးတင်းကုပ်ရှိရာသို့ ရောက်ရှိလာသည်။

ခင်းထားအပ်သည့် မြက်ခင်းကိုကြည့်၍ မာဂဏ္ဍိယက ယခု ခင်းထားသည့် နေရာသည် မည်သူ့အတွက် ဖြစ်သနည်းဟု ပုဏ္ဏားကို မေးသည်။ ပုဏ္ဏားက အရှင်ဂေါတမ ဘုရားသခင် အတွက် ခင်းထားကြောင်း ပြန်လည်ဖြေကြားသည်။

ဘုရားသခင်အတွက် ခင်းထားသည့် မြက်ခင်းကို ကြည့်ပြီး မာဂဏ္ဍိယက "တယ်လဲ ယုတ်ညံ့ပါကလား၊ အမြင်ဆိုးပါကလား၊ သင်တို့ ဂေါတမဘုရားဟာ တယ်ပြီး အညွန့်တုံးပါကလား"ဟူ၍ ကဲ့ရဲ့ပြောဆိုသည်တွင် ပုဏ္ဏားက ဤကဲ့သို့ မကဲ့ရဲ့သင့်ကြောင်းဖြင့် တားမြစ်လေသည်။

ထိုအချိန်တွင် မြတ်စွာဘုရားသခင်သည် ကိန်းအောင်းရာမှ ထတော်မူလာပြီး မီးတင်းကုပ်ရှိရာသို့ ကြွလာတော်မူသည်။

ပုဏ္ဏားနှင့် မာဂဏ္ဍိယတို့ နှစ်ဦး ပြောကြ ဆိုကြသည့် စကားများကို မေးမြန်းပြီးသောအခါ ဘုရားသခင်သည် ဂူမြေ့နှင့်ပတ်သက်၍ မာဂဏ္ဍိယအား တရားရေအေး အမြိုက်ဆေး ကျွေးလေသည်။

"မာဂဏ္ဍိယ.... မျက်စိဆိုတာဟာ ရူပါရုံဆိုတဲ့ အဆင်းကို ပျော်ပိုက်နှစ်ခြိုက်တတ်တယ်၊ နားဟာလဲ သဒ္ဒါရုံဆိုတဲ့ အသံတွေကိုပျော်ပိုက်နှစ်ခြိုက်တတ်တယ်၊ နှာခေါင်းဟာလဲ ဂန္ဓာရုံဆိုတဲ့ အနံ့တွေကို ပျော်ပိုက်နှစ်ခြိုက်တတ်တယ်၊ လျှာဟာလဲ ရသာရုံဆိုတဲ့ အရသာတွေကို ပျော်ပိုက်နှစ်ခြိုက်တတ်တယ်၊ ကိုယ်ဟာလဲ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိတွေကို မေ့လျော့ ပျော်ပိုက်တတ်တယ်၊ စိတ်ဟာလဲ ဓမ္မာရုံဆိုတဲ့ တွေးတော ကြံစည်မှုတွေကို မေ့လျော့ပျော်ပိုက်တတ်ပါတယ်။

"မာဂဏ္ဍိယ....ငါဟာ အဲဒီ ကာမဂုဏ် တရားတွေကို လုံခြုံအောင် ပိတ်ဆို့ထားပြီးဖြစ်နေတာကို သင်က ငါ့ကို 'ဂေါတမဟာ အညွန့်တုံးတဲ့သူပဲ' လို့ ဆိုလိုပါသလား၊ လောကမှာ လူအချို့ဟာ မျက်စိ၊ နား၊ နှာ စတဲ့ ကာမဂုဏ် တရားတွေကို ကောင်းစွာ ခံစား စံစားလာခဲ့ပေမယ့် အဲဒီလူဟာ ကာမဂုဏ်တရားတွေက ထွက်မြောက်ရာ လမ်းကြောင်းတွေကို ဟုတ်တိုင်းမှန်စွာ သိတဲ့အတွက် ကာမဂုဏ်တရားတွေ မဖြစ်ရလေအောင် မျက်စိ၊ နား၊ နှာ စတဲ့ ဒွါရခြောက်ပေါက်တွေကို လုံခြုံအောင် ခြိုးခြံ ပိတ်ဆို့ထားနိုင်ခဲ့ယင် သင်ဟာ အဲဒီလူကို အပြစ်ဆိုစရာ ရှိပါသေးသလား"

ဟူ၍ မေးတော်မူသည့်အခါ မာဂဏ္ဍိယက အပြစ်ဆိုဖွယ်ရာ မရှိပါဘုရား ဟူ၍ ပြန်လည်လျှောက်ထားလေသည်။

“မာဂဏ္ဍိယ....ဥပမာတခုကို ငါပြောပြမယ်၊ နားထောင်၊ လူတယောက်ဟာ ကုဋ္ဌနူနာစွဲပြီး အနာတွေဟာ ယားယံလာတော့ လက်သဲနဲ့ကုတ်ဖဲ့ပြီး မီးကျီးစုမှာကင်မှ အနာရောဂါဟာ သက်သာလာတယ်လို့ ထင်သလိုပဲ၊ လူတွေဟာလဲ အနူလိုပဲ၊ ကာမဂုဏ်တရားတွေကို ကောင်းနေတယ်လို့ထင်နေကြတယ်။

“ကုဋ္ဌနူနာစွဲနေတဲ့သူဟာ ဆရာသမားကောင်းနဲ့ ကုသလို့ ရောဂါပျောက်လာတဲ့အခါ အဲဒီအနူကို မီးကျီးစုမှာ နူနေတုန်းကလို မီးကင်ရအောင်ခေါ်ယင် ရနိုင်ပါတော့မလား၊ ဘယ်လိုမှ ခေါ်မရတာက မီးအပူမခံနိုင်တာပဲ မဟုတ်လား။

“အဲဒီဥပမာလိုပဲ ကာမဂုဏ်တရားတွေရဲ့ အပြစ်တွေကို မသိသေးတဲ့သူဟာ ထွက်မြောက်ရာလမ်းကြောင်းကို မသိကြသေးတော့ အနူဟာ မီးကျီးစုကို ကြိုက်နှစ်သက်နေသလို လူတွေလဲ ကာမဂုဏ်တွေကို နှစ်သက်နေကြတာပါပဲ။

“ကာမဂုဏ်တရားတွေကို မလိုက်စားပဲ ဈာန်တွေကို ခြိုးခြံစောင့်ထိန်းနေနိုင်ကြတဲ့သူတွေဟာ တဏှာလောဘတွေလဲ မရှိ၊ တဏှာလောဘမရှိတဲ့အတွက် ဥပါဒါန်နဲ့လဲ မငြိလမ်း၊ ဥပါဒါန်မငြိလမ်းတော့ ဘဝဆိုတာ မဖြစ်လာရပဲ ဇာတိဆိုတာမရှိတော့ ဘယ်မှာ အိုခြင်းရော၊ သေခြင်းမရဏ၊ ပူဆွေးငိုကြွေးတဲ့ ပရိဒေဝ၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဆိုတဲ့ ဒုက္ခဒေါမနဿ၊ ပြင်းစွာပူပန်ရတဲ့ ဥပါယာသဆိုတဲ့ မီးတွေဟာ ဘယ်မှာ တောက်လောင်လာနိုင်ပါတော့မလဲ။

“ဒါကြောင့် သင်ဟာလဲ သူတော်ကောင်း တရားတွေကို နာပြီး ကျင့်ပေတော့”ဟူ၍ ဟောပြောဆုံးမတော်မူလေသည်။

ဤတွင် မာဂဏ္ဍိက ဗုဒ္ဓမြတ်စွာဘုရားထံ ရဟန်းအဖြစ်ကို ရလိုကြောင်း လျှောက်ထားတောင်းပန်သည်။ ဘုရားသခင်က အယူတပါးရှိသောသူသည် သာသနာ့ဘောင်သို့ ဝင်လိုလျှင် လေးလပတ်လုံး ပရိဝါသ်နေပြီးမှသာ ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူရာ မာဂဏ္ဍိကလည်း ဝန်ခံလေသည်။ ထို့နောက် မာဂဏ္ဍိသည် ရဟန်းအဖြစ်ကို ခံယူပြီးနောက် ဝိပဿနာတရားတို့ကို မနေမနား ကြိုးစားအားထုတ်ရာ ရဟန္တာတဆူ ဖြစ်သွားခဲ့သည်။ (ဤကား လောကုတ္တရာရေးနှင့် ပတ်သက်သော အကြောင်းအရာတခုဖြစ်သည်။)

လောကီရေးနှင့် ပတ်သက်၍ ယနေ့ လူသားတို့သည် စား၊ ဝတ်၊ နေရေးအတွက် ရှာကြ၊ ဖွေကြ၊ လုပ်ကြ၊ ကိုင်ကြ၊ ရုန်းကြ၊ ကန်ကြရသည်။ ဤကဲ့သို့ ရုန်းကန်လှုပ်ရှားပြီး ရှာဖွေ၍ ရရှိလာသော ပစ္စည်း ဥစ္စာတို့ကို မျက်စိအလို၊ နားအလို၊ လျှာအလို စသည့် ဒွါရပေါက်များ၏ အလိုကိုသာ လိုက်လျောပြီး ခြိုးခြံထိန်းသိမ်းခြင်းမရှိပဲ လွယ်လွယ်သုံး၊ လွယ်လွယ်ဖြုန်း နေကြသည်ကို တွေ့ရသည်။

အမှန်စင်စစ် ရရှိလာသည့် ပစ္စည်းတို့ကို စားသင့်သရွေ့သာ စား၊ ဝတ်သင့်သရွေ့သာဝတ်ပြီး ခြိုးခြံ စုဆောင်းသင့်လှသည်။ ထိုသို့မဟုတ်မူပဲ ပေါ့ပေါ့စား၊ ပေါ့ပေါ့နေသွားကြမည်ဆိုလျှင် မကျန်းမမာ ဖြစ်လာသည့်အခါ အိုမင်းမစွမ်း ရှိလာသည့်အခါ စုဆောင်းပြီး ဥစ္စာမရှိပါက စိတ်၏ဆင်းရဲခြင်းဒုက္ခတို့ဖြင့် ရင်ဆိုင်ကြရမည်မှာ သေချာလှသည်။

ထို့ကြောင့် ရေပွက်ပမာ သက်တမ်း တိုတောင်းလှသော လူ့ဘဝကလေးတွင် မျက်စိအလိုကို လိုက်၍ ရုပ်ရှင်နှင့် ဇာတ်သဘင်တို့ကို မလွတ်တမ်း ကြည့်ကြမည်၊ နားအလိုကို လိုက်၍ ငြိမ့်ငြောင်း သာယာ ပီတိ ဖြစ်ဖွယ်ရာသော အဆိုကျော်တို့၏ အသံကိုမှ နားထောင်ကြမည်။ တော်ရုံသင့်ရုံ အစာဖြင့် မတင်းတိမ်၊ မရောင့်ရဲနိုင်ပဲ ကောင်းသည့်၊ အဖိုးတန်သည့်အစားအစာတို့ကိုသာ စားကြမည်။ နောက်ဆုံးပေါ် နိုင်ငံခြားမှ မှောင်ခိုသွင်းလာသော အဖိုးကြီးပေးဝယ်ရသည့် အဝတ်တို့ကိုမှ တခိုး၊ တမင်၊ တယု၊ တယ ဝတ်ဆင်ကြမည် ဆိုသည့် စိတ်ထားမျိုးများကို ပယ်ရှား၍ တန်ဆေးအရ ရပ်တန့်ပြီး လွန်ဘေးမဖြစ်ကြရလေအောင် ခြိုးခြံကြဖို့လိုအပ်လှသည်။

ခြိုးခြံ ချွေတာခြင်းသည် ခြိုးခြံသူ အဖို့ရော၊ ပြည်သူတို့အတွက်ပါ တန်ဖိုးရှိလှသည်မှာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။

သာလွန်မင်းတရားကြီးလက်ထက်ကဖြစ်သည်။ မင်းကြီးသည် သူ့နယ်ပယ် အတွင်း နေ့စဉ် ထမင်းချက်နေသည့် ဆန်တဲမှ တဆုပ်ကျ နှုတ်ယူပြီး စုဆောင်းစေခဲ့သည်။ မင်းကြီး၏ အမိန့်အရ နေ့စဉ် စုဆောင်းလာခဲ့သော တဆုပ်ကျဆန်ကို တလပြည့်မြောက်သည့်နေ့၌ မြို့ပြင်လေးရပ်တွင် မဏ္ဍပ် ကန်းနား ထိုးပြီး လာလာသမျှသော ပုဂ္ဂိုလ်တို့အား ပေးဝေလှူခဲ့သည်။

•

အလားတူစွာ ကြာမိ နှစ်ပိုင်းက သာယာဝတီ မြို့နယ် ဂုံမင်းမြောင်ကျေးရွာတွင် သာလွန် မင်းတရားကြီး၏ထုံး နှလုံး

ပိုက်ကာ တဆုပ်ဆန် စု၍ ရလာသမျှကို ရောင်းချခဲ့ရာ စက်ရေတွင်း တခု တူးဖော်နိုင်ခဲ့သည်။ သာလွန် မင်းတရားကြီး လက်ထက်က တဆုပ်ဆန် လှူခဲ့မှုကြောင့် ပြည်သူတို့ ဝမ်းပြည့်သကဲ့သို့ ဂုံမင်းမြောင်ကျေးရွာတွင်လည်း ရေအခက်မှ ပြေလည်ခဲ့ရသည်။

ထို့ကြောင့် လောကီ၊ လောကုတ် နှစ်ဖြာသော အရေးတို့တွင် မျက်စိ၊ နား၊ လျှာ စသည့် ဒွါရ ခြောက်ပေါက်တို့ကို သတိ ဝီရိယဖြစ်သော ဣန္ဒြိယသံဝရသီလဖြင့် ခြိုးခြံ ထိန်းသိမ်းစောင့်ရှောက်ကြပါဟူ၍ တင်ပြရပေသည်။

# (၃၂) ဗြဟ္မစရိယဉ္စ

ဗြဟ္မစရိယဉ္စ မင်္ဂလာသည် (ဗြဟ္မ = မြတ်သော၊ စရိယံ = အကျင့်) မြတ်သော အကျင့်တို့ကို ကျင့်လျှင် မင်္ဂလာ ကုသိုလ် ဖြစ်၏။

မြတ်သောအကျင့်တို့တွင်—

(၁) မေထုနဝိရတိဗြဟ္မစရိယ=မေထုန် အမှုကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

(၂) သမဏဗြဟ္မစရိယ=အဓိသီလ၊ အဓိ စိတ္တ၊ အဓိပညာ၊ သိက္ခာသုံးပါး ရဟန်းတရားတို့ကို ကျင့်ခြင်း၊ (တနည်း) ၂၂၇ သွယ်သော သိက္ခာပုဒ်၊ အကျယ်ကိုးကုဋေကျော်တို့ကို ဆောက်တည်ခြင်း။

(၃) သာသန ဗြဟ္မစရိယ=ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ သာသနာ သာသနာသုံးရပ် စည်ပင် ပြန့်ပွားလာစေရန် တစိုက်တခုသောကျောင်း၊ ကမ္မဋ္ဌာန်းဌာနစသည်တို့ကို ပြုလုပ်ခြင်း၊ ပိဋကတ်စာပေ သင်ကြားပို့ချနာယူခြင်း၊ တရားဓမ္မဆိုဆုံးမခြင်း၊ ကျင့်ကြံ အားထုတ်ခြင်း။

(၄) မဂ္ဂဗြဟ္မစရိယ=မဂ္ဂင်ရှစ်ပါး၊ မဟာသတိပဋ္ဌာန်တရားလေးပါး တရားတို့ကို ယထာဘူတ မှန်ကန်စွာ ကျင့်ကြံပွားများရှုမှတ်ခြင်းဟူ၍ လေးမျိုးရှိသည်။

ယင်း ဗြဟ္မစရိယ အကျင့်လေးမျိုးကို ရဟန်းတော်များမှလွဲ၍ အိမ်ရာထောင်နေကြသည့် လူသားပုဂ္ဂိုလ်တို့အဖို့ ကျင့်နိုင်ရန် ခဲယဉ်းလှပါသည်။ နံပါတ် (၁)ဖြစ်သည့် မေထုန်အမှုကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရခြင်းနှင့်ပတ်သက်၍ အာရုံငါးပါးတွင် ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သည့် မေ ထုန် အ မှု ကို မည်သည့် ယောကျ်ား မိန်းမ မဆို တခြားကာမဂုဏ်တို့ထက် ပို၍နှစ်သက်စွဲလမ်းနေကြ၍ ဖြစ်၏။

လူပုဂ္ဂိုလ်တို့အဖို့ ဗြဟ္မစရိယ အကျင့်ကို ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ ခံယူဆောက်တည်ကြသည့် နေ့များ၌သာ ကျင့်သုံးနိုင်ကြပြီး အခြားအခြားသော နေ့များတွင် “လောက်ကောင်တို့သည် မစင်မှာသာ ပျော်မွေ့” နေကြဘိသို့ မေထုန်အမှု၌သာ ပျော်မွေ့လေ့ရှိတတ်ကြသည်။

မေထုန်အမှုကို ပျော်မွေ့နှစ်ခြိုက်ကြသည့်အတွက် တပါးသူအသက်ကိုလည်း ရက်ရက်စက်စက် သတ်နိုင်ကြသည်။

သားမယား၊ သားသမီး၊ ဝဝလင်လင် စားနိုင်ဖို့အတွက် တပါးသူပိုင် ပစ္စည်းတို့ကို မတရား ခိုးဆိုး တိုက်ခိုက်လုယက်ရန်လည်းဝန်မလေး၊ ပြန်ပေးဆွဲ၍ အဓမ္မကျင့်မှုပြုရန်လည်း လက်မတွန့်၊ မယားကြီး၊ မယားငယ်၊လင်ကြီး၊ လင်ငယ်တို့၏ ပြဿနာပေါင်းကလည်း သောင်းခြောက်ထောင်၊ အသက်မစေ့သေးပဲ လင်ယူသားမွေးတို့၏ပြဿနာကလည်းအနန္တ၊ ဤပြဿနာများ၏ အမြစ်မြေသည် မေထုန်မှု ရေသောက်မြစ်မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။

ရဟန်းတော်တို့သည် သာမန်လူပုဂ္ဂိုလ်တို့ထက် အဘယ့်ကြောင့် ဗြဟ္မစရိယ အကျင့်ကို ကျင့်နိုင်ကြသနည်း။

"အဂါရိယ မုနိ" ဟု ခေါ်အပ်သည့် လယ်ထွန်ခြင်း၊ နွားကျောင်းခြင်း စသည်အမှုတို့ကို လူပုဂ္ဂိုလ်တို့က လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသော်လည်း "အနာဂါရိယမုနိ" ဟု ခေါ်အပ်သည့် ရဟန်းတော်တို့မှာ သားမယားအတွက် ရှာဖွေစားသောက်ရသော အလုပ်များ မလုပ်ရ၊ မကိုင်ရတော့ပဲ မိမိ၏ ခြေသလုံးမြင်းခေါင်းသားနှင့် သပိတ်ကိုသာ အားကိုး အားထားပြုပြီး အသက်မွေးဝမ်းကြောင်း ပြုနေနိုင်သည်က တကြောင်း—

(၁) ပါရာဇိကလေးပါး၊
(၂) သံဃာဒိသိသ်တဆယ့်သုံးပါး၊
(၃) အနိယတ သိက္ခာပုဒ်နှစ်ပါး၊
(၄) နိဿဂ္ဂိယ အာပတ်သုံးဆယ်၊
(၅) ပါစိတ်အာပတ် ကိုးဆယ့်နှစ်ပါး၊
(၆) ပါဋိဒေသနီအာပတ်လေးပါး၊

(၇) သေခိယဝတ် ခုနစ်ဆယ့်ငါးပါး၊

(၈) အဓိကရဏ သမထ ခုနစ်ပါး စသည့် ၂၂၇ သွယ်သော သိက္ခာပုဒ်များကို ထိန်းသိမ်းရခြင်း၊ ယင်းသို့သော သိက္ခာပုဒ်ပေါင်းတို့တွင် ဇက်မှပြုတ်ကျပြီးသော ထန်းပင်သည် ပြန်လည်အသက်ရှင်ရန် ပြန်ဆက်၍ မရသကဲ့သို့ ခြေသို့ကြွေကျပြီးသော သစ်သီး၊ သစ်ရွက်တို့သည် ကြွေကျလာသည့်နေရာတွင် ပြန်ဆက်၍ မရနိုင်သကဲ့သို့ "အတေကိစ္စ" မည်သော မကုစားနိုင်သည့် အဓိက "ပါရာဇိကအာပတ်" လေးပါးထဲတွင် မေထုန်အမှုကို ရဟန်းတော်များသည် အသက်ထက်ဆုံး စောင့်ရှောက်နေထိုင်ကြရသည်ဖြစ်၍ ဗြဟ္မစရိယအကျင့်ကို လူပုဂ္ဂိုလ်တို့ထက် ကျင့်ကြံနိုင်ကြခြင်းဖြစ်သည်။

ထို့ကြောင့် "လူတသက်၊ ရှင်တရက်၊ ရှင်တသက်၊ ရဟန်းတရက်" ဟူသော ရဟန်း သာမဏေတို့၏ ဘဝကို တန်ဖိုးထားလာသော စကားများ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

ဤနေရာတွင် လူပုဂ္ဂိုလ်များနှင့် ရဟန်းတော်များကို နှိုင်းယှဉ်လျှင် ရဟန်းတော်များက လူသားတို့ထက် သာလွန်သော ဂုဏ် ၁၀ ပါးကို တွေ့ရသည်။

ယင်းဂုဏ်များမှာ....

၁။ အလိုရမ္မက်နည်းခြင်း(အပ္ပိစ္ဆဂုဏ်)
၂။ ရသမျှဖြင့် ရောင့်ရဲခြင်း(သန္တုဋ္ဌိဂုဏ်)
၃။ ကိလေသာမှ ဆိတ်ခြင်း(ပဝိဝိတ္တဂုဏ်)
၄။ မရောနှောခြင်း(အသံသဋ္ဌဂုဏ်)
၅။ အားထုတ်ခြင်း(အာရဒ္ဓဝီရိယဂုဏ်)

၆။ လွန်ကဲသောတဏှာမှကင်းခြင်း(နိရာလယဂုဏ်)
၇။ အိမ်မင်ရှုံခြင်း(အနိကေတဂုဏ်)
၈။ ပြည့်စုံသောသီလရှိခြင်း(ပရိပုဏ္ဏသီလဂုဏ်)
၉။ ခေါင်းပါးကြောင်း အကျင့် (သလ္လေခိတာစာရဂုဏ်)
၁၀။ ဓုတင်အကျင့်(ဓုတပ္ပဋိပတ္တိဂုဏ်) ဟူ၍ဖြစ်၏။

ရဟန်းတော်များသည် ကိလေသာမှ ဆိတ်ခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို ရသမျှဖြင့် တင်းတိမ်ရောင့်ရဲခြင်း၊ လူသားတို့ကဲ့သို့ ဥစ္စာစီးပွား ရှာဖွေမှု၊ သားမယားတို့အတွက် မဝတ်ရ မစားရမှာပူပန်မှု စသည့် ပလိဗောများ ကင်းရှင်းနေကြသည် ဖြစ်ခြင်းကြောင့် လူပုဂ္ဂိုလ်တို့ထက် ဂန္ထဓုရ၊ ဝိပဿနာဓုရ တရားများကို ပိုမိုကျင့်သုံး အားထုတ်နိုင်ကြခြင်းဖြစ်သည်။

သာမဏ=အမြတ်ဆုံး ရဟန်းပြဿနာနှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန မထေရ်မြတ်တို့ တဦးနှင့် တဦး မေးလျှောက် ဖြေဆိုကြပုံမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။

မိလိန္ဒမင်းကြီးက အရှင်နာဂသေနအား....

"မြတ်စွာဘုရားသခင်ဟာ အသဝေါတရား လေးပါးတို့ရဲ့ ကုန်ခန်းခြင်းကြောင့် သမဏဖြစ်တယ်လို့ ဟောတော်မူပြီး သည်းခံခြင်း၊ နည်းပါးသော အစာအာဟာရရှိခြင်း၊ ကာမဂုဏ်မေ့လျော့မှုမှပယ်ခြင်း၊ ကြောင့်ကြဖွယ် ပလိဗောဓ စတဲ့လေးပါး မရှိခြင်းကြောင့်လဲ သမဏဖြစ်တယ်လို့ ဟောတော်မူပါတယ်၊ အဲဒီစကားနှစ်မျိုး အစွန်းနှစ်ဘက်ထွက်နေတဲ့ပြဿနာကို ဖြေရှင်း

ပေးပါဘုရား'' ဟူ၍ အရှင်နာဂသေန မထေရ်အား လျှောက်ထားလေသည်။

အရှင်နာဂသေန မထေရ်မြတ်က....

''မြတ်သောမင်းကြီး....ဘုရားသခင်ဟာ အာသဝေါတရားလေးပါးတွေကုန်ခြင်းကြောင့် သမဏဖြစ်တယ်လို့လဲ ဟောတော်မူတာ မှန်ပါတယ်၊ သည်းခံခြင်း စတဲ့ တရားလေးပါးကြောင့်လဲ သမဏဖြစ်တယ်လို့ ဟောတော်မူတာလဲ မှန်ပါတယ်။

အာသဝေါတရား လေးပါးတွေ ကုန်ခြင်းကြောင့် သမဏဖြစ်တယ်လို့ ဆိုခြင်းဟာ အကြွင်းမရှိတဲ့စကား ဖြစ်ပါတယ်။

မြတ်သောမင်းကြီး၊ ကိလေသာကုန်ခြင်းငှာ ကျင့်ကြံနေသူဟူသမျှ အားလုံးကိုထောက်ပြီး သမဏရယ်လို့တကြောင်း၊ အာသဝေါ ကုန်ပြီးတဲ့ သမဏကိုတော့ အထွတ်အမြတ် သမဏရယ်လို့ ဆိုရပါတယ်။

မင်းမြတ်၊ ဥပမာအားဖြင့် ကုန်းပန်း၊ ရေပန်း ရှိရှိသမျှ ပန်းအားလုံးတွေထဲမှာ ''မြတ်လေးပန်း'' ကိုသာ အထွတ်အမြတ်ပန်းလို့ဆိုရပြီး အထူးထူး အပြားပြား ရှိကြတဲ့ ပန်းမျိုးဟူသမျှ အားလုံးကိုထောက်ပြီး လူအပေါင်းတို့ဟာ မြတ်လေးပန်းကိုသာ တောင်းတ ချစ်မြတ်နိုးကြသလို ကိလေသာငြိမ်းခြင်းငှာ ကျင့်ကြံတဲ့သူမှန်သမျှ အားလုံးကိုထောက်ပြီး အာသဝေါ ကုန်ပြီးတဲ့ သမဏကိုလဲ ဤအတူသာလျှင် အထွတ်အမြတ်လို့ ခေါ်ဆိုရပါတယ်။

မြတ်သောမင်းကြီး၊တနည်းပြောရယ်င် စပါးအားလုံးတို့တွင် ''သလေးစပါး'' သည်သာ အထွတ်အမြတ်လို့ ဆိုရပါတယ်။ သလေးစပါးမှ ကြွင်းကျန်တဲ့ အခြားစပါးမျိုးဟူသမျှတွေဟာလဲ

ခန္ဓာကိုယ်ရဲ့ တည်တံ့မျှတခြင်းဘောဇဉ်အနေနဲ့ဖြစ်သလို သလေး စပါးဟာလဲ ဘောဇဉ်အဖြစ် စားသုံးရပေမယ့် သလေးစပါးကို အခြား စပါးတွေထက် အထွတ်အမြတ်လို့ ခေါ်ဆိုရပါတယ်။

မင်းကြီး၊ ဤအတူသာလျှင် ကိလေသာငြိမ်းခြင်းငှာ ကျင့်ကြံနေသူ ဟူသမျှ အားလုံးတို့ကိုထောက်၍ အာသာဝေါ ကုန်ခန်း ပြီးတဲ့ သမဏကို အထွတ်အမြတ်ရယ်လို့ ဆိုရပါတယ်”။

ဤကဲ့သို့ အရှင်နာဂသေနမထေရ်မြတ်က မိန့်ဆိုတော် မူပြီး သည့်အခါ မိလိန္ဒမင်းကြီးက သင့်မြတ်လှပါ၏ဘုရား ဟူ၍ ဝန်ခံကာ ပြန်လည် လျှောက်ထားလေသည်။

မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန မထေရ်မြတ်တို့ ဆွေးနွေး ကြသည့် ရဟန်းပြဿနာကို သုံးသပ်လျှင် ကျင့်ကြံအားထုတ်၍ အာသဝေါကုန်ပြီးသော ရဟန်းကိုလည်း သမဏဟူ၍ ခေါ်၏။ ကိလေသာ ကုန်ခြင်းငှာ ကျင့်ကြံအားထုတ်နေဆဲ ရဟန်းများ ကိုလည်း သမဏဟူ၍ ခေါ်ဆိုနိုင်၏။ သို့ရာတွင် ယင်းနှစ်မျိုး အနက် ကျင့်ကြံနေဆဲ ရဟန်းထက် အာသဝေါကုန်ပြီးသော ရဟန်းတော်များအား အထွတ်အမြတ်ဖြစ်သည့် သမဏ ဟူ၍ ခေါ်ဆိုရကြောင်းဖြစ်၏။

ထို့ကြောင့် ဗြဟ္မစရိယဥ္စမင်္ဂလာအရ မြတ်သော ဗြဟ္မစရိယ အကျင့်တို့ကို လူပုဂ္ဂိုလ်တို့ထက် ရဟန်းတော်များက ပလိဗောဓ ကင်းရှင်းစွာဖြင့် ကျင့်ကြံ နိုင်ကြသည့်အတွက် မဂ်တရား၊ ဖိုလ် တရားတို့ကို လျင်လျင် မြန်မြန်၊ ရောက်နိုင်၊ ပေါက်နိုင်ကြခြင်း ဖြစ်သည်။

ဤသို့ဆိုခြင်းကြောင့် လူပုဂ္ဂိုလ်တို့ကလည်း ရဟန်းတော်များ ကဲ့သို့ မကျင့်ကြံနိုင်ကြဘူး ဟူသော အမေးပုစ္ဆာသည် ပေါ်

ပေါက် လာနိုင်သည်။ မှန်၏။ လူပုဂ္ဂိုလ်များထဲက ဗြဟ္မစရိယ အကျင့်ကိုကျင့်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားများအထိ ပေါက်ရောက် ကျွတ်မြောက်ခဲ့ကြသည့် သာဓကများလည်းရှိ၏။

လူပုဂ္ဂိုလ်များထဲက ဗြဟ္မစရိယအကျင့်ကို ကျင့်ကြံအားထုတ်နိုင်ခဲ့သော မာတိကာမာတာ အမည်ရှိ ဥပါသိကာမကြီးတဦးသည် ရဟန်းတော်များထံမှ နည်းခံတောင်းယူပြီး မြင့်မြတ်သော အကျင့်တို့ကို ကြိုးစားအားထုတ်ခဲ့ရာ အနာဂါမ်ပုဂ္ဂိုလ်ထူးတဦး ဖြစ်ခဲ့ဘူးသည်။

သို့ပြင် ဘုရားသခင်သည် အလောင်းတော်ဘဝမှာ ရှိစဉ်တုန်းက ဗောဓိအမည်ရှိ ချမ်းသာကြွယ်ဝသည့် သဌေးသားတဦး ဖြစ်ခဲ့၏။

ဗောဓိ၏ မိဘများက သက်တမ်းစေ့ရောက် အရွယ်ရောက်လာသော ဗောဓိအား အိမ်ထောင် ချထားပေးခဲ့သည်။ သို့ရာတွင် အလောင်းတော် ဗောဓိနှင့်တကွ သူ၏ ကြင်ယာတော်သည် ကာမဂုဏ်စိတ် ခေါင်းပါးကြသည့်အတွက် ရှိပစ္စည်းများကို စွန့်ပစ်ကြပြီး နှစ်ဦးစလုံး တောထွက်ကာ နိဗ္ဗာန်ရောက်ကြောင်း တရားများကို ကျင့်ကြံအားထုတ်ကြသည်။

ထို့ကြောင့် နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်းဖြစ်သည့် ဗြဟ္မစရိယ အကျင့်မြတ်ကို ရဟန်းတော်တို့သာ မကပဲ လူပုဂ္ဂိုလ်တို့လည်း မိမိတို့ တတ်အားသ၍ ဥပုသ်ရက်ရှည်စောင့်ထိန်း၍ အစားအသောက် အနေအထိုင်တို့ကို ဖြိုးခြံကြပြီး ကျင့်ကြံအားထုတ်နိုင်ကြလျှင် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတို့ကို ပေါက်ရောက်နိုင်ကြပေသည်။

# (၃၃) အရိယသစ္စာနဒဿနံ

အရိယသစ္စာန ဒဿနံ မင်္ဂလာသည် အရိယာများအနေဖြင့် မဖောက်မပြန် အမှန်အတိုင်း သိမြင်အပ်သော အရိယသစ္စာ လေးပါး တရားမြတ်တို့ကို ဆိုလိုခြင်းဖြစ်၏။

သစ္စာတွင် ပရမတ္ထ သစ္စာနှင့် သမ္မုတိ သစ္စာဟူ၍ နှစ်မျိုးရှိ၏။ အရိယသစ္စာကိုမူ ပရမတ္ထသစ္စာကိုပင် ဆိုလိုရင်းဖြစ်သည့်အတွက် အရိယာ သစ္စာလေးပါးကိုသာ ရယူထိုက်ပေသည်။

ဤနေရာတွင် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာနှစ်ပါး ကွဲကွဲပြားပြား သိနားလည်မှုမရှိခဲ့လျှင် လူသားတို့သည် မိစ္ဆာဒိဋ္ဌိ အယူ ပေါ်၍သာ သောင်တင်နေပြီး (သမ္မာဒိဋ္ဌိ) ဖြောင့်မတ်မှန်ကန်သော အယူကို သက်ဝင်ယုံကြည်နိုင်ခြင်း ရှိနိုင်ကြမည် မဟုတ်ပေ။ ထို့ကြောင့် ခွဲခွဲခြားခြား ပြဆိုရခြင်း ဖြစ်၏။

သမ္မုတိသစ္စာဟူသည် လောကီဘုံသားလူအပေါင်းတို့ မိမိတို့ ဘာသာ လူမျိုးအလိုက် မိရိုးဖလာ ပြောရိုး၊ ခေါ်ရိုး၊ ရေးရိုး အမှတ်သင်္ကေတများကို ဆိုလိုရင်း ဖြစ်၏။

သမ္မုတိသစ္စာအားဖြင့် အတ္တလည်း ရှိ၏။ ဇီဝလည်း ရှိ၏။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ ဟူ၍ သမုတ်ခေါ်ဆိုနေကြခြင်းလည်း ရှိ၏။ လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန်၊ သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ ခြေ၊ လက်၊ ခေါင်း၊ အင်္ကျီကြီးငယ်၊ ရွှေ၊ ငွေ၊ ဝတ္ထုပစ္စည်း၊ အိုး၊ အိမ်၊ တိုက်တာ၊ ကျောင်း၊ စရပ် စသည်တို့လည်း ရှိ၏။ နေ့စဉ်နေ့တိုင်း သုံးနှုန်း ခေါ်ဝေါ် ပြောဆိုနေကြသည်လည်း ပါ၏။

တဦးနှင့်တဦး အချင်းချင်း သိနားလည်စေရန် အမည် နာမ တပ်၍၊ သင်္ကေတပြု၍ ခေါ်ဝေါ်သမုတ်၍ ပြောခဲ့၊ ရေးခဲ့၊ သားခဲ့ကြသည်။ ထိုသို့မဟုတ်လျှင် နားလည်နိုင်စွမ်း ရှိမည်မဟုတ်။ လက်ဟန်၊ ခြေဟန်၊ ခေါင်းညိတ်ရုံဖြင့်သာ စခန်းသိမ်းရမည် ဖြစ်၏။ ဤကဲ့သို့ တဦးကိုတဦးက နားလည်စေရန် အမည်နာမ တပ်၍ ပြောဆိုရေးသား နေကြခြင်းသည် တစုံတယောက်သော သူကို မုသာဝါဒဖြင့် လိမ်လည်လှည့်စား ပြောဆိုသုံးနှုန်းခြင်းမျိုး မဟုတ်သည့်အတွက် မုသာဝါဒကံ မထိုက်ပေ။

ပရမတ္ထသစ္စာဟူသည်မရှိသည်ကိုမဆိုလို။ အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိသည်တို့ကိုသာ ပရမတ္ထသစ္စာဟု ဖွင့်ဆိုခြင်းဖြစ်၏။

သမ္မုတိသစ္စာအားဖြင့် လူတိုင်းလူတိုင်း အမည်နာမတပ်ပြီး ပြောဆိုနေကြသည့် သက်မဲ့ပစ္စည်း မှန်သမျှနှင့် သက်ရှိဖြစ်သည့် လူ၊ နတ် ဗြဟ္မာ၊ တိရစ္ဆာန်ဟူသည် တကယ်ရှိသည်များ မဟုတ်။ ပရမတ္ထသစ္စာအားဖြင့် ဓာတ်ကြီးလေးပါး ဖြင့်သော ရုပ်ခန္ဓာ၊

နာမ်ခန္ဓာတို့သာ ကေန်အမှန် ရှိသည်ဟူ၍ သိမှသာ မိစ္ဆာအယူသည် စင်ကြယ်လာနိုင်မည် ဖြစ်၏။

ဤသည်ကား ပုဂ္ဂိုလ်၊ဤသည်ကား သတ္တဝါ၊ ဤသည်ကား ယောကျ်ား၊ ဤသည်ကား မိန်းမ၊ ဤသည်ကား နတ်၊ဤသည်ကား ပြဟ္မာစသည်ဖြင့် ဤလောကကြီးရှိ လူသားတို့ သိနေ ယူဆနေ ထင်နေကြခြင်းသည် အမှန်အားဖြင့် (၁)သညာဝိပလ္လာသ၊ (၂) စိတ္တဝိပလ္လာသ၊ (၃) ဒိဋ္ဌိဝိပလ္လာသ တရားသုံးပါးဖုံးကွယ်မှုကြောင့် အမှန်တရားကို မသိနိုင်အောင်၊ အမြင်မှန်မရောက်နိုင်အောင် ဖြစ်နေကြရခြင်း ဖြစ်သည်။

သမ္မုတိ သစ္စာနှင့် ပရမတ္ထ သစ္စာနှစ်ပါးသည် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်၊ အဖြူနှင့်အမဲ၊ အတ္တနှင့်အနတ္တတို့ကဲ့သို့ တဦးနှင့်တဦး ပြောင့်ပြောင့်ကြီး ဆန့်ကျင်လျက်ရှိ၏။

ပရမတ္ထသစ္စာ၏ သဘောသည် မြေစိုင် မြေခဲတို့ကို ပေါက်တူးဖြင့်ပေါက်၍ အမှုန့်ပြုပါ။ အမှုန့်ကို ရေဖြင့်နယ်၍ အိုး၊ ခွက်လုပ်လျှင် အိုးခွက်များ ဖြစ်လာမည်။ရေဖြင့်နယ်ပြီး ထိုမြေကိုပင် လူရုပ်၊ နွားရုပ်၊ ငှက်ရုပ်များလုပ်လျှင် လူ၊ နွား၊ ငှက်များ ဖြစ်လာမည်။

ဖြစ်ပြီးသား လူရုပ်၊ နွားရုပ်၊ ငှက်ရုပ်၊ အိုးခွက်စသည်တို့ကို တဖန်ပြန်၍ ခြေမှုလိုက်လျှင် မူလပကတူးက ရှိခဲ့သည့် မြေခဲ၊ မြေမှုန့်တို့သာ ပြန်ပြီး တွေ့နိုင်မည် ဖြစ်၏။

ဤကဲ့သို့ သဏ္ဌာန်၊ အခိုပ်၊ နိမိတ်အသွင် ရှိနေသည်တို့ကို ဘုရားသခင်၏ ပရမတ္ထဓာတ်ခွဲနည်းဖြင့် ရှာဖွေကြည့်လိုက်လျှင် ဓာတ်ကြီးလေးပါး အစုအဝေးသာ တွေ့ရမည် ဖြစ်၏။

ထိုကဲ့သို့ သဏ္ဌာန်၊ အရိပ်၊ နိမိတ်တို့ ဆောင်နေသည့် လူရုပ်များ၊ နွားရုပ်များ၊ အိုးခွက်များကို ကိုင်တွယ်ကြည့်လျှင် မာသည်၊ ပျော့သည်ဟူသည့်"ပထဝီ"ဓာတ်၊ပူသည်၊ အေးသည်ဟူသည့် "တေဇော"ဓာတ်၊ အမှုန်များ စုပေါင်း ဖွဲ့စည်းထားသည့် "အာပေါ"ဓာတ်၊ ထိုအမှုန်များ ပြန့်ကြဲမသွားစေရန် တွန်းကန်ထားသည့် "ဝါယော"ဓာတ် စသည့် ဓာတ်များသာ တွေ့ရမည် ဖြစ်၏။

ထို ဓာတ်လေးပါးထက် ပို၍ သိချင်သေးလျှင် အဆင်း၊ အနံ့၊ အရသာ၊ သြဇာဟူသည့် ဓာတ်လေးမျိုးကိုလည်း ရှာ၍ ရနိုင်သေး၏။

သို့ဖြစ်လျှင် စောစောပိုင်းကတွေးခဲ့ထင်ခဲ့သော ဤသည်ကားလူ၊ ဤသည်ကား နွား၊ ဤသည်ကား အိုးခွက် စသည့် ယူဆချက်တို့သည် အမှားထင်မြင်ချက်များပင် ဖြစ်၏။ အိမ်တဆောင်၊ ကျောင်းတဆောင် ဖြစ်လာပုံတို့ကို ကြည့်လျှင်လည်း အလွန်သေးငယ်လှသည့် ဓာတ်လေးပါးတို့ဖြင့်သာ စုစည်း ဖြစ်ပေါ်လာခဲ့သော သစ်ပင်ငယ်ကလေးမှသည် တစစ ကြီးထွား၍ လာရ၏။ ထိုမှ သစ်ပင်ကို လှဲဖြတ်၊ ခွဲခြမ်း စိတ်ဖြာသည့်အခါ အိမ်၊ ကျောင်းဟူ၍ ဖြစ်မလာသေးပဲ သစ်လုံး၊ သစ်ပိုင်း၊ သစ်စတို့သာ ရရှိလာသည်။ ထိုမှတဖန် သစ်လုံး၊သစ်ပိုင်းတို့ကို ခွဲစိတ်ပြန်လျှင် ဒိုင်း၊မြား၊ဆင့်၊အခင်းတို့ကို ရရှိလာပြန်သည်။ ဤတွင်မှ လက်သမားက သူ့နေရာနှင့်သူ တပ်ဆင်လိုက်သည့်အခါ ဤသည်ကား အိမ်၊ဤသည်ကား ကျောင်းဟူ၍ ခေါ်ဝေါ် သမုတ်လာရသည်။

ထို အိမ်၊ ကျောင်းများရှိ အိမ်ဦးခန်းပဲဖြစ်စေ၊ မီးဖိုချောင်ပဲဖြစ်စေ တပ်ဆင်ထားသည့် သစ်သားတို့ကို စောစောက မြေစိုင်မြေခဲများကို ကိုင်ကြည့်သကဲ့သို့ ကိုင်ကြည့်ပြန်လျှင် ဓာတ်ကြီးလေးပါး အစုသာ တွေ့နိုင်ကြမည် ဖြစ်၏။

ထိုနည်းတူစွာ အမိဝမ်းထဲမှာ ပဋိသန္ဓေ နေလာခဲ့ရပြီး ယခုအချိန်သို့တိုင် ကြီးပြင်းလာရပုံတို့ကို ကလလရေကြည် တည်သည်မှစ၍ တခုစီတခုစီ စိတ်ဖြင့်ဖျက်ကာ တွေးကြည့်လျှင် ပရမတ္ထသဘောကို နားလည် သဘောပေါက် လာနိုင်မည်ဖြစ်၏။

ပရမတ္ထ သစ္စာတရားကို လက္ခဏာအားဖြင့် ရေတွက်လျှင် စိတ် ၁၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန် ၁၊ စုစုပေါင်း ၈၂ ပါး ရှိ၏။

အလွန် သေးငယ်လှသည့် သန်လေးမှအစ မြင့်မိုရ်တောင်မျှကြီးမားသည့် သက်ရှိသက်မဲ့မှန်သမျှ(ပထဝီ၊တေဇော၊အာပေါ၊ဝါယော) ဓာတ်လေးပါး တို့ဖြင့်သာ ဖွဲ့စည်း ထားသည်ကို သဘောပေါက်ပြီး သမ္မုတိသစ္စာက မည်သို့၊ ပရမတ္ထသစ္စာက မည်နှယ် စသည်ဖြင့် ကွဲကွဲပြားပြား သဘောပေါက်လာကြလျှင် လူဖြစ်ကျိုးနပ်သည် ဟူ၍ ဆိုရအံ့ထင်သည်။

အသိမှား၊အမြင်မှား၊အမှတ်မှားသည့်ဝိပလ္လာသတရားသုံးပါးသည် အလွန် ကြောက်စရာကောင်းလှသည့် တရားများဖြစ်၏။ မည်မျှအထိ ကြောက်စရာ ကောင်းသနည်းဆိုလျှင် ဘုရားသခင်ကိုယ်တိုင်က "ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင်" ဥပမာဖြင့် (သက္ကာယ) ငါစွဲတွေဖြုတ်ဖို့ သတိပေးခဲ့သည်မှာ အထင်အရှားဖြစ်၏။

ထို့ကြောင့် ဓမ္မစရိယ မင်္ဂလာတွင် တင်ပြခဲ့သည့် နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိတို့ အယူမှားခဲ့ပုံကို များစွာသတိပြုဖို့ ကောင်းလှသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်ပြီးသည်နှင့် ဘုရားကြီး၊ ဘုရားငယ်ဟူ၍ အခေါ်ခံခဲ့ကြသည့် တိတ္ထိကြီးတို့၏ ဂိုဏ်းဝါဒသည် နိဗ္ဗာန်ရောက်စေနိုင်သော တရားများ၊ အကျင့်များ မဟုတ်ဟူ၍ ဝေဖန် ဟောကြားညွှန်ပြတော်မူခဲ့သည်။

မည်သို့ ဟောကြားခဲ့သနည်း။

လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် (ကာမ၊ ရူပ၊ အရူပ) ဘုံသုံးပါးတို့တွင် ကာမဂုဏ် ချမ်းသာတို့ကိုသာ အာရုံကပ်ငြိပြီး သံယောဇဉ်မီးများကိုသာ အဖန်တလဲလဲ ဘဝတိုင်း ဘဝတိုင်း အားထုတ်တပ်ကြသည်။

ယင်း ကာမဂုဏ်များကို ခံစားနေကြသည့်အတွက် ကိလေသာမှုအညစ်အကြေးတို့သည် မည်သည့်အခါမှ စင်ကြယ်ခြင်းငှာ မစွမ်းနိုင်။ စီးပွားချမ်းသာ မင်္ဂလာတရားတော် များကိုလည်း မဆောင်ရွက်နိုင်။ ပုထုဇဉ်၊ လူပြိန်း၊ လူမိုက်တို့၏ စရိုက်၊ ဓလေ့အကျင့်တို့ကိုသာ အားထုတ် နေကြသည့်အတွက် နိဗ္ဗာန်ချမ်းသာကို မခံစား၊ မထွက်မြောက်နိုင်သော 'ကာမသုခလ္လိ ကာနုယောဂ' အယုတ်တရားများသာ ဖြစ်သည်ဟူ၍ အယုတ်တရားတပါးကို ရှင်းလင်း ဟောပြောခဲ့သည်။

ထို့ပြင် ဘူးခြောင်း၊ တောင်ပို့တို့ကိုမှီ၍ အိပ်ခြင်း၊ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်တော်ခြင်းဖြင့် ကိလေသာများ ခန်းခြောက်လာစေရန် တွေးဆချက်ဖြင့် မိမိကိုယ်ကို နှိပ်ကွပ်ညှင်းပန်းခြင်း

စသည်တို့ကို အဖန်တလဲလဲ အားထုတ်ခြင်းသည် နိဗ္ဗာန်ချမ်းသာကို မခံစား မထွက်မြောက်နိုင်သည့် 'အတ္တကိလမထာ နုယောဂ' အယုတ်တရား တပါးကိုလည်း ရှင်းလင်းဟောပြောခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ယင်း အယုတ်တရား နှစ်ပါးကို ပယ်တော်မူပြီး နိဗ္ဗာန်သို့ ကေန်အမှန် ရောက်ရာ ရောက်ကြောင်းနှင့် အယုတ်တရား နှစ်ပါးတို့၏ အစွန်းမှလွတ်ကင်း၍ အလယ်အလတ် အကျင့်မြတ်ဖြစ်သော 'မဇ္ဈိမပဋိပဒါ' လမ်းစဉ်ဖြစ်သည့် သစ္စာလေးပါး မြတ်တရားများကို သတ္တဝါတို့အား နိဗ္ဗာန် သောင်ကမ်းသို့ ရောက်နိုင်စေရန် မဟာကရုဏာတော်ဖြင့် လမ်းစဉ်ချထားပေးသွားတော် မူခဲ့သည်။

သစ္စာလေးပါးဟူသည် (၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာနှင့် (၄) မဂ္ဂသစ္စာ ဟူ၍ လေးပါး ရှိ၏။

(၁) ဒုက္ခဿ ပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော ဟု ဆိုအပ်သည်နှင့်အညီ ဒုက္ခသစ္စာသည်—

(က) နှိပ်စက်တတ်၏။ နှိပ်စက်ခြင်းလည်း ဖြစ်၏။

(ခ) အဖန်ဖန် ပြုပြင်တတ်၏။ ထူထောင်အပ်၏။

(ဂ) အဖန်ဖန် ပူလောင်စေအပ်၏။ ပူလောင်စေတတ်၏။

(ဃ) ဖရိုဖရဲ ဖောက်လွဲဖောက်ပြန်ဖြစ်၏ဟု ဆိုပါသည်။

(၂) 'သမုဒယဿ အာယူဟနဋ္ဌော၊ နိဒါနဋ္ဌော၊ သံယောဂဋ္ဌော၊ ပလိဗောဓဋ္ဌော ဟု ဆိုအပ်သည်နှင့်အညီ သမုဒယသစ္စာသည်—

(က) ဒုက္ခအမှုများကို စုဆောင်းဆည်းပူးတတ်၏။

(ခ) ဒုက္ခအမှုများကို အမြဲမပြတ် ဆောင်နှင်းတတ်၏။

(ဂ) ဒုက္ခအမှုတို့ဖြင့်သာ အမြဲဖွဲ့နှောင်၏။

(ဃ) ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ယှက် တားမြစ်တတ်၏ဟူ၍ ဆိုပါသည်။

(၃) နိရောဓဿ နိရောဓဿ နိဿရဏဋ္ဌော၊ ပဝိဝေကဋ္ဌော၊ အမတဋ္ဌော၊ အသင်္ခတဋ္ဌော ဟု ဆိုအပ်သည်နှင့်အညီ နိရောဓသစ္စာသည်—

(က) ဒုက္ခဝဋ်မှ ကျွတ်လွတ်၏။

(ခ) နှောင့်ယှက်ခြင်းမှ ကင်းလွတ်ငြိမ်းအေး၏။

(ဂ) ပျက်ဆုံးခြင်းမရှိ။

(ဃ) အဖန်ဖန်ပြုပြင်ခြင်းမရှိဟု ဆိုပါသည်။

(၄) 'မဂ္ဂဿ နိယျာနဋ္ဌော၊ ဟေတုဋ္ဌော၊ ဒဿနဋ္ဌော၊ အဓိပတေယျဋ္ဌောဟု ဆိုအပ်သည်နှင့်အညီ မဂ္ဂသစ္စာသည်—

(က) မဂ္ဂင်ရှစ်ပါး အကျင့်တရားကြောင့် သံသရာဝဋ်မှ ထွက်မြောက်ရ၏။

(ခ) ဖြူစင်မွန်မြတ်သော ဂုဏ်ကျေးဇူးအပေါင်းတို့ကို တည်စေနိုင်၊ ပွားစေနိုင်၏။

(ဂ) သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိမြင်နိုင်၏။

(ဃ) ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာတို့မှ လွတ်မြောက်သည့်အတွက် မိမိအပေါ်၌ မိမိသာ အကြီးအကဲဖြစ်၏ဟူ၍ ဆိုပါသည်။

တင်ပြခဲ့သည့်လေးပါးသော သစ္စာအနက် တပါးတပါးသော သစ္စာတွင် အနက်လေးချက်ကျစီရှိသဖြင့် စုစုပေါင်း သစ္စာလေးပါး အနက် ၁၆ ချက်ရှိသည်ကို ကောင်းစွာ သိမြင်နိုင်ကြလျှင် သမ္မာဒိဋ္ဌိ ဖြစ်နိုင်သည်။

ဒုက္ခသစ္စာဟူသည် ဘဝအတိတ်ကံကြောင့် ရရှိလာသော ရုပ်ခန္ဓာတွင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ခြေလက် စသည့် ခန္ဓာတခုလုံး၊ ကိုယ်ထည်တခုလုံးသည် ပဋိသန္ဓေတည်နေသည်မှ စ၍ ရုပ်ခန္ဓာတခုလုံး သေဆုံးပျက်ပြုန်း သွားသည့်တိုင် ရောဂါဝေဒနာကြီးငယ်တို့၏ ဖိစီးနှိပ်စက်ကြသည့် ဘေး၊ မချစ် မနှစ်သက်သူ အရာဝတ္ထုတို့နှင့် အတူနေရသည့် ဘေး၊ ချစ်ခင်မြတ်နိုးသူ အရာဝတ္ထုတို့နှင့် ကွေးကွင်းရသည့် ဘေး၊ ဆံဖြူ၊ သွားကျိုး၊ ခါးကိုင်း၊ နားထိုင်း၊ မျက်စိမှုံ၊ အကြောဆွဲ၊ ခြေသေ၊ လက်သေ၊ အိုမင်းရင့်ရော်ရသည့်ဘေး၊ လူသတ္တဝါဟူ၍ဖြစ်လာပြီးနောက် သက်တမ်းစေ့သည်၊ မစေ့သည် မဟုတ်မူပဲ တဘဝ တဘဝတိုင်းတွင် တခါတခါ ဆင်းရဲပင်ပန်းစွာဖြင့် သေဆုံးရသည့် ဘေး စသည်ဖြင့် မိမိအလိုကျ ဖြစ်မလာပဲ ဆင်းရဲဒုက္ခ အမျိုးမျိုးဖြင့် ရင်ဆိုင်နေရခြင်းသည် ဒုက္ခသစ္စာ မည်၏။

ထို့ပြင် ခန္ဓာကိုယ်တခုလုံးတွင် ဖောက်လွဲ ဖောက်ပြန်ဖြင့် ဆင်းရဲဒုက္ခအမျိုးမျိုးကို ရင်ဆိုင် တွေ့ကြုံနေရဘိသို့ နာမ်ခန္ဓာဖြစ်သည့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသည့် စိတ်၊ စေတသိက်တို့သည်လည်း အသက်ရှင်လာသည့်နေ့မှစ၍ သေဆုံးအသက်ထွက်သည့်တိုင် အလိုရှိလျက် မပြည့်စုံကြ၍ စိတ်ဆင်းရဲရခြင်း၊ ပူဆွေးရသည့်သောက၊ ငိုကြွေးရသည့် ပရိဒေဝ၊ ကိုယ်၏

ဆင်းရဲခြင်း၊စိတ်၏ဆင်းရဲခြင်း ဖြစ်ရသည့် ဒေါမနဿ၊ ပြင်းစွာ ပူပန်ရသည့် ဥပါယာသ စသည့် စိတ်ဆင်းရဲခြင်း၊ နှိပ်စက်ခြင်း များကို နာမ်ခန္ဓာအားဖြင့် မခံစား လိုငြားလည်း ခံစားနေရ ခြင်းသည် ဒုက္ခသစ္စာပင် ဖြစ်၏။

(၂) သမုဒယသစ္စာ ဟူသည် မိမိ၏ ခန္ဓာကိုယ် တခုလုံး မပျက်စီး၊ မဖောက်ပြန်၊ တည်တန့်ဟန်ဖြင့် ထင်မှတ် မှားကာ ကာမဂုဏ် အာရုံတို့ကို တွယ်တာ မက်မောတတ်ကြ၏။ ချစ်ခင် နှစ်သက်ကြ၏။ သားသမီး၊ အဆွေ အမျိုး တို့ကိုလည်း ချစ်ခင် နှစ်သက်ကြ၏။ တိုက်တာ၊အိုး၊ အိမ်၊ စိန်ရွှေ၊ လက်ယာ ခြံမြေ စသည့်ဥစ္စာပစ္စည်းတို့ကိုလည်း ခုံမင်နှစ်သက်ကြ၏။အာရုံငါးပါး ဖြစ်သောမျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ် စသည်တို့ကလည်း ကောင်းသည့်အမြင်၊ ကောင်းသည့်အကြား၊ ကောင်းသည့်အနံ့၊ ကောင်းသည့်အရသာ၊ ကောင်းသည့်အတွေ့အထိ မှန်သမျှတို့ကို လိုချင်ကြ၏။နှစ်သက် စွဲလမ်းတတ်ကြ၏။ရာထူးဂုဏ်၊ပစ္စည်းဂုဏ်၊ ဆွေမျိုးဂုဏ်၊ပညာဂုဏ်များမှာလည်းမပျက်စီးတော့ဟုယူဆကာ စွဲလမ်းနှစ်သက်ကြ၏။ သေဆုံးသွားကြသည့်တိုင် လူချမ်းသာ၊ နတ်ချမ်းသာအစရှိသောကာမတဏှာ၊ဘဝတဏှာ၊ဝိဘဝတဏှာ တို့ကို အကြောင်းရင်းခံ၍ လိုချင်နှစ်သက် စွဲလမ်းကြခြင်းသည် သမုဒယသစ္စာမည်၏။

ယင်းသို့ ကာမဂုဏ် အာရုံများကို သမုဒယအားဖြင့် စွဲလမ်း နှစ်သက်နေကြသည့် သတ္တါတို့သည် ဘုံသုံးဆယ့်တစ်တွင် ကရွတ် ကင်းလျှောက်သကဲ့သို့ အပါယ်လေးဘုံသို့ ထိုးဆင်းသည့်အခါ ဆင်းလိုက်၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံသို့ တက်လာသည့် အခါ

တက်လာလိုက်ဖြင့် စုန်ကာ ဆန်ကာ သံသရာ ဝဲဩဃမှ မထွက်နိုင်အောင် ရှိနေကြသည်။

(၃) နိရောဓသစ္စာဟူသည် အထက်၌ တင်ပြခဲ့သည့် လိုချင်နှစ်သက်မှု၊ စွဲလမ်းမှုတို့မှ ကင်းရှင်းသော နိဗ္ဗာန်ဟူသည် အမှန်ရှိ၏။နိဗ္ဗာန်ဟူသည် ခန္ဓာကိုယ်တခုလုံးအား နှိပ်စက် ညှဉ်းပန်းနေကြသည့် ဘေးလည်း မရှိ။ စိတ်၊စေတသိက်အားဖြင့် ပူဆွေးငိုကြွေးနေရသည့် စိတ်၏ဆင်းရဲမှုလည်း မရှိ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊အသူရကာယ် စသည့် ဒုက္ခဆင်းရဲကြီးစွာ ခံစားနေရသည့် ဘေးလည်း မရှိ။ သတ္တလောကကြီး အတွင်း လူ၊နတ်၊ ဗြဟ္မာဟူသော ခန္ဓာမျိုးလည်း မဖြစ်။ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊သေရခြင်း ဒုက္ခအပေါင်းတို့မှ ချုပ်ငြိမ်းရာဌာနသည် နိရောဓသစ္စာ မည်၏။

ဤအရာ၌ နိဗ္ဗာန်၏ အတ္ထုပ္ပတ္တိ ဥပမာစကားကို မိလိန္ဒပဉှာကျမ်း၌ ဤသို့လာ၏။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်၊နိဗ္ဗာန်ကိုတစုံတခုသော အကြောင်းသည် မပြုအပ်သလော။

အရှင်နာဂသိန်။ ။မင်းကြီး၊ နိဗ္ဗာန်ကို တစုံ တခုသော အကြောင်းသည် မပြုအပ်၊နိဗ္ဗာန်ကိုဖြစ်ဆဲဟူ၍လည်း မဆိုအပ်၊ ဖြစ်လတ္တံ့ ဟူ၍လည်း မဆိုအပ်၊ ဖြစ်ပြီးဟူ၍လည်း မဆိုအပ်၊ အတိတ်ကာလဟူ၍လည်း မဆိုအပ်၊အနာဂတ်ကာလဟူ၍လည်း မဆိုအပ်၊ပစ္စုပ္ပန် ကာလ ဟူ၍လည်း မဆိုအပ်၊ မျက်စိဖြင့်လည်း မမြင်အပ်၊ နားဖြင့်လည်း မကြားအပ်၊ နှာခေါင်းဖြင့် လည်း

မနမ်းအပ်၊လျှာဖြင့်လည်း မလျက်အပ်၊ ကိုယ်ဖြင့်လည်း မတွေ့အပ်၊ နှလုံးဖြင့်လည်း မသိအပ်ဟု အရှင်နာဂသိန်က ဆို၏။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်၊ သို့ဖြစ်ခဲ့သော် နိဗ္ဗာန်မရှိသည် ဖြစ်ခဲ့၏တကား။

အရှင်နာဂသိန်။ ။မင်းကြီး၊ နိဗ္ဗာန်ကား မရှိသည်လည်း မဟုတ်၊ နိဗ္ဗာန်ကား ရှိသော တရားပင်တည်း။ မင်းကြီး နိဗ္ဗာန်ကိုကား မဂ်ဖိုလ် ရပြီးသော အရိယာ ပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်သာ မြင်နိုင်သတည်း။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်သာ သိနိုင်သတည်း။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်၊ အကြောင်း ဥပမာဖြင့် အကျွန်ုပ်အား ပြပါလော့၊ အကျွန်ုပ်အား သိပါစေလော့ဟု လျှောက်၏။

အရှင် နာဂသိန်။ ။မင်းကြီး၊ အကြောင်း ဥပမာဖြင့် သိစေအံ့။ရှိသေစွာ နာလော့၊ မင်းကြီး လေသည် ရှိ၏လော။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်၊ လေသည် ရှိ၏။

အရှင် နာဂသိန်။ ။မင်းကြီး၊ထိုလေကို ငါ့အားပြဘိလော့။ ထိုလေကား သရုပ်သဏ္ဌာန်ဖြင့် ငယ်သလော၊ ကြီးသလော။ ရှည်သောသဏ္ဌာန်ရှိသလော၊ တိုသောသဏ္ဌာန် ရှိသလော။

မိလိန္ဒမင်းကြီး။ ။အနာဂသိန်၊ လေကို အကျွန်ုပ် ပြအံ့သော ငှာ မတတ်နိုင်ချေ။လေကို လက်ဖြင့်လည်း မယူကောင်း၊ ခြေဖြင့်လည်း မနင်းကောင်းသည် ဖြစ်၏။

အရှင်နာဂသိန်။ ။မင်းကြီး၊ ထိုသို့ တပြီးကား လေသည် မရှိသလော။

မိလိန္ဒမင်းကြီး။ ။ အရှင်နာဂသိန်၊ လေသည်ရှိ၏ဟူ၍ကား အကျွန်ုပ်သိ၏။ ထိုလေကို သရုပ်သဏ္ဍာန်ဖြင့် ပြအံ့သောငှာကား အကျွန်ုပ် မတတ်နိုင်ချေ။

အရှင်နာဂသိန်။ ။ မင်းကြီး၊ ထို့အတူလည်းကောင်း၊နိဗ္ဗာန် သည်ကား ရှိ၏။နိဗ္ဗာန်၏ အဆင်းသဏ္ဍာန်ကိုကား ပြအံ့သောငှာ မတတ်နိုင်ရာဟု အရှင်နာဂသိန်က မိန့်တော်မူ၏။

မိလိန္ဒမင်းကြီး။ ။ အရှင်နာဂသိန်၊ ကောင်း၏။ အရှင် နာဂသိန် ဆိုတိုင်း အကျွန်ုပ် ဝန်ခံ၏ဟု လျှောက်လေ၏။

နိဗ္ဗာန်ဟူသည် အရိယာ သူတော်ကောင်းတို့သာ ကိုယ်တွေ့ မျက်မှောက်ပြုနိုင်၊ သိနိုင်စွမ်းသာ ရှိသည်ဆိုငြားလည်း ပုထုဇဉ် ပုဂ္ဂိုလ်တို့အဖို့လည်း အနုမာနနည်းဖြင့် မျှော်မှန်း တွေးတော ကြံဆပြီး အာရုံပြု သိနိုင်ကြလေသည်။ သို့ရာတွင် အရိယာ ပုဂ္ဂိုလ်ထူးတို့ တွေ့မြင်နိုင်သကဲ့သို့ လင်းလင်းထင်ထင် ကိုယ်တွေ့ မျက်မှောက် တွေ့နိုင်၊ မြင်နိုင် ကြမည်မဟုတ်ချေ။

နိဗ္ဗာန်အကြောင်း ထင်ရှားစွာ ပြောပြပါ ဆိုခဲ့သော် အရိ ယာ သူတော်ကောင်းတို့ ကျင့်ကြံအားထုတ်ပြီး မျက်မှောက်ပြု သွားဘိသို့ မိမိတို့ကလည်း နိဗ္ဗာန်ကို တကယ် လိုလားတောင့်တ အလိုရှိကြပါလျှင် အရိယာများ ကျင့်ကြံအားထုတ် အောင်မြင် သကဲ့သို့ အားထုတ် ရယူနိုင်ကြပေသည်။ ထန်းလျက်ခဲသည် ချို၏ဟု လူတကာတို့ ပြောဆိုနေကြသည်ကို မှန်းဆယုံကြည်နေ ရသည်ထက် မိမိကိုယ်တိုင် လက်တွေ့စားသုံးကြည့်လျှင် ထန်းလျက် ခဲ၏ အရသာကို ဒိဋ္ဌသိလာနိုင်မည်ဖြစ်၏။ အလားတူ နိဗ္ဗာန် ဟူသည် မည်မျှအေးငြိမ်းလှသည့် ဓာတ်မျိုးရှိသည်ကို ကွဲကွဲ ပြားပြား သိမြင်လာနိုင်မည်ဖြစ်၏။

မဂ္ဂသစ္စာသည် နိဗ္ဗာန်ရောက်ကြောင်း အားထုတ်ရမည့် မဂ္ဂင်တရား ရှစ်ပါးတို့ဖြစ်၏။

မဂ္ဂင်တရား ရှစ်ပါးမှာ....

(၁) သမ္မာဒိဋ္ဌိ=မှန်ကန်သည့် အယူအမြင်။
(၂) သမ္မာသင်္ကပ္ပ=မှန်ကန်သည့် အကြံ။
(၃) သမ္မာဝါစာ=မှန်ကန်သည့် စကား။
(၄) သမ္မာကမ္မန္တ=မှန်ကန်သည့် အလုပ်။
(၅) သမ္မာအာဇီဝ=မှန်ကန်သည့် အသက်မွေးခြင်း။
(၆) သမ္မာဝါယာမ=မှန်ကန်သည့် ဝီရိယ။
(၇) သမ္မာသတိ=မှန်ကန်သည့် သတိ။
(၈) သမ္မာသမာဓိ=မှန်ကန်သည့် တည်ငြိမ်မှု။

"နိဗ္ဗာနတ္ထိကေဟိ ဂမ္ဘတိ ပဋိပဇ္ဇိတိတိ မဂ္ဂေါ" = အကြင်တရားသည် နိဗ္ဗာန်တရားကို လိုလား ခုံမင်သူတို့အား ဦးစွာဆိုက်ကပ်ပြီး ရောက်အပ်၊ သိအပ်၏။ ထို့ကြောင့် မဂ္ဂင်တရား ရှစ်ပါးသည် မဂ်မည်၏။ ဤသို့ ဆိုထားသည်နှင့်အညီ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုကြပါလျှင် မဂ္ဂင်ရှစ်ပါး တရားတို့ကို အားထုတ်ကြရပါမည်။

အထက်၌ တင်ပြခဲ့သည့် သမ္မာဒိဋ္ဌိအစ သမ္မာသမာဓိအဆုံး မဂ္ဂင်ရှစ်ပါးတို့သည် ပြောစဉ်မျှသာ ဖြစ်၏။ တကယ် ကျင့်ကြံအားထုတ်လာသည့်အခါ အစီအစဉ်အတိုင်း မဟုတ်မူပဲ ရှေးဦးစွာ သီလမဂ္ဂင်သုံးပါး ဖြစ်ကြသည့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်သုံးပါးတို့ဖြင့် ပြည့်စုံဖို့လိုပါသည်။

သီလမဂ္ဂင်သုံးပါး ပြည့်စုံပြီးလျှင် "သမာဓိ မဂ္ဂင်သုံးပါး" ဖြစ်သည့် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဖြစ်သည့် မဂ္ဂင်သုံးပါးကို ဒုတိယအဆင့်အားဖြင့် သမာဓိပြည့်စုံဖို့ လိုပါသည်။

တဖန် သမာဓိပြည့်စုံလာလျှင် "ပညာမဂ္ဂင်နှစ်ပါး"ဖြစ်သည့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးကို တတိယအားဖြင့် ပြည့်စုံမှသာ နိဗ္ဗာန်ကို တွေ့မြင်နိုင်မည် ဖြစ်ပေသည်။

သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင် သုံးပါးတို့ကို တနည်းအားဖြင့် "သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ"ဟူ၍ ခေါ်ဆိုနိုင်ပေသည်။

နိဗ္ဗာန်ကို အမှန်တကယ်အရောက်သွားလိုသော၊ တကယ်ပင်လိုလားတောင့်တနေသော သူတော်စင်တို့သည်လမ်းနှစ်သွယ်ဖြင့် နိဗ္ဗာန်သို့ သွားနိုင် ရောက်နိုင်ပေသည်။ယင်း လမ်းနှစ်သွယ်မှာ "ချာန်လမ်း"ခရီးနှင့် "ဉာဏ်လမ်း" ခရီးတို့ဖြစ်ကြ၏။

ယင်း လမ်းနှစ်သွယ်အနက်—

(၁) သမထ ယာနိက လမ်းသည် ကမ္မဋ္ဌာန်းခေါင်း ၄၀ ရှိသည့်အနက်မှ မိမိကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းတခုခုကို အပ္ပနာချာန်အဆင့်သို့ ရောက်အောင် အားထုတ်ရမည်။ ထိုသို့ အားထုတ်၍ သမာဓိ အလွန်ကောင်းနေချိန်တွင် ဝိပဿနာဖြစ်သည့် ရုပ်နာမ် သင်္ခါရတရားတို့ကို ကူးပြောင်း ရှုမှတ်အားထုတ်ယူရသည့် နည်းဖြစ်၏။

(၂) သုဒ္ဓဝိပဿနာယာနိက လမ်းသည် မဟာသတိပဋ္ဌာန်တရားလေးပါးအနက် (၁) ကာယာနုပဿနာ၊ (၂)ဝေဒနာ

နုပဿနာ၊ (၃) စိတ္တာနုပဿနာ၊ (၄) ဓမ္မာနုပဿနာဟု ဆိုအပ်သည့် ကမ္မဋ္ဌာန်း လေးမျိုးမှ ကာယကို အမှီပြု၍အားထုတ် အားထုတ်၊စိတ်ကိုအမှီပြု၍ အားထုတ်၊အားထုတ် မိမိကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းတခုခုကို သတ်မှတ်ပြီး ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ပျက်မှု၊မမြဲသည့် အနိစ္စသဘော၊ ဆင်းရဲသည့် ဒုက္ခသဘော၊ မိမိအလိုသို့ မလိုက်သည့် အနတ္တသဘောတို့ကို မဂ္ဂင်ရှစ်ပါး ယာဉ်ရထားစီးပြီး ဘာဝနာဉာဏ် ဖြစ်ပေါ်လာအောင် အားထုတ်ယူရသည့်နည်းဟူ၍ လမ်းနှစ်သွယ်ရှိသည်။

နိဗ္ဗာန်ကို အရောက်သွားရာ ယင်းလမ်းနှစ်သွယ်အနက် ဘုရားသခင် လက်ထက်တော်အခါက သမထယာနိက လမ်းဖြစ်သည့် သမထ တရားများကို အားထုတ်၍ ဈာန် အဘိညာဉ် တန်ခိုးဣဒ္ဓိပါဒ်တို့ကို ရရှိပြီးမှ ဝိပဿနာသို့ ကူးပြောင်း ရှုမှတ် အားထုတ်သည်။ ထိုသို့ ရှုမှတ်အားထုတ်ယင်းဖြင့် ရဟန္တာဖြစ်သွားသည့် လမ်းခရီးကို အလိုက်များကြသည်။

သို့ရာတွင် သာသနာတော် နောက်ပိုင်း ဈာန်ခြောက်နေသည့် မျက်မှောက်ခေတ်အချိန်မျိုးတွင် သမထယာနိက လမ်းမလိုက်တော့ပဲ ဝိပဿနာယာနိက လမ်းတို့ဖြင့်သာ အားထုတ်ကျင့်ကြံကြသည်ကို တွေ့ရသည်။

သမထကမ္မဋ္ဌာန်းသည် လွယ်လွယ်ဖြင့် အားထုတ်၍ ရနိုင်စရာကောင်းသော ကမ္မဋ္ဌာန်း မဟုတ်ပေ။အလွန် သမာဓိ အားကောင်းလာအောင် ရက်ရှည်လများ အားထုတ်နိုင်ပါမှ ဈာန်အင်္ဂါတို့ဖြင့် ပြည့်စုံလာနိုင်မည်ဖြစ်၏။ယင်းသို့ ဈာန်အင်္ဂါတို့ဖြင့် ပြည့်စုံလာအောင်မှာ ဈာန်အဆင့်များကို တဆင့်ပြီး တဆင့် တက်ယူလာရခြင်း ဖြစ်၏။

သမထယာဉ်ကိုကလမ်းဖြင့် နိဗ္ဗာန်သို့အရောက်သွားလိုကြသော ပုဂ္ဂိုလ်မှန်သမျှ သမထကမ္မဋ္ဌာန်းပေါင်း ၄၀ ရှိသည့်အနက်မှ တခုခုကို အပ္ပနာစျာန်အဆင့် ရောက်ရှိသည့်တိုင် အားထုတ်ယူကြရမည်ဖြစ်သဖြင့် သမထ ကမ္မဋ္ဌာန်း ၄၀ ကို သိဖို့လိုအပ်မည်ဖြစ်သည်။

(၁) ကသိုဏ်း ၁၀ ပါးဟူသည် ရေ၊ မြေ၊ လေ၊ မီး၊ အညိုရောင်၊ အဝါရောင်၊ အနီရောင်၊ အဖြူရောင်၊ ကောင်းကင် အလင်းရောင် စသည့်ဆယ်ပါးသော ကမ္မဋ္ဌာန်း ဖြစ်၏။

(၂) အသုဘ ၁၀ ပါးဟူသည် ဖူးဖူးရောင်နေသော အပုပ်ကောင်၊ သွေးပြည်ယိုစီးရသော အပုပ်ကောင်၊ လက်နက်ဖြင့် ထိုးခုတ်၍ ရုပ်ပျက် ဆင်းပျက် ဖြစ်နေသော အပုပ်ကောင်၊ ခွေးတို့၊ လင်းတတို့ စားနေသော အပုပ်ကောင် အရိုးစုအမျိုးမျိုး စသည့် ဆယ်ပါးသော ကမ္မဋ္ဌာန်းဖြစ်၏။

(၃) အနုဿတိဟူသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သီလ၊ စာဂ၊ ဒေဝတာ၊ ဥပသမ၊ မရဏ၊ ကာယဂတာ၊ အာနပါန စသည့် ဆယ်ပါးသော ကမ္မဋ္ဌာန်း ဖြစ်၏။

(၄) အပ္ပမညာဟူသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဖြစ်သည့် လေးမျိုးသော ဗြဟ္မဝိဟာရ တရား ကမ္မဋ္ဌာန်း ဖြစ်၏။

(၅) ပဋိကူလသညာ ဟူသည် အစားအစာတို့ကို ရွံရှာဖွယ် အားဖြင့် ရှုရသည့် ကမ္မဋ္ဌာန်း ဖြစ်၏။

(၆) ဝဝတ္ထာန် ဟူသည် ခန္ဓာကိုယ်၌ ရှိသည့် ဓာတ်ကြီး လေးပါးနှင့် ၃၂ ကောဋ္ဌာသများကို တခုစီ ခွဲခြမ်း စိတ်ဖြာ၍ ရှုမှတ်ရသည့် ကမ္မဋ္ဌာန်း ဖြစ်၏။

(၇) အာရုပ္ပ ဟူသည် "အရူပဗြဟ္မာ" သို့မဟုတ် နာမ်သက်သက်သာရှိသော ဗြဟ္မာကြီးများ ဖြစ်အောင် အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာ နာသညာယတနစျာန် ဖြစ်သည့် စျာန်ဘုံလေးခုသို့ ရောက်အောင် အဆင့်ဆင့် အားထုတ် ယူရသည့် ကမ္မဋ္ဌာန်း ဖြစ်၏။

ဖော်ပြခဲ့သည့် သမထ ကမ္မဋ္ဌာန်း ၄၀ ကို စုပေါင်းရေတွက်လိုက်လျှင် ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ အနုဿတိ ၁၀ ပါး၊ ဗြဟ္မဝိဟာရ ၄ ပါး၊ ပဋိကူလသညာ ၁ ပါး၊ ဝဝတ္ထာန် ၁ ပါး၊ အာရုပ္ပ ၄ ပါး ဖြစ်၏။

သမထကမ္မဋ္ဌာန်း ၄၀ အားလုံး အားထုတ်ပုံအားထုတ်နည်းများကို တခုစီ၊ တကန့်စီ၊ တပိုင်းစီ၊ ရှင်းလင်း တင်ပြရလျှင် ကျမ်း တ စောင် လောက် ပင် ကျယ် ဝန်း လှ သည့် အ တွက် ကသိုဏ်း ၁၀ ပါး အနက်မှ "ပထဝီ" ကသိုဏ်းရှုပွားပုံနှင့် အပ္ပမညာဟုဆိုအပ်သည့် ဗြဟ္မဝိဟာရတရားလေးပါးမှ "မေတ္တာကမ္မဋ္ဌာန်း" ရှုပွားပုံနည်းများကို ကိုယ်တိုင် ကိုယ်ကျ အားထုတ်တတ်လာအောင် တင်ပြပါမည်။

## ပထဝီကသိုဏ်းရှုပွားနည်း

ပထဝီ ကသိုဏ်း ရှုပွားလိုသူသည် ပြုလုပ် စီမံထားသော စကောအရွယ်ရှိ မြေပုံသဏ္ဌာန် ကသိုဏ်းအဝန်းတခုလိုပါသည်။ မြေပုံသဏ္ဌာန် ကသိုဏ်း အဝန်း မပြုလုပ်လိုလျှင် တတောင်ပတ်လည်ရှိ မြေပြင်ကိုကြည့်ပြီးပွားများက ဖြစ်နိုင်ပါသည်။

ပထဝီကသိုဏ်းပွားမည့် ပုဂ္ဂိုလ်သည် အသင့် ပြုလုပ်စီမံထားသည့် မြေပုံသဏ္ဍာန် ကသိုဏ်းဝန်းကို ဖြစ်စေ၊ ပကတိမြေပြင်ကို အနည်းငယ်မြင့်သည့် နေရာမှ မျက်စိဖြင့် မမှိတ်မသုံ စူးစိုက်၍ ကြည့်နေရမည်။ ထိုသို့ စူးစူးစိုက်စိုက် ကြည့်ပြီးနောက် စိတ်ထဲက "ပထဝီ-ပထဝီ" ဟူ၍ မှတ်မှတ်၊ "မြေကြီး-မြေကြီး" ဟူ၍ မှတ်မှတ်၊ မည်သို့ပင် မှတ်မှတ် တခြားသို့ အာရုံ မပြန့်စေရပဲ မြေပေါ်မှာသာ တခုတည်းသော စိတ်ရောက်ပြီး အဖန်ဖန် နှလုံးသွင်းပွားများရပါမည်။

မြေကသိုဏ်းကို ပကတိမြေပြင်ထက်အကျယ်အဝန်းအားဖြင့် တပေအထက်မပိုသော မြေသားတို့ကို ဂုပ်ပြား ပြုလုပ်ကပ်ထားရပါမည်။ ထို့နောက် ယင်းမြေဂျပ်ပြား၏ ကလနားများတွင် ပတ်ပတ်လည် အဖြူရောင် ဆေးခြယ်ထားရပါမည်။ သို့မှသာ ထိုမြေအပေါ်မှာ အာရုံစူးစိုက်မှုရရှိနိုင်ပါသည်။

ထိုသို့ မြေကသိုဏ်းဝန်း ပြုလုပ်ပြီးပါက ဆိတ်ငြိမ်ရာ အရပ်တွင် ယောကျ်ား ဖြစ်လျှင် တင်ပြင်ခွေထိုင်၍ မိန်းမဖြစ်လျှင် ကြုံ့ကြုံ့ ယုံ့ယုံ့ ထိုင်ရပါမည်။ ထိုသို့ ထိုင်ကြပြီးနောက် ရတနာသုံးပါးအားကန်တော့ခြင်း၊ ပြစ်မှားမိခဲ့သည့်အပြစ်တို့ကို ခွင့်တောင်းခြင်း၊ သတ္တဝါ အပေါင်းအား မေတ္တာပို့ အမျှဝေခြင်း စသည့် "ပရိကံ" အမှုတို့ကို ပြုလုပ်ရပါမည်။ ထို့နောက် ကြိုတင် စီမံပြုလုပ်ထားသည့် မြေကသိုဏ်းပုံစံကို မိမိ ကြည့်လျှင် အနေတော်ဖြစ်မည့်နေရာ၌ ချထားရပါမည်။ ဤသို့ ချထားပြီးနောက် မိမိ၏စိတ်ကို တခြားသော အာရုံများဆီသို့ မရောက်စေပဲ ကသိုဏ်းဝန်းမှာသာ မမှိတ်မသုံ စူးစိုက်စွာ ကြည့်ပြီး

ပထဝီဟူ၍ဖြစ်စေ၊ မြေကြီးဟူ၍ဖြစ်စေ စိတ်ကမှတ်၍ အဖန်ဖန် တလဲလဲ နှလုံးသွင်း ပွားများရပါမည်။

ဤသို့ ပွားများ၍ ရက်အတော် အတန် ရလာသောအခါ မိမိ အာရုံ စူးစိုက် ကြည့်ရှုနေသည့် ကသိုဏ်းဝန်း နိမိတ်သည် မျက်စိကို မှိတ်ထားသည့်အခါ၌ပဲ ဖြစ်ဖြစ် အခြား တပါးသို့ လှည့်ပြောင်းကြည့်လိုက်သည့်အခါ၌ပဲဖြစ်ဖြစ်၊ အမြဲတစေ မျက်စိ ထဲတွင် နိမိတ်တို့ထင်ဟပ်တွေ့မြင်နေမည် ဖြစ်ပါသည်။ ထိုအချိန် တွင် အားထုတ်နေသည့် ယောဂီအဖို့ "ဥဂ္ဂဟနိမိတ်" ထင်လာပြီ ဟူ၍ ဆိုနိုင်ပါသည်။

ယခုကဲ့သို့ ထင်လာသည့် ဥဂ္ဂဟ နိမိတ်ကိုပင် ထပ်တလဲလဲ ဆက်လက်ပွားများနေပါက ကသိုဏ်းဝန်းမှာ အရောင်အဆင်း နှင့်တကွ ပကတိ ကြည့်နေရသကဲ့သို့ မည်သည့်နေရာကိုပဲ ကြည့် ကြည့်၊ မျက်စိထဲလိုက်ပါပြီးသန့်ရှင်းကြည်လင်စွာပေါ်လာသည့် အတွက် ယောဂီအဖို့ "ပဋိဘာဂနိမိတ်" သို့ သက်ဝင်ပြီး ဥပစာရ သမာဓိသည် တည်ငြိမ်စွာ ဖြစ်ပေါ်၍ လာပါသည်။ ဥပစာ သမာဓိရသည်ဟူ၍လည်း ဆိုနိုင်ပါသည်။

ထိုသို့ ရရှိပြီးအပ်သည့် ဥပစာရသမာဓိသည် နီဝရဏ တရား ငါးပါးတို့မှ ကင်းကွာနေချိန် ဖြစ်သဖြင့် ဥပစာရသမာဓိသို့ ရောက်ရှိပြီးနေသည့် ယောဂီသည် စျာန်အဘိညာဉ်တို့ကို မမျှော် မှန်းပဲ သံသရာဝဋ်ဒုက္ခမှ အမြန်ကျွတ်လွတ်လိုလျှင် ဝိပဿနာသို့ ကူးပြောင်း ရှုဆိုက်သည် ဟူ၍ မဟာ ဋီကာတွင် ဖွင့်ဆိုထား ပါသည်။

အကယ်၍ စျာန်တရားတို့ကို အလိုရှိပါက မိမိ ရရှိပြီး ဖြစ်သည့် ပဋိဘာဂနိမိတ်တို့ကိုသာ အဖန်တလဲ ထပ်ကာထပ်ကာ ဆက်လက်ပွားများနေခဲ့လျှင် "အပ္ပနာသမာဓိ"အဆင့်ဖြစ်သည့် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟု ဆိုအပ်သည့် စျာန်အင်္ဂါငါးပါးဖြင့်ပြည့်စုံလာမည်ဖြစ်သည်။ ထိုသို့ပြည့်စုံလာသည့် အတွက် ပထမစျာန် အဆင့်သို့ ရောက်ပြီး သေလွန်သည့်အခါ ကာမဘုံတို့တွင် အကျိုးမပေးတော့ပဲ ရူပဗြဟ္မာဘုံ၌သာ သက်တမ်းရှည်စွာဖြင့် ဗြဟ္မာကြီးများ ဖြစ်လာနိုင်ပါသည်။

ယောဂီသည် ပထမစျာန်ဖြင့် မတင်းတိမ်နိုင်သေးပဲ ဒုတိယစျာန်သို့တက်လိုလျှင် မိမိရရှိပြီးဖြစ်သည့် ပထမစျာန်ကို (ဝသီဘော်)အလေ့အကျင့် လျင်မြန်စေရန် အဖန်တလဲလဲ ထပ်မနားအားထုတ်ရပါမည်။ ယင်းသို့ အားထုတ်ပြီး၍ ခိုင်မာလာသည့် အခါ ဝိတက် ဝိစာရတရားတို့ကို အပြစ်မြင်လာမည်။ တဖန် ထိုအပြစ်များမှ လွန်မြောက်အောင် အားထုတ်လာသည့်အခါ ဒုတိယစျာန်အဆင့်သို့ တက်လှမ်းရောက်ရှိနိုင်မည် ဖြစ်ပါသည်။

ထိုမှ တတိယစျာန်နှင့်စတုတ္ထစျာန်တို့ကို တက်လှမ်းလိုကြလျှင် ပီတိနှင့် သုခတရားတို့ကို သူ့စျာန်အလိုက် ဆက်လက်အားထုတ်ယူပြန်သည့်အခါ တတိယစျာန်နှင့် စတုတ္ထစျာန်များသို့ရောက်ရှိပြီး ဥပေက္ခာနှင့် ဧကဂ္ဂတာ စျာန်အင်္ဂါ နှစ်ပါးသာ ကျန်ရှိပါတော့သည်။

ရူပဗြဟ္မာဘုံများသို့ ရောက်စေနိုင်သော သမထ တရားများ အားထုတ်ပြီး၍ နာမ်သက်သက်သာရှိသည့် အရူပ ဗြဟ္မာ့ လေးဘုံသို့ တက်လှမ်းလိုပြန်လျှင် တင်ပြပြီးခဲ့သည့် အာရုပ္ပ သမထ ကမ္မဋ္ဌာန်းများကို ပွားများပါက အရူပဗြဟ္မာကြီးများ ဖြစ်နိုင်

ကြပါသည်။ မည်သည့်စျာန်သို့ပင် ဆိုက်ရောက်သည် ဖြစ်စေ၊ ဝိပဿနာကိုပြောင်း၍ အားထုတ်ပါက သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့်တကွ ရဟန္တာအထိ ဖြစ်နိုင်ကြပါသည်။

သမထကမ္မဋ္ဌာန်း ၄၀ ထဲမှ ပထဝီကသိုဏ်းရှုနည်းကို တင်ပြပြီးသည့်နောက် ဆက်လက်၍ မေတ္တာဘာဝနာ ပွားများပုံကို တင်ပြပါဦးမည်။

## မေတ္တာ ဘာဝနာ စီးဖြန်းနည်း

ဗုဒ္ဓဘာသာဝင်မှန်သမျှ ဘုရားဝတ်တက်တိုင်း ဝေနေယျသတ္တဝါအများကို မေတ္တာပို့လေ့ရှိကြပါသည်။ ဝတ်အသင်းများကလည်း မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော် ပို့သလေ့ရှိကြပါသည်။ ဤကဲ့သို့ မေတ္တာပို့နေကြခြင်းသည် ကုသိုလ်ရကြပါ၏။ သို့ရာတွင် မေတ္တာပို့ရုံသာပို့ပြီး ဘာဝနာစီးဖြန်းသည့်အဆင့်အထိ မဖြစ်ကြသေးပါ။

မေတ္တာပို့ရသည့်အကျိုးသည် ၁၁ ပါးရှိသည်။ သာမန်ဘုရားဝတ်တက်ချိန်တွင် ပို့နေသည့် မေတ္တာမျိုးဖြင့် မဟုတ်ပဲ သမထကမ္မဋ္ဌာန်း စီးဖြန်းသကဲ့သို့ ဝိသုဒ္ဓိမဂ်မှာ လာရှိသည့်အတိုင်း စီးဖြန်းအားထုတ်ကြမည်ဆိုလျှင် ပို၍ အကျိုးထူးကို ရရှိနိုင်ပါသည်။

မေတ္တာ ကမ္မဋ္ဌာန်းကို သာမန် ပို့ရိုး ပို့စဉ် အတိုင်း ပို့လျှင် လူကောင်း၊ နတ်ကောင်း ဖြစ်လာနိုင်သည်။ မှန်၏။ သို့ရာတွင် တိုးထက်လွန်၍ ဗြဟ္မာ့ဘုံသို့ ရောက်လိုကြပါမူ သမထ ကမ္မဋ္ဌာန်းကဲ့သို့ မေတ္တာဘာဝနာ စီးဖြန်းအားထုတ်ရပါမည်။

စပယ်ဦးစာပေ

အမှန်စင်စစ် မေတ္တာကမ္မဋ္ဌာန်း အားထုတ်နေသည့် ပုဂ္ဂိုလ်သည် ဘုရားဝတ်တက်စဉ်ကကဲ့သို့ မိမိ ကျက်မှတ်ရရှိထားသည့် ပါဠိနှင့် အနက်တို့ကို ရွတ်ဆိုနေရုံမျှဖြင့် တကယ် စူးရှထက်မြက်သော မေတ္တာများ ဖြစ်မလာနိုင်ပါ။ ဥပမာ-ယောကျ်ား၊ မိန်းမဘို့ကို ပို့မည်ဆိုလျှင် သူတို့ရုပ်များ ထင်လာ၊ မြင်လာ၊ ပေါ်လာအောင် အာရုံပြုကြရပါမည်။ နတ်တို့ ဗြဟ္မာတို့ကို ပို့မည်ဆိုပြန်လျှင်လည်း ဇာတ်ထဲ၊ ပန်းချီကားထဲမှာ တွေ့ဘူး မြင်ဘူးကြသည့် နကင်းကြီးဖြင့် နတ်ရုပ်မျိုးကဲ့သို့ မျက်စိထဲပေါ်လာအောင် အာရုံပြုသင့်ကြပါသည်။ ကုန်းနေတိရစ္ဆာန်၊ ရေနေတိရစ္ဆာန်တို့ကိုလည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ ကုန်းနေတိရစ္ဆာန်ဆိုပါက ချိုရှိသည့်သတ္တဝါ၊ အမောက်ရှိသည့်သတ္တဝါများပေါ်လာအောင် အာရုံ စူးစိုက်ရပါမည်။ ရေနေသတ္တဝါဆိုပါကလည်း ငါးအမျိုးမျိုးများ မျက်စိထဲ ပေါ်လာအောင် အာရုံပြုကြရပါမည်။

မေတ္တာဘာဝနာစီးဖြန်းပုံကို တင်မပြမီ ၅၂၈ သွယ်သော မေတ္တာများ ဖြစ်ပေါ်လာပုံကို ပဏ္ဍာမအားဖြင့် ရှင်းလင်းလိုပါသည်။

## အနောဓိသပုဂ္ဂိုလ် ငါးမျိုး

(၁) သဗ္ဗေ သတ္တာ = ခပ်သိမ်းသောသတ္တဝါတို့သည်။

(၂) သဗ္ဗေပါဏာ = ခပ်သိမ်းသော ထွက်သက် ဝင်သက်ရှိကြသော သတ္တဝါတို့သည်။

(၃) သမ္ဗေဘူတာ = ခပ်သိမ်းသော ကိလေသာကြောင့် ဖြစ်သော သတ္တဝါတို့သည်။
(၄) သမ္ဗေပုဂ္ဂလာ = ခပ်သိမ်းသော ပုဂ္ဂိုလ်တို့သည်။
(၅) သမ္ဗေအတ္တဘာဝပရိယာပန္နာ=ခပ်သိမ်းသော ခန္ဓာ အတ္တဘော၌ အကျုံးဝင်သော သတ္တဝါတို့သည်....

စသည်ဖြင့် မည်သူမည်ဝါဟူ၍ ပိုင်းခြားမရည်ညွှန်းပဲ အများ အားလုံး ပို့သရသည့် အနောဓိသမေတ္တာငါးမျိုး။

## ဩဓိသပုဂ္ဂိုလ် ခုနစ်မျိုး

(၁) သဗ္ဗာ ဣတ္ထိယော = ခပ်သိမ်းသော မိန်းမတို့သည်။
(၂) သမ္ဗေပုရိသာ = ခပ်သိမ်းသော ယောကျ်ားတို့သည်။
(၃) သမ္ဗေအရိယာ = ခပ်သိမ်းသော အရိယာတို့သည်။
(၄) သမ္ဗေအနရိယာ = ခပ်သိမ်းသော ပုထုဇဉ်တို့သည်။
(၅) သမ္ဗေဒေဝါ = ခပ်သိမ်းသော နတ်တို့သည်။
(၆) သမ္ဗေမနုဿာ = ခပ်သိမ်းသော လူတို့သည်။
(၇) သမ္ဗေ ဝိနိပါတိကာ = ခပ်သိမ်းသောအပါယ်ဘုံသား တို့သည် ...

စသည်ဖြင့် မည်သူမည်ဝါဟူ၍ ပုဂ္ဂိုလ်ပိုင်းခြားပြီး ရည်ညွှန်း ပို့သရသည့် ဩဓိသမေတ္တာ ခုနစ်မျိုး။

တင်ပြပြီးခဲ့သည့် အနောဓိသ ပုဂ္ဂိုလ် ငါးမျိုးနှင့် ဩဓိသ ပုဂ္ဂိုလ် ခုနစ်မျိုးတို့ကို မေတ္တာပို့သည့်အခါ တမျိုးလျှင် မေတ္တာ လေးမျိုးကျစီဖြင့် ပို့ကြရပါမည်။

မေတ္တာလေးမျိုးမှာ—

(၁) အဝေရာဟောန္တု = ခပ်သိမ်းသော သတ္တဝါတို့သည် ရန်မရှိကြကုန်သည် ဖြစ်ပါစေသတည်း။

(၂) အဗျာပဇ္ဇာဟောန္တု = ခပ်သိမ်းသော သတ္တဝါတို့ သည် ဗျာပါဒ မရှိကြသည် ဖြစ်ပါစေကုန်သတည်း။

(၃) အနီဃာဟောန္တု = ခပ်သိမ်းသော သတ္တဝါတို့သည် ဆင်းရဲခြင်း မရှိကြသည် ဖြစ်ပါစေကုန်သတည်း။

(၄) သုခီအတ္တာနံ ပရိဟရန္တု = ခပ်သိမ်းသော သတ္တဝါ တို့သည် မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြပါ စေကုန် သတည်း။

## ၅၂၈ သွယ် မေတ္တာဖြစ်ပုံ

အနောဓိသပုဂ္ဂိုလ်ငါးမျိုးကို ပုဂ္ဂိုလ်တဦးတိုင်းအား မေတ္တာ လေးမျိုးဖြင့် ပွားများခဲ့လျှင် (၄×၅) အနောဓိသ မေတ္တာသည် ၂၀ ဖြစ်လာပါမည်။ ယင်း အနောဓိသ မေတ္တာကိုပင် အရှေ့ အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်၊ အရှေ့ မြောက်ထောင့် အရပ်၊ အရှေ့တောင်ထောင့် အရပ်၊ အနောက် တောင်ထောင့် အရပ်၊ အနောက်မြောက်ထောင့် အရပ်၊ အထက် အရပ်၊ အောက်အရပ်စသည့် အရပ်ဆယ်မျက်နှာတိုင်းသို့ လှည့်၍ မေတ္တာပွားများလျှင် အနောဓိသ မေတ္တာ ၂၀ သည် (၂၀×၁၀) မေတ္တာပေါင်း ၂၀၀ ဖြစ်လာပါမည်။

ထို့နောက် ဩဓိသမေတ္တာ ခုနစ်မျိုးကိုလည်း မေတ္တာလေးမျိုးဖြင့် ပွားများလျှင် (၇ × ၄) ဩဓိသမေတ္တာ ၂၈ ဖြစ်လာပါမည်။ အနောဓိသမေတ္တာ ပို့စဉ်ကကဲ့သို့ ဩဓိသမေတ္တာကို ဒိသာအရပ်ဆယ်မျက်နှာကို ရည်စူး၍ လှည့်ပတ် မေတ္တာပို့လျှင် (၂၈×၁၀) ၂၈၀ သော ဩဓိသမေတ္တာ ဖြစ်လာပါမည်။

ထိုသို့ ပွားများပြီး မေတ္တာများကို စုပေါင်း ရေတွက်ကြည့်လျှင်—

| | |
|---|---|
| ရိုးရိုး အနောဓိသမေတ္တာ | ၂၀ |
| ရိုးရိုး ဩဓိသမေတ္တာ | ၂၈ |
| အရပ် ဆယ်မျက်နှာရှိ အနောဓိသမေတ္တာ | ၂၀၀ |
| အရပ် ဆယ်မျက်နှာရှိ ဩဓိသမေတ္တာ | ၂၈၀ |
| စုစုပေါင်း | ၅၂၈ သော |

မေတ္တာဖြစ်လာပါမည်။

## ပွားများရန် အစီအစဉ်

မေတ္တာကမ္မဋ္ဌာန်းကို သမထကမ္မဋ္ဌာန်း ဖြစ်အောင် ပွားများလိုသော ယောဂီသည် ပထဝီကသိုဏ်းရှုစဉ်ကကဲ့သို့ ကမ္မဋ္ဌာန်းမထိုင်မီ ပရိကံ အစီအစဉ်များ ပြုလုပ်ပြီး (သမထတရားများဖြစ်သည့်အတွက်) နိမိတ်အာရုံများ ထင်ပေါ်လာအောင် သတ္တဝါတို့ အပေါ်၌ စူးစူးစိုက်စိုက် နှလုံးသွင်း၍ မေတ္တာစိတ်ကို ပျံ့နှံ့စေရပါမည်။

မေတ္တာပို့ရာတွင် ''အဟံ အဝေရော ဟောမိ''အရ နံပါတ်(၁)အားဖြင့် မိမိကိုယ်ကိုမိမိ ကောင်းစွာပို့ရမည်။ နံပါတ်(၂)အားဖြင့် ကြည်ညို ချစ်ခင် လေးစားသောသူ၊ သို့မဟုတ် ဆရာသမား။ နံပါတ်(၃)အားဖြင့် အလယ်အလတ်ပုဂ္ဂိုလ်။ နံပါတ်(၄) အားဖြင့် မိမိနှင့် ရန်သူဖြစ်ခဲ့ဘူးသူ စသည်ဖြင့် အစဉ်အတိုင်း ပွားများရပါမည်။

နံပါတ်(၄)ဖြစ်သည့် မိမိနှင့် ရန်သူဖြစ်ခဲ့ဘူးသူအား မေတ္တာပေးပို့ရာတွင် ရန်သူ၏ မျက်နှာပေါ်လာတိုင်း ပေါ်လာတိုင်း ဒေါသစိတ်များ၊ မခံချင်စိတ်များ ပေါ်လာတတ်ပါသည်။ဤသို့ ဒေါသစိတ်များ ဖြစ်ပေါ်နေခဲ့သေးလျှင် အားထုတ်သူ၏မေတ္တာသည် ရန်သူ့အပေါ်တွင် စူးရှ ထက်မြက်နိုင်မည် မဟုတ်ပါ။ ဤအခါတွင် အားထုတ်သူ၏ စိတ်တွင် ဒေါသစိတ်များ ဖြစ်ပေါ်၍ မလာရအောင် ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်း ဘဝဖြစ်စဉ်၊ ဘူရိဒတ္တနဂါးမင်း ဘဝဖြစ်စဉ်၊ မျောက်မင်း ဘဝဖြစ်စဉ်တို့၏ထုံးကို နှလုံးပိုက်ပြီး သည်းခံစိတ်များ မွေးမြူကာ အမျက်ဒေါသကို ဖြေဖျောက်ရပါမည်။ ထို့ပြင် ဘုရားဂုဏ်တော်များကို ဆင်ခြင်အောက်မေ့၍ ထွက်ပေါ်လာသည့် မခံချင်စိတ်များကို ဖျောက်ကာ စိတ်ကို တည်ငြိမ်စွာ ထားရပါမည်။

နံပါတ်စဉ်အတိုင်း မိမိကိုယ်ကစပြီး ပုဂ္ဂိုလ်လေးမျိုးစလုံး ပွားများအားထုတ်၍ ထူးခြားသည့် အဖြစ်ကို မြင်တွေ့ပြီးလျှင် နောက်တဆင့် တက်ရပါမည်။ ပုဂ္ဂိုလ်လေးဦး အပိုင်းအခြားကို ပယ်ဖျက်သည့် ''သီမသမ္ဘေဒ''ကို ပြုပြင်ပြီးနောက် အနောဓိသ ငါးမျိုးနှင့် ဩဓိသ ခုနစ်မျိုးတို့ကို တမျိုး တမျိုးလျှင် မေတ္တာ

လေးမျိုးကျစီဖြင့် ဒီသာ ဆယ်မျက်နှာဖြန့်၍ မြင်းပြိုင်ကွင်းများတွင် မြင်းရေး ဟန်ခင်း စီးနင်းသကဲ့သို့ အရပ်ဆယ်မျက်နှာတို့သို့ လှည့်ပြီး မေတ္တာအထပ်ထပ် ပွားများ ရယူရပါမည်။

ဤကဲ့သို့ မေတ္တာကမ္မဋ္ဌာန်းကို သမထကမ္မဋ္ဌာန်းဖြစ်အောင် ကြိမ်ဖန်များစွာ အထပ်ထပ်အခါခါ ပွားများနေခဲ့လျှင် ပထဝီကသိုဏ်းမှာကဲ့သို့ပင် အပ္ပနာဝီထိကျပြီး စျာန်အင်္ဂါငါးပါးဖြင့် ပြည့်စုံသော ပထမစျာန်ပုဂ္ဂိုလ် ဖြစ်လာနိုင်ပါသည်။

မေတ္တာကမ္မဋ္ဌာန်းပေါက်ရောက်အောင်မြင်အောင် အားထုတ်ပြီးနောက် ဗြဟ္မဝိဟာရ တရားလေးပါးအနက် ကျန်ရှိနေသေးသည့် ကရုဏာ၊မုဒိတာ၊ဥပေက္ခာ စသည့် မေတ္တာကမ္မဋ္ဌာန်းတို့ကို တဆင့်ပြီးတဆင့်တက်၍ ပွားများ အားထုတ်နိုင်ကြလျှင် ဒုတိယစျာန်၊ တတိယစျာန်မှ စတုတ္ထစျာန်အထိ တက်ရောက်နိုင်ပါသည်။သမထ မေတ္တာကမ္မဋ္ဌာန်း အားထုတ်နေစဉ်ပင် မဂ်တရားဖိုလ်တရားများ ရရှိလာအောင် ဝိပဿနာသို့ ကူးပြောင်း၍ အားထုတ်လိုက အားထုတ်နိုင်ပါသည်။

## သမထ ယာနိကလမ်း

သမထကမ္မဋ္ဌာန်း ၄၀ အနက်မှ ကမ္မဋ္ဌာန်း တခုခုကို လက်ကိုင်ထားကာ အားထုတ်၍ ပထမစျာန်ရပြီးကြသည့် "စျာနလာဘီ"ခေါ် စျာန်ယာဉ်ရှိကြသော ယောဂီတို့သည် သမထယာနိက လမ်းအားဖြင့် ဝိပဿနာသို့ ကူးပြောင်း အားထုတ်ကာ မဂ်ဖိုလ်ရရှိနိုင်ပါသည်။ ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်က

ရဟန်းတော်တို့သည် သမထယာနိက လမ်းဖြင့် သမထပေါက်ရောက်ပြီးသည်နှင့် ဝိပဿနာသို့ ကူးပြောင်း အားထုတ်ခဲ့ကြရာ ရဟန္တာအထိ ဖြစ်ခဲ့ကြရသည့် ပုဂ္ဂိုလ်ထူးတို့၏ ဦးရေမှာ မနည်းလှပေ။

ဝိပဿနာ ကူးပြောင်း အားထုတ်နည်းမှာ သမထကမ္မဋ္ဌာန်း ပေါက်ရောက်ပြီးသော စျာနလာဘီပုဂ္ဂိုလ်သည် မိမိ ရပြီး ဖြစ်သည့် စျာန်ကို ပထမ ပြန့်ပြီး ဝင်စားရပါမည်။ ထိုကဲ့သို့ မိမိ ရရှိပြီးသည့်စျာန်ကို ဝင်စားနေခိုက် စျာန်စိတ်ထဲတွင် တစိတ်ပြီး တစိတ် ဖြစ်ပေါ်နေသည့် မမြဲသောစိတ်သို့ ဦးလှည့်၍ မမြဲပုံ "ဖြစ်ပျက်"တရားတို့ကို ဦးတည်၍ ရှုမှတ်ရပါမည်။

စိတ်ဖြစ်သည့် နာမ်တရား၏ ဖြစ်ပျက်နေပုံကို ရှုမှတ်နေရာမှ ဟဒယဝတ္ထုကို အမှီပြုနေသော ရုပ်အကြောင်းများကိုပါ ထိုးထွင်း သိမြင်လာနိုင်မည် ဖြစ်၏။ ထိုမှ စိတ်၏မမြဲပုံကို ရှုမှတ်နေစဉ် သမာဓိအားသည် တစထက်တစ ရင့်သန်အားကောင်းလာကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးကိုပါ ထိုးထွင်းသိမြင်လာပြီး ဘာဝနာဉာဏ်စဉ်သို့ အဆင့်ဆင့် တက်လာပါတော့သည်။ ထိုမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ ဆိုက်ရောက်ပေါက်မြောက် နိုင်လေသည်။

သုဒ္ဓဝိပဿနာယာနိက လမ်းသည် ပရမတ္ထ တရားဖြစ်သည့် ရုပ်တရား၊ နာမ်တရားတို့၏ သဘာဝလက္ခဏာတရားတို့ကို ရှုယင်းမှတ်ယင်းဖြင့် နိဗ္ဗာန်ကို တိုက်ရိုက်ရှာသော နည်းဖြစ်၏။အလားတူစွာ ဝိပဿနာတရားသည်လည်း သမထ ကမ္မဋ္ဌာန်းတရားများကဲ့သို့ မျက်လုံးကြီးနှစ်လုံးစုံဖွင့်၍ ပညတ်နိမိတ်များ ပေါ်လာအောင် ရှုမှတ်ရသည့် အလုပ်မျိုး မဟုတ်မူပဲ မျက်စိကိုမှိတ်၍

ရုပ်တရား၊ နာမ်တရားတို့၏ သင်္ခါရသဘောတရားများကို စာသိ မဟုတ်ပဲ ကိုယ်တွေ့ထိုးထွင်းသိမြင်လာအောင် အားထုတ်ရသည့် နည်းပင် ဖြစ်သည်။

ပရမတ်တရားသည် မျက်စိဖြင့် မမြင်အပ်၊ မမြင်ကောင်း၊ မမြင်နိုင်သောတရားဖြစ်သကဲ့သို့ ဝိပဿနာဘာရားသည် ကိုင်ကြည့် တွေးကြည့်၍ ရယူအပ်သော အသိမျိုးလည်းမဟုတ်ပေ။ တရားရှာ ကိုယ်မှာတွေ့ ဆိုထုံးအရ ဝိပဿနာတရားကို ဝေးဝေးလံလံ လိုက်လံ ရှာဖွေရန်မလိုပဲ မိမိ ခန္ဓာကိုယ်ကောင်ကြီး ပေါ်တွင် ဖြစ်ပေါ် ချုပ်ပျောက်နေကြသည့် ဓာတ်အစု၊ ကလာပ်အစုတို့၏ သဘာဝလက္ခဏာများကို ပေါ်တုန်းပေါ်ခိုက်မှာ မျက်စိအမြင် ဖြင့် မဟုတ်ပဲ ဘာဝနာဉာဏ်ဖြင့် ထိုးထွင်းသိမြင်လာအောင် စူးစူး စိုက်စိုက် အားထုတ်ရသည့် အလုပ်ပင်ဖြစ်သည်။ တိုတိုရှင်းရှင်း လင်းရလျှင် "ခန္ဓာမှာ ဉာဏ်စိုက်" ရသော အလုပ်မျိုးဖြစ်၏။

ဝိပဿနာ တရားမြတ်ကို အားထုတ်နေကြသည့် ယောဂီ ပုဂ္ဂိုလ်၊လူပုဂ္ဂိုလ်တို့အား အချို့ အချို့သောသူတို့က အညောင်းခံ ထိုင်နေကြသည်၊ ကြာလျှင် ဒူလာရောဂါစွဲမည် သေချာသည်၊ မိမိကိုယ်ကို ညှင်းဆဲ၍ ပင်ပန်းအောင် လုပ်နေကြသည် စသည် ဖြင့် "အတ္တကိလ မထာနုယောဂ" ကိုက်နေကြသည်ဆိုကာ ဘုရားသခင် ဟောကြားတော်မူခဲ့သည့် အစွန်းနှစ်ပါးကို ဆွဲထည့် ပြီး ကိုင်ပေါက်နေချင်ကြသည်။ အမှန်စင်စစ် ခန္ဓာမှာ ဉာဏ်စိုက် ရသည့် အလုပ်သည် အတ္တကိလမထာနုယောဂနှင့် လုံးဝမသက် ဆိုင်ပေ။ ဘုရားသခင်ကိုယ်တိုင် အရိုးအရေတင်သည့်အထိ ဒုက္ကရ စရိယာ အကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်ခဲ့ခြင်းဖြင့် မိမိကျင့် နိုင်လျှင် သူဘပါးကျင့်သည်ကိုအပြစ်မပြောထိုက်ဟု ယူဆမိသည်။

## အာနာပါနဖြင့် ဓာတ်ရှုနည်း

အာနာပါနကို သမထကမ္မဋ္ဌာန်း ဖြစ်အောင် အားထုတ်သည့် နည်းနှင့် ဝိပဿနာဖြစ်အောင် အားထုတ်သည့်နည်းဟူ၍ နည်း နှစ်ချက်ရှိပါသည်။

သမထဖြစ်အောင် အားထုတ်ရာတွင် ရှူသွင်းလိုက်သည့်လေ၊ ရှိုက်ထုတ်လိုက်သည့် လေတို့ကို အတိုအရှည်အလိုက် ရှုနည်း၊ ဂဏန်းဖြင့် ရေတွက်ပြီး ရှုနည်း စသည့်နည်းများဖြင့် ရှုနိုင်သော် လည်း ဝိပဿနာတွင် ပညတ်နိမိတ်များကို ရှုပါက ဝိပဿနာ ဖြစ်မလာနိုင်သည်ဖြစ်၍ ပညတ်နိမိတ် မရှုတော့ပဲ ပရမတ်တရား စစ်စစ်ဖြစ်သည့် ဓာတ်ကြီးလေးပါးအပေါ် မူတည်ပြီး ရှုမှတ်မှသာ ဝိပဿနာ ဖြစ်လာနိုင်ပါသည်။

အာနာပါနနှင့် ပတ်သက်၍ တဦးနှင့်တဦး အငြင်းအခုံဖြစ်နေ ကြခြင်းသည် ကိုယ်သန့်ရာ သန့်ရာကြောင့် ဖြစ်အံ့ထင်ပါသည်။ အမှန်စင်စစ် သမထကမ္မဋ္ဌာန်းဖြင့် တမျိုး၊ ဝိပဿနာ ကမ္မဋ္ဌာန်း နည်းဖြင့်တချက် စသည်ဖြင့် နှစ်မျိုးနှင့်လမ်း အားထုတ်၍ ရနိုင် ပါသည်။

တရား အားထုတ်လိုသည့် ယောဂီတဦးသည် ဆိတ်ငြိမ်ရာ အရပ်တို့၌ နေထိုင်ပြီး၊ ရတနာသုံးပါးအား ကန်တော့ခြင်း၊ မိမိ ခန္ဓာကိုယ်ကို ဘုရားသခင်အား လှူခြင်း၊ အပြစ်ရှိသမျှကို ဝန်ချ တောင်းခြင်း၊ မေတ္တာပို့၊အမျှဝေ၊ သီလခံယူခြင်း စသည့် ပုဗ္ဗကိစ္စ ပရိကံ အမှုတို့ကို ပြုရပါမည်။ ထိုသို့ပြုပြီးနောက် ကိုယ်ကို ဖြောင့် မတ်စွာ ထားရပါမည်။ထိုနောက် ဘယ်ဘက်လက်ပေါ် ညာလက်

တင်ပြီး သင့်တော်မည့်အနေ တင်ပလ္လင်ခွေ ထိုင်ရပါမည်။ ထိုသို့ ထိုင်ပြီးသည်နှင့် ဝင်လေ၊ ထွက်လေများကို "သိပြီးမှ ဝင်စေ၊ သိပြီးမှထွက်စေ" ရအောင် နှာသီးဝတွင် စိတ်ကိုစိုက်၍ သတိကပ်ထားရပါမည်။ မိနစ်အနည်းငယ်မျှ ဘဝင် ငြိမ်သက်လာသည့်တိုင် ရှူလိုက်၊ ရှိုက်လိုက်ဖြင့် ရှုမှတ်ရပါမည်။

ရှူသွင်းလိုက်သည့်အခါ ချက်တိုင်အထိ ရောက်နေခြင်း၊ ရှိုက်ထုတ်လိုက်သည့်အခါ နှာခေါင်းမှ လေအတန်းရှည်ကြီး ထွက်သွားခြင်း စသည့် လေသွားလေလာတို့၏ အစအဆုံးကိုလိုက်ပြီး ရှုမှတ်အာရုံပြုမိလျှင် သမထတရား ပညတ်နိမိတ်များကို ရှုမှတ်ရာရောက်သည့်အတွက် ဝိပဿနာ မဖြစ်သေးသည်ကို သတိပြုကြရပါမည်။

ထို့ကြောင့် ဝိပဿနာ ဖြစ်လာအောင် ဝင်လေ ထွက်လေတို့၏ နှာသီးဝအတွင်း တွန်းကန်၊ တိုးဝှေ၊ လှုပ်ရှားနေသော "ဝိတ္ထမ္ဘန" ပရမတ်ဝါယော၏ သဘောလက္ခဏာကိုပဲ ဖြစ်စေ၊ နှာသီးဝတွင် ခက်မာသည့်အနေဖြင့် ထိခိုက်နေသည့် "ဖောဋ္ဌဗ္ဗ" လက္ခဏာကိုပဲဖြစ်စေ၊ သို့မဟုတ် ရှူသွင်းလိုက်သည့်လေ၊ရှိုက်ထုတ်လိုက်သည့် လေတို့သည် နှာတန်အတွင်း ပူလာသည့်အဖြစ်၊ အေးလာသည့်အဖြစ် "တေဇော" ဓာတ်၏ သဘာဝ လက္ခဏာကိုပဲဖြစ်စေ၊ ပရမတ် လက္ခဏာ တခုခုကို အာရုံမပျံ့လွင့်စေပဲ သတိကပ်ရှုမှတ်နေလျှင် ဝိပဿနာ ဖြစ်လာနိုင်ပါသည်။

ယခုတင်ပြခဲ့သည့် နည်းသုံးမျိုးတွင် နှာသီးဝတွင် ခက်မာသည့်အနေဖြင့် ထိခိုက်နေသော ဖောဋ္ဌဗ္ဗ၊ ပထဝီဓာတ်အားဖြင့် ပူလာသည့်အနေ၊ အေးလာသည့် အနေဖြစ်သည့် တေဇောဓာတ်

နှစ်ခုတို့ တွန်းကန်၊ တိုးဝှေ၊ လှုပ်ရှားနေသော ဝါယောဓာတ် လောက် ရှုမှတ်ရသည့် နေရာတွင် ကောင်းစွာ မထင်မရှား ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ တွန်းကန်လှုပ်ရှားသည့် ဝါယောဓာတ် တခုတည်းကိုသာ ပိုမိုအာရုံစူးစိုက်ပြီး သတိကပ် ရှုမှတ်နေနိုင်လျှင် ပိုမိုပြီး ခရီးရောက်လွယ်နိုင်ပါသည်။ သို့ရာတွင် အများသုံးနေကြသည့် ''ထိ-သိ-သတိ'' ဆိုသည့် နှာသီးဝမှာ ရှူသွင်းတိုင်း၊ ရှိုက်ထုတ်တိုင်း ထိသိနေသည့် ဖောဋ္ဌဗ္ဗသဘောကိုမိအောင်ဖမ်းပြီး ရှုမှတ်နိုင်လျှင်လည်း ဝိပဿနာစစ်စစ် ဖြစ်လာနိုင်ပါသည်။

တင်ပြခဲ့သည့် ဝင်လေ ထွက်လေတို့၏ တွန်းကန် လှုပ်ရှားနေသော ဝါယောဓာတ်၏ သဘာဝလက္ခဏာကို အာရုံမပျက်သွားစေရန် သတိကပ်ပြီး ရှုမှတ်နေသော်လည်း သမာဓိအား မကောင်းသေးချိန်တွင် စိတ်တို့သည် တခါတရံ ထွေရာလေးပါးသို့ ရောက်သွားတတ်ပါသည်။ ထိုသို့ စိတ်ကလေး လွတ်ထွက်သွားသည်ကို သိသည်နှင့် တပြိုက်နက် နှာသီးဝဖြစ်သည့် ချည်တိုင်နေရာတွင် စိတ်ပြန်လည် တည်ငြိမ်လာအောင် ပြုပြင်ပေးရပါမည်။

ထိုသို့ စိတ်ကလေး လွတ်ထွက်သွားလိုက်၊ ချည်တိုင်မှာ ပြန်ပြင်လိုက်ဖြင့် ရှုမှတ်နေချိန် အတော်ရလာသည့်အခါ မိမိ ရှုမှတ်နေဆဲဖြစ်သော အာရမ္မဏိက စိတ်တို့သည် လှုပ်ရှားတွန်းကန်နေသည့်သဘောအပေါ် ကပ်ခနဲ ကပ်ခနဲ အကွာမရှိပဲ တဖြည်းဖြည်း အံကျလာပါသည်။ ထိုသို့ အံကျလာပြီး သမာဓိအား ကောင်းလာသည့်အခါ သာမန်သမာဓိဘာဝမှ ''သမ္မာ သမာဓိ''ဖြစ်သည့် တည်ငြိမ်သော အဆင့်သို့ ရောက်လာလျှင် သမ္မာမဂ္ဂင်အနေဖြင့် ကိုက်ညီ၍ လာပါတော့သည်။

သမ္မာသမာဓိ အဆင့်သို့ ရောက်ရှိပြီး ကိလေသာ အာရုံတို့ ကင်းရှင်းလာသည့်အခါ "ရှုသွင်းလိုက်တဲ့လေ၊ ရှိုက်ထုတ်လိုက်တဲ့ လေတွေရဲ့ တွန်းကန်လှုပ်ရှားနေတဲ့ ဝါယောဓာတ်ရဲ့ သဘာဝ လက္ခဏာဆိုတာဟာ ဘယ်မှာမြဲတယ်လို့ ရှိသလဲ၊ ဖြစ်ပေါ်လာ ပြီးတော့လဲ တခဏအတွင်း ချုပ်ပျောက်နေကြတာပဲ၊ အမှန် တော့ ခုလို ဖြစ်လိုက်ပျက်လိုက်နဲ့ ဖြစ်ပေါ်နေတဲ့ သဘောတရား တွေဟာ ချမ်းသာတာဆိုတာ မရှိပဲ ဆင်းရဲခြင်း အတိပါလား၊ ဖြစ်ပေါ်နေတာကိုလဲ တားမရဘူး၊ ပျက်နေတာတွေကိုလဲ မပျက် ပါနဲ့လို့ တားမရနိုင်ဘူး" စသည်ဖြင့် အနိစ္စလက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တလက္ခဏာတို့ကို တစတစ ထိုးထွင်း သိမြင်လာရ တော့သည်။ ထိုသို့ ထိုးထွင်းသိမြင်လာသည်နှင့်(သင်္ခတလက္ခဏာ) ဖြစ်ပျက်သဘောကိုသိရာမှလက္ခဏာရေးသုံးပါးဖြစ်သည့်သာမည လက္ခဏာအဆင့်သို့ တက်လှမ်းသိမြင်လာပါသည်။

စာတွေ့ဖြစ်သည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါး တို့ကို စာတွေ့အရ ဝေဖန်တွေးတောကြံစည်ခဲ့လျှင် လက္ခဏာရေး သုံးပါးဖြစ်သည့် သာမညလက္ခဏာ၏ သဘာဝအမှန်ကို ထိုးထွင်း သိမြင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ထိုစာထဲမှာသိသည့် အသိ တို့ကို ဘေးဖယ်၍ "သဘာဝံ ဓာရေတီတိ ဓမ္မော" ဟူသည်နှင့် အညီ ဓာတ်များသည် သူ့သဘော၊ သူ့သဘာဝလက္ခဏာများ ကို ပြနေခြင်းဖြစ်သည်ကို ဉာဏ်ဖြင့်ယှဉ်ပြီး ကြည့်နိုင်မှသာ အမှန် တရား ပေါ်ပေါက်လာနိုင်ပါသည်။

ထို့ကြောင့် ကိလေသာ အာရုံများ ကွာကျလာစေ၍ ကိန်း ထဲ၌ရှိသည့် အမှိုက်သရိုက်များကို အစဉ် တွန်းဖယ်နေသကဲ့သို့

တွန်းဖယ်ရင်း တနာရီခန့်ကြာမျှ ကြာလာသည့်အခါ ပေါင်ထဲ ခြေသလုံးထဲ၊ ကိုယ်ထဲမှ မခံသာသည့်ဝေဒနာတို့ ပေါ်လာတတ်ပါသည်။ တခါတရံ ဖျဉ်းဖျဉ်း၊ ဖျဉ်းဖျဉ်း၊ တခါတရံ စစ်ကနဲ၊ စစ်ကနဲဖြင့် ဝေဒနာများ ဖြစ်ပေါ်လာလျှင် နှာသီးဝတွင်ရှိနေသည့် စိတ်သည် နှာသီးဝတိုင်တွင် မနေတော့ပဲ ဝေဒနာခံစားမှု ပေါ်ရာသို့ ဆင်းသွားတတ်ပါသည်။

ဤနေရာတွင် နှာသီးဝတွင် ချည်နှောင်ထားသည့် စိတ်ကို ချုပ်ထား၍ ရနိုင်သေးလျှင် ချုပ်ထားပါ။ချုပ်ထား၍မှမရလျှင် ဝေဒနာရှိရာသို့ စိတ်ကိုပစ်ချလိုက်ပြီး ဇိုးဇိုး၊ ဇစ်ဇစ် ဖြစ်နေသည့် ခံစားမှု ဝေဒနာတို့အပေါ် လိုက်၍ ခွာဖောက်ပြန်မှု သဘောကို နှလုံးသွင်းပါ။ ထိုသို့ နှလုံးသွင်းပြီး နာလျှင် နာသည်၊ ကျဉ်လျှင် ကျဉ်သည်၊ ထုံလျှင်ထုံသည် ဟူ၍ သတိကပ်ကာ မှတ်ချက်ချပါ။ ဤသို့ သတိကပ် မှတ်နေစဉ်မှာပင် ခံစားမှု ဝေဒနာတို့သည် တဖြည်းဖြည်းကျဲ၍ လာပါလိမ့်မည်။ ထိုသို့ ကျဲလာသည့်အချိန်၊ မှတ်၍ မထင်တော့သည့် အချိန်တွင် မိမိမူလ ချည်တိုင်ဖြစ်သည့် နှာသီးဝဆီသို့ စိတ်ကလေး ပြန်လည်တည်ငြိမ်လာအောင် ပို့ပြင်ပေးရပါမည်။

ဝေဒနာပေါ်သည့်အခါ ဝေဒနာရှိရာသို့ တလှည့်၊ ဝေဒနာ မပေါ်သည့်အခါ ချည်တိုင်မှာ ပုံမှန်ထား၍ အားထုတ်သည်နှင့် အမျှ သမာဓိသည် ရင့်သည်ထက်ရင့်၊ ကျက်သည်ထက်ကျက်လာနိုင်ပါသည်။ သမာဓိ ရင့်ကျက်လာလျှင် မိမိ ခန္ဓာကိုယ်ကြီးကို အစက မိမိ နှစ်သက်တပ်မက်နေခြင်းမှာ မှားသည်၊ အမှန်စင်စစ် ခန္ဓာကိုယ်ကြီးသည် တသိမ့်သိမ့်၊ တရိပ်ရိပ်ဖြင့် ပျက်စီးနိုပ်စက်

နေသည့် ကိုယ်ကောင်ကြီးဖြစ်သည် စသည်ဖြင့် အတွေးများဝင်လာကာ မိမိခန္ဓာကိုယ်ကြီးကိုပင် ကြောက်စရာအဖြစ် မြင်လာသည်။

ထိုသို့ ကြောက်လာမှုလည်း တရားရှာ ကိုယ်မှာတွေ့ ဆိုထုံးကို သိမြင်လာပေမည်။ ဇွဲလုံ့လဖြင့် ဝေဒနာတို့မှ ကျော်လွန်လာအောင် အားထုတ်လာသည့်အခါ ဉာဏ်စဉ်တို့သည် ကျင့်စဉ်၏ သမာဓိအလျောက်တက်လာပြီး မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ ရောက်စရာရှိလျှင် ရောက်သွားနိုင်ပါသည်။

သို့ရာတွင် အချို့ အချို့သော ယောဂီတို့သည် တရားအားထုတ်ရာ၌ လန်ကျသည်ကို တွေ့ရပါသည်။ လန်ကျသည်ဆိုသည်မှာ ဝေဒနာ ခံစားမှုဒဏ်ကို ကြံ့ကြံ့မခံနိုင်၍ ဖြစ်ပါသည်။ ထို့ကြောင့် စွန်းလွန်းဆရာတော် ဘုရားကြီးက "မခံသာ၊ မှန်ပါတိသည် တရား၊ ခံသာလျှင် သံသရာကြော၊ မျောလိမ့်အများ" ဟူ၍ ကိုယ်တွေ့အရ ဆုံးမထားခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မြတ်တရားတို့ကို အားထုတ်ကြသည့် ယောဂီတို့သည် ရုပ်တရား၊ နာမ်တရားတို့၏ သခါရ သဘောသဘာဝများကို သာ ဉာဏ်ဖြင့် သတိကပ်၍ ရှုကြည့်ဖို့သာလျှင် လိုရင်းပဓာန ဖြစ်ပေသည်။ ဉာဏ်စဉ်တက်လာသည်၊ မတက်လာသည်ကို ဂရုပြုနေဖို့ မလိုပေ။ ရေနွေးအိုးတည်သည့်ဥပမာကဲ့သို့ ဆူလာဖို့၊ မဆူလာဖို့က သူ့တာဝန်မဟုတ်ပေ။ မှန်မှန်စောင့်၍ မီးထိုးဖို့သာ ယောဂီတို့တွင် တာဝန်ရှိသည်နှင့်အညီ များများ မီးထိုးပေးနိုင်လေလေ ရေနွေးအိုး မြန်မြန် ဆူလေလေ ဖြစ်လာနိုင်မည်ဖြစ်သဖြင့် ဇွဲနပဲဖြင့် ကြိုးစားဖို့သာ လိုပါသည်။

အာနာပါန ရှုနည်းကို ဤမျှနှင့်ပင် စခန်းသတ်၍ အခြားသော ဝိပဿနာရှုနည်းကို တင်ပြပါဦးမည်။ ထိုနည်းမှာ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ကြီး၏ နည်းနာ နိဿယ တခုပင် ဖြစ်၏။

ဝါယောဓာတ်၏ တွန်းကန်လှုပ်ရှားမှုကြောင့် ဝမ်းဗိုက်ကလေး ဖောင်းလာပြီး ပိန်ကျသွားပုံအပေါ် ရှုပွားနည်းပင် ဖြစ်သည်။ ထိုနည်းသည် ယနေ့ နိုင်ငံတော်တွင် လူအလွန် အသုံးများနေသော နည်းဖြစ်၏။

ထိုနည်းကို အသုံးပြုလိုသော ယောဂီသည် အထက်၌ တင်ပြခဲ့သည့်နည်းအတိုင်း ပရိကံအမှုများကို ပထမဦးစွာ ဆောင်ရွက်ရပါမည်။ ထို့နောက် မိမိကိုယ်ကိုဖြောင့်မတ်စွာထား၊ တင်ပလ္လင်ခွေ ထိုင်ပြီးသည့်အခါ အနီးဆုံး မိမိစိတ်ကို ဝမ်းဗိုက်တွင် စိုက်ထားရပါမည်။

အသက်ရှူသွင်းလိုက်သည့်အခါ ဝမ်းဗိုက်ကလေး တဖြည်းဖြည်းချင်း ဖောင်းတက်လာသည်ကို အခြားတပါးသို့ စိတ်အာရုံ မပျံ့စေပဲ သတိကပ်ပြီး ဖောင်းသည်ဟူ၍ အသိရှိရပါမည်။ ဗိုက်ကလေး ဖောင်းတက်နေပုံ၊ ဝါယောဓာတ် တွန်းကန်လှုပ်ရှားနေပုံကို အသေအချာသိအောင် ရှုမှတ်နေရပါမည်။ ရှူရှိုက်ပြီးသော လေကို ပြန်၍ ရှိုက်ထုတ်လိုက်သည့်အခါ ဝမ်းဗိုက်ကလေးလျော့ကျ၊ ပိန်ကျသွားသည်ကိုလည်း သေသေချာချာ ကွဲကွဲပြားပြား သိအောင် မှတ်ရပါမည်။ အသက်ရှူသည့်အခါ ပကတိ ရှူမြဲတိုင်း မှန်မှန်ပင် ရှူနေရပါမည်။ လောကြီးပြီး ပြင်းပြင်းရှူလာလျှင် မောလာတတ်ပါသည်။ ပင်ပန်းလာတတ်ပါသည်။

ဖောင်းတက်လာသည့်အချိန်နှင့် ပိန်ကျသွားသည့် အချိန်ကို သတိကောင်းစွာကပ်ပြီး ရှုမှတ်နေခိုက် တခါတခါ ဝမ်းဗိုက်သားကြီးဖြစ်သော ပညတ်အပေါ်တွင် သောင်တင်နေတတ်သည်။ ထိုကဲ့သို့ သောင်တင်နေတတ်ပေမင့် သေသေချာချာ အာရုံစိုက်လာသည်နှင့်တပြိုင်နက် ရွှံတုံးကလေးကို ပစ်လိုက်သည့်အခါ ဖတ်ကနဲ ကပ်ပြီး ထိမှန်သကဲ့သို့ ကြည့်နေသည့် ရှုစိတ်နှင့် တွန်းကန်လှုပ်ရှားနေသည့် သဘောတို့ တည့်ငြိမ် အံကိုက်မှု ဖြစ်လာကာ ဖောင်းတက်နေသော ဝမ်းဗိုက်ကြီးသည် တခါတည်း ဖောင်းတက်လာသည် မဟုတ်ပဲ တရိပ်ရိပ်ဖြင့် တွန်းကန် လှုပ်ရှားနေပုံ 'စ-လယ်-ဆုံး' သုံးပါးစလုံးကို ကွဲကွဲပြားပြား သိလာနိုင်မည် ဖြစ်၏။

ထိုကဲ့သို့ တရိပ်ရိပ်ဖြင့် လှုပ်ရှားနေသည့် သဘောကို ဉာဏ်ဖြင့် တွေ့မြင်နေရခြင်းသည် ဝါယောဟု ဆိုအပ်သည့် ပရမတ်ဓာတ်ကို သဘာဝလက္ခဏာဖြင့် သေသေချာချာပင် သိနေသည်ဟူ၍ ဆိုရပါမည်။

ဝမ်းဗိုက်မှာ စိတ်စိုက်၍ ပေါ်ဆဲပေါ်ခိုက်မှာ သတိကပ်ရှုမှတ်နေလျက် ထိုစိတ်သည် အာရုံမှ လွတ်ထွက်သွားပြီး ထွေရာလေးပါးနောက် စိတ်ရောက်သွားပါက စဉ်းစားလျှင် စဉ်းစားသည်၊ ကြားလျှင် ကြားသည်၊ ပျင်းလာလျှင် ပျင်းသည် ဟူ၍ မှတ်ရပါမည်။ တဖန် ကိုယ်ထဲကမခံသာအောင် ကိုက်ခဲလာသည်ကို တွေ့ပြန်လျှင် ကိုက်လာသည်ကို ကိုက်သည်၊ နာလာသည်ကို နာသည်၊ ထုံလာသည်ကို ထုံလာသည်၊ ကျင်လာသည်ကို ကျင်လာသည် ဟူ၍ ဖြစ်ပေါ်နေဆဲ ပစ္စုပ္ပန်အချိန်ကို မှတ်ရပါမည်။ ထိုသို့ရှုမှတ်ပြီးနောက် ချည်တိုင်ဖြစ်သည့် ဝမ်းဗိုက်ဆီသို့ စိတ်ကို

ပြန်၍ ကပ်ရပါမည်။ကြားသည်၊စဉ်းစားသည် စသည်တို့ကို မဖြစ်ပေါ်ခင်က ကြိုတင် မပြုရသကဲ့သို့ ဖြစ်ပေါ်ပြီးမှ ရှုမှတ်နေလျှင်လည်း မိုးလွန်မှ ထွန်ချဘိသို့ ဖြစ်နေတတ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် "ဥပရိပဏ္ဏာသ ပါဠိတော်၊ ဝိဘင်္ဂဝဂ်၊ ဘဒ္ဒေကရတ္တသုတ်တော်"အရ ဖြစ်ပေါ်နေဆဲခဏမှာ မိအောင် ရှုနိုင်ပါမှ ဝိပဿနာဘာဝနာဖြစ်သည်ကို ရှင်းလင်း မိန့်ကြားခဲ့ပါသည်။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။

အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။

ယော၊ အကြင်ဘာဝနာယောဂီသည်။ ပစ္စုပ္ပန္နဉ္စ၊ ယခုပစ္စက္ခဖြစ်ပျက်သမျှသော။ ယံ ဓမ္မံ၊အကြင်ရုပ်နာမ်သင်္ခါရတို့ကို။ တတ္ထ တတ္ထ၊ ထိုထိုဖြစ်ဆဲ ပျက်ဆဲသော ကာလ၌။ ဝိပဿတိ၊ ဉာဏ်ဖြင့်ကပ်ကာ ရှုမှတ်ရာ၏။ တံ ဓမ္မံ၊ ထိုရုပ်နာမ်ဓမ္မသင်္ခါရတို့ကို။ အသံဟီရံ၊ မရွှေ့မပြောင်းမီ။ အသံကုပ္ပံ၊ မပျက်မစီးမီ။ ဝိဒ္ဓါ၊ ပညာရှိသော။ သော၊ ထိုဘာဝနာယောဂီသည်။ အနုဗြူဟယေ၊ အဖန်တလဲလဲ ထပ်ကာ ထပ်ကာ ရှုမှတ်ပွားများရာ၏။

ထိုကဲ့သို့ ပစ္စုပ္ပန်ကာလတွင် ဝမ်းဗိုက်ကလေး တလှုပ်လှုပ်တရွရွ ဖောင်းတက်လာပြီး ပြန်လည် ပိန်ကျသွားသည်တို့ကို သမာဓိအားကောင်းလာအောင် နေ့စဉ်ရက်ဆက် အားထုတ်လာသည့်အခါ အထက်၌ တင်ပြခဲ့သည့်အတိုင်း ဉာဏ်စဉ်သည် သူ့အလိုအလျောက် သမာဓိအားပေါ် တည်၍ တက်လာကာ မဂ်ဖိုလ် နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်ပါသည်။

ဝိပဿနာအလုပ်သည် အိမ်မှာ နေယင်း၊ သွားယင်း၊ လာယင်းဖြင့် လုပ်ဆောင်၍ ရနိုင်ပါ၏။ သို့ရာတွင် ကိလေသာ အာရုံတို့က ကြားဝင်နိုင်တတ်သဖြင့် တလ ကိုးသီတင်း ဆိုသကဲ့သို့ ရိပ်သာတို့တွင် အအိပ်၊ အစား ခြိုးခြံပြီး အစိပ်တရားအနေဖြင့် နေ့စဉ်အချိန် ရှိသမျှ ဝိပဿနာ အာရုံယူ၍ အားထုတ် နိုင်ကြလျှင် ပိုမိုရင့်သန်သော သမာဓိ ရနိုင်မည်ဖြစ်၏။ ပို၍လည်း ခရီးပေါက်နိုင်ကြမည် ဖြစ်၏။

ထို့ကြောင့် သံသရာဝဋ်မှကျွတ်မြောက်လိုပြီး နိဗ္ဗာန်အရောက်သွားလိုကြသောသူမှန်သမျှ အရိယာသူတော်စင်တို့ သိအပ်သည့်သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ မဟာသတိပဋ္ဌာန်တရား လေးပါးတို့ကို တကယ်တမ်း၊ မညာတမ်း ကြိုးစား အားထုတ်နိုင်ကြလျှင် အရိယာ သူတော်စင်တို့ကဲ့သို့ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်များကို မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပေသည်။

# (၃၄) နိဗ္ဗာန သစ္ဆိကိရိယာစ

နိဗ္ဗာန ကစ္ဆိကိရိယာစ မင်္ဂလာသည်(အကြင်သဘောတရားသည်။ ဝါနတော၊ တဏှာကျွန်၏ အဖြစ်မှ။ နိက္ခန္တံ၊ တော်လှန်ထွက်မြောက်တတ်၏။ဣတိ၊ ထိုကြောင့်၊ တံ၊ ထိုသဘောတရားသည်။ နိဗ္ဗာနံ၊နိဗ္ဗာန်မည်၏။ နိဗ္ဗာန=နိဗ္ဗာန်ကို၊ သစ္ဆိကိရိယာ=မျက်မှောက်ပြုခြင်း) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်၏။

နိဗ္ဗာန သစ္ဆိကိရိယာပုဒ်သည် အရဟတ္တဖိုလ် နိဗ္ဗာန်ကိုသာ အလိုရှိကြောင်း ဖော်ညွှန်းခြင်း ဖြစ်၏။ အဘယ့်ကြောင့်အရဟတ္တဖိုလ် နိဗ္ဗာန်အထိ ယူရှသနည်း။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းသည် မဂ်လေးဆင့်၊ဖိုလ်လေးဆင့် ရှိသည့်အတွက် နောက်ဆုံးဖြစ်သည့် အရဟတ္တမဂ်မှ အရဟတ္တဖိုလ် ဆုံးသည့်တိုင် ဤမင်္ဂလာအရ ကောက်ယူရခြင်း ဖြစ်၏။

နိဗ္ဗာန်ဟူသည် ဒေဝဂတိ၊ မနုဿဂတိ၊ နိရယဂတိ၊ ပေတဂတိ၊ တိရစ္ဆာနဂတိဟု ဆိုအပ်သည့် သတ္တဝါတို့၏ လားရာ ငါးဌာနတို့မှ ရုပ်နာမ်ဓမ္မသင်္ခါရ အကျိုးဒုက္ခသစ္စာတို့မှ လွတ်မြောက်ခြင်း၊ ဝါန=တဏှာ သမုဒယသစ္စာတို့မှ လွတ်မြောက်ခြင်းတို့ကြောင့် နိဗ္ဗာန် မည်၏။

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်တရားလေးပါးတို့ကို မည်သို့ကျင့်လျှင် မျက်မှောက် ပြုနိုင်သည် ဟူသော သမထယာနိကလမ်း တချက်နှင့် သုဒ္ဓဝိပဿနာယာနိကလမ်း တချက်၊ ထို နှစ်သွယ်သော နည်းကို အရိယာသစ္စာနဒဿနံ မဂ်လာတွင် တင်ပြခဲ့ပြီး ဖြစ်၏။ သို့ရာတွင် တင်ပြခဲ့သည့် ကျင့်စဉ်များကို အားထုတ်ယူကြရာ၌ မည်သည့်ဉာဏ်စဉ်တက်ပြီး နိဗ္ဗာန်ကို ကိုယ်တွေ့မျက်မှောက် ခံစားကြရသနည်း ဟူသည်ကို တင်ပြပါဦးမည်။

မဟာသတိပဋ္ဌာန်တရား လေးပါး ဖြစ်သည့်—

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်။

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

(၃) စိတ္တာနုပဿာ သတိပဋ္ဌာန်။

(၄) ဓမ္မာနုပဿာ သတိပဋ္ဌာန်။

တရားများထဲမှ မည်သည့် သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတရားကိုပဲ ပွားများ အားထုတ် အားထုတ်၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ရန် ခရီးလမ်းကြောင်းသည် ဉာဏ်စဉ်အားဖြင့် ၁၆ ပါး၊ ဝိသုဒ္ဓိအားဖြင့် ခုနစ်ပါးတို့ကို ဖြတ်ကျော်ရမည် ဖြစ်၏။

## ဝိသုဒ္ဓိ ခုနစ်ပါး

ဝိသုဒ္ဓိသည် စင်ကြယ်ခြင်း ဖြစ်၍ ခုနစ်မျိုး ရှိ၏။

(၁) သီလဝိသုဒ္ဓိ၊

(၂) စိတ္တဝိသုဒ္ဓိ၊

(၃) ဒိဋ္ဌိဝိသုဒ္ဓိ၊

(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊

(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊

(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊

(၇) ဉာဏဒဿနဝိသုဒ္ဓိတို့ ဖြစ်၏။

ဖော်ပြပါ ဝိသုဒ္ဓိများ စင်ကြယ် လာအောင် ဝိပဿနာတရားကို အားထုတ်ကျင့်ကြံလာသည့်အခါ ပထမဦးစွာ သီလဝိသုဒ္ဓိ=သီလဖြင့် ပြည့်စုံ ရခြင်းနှင့် စိတ္တ ဝိသုဒ္ဓိ=စိတ်သမာဓိ တည်ကြည်ဖို့ လိုခြင်းတို့ဖြင့် ပြည့်စုံရမည် ဖြစ်၏။

ဒိဋ္ဌိဝိသုဒ္ဓိတွင် ကမ္မဋ္ဌာန်းဆရာက သွန်သင်ညွှန်ပြသည့်အတိုင်း ရုပ်တရားကိုပဲ ဖြစ်ဖြစ်၊ နာမ်တရားကိုပဲ ဖြစ်ဖြစ်၊ စသိမဟုတ်မူပဲ ရုပ်နာမ်တရားတို့၏ သဘာဝလက္ခဏာကို မိမိဉာဏ်ဖြင့် ထိုးထွင်း သိမြင်လာခဲ့လျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ပြည့်စုံလာသည် မည်၏။ အမှန် စင်စစ် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ဖို့ရန် အလွန်အရေးကြီးလှသည်။ ဒိဋ္ဌိဝိသုဒ္ဓိ စင်ကြယ်မှ မှန်သောတရားလမ်းကြောင်းပေါ်သို့ ရောက်နိုင်မည် ဖြစ်၏။

ထို့ကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ် နှစ်ပါး စင်ကြယ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ပြည့်စုံလာနိုင်သည်။

ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုအပ်သည့် ရုပ် နာမ်တို့၏ အကျိုးအကြောင်း ထင်မြင်လာလျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့် ပြည့်စုံလာနိုင်သည်။

သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ဟုဆိုအပ်သည့်ရုပ်နာမ်တို့ကို ခွဲခြားဝေဖန်ပြီး ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတို့ကို ထင်မြင်လျှင် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိဖြင့် ပြည့်စုံလာနိုင်သည်။

ဥဒယဗ္ဗယဉာဏ်မှ အနုလောမဉာဏ်တိုင်အောင် ရုပ်နာမ်တို့၏ ပျက်ခြင်းသဘော၊ ကြောက်ရွံ့ခြင်းသဘော၊ ရွံမုန်းခြင်းသဘော၊ ငြီးငွေ့ခြင်းသဘော၊ လွတ်မြောက်လိုခြင်းသဘောတို့ကို ထင်မြင်လာလျှင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြင့် ပြည့်စုံလာနိုင်သည်။

မဂ်ဉာဏ်အားဖြင့် မဂ်ဆိုက်၍နိဗ္ဗာန်မျက်မှောက်ပြုလာရလျှင် ဉာဏဒဿနဝိသုဒ္ဓိဖြင့် ပြည့်စုံလာသည်။

ဖိုလ်ဉာဏ်ဟု ဆိုအပ်သည့် နိဗ္ဗာန်ကို ထပ်မံ ခံစားခြင်း၊ ပစ္စဝေက္ခဏာဉာဏ်ဟု ဆိုအပ်သည့် ကျန်ရှိနေသေးသည့် ကိလေသာ တို့ကို သုံးသပ်ဆင်ခြင်ခြင်း အစရှိသည့်ဉာဏ်တို့သည် ဥပစာရအားဖြင့် ဉာဏဒဿနဝိသုဒ္ဓိတွင် အကျုံးဝင်သည် ဟူ၍ အဆိုရှိ၏။

## ဉာဏ်စဉ် ၁၆ ပါး

ဝိပဿနာတရားကို အားထုတ်မည့် ယောဂီ အဖို့ သင်္ဂြိုဟ်ကျမ်းတွင် ဉာဏ်စဉ် ၁၀ ပါးသာ ပြထားသော်လည်း ရုပ်နာမ်က စပြီး အားထုတ်မှသာ ဝိပဿနာ လမ်းကြောင်းသည် မှန်နိုင်မည် ဖြစ်၏။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်လာဖို့ရန် ရုပ်နာမ်တရားတို့ အပေါ်မှာ စင်ကြယ်လာမှသာ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်လာနိုင်သည့်အတွက် ဉာဏ်စဉ် ၁၆ ပါးကို ရှင်းပါမည်။ ယင်းဉာဏ်စဉ်များကို တခုချင်း လိုက်၍ အားထုတ်ရန် မဟုတ်ပါ။ ရုပ်နာမ်တရားတို့၏ မမြဲသော "ဖြစ်ပျက်" ကိုသာ ပုံသေဆုပ်ကိုင်ပြီး သမာဓိ တက်လာအောင် အားထုတ်ကြဖို့ ဖြစ်၏။

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်=ရုပ်ကိုပင်ဖြစ်စေ၊ နာမ်ကိုပင်ဖြစ်စေ ဘာဝနာဉာဏ်ဖြင့် ပိုင်းခြားသိမြင်သည့်ဉာဏ် ဖြစ်၏။

(၂) ပစ္စယပရိဂ္ဂဟဉာဏ်=ရုပ်နာမ်တို့၏ ဖြစ်ကြောင်း သိမ်းဆည်းသည့် ဉာဏ် ဖြစ်၏။

(၃) သမ္မသနဉာဏ်=ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများကို သုံးသပ်သည့် ဉာဏ် ဖြစ်၏။

(၄) ဥဒယဗ္ဗယဉာဏ်=ရုပ်နာမ်တို့၏ ဖြစ်လိုက်၊ ပျက်လိုက်ဖြင့် ရှိနေသည်ကို သိမြင်လာသည့် ဉာဏ် ဖြစ်၏။

(၅) ဘင်ဉာဏ်=ရုပ်နာမ်တို့၏ ပျက်စီးခြင်းကို သိမြင်သည့် ဉာဏ် ဖြစ်၏။

(၆) ဘယဉာဏ်=ရုပ် နာမ်တို့ ပျက်စီးနေခြင်းသည် ဘေးများသာဖြစ်သည်ဟူ၍ ထင်မြင်လာသည့် ဉာဏ် ဖြစ်၏။

(၇) အာဒီနဝဉာဏ် = ရုပ်နာမ်တို့ ပျက်စီး နေခြင်းသည် အပြစ်ကြီးဖြစ်သည်ဟု သိမြင်လာသည့် ဉာဏ် ဖြစ်၏။

(၈) နိဗ္ဗိန္ဒာဉာဏ် = ရုပ်နာမ်တို့ပျက်စီးနေခြင်းသည်စက်ဆုပ်ရွံရှာပြီး ငြီးငွေ့စရာများဟူ၍ ထင်မြင်လာသည့် ဉာဏ် ဖြစ်၏။

(၉) မုဉ္စိတုကမျတာဉာဏ် = ရုပ်နာမ်တို့ ပျက်စီးနေခြင်းမှ လွတ်ရာနိဗ္ဗာန်သို့ ကိုင်းရှိုင်းခြင်းဖြစ်လာသည့် ဉာဏ် ဖြစ်၏။

(၁၀) ပဋိသင်္ခါဉာဏ် = ရုပ် နာမ် တို့၏ ပျက်စီးခြင်းကို တဖန်ပြန်သိမ်းဆည်းခြင်းဖြစ်သည့် ဉာဏ် ဖြစ်၏။

(၁၁) သင်္ခါရုပေက္ခာဉာဏ် = ရုပ်နာမ်တို့၏ဖြစ်ခြင်း၊ ပျက်ခြင်းရှိနေသည်ကို မုန်းလည်းမမုန်း၊ ချစ်လည်းမချစ် လျစ်လျူရှုနိုင်သည့်ဉာဏ်ဖြစ်၏။

(၁၂) အနုလောမဉာဏ် = ရှေ့ဉာဏ်၊ နောက်ဉာဏ်အား သုံးသပ်ပြီး ပရိကံ၊ ဥပစာ၊ အနုလုံ ခေါ်သည့် ဇောစိတ်သုံးခု ဖြင့် ယှဉ်သည့် ဉာဏ်ဖြစ်၏။

(၁၃) ဂေါတြဘူဉာဏ် = ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာ အနွယ်ကိုပွားစေသည့် ဉာဏ်ဖြစ်၏။

(၁၄) မဂ်ဉာဏ် = နိဗ္ဗာန်ကို မျက်မှောက်ပြု သိမြင်သည့် ဉာဏ် ဖြစ်၏။

(၁၅) ဖိုလ်ဉာဏ် = နိဗ္ဗာန်ကို မြင်၍ သိမြင်သည့် ဉာဏ် ဖြစ်၏။ (ဖိုလ်ဇောသည် မန္ဒပုဂ္ဂိုလ် နှစ်ကြိမ်နှင့် တိက္ခပုဂ္ဂိုလ်တွင် သုံးကြိမ် ဖြစ်ရ၏)။

(၁၆) ပစ္စဝေက္ခဏာဉာဏ် = မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပယ်ပြီး၊ မပယ်ရသေးသည့် ကိလေသာ ဤတရားငါးပါးကို ဆင်ခြင်သည့် ဉာဏ် ဖြစ်၏။

တရား အားထုတ် နေကြသည့် ယောဂီတို့သည် သမာဓိ အားနည်းသေးသည့်အခါ အောက်ဉာဏ်စဉ်များမှာပင် သောင်တင်နေတတ်ပါသည်။ သို့ရာတွင် သမာဓိ အားသန်လာသည့် အခါ ဉာဏ်စဉ်များသည် တက်မှန်းမသိ သမာဓိအားအလျောက် လှေကားထစ်များနင်း၍ တက်လာသကဲ့သို့ တက်လာပြီး နိဗ္ဗာန် တွေ့စရာရှိလျှင် တွေ့နိုင်တတ်ပါသည်။

ဖော်ပြပါ ဉာဏ်စဉ် ၁၆ ပါးသည် ပညာအရာတွင် ထူးချွန် ပြောင်မြောက်ကာ ဧတဒဂ် ရခဲ့သည့် အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီး သုံးသပ်၍ သိလာရသည့် ဉာဏ်များဖြစ်သည်။

## လက္ခဏာ သုံးမျိုး

လူသတ္တဝါတို့၏ ခန္ဓာကိုယ်ကောင်ကြီး တခုလုံး ခဏမစဲ တသဲသဲ ဖြစ်ပျက်နေသည်ကို တရားအားမထုတ်မိက မသိနိုင်ကြခြင်းဖြစ်သည်။ အစိုင်အခဲ၊ ဒြပ်သဏ္ဌာန်၊ ဟန်ပန်တို့က ဖုံးလွှမ်းထား၍ ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာတို့က ဤသို့ ဖွင့်ဆိုထားပါသည်။

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

လူတို့သည် ဖြစ်ခြင်း ပျက်ခြင်းတရားတို့ကို နှလုံးမသွင်းကြသည့်အတွက် သန္တတိဟု ဆိုအပ်သော အစဉ်သည် ဖုံးလွှမ်းနေ၍သာ အနိစ္စလက္ခဏာ မထင်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ဒုက္ခလက္ခဏံ အဘိဏှ သမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

လူတို့သည် မပြတ်မလပ် နှိပ်စက်ညှဉ်းဆဲခြင်း ခံရပုံတို့ကို နှလုံးမသွင်းကြသည့်အတွက် ဣရိယာပုထ်က ဖုံးလွှမ်းထားသည်ကိုမသိပဲ ချမ်းသာသည်၊ နေသာသည်ဟူ၍ အထင်ရှိနေကြ၍သာလျှင် ဒုက္ခလက္ခဏာ မထင်ခြင်း ဖြစ်သည်ဟု အနက်ဖွင့်ဆိုပါသည်။

အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

လူသားတို့သည်မိမိကိုယ်ကို "ငါပဲ၊ သူပဲ၊ပုဂ္ဂိုလ်ပဲ၊ သတ္တဝါတွေပဲ၊ ငါလုပ်တာ၊ ငါကြံစည်တာ၊ ငါသွားတာ၊ ငါလာတာ၊ ငါစားတာ"ဟူ၍ စွဲယူနေကြသည်။ ယင်းသို့ ယူနေကြခြင်းသည် အထူးထူးသော ဓာတ်တို့ သီးခြားဖြစ်နေသည်ကို နှလုံးမသွင်းပဲ "ဃန"တို့၏ အဖုံးအအုပ်ကို ခံနေရသည် ဖြစ်ခြင်းကြောင့် ဓာတ်အစု၊ ကလာပ်အစု၊ အနတ္တ လက္ခဏာတို့ကို မမြင်နိုင်တော့ပေ။ ထိုသို့ မမြင်နိုင်တော့သည်နှင့်အညီ အရိပ်သဏ္ဌာန် ဟန်ပန်အစိုင်အခဲတို့ကိုသာ ကြည့်မြင်၍သာ နေကြသည်ဟု ဆိုလိုပေသည်။

အဋ္ဌကထာ ဖွင့်ဆိုပြသည့် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့၏ လက္ခဏာရေးသုံးပါးသည် တရား အားထုတ်ကြသူတိုင်းအဖို့ အလွန်အရေးကြီးလှပေသည်။ နိဗ္ဗာန်သို့

ပန်းဝင်ကြရာ၌ လက္ခဏာယာဉ် သုံးပါးကို ဘာဝနာဉာဏ် စက်ရဟတ် တပ်ဆင်စီးနင်းပြီး မျက်မှောက်ပြုကြရမည် ဖြစ်သည့်အတွက် သုံးမျိုးနိဗ္ဗာန် သိထားရန် အလွန်လိုအပ်လှပေသည်။

နိဗ္ဗာန်သုံးမျိုးဟူသည်—

(၁) သုညတ နိဗ္ဗာန်၊
(၂) အနိမိတ္တနိဗ္ဗာန်၊
(၃) အပ္ပဏိဟိတ နိဗ္ဗာန်ဟူ၍ သုံးမျိုးရှိ၏။

(၁) သုညတ နိဗ္ဗာန်=သုည = သုဉ်းခြင်း၊ ကင်းဆိတ်ခြင်း၊ မရှိခြင်း အဓိပ္ပာယ်ကိုပြ၏။ နိဗ္ဗာန် = ရာဂ၊ ဒေါသ၊ မောဟနှင့်တကွ၊ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာမှ ကင်းဆိတ်၏။ ရာဂ၊ ဒေါသ၊ မောဟနှင့်တကွ ရုပ်နာမ် အားလုံးတို့ ကင်းဆိတ်နေပုံအခြင်းအရာ အာကာရကို စွဲမှတ်ပြီး "သုညတနိဗ္ဗာန်"ဟု ခေါ်ဆိုခြင်းဖြစ်၏။

(၂) အနိမိတ္တနိဗ္ဗာန် = အရှည်အတို၊ အလုံးအခဲ စသည့်ပုံသဏ္ဌာန်အနက်ကို ဟော၏။ ရုပ်ခန္ဓာသည် ရုပ်ကလာပ်ချင်းပေါင်းစုလျက် ပုံသဏ္ဌာန်အမျိုးမျိုးပေါ်ထွက်၏။ နာမ်ခန္ဓာကိုသာမာန်ဉာဏ်ဖြင့် မသိနိုင်။ သို့ရာတွင် ဘုရားရှင်တို့၏ ဉာဏ်၌ကား ပုံသဏ္ဌာန် မဟုတ်လင့်ကစား ပုံသဏ္ဌာန်ကဲ့သို့ပင် ထင်ရှားစရာရှိ၏။ နိဗ္ဗာန်ကား ဤကဲ့သို့သော ပုံသဏ္ဌာန်မျိုး မရှိ။ ဤကဲ့သို့ ပုံသဏ္ဌာန်မရှိပုံ အခြင်းအရာ အာကာရကို စွဲမှတ်ပြီး "အနိမိတ္တနိဗ္ဗာန်"ဟူ၍ ခေါ်ဆိုခြင်း ဖြစ်၏။

(၃) အပ္ပဏိဟိတနိဗ္ဗာန် = ပဏိဟိတသဒ္ဒါသည် တောင့်တခြင်းအနက်ကို ဟော၏။ ပဏိဓိသဒ္ဒါနှင့် အနက်တူ၏။ နိဗ္ဗာန်ကို

တဏှာသဘောအားဖြင့် မတောင့်တအပ်၊ နိဗ္ဗာန်တွင် တောင့်တ အပ်သည့် တဏှာလည်း မရှိ၊ ထိုသို့ ပူပူဆာဆာဖြင့် တောင့်တ အပ်သည့် တဏှာမရှိပုံ အခြင်းအရာ အာကာရကို စွဲမှတ်ပြီး "အပ္ပဏိဟိတ နိဗ္ဗာန်" ဟူ၍ ခေါ်ဆိုခြင်းဖြစ်၏။

နိဗ္ဗာန်နှင့် ပတ်သက်၍ အားလုံးခြုံငုံလိုက်လျှင် ၃၁ ဘုံတွင် မည်သည့်ဘဝ၊ မည်သည့်ဂတိတို့ကိုမှ လားရခြင်းမရှိ၊ မွေး သေ သည့် ရုပ်နာမ်များကဲ့သို့ ဖြစ်ခြင်း၊ ပျက်ခြင်းလည်းမရှိ၊ တည်ရာ ဘုံဗိမာန်လည်း မရှိ၊ ၂၄ ပစ္စည်းနှင့်လည်း လွတ်၏။ အသင်္ခတ၊ မဂ်စိတ်၊ ဖိုလ်စိတ်တို့ကို အာရမ္မဏသတ္တိဖြင့် မြင်အောင်ပြုခြင်း ဖြစ်၏။

## နိဗ္ဗာန်ပြဿနာ

နိဗ္ဗာန်အကြောင်းနှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးနှင့် အရှင် နာဂသေန မထေရ်တို့သည် ဤသို့မေးလျှောက်၍ ဤသို့ ဖြေကြား ကြ၏။

မိလိန္ဒမင်းကြီး။ ။ အရှင် နာဂသေန မထေရ်မြတ်ဘုရား၊ နိဗ္ဗာန်ဟာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်လဲ မဟုတ်ဘူး၊ ခဏတ္တယ သို့ရောက်ဆဲ "ဥပ္ပန္န"၊ ခဏတ္တယသို့ရောက်ဆဲ ရောက်ပြီးမဟုတ်တဲ့ "အနုပ္ပန္န" လဲ မဟုတ်ဘူး၊ မချုပ်ကျန် ဖြစ်ပေါ်လာမှာလဲ မဟုတ်ဘူးလို့ အရှင်ဘုရားတို့ ဟောတော်မူကြပါတယ်။ တစုံ တယောက်သော သူဟာ ကောင်းစွာ ကျင့်လို့ နိဗ္ဗာန်ကို

မျက်မှောက်ပြုရတယ် ဆိုတာဟာ ဖြစ်ဆဲနိဗ္ဗာန်ကို မျက်မှောက်ပြုရပါသလား၊ ဒါမှမဟုတ်ယင် ဖြစ်ပြီးတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပါသလား'' ဤကဲ့သို့ မိလိန္ဒမင်းကြီးသည် နိုက်နိုက် ချွတ်ချွတ် လျှောက်ထား မေးမြန်းလေသည်။

မင်းကြီး။ ။ကောင်းစွာ ကျင့်တဲ့သူဟာ ဖြစ်ဆဲရော၊ ဖြစ်ပြီးတဲ့ နိဗ္ဗာန်ကိုရော၊ မျက်မှောက် မပြုပါဘူး၊ ကောင်းစွာကျင့်တဲ့သူဟာ အမှန်စင်စစ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါတယ်၊ နိဗ္ဗာန်ဟာလဲ ရှိပါတယ်။

မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနမထေရ်မြတ်၏ အဖြေကို သဘောမပေါက် မကျေနပ်သေးသည်နှင့် ထပ်မံ၍ မေးလျှောက်ပြန်၏။

အရှင် နာဂသေန မထေရ်မြတ်ဘုရား၊ ဒီပြဿနာကို လျှို့ဝှက် ဖုံးကွယ်ပြီး မပြပါနဲ့၊ အရှင်ဘုရား သင်ကြားထားတဲ့နည်း အားလုံးတွေကို ဆန္ဒရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ဖြေကြားတော်မူပါဘုရား။

မင်းမြတ်၊ တပည့်ဟာ ဆရာဆုံးမတဲ့အတိုင်း အတတ်ပညာကို ရသလို၊ ကောင်းစွာ ကျင့်ကြံအားထုတ်တဲ့ လူဟာလဲ မြတ်စွာဘုရား ဆုံးမတော်မူတဲ့အတိုင်း နိဗ္ဗာန်ကို ပညာနဲ့ မျက်မှောက်ပြုရပါတယ်။ မင်းမြတ် သိသာလွယ်အောင် ဥပမာနဲ့ ပြောပြပါ့မယ်။

(က) တောက်လောင်နေတဲ့ မီးထဲမှာ ကျရောက်နေတဲ့ ယောကျ်ားဟာ မီးထဲမှ လွတ်အောင် သူ့ရဲ့ လုံ့လ ဝီရိယနဲ့ အားထုတ်လို့ မီးတွင်းမှလွတ်သလို၊

(ခ) မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊လူကောင်ပုပ်၊ အညစ်အကြေးရှိတဲ့နေရာမှာ ရောက်နေတဲ့ ယောကျ်ားဟာ အဲဒီအပုပ်နဲ့တွေထဲမှ လွတ်အောင် ရုန်းထွက်သလို၊

(ဂ) ထိတ်လန့် ကြောက်ရွံ့ဖွယ်ဖြစ်တဲ့ အရပ်မှ ယောကျ်ားဟာ ဘေးလွတ်ရာအရပ်သို့ ရုန်းထွက်သလို၊

(ဃ) ညစ်နွမ်း နောက်ကျိနေတဲ့၊ ညွန်ပုပ်ရှိတဲ့ နေရာမှ ယောကျ်ားဟာ အဲဒီညွှန်ပုပ်၊ ရွှံ့စေးထွေကို ဖယ်ရှားပြီး အညစ်အကြေး မရှိရာ အရပ်သို့ ရုန်းထွက်သလို၊

မင်းမြတ်၊ အဲဒီ ဥပမာ တွေလိုပါ၊ ကောင်းစွာကျင့်တဲ့သူဟာ ကိလေသာ အညစ်အကြေးမကင်းတဲ့၊ လွန်စွာပင် ချမ်းသာတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါတယ်။

မင်းမြတ်၊ ညွန်စေး၊အပုပ်ကောင်စတဲ့ အရာတွေဟာ လာဘ်ပူဇော်၊ အကျော်အစောတွေ စတဲ့ ဥပမာနဲ့တူပါတယ်။

ညွန်စေး၊ အပုပ်ကောင်တွေ ရှိတဲ့နေရာမှာ ရောက်နေတဲ့ ယောကျ်ားဟာ ကောင်းစွာပင် ဝိပဿနာ တရားတွေကို ကျင့်ကြံနေတဲ့သူလို့ မှတ်ရပါမယ်။

ညွန်စေး၊ အပုပ်ကောင်တွေ မရှိတဲ့ ဘေးကင်း စင်ကြယ်၊ သန့်ရှင်းတဲ့ အရပ်ဟာလဲ နိဗ္ဗာန်နဲ့ အတူတူပါပဲလို့ မှတ်ရပါမယ်။

မင်းမြတ်၊ ကောင်းစွာ ကျင့်ကြံတဲ့သူဟာ ပြင်းစွာ တောက်လောင်နေတဲ့ သံတွေခဲကို အစမှဖြစ်စေ၊အလယ်မှဖြစ်စေ၊အဆုံးမှဖြစ်စေ ကိုင်ယူပြီး သွားနိုင်တဲ့နေရာကို မမြင်သလို သင်္ခါရတရားတွေရဲ့ ဖြစ်ခြင်း၊ပျက်ခြင်းတွေကို သုံးသပ်တဲ့အတွက် ဇာတိ၊ဇရာ ဗျာဓိ၊မရဏ ဆိုတဲ့ ဘေးတွေကို မြင်လာရပါတယ်။

အဲဒီလို ကျင့်နေတဲ့သူဟာ သင်္ခါရ တရားတွေရဲ့ ဘုံသုံးပါးကို မမွေ့လျော်ပဲ ငြီးငွေ့ လာရပါတော့တယ်။ ဒီသူဟာ သင်္ခါရတွေရဲ့ ငြိမ်းအေးရာ ခန္ဓာငါးပါးတွေကို လွတ်လွတ် စွန့်ပစ်ရာ၊ တဏှာရာဂတွေရဲ့ ချုပ်ရာ၊ ထွက်မြောက်ရာ နိဗ္ဗာန်ဆိုတာ ငြိမ်သက်တယ်၊မွန်မြတ်တယ်လို့ သူ့ရဲ့စိတ်မှာ ဖြစ်ပေါ်လာရပါတယ်။

အဲဒီလို လွတ်မြောက်ရာလမ်းကို တွေ့ပေပြီလို့ဆိုပြီး နိဗ္ဗာန်သို့ ပြေးဝင်ရတဲ့အခါ အဲဒီသူဟာ ငါတော့ သင်္ခါရ တရားတွေမှ လွတ်မြောက်ရပေပြီလို့ ကြည်လင်ရွှင်မျှ နှစ်သက်ဝမ်းသာခြင်း ဖြစ်လာရပါတယ်။

ကောင်းစွာ ကျင့်တဲ့သူဟာ သင်္ခါရတရားတွေ မဖြစ်ရာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး တရားတွေကို အားသုတ် ပွားများတဲ့အခါ အောက်မေ့မှု "သတိ"၊ အားထုတ်မှု "ဝီရိယ"၊ နှစ်သက်မှု "ပီတိ" တွေဟာ ကောင်းစွာတည်ပြီး အဆင့်ဆင့် နှလုံးသွင်း အားထုတ်ဖန် များလာတဲ့အခါ သင်္ခါရအပေါင်းမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ သက်ဝင်ပြီး သစ္စိကိရိယာအနေနဲ့ တကယ်ပင် မျက်မှောက်ပြုရပါတယ်။ဤသို့ အရှင်နာဂသေန မထေရ်မြတ်က ပြန်လည်ရှင်းလင်း ဖြေကြားတော်မူသည်။

ဤတွင်မှ မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနမထေရ်မြတ်၏ ဖြေကြားချက်ကို နှစ်သက် ဝမ်းမြောက်ပြီး ကောင်းလှပါ၏ ဘုရား၊ ဆိုတော်မူတိုင်း ဝန်ခံပါ၏ဘုရားဟူ၍ ပြန်လည်လျှောက်ထားလေသည်။

အရှင်နာဂသေနမထေရ်မြတ်၏ ဖြေကြားပုံမှာ တကယ်တမ်း အားထုတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရပုံ၊ တကယ်အားထုတ်၍ တွေ့လာရသည့် ပုံစံမျိုးကဲ့သို့ ဖြေကြားပြောဆိုခြင်းဖြစ်၏။

## လေးမဂ် လေးဖိုလ်

နိဗ္ဗာန်ကို ပြုရာတွင် လေးမဂ်၊ လေးဖိုလ် အားဖြင့် အဆင့်လေးဆင့်ရှိပါသည်။

(၁) သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊
(၂) သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊
(၃) အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊
(၄) အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဟူ၍ ဖြစ်၏။

## သောတာပန်သုံးမျိုး

တရားအားထုတ်သည့် ယောဂီသည် ပထမဦးစွာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လျှင် သောတာပန်ဖြစ်ပြီး သံယောဇဉ်တရား ၁၀ ပါးထဲမှ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသနှင့် အပါယ်ကိုပစ်ချစေတတ်သည့် ကာမရာဂ၊ ပဋိဃတရား ၄ ပါးမျိုးတို့ကို ပစ်ပယ်ပြီးဖြစ်၏။ ထိုသို့ ပစ်ပယ်ပြီး ဖြစ်သည့်အတွက် ထိုယောဂီသည် အပါယ်တံခါးပိတ်ပြီးသူ ဖြစ်သွားရပါသည်။

(၁) ဧကဗီဇီသောတာပန်သည် တဘဝတည်းသာ ပဋိသန္ဓေ ယူရတော့သည်။

(၂) ကောလံကောလ သောတာပန်သည် နှစ်ကြိမ်မှ ခြောက်ကြိမ်အထိသာ ပဋိသန္ဓေ ယူရတော့သည်။

(၃) သတ္တက္ခတ္တုပရမ သောတာပန်သည် ခုနစ်ကြိမ်သော ဘဝသာ ပဋိသန္ဓေ ယူရတော့သည်။

သကဒါဂါမိသည် ရုန့်ရင်း ကြမ်းတမ်းသည့် ကာမရာဂနှင့် ပဋိဃတို့ကို ပယ်ပြီးဖြစ်သည့်အတွက် သကဒါဂါမိ ပုဂ္ဂိုလ်သည် ကာမဘုံတွင် တကြိမ်သာ ပဋိသန္ဓေ ယူရတော့သည်။

အနာဂါမိသည် နူးညံ့သိမ်မွေ့လှသည့် ကာမရာဂနှင့် ပဋိဃ တို့ကို ပယ်ပြီးဖြစ်သည့်အတွက် ကွယ်လွန်သည့်အခါ သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်သို့ ရောက်၏။ ထိုသို့ရောက်ပြီး ဖြစ်သည့် အတွက် အောက်ဘုံသို့ ပြန်လည်ခြင်း မရှိတော့ပဲ ဗြဟ္မာ့ဘုံ၌သာ ပရိနိဗ္ဗာန် စံဝင်ရလေသည်။

အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော ရဟန္တာ အရှင်မြတ်တို့သည် သံယောဇဉ် ၁၀ ပါးနှင့်တကွ ရူပ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာစသည့် ကိလေသာ ဟူသမျှတို့ကို မြူမျှ မကျန်ရအောင်(အလုံးစုံ အနုသယ အမြစ်ပါမကျန်)ပယ်သတ်၍ အာသဝေါတရား လေးပါး ကုန်ပြီးဖြစ်သဖြင့် သတိဖြင့် ကင်း လွတ်သည့် အချိန်ဟူသည် မည်သည့်အခါမှ မရှိတော့ပေ။ ထိုသို့ မရှိသည်ကြောင့် တုန်လှုပ်ခြင်း၊ ချောက်ချားခြင်း၊ သာယာ နှင်သက် စွဲလမ်း ခြင်း တို့ သည် မ ဖြစ် ပေါ် တော့ပေ။ ရဟန္တာ ဖြစ်ပြီးသည့် အရိယာမြတ်သည် လူဝတ်ဖြင့် မနေနိုင်သည့်အတွက် ရဟန်းဘောင်သို့ ကူးပြောင်းရ၏။

လူ့ဘဝတွင် ခန္ဓာရှိနေချိန်၌ "သဉပါဒိ သေသ နိဗ္ဗာန်" ကို သာ ရရှိထားလင့်ကစား ခန္ဓာ ချုပ်ငြိမ်း၍ ပရိနိဗ္ဗာန် ပြုပြီး သည့်အခါ "အနုပါဒိသေသ နိဗ္ဗာန်"ဟု ဆိုအပ်သော ခန္ဓာအိမ်

ထပ်တလဲလဲ ပဋိသန္ဓေ နေရခြင်း စသည့် ၃၁–ဘုံ သံသရာ ဝဋ်ဒုက္ခမှ အပြီးအပိုင် ကျွတ်လွတ်ပြီး ခံစားနိုင်ပေသည်။ ရဟန်းဘဝဖြင့် ရဟန္တာ ဖြစ်တော်မူကြသည့် ရဟန်းတော်များမှာမူ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမအတိုင်း အလုံးစုံ ကျင့်သုံးပြီး ဖြစ်သည့်အတွက် နောက်ထပ် ကျင့်သုံးအားထုတ်စရာ မရှိတော့ပေ။

ပထမဦးစွာ သောတာပန်ဖြစ်ပြီးသည့် အရိယာသည် ဒုတိယအဆင့် ဖြစ်သည့် သကဒါဂါမ်အဖြစ် တက်လိုလျှင် မူလသောတာပန် ဖြစ်လာရန် ရှုပ် နာမ် မှုစပြီး အားထုတ်ခြင်း မပြုတော့ပဲ ဥဒယဗ္ဗယဉာဏ် "ဖြစ်–ပျက်" ကစ၍ နိဗ္ဗာန်ကိုထပ်မံ မျက်မှောက်ပြုနိုင်ရန် အားထုတ်ယူရပါသည်။

သကဒါဂါမ် ရောက်ပြီး၍ အနာဂါမ်သို့ တက်လိုလျှင်ဖြစ်စေ၊ အနာဂါမ်မှ ရဟန္တာအဆင့်သို့ တက်လိုလျှင်ဖြစ်စေ ဥဒယဗ္ဗယဉာဏ်မှစ၍ နိဗ္ဗာန်တွေ့လာသည့်တိုင် အဆင့်တိုင်း ပြန်ပြီးအားထုတ်ယူရပါသည်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက်ရှိပြီးလျှင် အားထုတ်ရန်မှာ အပြီးအပြတ် ဖြစ်သွားရပါသည်။

ဘုရားသခင်လက်ထက်က အချို့ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့သည် လေးမဂ်၊ လေးဖိုလ် တိုင်အောင် မပြီးဆုံးကြပဲ ဖြစ်နေသဖြင့် အချို့က သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်မှာသာ တည်နေကြသည်။ ယင်းသို့ တည်နေကြသော်လည်း တင်ပြခဲ့သည့်အတိုင်း အချို့က တဘဝ၊ အချို့က ခုနစ်ဘဝအထိသာ လူ့ဘုံ၊ နတ်ဘုံတို့မှာ ကြားကာလအတွင်း စံနေကြရပြီး ထိုလူ့ဘဝ၊ နတ်ဘဝတို့မှ တဆင့် ပရိနိဗ္ဗာန် စံဝင်နိုင်ကြပါသည်။

●ပယ်ဦးစာမေ

## ရဟန္တာခေတ်

ရဟန္တာဖြစ်နိုင်သည့် ခေတ်ကို သာသနာတော်ဖြင့် ပိုင်းခြားထားသည်ကို သုတ်ပါထေယျ၊ အင်္ဂုတ္တရ အဋ္ဌကထာတို့တွင် ဤသို့ ပြဆိုထားသည်။

သာသနာတော် ငါးထောင်ရှိသည့်အနက် ပထမ သာသနာ ထောင်အတွင်း "ပဋိသမ္ဘိဒါပတ္တ ရဟန္တာ" များ ဖြစ်နိုင်သည်။ ဒုတိယ တထောင်အတွင်း "ဆဠဘိည ရဟန္တာ" များ ဖြစ်နိုင်သည်။ တတိယတထောင်အတွင်း "တေဝိဇ္ဇရဟန္တာ" များဖြစ်နိုင်သည်။ စတုတ္ထတထောင်အတွင်း "သုက္ခဝိပဿက ရဟန္တာ" များဖြစ်နိုင်သည်။ပဉ္စမတထောင်အတွင်း "ပါတိမောက္ခသံဝရ" ခေတ်သာ ဖြစ်လေသည်။

ထို့ကြောင့် အရိယာ ဖြစ်တော်မူကြကုန်သော ပုဂ္ဂိုလ်ထူးများကို အားကျပြီး သံသရာဝဋ္ဋ ဒုက္ခမှ ကျွတ်မြောက်လိုသည့် မည်သည့်ရဟန်းရှင်လူမဆိုနိဗ္ဗာနသစ္စာကိုရိယာ:စမင်္ဂလာတော်အရ နိဗ္ဗာန်ကို တကယ်လိုလား မျက်မှောက်ပြုလိုကြလျှင် သာသနာ တော် ငါးထောင်တွင် တတိယ တထောင်ဖြစ်သည့် "တေဝိဇ္ဇ ရဟန္တာ" ခေတ်နှင့် ကြုံကြိုက်နေသည်ဖြစ်သောကြောင့် နိဗ္ဗာန်ကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုနိုင်ကြရန် ကျင့်ကြံအားထုတ်ကြဖို့ တိုက်တွန်းအပ်ပေသည်။

# (၃၅) ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ မင်္ဂလာသည် (လောကဓမ္မေဟိ=လောကဓံတရား ရှစ်ပါးတို့ဖြင့်၊ ဖုဋ္ဌဿ=တွေ့ဆုံတိုက်ခိုက်လာသည့်အခါ၊ ယဿ=အကြင်တာဒိဂုဏ်ဖြင့် ပြည့်စုံသူ၏၊ စိတ္တံ=စိတ်သည်၊ နကမ္ပတိ = မတုန်မလှုပ် ဖြစ်ကြရ၏။)

အာသဝေါတရား လေးပါး ကုန်ခန်းပြီးသည့် ရဟန္တာအရှင်မြတ်တို့၏ စိတ်တို့သည် လောကဓံတရား ရှစ်ပါးတို့ဖြင့် မည်သို့ပင် တွေ့ကြုံ ကြသော်လည်း ဘယ်နံရောအခါမှ တုန်လှုပ်ခြင်းမရှိဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း ဖြစ်၏။

## လောကဓံရှစ်ပါး

(၁) လာဘ = လူသားအဖို့ ပစ္စည်းဥစ္စာ၊ ရွှေငွေ စသည့် လာဘ်လာဘ၊ ရဟန်းတော်များအဖို့ သင်္ကန်း၊ ကျောင်း၊ ဆွမ်း၊ ဆေး ပေါများပြည့်စုံခြင်း ဖြစ်၏။

(၂) အလာဘ = ထိုသို့သော လာဘ်လာဘများ မပြည့်စုံ မရရှိခြင်း။

(၃) ယသ = အခြွေအရံ ပရိသတ် ပေါများခြင်း။

(၄) အယသ = အခြွေအရံ ကင်းမဲ့ မပြည့်စုံခြင်း။

(၅) နိန္ဒာ = သူတပါးတို့က မိမိအား ကဲ့ရဲ့ ပြစ်တင်လာခြင်း။

(၆) ပသံသာ = သူတပါးတို့က မိမိအား ချီးမွမ်းပြောဆိုလာခြင်း။

(၇) သုခ = ဣဋ္ဌာရုံဖြစ်သည့်ကောင်းသည့် အတွေ့တို့ဖြင့် ကြုံလာခြင်း။

(၈) ဒုက္ခ = အနိဋ္ဌာရုံဖြစ်သည့် မကောင်းသည့် အတွေ့တို့ဖြင့် ကြုံလာခြင်းစသည်ဖြင့် ကောင်းတဖုံ၊ဆိုးတလှည့် ကြုံလာခြင်း လောကဓံရှစ်ပါးဖြစ်၏။

ယင်း လောကဓံ တရားများသည် လူသတ္တဝါတို့အား ကောင်းတလှည့်၊ ဆိုးတဖုံ အစဉ်တိုက်ခိုက်လျက် ရှိ၏။ ကောင်းအလှည့်ဖြင့် ကြုံလျှင် မော်မဆိုး ပျော်တပြုံးပြုံးဖြစ်ပြီး ဆိုးတလှည့်ဖြင့် ကြုံလျှင် တရှုပ်ရှုပ်ဖြင့် မျက်ရည်ယိုစီး ငိုပွဲကြီး ဆင်ကြရသည်။

ရဟန္တာ မဖြစ်ကြသေးသည့် ပုထုဇဉ် မှန်သမျှ လောကဓံတရားဖြင့် ရင်ဆိုင်ကြရမည်။ ဤသို့ ရင်ဆိုင်ရာ၌ လောကဓံတရား၏ ရိုက်ပုတ်သည့်ဒဏ် ကြံ့ကြံ့မခံနိုင်သေးသည့် အတွက် ကောင်းတွေ့တွင် တဏှာ လောဘဖြစ်လာသည်။ ဆိုးတွေ့တွင် ဒေါသအမျက် ခြောင်းခြောင်းထွက်ကြရသည်။ ဤသို့ ဖြစ်ကြရသည့်အတွက် အကုသိုလ်တရားတို့သည် အလွယ်တကူ ရှောရှော ရှူရှူပင် ထိုးဖောက် ဝင်ရောက်လာသည်။

သေက္ခပုဂ္ဂိုလ်ဟု သမုတ်အပ်သည့် ကျင့်နေဆဲပုဂ္ဂိုလ်တို့အဖို့ လောဘ၊ ဒေါသ၊ မောဟစိတ်တို့အပေါ် သူတို့ အောင်မြင်ပြီးသည့် အဆင့်အလိုက် ပယ်သတ်နိုင်စွမ်း ရှိကြသော်လည်း ရဟန္တာများကဲ့သို့ လုံးဝ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ကြသေးသဖြင့် အထိုက် အလိုက်၊ အနည်းနှင့် အများ ဆိုသကဲ့သို့ ကျန်ရှိနေသေးသည်။

သေက္ခပုဂ္ဂိုလ် = ကျင့်နေဆဲ ပုဂ္ဂိုလ်တို့မှာ—

(၁) သောတာပတ္တိ မဂ်ပုဂ္ဂိုလ်၊

(၂) သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်၊

(၃) သကဒါဂါမိ မဂ်ပုဂ္ဂိုလ်၊

(၄) သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်၊

(၅) အနာဂါမိ မဂ်ပုဂ္ဂိုလ်၊

(၆) အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်၊

(၇) အရဟတ္တမဂ်ဟူ၍ ရှိ၏။

သေက္ခပုဂ္ဂိုလ် ခုနစ်မျိုးအနက် သေက္ခပုဂ္ဂိုလ်တို့၏ အရေ အတွက်ထဲတွင် အရဟတ္တဖိုလ်အား ထည့်သွင်းထားခြင်း မပြု သည်မှာ သေက္ခပုဂ္ဂိုလ်တို့သည် လေးမဂ်၊ လေးဖိုလ်ထိအောင် ကျင့်ကြံ အားထုတ်ရာ၌ အရဟတ္တဖိုလ် ရောက်ပြီးသည့် ရဟန္တာ များကဲ့သို့ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဖြစ်သည့် အာသဝေါတရား လေးပါး မကုန်ခန်းကြသေး၍ ဖြစ်၏။

ကိလေသာတို့ကို မိမိတို့ အဆင့်အလိုက် ပယ်သတ်ပြီးကြသည့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာစသည့် နိဗ္ဗာန် ကို မျက်မှောက် ပြုဘူးကြသူတို့က လဲ့လျင် သာမန် ပုထုဇဉ် လူသားနှင့် သာမန် ရဟန်းတို့အဖို့ လောကဓံတရားနှင့် ရင်ဆိုင် ကြုံတွေ့လာသည့် အခါ ( ရူပကာယ ) ရုပ်အားဖြင့် လှုပ်ရှား လာတတ်ကြ၏။

ပုထုဇဉ်ဖြစ်ကြသည့် လယ်သမား၊ ယာသမား၊ ခြံသမား၊ ကိုင်းသမားတို့သည် မိုးလေဝသညီ၍၊ ရာသီမှန်၍ စပါးထွက် ပိုကာ သစ်သီးဝလံ ဝေစည်ဖြိုးပြီး ဝင်ငွေ တိုးလာသည့်အခါ၊ လက်လုပ်လက်စား၊ ကုန်သည်ပွဲစားတို့သည် အရောင်းအဝယ် ဖွံ့ဖြိုးပြီး ရွှေစ ငွေစ တိုးလာသည့်အခါ၊ ရာထမ်း၊မှုထမ်း၊လခစား နေ့စား၊ အခစား မျိုးစုံတို့သည် ရာထူးတိုးတက်၊ လခဝင်ငွေ၊ နေ့စားဝင်ငွေ၊ မောက်ဖြိုးလာသည့်အခါ၊ ပေးနိုင်၊ ကမ်းနိုင်၊ ကျွေးနိုင်ကြသဖြင့် အခွေခြံအရံ လာက်အောက်ငယ်သား ပေါလျှံ လာသည့်အခါ၊ သူတပါးက ချီးမြှောက်ပြောဆို သတင်းဆိုလာ သည့်အခါ၊ မကြောင့်မကြ မတောင့်မတ အေးချမ်းစွာ နေထိုင် လာရသည့်အခါ နဂိုရ်ရှိရင်းစွဲစိတ်တို့သည်ပြောင်းလဲ၍လာသည်။

တပြုံး၊ တရွှင်၊ ခေ၁်ချင်၊ကြွားချင်ကြသည်။ထိုအခါ စိတ်တို့သည် မငြိမ်မသက် တုန်ခါ လှုပ်ရှားလာတတ်သည်။

အလားတူစွာ လယ်သမား၊ ကိုင်းသမား၊ခြံသမားများသည် မိုးလေမမှန်၊ပိုးကျပျက်စီး၊သီးနှံဆုတ်ယုတ်၊ ဝင်ငွေယုတ်လျော့၍ လာသည့်အခါ၊ ကုန်ရောင်းကုန်ဝယ်ကျဆင်းပြီး၊ လက်လုပ်လက်စား ကုန်သည် ပွဲစားတို့အဖို့ အမြတ်အစွန်းက စားလောက်ရုံမျှ မကျန်အောင် ဖြစ်လာကြသည့်အခါ၊ မှုထမ်းရာထမ်း၊ နေ့စား၊ လစားတို့ ရာထူးကျဆင်း၊အလုပ်ပြုတ်၊လခတို့လျော့ကျလာသည့် အခါ၊ အောက်လက်ငယ်သားများက မထီခလေစား၊ အခြေအရံ နည်းပါးလာသည့် အခါ၊ ကဲ့ရဲ့ပြောဆိုခြင်း ခံရသည့် အခါ၊ ဆုတ်ယုတ်ကျဆင်းသည့်အခါ ပုထုဇဉ်တို့၏ စိတ်သည် တရှုံးရှုံး တဒိုင်းဒိုင်းဖြင့် ဒေါသ ယမ်းအိုး ပေါက်ကွဲထွက်လာတတ်သည်။ သစ်ငုတ်တိုခွအကြား မျောက်အိုကြီး ထိုင်နေသကဲ့သို့ ညှိုးညှိုး ငယ်ငယ် မရွှင်မပျ ဘဝင်မကျ ဖြစ်ကာ တုန်လှုပ်လာတတ်ကြ သည်။ ဤသို့ ဖြစ်ကြရသည်မှာ လောကဓံတရား၏ထုထောင်းမှု ဒဏ် ကြံ့ကြံ့မခံနိုင်ကြ၍ ဖြစ်၏။

ပုထုဇဉ်မှန်သမျှ လူတို့၏မျက်စိ၊နား၊နှာခေါင်း၊လျှာ စသည့် ဒွါရပေါက်များ ကို အသံ၊ အနံ့၊ အရသာ၊ အဆင်းတို့က တွေ့ထိ တိုက်ခိုက်လာတိုင်း ကာမဂုဏ်အာရုံများကို တတမ်းတတစွဲလမ်း နှစ်သက်ကြသည်။ ရုပ်နှင့် နာမ် တိုက်ပွဲ ဆင်နေကြခြင်းသာ ဖြစ်သည်။ ရုပ်နှင့်နာမ် တိုက်ပွဲကြားတွင် ရူပကာယသည် လှုပ်ရှား လာရသည် စသည်ဖြင့် နှလုံးမသွင်းတတ်သည်ကြောင့် အကုသိုလ် ဖြစ်စရာ ပေါ်ပေါက်လာခဲ့လျှင် အကုသိုလ်များ အလုံးအရင်း ဖြင့် ဝင်လာတတ်သည်။

ရုပ်နှင့်ရုပ်ချင်း တိုက်ခိုက်ကြသည့်အခါ နာမ်ခန္ဓာ လေးပါး ဖြစ်သည့် စိတ် စေတသိက် တို့ကလည်း ကောင်းဆိုး နှစ်လီကို သိလာရပြန်သည်။ ထိုသို့ သိလာသည်နှင့် နာမကာယအားဖြင့် လှုပ်ရှားလာပြန်သည်။ စိတ်၊ စေတသိက်အားဖြင့်သိပြီး နာမ ကာယ လှုပ်ရှားလာသည်နှင့် ဣဋ္ဌာရုံကလေးများကို ခံစားကြ ရလျှင် သာယာနှစ်သက်သည့် တဏှာရာဂစိတ်တို့ ဖြစ်ပေါ်လာ သည်။ မနှစ်သက်သည့် အနိဋ္ဌာရုံတို့ ခံစားလာရလျှင် မကြည် မသာ ဒေါသဖြစ်စရာရှိလျှင် ဒေါသဖြစ်လာရသည်မှာ လောကဓံ တရားကို ပုထုဇဉ်တို့ တွန်းလှန်ဖြိုဖျက်နိုင်စွမ်း မရှိကြသည်ကို ပြဆိုခြင်းဖြစ်၏။

သို့ရာတွင် ပုထုဇဉ် လူသားတို့ အထဲမှ ဝိပဿနာတရားကို လေ့လာလိုက်စားပြီး ကိုယ်တွေ့အားဖြင့်လည်း တကယ် အား ထုတ်နေကြသည့် ယောဂီတို့အဖို့ လောကဓံမုန်တိုင်းဒဏ် အသင့် အတင့် ခံနိုင်စွမ်းရှိကြသည်။

သောတာပန် ဖြစ်လာသည့် ပုဂ္ဂိုလ်တို့မှအစ မဂ်အလိုက်၊ ဖိုလ်အလိုက် သူ့အဆင့်နှင့်သူ လိုက်လျောညီစွာ လောကဓံ တရားကို ခံနိုင်ရည်ရှိကြသည်။

မဂ်လေးဆင့်၊ ဖိုလ်လေးဆင့်တိုင်အောင် ပေါက်ရောက်ပြီး၍ အာသဝေါတရားများ ကုန်ခန်းပြီးသည့် ရဟန္တာ အရိယာမြတ် များအဖို့ ပုထုဇဉ်တို့ တုန်လှုပ်သကဲ့သို့ မည်သည့်အာရုံ ကာမဂုဏ် တရားတို့ဖြင့် တွေ့တွေ့ မတုန် မလှုပ် ကြံ့ကြံ့ခံနိုင်ရည်ရှိကြသည်။

မှန်၏။ အဘယ့်ကြောင့် ရဟန္တာအရိယာမြတ်တို့ လောကဓံ တရား၏ ထုဆောင်း ရိုက်ပုတ်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိကြ သနည်း။

ရဟန္တာပုဂ္ဂိုလ်တဦးသည် အလွန် အဆင်းလှပ နူးညံ့သိမ်မွေ့လှသည့် နတ်သမီးတဦးကို တွေ့မြင်သည် ဆိုအံ့။ ထိုရဟန္တာပုဂ္ဂိုလ်သည် မြဲမြံသောသတိတရားဖြင့် မျက်စိမှာရှိသည့် အကြည်ဓာတ်နှင့် ရူပါရုံအဆင်းဓာတ်တို့ ရုပ်နှင့်ရုပ်ချင်း တိုက်ခိုက်ခြင်းသာဖြစ်သည်ဟု သတိကပ် အမှတ်ပြုလိုက်သည်။

ဤကဲ့သို့ ရုပ်နှင့်ရုပ်ချင်းတိုက်၍ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာပြီး အဆင်းမှာ မည်သို့ဟူ၍ သိလာသည့်စိတ်ဖြင့် စေတသိက်ဖြစ်ပေါ်လာသည်ကိုလည်း မြဲမြံသော သတိတရားဖြင့် ရဟန္တာအရှင်သူမြတ်သည် သတိကပ် အမှတ်ပြုလိုက်သည်နှင့် ရဟန္တာ၏စိတ်ထဲဝယ် အလွန်ပင် လှပသည့် နတ်သမီးဖြစ်သည်။ ဝတ်ပုံစားပုံက မည်သို့နေသည် ဆိုသည့် တဏှာရာဂ လောဘစိတ်များဝင်မလာတော့ပေ။

ရုပ်အချင်းချင်း တိုက်ခိုက်နေကြခြင်းသာ ဖြစ်သည်။ ရုပ်အချင်းချင်း ဤသို့ တိုက်ကြ ခိုက်ကြ၍ ပျက်နေပုံနှင့် စိတ်၊ စေတသိက်တရားများ ဖြစ်ပေါ်လာပြီး ပျက်လိုက်နေပုံကိုသာ နှလုံးသွင်း အသိရှိနေသည်ဖြစ်သော ရဟန္တာသူမြတ်အား မည်သည့်လောကဓံတရားက တုန်လှုပ်၍ ရပါအံ့နည်း။

ရဟန္တာ အရိယာ သူမြတ်တို့၏ စိတ်အစဉ်သည် ကိလေသာများကို အနုသယ အမြစ်ပါမကျန် ပယ်သတ်ပြီးဖြစ်သည့်အတွက် ပုထုဇဉ် လူသားတို့ကဲ့သို့ သတိကင်းကွာမှု မရှိသည်ကြောင့် မြင်တွေ့သည်ကိုပဲဖြစ်ဖြစ်၊ ကြားရ သိရသည်ကိုပဲဖြစ်ဖြစ်၊ အပုပ်နံ့ကို ရှူရှိုက်ရသည်ပဲ ဖြစ်ဖြစ်၊ စားသောက်ရသည်ကိုပဲ ဖြစ်ဖြစ်၊ အတွေ့အထိကိုပဲဖြစ်ဖြစ် ဖြစ်ပေါ်နေသမျှ ရုပ်များ နာမ်များသည် တဖွားဖွား တရိပ်ရိပ်ဖြင့်သာ ဖြစ်ပေါ်နေကြသည်ဟု

သိနေသဖြင့် ကုသိုလ်ရော အကုသိုလ်ပါ ဖြစ်စရာအကြောင်း မရှိတော့ပေ။

ရဟန္တာ ဖြစ်ပြီးသည့် အရိယာပုဂ္ဂိုလ် အရှင်မြတ်တို့သည် သေဘေးကို ထိတ်လန့်ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိလင့်ကစား သတ္တဝါအားလုံးတို့သည် သေဘေးနှင့် တွေ့လာသည့်အခါ ကြောက်ရွံ့တုန်လှုပ်တတ်ကြောင်း ပြဿနာကို မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန မထေရ်မြတ်တို့ ဤသို့ လျှောက်ကြ ဖြေကြား ကြသည်။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသေနဘုရား၊ သတ္တဝါ အားလုံးဟာ ဒဏ်မှ ထိတ်လန့်တတ်ကြပါတယ်၊ သေခြင်းတရားတွေကိုလဲ ကြောက်ရွံ့တယ်လို့ မြတ်စွာဘုရားသခင်ဟာ ဟောတော်မူပြီ၊ ရဟန္တာပုဂ္ဂိုလ်မြတ်တွေဟာ အလုံးစုံသော ကြောက်ရွံ့ ထိတ်လန့်ခြင်း ဘေးအပေါင်းမှ လွန်မြောက်တယ်လို့ ဟောတော် မူပြန်ပါတယ်၊ အဲဒီစကားတော်ဟာ အစွန်းနှစ်ဘက်ထွက်နေတဲ့ အတွက် ဖြေရှင်းပေးတော်မူပါဘုရား။

အရှင်နာဂသေန။ ။မင်းမြတ်.... သတ္တဝါ အားလုံးဟာ ဒဏ်မှ ထိတ်လန့်ကြတယ်၊ သေခြင်းတရားတွေကိုလဲ ကြောက်ရွံ့ ကြတယ်လို့ ဟောတော်မူတဲ့ စကားတော်ဟာ ရဟန္တာပုဂ္ဂိုလ် မြတ်တွေကို အကြောင်းပြု၍ ဟောတော်မူတာ မဟုတ်ပါဘူး၊ အဲဒီစကားအရာမှာ ရဟန္တာပုဂ္ဂိုလ်မြတ်တွေကို ချန်ထားရပါ တယ်၊ အမှန်စင်စစ် ရဟန္တာပုဂ္ဂိုလ်မြတ်တွေဟာ ကြောက်လန့် တုန်လှုပ်ခြင်း မရှိကြပါဘူး၊ ကာမဂုဏ် အာရုံ တရားတွေကို စွဲလမ်းတတ်တဲ့ သတ္တဝါအားလုံးကို ရည်ရွယ်ပြီး ဟောတော် မူခြင်းဖြစ်တယ်လို့ မှတ်ယူပါ။

မင်းမြတ်....မင်းမြတ်နှင့် တကွ ဘုရင်တိုင်းမှာ အမတ်ကြီး လေးယောက်စီရှိကြတယ် မဟုတ်လား၊ အဲဒီ အမတ်ကြီးတွေကို တိုင်းသူပြည်သားအားလုံးတို့ထံမှ အခွန်အတုတ်တွေ ကောက်ခံကြပေတော့လို့ ဘုရင်က အမတ်ကြီးတွေကို ခိုင်းလိုက်တဲ့အခါ အမတ်ကြီးတွေဟာ ငါတို့လဲ အခွန်ပေးဆောင်ရတော့မှာပဲလို့ ထိတ်လန့်စိုးရိမ်ဖွယ်ရာ ရှိနိုင်ပါသေးသလား ဟူ၍ မိလိန္ဒမင်းကြီး အား မေးမြန်းတော်မူသည်။ ဤတွင် မိလိန္ဒမင်းကြီးက မရှိနိုင်ပါ ဘုရား ဟူ၍ ပြန်ပြီးလျှောက်ထားလေသည်။

ဆက်လက်၍ အရှင်နာဂသေန မထေရ်မြတ်က "အဲဒီ အမတ်ကြီး လေးယောက်တို့ဟာ ဘာ့ကြောင့် အခွန်အတုတ်အတွက် ထိတ်လန့်ခြင်း မဖြစ်ကြရသလဲ" ဟု မိလိန္ဒမင်းကြီးအား ထပ်မံ မေးမြန်းတော်မူသည်။

မိလိန္ဒမင်းကြီးက အရှင်မြတ်ဘုရား အမတ်ကြီးတွေဟာ မင်းမှုထမ်းကြတဲ့ အကြီးအကဲ ရာထူးတို့မှာရှိကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြတော့ သူတို့တတွေဟာ အခွန်အတုတ် ပေးဆောင်ဖို့ရန် မလိုပါ ကြောင်းဖြင့် ပြန်လည်လျှောက်ထားသည်။

အရှင်နာဂသေန မထေရ်မြတ်က၊ မင်းမြတ် အဲဒီ ဥပမာလိုပါပဲ၊ သတ္တဝါအားလုံးလို့ ဘုရားသခင် ဟောတော်မူရာမှာ ရဟန္တာမြတ်တွေကို ချန်ထားရမယ်လို့ မှတ်ယူပါ။

မင်းမြတ်၊ နောက် ဥပမာ တခုကတော့ ကျေးရွာ တရွာမှာ ရွာသူကြီး တဦးရယ်လို့ ရှိတယ်။ အဲဒီ ရွာသူကြီးဟာ ကိစ္စကြီးငယ် ရှိလာတဲ့အခါ သူ့ရဲ့လက်အောက်ခံ ရွာဆော်ကို ရွာသားအားလုံးတွေ ငါ့နေအိမ်ကို စည်းရုံးရောက်စေရမယ်လို့ ပြောလိုက်တဲ့ အခါ ရွာဆော်ဟာ ရွာတွင်း လှည့်လည်ပြီး ရွာသူကြီးအိမ်မှာ

ရွာသားအားလုံး စုရုံးရမယ်လို့ သုံးကြိမ်ဟစ်အော် ကြွေးကြော်ပါတယ်။ အဲဒီလို ဟစ်အော်လိုက်တော့ ရွာထဲမှ ခေါင်းဆောင်ယောကျ်ားတစုသာ ရောက်လာကြပြီး ကျန်တဲ့ယောကျ်ား မိန်းမတွေဟာ မရောက်လာကြဘူး၊ ဒီလို မရောက်လာကြပေမယ့် ရွာသူကြီးရဲ့ ဆောင်ရွက်လိုတဲ့ကိစ္စဟာ ခေါင်းဆောင်ယောကျ်ားတွေကို ပြောပြ တာဝန်လွှဲလိုက်ရုံနဲ့ ကိစ္စတွေဟာ ပြီးမြောက်ရပါတယ်။

အဲဒီ ဥပမာလိုပါပဲ သတ္တဝါအားလုံး ဆိုတာဟာ ကာမဂုဏ်အာရုံတွေကို စွဲလမ်းတတ်တဲ့ သတ္တဝါတွေကိုသာ ရည်ရွယ်ပြီး ရဟန္တာမြတ်များကို ရည်ရွယ် ဟောပြောခဲ့တာ မဟုတ်ပါဘူး။

မင်းမြတ်၊ သဒ္ဒါနဲ့ အနက်တွေဟာ အကြွင်းမရှိတာလဲ ရှိတယ်။ အကြွင်းရှိတာလဲ ရှိပါတယ်။ အနက်အဓိပ္ပါယ်ဟာ အားလုံး ငါးမျိုး ငါးစား ရှိပါတယ်။

(၁) အာဟစ္စပဒ ဆိုတဲ့ ဘုရားဟော ပါဠိတော်၊

(၂) ရသ ဆိုတဲ့ သုတ္တာနုလောမ၊

(၃) အာစရိယဝံသ ဆိုတဲ့ အဋ္ဌကထာ ဆရာတွေရဲ့ အယူ၊

(၄) အဓိပ္ပါယ ဆိုတဲ့ မိမိအယူ၊

(၅) ကာရဏုတ္တရိယ ဆိုတဲ့ အထက်ပါ အကြောင်းလေးမျိုးနဲ့ ညီညွတ်ခြင်း၊

ဤအကြောင်း ငါးပါးနဲ့ ပြည့်စုံယင် အနက် အဓိပ္ပါယ်ကို လက်ခံပါတယ်ဟူ၍ မိန့်တော်မူသည်။

မိလိန္ဒမင်းကြီးက အရှင်ဘုရား ဆိုတော်မူတဲ့ စကားကို ဝန်ခံပါသည်ဟု လျှောက်ထားသည်။

သို့ရာတွင် မိလိန္ဒမင်းကြီးသည် အရှင်နာဂသေန ဖြေကြားချက်ကို ကျေကျေနပ်နပ် မဖြစ်သေးသဖြင့် ထပ်မံ၍ လျှောက်ထားပြန်သည်။

မိလိန္ဒမင်းကြီး။ ။အရှင် နာဂသေနဘုရား၊ ရဟန္တာမြတ်တွေကို ထိတ်လန့်ကြောက်ရွံ့ခြင်းမှ ကင်းတဲ့အနေနဲ့ ချန်ထားတာတော့ ရှိပါစေတော့ဘုရား။ရဟန္တာမှတပါး အခြားသတ္တဝါတွေဟာ ထိတ်လန့်ကြောက်ရွံ့ကြတယ် ဆိုတာလဲ ရှိပါစေတော့။

ထက်ဝန်းကျင် ယူဇနာ တရာအရပ်ကို ပျံ့နှံ့ပြီး ပြင်းထန်တဲ့ မီးအလျှံ၊ မီးအဟုန်အတွင်းမှာ လွန်စွာ ပူလောင်လှတဲ့အတွက် အလွန်ကြောက်မက်ဖွယ် အသံတွေနဲ့ အော်ဟစ်ပြီး ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစား နေကြရတဲ့ ဒုဂ္ဂတိဘဝမှာ ရှိနေကြရှာတဲ့ ငရဲသတ္တဝါတွေဟာ ပြင်းစွာပူလောင်လှတဲ့ ငရဲပြည်မှ စုတေရမယ်ဖြစ်ယင် အဲဒီအချိန်မှာ ငရဲသားတွေဟာ သေခြင်းမှ ကြောက်ကြပါသလား။ ဤသို့ လျှောက်ထား မေးမြန်းပြန်ပါသည်။

အရှင်နာဂသေန။ ။မင်းမြတ်၊ငရဲသားတွေဟာ သေခြင်းမှ အမှန်ကြောက်ကြပါတယ်။

မိလိန္ဒမင်းကြီး။ ။ငရဲသတ္တဝါတွေဟာ ငရဲမှာ ဆင်းရဲကြီးစွာ ခံနေရပါလျက်နဲ့ ငရဲမှကျွတ်လွတ်မယ့် သေဘေးကို ကြောက်ရွံ့ထိတ်လန့်ကြတယ် ဆိုတာကို တပည့်တော် မယုံကြည်နိုင်ပါဘုရား။ ငရဲမှာ ပျော်မွေ့နေကြသလို ဖြစ်တဲ့ အရှင်ဘုရားရဲ့ စကားဟာ ရယ်ရွှင်ဖွယ်ရာ အနေမျိုး ဖြစ်နေပါတယ်ဘုရား။

အရှင်နာဂသေန။ ။ မင်းမြတ် အရိယာသစ္စာကို မမြင်သေးတဲ့ သတ္တဝါ မှန်သမျှတို့ဟာ သေခြင်းတရားတွေကို ထိတ်လန့်ကြရပါတယ်။ ကြောက်လဲ ကြောက်ကြရပါတယ်။ ဆင်၊ကျား၊မြွေ၊ ကျွဲ၊နွားနောက်၊ဝက်ဝံ စတဲ့ သတ္တဝါတွေကိုလဲ ကြောက်ကြရပါတယ်။ မီး၊ ရေ၊ သစ်ငုတ်၊ ဆူး၊ လှံ စတဲ့ ဘေးတွေကိုလဲ ကြောက်ကြရပါတယ်။

ဥပမာ-မြင်းဖုံ၊ကျပ်ဖု အနာရောဂါဖြစ်နေတဲ့ ယောကျ်ားဟာ အနာဆေးကုဖို့ ဆေးဆရာတဦးကို ခေါ်လာပါတယ်။ ဆေးဆရာဟာ မြင်းဖု၊ကျပ်ဖု အနာတွေကို ထက်မြက်တဲ့ ဓားကလေးနဲ့ ခွဲမယ်လို့ ပြင်ဆင်တဲ့အခါ ယောကျ်ားဟာ အနာရောဂါ ပျောက်လိုတဲ့ စိတ်ရှိပေမယ့် ဓားကလေးနဲ့ ခွဲစိတ်မှာကိုတော့ ကြောက်တတ်ရသလို ငရဲသတ္တဝါတွေဟာလဲ သေဘေးကို တကယ် ကြောက်ရပါတယ်။ မင်းမြတ် ထပ်မံ၍ ဥပမာ ပြပါဦးမယ်။

အဆိပ်ပြင်းတဲ့ မြွေဆိုး အကိုက်ခံရတဲ့ ယောကျ်ားဟာ မြွေဆိပ်တက်ပြီး လူးလှိမ့်နေရတဲ့အတွက် လူနာမျှင်တွေဟာ မန္တရားဂါထာနဲ့ မြွေကိုခေါ်ယူနိုင်တဲ့ မြွေဆရာတဦးကို ခေါ်ယူလာခဲ့ပါတယ်။

ပင့်လာတဲ့မြွေဆရာဟာ မန္တရားဂါထာတွေရွတ်ပြီး မြွေကို အဆိပ်တွေ ပြန်စုတ်ယူရန် သူ့အတတ်နဲ့သူ ခေါ်ယူလိုက်တဲ့အခါ မြွေဟာ ရောက်လာပါတယ်။ မြွေကိုက်ခံရတဲ့ လူနာထံကို မြွေပြန်ရောက်လာတဲ့အခါ မြွေကိုက်ခံနေရတဲ့ သူဟာ အဆိပ်တွေ ပြန်စုတ်ယူယင် အသက်ချမ်းသာမှာကိုသိပေမယ့် မြွေကိုမြင်လိုက်တာနဲ့ ကြောက်ရွံ့ထိတ်လန့်ပြီး လာရပါတယ်။

အဲဒီဥပမာလိုပဲ ရဲသတ္တဝါတွေဟာလဲ သေခြင်းတရားတွေကို ထိတ်လန့် ကြောက်ရွံ့ကြပါတယ်။

အရှင်နာဂသေနမထေရ်မြတ်က ဤသို့ ဖြေကြားသည့်အခါ မိလိန္ဒမင်းကြီးသည် သဘောပေါက် ကျေနပ်ပြီး ကောင်းလှပါသည် ဘုရား၊ ဝန်ခံပါ၏ဘုရား ဟူ၍ ပြန်လည် လျှောက်ထားသည်။

ဖုဒ္ဓဿ လောကမ္ဘမေ့ဟိ စိတ္တံ ယဿ နကမ္ပတိ မင်္ဂလာတရားတော်အရ ရဟန္တာအရှင်မြတ်တို့သည်(နကမ္ပတိ)မည်သည့် လောကဓံတရားတို့ဖြင့် တွေ့ကြုံ တွေ့ကြုံ မတုန်မလှုပ် ခံနိုင်စွမ်း ရှိကြသည်။ ခေါင်းပေါ်ထက် ဓားဖြင့်မိုး၍ ပစ်ရန် သေနတ်နှင့် ချိန်ထားသည့်တိုင် မတုန်မလှုပ်ကြပေ။

ဤသို့ မတုန်မလှုပ်ကြခြင်း၏ အရင်းအမြစ်ကို ဖွေရှာသည့် အခါ ကာမ၊ ရူပ၊ အရူပ ဘုံသုံးပါးတွင် ဖြစ်ပေါ်နေသော ရာဂ၊ မောဟ၊ မာန၊ ဥဒ္ဒစ္စ၊ ထိနမိဒ္ဓစသည့် ကိလေသာတရား၊ အာသဝေါလေးပါး အစရှိသည့် တဏှာ အရင်း အမြစ် ကို သမုစ္ဆေဒ ပဟာန်အားဖြင့် အနုသယ အမြစ်ပါမကျန် ဖြတ်တောက်ထားပြီး ဖြစ်ကြသည်ကြောင့် မတုန်မလှုပ် မကြောက်ရွံ့ ကြခြင်းဖြစ်၏။

(သေက္ခပုဂ္ဂိုလ်) ကျင့်ကြံ အားထုတ်ဆဲ ပုဂ္ဂိုလ် ခုနစ်မျိုး အနက်မှ အနာဂါမ် ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ခံစားမှုကို ပယ်သတ်ပြီး ဖြစ်သော်လည်း ရူပနှင့် အရူပတို့ ကျန်လျက် ရှိနေသေးသည်။ သကဒါဂါမ် ပုဂ္ဂိုလ်တို့အဖို့မူ ရုန်းရင်းကြမ်းတမ်း လှသည့် ကာမရာဂနှင့် (ပဋိဃ) ဒေါသတို့ကို သတ်နိုင်ပြီး ဖြစ် သော်လည်း ပယ်သတ်ရန် ကိလေသာ အများအပြား ကျန်ရှိ

နေသေးသည်။ သောတာပန်ပုဂ္ဂိုလ်တို့သည် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသနှင့် အပါယ်ကို ရောက်စေနိုင်သော ကာမရာဂ ပဋိဃတို့ကိုသာ ပယ်နိုင်ပြီး ပယ်သတ်ရန် ကိလေသာ အများအပြား ကျန်ရှိနေသေး၏။

ထိုထိုသော ပုဂ္ဂိုလ်တို့သည် သူတို့တွင် ပယ်သတ်ရန် ကျန်ရှိနေသေးသည့် ကိလေသာတို့ကို ဆက်လက် ပယ်သတ်နိုင်ကြလျှင် ရဟန္တာကြီးများ ဖြစ်လာနိုင်သည်။လောကဓံတရားတို့ကို ကြံ့ကြံ့ခံနိုင်လာပြီး တုန်လှုပ်ခြင်း မရှိတော့။

ထို့ကြောင့် တခါမှ နိဗ္ဗာန်ကို မျက်မှောက်မပြုရသေးသော ပုထုဇဉ်မှန်သမျှ လောကဓံတရားတို့ကို ခံနိုင်ရည်ရှိပြီး သေခြင်းဘေးကို မကြောက်မရွံ့ မတုန်မလှုပ်လိုကြလျှင် အရိယာ သူတော်စင်တို့ လမ်းစဉ်အတိုင်း ဝိပဿနာ တရားများကို အားထုတ်ကြပါ ဟူ၍ အလေးအနက် တိုက်တွန်းအပ်ပေသည်။

# (၃၆) အသောကံ

အသောကံ မင်္ဂလာသည် (သောက = စိုးရိမ် ပူပန်ရခြင်း၊ အသောကံ = စိုးရိမ်ပူပန်စရာမရှိခြင်း) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသည့် ရဟန္တာ အရှင်မြတ်တို့သည် ပုထုဇဉ် လူသားတို့ကဲ့သို့ စိုးရိမ် ပူပန်သောက ရောက်ရခြင်းမရှိဟု ဆိုလိုခြင်း ဖြစ်၏။

ပုထုဇဉ်မှန်သမျှ မွေးဖွားလာပြီးသည့် အချိန်မှစ၍ သေဆုံးသွားသည့်တိုင် သောက ပရိဒေဝမီးတို့သည် နေ့စဉ်နှင့်အမျှ တောက်လောင်လျက် ရှိ၏။ တညီးညီး တောက်လောင်နေသည့် မီးကြောင့် စိတ်အေးချမ်းသာရာရသည့် အကွက်လည်း မရှိနိုင်။ နေ့စဉ်နှင့်အမျှ သောကပရိဒေဝမီး တောက်လောင်နေကြသည့် အဖြစ်ဆိုးများကို ရှာကြည့်လျှင် ဗျသနတရားငါးပါးကို တွေ့နိုင်မည် ဖြစ်၏။

ဗျသနတရား ငါးပါးဟူသည် -

(၁) ဉာတိဗျသန၊

(၂) ဘောဂဗျသန၊

(၃) ရောဂဗျသန၊

(၄) သီလဗျသန၊

(၅) ဒိဋ္ဌိဗျသန တို့ ဖြစ်၏။

(၁) ဉာတိဗျသန = အဆွေအမျိုးများ ပျက်စီးခြင်း ဖြစ်၏။

လူလောကသို့ ရောက်ရှိလာကြသော လူသားမှန်သမျှ အမိဘက်က ဖြစ်စေ၊ အဖဘက်ကဖြစ်စေ၊ ဦးကြီး၊ဦးလေး၊ဒေါ်ကြီး၊ ဒေါ်လေး၊ မိခင်၊ ဖခင်၊ ဘိုးအေ၊ ဘွားအေ၊ လင်မယား၊ သားသမီး၊ ညီအကိုမောင်နှမ စသည်ဖြင့် ဆွေမျိုးများ နှင့်ကြ သည်ချည်း ဖြစ်၏။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရားအရ အမိဘက်ကဖြစ်စေ၊ အဖဘက်ကဖြစ်စေ ဒုက္ခသစ္စာကို ခံယူထားကြသော ဆွေမျိုး သားချင်းတို့သည် တနေ့မဟုတ် တနေ့ သေကြေ ပျက်စီးကြရ မည်မှာ ဓမ္မတာဖြစ်၏။

ဉာတိများထဲမှ တစုံတယောက်သော သူသည် သေကြေ ပျက်စီးမှုနှင့် ကြုံကြိုက်အံ့။ ပုထုဇဉ် လူသားမှန်သမျှ သောက မီးများ တောက်လောင် လာကြရမည် ဖြစ်၏။ သံယောဇဉ် တွယ်တာလွန်းသူဖြစ်လျှင် တွယ်တာသည့်အလျောက် ခံစားကြ ရမည် ဖြစ်၏။

သားသေ၊ လင်ဆုံး၊ အပူလုံးကြွကာ အရူးမဘ၀ ရောက်ခဲ့ရရှာသည့် ပဋာစာရီသည် ဉာတိဗျသန မီးတောက် ကြီးလှသည့်ကြောင့် အရူးမဘ၀သို့ ရောက်ခဲ့ရသည်။ ဤသို့ အဆွေအမျိုးတို့ထဲမှ ပျက်စီးမှုဖြင့် ကြုံတွေ့စေရကာမူ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးသော ရဟန္တာ အရှင်မြတ်တို့အဖို့ သောကမီးဒဏ်ကို ခံနိုင်စွမ်းသော သတ္တိထူးရှိကြသည်။

(၂) ဘောဂဗျသန = ဥစ္စာစည်းစိမ် ပျက်စီးခြင်း ဖြစ်၏။

လူသားဟူသမျှ မိမိတို့၏ လောဘအလျောက် ဥစ္စာစည်းစိမ် ရတနာ စိန်ရွှေတို့ကို စုဆောင်းတတ်ကြသည်ချည်း ဖြစ်၏။ ဥစ္စာစည်းစိမ်၊ အိုးအိမ်၊ ရွှေငွေတို့ကို တိုးတက် စုဆောင်းရလာပြီး ရန်သူနှင့် မတွေ့ကြုံသေးသည့်အခါ သောကမီး မပေါ်ပေါက်သေးသော်လည်း ရန်သူနှင့်တွေ့မည်၊ မီးသင့်ခံရမည်၊ လုခံရမည်၊ ဒမြတိုက်ခံရမည်၊ ပျောက်ဆုံးမှုနှင့် တွေ့ရမည် စသည့် ဘေးတို့ဖြင့် ကြုံလာသည့်အခါ ပူဆွေးသောက ပရိဒေဝမီးတို့၏ လောင်မြိုက်ခြင်းကို ခံကြရမည် ဖြစ်၏။

ယင်းသို့သော ဘောဂဗျသန သောကမီးတို့သည် ရဟန္တာ အရှင်သူမြတ်တို့အား လောင်မြိုက်ခြင်းငှာ မစွမ်းသာပါပေ။

(၃) ရောဂဗျသန = ၉၆ ပါးသော ရောဂါတို့၏ နှိပ်စက်မှုကို ခံရခြင်း ဖြစ်၏။

လူသားမှန်သမျှ အမိဝမ်းတွင်းမှ ကျွတ်ထွက် လာသည်နှင့် ၉၆ ပါးသော ဘေးတို့သည် တခုမဟုတ်တခု ဖျက်ဆီး နှိပ်စက်လာတတ်သည်။ ရောဂါနှိပ်စက် ညှဉ်းပန်းမှုဒဏ် အဘယ့်ကြောင့်

ဖြစ်ပေါ်ရသနည်းဟု ဆန်းစစ်လျှင် ခန္ဓာကိုယ်ကြီး ရလာခြင်း ကြောင့် ဖြစ်သည်ဟူသော အဖြေမှာ ပေါ်လွင်လှ၏။

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ခန္ဓာကိုယ်ပင်ဖြစ်စေ၊ တိရစ္ဆာန် တို့၏ ခန္ဓာကိုယ်ပင် ဖြစ်စေ၊ မည်သည့် ခန္ဓာကိုယ်ပင်ဖြစ်ဖြစ် ခန္ဓာ ဟု ဆိုအပ်သည့် ဓာတ်လေးပါး၊ ကလာပ်အစု၊ ကလာပ်အတုံး အခဲတို့သည် သူ့သဘာဝအလျောက် ပျက်စီးနေကြရမည်ဖြစ်၏။

သာမန် ရောဂါဝေဒနာတို့ကို စားဆေး၊ လိမ်းဆေးတို့ဖြင့် တားဆီးနိုင်စွမ်းရှိသော်လည်း ထိုတားဆီးမှုသည် ခဏတာမျှသာ တားမြစ်နိုင်ပြီး နောက်ဆုံး ဆေးရုံသို့တက်ရောက် ခွဲစိတ် ကုသ ရသည်အထိ သောကများနိုင်ကြသည်။ရောဂါဝေဒနာတို့ပျက်စီး နှိပ်စက်လာလျှင် သောကပူဆွေးရသည့် မီးသည် တောက်လောင် လျက် ရှိလာမည်ဖြစ်၏။

(၄) သီလဗျသန = ကိုယ်ကျင့်သီလ ပျက်စီးခြင်း ဖြင်၏။

လူတိုင်း လူတိုင်း ကိုယ်ကျင့်တရားသည် အရေးအကြီးဆုံး ဖြစ်၏။ ကိုယ်ကျင့်တရား မရှိသော၊ ပျက်ပြားသော ထိုထို သောယောကျ်ား၊ မိန်းမတို့သည် ရှက်ခြင်း၊ ကြောက်ခြင်း ဖြစ် သည့် ဟိရိဩတ္တပ္ပတို့ဖြင့် မည်သည့် နည်းနှင့်မျှ ပြည့်စုံနိုင်မည် မဟုတ်ပေ။

အပေါင်းအသင်းကြောင့် ပျက်စီးရသည်ပင် ဖြစ်စေ၊ မိမိ ဝါသနာ ပင်ကိုယ် ဇာတိရိုက်ကြောင့်ပင် ပျက်စီးရသည် ဖြစ်စေ၊ အရက်သောက်ခြင်း၊ လောင်းကစားခြင်း၊ အပျော်လိုက်ခြင်း၊ ဖဲရိုက်ခြင်း တို့ဖြင့် အကျင့်သီလ ပျက်စီးယိုယွင်း လာသည့်အခါ လူမလေးခွေးမခန့်၊ အပေါင်းအသင်းများကကျောခိုင်း၊သူတော်

ကောင်းတို့က ဝိုင်းပယ်၊ သွားလေရာ လာလေရာ နေရာတိုင်း၌ လူရာမဝင်ဖြစ်ပြီး မျက်နှာငယ်ရကာ သောကပူဆွေးမှုတို့ဖြင့် ကြုံကြရသည်။

(၅) ဒိဋ္ဌိဗျသန = အဝိဇ္ဇာဖုံးလွှမ်းပြီးအယူမမှန်ခြင်းဖြစ်၏။

အများအားဖြင့် ဗုဒ္ဓဝါဒီတိုင်းသည် ဒါနအမှု၊ သီလအမှု၊ ဘာဝနာအမှုတို့တွင် သက်ဝင်ယုံကြည်ပြီး အလှူအတန်း ပြုကြ၏။ ဥပုသ်သီလ စောင့်ထိန်းကြ၏။ တရားဘာဝနာ အားထုတ်ကြ၏။

သို့ရာတွင် အချို့သော ပုဂ္ဂိုလ်တို့သည် ဒါန၏အကျိုး၊ သီလ၏ အကျိုး၊ ဘာဝနာ၏ အကျိုးများကို မလေ့လာ၊ မလိုက်စား၊ အားမထုတ်ကြပဲ နေလာကြသည့်အတွက် သံသရာ၏ကောင်းကျိုးနှင့် ဘဝလွတ်မြောက်ရေးစသည့် အယူမှန်၊ အမြင်မှန်တို့ မရရှိနိုင်ပဲ ဖြစ်သည်ကြောင့် ဘုရားမသိ၊ တရားနားမလည်၊ သံဃာဘေးချိတ်ဆိုသကဲ့သို့ ဖြစ်လာတတ်သည်။

အချို့သော လူငယ်များဆိုလျှင် နက်စွာသော အယူမှားချောက်ကြီးထဲသို့ လိမ့်ကျနေသည်ကို တွေ့ရသည်။ "ငါလူဖြစ်လာရခြင်းဟာ မိဖန္နစ်ပါး အိမ်ထောင်ကျလို့ပဲ၊ တသက်တခါ ပျော်ပျော်နေရယင် ပြီးတာပဲ၊ ဒီဘဝသေပြီးယင်လဲ ပြတ်သွားတာပဲ" စသည်ဖြင့် မိစ္ဆာဒိဋ္ဌိ အယူမှားများ ဖြစ်နေကြခြင်းသည် လောကုတ္တရာ တရားများကို မလေ့လာကြသည့် အတွက်ဟု ဆိုနိုင်ပါသည်။

(ဒိဋ္ဌိဗျသန) အမြင်မမှန် အယူမှားလာကြလျှင် သေသည့်၏ အခြားမဲ့၌ အပါယ်လေးဘုံတွင် ဒုက္ခကြီးစွာ ခံစားကြရမည်မှာ ကျိန်းသေလှ၏။ ထို့ကြောင့် အမြင်မှန်၊ အယူမှန်လာအောင်

လူကြီးမိဖတို့က ငယ်စဉ်တောင်ကျေး ကလေးဘဝမှစပြီး သွန်သင်ဆုံးမဖို့ လိုအပ်လှသည်။

တင်ပြခဲ့သည့် ဗျသနတရား ငါးပါးကြောင့် သောက စိုးရိမ် ပူပန်မှုမှ ကင်းလွတ်လိုကြသော သူတို့သည် ဘုရားရှိခိုး၏။ ဆုတောင်း၏။ အမှန်စင်စစ် ဘုရားရှိခိုးတိုင်း၊ ဆုတောင်းတိုင်း မလွတ်ကင်းနိုင်ကြပါ။

ခန္ဓာကိုယ်ကောင်ကြီး တည်နေသမျှ ၃၁ ဘုံမှာ ကျင်လည် နေသမျှ တွေ့ကြုံနေကြရမည် ဖြစ်၏။ ထို့ကြောင့် ဆုတောင်း နေရုံဖြင့် မတင်းတိမ်ပဲ လွတ်မြောက်နိုင်သည့် တရားတို့ကို ဖွေ ရှာ၍၊ လေ့လာ၍ အားထုတ်ကြရမည် ဖြစ်၏။

အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးကြသည့် ရဟန္တာအရှင် မြတ်တို့အဖို့ ဗျသန တရားငါးပါးကို မယိမ်းမယိုင် ကျောက်စာ တိုင်ကဲ့သို့ ကြံ့ကြံ့ခံနိုင်ကြ၏။ သောကပူပန် စိုးရိမ်ကြောင့်ကြ ရသည့် ဘေးအပေါင်းမှ ကင်းဝေးစွာ နေနိုင်ကြ၏။

"ပုရာဘေဒသုတ်" အဆုံးသတ် ဂါထာတွင် ဘုရားသခင်က ဤသို့ ဆုံးမတော်မူခဲ့၏။

ယဿ လောကေ သကံ နတ္ထိ၊
အသတာစ နသောစတိ။
ဓမ္မေသုစ နဂစ္ဆတိ၊
သ ဝေ သန္တောတိ ဝုစ္စတိ။

ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်မြတ်အား။ သကံ၊ ငါ၏ဥစ္စာဟု သာယာ သိမ်းပိုက်အပ်သော မိမိဥစ္စာ မည်သည်။ နတ္ထိ၊ မရှိတော့ ပေ။ (ကိုယ်တွင်းကိုယ်ပ တစုံတခုကိုမှ ငါ့ဥစ္စာ၊ ငါ့မျက်စိ၊

ငါ့နှာခေါင်း၊ ငါ့ကိုယ် စသည့် ရုပ်အစုတို့ကို သာယာသိမ်း ပိုက်တတ်သည့် တဏှာနှင့် ဒိဋ္ဌိတို့မှ လုံးဝကင်းရှင်းနေနိုင်ကြသည် ဟု ဆိုခြင်းမည်၏။)

အသတာစ၊ ဤသို့မရှိသည့်အတွက်။ နသောစတိ၊ မစိုးရိမ် မပူဆွေးတော့ပေ။ဓေမ္မသုစ၊ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၌လည်း။ နဂစ္ဆတိ၊ တွယ်တာတပ်မက် နှစ်သက်ခြင်း မရောက်နိုင်ကြပေ။

လောကတွင် လူ၊ ရှင်၊ ရဟန်း၊ ယောကျ်ား၊ မိန်းမ၊ ကလေး စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုနေကြသည်များ၊ စိန်၊ ရွှေ၊ ငွေ၊ တိုက်တာ၊ အိုးအိမ်၊ ကျောင်း၊ ခြံမြေ၊ လယ်ယာမြေ၊ အသုံး အဆောင်၊ ဝတ္ထုပစ္စည်း စသည်အလုံးစုံ မှန်မျှတို့ကို ရဟန္တာ ပုဂ္ဂိုလ်မြတ်များအဖို့ ရုပ်နာမ်သင်္ခါရတရားတို့သာ ဖြစ်ပေါ် ချုပ် ပျောက်နေကြခြင်းသာ ဖြစ်သည်ဟု သိမြင်နေသည်ကြောင့်....

သ—သော၊ ထိုဂုဏ်အင်္ဂါအလုံးစုံတို့ဖြင့်ပြည့်စုံသော ရဟန္တာ ပုဂ္ဂိုလ်မြတ်များကို။ ဝေ၊ စင်စစ်။ သန္တောတိ၊ ကိလေသာမီး၊ အပူမီး၊ သောကမီးတို့မှ ငြိမ်းအေးပြီး ဖြစ်ကြသည့် ပုဂ္ဂိုလ်မြတ် များဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

ဗျာသနတရား ငါးပါး အနက်မှ တပါးပါးသော ဗျာသနဖြင့် ပျက်စီးခြင်း ကြုံတွေ့သာသင့်ကစား တထောင်တယောက် ဆို သကဲ့သို့ အသင့်အတင့် ခံနိုင်ရည်ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အချို့တို့ လည်း ရှိကြပါသည်။

ထိုထိုသောပုဂ္ဂိုလ်အချို့သည် သားသမီး၊ဆွေမျိုး၊စီးပွားဥစ္စာ ပျက်စီးခြင်းဖြင့် တွေ့ကြုံကြရသော်လည်း မိမိတို့၏စိတ်ကို တရား ဖြင့် ဖြေပြီး သောကပူဆွေး ငိုကြွေးသမှုကို မပြုကြပေ။ သို့ရာ

တွင် ထိုထိုသော ပုဂ္ဂိုလ်အချို့သည် မည်သို့ပင် တရားဖြင့် ဖြေဖြေ ရဟန္တာ အရိယာမြတ်များကဲ့သို့ ရာနှုန်းပြည့် သောကပူဆွေး ခြင်း ဒဏ်ကို မခံနိုင်ကြပေ။

ထို့ကြောင့် တင်ပြခဲ့သည့် ဗျသနတရား ငါးပါးတို့ကို မည်သူ မဆို ကြုံတွေ့လာနိုင်သည်ဖြစ်ခြင်းကြောင့် ဗျသနတရား ငါးပါး ထဲမှ မည်သည့်ပျက်စီးခြင်းဖြင့် ကြုံကြိုက် ကြုံကြိုက် ကြုံကြိုက်လာ သမျှ အချိန်တိုင်းတွင် ရုပ်နာမ်ဓမ္မ သင်္ခါရ တရားများသာ ဖြစ် သည်ဟု မိမိစိတ်ကို ပြုပြင်ပေးနိုင်ပါက သောကပူဆွေးခြင်းမှ သက်သာရာရနိုင်ပေသည်။ ယင်းသို့ သက်သာရာရအောင်၊ အေး ငြိမ်းနိုင်သမျှ အေးငြိမ်းအောင် ကြိုးစား အားထုတ်ကြပါဟူ၍ တိုက်တွန်းအပ်ပေသည်။

## (၃၇) ဝိရဇံမင်္ဂလာ

ဝိရဇံ မင်္ဂလာသည် (ဝိ=ကင်းသော၊ ရဇ=ကိလေသာမြူ) ကိလေသာ ဖြစ်သည့် မြူဖုံ၊အညစ်အကြေး၊ကြေးညှော်တို့မှ ကုန်ခန်း ချုပ်ပျောက် ကင်းရှင်းစင်ကြယ်သည့် ကောင်းကျိုးမင်္ဂလာ ဖြစ်၏။

ကိလေသာမြူတွင် အစုစုပေါင်း ၁၀ ပါး ရှိ၏။ယင်းတို့မှာ—

(၁) လောဘ = သာယာနှစ်သက်ခြင်း။

(၂) ဒေါသ = ခက်ထန်ကြမ်းတမ်းခြင်း။

(၃) မောဟ = မိုက်မဲတွေဝေခြင်း။

(၄) မာန = ထောင်လွှားခြင်း။

(၅) ဒိဋ္ဌိ = ဖောက်ပြန်သောအားဖြင့် အယူမှားခြင်း။

(၆) ဝိစိကိစ္ဆာ = ယုံမှားသံသယရှိခြင်း။
(၇) ထိန = ထိုင်းမှိုင်းခြင်း။
(၈) ဥဒ္ဓစ္စ = ပြန့်လွင့်ခြင်း။
(၉) အဟိရိက = မရှက်ခြင်း။
(၁၀) အနောတ္တပ္ပ = မကြောက်ခြင်း တို့ ဖြစ်၏။

ဖော်ပြပါ ကိလေသာ ၁၀ ပါးသည် အကျဉ်းမျှသာ ဖြစ်၏။ ထို ၁၀ ပါးမှ ၁၅၀၀ ကိလေသာဖြစ်ပုံမှာ ဤသို့ ဖြစ်၏။

## ကိလေသာ ၁၅၀၀ ဖြစ်ပုံ

| | |
|---|---|
| နာမ်တရားက တေပညာသ | ၅၃ ခု၊ |
| နိပ္ဖန္နရုပ် | ၁၈ ခု၊ |
| လက္ခဏာရုပ် | ၄ ခု၊ |
| ရုပ်နာမ်အစုစု | ၇၅ ပါး။ |

ရုပ်နာမ် ၇၅ ပါးကို အဇ္ဈတ္တသန္တာန်နှင့် ဗဟိဒ္ဓသန္တာန်နှစ်ပါး ဖြင့် မြှောက်ပွားလိုက်လျှင် ကိလေသာ ၁၅၀ ဖြစ်လာသည်။ ယင်းကိလေသာ ၁၅၀ ကို မူလ ကိလေသာ ၁၀ ပါးဖြင့် ထပ်မံမြှောက်ပွားပြန်လျှင် ယနေ့ ပြောဆိုနေကြသည့် ၁၅၀၀ ကိလေသာ ဖြစ်လာရတော့သည်။

ထို့ကြောင့် ရှေးဆရာမြတ်တို့က "ခုနစ်ဆယ့်ငါး၊ ရုပ်နာမ် ထား၍၊ နှစ်ပါးဆက်ထွေ၊ မြောက်ပွားရေသော်၊ ကိလေသာစက်၊ သုံးထောင်ဝက်"ဟူ၍ စပ်ဆိုတော်မူခဲ့ကြသည်။

မြူနှင့် ပတ်သက်၍ အသုံးအနှုန်းအမျိုးမျိုးရှိကြသည်။ အသုံးအနှုန်းချင်း မတူ၊ ခြားနား ကွဲပြားသည့် မြူများအနက် အဋ္ဌကလာပ်မြူမှာ ဤသို့ ဖြစ်၏။

(၁) ရထရေဏုမြူ = လှည်းမောင်းသွားစဉ် မြင်တွေ့ရသည့် ဖုံမှုန့်များ ဖြစ်၏။

(၂) တဇ္ဇာရီမြူ = အိမ်ခန်းထဲသို့ နေပြောက်ထိုးသည့်အခါ တွေ့မြင်ရသည့် မြူမှုန့်ဖြစ်၏။

(၃) အဏုမြူ = မျက်စိ အလွန် အားကောင်း၍ ဖြစ်စေ၊ သို့မဟုတ် မှန်ဘီလူးဖြင့် ဖြစ်စေ ကြည့်မှ မြင်တွေ့နိုင်သော မြူ ဖြစ်၏။

(၄) ပရမာဏုမြူ = လူသားတို့ မျက်စိဖြင့် မြင်နိုင်ခြင်းငှာ မစွမ်းပဲ နတ်၊ ဗြဟ္မာ၊ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာများသာ တွေ့မြင်နိုင်သော မြူဖြစ်၏။

သိပ္ပံပညာရှင်တို့ ခွဲခြမ်းစိတ်ဖြာ ကြည့်နိုင်စွမ်း မရှိသော ပရမာဏုမြူကို ဗုဒ္ဓမြတ်စွာဘုရားက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီး လေးပါးတို့ ပေါင်းစုထားသည့် "အဋ္ဌကလာပ် ရုပ်အစု"ဟူ၍ ခွဲခြမ်းစိတ်ဖြာ ညွှန်ပြတော်မူခဲ့သည်။

မြူများ ပေါင်းစုရေတွက်ပုံမှာ ဤသို့ ဖြစ်၏။

ရထရေဏုမြူ ၃၆ ခုကို စုရုံးပေါင်းစုလျှင် လိက္ခာမြူ တလုံး ရ၏။

လိက္ခာမြူ ၃၆လုံး ပေါင်းရုံးလျှင် သန်းတကောင် အနေရ၏။

သန်း ခုနစ်ကောင် ပေါင်းစုလျှင် စပါးတစေ့ခန့် ရ၏။

စပါး ခုနစ်စေ့ကို ပေါင်းစုလျှင် လက်တသစ်တာ ရှိလာ၏။

ထိုမှ လက်ဆယ့်နှစ်သစ်ကို တထွာ၊ နှစ်ထွာ တတောင်၊ ခုနစ် ဘောင် တတာ၊ တာ တထောင် တတိုင်၊ ခြောက်တိုင်နှင့် တာ ၄၀၀ တယူဇနာဟူ၍ ဖြစ်လာရသည်။

အဋ္ဌကလာပ်ရုပ် မြူမှုန်များကို တဖြည်းဖြည်းချင်း စုပေါင်း ပေးလိုက်လျှင် အလွန့်အလွန် သေးငယ်လှသည့် ဝတ္ထုပစ္စည်း အသေးအဖွဲ့မှစ၍ မြင့်မိုရ်တောင်အထိ မြူမှုန့်အစု၊ အဋ္ဌကလာပ် ရုပ်အစုများ ပေါင်း စည်း ထား သည် ကို တွေ့မြင်နိုင်သကဲ့သို့ မည်သည့် သက်ရှိသက်မဲ့မဟူ မြူမှုန့်အစု၊ အဋ္ဌကလာပ်ရုပ်အစုတို့ စုပေါင်း ဖွဲ့စည်းထားသည်ကို သဘောပေါက်လာနိုင်အံ့ ထင် သည်။

စုရုံးပေါင်းစည်းထားသည့် အဋ္ဌကလာပ်ရုပ် အစုများကို 'သမူဟ'ဃနတို့က ဖုံးလွှမ်းထားသဖြင့် ခေတ်ကြီးလေးပါး အစု တို့သာဖြစ်သည်ဟုမသိကြပဲ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ များသာဟု တွေးထင်မှတ်မှားနေကြသည်။

ယခုကဲ့သို့ တင်ပြနေခြင်းသည် ဝိရဇံမင်္ဂလာနှင့် ပတ်သက်၍ မဟုတ်ပါ။ မြူအမျိုးမျိုးရှိပုံကိုသာ သိသာအောင် တင်ပြရခြင်း ဖြစ်ပါသည်။

## ရှင်စူဠပန်နှင့် မြူ

တခုမှ ရာထောင်သို့ ကိုယ်ခွဲတခုမှ အများသို့ ဖန်ဆင်းနိုင်သည့်အရာတွင် ထူးချွန်ပြောင်မြောက်လှသည့်အတွက် ဧတဒဂ်ရတော်မူခဲ့သော အရှင်စူဠပန်အား နောင်တော် မဟာပန်က ရှင်ပြုပေးခဲ့သည်။ ထိုသို့ ရှင်ပြုပေးပြီးနောက် လေးပါဒပါဂါထာတပုဒ်ကို ကျက်ခိုင်းခဲ့ရာ လေးလကြာသည့်တိုင် မရနိုင်သည့်အတွက် သာသနာတော်နှင့် မထိုက်တန်ဆိုကာ ကျောင်းမှနှင်ထုတ်ခဲ့သည့်အကြောင်း တင်ပြခဲ့ပြီးဖြစ်၏။

သို့ရာတွင် အရှင်စူဠပန်အကြောင်း သိကောင်းစရာတွင်မြူနှင့်ပတ်သက်၍ အလျဉ်းသင့်သဖြင့် ဤနေရာတွင် ဖော်ပြရပါသည်။

ညီတော် အရှင် စူဠပန်အား နောင်တော် မဟာ ပန် က ကျောင်းမှ နှင်ထုတ်လိုက်သည့်အခါ အရှင်စူဠပန်သည် အခြားဝေးဝေးအရပ်သို့မသွားပဲ ကျောင်းတော်တံခါးမုခ်ဝတွင်ရပ်ပြီး ငိုယိုလျက်သာနေ၏။ ဤသည်ကို ဘုရားသခင် သိမြင်တော်မူရာ အရှင်စူဠပန်ရှိရာသို့ ကြွလာတော်မူ၏။ ထို့နောက် စင်ကြယ်သော အဝတ်ပိုင်းတခုကို ဖန်ဆင်းတော်မူပြီး "ချစ်သား....သင်ဟာ ဒီအဝတ်ပိုင်းကို လက်မှဆုပ်နယ်ယင်း 'ရဇောဟရဏံ၊ ရဇောရဟဏံ၊ မြူကိုဆောင်ခြင်း၊ မြူကိုဆောင်ခြင်း' ဟူ၍ အဖန်တလဲလဲ သရဇ္ဈာယ်ပါ" ဟု ဆိုကာ ရှင်စူဠပန်အား ပေးတော်မူခဲ့၏။

(ဘုရားသခင်က ဤသို့ စေခိုင်းခဲ့ခြင်းမှာ ရာဂမှု၊ ဒေါသမှု၊ မောဟမှုတို့ကို ထိုးထွင်းသိစေလို၍ဖြစ်၏။)

ဘုရားသခင် စေခိုင်းသည့်အတိုင်း အရှင်စူဠပန်သည် လက်ထဲရှိ ဆွတ်ဆွတ်ဖြူ အဝတ်ပိုင်းကို ဆုပ်လျက် နယ်လျက်နေရာ မကြာမီမှာပင် အဝတ်ဖြူပိုင်းသည် မည်းညစ်၍လာ၏။ ယင်းအဖြစ်ကို တွေ့မြင်လာသော အရှင်စူဠပန်သည် ရာဂမှု၊ ဒေါသမှု၊ မောဟမှု တို့ကို သဘောပေါက်ကာ ထိုးထွင်း သိမြင်လာပြီးနောက် ရဟန္တာတဆူ ဖြစ်လာလေသည်။

အမှန်စင်စစ် ရာဂမှု၊ ဒေါသမှု၊ မောဟမှုတို့သည် မည်သည့်မှန်ဘီလူးနှင့်မှ ကြည့်၍မရသော မှု ဖြစ်၏။ ဝိပဿနာတရားပွားများမှသာ ပညာဖြင့် ထိုးထွင်းသိမြင်အပ်သော မှုဖြစ်၏။

ယင်း မှု တို့ သည် ပုထုဇဉ် ပုဂ္ဂိုလ်တိုင်း၏ ခန္ဓာကိုယ်တွင် ဒူနှင့်ဒေး ဆိုဘိသို့ အလိမ်းလိမ်း အထပ်ထပ် ကပ်ငြိလျက်ရှိ၏။

ပုထုဇဉ် ပုဂ္ဂိုလ်တိုင်း၏ ခန္ဓာကိုယ်တွင် ကပ်ငြိနေကြသော်လည်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူပြီးသော ရဟန္တာအရှင်သူမြတ်တို့အဖို့ ကိလေသာမှု အညစ်အကြေး များမှာ ပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ အားလုံး ချုပ်ပျောက်ကင်းစင်၍သာနေ၏။

နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးကြသည့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာ တို့သည် သူတို့ရရှိပြီးသည့် အဆင့်

အလိုက် ကိလေသာမှုတို့ကို အနည်းနှင့်အများ ကင်းစင်အောင် အားထုတ်ပြီးကြသော်လည်း အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာအရှင်မြတ်များကဲ့သို့ ရာဂမှု၊ ဒေါသမှု၊ မောဟမှု တို့ကို အကုန်အစင် ကင်းစင်ပပျောက်အောင် မဖြစ်နိုင်ကြသေးချေ။

ထို့ကြောင့် မိမိတို့ခန္ဓာကိုယ်တွင် အစဉ် ကပ်ငြိ လိမ်းကျံနေသည့် ရာဂမှု၊ ဒေါသမှု၊ မောဟမှုတို့ကို တစစ ကွာကျ ကင်းစင်လာအောင် ကြိုးစားအားထုတ်သင့်လှသည်။

# (၃၈) ခေမံ မင်္ဂလာ

ခေမံ မင်္ဂလာသည် (ခေမံ = ဘေးမရှိခြင်း) ယောဂလေးပါး တို့၏ ဘေးအပေါင်းတို့မှ ကင်းလွတ်ခြင်းဖြစ်၏။

ယောဂလေးပါးတို့မှာ—

(၁) ကာမယောဂ
(၂) ဘဝယောဂ
(၃) ဒိဋ္ဌိယောဂ
(၄) အဝိဇ္ဇာယောဂ ဖြစ်၏။

(၁) ကာမယောဂ = ကာမဂုဏ်တရားများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ဘေးဖြစ်၏။ စားမှု၊ ဝတ်မှု၊ နေမှုတို့တွင် တခုခုနှင့်ပတ်သက်၍ ဖြစ်ပေါ်လာရသည့် ဘေးများပင် ဖြစ်၏။

(၂) ဘဝယောဂ = ဘဝသမ္ဘတ္တိဟုဆိုအပ်သော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝများကို ခုံမင်တောင့်တပြီး ဘဝသံသရာ လည်နေရသည့်ဘေးဖြစ်၏။

(၃) ဒိဋ္ဌိယောဂ = ရုပ်ကိုရုပ်မှန်း၊ နာမ်ကိုနာမ်မှန်း သိမှု မရှိပဲ ဖောက်လွဲဖောက်ပြန် အယူမမှန်ဖြစ်ကာ အပါယ်လေးဘုံ ဖြင့် မလွတ်ကင်းနိုင်သော ဘေးဖြစ်၏။

(၄) အဝိဇ္ဇာယောဂ = ( သိမှု မရနိုင်လောက်အောင် ဖုံး လွှမ်းထားသည့် ဝိပလ္လာသ တရား သုံးပါးကြောင့်) အမြင်မှန် အယူမှန်တို့ဖြင့် တွေ့ခွင့်မရနိုင်စေရန် ဖုံးလွှမ်းထားသည့် ဘေး ဖြစ်၏။

ယင်း ယောဂဘေး လေးမျိုးသည် ပုထုဇဉ်တို့အပေါ် အမြဲ ကျရောက်၍ နှိပ်စက်ကလူ ညှဉ်းပန်းမှု ပြုသော်လည်း ရဟန္တာ အရိယာမြတ်များအဖို့ ဤဘေးလေးမျိုးမှ ကင်းကွာကျွတ်လွတ် လျက် ရှိ၏။

ပုထုဇဉ်လူသားတို့အဖို့ယောဂဘေး လေးမျိုး၏ အနှိပ်အစက် ကို ခံရရုံသာမက အမြဲလောင်ကျွမ်းနေသည့် မီး ၁၁ ပါးဘေး လည်း ရှိသေး၏။

မီး ၁၁ ပါး ဟူသည်—

(၁) ရာဂမီး = ကာမဂုဏ် တရားတို့နှင့် ပတ်သက်၍ ဖြစ် ပေါ်လာသောမီး။

(၂) ဒေါသမီး = အမျက် ဒေါသကြောင့် ဖြစ်ပေါ်လာ သောမီး။

(၃) မောဟမိုး = အမြင်မှန်ကို မသိအောင် ဖုံးလွှမ်းထားသည့် အဝိဇ္ဇာမိုး။

(၄) ဇာတိမိုး = တခုသော ဘဝတိုင်းမှာ ခန္ဓာအစဉ် ဖြစ်ပေါ်လာအောင် ပဋိသန္ဓေနေရသောမိုး။

(၅) ဇရာမိုး = ခန္ဓာကိုယ် အတ္တဘောဖြစ်လာလျှင် တဘဝတခါအတွင်း ဆံဖြူသွားကျိုး၊ အိုနာကုန်းကွ၊ ရုပ်ဆင်းမလှအောင် နှိပ်စက်သောမိုး။

(၆) မရဏမိုး = တဘဝတခါဆုံးခန်းတိုင်သေကြေပျက်စီးရသောမိုး။

(၇) သောကမိုး = စိုးရိမ်ကြောင့်ကြ ပူပင်သောက ရောက်ရသောမိုး။

(၈) ပရိဒေဝမိုး = ငိုကြွေးရသောမိုး။

(၉) ဒုက္ခမိုး = သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ ဒုက္ခ ဒုက္ခ ဟုဆိုအပ်သည့် ဖောက်ပြန်ပျက်စီး နှိပ်စက်သောမိုး။

(၁၀) ဒေါမနဿမိုး = စိတ်နှလုံး မသာယာအောင် နှိပ်စက်သောမိုး။

(၁၁) ဥပါယာသမိုး = ပြင်းစွာပူပန်ရသော မိုးတို့ဖြစ်၏။

မိုး ၁၁ ပါး ဖြစ်ပေါ်လာရသည့် တရားခံအစစ်ကို ဖွေရှာလျှင် (အဝိဇ္ဇာ) အမြင်မှန်မသိအောင် ဖုံးကွယ်ထားသည့် တရားနှင့် (တဏှာ) လိုချင်တတ်မက်သည့် တရားတို့၏ အရင်းအမြစ်နှစ်ပါးကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။

ပုထုဇဉ် လူသားမှန်သမျှ ကိလေသာ ကာမဂုဏ် တရားတို့ကို သာ လိုက်စား၊ အမျက်ဒေါသများပွားများပြီး အမြင်မှန်မရအောင် ဖုံးလွှမ်းထားသည့် အဝိဇ္ဇာကြောင့် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" သင်္ခါရ တရားများကို အားထုတ် လာတတ်ကြသည်။

သင်္ခါရတရားများအားထုတ်လာကြသည်နှင့်"သင်္ခါရပစ္စယာ ဝိညာဏံ" ပဋိသန္ဓေဝိညာဏ်များ ဖြစ်ပေါ်လာသည်။

ပဋိသန္ဓေ ဝိညာဏ်မျိုးစေ့ စိုက်ပျိုးလိုက်၍ ရှင်သန်လာသည် နှင့် "ဝိညာဏ ပစ္စယာ နာမရူပံ" ခန္ဓာကိုယ် အတ္တဘော ရုပ်နာမ် များဖြစ်ပေါ်လာရသည်။

ခန္ဓာအတ္တဘော ရုပ်နာမ်များ ဖြစ်လာသည့်နှင့် "နာမရူပ ပစ္စာယာ သဠာယတနံ" ဟု ဆိုအပ်သည့် လှလှပပနှင့် အရုပ်ဆိုး များစသည့် မြင်စရာမှန်သမျှကိုကြည့်ဖို့ မျက်စိများ၊ ငြိမ့်ညောင်း သာယာသော အသံများနှင့် ဒေါသလှိုင်း ထစရာ အသံများ စသည့် ကြားစရာရှိသည်များ ကြားဖို့၊ နားထောင်ဖို့ နားများ၊ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်သောအနံ့များ၊ ဆိုးဝါးပုပ်စော် နံပြင်း လှသော အနံ့များ ရှူဖို့၊ ရှိုက်ဖို့နှာခေါင်းများ၊ ခန္ဓာကိုယ်ထိလျှင် သိနိုင်စရာ အကြည်တံခါးပေါက်များ၊ တွေးနိုင်၊ ကြံနိုင်ဖို့မနော တံခါးပေါက်များစသည့် သဠာယတန ၆ ပါး၊ တနည်းဆိုသော် ဒွါရ ခြောက်ပေါက် တံခါးများ တပ်ဆင်လာသည်။

ဤကဲ့သို့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ စသည့် ခြောက်ပါး သော သဠာယတန တံခါးပေါက်များ တပ်ဆင် ပြီးသည်နှင့် "သဠာယနတ ပစ္စယာ ဖဿော" ဟု ဆိုအပ်သော အာရုံ

တို့သည် တံခါးပေါက်များ ရှိရာသို့ အကောင်းစား တွေ့ထိကြားသိခြင်း၊ အလတ်စား တွေ့ထိကြားသိခြင်း၊ အညံ့စား တွေ့ထိကြားသိခြင်း၊ တွေ့ထိခြင်း သုံးမျိုးဖြင့် ထိုးဖောက် ဝင်ရောက်တိုက်ခိုက်လာသည်။

အာရုံတို့ကို ဖဿက လာရောက်ထိတွေ့ကြသဖြင့် လှသည်၊ အရုပ်ဆိုးသည်၊ မွှေးသည်၊ နံသည်၊ ခါးသည်၊ ချိုသည်၊ ချင်သည်၊ ဆိမ့်သည် စသည်ဖြင့် အကောင်း၊ အလတ်၊ အညံ့ခံစားမှုမျိုးများဖြင့် ခံစားလာရပြန်၏။

အမှန်စင်စစ် ဤသို့သော ခံစားမှုများသည် ဝေဒနာများပင်ဖြစ်သည်။ ဝေဒနာဖြစ်သည့် ခံစားမှုများကို ခံစားလာရသည့်အခါ "ဝေဒနာ ပစ္စယာ တဏှာ" အကောင်းချည်း ဆိုလျှင် သာယာမိန်းမော၍ အညံ့ဆိုလျှင် မခံစားလိုပဲ အကောင်းကိုသာ မျှော်ကြ၏။

ကာမတဏှာအရ သာယာမှု၊ ဘဝတဏှာအရ သာယာမှု၊ ဝိဘာဝတဏှာအရ သာယာမှု စသည့် တဏှာသုံးမျိုးကို အာရုံ ၆ ပါး၊ ကာလ သုံးပါး၊ သန္တာန် နှစ်ပါးဖြင့် ပွားလိုက်လျှင် တဏှာများသည် ကြောက်စရာကောင်းလောက်အောင် (၁၀၈) အရေအတွက် ဖြစ်လာသည်။ (၃×၆×၃×၂=၁၀၈)

သာယာနှစ်သက်မှု (တဏှာ) ဖြစ်ပေါ်၍လာတိုင်း အကုသိုလ် တရားတို့သည် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် သာယာနှစ်သက်မှု (တဏှာ) ဖြစ်ပေါ်၍ မလာအောင် သတိတရားဖြင့် ထိန်းပေးဖို့ လိုအပ်လှသည်။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်အားဖြင့် လည်ပတ်သည့်နေရာတွင် ဝေဒနာနှင့် တဏှာအကြားသည် ထွက်ပေါက်လမ်းပင် ဖြစ်၏။

ခံစားမှု ဝေဒနာတို့ကို သာယာနှစ်သက်မှု (တဏှာ)ဖြစ်လာသည့်အခါ စွဲလန်းခြင်း (တဏှာပစ္စယာဥပါဒါန်)သည် ဖြစ်လာပြန်သည်။ လှသည်၊ ကောင်းသည်တို့ကို ခဏမကြာ ကြည့်ချင်ကြ၏။ သာယာဆွတ်ပျံ့ဖွယ် အသံတို့ကို ထပ်တလဲလဲ ကြားချင်ကြ၏။ နူးညံ့အိထွေး ချိုမြိန်လှသော အရသာတို့ကို စားချင်ကြ၏။ နာရီမဆိုင်း တောင့်တကြ၏။ ဆန်းပေ့၊ ညွန့်ပေ့၊ အသွေးကျပေ့ဆိုသော အဝတ်တို့ကို ဝတ်ချင်ကြ၏။ ဤသို့ဖြင့် ကြည့်လို၊ ကြားလို၊ စားလို၊ ဝတ်လိုလာကြသော စွဲလန်းသည့် ဥပါဒါန်တရားများသည် ပေါ်ပေါက်၍ လာ၏။

ကာမဂုဏ် အာရုံများကို အာသာငမ်းငမ်း တမ်းတမ်းတတ သာယာ နှစ်သက် စွဲလန်းကပ်ငြိလာခြင်းသည် ဥပါဒါနပစ္စယာ ဘဝေါ ဟု ဆိုအပ်သည့် ဘဝခန္ဓာ ရလာခြင်းဖြစ်၏။

ဘဝဟူသည်တွင် ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ စသည်ဖြင့် ဘဝကြီးသုံးပါးရှိ၏။ယင်းဘဝတို့သည် ဒုဂ္ဂတိဟုဆိုအပ်သည့် အပါယ်လေးဘုံသို့ ရောက်ရန် ပဋိသန္ဓေမျိုးစေ့များ ပျိုးမိသဖြင့် “ဘဝပစ္စယာ ဇာတိ” ခန္ဓာ အတ္တဘောများ ရလာပြန်သည်။

ဤကဲ့သို့ ဇာတိဟု ဆိုအပ်သော ခန္ဓာကိုယ်ကောင်ကြီးများ ရလာပြန်လျှင် “ဇာတိပစ္စယာ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသ” စသည့် မီး ၁၁ ပါးတို့သည် ချမ်းသာသည်၊ ဆင်းရဲသည်၊ ပညာရှိသည်၊ ပညာမဲ့သည် ဟူ၍

မည်သူ့ မျက်နှာကိုမှ မထောက်၊ ချမ်းသာမပေး၊ ခွင့်မလွှတ်ပဲ လောင်စရာပေါ်လာလျှင် လောင်မည်ဖြစ်သည်။

ထိုထိုသော ၁၁ ပါးမီး မတွေ့လို မလောင်လိုလျှင် အရင်းအမြစ်ဖြစ်သည့် အဝိဇ္ဇာနှင့်တဏှာနှစ်ပါးကို သေအောင် သတ်ကြရမည်၊ ငြိမ်းကြရမည်ဖြစ်၏။ သို့မှသာ ထိုမီး ၁၁ ပါးဘေးမှ ကင်းလွတ်နိုင်ကြမည် ဖြစ်၏။

မီး ၁၁ ပါးအပြင် ၅ မျိုးသော ရန်သူကလည်း ရှိသေး၏။

၅ မျိုးသော ရန်သူတို့မှာ—

(၁) ရေဘေး၊

(၂) မီးဘေး၊

(၃) မင်းဘေး၊

(၄) သူခိုးဒမြဘေး၊

(၅) အမွေခံ သားဆိုး၊ သမီးဆိုးဘေးတို့ ဖြစ်၏။

(၁) ရေဘေး = ရေလွှမ်းမိုးဖျက်ဆီးခြင်း ခံရ၍ လယ်ယာကိုင်းကျွန်းများ ရေနစ်မြုပ် ပျက်စီးရခြင်း၊ အိုးအိမ်နစ်မြုပ်၊ လူအများ ကျွဲ နွား တိရစ္ဆာန်များ အသက်ဆုံးရှုံးရခြင်း ဘေး။

(၂) မီးဘေး = မီးသင့်၍ အိုးအိမ်တိုက်တာ၊ အဆောက်အအုံများ၊ ရတနာ ရွှေ ငွေ ပစ္စည်းများ၊ လူအများ၊ ကျွဲ နွား တိရစ္ဆာန်များ လောင်ကျွမ်းခံရခြင်း ဘေး။

(၃) မင်းဘေး = တိုင်းပြည် အုပ်ချုပ် မင်းလုပ်ကြသည့် အစိုးရတို့သည် စောင့်ထိန်းအပ်သော မင်းကျင့်တရားနှင့်မညီ၊ အခွန်အတုတ် မတရား ကောက်ခံခြင်း၊ အပြစ်မရှိပဲ ချုပ်နှောင် ဖမ်းဆီး ထောင်ချခြင်း စသည့် မင်းကျင့်တရား ပျက်သည့်ဘေး။

(၄) သူခိုးဒမြဘေး = လက်ကြောတင်းအောင် မလုပ် ချင်ပဲလျက် ကိုယ့်အစွမ်း၊ ကိုယ့်အားဖြင့် လုပ်ကိုင် ရှာဖွေ ရရှိ ထားသော အများ သူငါတို့၏ ပစ္စည်းများကို မတရား ခိုးယူ တိုက်ခိုက်ခြင်း ဘေး။

(၅) အခမွခံသားဆိုး၊ သမီးဆိုးဘေး= မလိမ္မာသည့်သား၊ မိုက်မဲလှသည့် သမီးတို့ကို မွေးမိသော မိဖ နှစ်ပါးအား ထိုသား ဆိုး၊သမီးမိုက်များက မကူညီကြသည့်ပြင် ပစ္စည်း ဥစ္စာ ဆုတ်ယုတ် ပျက်ပြားအောင် နည်းစုံဖြင့် နှိပ်စက်ခြင်း၊ အမွေ ရထိုက်ခွင့်ကို တောင်းခံခြင်း၊ နေ့ရှိသရွေ့ ဆိုးပေတေလေပြီး နှိပ်စက်ခြင်းဘေး တို့ဖြစ်၏။

ရန်သူမျိုး ငါးပါးဘေးသည် တနည်းမဟုတ် တနည်းနည်းဖြင့် တွေ့ကြုံနိုင်သည် ဖြစ်သဖြင့် ထိုဘေး တို့မှ လွတ်ကင်းအောင် ကြိုတင်ကာကွယ် စောင့်ရှောက်ထားကြဖို့ လိုအပ်လှသည်။

ပုထုဇဉ် လူသားများအဖို့ ဖော်ပြခဲ့ပြီးသော ဘေးတို့ဖြင့် ရင်ဆိုင်တွေ့ကြုံသည့်အခါ တုန်လှုပ်ချောက်ချားကြမည် ဖြစ်သော်လည်း အာသဝေါ ကုန်ခန်းပြီးကြသည့် ရဟန္တာ အရှင်မြတ်တို့ မှာမူ မည်သည့် ဘေးအမျိုးမျိုးပဲ တွေ့တွေ့၊ မည်သည့် ဘေး အမျိုးမျိုးပဲ ကျရောက်ကျရောက် ဖောက်ပြန် ပြောင်းလဲသည့်

စိတ်၊ တုန်လှုပ် တတ်သည့် စိတ်၊ စိုးရိမ် ပူပန်တတ်သည့်စိတ်၊ သောကငိုကြွေးခြင်း ဖြစ်ရသည့်စိတ်များ လုံးဝမရှိတော့ပေ။

ယင်းသို့ မတုန်မလှုပ်၊ မဖောက်မပြန်၊ မပြောင်းမလဲပဲ ဖြစ်ရသည်မှာ ရာဂမှု၊ ဒေါသမှု၊ မောဟမှု အပေါင်းမှ ကင်းစင်ချုပ်ငြိမ်း ပြီးသော ကြောင့် ဖြစ်၏။ နကမ္ပတိ မင်္ဂလာ အရ လောကဓံတရား ၈ ပါးကို ကြံ့ကြံ့ခံနိုင်ရည်ရှိကြပြီး အသောကံ မင်္ဂလာအရ စိုးရိမ်သောကလည်း မရှိကြတော့ပေ။

ဝိဇရံ မင်္ဂလာအရ ရာဂမှု၊ ဒေါသမှု၊ မောဟမှု၊ ကိလေသာများ ကုန်ခန်းကြပြီး ခေမံ မင်္ဂလာအရ ဘေးအမျိုးမျိုးမှ ကင်းလွတ်နိုင်ကြသော ပုဂ္ဂိုလ်ထူးများ ဖြစ်၏။

၃၈ ဖြာသော တရားတော်မြတ်များကိုခြုံငုံ၍ သုံးသပ်ရလျှင် အမှတ်(၁) အသေဝနာစ ဗာလာနံ မင်္ဂလာမှစ၍ အမှတ်(၃၃) အရိယာသစ္စာန ဒဿနံ မင်္ဂလာအထိ မင်္ဂလာပေါင်း ၃၃ ပါးသည် အကြောင်းပစ္စည်း မင်္ဂလာများဖြစ်၏။

အမှတ်(၃၄) နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာမှစ၍ အမှတ်(၃၈)အဆုံးဖြစ်သော ခေမံ မင်္ဂလာအထိ မင်္ဂလာပေါင်း ၅ပါးသည် အကျိုးပစ္စည်း မင်္ဂလာများဖြစ်၏။

တနည်းအားဖြင့် အမှတ်(၁)အသေဝနာစ ဗာလာနံမင်္ဂလာမှစ၍ အမှတ်(၃၂) ဗြဟ္မစရိယဉ္စ မင်္ဂလာအထိ မင်္ဂလာပေါင်း ၃၂ ပါးသည် လောကီမင်္ဂလာဖြစ်ပြီး၊ အမှတ်(၃၃) အရိယာသစ္စာနဒဿနံ မင်္ဂလာမှ အမှတ်(၃၈)ခေမံမင်္ဂလာအထိ မင်္ဂလာပေါင်း (၆)ပါးသည် လောကုတ္တရာ မင်္ဂလာဖြစ်၏။

ထို့ကြောင့် သံသရာ နှောင်အိမ်အတွင်းမှ ခန္ဓာ အတ္တဘောရုပ် နာမ်များဖြစ်သည့် ဘေးအပေါင်းမှ ကျွတ်လွတ် ထွက်မြောက်လိုကြသော သူတော်စင်မှန်သမျှ အရိယာများကူးမြောက်တော်မူသွားကြသည့် တခုတည်းသော ခရီးဖြစ်သည့် မဂ္ဂင်ရှစ်ပါး သတိပဋ္ဌာန် တရားများကို အားထုတ်ကျင့်ကြံကြပါဟူ၍ အလေးအနက် တိုက်တွန်းလျက် ဤတွင် နိဂုံး အဆုံးသတ်ရပါသည်။

နိုင်ပြည်သူ

နိုင်ငံရေးစာပေ ခွင့်ပြုချက် အမှတ် (၃)

## မြန်မာ့လွတ်လပ်ရေးသမိုင်း မှတ်တမ်းတင်စာအုပ်။

* ဂျပန်တပ်မတော်နှင့် ဗမာ့တပ်မတော်တို့ ပူးပေါင်း၍ နှစ်ပေါင်း(၁၀၀)ကျော် မြန်မာပြည်ကို နယ်ချဲ့အုပ်စိုးခဲ့သော ဗြိတိသျှတို့အား ရှပ်ရှပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ပုံများ။
* ဒေါက်တာဘမော် ခေါင်းဆောင်သော ဂျပန့်ခေတ် အစိုးရအဖွဲ့နှင့် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင်ရဲဘော်များ၏ နိုင်ငံရေး၊ စစ်ရေး နည်းပရိယာယ် တိုက်ပွဲများ။
* အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာရှိစွာဖြင့် ရာထူး၊ စည်းစိမ်ကို လက်မခံပဲ လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့ပုံများ။

# ဂျပန်တပ်မတော်၏ မြန်မာပြည်သိမ်းစစ်ဆင်ရေး

## မောင်မောင်ဘုန်းကြွယ်

ဂျပန်ဘာသာမှ ပြန်ဆိုပြုစုသည်။

ရှားရှားပါးပါး သမိုင်းဝင် ဓာတ်ပုံပေါင်း များစွာဖြင့်

သေသေသပ်သပ် ခန့်ခန့်ညားညား

စပယ်ဦး စာပေမှ မကြာမီ ထွက်လာပါတော့မည်။

အီဂျစ် သမ္မတ အန်ဝါဆာဒတ်၊
အစ္စရေး ဝန်ကြီးချုပ် ဘီဂင်၊
ပါလက်စတိုင်း ခေါင်းဆောင် ယာဆာအာရဖတ်၊
ပီ အက်စ် အယ်လ် ခေါင်းဆောင် ဟာဘက်ရှ်၊
ပီ အယ်လ် အို ညွှန်ကြားရေးမှူး ဖာရုကဒူမီ၊
ရော်ဒန် ဘုရင် ဟူစိန်၊
ဆီးရီးယား သမ္မတ အာဆတ်၊
လစ်ဗျား ခေါင်းဆောင် ဗိုလ်မှူးကြီး ကဒါဖီ၊
အီရန် သမ္မတ (ဟောင်း) ဘာနီဆာဒါ၊
အီရန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဂေါ့ဘဇာဒီ၊
အီရန် ဝန်ကြီးချုပ်ဟောင်း ဘက်တီးယား၊
အီရန် ဗိုလ်ချုပ်ဟောင်း အမီယာရာဟီမီ၊
အီရတ် နိုင်ငံခြားရေး ဝန်ကြီး ဟာမဒီ၊
ဆော်ဒီ အာရေဗျ နိုင်ငံခြားရေးဝန်ကြီး ရှိတ်အာမက်၊
ဆူဒန် သမ္မတ နီမေရီ၊
ယူဂန်ဒါ ပြန်လည်နေရာချထားရေးဝန်ကြီး အင်ဒရူးအဒီမိုလာ၊
ဇင်ဘာဘွေ ရိုဒီရှား ဝန်ကြီးချုပ် မူဂါဘီ၊
မြင်သစ် သမ္မတ (ဟောင်း) ဒက်စတိုင်း၊
ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ကာရင်တန်၊
အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ ဘရာဇင်စကီး၊
အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာ၊
အမေရိကန် သမ္မတ ရော်နယ်ရီဂင်၊
ကျူးဘား သမ္မတ ကက်စထရို၊
အိန္ဒိယ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၊
ပါကစ္စတန် သမ္မတ ဇီယာအူဟတ်၊
တရုတ်ပြည် ဒု ဝန်ကြီးချုပ် လီရှန်နင်၊
ဂျပန် ဝန်ကြီးချုပ်ဟောင်း အိုဟီရာ၊
ခမာနီ ခေါင်းဆောင် ဒီယူဆမ်ဖန်၊
ထိုင်း ဝန်ကြီးချုပ်ဟောင်း ချာမာနန်၊
ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကူတ်ဝေါလ်ဟိုင်း၊
နေတိုးအဖွဲ့ အထွေထွေ အတွင်းရေးမှူး ဂျိုးဇက်လန်းစ် – စသည့် ကမ္ဘာ့ခေါင်းဆောင်ကြီးများနှင့် အခြား ကမ္ဘာကျော် ပုဂ္ဂိုလ်များ၏ အင်တာဗြူး စာအုပ်ထူး။

နိုင်ငံရေးစာပေ ခွင့်ပြုချက် အမှတ် (၂)

* ယနေ့မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ ပြဿနာများနှင့်-
* ကမ္ဘာ့ စစ်ရေး၊ နိုင်ငံရေးတွင် ထင်ရှား ကျော်ကြားသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများအကြောင်း သိရှိနားလည်လိုပါသလား။
* ကမ္ဘာ့ ထိပ်တန်း ခေါင်းဆောင်ကြီးများ အကြောင်း ဤစာအုပ်တွင် ပြည့်ပြည့်စုံစုံ ပါရှိသည်။

# ကမ္ဘာ့ထိပ်တန်းပုဂ္ဂိုလ်ကြီးများ၏

# အင်တာဗြူး

## ရွှေကျော်ဦး ပြန်ဆိုပြုစုသည်

ဗဟုသုတရှာမှီးသူများ၊ ကျောင်းဆရာ-ဆရာမများ၊ အလုပ်လျှောက်ထားဆဲ ဝန်ထမ်းလောင်းများအတွက် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ သံတမန် နည်းပရိယာယ်များ စသည်-စသည်တို့ကို လေ့လာမှတ်သားစေနိုင်မည့် စာအုပ်။

စပယ်ဦး စာပေ၏ မူအတိုင်း
အတွင်း ခေတ်ပုံပေါင်း မြောက်မြားစွာဖြင့်
သေသေသပ်သပ် ခန့်ခန့်ညားညားဖြင့်
မကြာမီ ထွက်လာပါတော့မည်။

စာမူ ကြိုတင် ခွင့်ပြုချက် အမှတ် (၇၈၇)

ပထမအကြိမ် ရိုက်နှိပ်စဉ်က လုံလောက်အောင် မရလိုက်သူများ အတွက်....
ယခု ဒုတိယ အကြိမ် ဖြည့်စွက် ရိုက်နှိပ်လိုက်ပါပြီ။

* ကနေ့လို အချိန်မှာ ဘယ်စာပေတိုက်ကမှ ကိုယ်ကျိုးစွန့်ပြီး မထုတ်ရဲပါဘူး။
* ကဲ—ဒါဖြင့် ဘာကြောင့် ထုတ်သလဲ။
* ကျွန်တော်တို့တတွေ ခေတ်နောက်ကျ မနေစေချင်လို့ပဲ။
* ဤလောကတွင် မရှိတာ ဟူ၍ မရှိ။
* မသိသေးတာ၊ မတွေ့ရ မမြင်ရသေးတာသာ ရှိသည်။

ယခု ဤစာအုပ်တွင် ကမ္ဘာပေါ်၌ အထူးအဆန်း၊ ရင်သပ်ရှုမော အံ့သြရမည့် အကြောင်းအရာများကို ဓာတ်ပုံ ဘလောက်ပေါင်း (၂၀၀)နီးပါးဖြင့် အံ့မခန်း ပတ်ရမည့် စာအုပ်ထူး။

# စပယ်ဦး စာတည်းအဖွဲ့ဝင်တဦး
## ပြန်ဆိုပြုစုသည်။

# ကမ္ဘာ့အံ့ဖွယ်မှတ်တမ်းများ

အရွယ်ကြီး၊ဆိုက်ကြီး စာမျက်နှာ (၇၀၀) ခန့်၊ ထူထူထဲထဲ ခန့်ခန့်ညားညား ဆိုင်တိုင်းမှာ မေးဝယ်ပါ။

တအုပ်-သုံးဆယ်ကျပ်။

တဦးချင်း အလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါသည်။

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၄၈/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ (ဖုန်း—၇၆၈၈၅)

နိုင်ငံရေးစာမူ ခွင့်ပြုချက်အမှတ်(၄)

* ၁၇၇၆-ခုနှစ်တွင် အမေရိကန်ပြည် လွတ်လပ်ရေး ရရှိခဲ့ပြီးနောက်....

* အမေရိကန်ပြည်၏ ပထမဆုံးသော သမ္မတ ဂျော့ဝါရှင်တန်မှ အစပြု၍....

* ၁၉၈၁-ခုနှစ်တွင် အမေရိကန် သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည့် ရော်နယ်ရီဂင် အထိ၊

* အမေရိကန်ပြည်ထောင်စု သမ္မတကြီးများ၏ အတ္ထုပ္ပတ္တိကို ပြည့်ပြည့်စုံစုံ ဖတ်ရှုမှတ်သား သိမ်းဆီး ထားရမည့် စာအုပ်ကောင်းတအုပ်။

# အမေရိကန်အိမ်ဖြူတော်မှ သမ္မတကြီးများ

( အတ္ထုပ္ပတ္တိ )

မန်းညွှန့်မောင်(မောင်စင်ကြယ်) ပြန်ဆိုပြုစုသည်။

စပယ်ဦးစာပေ၏ မူအတိုင်း ထူးထူးခြားခြား
အတွင်းဓာတ်ပုံ အပြင်အဆင်များဖြင့်
သေသေသပ်သပ် ခန့်ခန့်ညားညား ထွက်လာပါတော့မည်။
အရွယ်ကြီး-ဆိုက်ကြီး၊ စာမျက်နှာ (၅၀၀) ကျော်။